# ကုလသမဂ္ဂ
# လူ့အခွင့်အရေး
# အစီအစဉ်နှင့်အတူ
# လုပ်ကိုင်ဆောင်ရွက်ခြင်း

## အရပ်ဘက်အဖွဲ့အစည်းအတွက်လက်စွဲစာအုပ်

This is an unofficial translation of the original English-language publication by the United Nations. This unofficial translation was prepared as part of a project of the International Commission of Jurists, with funding from the Foreign and Commonwealth Office of the United Kingdom.

*The designations employed and the presentation of the material in this publication do not imply the expression of any opinion whatsoever on the part of the Secretariat of the United Nations concerning the legal status of any country, territory, city or area, or of its authorities, or concerning the delimitation of its frontiers or boundaries.*

HR/PUB/06/10/Rev.1

**This Handbook has been produced with the financial assistance of Rights & Democracy**

## အမှာစာ

ဤလက်စွဲစာအုပ်တွင် အမှာစာရေးသားခြင်းသည် လူ့အခွင့်အရေးမဟာမင်းကြီးအသစ်အဖြစ် ကျွန်ုပ်စတင်တာဝန်ထမ်းဆောင်စဉ် ပထမဆုံးဆောင်ရွက်ချက်များထဲမှ တစ်ခုဖြစ်သည်။ သင့်လျော်သည်ဟုလည်းယူဆပါသည်။ ကျွန်ုပ်၏ တာဝန်ထမ်းဆောင်မှု တလျှောက် ခိုင်မာစွာကိုင်ဆွဲထားသည့်ခံယူချက်တစ်ရပ်ဖြစ်သည့် အရပ်ဖွက်လူ့အဖွဲ့အစည်း၏ ပြုပြင်ပြောင်းလဲပေးနိုင်မှု စွမ်းဆောင်ရည်အပေါ် ထားရှိသည့်ကျွန်ုပ်၏ယုံကြည်စိတ်ချမှုကို ကျွန်ုပ်၏ စွမ်းဆောင်ရည်အသစ်တွင် ဦးစားပေးဆောင်ရွက် ရန်အတွက် အဦးအစ အခွင့်အရေးတစ်ရပ်ရရှိခြင်းဖြစ်ပေသည်။ စင်စစ်၊ ဤလက်စွဲတွင် ဆွေးနွေး တင်ပြထားသည့် နိုင်ငံ တကာ လူ့အခွင့်အရေးစံချိန်စံညွှန်းများ ဖွံ့ဖြိုးရေးအတွက် အရပ်ဘက်အဖွဲ့အစည်းများ၏ပံ့ပိုးကူညီမှု၊ လူ့အခွင့်အရေး ဆိုင်ရာ ယန္တယားများအတွက် ၎င်းတို့၏ စည်းရုံး လှုံ့ဆော်ပေး၏မှုနှင့် ဆောင်ရွက်ချက်များ အစရှိသည်တို့ကို လျှော့တွက်၍ မရပါ။ ယနေ့ချိန်တွင် အားလုံးအတွက် တရားမျှတရေးနှင့် သာတူညီမျှရေးအတွက်ကြိုးပမ်းအားထုတ်မှုပြုကြသည့်တလျှောက် အရပ်ဘက်အဖွဲ့အစည်း၏ အမြင်များ၊ လက်တွေ့ကျသော ဗဟုသုတများနှင့် လေ့လာမှုများတို့သည် လူ့အခွင့်အရေးလှုပ်ရှားမှုအတွက် အလွန်တရာမှပင် အရေးပါလှပါသည်။

စင်စစ်၊ ကျွန်ုပ်၏မဟာမင်းကြီးရုံးသည် အရပ်ဘက်အဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်ရန်မှာ မဟာဗျူဟာကျသည့် ဦးစားပေးမှုတစ်ရပ်ဖြစ်သည်။ အကြောင်းမှာ ကျွန်ုပ်တို့၏ယေဘုယျကျသောဦးတည်ချက်များကို ပံ့ပိုးမှုပေးပြီး၊ ကျွန်ုပ်တို့၏ အပြန်အလှန် အလေးထားစရာကိစ္စရပ်များကိုဖြေရှင်းပေးရန် ကူညီပေးကာ၊ ကျွန်ုပ်တို့ရုံးချုပ်များနှင့် လုပ်ငန်းနယ်ပယ် များရှိ မဟာမင်းကြီးရုံး၏ မစ်ရှင်နှင့် အစပျိုးဆောင်ရွက်ချက်များကို ပံ့ပိုးပေးပါသည်။

အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာဆောင်ရွက်သူများ၏ ပံ့ပိုးမှုများသည် အခြားသော အချိန်ကြာတည်ထောင်ခဲ့ပြီး သည့် လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့များနှင့် အထူးလုပ်ငန်းအစီအစဉ်များဖြစ်သည့် လူ့အခွင့်အရေးယန္တယားများနှင့် သက်ဆိုင်သည့် လွတ်လပ်သောပညာရှင်များ၏ လုပ်ဆောင်ချက်များကို ပို၍အားကောင်း စေပါသည်။ အရေးကြီးသည်မှာ ၎င်းတို့၏ သြဇာညောင်းမှုနှင့် အသိပညာရပ်များသည်လည်း လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံးအား ၂၀၀၆ ခုနှစ် အစားထိုးလိုက်သည့် အသစ်သောအစိုးရအချင်းချင်းဆိုင်ရာအဖွဲ့ဖြစ်သည့် လူ့အခွင့်အရေးကောင်စီ၏ လုပ်ငန်းများကို တာဝန်ယူဆောင်ရွက် ရန် ပံ့ပိုးပေးပါသည်။

လူ့အခွင့်အရေးကာကွယ်ပေးသူများ၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများနှင့် အခြားအားလုံးသော အရပ်ဖက် လူ့အဖွဲ့အစည်း ပါဝင်ပတ်သက်သူများတို့သည် ၎င်းတို့၏ လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်းကို နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ကြသည်။ ၎င်းတွင် သတင်းအချက်အလက်များ မျှဝေခြင်းသော်လည်းကောင်း၊ လူ့အခွင့်အရေးဆိုင်ရာ ဆောင်ရွက်ချက်များကို စည်းရုံးလှုံ့ဆော်ခြင်းနှင့် စိစစ်ခြင်းသော်လည်းကောင်း၊ ချိုးဖောက်မှုများကို အစီရင်ခံခြင်း နှင့် ချိုးဖောက်ခံရသူများကို ကူညီပံ့ပိုးခြင်းသော်လည်းကောင်း၊ အသစ်သောလူ့အခွင့်အရေးစံချိန်စံညွှန်းဖွံ့ဖြိုးရေးအတွက် ကဲမ်ပိန်းများ လုပ်ဆောင်ခြင်းသော်လည်းကောင်း ပါဝင်ကြသည်။ ထိုသို့ဆောင်ရွက်ရာတွင် ၎င်းတို့၏ အသိုင်းအဝိုင်းများ နှင့် ပြည်သူလူထုများတို့၏ သက်ဝင်လှုပ်ရှားမှုဖြင့် ဆောင်ရွက်ပါသည်။ နိုင်ငံတကာလူ့အခွင့်အရေးဖိုရမ်များနှင့် ယန္တယား များ စသည်တို့ပါဝင်သည့် နေရာများသို့ လက်လှမ်းမမီသည့် အားအင်မဲ့သူများအတွက် အသံများကိုလည်း ဖော်ထုတ်ပေး ပါသည်။ ရှင်းလင်းသည်မှာ အရပ်ဘက်အဖွဲ့အစည်း ဆိုင်ရာ ဆောင်ရွက်သူများ အတွက် လိုအပ်ချက် တစ်ရပ် ရှိပြီး ၎င်းမှာ ပြည်တွင်း၊ ဒေသဆိုင်ရာနှင့် နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာအင်စတီကျူးရှင်းများ၏ လုပ်ကိုင်လည် တပ်သည့် နည်းစနစ် ကို

နက်နက်နဲနဲသဘောပေါက်နားလည်ပြီး ပိုင်နိုင်မှုရှိရန် လိုအပ်ပါသည်။ ၎င်းကဲ့သို့သော လိုအပ်မှု များကို ဖြည့်ဆည်းပေးရန် မှာဤ*လက်စွဲစာအုပ်*၏ ရည်မှန်းချက်ဖြစ်သည်။

နောက်ဆုံးအနေဖြင့် ဖော်ပြလိုသည်မှာ ဤ*လက်စွဲစာအုပ်* ကို ထုတ်ဝေမှုသည် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ကြေညာစာတမ်း နှစ် ၆၀ ပြည့်အထိမ်းအမှတ်ကျင်းပမှုနှင့် ထပ်တူကျရောက်လျက်ရှိပါသည်။ ယင်းကြေညာစာတမ်းပါ တရားမျှတမှု၊ ဂုဏ်သိက္ခာ နှင့် လူ့အခွင့်အရေး စသည့် အချက်အားလုံးကို ကတိကဝတ်ပြုချက်များသည် ပြည့်စုံခြင်းသို့ မရောက်ရှိသေးပါ။

ကျွန်ုပ်တို့ တာဝန်ထမ်းပေးနေသည့် ကွဲပြားသည့် လူထုအသိုင်းအဝိုင်းများအတွက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ကြေညာစာတမ်း၏ အခြေခံမူများ အသီးအပွင့်ဝေဆာလာရေး မဆုတ်မနစ်ကြိုးပမ်းအားထုတ်လုပ်ဆောင်မှုကို ကျွန်ုပ်တို့ ဆက်လက် ထိန်းသိမ်းကြရပါမည်။ ဤ*လက်စွဲစာအုပ်* သည် အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာ ဆောင်ရွက်သူများ၏ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာဖွဲ့စည်းပုံစနစ်အား နားလည်သဘောပေါက်မှုနှင့်  လက်လှမ်းမီရရှိနိုင်စေရေးကို ပံ့ပိုးကူညီရန် အသုံး ပြုကြမည်ဟု မျှော်လင့်ပါသည်။ ၎င်းသည် လူ့အခွင့်အရေး၊ လူ့ဂုဏ်သိက္ခာနှင့် သာတူညီမျှရေးကို နိုင်ငံတကာ အမှန်တရား တစ်ရပ် ဖြစ်လာစေရန် ကျွန်ုပ်တို့၏ ပူးပေါင်းကြိုးပမ်းအားထုတ်မှုဆိုင်ရာ ထူးခြားသော အရင်းအမြစ်တစ်ခုပင်ဖြစ်ပေသည်။



Navanethem Pillay
ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံး

# မာတိကာ


*စာမျက်နှာ*

အမှာစာ ......................................................................................................iii

အတိုကောက်ဝေါဟာရများ .....................................................................................vi

နိဒါန်း ......................................................................................................vii

၁ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံးနှင့်မိတ်ဆက်ပေးခြင်း ................................................. 1

၂ OHCHR FELLOWSHIP အစီအစဉ်များ နှင့် သင်တန်းအစီအစဉ်များ .................................................. 16

၃ OHCHR ၏ထုတ်ဝေမှုများနှင့် အရင်းအမြစ်အချက်အလက်များ ........................................................ 26

၄ လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့များ (HUMAN RIGHTS TREATY BODIES) ........................................ 32

၅ လူ့အခွင့်အရေးကောင်စီ ...................................................................................... 76

၆ အထူးလုပ်ငန်းအစီအစဉ်များ ................................................................................. 109

၇ ကမ္ဘာ့နိုင်ငံများအားလုံး၏လူ့အခွင့်အရေးအခြေအနေပုံမှန်သုံးသပ်မှု (UPR)........................................ 141

၈ လူ့အခွင့်အရေးချိုးဖောက်မှုဟူသောစွပ်စွဲချက်များဆိုင်ရာတိုင်ကြားမှုတင်သွင်းခြင်း ................................ 157

၉ ရန်ပုံငွေနှင့်ထောက်ပံ့ငွေများ (FUNDS AND GRANTS)............................................................ 179

# အတိုကောက်ဝေါဟာရများ

| | |
|---|---|
| **ACT** | "ရပ်ရွာလူထုများအား အတူတကွကူညီပံ့ပိုးမှု" စီမံကိန်း |
| **CAT** | ညှဉ်းပန်းနှိပ်စက်မှုနှင့်အခြားသောရက်စက်မှုပုံစံများဖြစ်သည့် လူမဆန်သော (သို့) နိမ့်ကျသောအပြုမှု (သို့) အပြစ်ပေးမှုဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် |
| **CEDAW** | အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေး သဘောတူစာချုပ် |
| **CRC** | ကလေးသူငယ်အခွင့်အရေးဆိုင်ရာသဘောတူစာချုပ် |
| **ECOSOC** | စီးပွားရေးနှင့် လူမှုရေးကောင်စီ |
| **ICCPR** | နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် |
| **ICERD** | လူမျိုးရေးခွဲခြားဖိနှိပ်ဆက်ဆံမှုပုံစံအားလုံးဖျက်သိမ်းခြင်းဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် |
| **ICESCR** | စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် |
| **ICRMW** | ရွှေ့ပြောင်းအလုပ်သမားများနှင့် ၎င်းတို့မိသားစုဝင်များအားလုံးတို့၏အခွင့်အရေး ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် |
| **LDC** | ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ |
| **NGO** | အစိုးရမဟုတ်သည့်အဖွဲ့အစည်း |
| **NHRI** | အမျိုးသားလူ့အခွင့်အရေးဆိုင်ရာအဖွဲ့အစည်း |
| **OHCHR** | ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံး |
| **OPCAT** | ညှင်းပန်းနှိပ်စက်မှုနှင့်အခြားရက်စက်မှုပုံစံများဖြစ်သည့် လူမဆန်သော (သို့) နိမ့်ကျသော အပြုမှု (သို့) အပြစ်ပေးမှုဆိုင်ရာသဘောတူစာချုပ်၏ လိုက်နာရန် ရွေးချယ်ခွင့်ရှိသည့်နောက်ဆက်တွဲစာချုပ် |
| **UNDEF** | ကုလသမဂ္ဂဒီမိုကရေစီရန်ပုံငွေအဖွဲ့ |
| **UNDP** | ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် |
| **UNESCO** | ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ |
| **UNITAR** | ကုလသမဂ္ဂ လေ့ကျင့်ရေးနှင့် သုတေသနသိပ္ပံ |
| **UPR** | ကမ္ဘာ့နိုင်ငံများအားလုံး၏လူ့အခွင့်အရေးအခြေအနေပုံမှန်သုံးသပ်မှု |

# နိဒါန်း

## လက်စွဲစာအုပ်အကြောင်း

*ကုလသမဂ္ဂလူ့အခွင့်အရေးအစီအစဉ်နှင့်အတူလက်တွဲလုပ်ဆောင်ခြင်း - အရပ်ဘက်အဖွဲ့အစည်းအတွက်လက်စွဲစာအုပ်* သည် နေ့စဉ်နှင့်အမျှ ကမ္ဘာ့ရပ်ဝှမ်းအသီးသီးတွင် လူ့အခွင့်အရေး မြှင့်တင်ရေး၊ ကာကွယ်စောင့်ရှောက်ရေးနှင့် တိုးတက်ရေး တို့အတွက် ပံ့ပိုးမှု ပေးသည့် အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာ လုပ်ရှား ဆောင်ရွက်သူများအတွက် ရည်ညွှန်းပါသည်။

ပထမထုတ်ဝေမှုဖြစ်သည့် *Handbook—Working with the Office of the United Nations High Commissioner for Human Rights: A Handbook for NGOs* (2006) လက်စွဲစာလုပ်ကို အသုံးပြုခဲ့ကြ သူများအကြား စစ်တမ်းကောက်ယူမှု တစ်ရပ် ဆောင်ရွက်ပြီး ဒုတိယအကြိမ် ဖော်ဆောင်ထားသည့် ပြည့်စုံစွာပြုပြင်မှုနှင့်စိစစ်မှုဖြင့် ထုတ်ဝေသည့် ဤလက်စွဲ စာအုပ်သည် ကုလသမဂ္ဂလူ့အခွင့်အရေးအဖွဲ့များနှင့် ယန္တယားများကို ဗဟိုပြုထားပါသည်။ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ (NGOs) အပါအဝင် အရပ်ဖက် လူ့အဖွဲ့များအား မေးမြန်းပြောဆိုမှုပြုခဲ့ရာ ဤလက်စွဲစာအုပ်သည် အရပ်ဘက် အဖွဲ့အစည်းများမှ အမျိုးအမျိုးသော ကုလသမဂ္ဂလူ့အခွင့်အရေးအဖွဲ့များ၊ ယန္တယား များ တို့နှင့် မည်သို့ချိတ်ဆက်မှု ပြုရန် ရှင်းလင်းဖော်ပြပေးကြောင်း သိရှိရပါသည်။ ဤလက်စွဲစာအုပ်သည် ပို၍များစွာသော လူများတို့အား ၎င်းတို့၏အခွင့်အရေး များကို ဤကုလမဂ္ဂလူ့အခွင့်အရေးအဖွဲ့များနှင့် ယန္တယားများအားဖြင့် ခံစားစံစား နိုင်စေရန်နှင့် တောင်းဆိုမှုများ ပြုနိုင် စေရန် ကူညီပေးလိမ့်မည်ဟု ကုလသမဂ္ဂလူ့အခွင့်အရေး ဆိုင်ရာမဟာမင်းကြီးရုံး (OHCHR) မျှော်လင့်ပါသည်။

## အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာ Actor များသည် အဘယ်သူနည်း

ဤ *လက်စွဲစာအုပ်* အရ အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာ Actor များဟူသည် ကုလသမဂ္ဂ၏ ရည်မှန်းချက် ပန်းတိုင် များနှင့် သဟဇာတဖြစ်ပြီး ယေဘုယျကျသောအကျိုးစီးပွားများ၊ ရည်ရွယ်ချက်များ သို့မဟုတ် တန်ဖိုးများ အတွက် မိမိဆန္ဒ အလျောက် အများပြည်သူပူးပေါင်းမှုနှင့် ဆောင်ရွက်ချက်များတွင် ပါဝင်ချိတ်ဆက်မှုပြုသည့် လူတစ်ဦးချင်းစီကို ရည်ညွှန်း ပါသည်။ ဤ*လက်စွဲစာအုပ်*သည် နိုင်ငံတကာလူ့အခွင့်အရေးအားပေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး တို့နှင့် သက်ဆိုင်သည့် အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာပါဝင်ဆောင်ရွက်သူများကို ရည်ညွှန်းရေးသားရာ ၎င်းတို့မှာ -

- လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ
- လူ့အခွင့်အရေးအဖွဲ့အစည်းများ (NOGs၊ အသင်းအဖွဲ့များ၊ ထိခိုက်ခံရသည့်အုပ်စုများ)
- သက်ဆိုင်ရာ အရေးကိစ္စအခြေပြုအဖွဲ့အစည်းများ
- ညွှန်ပေါင်းအဖွဲ့များနှင့် ကွန်ယက်အဖွဲ့များ (အမျိုးသမီးအခွင့်အရေး၊ ကလေးအခွင့်အရေး၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေး)
- မသန်စွမ်းပုဂ္ဂိုလ်များနှင့် ၎င်းတို့၏ကိုယ်စားပြုအဖွဲ့အစည်းများ
- ရပ်ရွာအခြေပြုအဖွဲ့အစည်းများ (မူရင်းဌာနေလူမျိုးများ၊ လူနည်းစုများ)
- ယုံကြည်ချက်အခြေပြုအဖွဲ့အစည်းများ (အသင်းတော်၊ ဘာသာရေးအဖွဲ့အစည်းများ)
- သမဂ္ဂများ (အလုပ်သမားသမဂ္ဂ၊ ပညာရှင်ဆန်သောအသင်းအဖွဲ့များဖြစ်သည့် စာနယ်ဇင်းအသင်းအဖွဲ့များ၊ ရှေ့နေအသင်းအဖွဲ့များ၊ တရားသူကြီးအသင်းအဖွဲ့များ၊ ကျောင်းသားသမဂ္ဂများ)၊
- လူမှုရေးလှုပ်ရှားမှုများ (ငြိမ်းချမ်းရေးလှုပ်ရှားမှုများ၊ ကျောင်းသားလှုပ်ရှားမှုများ၊ ဒီမိုကရေစီလှုပ်ရှားမှုများ)၊

- လူ့အခွင့်အရေးခံစားစံစားရေးအတွက်တိုက်ရိုက်ပံ့ပိုးကူညီသည့် ပညာရှင်များ (လူသားချင်းစာနာထောက်ထားမှု ဆောင်ရွက်သူများ၊ ရှေ့နေများ၊ ဆရာဝန်များနှင့် ဆေးဘက်ဆိုင်ရာပံ့ပိုးဆောင်ရွက်သူများ)
- ထိခိုက်ခံရသူများ၏ ဆွေးမျိုးများ၊
- လူ့အခွင့်အရေး တိုးမြှင့်ရေးဦးတည်ချက်အတွက် လှုပ်ရှားမှုများ ဆောင်ရွက်သော အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများ (ကျောင်း၊ တက္ကသိုလ်၊ သုတေသနအဖွဲ့အစည်းများ)

လူ့အခွင့်အရေးနှင့် စပ်လျဉ်းပြီး လွတ်လပ်စွာလုပ်ကိုင်ဆောင်ရွက်နိုင်ခြင်း၊ အသိပညာကြွယ်ဝခြင်း၊ ကျွမ်းကျင်မှုရှိခြင်း တို့ရှိကာ ခိုင်မာမှုရှိပြီး ကိုယ်ပိုင်အုပ်ချုပ်မှုရှိသည့် အရပ်ဘက်အဖွဲ့အစည်းသည် ရေရှည်တည်တံ့သော လူ့အခွင့်အရေး ကာကွယ် စောင့်ရှောက်မှုကို နိုင်ငံတော်အဆင့်အထိ လုံခြုံမှုရှိစေရာအတွက် အဓိကကျသော ကဏ္ဍတစ်ရပ်ဖြစ်သည်။ သို့ဖြစ်၍ အရပ်ဖက် လူ့အဖွဲ့အစည်းဆိုင်ရာ ဆောင်ရွက်သူများသည် ကုလသမဂ္ဂလူ့အခွင့်အရေးစနစ်တွင် အရေးကြီးလှသော မိတ်ဖက် အဖွဲ့များဖြစ်ပေသည်။

ပြည်တွင်းလူ့အခွင့်အရေးဆိုင်ရာအဖွဲ့အစည်းများ (NHRIs) များတို့သည် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ အတွက် အရေးကြီးသော ပံ့ပိုးကူညီသူများဖြစ်သော်လည်း ဤ*လက်စွဲစာအုပ်*တွင် ၎င်းတို့ကို အလေးပေး မဖော်ပြပါ။ NHRIs ဆိုင်ရာ သတင်းအချက်အလက်နှင့် အရင်းအမြစ်များကို OHCHR အင်တာနက်ဝက်ဘ်ဆိုက် အပေါ်တွင်ရရှိနိုင်ပါသည်။ စာဖတ်သူများအား OHCHR National Institutions Unit ၏ niu@ohchr.org သို့ အဆက်အသွယ်ပြုရန် ဖိတ်ကြားအပ်ပါသည်။

## *လက်စွဲစာအုပ်* ပါအကြောင်းအရာများ

*လက်စွဲစာအုပ်* သည် OHCHR အကြောင်းမိတ်ဆက်မှုပြုပေးခြင်း (အခန်း ၁)၊ ၎င်း၏ fellowship အစီအစဉ်များနှင့် သင်တန်းအစီအစဉ်များမိတ်ဆက်ခြင်း(အခန်း၂)၊ နှင့် ၎င်း၏ထုတ်ဝေမှုများနှင့် အရင်းအမြစ်အချက်အလက်များ (အခန်း ၃) မိတ်ဆက်ခြင်း တို့ဖြင့်အစပျိုးပါသည်။ ထိုနောက် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာအဖွဲ့များနှင့်ယန္တယားများကို လည်းကောင်း၊ ၎င်းတို့အား မည်သို့ အသုံးပြုနိုင်ပုံ ကိုလည်းကောင်း ဖော်ပြထားပါသည်။ ၎င်းအဖွဲ့များမှာ -

- လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့များ (အခန်း ၄)
- လူ့အခွင့်အရေးကောင်စီနှင့်၎င်း၏ ယန္တယားများ၊ ၎င်းတွင် အကြံပေးကော်မတီအဖွဲ့၊ လူမှုဖိုရမ်၊ လူနည်းစု အရေးကိစ္စ များဆိုင်ရာဖိုရမ်၊ မူရင်းဌာနေလူမျိုးများ အခွင့်အရေးဆိုင်ရာ ကျွမ်းကျင်မှုယန္တယားများ(Expert Mechanism)၊ ဖွံ့ဖြိုးမှု အခွင့်အရေး များဆိုင်ရာ ပွင့်လင်းမှုရှိသောလုပ်ငန်းအဖွဲ့၊ ဒါဗန်ကြေညာစာတမ်းနှင့် လုပ်ဆောင်ချက်အစီအစဉ် (အခန်း ၅) တို့ပါဝင်သည်။
- အထူးလုပ်ငန်းအစီအစဉ်များ (အခန်း ၆)
- ကမ္ဘာ့နိုင်ငံများအားလုံး၏လူ့အခွင့်အရေးအခြေအနေပုံမှန်သုံးသပ်မှု (အခန်း ၇)
- လူ့အခွင့်အရေးချိုးဖောက်မှုဟူသောစွပ်စွဲချက်များဆိုင်ရာတိုင်ကြားစာတင်သွင်းခြင်း (အခန်း ၈) တို့ဖြစ်သည်။

စာအုပ်၏နောက်ဆုံးအခန်းတွင် ရန်ပုံငွေများနှင့် ထောက်ပံ့ငွေများ ဆိုင်ရာသတင်းအချက်အလက်များ (အခန်း ၉) ကို ဖော်ပြ ထားရာ ၎င်းတို့မှ အချို့ရန်ပုံငွေနှင့်ထောက်ပံ့ငွေတို့အား OHCHR မှ စီမံခန့်ခွဲမှုပြုပါသည်။

စာဖတ်သူများ သတင်းအချက်အလက်များ ပိုမိုလွယ်ကူစွာလက်လှမ်းမီရရှိစေရေ်အတွက် အခန်းတစ်ခန်းစီအား လက်စွဲစာအုပ်၏ အခြား အပိုင်းများမှ တသီးတခြားရပ်တည်မှုနည်းလမ်းဖြင့်ရေးသားပြုစုထားပါသည်။ အခန်းတစ်ခန်းခြင်းစီကိုလည်း OHCHR ဝက်ဘ်ဆိုက်မှ ဒေါင်းလုပ်ရယူနိုင်ပြီး၊ ၎င်းမှစာအုပ်တစ်အုပ်လုံးကိုလည်း ရယူနိုင်ပါသည်။

အရေးကြီးမှတ်သားရန်မှာ ဤလက်စွဲစာအုပ်သည် တစ်ကိုယ်တည်းရပ်တည်သော သို့မဟုတ် သက်ဝင်လှုပ်ရှားမှုကင်းသော လမ်းညွှန် မဟုတ်ပါ။ ဖြစ်နိုင်လျှင် OHCHR ဝက်ဘ်ဆိုက်မှ အညွှန်းကိုးကားချက်များနှင့် အခြားစီစဉ်ပေးထားသော အရင်းအမြစ်များသည် စာဖတ်သူ များအား မျက်မှောက်သတင်းအချက်အလက်များကို ရရှိစေရန် သေချာစေပါသည်။ စာဖတ်သူများမှ ယင်းဖြည့်စွက်အရင်းအမြစ်များကို အသုံးပြုရန် အားပေးပါသည်။

## စာအုပ်ပါအကြောင်းအရာဖွဲ့စည်းထားပုံ

ယေဘုယျအားဖြင့် စာအုပ်ပါအခန်းများကို အပိုင်း သုံးပိုင်းဖြင့်ခွဲခြားထားပါသည်။

- လူ့အခွင့်အရေးဆိုင်ရာအဖွဲ့/ယန္တယား သည် မည်သည်ဖြစ်ခြင်း
- မည်သို့လုပ်ဆောင်ခြင်း
- ၎င်းတို့နှင့် အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာဆောင်ရွက်သူများက မည်သို့လက်လှမ်းမီလုပ်ဆောင်နိုင်ခြင်း

အခန်း တစ်ခန်းစီတိုင်းသည် OHCHR ရှိအရေးကြီး အဆက်အသွယ်များကို စာရင်းပြုစုထားပြီး အခြားအရင်းအမြစ်များနှင့် ချိတ်ဆိတ်မှုများကိုလည်း ထည့်သွင်းထားပါသည်။

## သင်၏တုန့်ပြန်ချက်

ဤ*လက်စွဲစာအုပ်* သည် အစွမ်းထက်သောကိရိယာတစ်ခုသည်။ OHCHR အရပ်ဘက်အဖွဲ့အစည်းယူနစ်မှ တုန့်ပြန်ချက်များကို ကြိုဆိုပါသည်။

ကျေးဇူးပြု၍ သင်၏သုံးသပ်ချက်များနှင့် အကြံပြုချက်များကို အောက်ပါလိပ်စာသို့ ပေးပို့ပါ -

**Civil Society Unit**
Office of the United Nations High Commissioner for Human Rights
Palais des Nations
CH-1211 Geneva 10, Switzerland
E-mail: CivilSocietyUnit@ohchr.org

# ၁။ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးနှင့် မိတ်ဆက်ပေးခြင်း

## က။ ကုလသမဂ္ဂလူ့အခွင့်အရေးအစီအစဉ်

ကုလမဂ္ဂလူ့အခွင့်အရေးအစီအစဉ်သည် နေရာတိုင်းရှိမည်သူမဆို၏ လူ့အခွင့်အရေးကို မြှင့်တင်ရန်နှင့် အကာအကွယ် ပေးရန် ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းကို ကွဲပြားသော ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာအဖွဲ့အစည်းများ၊ အေဂျင်စီများ အားဖြင့် ဆောင်ရွက်မှုပြုပြီး၊ ဤစာအုပ်တွင် ဖော်ပြထားသည့် အမျိုးမျိုးသော လူ့အခွင့်အရေးဆိုင်ရာအဖွဲ့များနှင့် ယန္တယား များလည်း အပါအဝင်ဖြစ်သည်။ ၎င်းတို့အားလုံးတွင် လွန်ခဲ့သော နှစ်ပေါင်း ၆ဝ ကျော်က ကြေညာခဲ့သည့် နိုင်ငံတကာ လူ့အခွင့်အရေးကြေညာစာတမ်းရှိ နိုင်ငံတကာသဘောတူညီထားသည့် လူ့အခွင့်အရေးများ ဖြစ်သော နိုင်ငံသား၊ ယဉ်ကျေးမှု၊ စီးပွားရေး၊ နိုင်ငံရေးနှင့် လူမှုရေး တို့ဆိုင်ရာအခွင့်အရေးများကို အားပေးမြှင့်တင်ပေးရန်နှင့် အကာအကွယ်ပေးရန် တို့အတွက် ယေဘုယျကျသော ရည်မှန်းချက်ရှိပါသည်။

လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာအာဏာပိုင်အဖွဲ့အဖြစ် **လူ့အခွင့်အရေးဆိုင်ရာကုလသမဂ္ဂမဟာမင်းကြီးရုံး** (OHCHR) သည် ကုလသမဂ္ဂလူ့အခွင့်အရေးအစီအစဉ်ကိုဦးဆောင်ရန်လည်းကောင်း၊ **ကုလသမဂ္ဂပဋိညာဉ်စာတမ်း** နှင့် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေတို့ အောက်တွင် ချမှတ်ထားသည့် လူ့အခွင့်အရေးအားလုံးကို မြှင့်တင်ပေးရန်နှင့် အကာအကွယ် ပေးရန် လည်းကောင်း တာဝန်ရှိပါသည်။

၎င်း၏ရည်မှန်းချက် မှာ လူသားအားလုံး၏အခွင့်အရေးများကို အပြည့်အဝလေးစားလိုက်နာကာ ခံစားစံစားနေသည့် ကမ္ဘာ လောက ရှိလာရန်ဖြစ်သည်။ OHCHR သည် လူသားအားလုံးအတွက် အားလုံးသောလူ့အခွင့်အရေးများကို အကာအကွယ် ပေးရန်လည်းကောင်း၊ လူသားများ ၎င်းတို့၏အခွင့်အရေးများကို သိနားလည်လာစေမည့် စွမ်းဆောင်ရည်မြှင့်တင်မှုပေးရန် လည်းကောင်း၊ ၎င်းအခွင့် အရေးများ အကောင်အထည်ဖော်ဆောင်ရွက်မှုသေချာစေရေးအတွက် တာဝန်ယူ ဆောင်ရွက် နေသူများကို ကူညီပံ့ပိုးပေးရန် လည်းကောင်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

## ခ။ ကုလသမဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံး (OHCHR)

OHCHR သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရုံး၏ ကဏ္ဍတစ်ရပ်ဖြစ်ပြီး ၎င်းအား လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီး (High Commmissioner) မှဦးဆောင်မှုပြုပါသည်။ ယင်းရာထူးအား ၁၉၉၃ ခုနှစ်တွင် စတင်ခန့်အပ်ခြင်းဖြစ်သည်။[1] ၎င်းသည် အစိုးရများ၊ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ (NHRIs)၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ (NGOs)၊ နှင့် အရပ် ဖက်လူ့အဖွဲ့အစည်းများစသည်တို့ပါဝင်သည့် ကျယ်ပြန့်လှသော ကဏ္ဍများဖြင့် ပူးပေါင်းဆောင်ရွက်မှုပြုပြီး၊ လူ့အခွင့်အရေး အပေါ်ကတိကဝတ်ထားရှိမှု အကျယ်ပြန့်ဆုံးအထိဖြစ်လာစေရန် ကြိုးပမ်းလျက်ရှိသည်။

---

[1] See General Assembly resolution 48/141 of 20 December 1993. The work of OHCHR is also guided by the Charter of the United Nations, the Universal Declaration of Human Rights and subsequent human rights instruments, including the 1993 Vienna Declaration and Programme of Action and the 2005 World Summit Outcome Document (General Assembly resolution 60/1 of 16 September 2005).

ကုလသမဂ္ဂ အဓိကလူ့အခွင့်အရေးဆိုင်ရာအရာရှိဖြစ်သော မဟာမင်းကြီးသည် ထိခိုက်ခံရသူများအတွက် ကျင့်ဝတ်ရေးဆိုင်ရာအခွင့်အာဏာတစ်ရပ်ဖြင့်လည်းကောင်း နှင့် အသံတစ်ရပ်ဖြင့်လည်းကောင်း ရပ်တည်ဆောင်ရွက်ပေးသည်။ မဟာမင်းကြီး သည် ၎င်းမဟာမင်းကြီးရုံး၏ မစ်ရှင်နှင့် တန်ဖိုးများအတွက် လမ်းညွှန်မှုပေးခြင်း၊ ဦးစားပေးလုပ်ငန်းများ သတ်မှတ်ပေးခြင်း နှင့် လုပ်ငန်းဆောင်ရွက်ချက်များကို မောင်းနှင်ခြင်း စသည်တို့ကိုဆောင်ရွက်ပေးသည်။ မဟာမင်းကြီး သည် အများပြည်သူဆိုင်ရာကြေညာချက်များထုတ်လွှင့်ခြင်း၊ လူ့အခွင့်အရေးအခြေအနေများနှင့် တောင်းဆိုမှုများ အတွက် အယူခံဝင်ပေးခြင်းသော်လည်းကောင်း၊ အမျိုးသားလူ့အခွင့်အရေးကာကွယ်စောင့်ရှောက်မှု အားကောင်းလာစေရန် အစိုးရများနှင့် ဆွေးနွေးမှုများဆောင်ရွက်ခြင်းသော်လည်းကောင်း၊ လူ့အခွင့်အရေးဆိုင်ရာအကြောင်းအရာများ ကမ္ဘာအနှံ့ကြားသိလာစေရန်သေချာစေရေးအတွက် နေရာအနှံ့ခရီးလှည့်လည်မှုပြုခြင်း၊ လူ့အခွင့်အရေးချိုးဖောက်ခံရသူများ၏ အသံကိုနားထောင်ပြီး တာဝန်ရှိပုဂ္ဂိုလ်များနှင့် ချိတ်ဆက်မှုပြုခြင်းသော်လည်းကောင်း စသည်တို့ကို ဆောင်ရွက်ပါသည်။

မဟာမင်းကြီးသည် ကုလသမဂ္ဂ၏အစီအစဉ်များတလျှောက်တွင် လူ့အခွင့်အရေး စံချိန်စံညွှန်းများကိုထည့်သွင်းပါဝင်မှုရှိစေရန် ဆောင်ရွက်ပေးပြီး၊ ကုလသမဂ္ဂဖွဲ့စည်းပုံစနစ်၏ပဓာနကျသောမဏ္ဍိုင်ကြီးသုံးရပ်ဖြစ်သည့် ငြိမ်းချမ်းရေးနှင့် လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့အခွင့်အရေးတို့ ပေါင်းကူးဆက်သွယ်မှုရှိခြင်းနှင့် အပြန်အလှန်ခိုင်ခန့်မှုရှိခြင်းတို့ကို သေချာစေကာ၊ လူ့အခွင့်အရေးသည် ကုလသမဂ္ဂ၏ဆောင်ရွက်မှုမှုအားလုံး၏ အခြေခံအချက်ဖြစ်စေရေးအတွက် ဆောင်ရွက်ပါသည်။

မဟာမင်းကြီးဖြစ်သူသည် တကမ္ဘာလုံးဆိုင်ရာလူ့အခွင့်အရေးအခြေအနေများကို ပွင့်ပွင့်လင်းလင်းလူသိရှင်ကြား ပြောဆိုမှုပြုနိုင်ပြီး၊ နိုင်ငံများအား ၎င်းတို့၏ဆောင်ရွက်ချက်များ နှင့် ဆောင်ရွက်ရန်ပျက်ကွက်မှုများအတွက် တာဝန်ခံမှုရှိစေခြင်းအားဖြင့် ဥပဒေချိုးဖောက်မှုမျက်ကွယ်ပြုခြင်းကို ဆန့်ကျင့်မှုပြုနိုင်ရာ၊ မဟာမင်းကြီးဖြစ်သူသည် မကြာခဏဆိုသလို ကွဲပြားသော နယ်ပယ်များ မှ ဝေဖန်မှုများကို ရရှိလိမ့်မည်ဟု မျှော်မှန်းရပါသည်။ ပို၍အရေးကြီးသည်မှာ အများအားဖြင့် နိုင်ငံရေးသဘော ဆောင်သော ငြင်းခုံဆွေးနွေးမှုများတွင် လူ့အခွင့်အရေးဆိုင်ရာ အမြင်သဘောထားများနှင့် ချဉ်းကပ်မှုများ ထည့်သွင်းပြောဆိုသည့်အခါ လူ့အခွင့် အရေးဆိုင်ရာ ဓမ္မဓိဋ္ဌာန်ကျမှု၊ တိကျမှန်ကန်မှုနှင့် တကမ္ဘာလုံးနှင့်အကျုံးဝင်မှုစသည်တို့သည် မဟာမင်းကြီးရုံး၏ လုပ်ဆောင်မှုကို ကျောထောက်နောက်ခံပြု၍ဆောင်ရွက်ပါသည်။

လက်ရှိ မဟာမင်းကြီးအဖြစ် **Ms. Navanethem Pillay** သည် ၂၀၀၈ ခုနှစ် စက်တင်ဘာလမှစတင်တာဝန်ယူ ဆောင်ရွက်ပေးပါသည်။ Ms. Pillay သည် Ms. Louise Arbour (၂၀၀၄-၂၀၀၈)၊ Mr. Sergio Vieira de Mello (၂၀၀၂-၂၀၀၃)၊[2] Ms. Mary Robinson (၁၉၉၇ - ၂၀၀၂)၊ နှင့် Mr. José Ayala Lasso (၁၉၉၄-၁၉၉၇) တို့၏ အရိုက်အရာဆက်ခံသူဖြစ်သည်။ Mr. Bertrand G Ramcharan သည် ၂၀၀၃ - ၂၀၀၄ ခုနှစ် အထိ ခေတ္တမဟာမင်းကြီးအဖြစ် ဆောင်ရွက်ခဲ့ပါသည်။

OHCHR ရုံးချုပ်ကို ဆွစ်ဇလန်နိုင်ငံ၊ ဂျီနီဗာမြို့ရှိ Palais Wilson တွင် အခြေစိုက်ထားပြီး၊ ကုလသမဂ္ဂ၏ရုံးချုပ်ရှိရာ နယူးယောက်မြို့တွင်လည်း ရုံးခွဲတစ်ခုထားရှိပါသည်။ ၎င်းတွင် ဝန်ထမ်းပေါင်း ၉၀၀ ကျော်ရှိရာ၊ ထက်ဝက်အကျော်မှာ နယ်ပယ်အသီးသီးတွင် တာဝန်ထမ်းဆောင်ကြပြီး ၎င်းတို့တွင် ပြည်တွင်းအဖွဲ့နှင့်ရုံးများ၊ ဒေသဆိုင်ရာရုံးများ၊ လူ့အခွင့် အရေးအကြံပေးပုဂ္ဂိုလ်များနှင့် ကုလသမဂ္ဂငြိမ်းချမ်းရေးလုပ်ငန်းများရှိ လူ့အခွင့်အရေး အပိုင်းကဏ္ဍများစသည်တို့ ပါဝင်ကြသည်။

---

[2] ၂၀၀၃ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့တွင် Sergio Vieira de Mello သည် အီရက်နိုင်ငံ၊ ဘဂ္ဂဒက် မြို့ တွင် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူး၏အထူးကိုယ်စားလှယ်တော်အဖြစ် တာဝန်ထမ်းဆောင်နေစဉ် အခြားသော ကုလသမဂ္ဂဝန်ထမ်း ၂၁ ဦးနှင့်အတူ လုပ်ကြံသတ်ဖြတ်ခံခဲ့ရသည်။

### လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံး၏ လုပ်ပိုင်ခွင့်အာဏာ (Mandate)

အထွေထွေညီလာခံ ဆုံးဖြတ်ချက် အမှတ် ၄၈/၁၄၁ အရ မဟာမင်းကြီး အား အောက်ပါတို့ကိုဆောင်ရွက်ရန် လုပ်ပိုင်ခွင့် ပေးအပ်ထားပါသည်။

- လူသားအားလုံး၏အခွင့်အရေးများကို မြှင့်တင်ခြင်းခြင်းနှင့် ကာကွယ်စောင့်ရှောက်ပေးခြင်း၊
- လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး တိုးတက်ဆောင်ရွက်စေရန်အတွက် ကုလသမဂ္ဂဖွဲ့စည်းပုံစနစ်၏ အဖွဲ့အစည်းများအား အကြံပြုချက်များ ချမှတ်ပေးခြင်း၊
- ဖွံ့ဖြိုးရေးဆိုင်ရာအခွင့်အရေးများ မြှင့်တင်ပေးခြင်းနှင့် ကာကွယ်စောင့်ရှောက်ပေးခြင်း
- လူ့အခွင့်အရေးဆိုင်ရာ ဆောင်ရွက်ချက်များအတွက် နည်းပညာပံ့ပိုးမှုများ စီစဉ်ပေးခြင်း၊
- ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ ပညာရေးနှင့် လူထု သတင်းအချက်အလက်အစီအစဉ်များ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊
- လူ့အခွင့်အရေးကို အများသိရှိနားလည်ခြင်းအား ဟန့်တားသည့်အရာများကို ဖယ်ရှား ရာတွင် တတ်ကြွသည့် အခန်းကဏ္ဍမှ ပါဝင် လုပ်ဆောင်ခြင်း
- လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်စေသည့် အချက်များကို တားဆီးရာတွင် တတ်ကြွသည့်အခန်းကဏ္ဍမှ ပါဝင် လုပ်ဆောင်ခြင်း
- လူ့အခွင့်အရေးအားလုံးကို လေးစားလိုက်နာမှု လုံခြုံရေးအတွက် ရည်ရွယ်ချက်ချက်ဖြင့် အစိုးရများနှင့် ဆွေးနွေးမှုများ ဆောင်ရွက်ခြင်း၊
- နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ခြင်း၊
- ကုလသမဂ္ဂဖွဲ့စည်းပုံစနစ် တလျှောက်ရှိ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာ ကွယ်စောင့်ရှောက်ရေး လှုပ်ရှားမှုများတွင် ညှိနှိုင်းဆောင်ရွက်မှု ပြုခြင်း၊
- ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ ယန္တယားကို ကြောင်းကျိုးသင့် ဆောင်ရွက်ပေးခြင်း၊ လိုက်လျောညီထွေမှုရှိစေခြင်းနှင့် တတည်တမတ်ဖြစ်စေခြင်

## ၈။ OHCHR လုပ်ငန်းနှင့် ဆောင်ရွက်ချက်များ

OHCHR သည် နေရာတိုင်းရှိ လူသားတိုင်း၏နေ့စဉ်အသက်တာတွင် လူ့အခွင့်အရေးဆိုင်ရာစံချိန်စံညွှန်းများကို ကျင့်သုံးအကောင်အထည်ဖော်ရန် ကြိုးပမ်းဆောင်ရွက်ပါသည်။ ယင်းပန်းတိုင်သို့ရောက်ရှိရန် ဆောင်ရွက်ရာတွင်  လူ့အခွင့်အရေးဆိုင်ရာ အသိအမြင်ပွင့်လင်းလာစေရန်နှင့် လေးစားလိုက်နာမှုရှိစေရန်အတွက် ကုလသမဂ္ဂမိတ်ဖက် အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှုအပြင်၊ အစိုးရများ၊ လွှတ် တော်များ၊ တရားစီရင်ရေးအာဏာပိုင်များ၊ ရဲဌာန်နှင့် အကျဉ်းထောင်အရာရှိများ၊ NHRI များ၊ NGO များ၊ အခြားသော အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာ ဆောင်ရွက်သူ မြောက်များစွာ တို့နှင့်လည်း ပူးပေါင်းဆောင်ရွက်မှု ပြုပါသည်။ OHCHR သည် တစ်ဦးချင်းစီအား ၎င်းတို့၏အခွင့်အရေးကို တောင်းဆိုနိုင်ရန် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းနှင့် အစိုးရများအား ၎င်းတို့၏ လူ့အခွင့်အရေးဆိုင်ရာလိုက်နာရမည့်တာဝန်များကို ထိန်းသိမ်းစေရန် ပံ့ပိုးပေးခြင်း တို့ကိုဆောင်ရွက်ပါသည်။

ဒေသန္တရ၊ ပြည်တွင်းနှင့် နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ NGO များသည် နိုင်ငံတကာလူ့အခွင့်အရေးလှုပ်ရှားမှု အတွက် အရေးကြီးသော ကဏ္ဍတစ်ရပ်ဖြစ်သည်နည်းတူ OHCHR အတွက်လည် အရေးကြီးသော မိတ်ဖက်များဖြစ်သည်။ ၎င်းတို့မှ ကမ္ဘာအား လူ့အခွင့်အရေးချိုးဖောက်မှုများကို အသိပေးသည်။ ၎င်းတို့သည် ထိခိုက်ခံရသူများကို ကာကွယ်ပေခြင်း၊ ပညာရေးအားဖြင့် လူ့အခွင့်အရေးအားပေးမြှင့်တင်ပေးခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုများအတွက် လှုံ့ဆော်မှုပြုပေးနိုင်ခြင်းတို့ကို ဆောင်ရွက် ပေးနိုင်သည်။ OHCHR နှင့် အရပ်ဘက်အဖွဲ့အစည်းများအကြား ဆက်နွယ်မှုသည် ခိုင်မာပြီး ပူးပေါင်းဆောင်ရွက်မှု သဘောရှိကာ OHCHR ၏ ကဏ္ဍအားလုံးကို အသက်သွင်းပေးပါသည်။
OHCHR ၏လုပ်ငန်းနယ်ပယ်အတိုင်းအတာသည် လူ့အခွင့်အရေးနယ်ပယ်တစ်လျှောက်လုံးအကျုံးဝင်သည်။ လုပ်ဆောင်မှုတစ်ခုခြင်းစီသည် အပြန်အလှန်ဆက်စပ်မှုနှင့် ဖြည့်စွတ်မှုများရှိပြီး၊ ၎င်း၏မစ်ရှင်ကို တစ်သားတည်းဖြစ်တည်စေပါသည်။

၎င်း၏ **ကဏ္ဍအလိုက်ဆောင်ရွက်ချက်**သည် တည်ဆဲရှိနေသည့်လူ့အခွင့်အရေးစနစ်ရှိ ကွာဟချက်များကို ဖော်ထုတ်ခြင်း နှင့် ပတ်မှတ်ထားရှိခြင်းတို့ပြုကာ၊ လူ့အခွင့်အရေးဆိုင်ရာ မူဘောင်အတွင်း ကာကွယ်စောင့်ရှောက်မှုနှင့် သုတေသန လုပ်ငန်းများကို ဦးဆောင်မှုပြုခြင်း၊ ရာသီဥတု ပြောင်းလဲမှုနှင့် ကျား/မရေးရာအခြေခံသည့် အကြမ်းဖက်မှု စသည်ကဲ့သို့ သော မျက်မှောက်ခေတ်အရေးကိစ္စများကို ကိုင်တွယ် ဖြေရှင်းခြင်းတို့ကို ဆောင်ရွက်ပါသည်။

OHCHR သည် ၎င်း၏ **စံချိန်စံညွှန်း-သတ်မှတ်မှုလုပ်ငန်း**တွင်  လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်မှုနှင့် ခံစားပိုင်ခွင့် တို့ကို တိုးတက်လာစေမည့် အသစ်သောနိုင်ငံတကာစံနှုန်းများ ဖွံ့ဖြိုးဖော်ဆောင်မှုကို ကူညီပံ့ပိုးပေးပါသည်။

၎င်း၏ **စောင့်ကြည့်ထိန်းကျောင်းမှုလုပ်ငန်း** သည် အဆိုပါစံချိန်စံညွှန်းများ ကျင့်သုံးအကောင်အထည်ဖော်ဆောင်မှု ရှိစေရန် ရည်ရွယ်ပြီး၊ ထိုသို့အားဖြင့် လူ့အခွင့်အရေးကို အမှန်တကယ်ဖြစ်တည်စေရန် ပံ့ပိုးပေးပါသည်။

လုပ်ငန်းနယ်ပယ်တွင် **အကောင်အထည်ဖော်ဆောင်ရွက်မှုလုပ်ငန်း** အားဖြင့် OHCHR သည် လူ့အခွင့်အရေးတောင်းဆိုချက်များ နှင့် ပိုမိုဆိုးရွားလာသည့်အခြေအနေများ တို့ဆိုင်ရာ ကြိုတင်သတိပေးမှုလက္ခဏာများကို ကြည့်ရှုကာ၊ တောင်းဆိုမှုများပေါ်ပေါက်လာသော အစိုးရများထံ နည်းပညာ ကူညီပံ့ပိုးမှုများပေးခြင်းလည်းကောင်း၊ ဝန်ထန်းများနှင့်အရင်းအမြစ်များကို စီမံချမှတ်ပေးခြင်းလည်းကောင်း ဆောင်ရွက်ပေးပါသည်။

OHCHR သည် **လူ့အခွင့်အရေးဆိုင်ရာ ပညာပေးခြင်း** နှင့် အသိပေးခြင်းတို့ကို တိုးမြှင့်လုပ်ဆောင်သည်။ လူသားများ ၎င်းတို့၏အခွင့်အရေးများ လက်လမ်းမီရရှိစေရန် စွမ်းဆောင်ရည်မြှင့်ပေးခြင်းဆောင်ရွက်ပေးပြီး၊ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ယန္တယားများကို ထိရောက်စွာ အသုံးချခြင်းဖြင့် ပြောင်းလဲမှုဖော်ဆောင်သည့် အေးဂျင့်များဖြစ်လာစေရန် ကြိုးပမ်းပါသည်။ ယင်းအချက်သည့် ဤလက်စွဲစာအုပ်ဖြစ်မြောက်စေရန် လှုံ့ဆော်ပေးမှုလည်းဖြစ်သည်။

OHCHR လုပ်ငန်းဆောင်ရွက်ချက်များအတွက် ကုလသမဂ္ဂပုံမှန်ဘတ်ဂျတ်အားဖြင့်လည်းကောင်း၊ အဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ဖောင်ဒေးရှင်းများနှင့် တစ်ဦးခြင်းဆီတို့မှ စေတနာ အလျောက် ပံ့ပိုးမှုများအားဖြင့်လည်းကောင်း ရန်ပုံငွေရရှိပါသည်။

## အကြောင်းအရာအလိုက်လုပ်ငန်းနယ်ပယ်များ

*OHCHR သည် အကြောင်းအရာများနှင့် ကိစ္စရပ်များ ကျယ်ပြန့်စွာစုဆောင်မှုအားဖြင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်မှုနှင့် စံချိန်စံညွှန်းများသတ်မှတ်ခြင်းတို့ ဆိုင်ရာ အသစ်သော နယ်ပယ်များကို ဖော်ထုတ်ပါသည်။ ၎င်းသည် ဥပဒေနှင့် မူဝါဒရေးရာအကြံ ပြုချက်ပေးခြင်း၊ ထိရောက်သောသုတေသနလုပ်ငန်းဆောင်ရွက်ခြင်း၊ ထွန်းထွက်လာသော ကိစ္စရပ်များနှင့် ခေတ်ကာလအလေ့အကျင့်များတို့အပေါ် ဆွေးနွေးမှုနှင့် အတိုင်အပင်ခံပြုမှုတို့အတွက် ပံ့ပိုးပေးခြင်း၊ လူ့အခွင့်ရေးဆိုင်ရာ ပါဝင်ပတ်သတ်သူ မြောက်များစွာတို့ဖြင့် ပြဿနာကိစ္စရပ်များအခြေပြုသည့် မိတ်ဖက်ပူးပေါင်းမှုဆောင်ရွက်ရန်ကြိုးပမ်းခြင်း၊ အကောင်းဆုံး အလေ့အကျင့်များကို မြှင့်တင်ခြင်း စသည်တို့ကို ဆောင်ရွပ်ပါသည်။*

*၎င်း၏ ကဏ္ဍအလိုက်လုပ်ငန်းနယ်ပယ်များမှာ -*

- ခွဲခြားမှုဆန့်ကျင်ရေး
- ကလေးသူငယ်များ
- ရာသီဥတုပြောင်းလဲမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှု

- စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုတို့ဆိုင်ရာအခွင့်အရေးများ၊ ကျန်းမာရေး၊ အိုးအိမ်၊ အစားအစာနှင့်ရေ စသည့်အခွင့်အရေးများလည်းပါဝင်သည်။
- အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါ
- လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံအလိုက်အကဲဖြတ်မှုနှင့် စီမံကိန်းရေးဆွဲမှု
- လူ့အခွင့်အရေးနှင့် အကြမ်းဖက်နှိမ်နင်းမှု
- လူ့အခွင့်အရေးနှင့် မသန်းစွမ်းမှု
- လူ့အခွင့်အရေးဆိုင်ရာ ပညာရေးနှင့် လေ့ကျင့်ရေး
- လူ့အခွင့်အရေးကို လုပ်ဆောင်မှုတိုင်းတွင်ထည့်သွင်းပါဝင်စေခြင်း
- လူ့အခွင့်အရေးဆိုင်ရာစောင့်ကြည့်ထိန်းကျောင်းခြင်းနှင့် စုံစမ်းစစ်ဆေးမှုများ
- ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆောင်ရွက်မှုရှိ လူ့အခွင့်အရေး
- မူရင်းဌာနေလူမျိုးများ နှင့် လူနည်းစုများ
- ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်များနှင့် ဆင်းရဲမွဲတေမှုလျှော့ချရေးအပါအဝင် ဖွံ့ဖြိုးရေးဆိုင်ရာ အခွင့်အရေး
- လူမျိုးရေးဝါဒ
- တရားဥပဒေစိုးမိုးရေးနှင့် ဒီမိုကရေစီ၊ ၎င်းတွင် တရားမျှတမှုအုပ်ချုပ်ရေး၊ ကောင်းမွန်သောအုပ်ချုပ်ရေး၊ တာဝန်ခံမှု၊ ဥပဒေချိုးဖောက်မှုကို မျက်ကွယ်ပြုခြင်းနှင့်အကျင့်ပျက်ခြစားမှုဆန့်ကျင်ရေး ဆိုင်ရာအစပျိုး ဆောင်ရွက်ချက်များလည်းပါဝင်သည်
- လုံခြုံရေးဆိုင်ရာမူဝါဒများ
- ကူးသန်းရောင်းဝယ်ရေးနှင့် ဂလိုဘယ်လိုက်ဖေးရှင်း
- လူကုန်ကူးမှု
- အသွင်ကူးပြောင်းရေးဆိုင်ရာတရားစီရင်မှု
- အမျိုးသမီးအခွင့်အရေးနှင့် ကျားမ အရေး

ယင်းအစီအစဉ်များသည် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာအစီအစဉ်များဖြစ်သည့် တန်းတူညီမျှမှုနှင့် ခွဲခြားမှု မရှိခြင်း ကဲ့သို့သောအစီအစဉ်များအတွက် အရေးပါသော ရွေးချယ်ထားသည့် အလွှာစုံအကျုံးဝင်သော အကြောင်းအရာများသို့ ကျွမ်းကျင်မှုနှင့် လတ်ဆက်သောအတွေးခေါ်များထည့်သွင်းပေးရန် ကြိုးပမ်းပါသည်။ ၎င်းတို့သည် လူမျိုးဆိုင်ရာခွဲခြားမှု ကြောင့်ထိခိုက်ခံရသူများ၊ လူနည်းစုများနှင့် မူရင်းဌာနေလူမျိုးများ၊ အမျိုးသမီးအခွင့်အရေးနှင့်ကျားမအရေး၊ မသန်စွမ်းမှု၊ လူကုန်ကူးမှုနှင့် အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် ကူးစက် ခံရသူများ စသည့်တို့ကဲ့သို့သော အထူးဂရုပြုမှုရရှိခံထိုက်သည့် လူအုပ်စုများ နှင့် အရေးကိစ္စများကို ကိုင်တွယ် ဖြေရှင်းပေးပါသည်။

## ဥပဒေချိုးဖောက်မှုမျက်ကွယ်ပြုခြင်းနှင့် တရားဥပဒေစိုးမိုးရေးနှင့်အတူတကွလုပ်ဆောင်ခြင်း

**ဥပဒေချိုးဖောက်မှုမျက်ကွယ်ပြုခြင်းကို တိုက်ထုတ်ရန် ပြန်လည်မွမ်းမံထားသည့် အခြေခံမူများ နှင့်  ပြန်လည်ကုစားမှု နှင့် အလျော်အစားတို့ အခွင့်အရေးဆိုင်ရာ အခြေခံမူများနှင့် လမ်းညွှန်ချက်များ** တို့အား ၂၀၀၅ ခုနှစ်တွင် ပြီးဆီးခဲ့ပါသည်။

ကနဦး မူကြမ်းများပြီးစီးခဲ့စဉ်က ၎င်းအား ဆွေးနွေးရန်နှင့် တုန့်ပြန်မှုရရှိရန် OHCHR သည် အတိုင်အပင်ခံ အစည်းအဝေးများ ကျင်းပခဲ့ပါသည်။ **အပြည် အပြည်ဆိုင်ရာဥပဒေရှင်များ ကော်မရှင်၊ နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ နှင့် လူ့အခွင့်အရေးစောင့်ကြည့်ရေး အဖွဲ့၊ နိုင်ငံတကာ အသွင်ကူးပြောင်းရေး ဆိုင်ရာတရားစီရင်မှု စင်တာ** စသည်တို့ ပါဝင်သည့် မြောက်များ စွာသော နိုင်ငံတကာ NGO များတို့က ၎င်း အတိုင်အပင်ခံဆွေးနွေးမှုတွင် ပါဝင်ခဲ့ ကြသည်။ NGO များက နိုင်ငံတကာနှင့် အမျိုးသား မိတ်ဖက်အဖွဲ့များ၏ အမြင်များကို ဖော်ပြပေးကြရာ နယ်ပယ်ဒေသများရှိ လိုအပ်ချက်များနှင့် အတွေ့အကြုံများ ကို မူကြမ်းတွင် ထည့်သွင်းမှုများပြုနိုင်ခဲ့လေသည်။ ၂၀၀၅ ခုနှစ်တွင် ကျင်းပသော အထွေထွေ ညီလာခံတွင် ပြန်လည်ကုစားမှုနှင့်အလျော်အစား အခွင့်အရေးဆိုင်ရာ အခြေခံမူများနှင့် လမ်းညွှန်ချက်များ ကို အတည်ပြုပေးခဲ့ပါသည်။ ၂၀၀၅ ခုနှစ်တွင်ပင် ယခင် လူ့အခွင့် အရေးဆိုင်ရာကော်မရှင်မှ ဥပဒေချိုးဖောက်မှုမျက်ကွယ်ပြုခြင်းကို တိုက်ထုတ်ရန် ပြန်လည်မွမ်းမံထားသည့် အခြေခံမူများကိုလည်း အသိအမှတ်ပြုပေးခဲ့ပါသည်။

OHCHR သည် ၎င်းအခြေခံမူနှစ်ရပ်ဆိုင်ရာ သတင်းအချက်အလက် ဖြန့်ဝေရန်နှင့် ၎င်းတို့အား အမျိုးသားအဆင့် အကောင် အထည်ဖော်ဆောင်နိုင်ရေး အတွက် ဗျူဟာများ ကို ဆွေးနွေးရန် အလုပ်ရုံဆွေးနွေးမှုများ ကျင်းပခဲ့သည်။ ၎င်းအလုပ်ရုံဆွေးနွေးမှုများတွင် OHCHR နယ်ပယ်ဒေသရုံးများနှင့် ကုလသမဂ္ဂ ငြိမ်းချမ်းရေး မစ်ရှင်အဖွဲ့များမှ အမှုထမ်းများအပြင် ပဋိပက္ခလွန်နိုင်ငံများမှ NGO များစွာတို့လည်း တတ်ကြွစွာပါဝင်ခဲ့ကြသည်။ ယင်းပြည်တွင်းNGO များသည် ၎င်းအခြေခံမူများ ဖြန့်ဝေခြင်းနှင့် နယ်ပယ်များတွင် အကောင်အထည်ဖော်ဆောင်မှုရှိစေရန်အတွက် ပံ့ပိုးပေးမည့်သူများဖြစ်သည်။ အဆိုပါ စံချိန်စံညွှန်းများကို အကောင်အထည်ဖော်ဆောင်ရန်နှင့် အကျိုးသက်ရောက်မှုရှိစေရန် အစိုးရများနှင့် အတူတကွလုပ်ဆောင်ခြင်းသည် အရေးကြီးသော အခန်းကဏ္ဍတစ်ရပ်ဖြစ်ပြီး၊ NGO များသည် ၎င်းစာတမ်းများတွင် ပြဋ္ဌာန်းထားသည့် အခွင့်အရေးများကို အများသိရှိစေရန် အရေးကြီးသော အခန်းကဏ္ဍမှ ဆောင်ရွက်ရပါမည်။

နောက်ထပ် သတင်းအချက်အလက်များ အောက်ဖော်ပြပါတွင်ကြည့်ပါ -

Updated Set of principles for the protection and promotion of human rights through action to combat impunity (E/CN.4/2005/102/Add.1); and

Basic Principles and Guidelines on the Right to a Remedy and Reparation for Victims of Gross Violations of International Human Rights Law and Serious Violations of International Humanitarian Law (General Assembly resolution 60/147).

### စံချိန်စံညွှန်း-သတ်မှတ်မှုနှင့် စောင့်ကြည့်ထိန်းကျောင်းရေး

*OHCHR သည် ကုလသမဂ္ဂ၏အဓိကလူ့အခွင့်အရေးဆိုင်ရာအဖွဲ့များနှင့် ယန္တရားများအတွက် အမြင့်ဆုံးသောအရည်အသွေးရှိသည့် သုတေသန၊ ကျွမ်းကျင်မှုနှင့် အုပ်ချုပ်ရေးရာဝန်ဆောင်မှုများကို ဆောင်ရွက်ပေးရန် ကြိုးပမ်းပါသည်။ အကြောင်းမှာ ၎င်းတို့သည် စံချိန်စံညွှန်များသတ်မှတ်မှုနှင့်စောင့်ကြည့်ထိန်းကျောင်းမှုများကို ဆောင်ရွက်ခြင်း၊ နိုင်ငံတကာလူ့အခွင့်အရေးဥပဒေနှင့် ဥပဒေသိပ္ပံပညာတို့ ဖွံ့ဖြိုးရေးအတွက် ပံ့ပိုးကူညီမှုပေးခြင်း၊နှင့် သဘောတူညီထားသည့် လူ့အခွင့်အရေးစံချိန်စံညွှန်းများ အကောက်အထည်ဖော်ကျင့်သုံးမှုကို သေချာစေရန်ဆောင်ရွက်ပေးခြင်း စသည်တို့ကို လုပ်ဆောင်ရသောကြောင့်ဖြစ်သည်။ ၎င်းအဖွဲ့နှင့်ယန္တယားများတွင်အောက်ပါတို့ ပါဝင်သည် -*

- **လူ့အခွင့်အရေးကောင်စီ** နှင့် ၎င်း၏ယန္တယားများ၊ ဥပမာ၊ အထူးလုပ်ငန်းအစီအစဉ်များ၊ နိုင်ငံအလိုက် လူ့အခွင့်အရေး ပုံမှတ်သုံးသပ်မှုယန္တယား၊ တိုင်းကြားမှုလုပ်ငန်းစဉ်၊ အကြံပေးကော်မတီ၊ လူမှုဖိုရမ်၊ လူနည်းစု အရေးကိစ္စများဆိုင်ရာဖိုရမ်၊ နှင့် မူရင်းဌာနေလူမျိုးများ၏အခွင့်အရေးဆိုင်ရာ ကျွမ်းကျင်မှုယန္တယား၊
- **လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့များ**

OHCHR သည် ကုလသမဂ္ဂလူ့အခွင့်အရေးအစီအစဉ်ကို အရပ်ဘက်အဖွဲ့အစည်း များမှ ထိရောက်စွာ အသုံးချနိုင် စေရန် ၎င်း၏ စွမ်းဆောင်ရည်ကို အားဖြည့်ပေးသည်။ စာအုပ်၏နောက်ထပ်အခန်းများတွင် ကုလသမဂလူ့အခွင့်အရေး ဆိုင်ရာစာချုပ်အဖွဲ့များ၊ ယန္တယားများနှင့်အတူ အရပ်ဘက်အဖွဲ့အစည်းများသည် OHCHR မှတဆင့် မည်သို့ ချိတ်ဆက်ဆောင်ရွက်နိုင်မည်၊ မည်သို့ပံ့ပိုးမှုများပေးနိုင်မည် တို့ကို ဖော်ပြထားပါသည်။

- **အခန်း ၄** သည် လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့များကို ဖော်ပြပေးသည်၊
- **အခန်း ၅** သည် လူ့အခွင့်အရေးကောင်စီနှင့် ၎င်း၏ယန္တယားများကို ဖော်ပြထားရာ ၎င်းတွင် အကြံပေး ကော်မတီ၊ လူမှုဖိုရမ်၊ လူနည်းစုအရေးကိစ္စများဆိုင်ရာဖိုရမ်၊ မူရင်းဌာနေလူမျိုးများ၏အခွင့်အရေးဆိုင်ရာ ကျွမ်းကျင်မှု ယန္တယား၊ ဖွံ့ဖြိုးမှုအခွင့်အရေးဆိုင်ရာ ပွင့်လင်းသောလုပ်ငန်းအဖွဲ့၊ နှင့် ဒါဗန်ကြေညာစာတမ်းနှင့် လုပ်ဆောင်ချက် အစီအစဉ်တို့နှင့် ဆက်စပ်သည့် ယန္တယားများစွာတို့ပါဝင်သည်၊
- **အခန်း ၆** တွင် အထူးလုပ်ငန်းအစီအစဉ်များကို ဖော်ပြထားသည်၊
- **အခန်း ၇** တွင် ကမ္ဘာ့နိုင်ငံများအားလုံး၏လူ့အခွင့်အရေးအခြေအနေပုံမှန်သုံးသပ်မှု၊ နှင့်
- **အခန်း ၈** တွင် စွပ်စွဲမှုပြုထားသည့်လူ့အခွင့်အရေးချိုးဖောက်မှုအတွက် တိုင်းကြားစာမည်သို့တင်သွင်းရမည်ကို ရှင်းလင်းပေးထားသည်။

**OHCHR စံချိန်စံညွှန်း-သတ်မှတ်မှုနှင့် စောင့်ကြည့်ထိန်းကျောင်းရေးလုပ်ငန်းဆိုင်ရာ**
လက်တလောသတင်းအချက်အလက်များ သိရှိလိုပါက OHCHR website သို့ဝင်ရောက်ပေးပါ။

### လူ့အခွင့်အရေးအကောင်အထည်ဖော်ဆောင်ခြင်း

*လူ့အခွင့်အရေးစံချိန်စံညွှန်းများသည် လက်တွေ့အကောင်အထည်ဖော်ဆောင်မှုမရှိက တန်ဖိုးအနည်းငယ်သာရှိမည်။ ပဋိပက္ခမှ ပြန်လည်နလံထူလာခြင်း၊ အရင်းအမြစ် (သို့) ကျွမ်းကျင်မှုများ လစ်ဟင်းနေခြင်းဖြစ်သည့် နိုင်ငံများသည် လူ့အခွင့်အရေးဆိုင်ရာ လိုက်နာရန်တာဝန်များကို ဆောင်ရွက်နိုင်စေရန် ပံ့ပိုးမှုလိုအပ်ပါသည်။ ထို့ကြောင့် OHCHR သည် လူ့အခွင့်အရေးကိုကာကွယ်ရန် အမျိုးသားရေးကြိုးပမ်းအားထုတ်မှုများကို များစွာသော အရင်းအမြစ်များဖြင့် ပံ့ပိုးကူညီလျက်ရှိသည်။ နိုင်ငံများစွာနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းအားဖြင့် OHCHR သည် အကောင်အထည်ဖော်ဆောင်ရန် ဟာကွက်များစွာဖြစ်သည့် အသိပညာ၊ စွမ်းဆောင်ရည်၊ ကတိကဝတ်ထားရှိမှုနှင့် လုံခြုံရေး ဆိုင်ရာတို့ကို ဖြည့်ဆည်းမှုပြုရန် ကြိုးပမ်းလျက်ရှိပါသည်။*

*OHCHR သည် နယ်ပယ်များတွင် ၎င်း၏အကောင်အထည်ဖော်ဆောင်မှုလုပ်ငန်းအားဖြင့် အောက်ပါတို့ကို ဖြစ်မြောက်စေရန် ရည်ရွယ်သည် -*

- အမျိုးသားအာဏာပိုင်များသည် နိုင်ငံတကာလူ့အခွင့်အရေးစံချိန်စံညွှန်းများအကြောင်းကို လည်းကောင်း၊ ၎င်းတို့အား ဥပဒေများ၊ စည်းမျဉ်းများနှင့် မူဝါဒများတွင်မည်သို့အကောင်အထည်ဖော်ရမည်ကိုလည်းကောင်း အသိပေး အကြောင်းကြားမှုရရှိခြင်း၊
- လူ့အခွင့်အရေးဆိုင်ရာ အရေးကိစ္စများကို ကိုင်တွယ်ဖြေရှင်းရန် အစိုးရတာဝန်ရှိသူများနှင့် အရပ်ဘက်အဖွဲ့အစည်းများတွင် ပို၍ကြီးမားသည့် စွမ်းဆောင်ရည်ရှိခြင်း၊
- အစိုးရအာဏာပိုင်များသည် လူ့အခွင့်အရေးဆိုင်ရာလိုက်နာရမည့်တာဝန်များကို ပိုမိုသတိမူလာကြပြီး လူ့အခွင့်အရေးသိနားလည်ရန် အတားအဆီးများကို ကျော်လွှားစေမည့် ထိရောက်သည့်ကုစားမှုများ အကောင်အထည်ဖော်ဆောင်ခြင်း၊
- အခွင့်အရေးအတွက်တာဝန်ရှိသူများအတွက် ၎င်းတို့၏ပုဂ္ဂိုလ်ရေးလုံခြုံမှုကို ခြိမ်းခြောက်မှုပြုနိုင်သည့် မူဝါဒများ မှ အကာအကွယ်ပေးခြင်း၊နှင့်
- အောက်ခြေနယ်ပယ်ရှိလူ့အခွင့်အရေးဆိုင်ရာလိုအပ်မှုများကို OHCHR မှ ပို၍ကောင်းမွန်သောအခြေအနေဖြင့် တုန့်ပြန်မှုပြုခြင်း တို့ဖြစ်သည်။

OHCHR ၏ နယ်ပယ်ဒေသရုံးများနှင့် တည်ရှိမှုများသည် အစိုးရများ၊ ကုလသမဂ္ဂဖွဲ့စည်းပုံစနစ်၊ NGO များ၊နှင့် အခြား အရပ်ဘက်အဖွဲ့ အစည်းအဖွဲ့ဝင်များ တို့နှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်မှုဖြင့် လူ့အခွင့်အရေးဆိုင်ရာ စိန်ခေါ်မှုများကို သင့်လျော် ထိရောက်မှုရှိသည့် တုန့်ပြန်ချက်များ ဖွံ့ဖြိုးဖော်ဆောင်ပေးပါသည်။ ဥပမာ၊ OHCHR သည် နိုင်ငံတကာ လူ့အခွင့်အရေးစံချိန် စံညွှန်းများ ကို အမျိုးသားရေးဥပဒေများများထဲသို့ ပေါင်းစပ်ထည့်သွင်းခြင်းအတွက်ကြိုးပမ်းမှုများကို ပံ့ပိုးကူညီပေးခြင်း၊ အမှီအခိုကင်းသော IHRI များ ဖွဲ့စည်းတည်ဆောက်မှုနှင့် လုပ်ငန်းဆောင်ရွက်မှုများအတွက် အကြံပြုချက်ပေးခြင်း တို့ကို ဆောင်ရွက်ပေးသည်။ ၎င်းသည် တရားစီရင်ရေးများ၊ စစ်တပ်၊ ရဲဌာနနှင့် လွှတ်တော်များစသည်တို့နှင့် အတူလုပ်ဆောင်ပြီး၊ ၎င်းတို့လုပ်ငန်း နှင့် သက်ဆိုင်သည့် နိုင်ငံတကာလူ့အခွင့်အရေးစံချိန်စံညွှန်းများအကြောင်း သင်တန်း စီစဉ်ပေးခြင်း၊ စာချုပ် အဖွဲ့နှင့် နိုင်ငံအလိုက်လူ့အခွင့်အရေးဆိုင်ရာပုံမှတ်သုံးသပ်မှုအစီရင်ခံချက်တို့အတွက် အကြံပြုချက်များစီစဉ်ပေးခြင်း၊ လူ့အခွင့်အရေးဆိုင်ရာပညာရေးအတွက် အစီအစဉ်များ ဖော်ဆောင်ပေးခြင်း စသည်တို့လည်း ဆောင်ရွက်ပေးပါသည်။

အရပ်ဘက်အဖွဲ့အစည်းသည် လုပ်ငန်းနယ်ပယ်ရှိ OHCHR ၏ဆောင်ရွက်ချက်များအားလုံးအတွက် အလွန်တရာ အရေးပါသော မိတ်ဖက်ဖြစ်သည်။ လုပ်ငန်းနယ်ပယ်များတွင် OHCHR နှင့် အတူချိတ်ဆက်မှု၊ ပူးပေါင်းဆောင်ရွက်မှုပြုသည့် အရပ်ဘက်အဖွဲ့အစည်းများ၏ ဥပမာအချို့မှာ အောက်ပါအတိုင်းဖြစ်သည်။

- လူ့အခွင့်အရေးအခြေအနေများယိုယွင်းလာမှုနှင့် ထွန်းသစ်စဖွံ့ဖြိုးမှုလမ်းကြောင်းသစ်များကို OHCHR သို့ သတိပေးခြင်း၊
- လူ့အခွင့်အရေးဆိုင်ရာအခြေအနေများ၊ ဖွံ့ဖြိုးမှုများနှင့် အလွဲသုံးစားမှုစွပ်စွဲချက်များ စသည့် သတင်းအချက်အလက်တို့အား ဒေသန္တရအဆင့် နိုင်ငံတော်အဆင့်ဖြင့် OHCHR သို့ ပေးပို့ရန်၊
- OHCHR နှင့် ပူးပေါင်းပြီး လူ့အခွင့်အရေးဆိုင်ဆိုင်ရာ နှီးနှောဖလှယ်ပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲများ၊ လူ့အခွင့်အရေးဆိုင်ရာ သင်တန်း အစီအစဉ်များဆောင်ရွက်ခြင်းနှင့်၊ လူ့အခွင့်ရေး ပိုမိုအမြင်ပွင့် လာစေရန် ပြည်တွင်းနှင့် ဒေသဆိုင်ရာ စီမံကိန်းများ ဆောင်ရွက်ခြင်း၊
- OHCHR နှင့်အတူ လူ့အခွင့်အရေးဆိုင်ရာစာချုပ်များ အတည်ပြုရေးနှင့် ၎င်းတို့အား အကော်အထည် ဖော်ဆောင်ရေး တို့ကို မြှင့်တင်ရန်အတွက်ဆောင်ရွက်ခြင်း စသည်တို့ဖြစ်သည်။

OHCHR ၏နယ်ပယ်တည်ရှိမှုများတွင် ဌာနေရုံးများ၊ ဒေသဆိုင်ရာရုံးများ၊ ကုလသမဂ္ဂငြိမ်းချမ်းရေးမစ်ရှင်၏ လူ့အခွင့်အရေးဆိုင်ရာကဏ္ဍရပ်များ၊ ကုလသမဂ္ဂနိုင်ငံအသင်းများရှိ လူ့အခွင့်အရေးအကြံပေးပုဂ္ဂိုလ်များနှင့် ပေါ်ထွက်လာသော လူ့အခွင့်အရေးဆိုင်ရာအလျင်မြန်စွာတုန့်ပြန်မှုပေးခြင်း အစရှိသည်တို့ပါဝင်သည်။

## ၁။ OHCHR ဌာနေရုံးများ

OHCHR သည်နိုင်ငံများတွင် ဌာနေရုံးများစွာကို တိုးမြှင့်ဖွင့်လှစ်ခဲ့သည်။ ၎င်းရုံးများ၏ဆောင်ရွက်ချက်များတွင် လူ့အခွင့်အရေး စောင့်ကြည့်ထိန်းကျောင်းခြင်း၊ အများပြည်သူဆိုင်ရာသတင်းအစီရင်ခံခြင်း၊ နည်းပညာပံ့ပိုးမှုများစီစဉ်ပေးခြင်း၊ ရေရှည် တည်တံ့ မည့် လူ့အခွင့်အရေး ဆိုင်ရာမူဝါဒများနှင့် ရည်မှန်းချက်များဖော်ဆောင်ရန် အစိုးရများကို ပံ့ပိုးကူညီပေးခြင်း စသည်တို့ ပါဝင်သည်။

### ယူဂန်ဒါနိုင်ငံတွင် မသန်စွမ်းသူများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်ရန်နှင့် မြှင့်တင်ရန် OHCHR ၏ဌာနေရုံးနှင့်အတူ ဆောင်ရွက်ခြင်း

ယူဂန်ဒါနိုင်ငံရှိ OHCHR ၏နိုင်ငံအခြေ စိုက်ရုံးသည် မသန်စွမ်းသူများ အသင်း အဖွဲ့နှင့်ပူးပေါင်းပြီး မသန်စွမ်းမှုအား လူ့အခွင့်အရေးကိစ္စရပ်အဖြစ်နားလည်မှု တိုးမြှင့်စေရန်လည်းကောင်း၊ သက်ဆိုင်ရာ လူ့အခွင့်အရေးစံချိန်စံညွှန်းများ ပိုမို သိရှိ လာစေရန်လည်းကောင်း၊ ၎င်းစံချိန်စံညွှန်း များကို ပြည်တွင်း ဥပဒေပြဋ္ဌာန်းချက်များ၊ မူဝါဒများနှင့် စီမံချက်များတွင် လိုက်လျော ညီထွေမှုရှိစေခြင်းငှါလည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။ ယူဂန်ဒါ နိုင်ငံရှိ OHCHR ရုံးသည် NGO များနှင့် ချိတ်ဆက်ကာ အောက်ပါတို့ကို ဆောင်ရွက်ပါသည် -

- မသန်စွမ်းသူများ၏ လူ့အခွင့်အရေး စံချိန်စံညွှန်းများကို ပြည်တွင်း ဥပဒေ ပြဋ္ဌာန်းမှုနှင့်မူဝါဒများတွင် လိုက်လျော ညီထွေရှိစေရန် နည်းပညာအကြံပြုချက်များ ပံ့ပိုးနိုင်မည့် အတိုင်အပင်ခံမှုတစ်ရပ် ဆောင်ရွက်ပေးခဲ့သည်။
- မသန်စွမ်းသူများ၏ အခြေအနေများကို စောင့်ကြည့်ထိန်းကျောင်းမှုပြုသည့် လှုပ်ရှား မှုများနှင့် အုပ်စုလိုက်ဆွေးနွေးမှုများ လည်းကောင်း၊ ခရိုင်အသီးသီးရှိ လူ့အခွင့် အရေး ညှိနှိုင်းမှုယန္တယားများ တွင် မသန် စွမ်းသူ များဆိုင်ရာ NGO များ၏ ပူးပေါင်း ပါဝင် မှုကို တတ်ကြွစွာ မြှင့်တင်ခြင်းလည်း ကောင်း ဆောင်ရွက်ခဲ့ပါသည်။
- မသန်စွမ်းသူများ၏အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်ကို အစိုးရမှ အတည်ပြုစေရန် လျှောက်ထားမှုအား တောင်းဆိုသည့် ပြည်တွင်း လက်မှတ်များ ကောက်ယူသည့် အမျိုးသားမသန်စွမ်းသူများ သမဂ္ဂကို ပံပိုးကူညီမှုပြုခဲ့သည်။ ၂၀၀၇ ခုနှစ် နိုင်ငံတကာလူ့အခွင့်အရေးနေ့ တွင် လူပေါင်း ၁၀၀၀ ကျော်၏ လက်မှတ်များကို စုဆောင်းမှု ပြုနိုင်ခဲ့ပါသည်။
- Soroti ဒေသတွင် အများပြည်သူပိုင် အဆောက်အဦးများသို့ မသန်စွမ်းသူများ သွားလာနိုင်စေရန် အရေးကြီးအုပ်ချုပ်ရေး အဆောက်အအုံတန်းများသို့ ဆင်ခြေလျှောလမ်းများ ဆောက်လုပ်မှုအတွက် OHCHR ရုံးမှ ငွေကြေး ထောက်ပံ့ပူပေးခဲ့ပါသည်။ မြို့နယ်များတွင် ၎င်းဆောက်လုပ်မှုမျိုးထပ်မံပြုလုပ်ကြစေရန် အတွက် NGO များမှ ဆက်လက်လှုံ့ဆော်မှု ပြုခဲ့ကြပါသည်။
- ၎င်းသည် မသန်စွမ်းသူများအတွက် နိုင်ငံတကာ လူ့အခွင့်အရေးစံချိန်စံနှုန်းအကြောင်းလည်းကောင်း၊ သက်ဆိုင်ရာ ပြည်တွင်းဥပဒေ ပြဋ္ဌာန်းချက်များနှင့် မူဝါဒများ အကြောင်းလည်းကောင်း သင်တန်းများ စီစဉ်ဆောင်ရွက်ပြီး၊ အကြောင်းအရာများကို မျက်မမြင်စာဖြင့်လည်း ရရှိစေရန် ဆောင်ရွက် ခဲ့ပါသည်။

## ၂။ ဒေသဆိုင်ရာရုံးခွဲများ

OHCHR သည် ဒေသတစ်ရပ်အတွင်းရှိနိုင်ငံများအတွက် အရေးကြီးသော လူ့အခွင့်အရေးဆိုင်ရာပြဿနာရပ်များကို ဖော်ထုတ် ရန်ကြိုးပမ်းပါသည်။ ထိုသို့အားဖြင့် ဒေသတစ်ခုလုံးကိုသော်လည်းကောင်း၊ နိုင်ငံများကိုသော်လည်းကောင်း အတွေ့အကြုံများ နှင့် အကောင်းဆုံးကျင့်သုံးမှုများကို ဝေမျှဖလှယ်မှုပြုခြင်းအားဖြင့် ကူညီမှုပေးနိုင်ပါမည်။ OHCHR ဒေသဆိုင်ရာရုံးခွဲများသည် ကဏ္ဍအလိုက် ကျွမ်းကျင်မှုအရင်းအမြစ်ဌာနဖြစ်ပြီး ဒေသဆိုင်ရာနှင့် အစိုးရအဖွဲ့အစည်းများ၊ ကုလသမဂ္ဂ ဌာနေအသင်းများ၊ နိုင်ငံတကာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ NHRI နှင့် အရပ်ဘက်အဖွဲ့အစည်းများ စသည်တို့နှင့် နီးနီးကပ်ကပ် လုပ်ဆောင်ပါသည်။

## ၃။ ကုလသမဂ္ဂငြိမ်းချမ်းရေးမစ်ရှင်များ၏ လူ့အခွင့်ရေးဆိုင်ရာကဏ္ဍရပ်များ

OHCHR သည် ကုလသမဂ္ဂ၏ ငြိမ်းချမ်းရေးထိန်းသိမ်းရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များတွင် ပါဝင်မှုရှိပြီး၊ ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းများနှင့်နိုင်ငံရေးရာဌာနများမှ ဆောင်ရွက်သည့် ရှုပ်ထွေးသော နယ်ပယ် လုပ်ငန်း များ၏ လူ့အခွင့်အရေးဆိုင်ရာကဏ္ဍရပ်များတွင် ရေးကြီးသော အခန်းကဏ္ဍမှ ဆောင်ရွက်ပါသည်။ OHCHR သည်။ OHCHR သည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့်လုံခြုံရေးအတွက် တာဝန်ယူလျက်ရှိသော ကုလသမဂ္ဂ လုံခြုံရေး ကောင်စီ၏ လုပ်ငန်းကိုလည်း ပံ့ပိုးကူညီမှုပေးပါသည်။ လူ့အခွင့်အရေးသည် ကုလသမဂ္ဂလုပ်ငန်းအသီးသီးတွင် နေရာယူ လျက်ရှိကြောင်း ထိုကဏ္ဍရပ်များက ဖော်ပြလျက်ရှိပါသည်။

OHCHR မှ ငြိမ်းချမ်းရေးမစ်ရှင်များထဲသို့ ပေါင်းစည်းပေးနိုင်မည့် ဦးစားပေးချက် ၄ ရပ်ကိုဖော်ထုတ်ခဲ့ပါသည်။ ၎င်းတို့မှာ -

- ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တရားမျှတမှုနှင့် တာဝန်ခံမှုရှိစေခြင်း၊
- လူ့အခွင့်အရေးချိုးဖောက်မှုများကို ကာကွယ်ခြင်းနှင့် ပြန်လည်တည်ဆောက်မှုပြုခြင်း
- အမျိုးသားရေးအဖွဲ့အစည်းများကို စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းနှင့် အားဖြည့်ပေးခြင်း၊
- ကုလသမဂ္ဂအစီအစဉ်အားလုံးတွင် လူ့အခွင့်အရေးထည့်သွင်းပါဝင်စေခြင်း တို့ဖြစ်သည်။

### ဆူဒန်နိုင်ငံရှိ အမျိုးသမီးအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂမစ်ရှင်နှင့်အတူလုပ်ဆောင်ခြင်း

၂၀၀၈ ခုနှစ် မတ်လမှစ၍ ဆူဒန်ရှိ ကုလသမဂ္ဂမစ်ရှင် (UNMIS)ဆိုင်ရာ ကုလသမဂ္ဂရုံးသည် အမျိုးသမီး အခွင့်အရေးအကြောင်း အသိပညာ ပေးခြင်း၊ အထူးသဖြင့် ကျား၊မအခြေ ပြုအကြမ်းဖက်မှုမှ လွတ်လပ်သော ဘဝရှင်သန်မှုအခွင့်အရေးအကြောင်း၊ ကို Malakal ဒေသရှိ အမျိုးသမီး ရေးရာလှုံ့ဆော်ရေးအဖွဲ့နှင့် ပူးပေါင်း ကာ Malakal ရေဒီယိုအသံလွှင့်ဌာန မှ အသံထုတ်လွှင့်မှုအစီအစဉ်တစ်ခု ဆောင်ရွက်ခဲ့သည်။ အထက်နိုင်းလ်ပြည်နယ်ဥပဒေပြု လွှတ်တော်အဖွဲ့ဝင်များနှင့်အရပ်ဖက် လူ့အဖွဲ့အစည်းလှုပ်ရှားသူများတို့သည် ယင်းအစီအစဉ်တွင် ပါဝင်ခဲ့ကြ ပါသည်။ အစပျိုးဆောင်ရွက်မှုတွင် ဒေသခံရပ်ရွာလူထု အသိုင်းအဝိုင်းများ အတွက် အတွက် အလုပ်ရုံဆွေးနွေးမှု များဖြင့် ပူးတွဲဆောင်ရွက်ထားပါသည်။

## ၄။ ကုလသမဂ္ဂဌာနေအဖွဲ့များရှိလူ့အခွင့်အရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်များ

လူ့အခွင့်အရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်များကို ဌာနေညှိနှိုင်းရေးမှူးများကတောင်းဆိုမှုအပေါ် မူတည်ပြီး ကုလသမဂ္ဂ ဌာနေအဖွဲ့များ ကို ပံ့ပိုးကူညီရန် OHCHR မှစီစဉ်ဆောင်ရွက်ပေးသည့် ကျွမ်းကျင်ပညာရှင်များဖြစ်သည်။ ထိုသူတို့သည် လူ့အခွင့်အရေး အားပေးမြှင့်တင်ရေးနှင့်ကာကွယ်စောင့်ရှောက်ရေးပေးစေမည့် နိုင်ငံ၏စွမ်းဆောင်ရည်နှင့် အင်စတီကျူးရှင်းများ တည်ဆောက်ရန် သို့မဟုတ် အားဖြည့်ပေးရန် ဗျူဟာများအတွက် အကြံပြုပေးပါသည်။ လူ့အခွင့်အရေး ဆိုင်ရာအကြံပေးပုဂ္ဂိုလ်များသည် လူ့အခွင့် အရေးဆိုင်ရာ စံချိန်စံညွှန်းများကို ထိရောက်စွာမည်သို့အားပေးမြှင့်တင်မှုနှင့် အကောက်အထည်ဖော်ဆောင်မှုပြုရမည် စသည်တို့အတွက်လည်း ပြည်တွင်းလုပ်ဆောင်သူများ (အစိုးရနှင့် အရပ်ဖက်လူ့အဖွဲ့အစည်းများ) ကို ချိတ်ဆက်မှုပါသည်။

## ၅။ ပေါ်ထွက်လာသောလူ့အခွင့်အရေးဆိုင်ရာအကျပ်အတည်းများကို လျင်မြန်စွာတုန့်ပြန်ခြင်း

OHCHR သည် နယ်ပယ်ဌာနေရုံးများထားရှိမှုဖြင့် နိုင်ငံများနှင့်ချိတ်ဆက်ဆောင်ရွက်မှုပြုသည့်အပြင် OHCHR ၏ လျင်မြန်စွာတုန့်ပြန်မှုယူနစ်သည် ကမ္ဘာတဝှမ်းရှိ လူ့အခွင့်အရေးချိုးဖောက်မှုများကို ကာကွယ်မှုပြုခြင်း သို့မဟုတ် တုန့်ပြန်မှုပြုခြင်း ကို ပံ့ပိုးကူညီရန် လေ့ကျင့်ပေးပြီးသော ဝန်ထမ်းများအား ချမှတ်ဖွဲ့စည်းပေးပါသည်။ OHCHR သည် အချက်အလက်ရှာဖွေရေးမစ်ရှင်များကို စီစဉ်ဆောင်ရွက်နိုင်ပြီး၊ လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ ပြင်းထန်သောစွပ်စွဲချက်များကို စုံစမ်းစစ်ဆေးရေးအတွက် မေးမြန်းခွင့်တာဝန်ပေးအပ်နိုင်ပါသည်။

၎င်းယူနစ်သည် ငြိမ်းချမ်းရေးမစ်ရှင်၏လူ့အခွင့်အရေးကဏ္ဍများကို OHCHR နှင့်အတူ ချိတ်ဆက်မှုအတွက် အဓိကယူနစ်အဖြစ် ဆောင်ရွက်ရာ၊ ၎င်းတွင် OHCHR မှ လူသစ်စုဆောင်းမှု၊ အစပျိုးပေးမှုနှင့် သင်တန်း စသည်ကူညီမှုတို့အပြင် လက်တွေ့ကျသောမူဝါဒနှင့် လုပ်ငန်းအစီအစဉ်ဆိုင်ရာအကြံပြုချက်များပေးခြင်းဖြင့် ပံ့ပိုးကူညီပါသည်။

### OHCHR fellowship နှင့် သင်တန်းအစီအစဉ်များ

လူ့အခွင့်အရေးဆိုင်ရာ ယန္တရားများတွင် အရပ်ဘက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍနှင့် ပူးပေါင်းပါဝင်မှု တိုးမြှင့်လာစေရေးကို ကူညီရန် OHCHR သည် Fellowship နှင့် သင်တန်းအစီအစဉ်များကို ထူထောင်ခဲ့သည်။ ယင်းအစီအစဉ်များမှာ -

- မူရင်းဌာနေလူမျိုးများ Fellowship အစီအစဉ်
- လူနည်းစုများ Fellowship အစီအစဉ်
- လူ့အခွင့်အရေးဆိုင်ရာ LDC Fellowship အစီအစဉ် နှင့်
- အမျိုးသားလူ့အခွင့်အရေးဆိုင်ရာအဖွဲ့အစည်းများ၏ဝန်ထမ်းများအတွက် Fellowship အစီအစဉ် တို့ဖြစ်သည်။

**OHCHR fellowship and training programmes** အကြောင်း အသေးစိပ်ထပ်မံသိရှိလိုပါက ဤလက်စွဲစာအုပ်၏ အခန်း ၂ ကိုကြည့်ပါ။

I

## OHCHR ၏ထုတ်ဝေမှုများနှင့် အရင်းအမြစ်အချက်အလက်များ

OHCHR သည် လူ့အခွင့်အရေးနှင့်ဆက်စပ်သည့် ထုတ်ဝေမှုမြောက်များစွာကို ပြုလုပ်ထားရာ ၎င်းတို့သည် အစိုးရများ၊ NHRI များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ အများပြည်သူများနှင့် မီဒီယာ တို့အတွက် အကျိုးကျေးဇူးဖြစ်စေမည့် သတင်းအချက်အလက်များကို ပံ့ပိုးပေးထားပါသည်။ ထုတ်ဝေမှုများစွာနှင့် အချက်အလက်အရင်းအမြစ်များတို့ကို OHCHR အင်တာနက်ဝက်ဘ်ဆိုက်မှ ဒေါင်းလုတ် ရရှိနိုင်သလို၊ OHCHR **Publications and Informaiton Desk** သို့လည်း တောင်းဆိုမှု ပြုနိုင်ပါသည်။

> *OHCHR ထုတ်ဝေမှုများနှင့် အချက်အလက်အရင်းအမြစ်များ*အကြောင်း ပိုမိုသိရှိလိုပါက ဤလက်စွဲစာအုပ်၏ အခန်း ၂ သို့သွားပါ။ publications@ohchr.org (သို့) library@ohchr.org သို့ဆက်သွယ်ပါ။

## ရန်ပုံငွေများနှင့်ထောက်ပံ့ငွေများ

ကုလသမဂ္ဂရန်ပုံငွေနှင့်ထောက်ပံ့ငွေများသည် NGO များ၊ အခြေခံအလွှာအဖွဲ့အစည်းများ၊ ပရောဖက်ရှင်နယ်အသင်းအဖွဲ့များနှင့် အခြားသော အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာပါဝင်ဆောင်ရွက်သူများ တို့ထံ တိုက်ရိုက် အကျိုးပြုပါသည်။ အချို့ရန်ပုံငွေနှင့်ထောက်ပံ့ငွေများကို OHCHR မှ စီမံခန့်ခွဲမှုပြုပေးပါသည်။

OHCHR မှ စီမံခန့်ခွဲမှုပြုသည့် ရန်ပုံငွေနှင့် ထေက်ပံ့ငွေများမှာ -

- ညှဉ်းပန်းနှိပ်စက်ခံရသူများအတွက် ကုလသမဂ္ဂ၏စေတနာ့ရန်ပုံငွေအဖွဲ့
- မူရင်းဌာနေတိုင်းရင်းသားများအတွက် စေတနာ့ရန်ပုံငွေအဖွဲ့
- ခေတ်ပေါ်ကျွန်ပြုမှုတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂစေတနာ့ရန်ပုံငွေအဖွဲ့
- "ရပ်ရွာလူထုများအားဝိုင်းဝန်းကူညီရေး" စီမံကိန်း (ACT) တို့ဖြစ်သည်။

> ရန်ပုံငွေများနှင့်ထောက်ပံ့ငွေများအကြောင်း ပိုမိုသိရှိလိုပါက ဤလက်စွဲစာအုပ်၏ အခန်း ၉ သို့သွားပါ။

## ဃ။ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံး၏ဖွဲ့စည်းပုံ

OHCHR ရုံးကို မဟာမင်းကြီးနှင့် ဒုတိယမဟာမင်းကြီးတို့မှ ဦးဆောင်ပါသည်။ ၎င်းတို့နှစ်ဦးလုံး၏ လုပ်ဆောင်မှုကို **အလုပ်အမှုဆောင်ညွှန်ကြားရေးနှင့်စီမံခန့်ခွဲရေးဌာနခွဲ**၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည့် **အလုပ်အမှုဆောင်ရုံး** မှ ပံ့ပိုးကူညီပေးပါသည်။

အလုပ်အမှုဆောင်ညွှန်ကြားရေးနှင့်စီမံခန့်ခွဲရေးရုံးခွဲတွင် အောက်ပါရုံးများပါဝင်သည် -

- **နယူးယောက်ရုံး** သည် ကုလမဂ္ဂဖွံ့ဖြိုးရေးနှင့်လုံခြုံရေးအစီအစဉ်တွင် လူ့အခွင့်အရေးကိုအပြည့်အဝ ပေါင်းစပ်ပါဝင်စေရန်သေချာစေပြီး၊ အထွေထွေညီလာခံ၊ **စီးပွားရေးနှင့် လူမှုရေးကောင်စီ**၊ **လုံခြုံရေးကောင်စီ** နှင့် အခြားသော အစိုးရအချင်းချင်းဆိုင်ရာအဖွဲ့များ အစရှိသည်တို့တွင် လူ့အခွင့်အရေးဆိုင်ရာ အရေးကိစ္စများကို ထိရောက် သော ပံ့ပိုးမှုများကိုစီစဉ်ဆောင်ရွက်ပေးပါသည်။

- **မူဝါဒ၊ စီမံကိန်း၊ စောင့်ကြည့်ထိန်းကျောင်းရေးနှင့် အကဲဖြတ်သုံးသပ်ရေးဌာနစိတ်** သည် မဟာမင်းကြီးရုံး၏ ဗျူဟာကျ ရည်မှန်းချက် (vision)ကို ခိုင်မာသောဦးစားပေးချက်များနှင့် လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်များသို့ အကောင် အထည်ဖော်ဆောင်နိုင်စေရန်လည်းကောင်း၊ အကျိုးသက်ရောက်မှုကို ထိရောက်စွာ စောင့်ကြည့် ထိန်းကျောင်းရေး နှင့် အကဲဖြတ်သုံးသပ်ရေးဆောင်ရွက်နိုင်စေရန် လည်းကောင်း OHCHR ဝန်ထမ်းများနှင့် အတူလုပ်ဆောင်ပါ သည်။
- **ဆက်သွယ်ရေးများဆိုင်ရာဌာနစိတ်** သည် လူ့အခွင့်အရေးဆိုင်ရာ အထွေထွေအသိပညာတိုးမြှင့်လာစေရန် ဗျူဟာ များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းလည်းကောင်း၊ လူ့အခွင့်အရေးဆိုင်ရာဖွံ့ဖြိုးမှုများနှင့် OHCHR ၏ လုပ်ဆောင်မှုတို့အား နိုင်ငံတကာအသိုင်းအဝိုင်းသို့ သတင်းပေးပို့ခြင်းလည်းကောင်း ဆောင်ရွက်သည်။
- **အလှူရှင်နှင့် ပြင်ပဆက်ဆံရေးဌာနစိတ်** သည် OHCHR ၏ စီမံချက်များ၊ ဦးစားပေးဆောင်ရွက်ချက်များနှင့် ရန်ပုံငွေလိုအပ်မှုများတို့ကို အဖွဲ့ဝင်နိုင်ငံများသို့ သတင်းပေးပို့မှုသေချာစေပြီး၊ OHCHR အစီအစဉ်များ အကောင် အထည်ဖော်ဆောင်ရွက်မှုကို ပံ့ပိုးရန် အရင်းအမြစ်များစုစည်းပေးခြင်းတို့ကိုဆောင်ရွက်သည်။
- **လုပ်ငန်းနယ်ပယ်အန္တရာယ်ကင်းရှင်းရေးနှင့်လုံခြုံရေးဌာနစိတ်** သည် ကုလသမဂ္ဂ အန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးဌာနနှင့်အတူ ညှိနှိုင်းဆောင်ရွက်ကာ OHCHR ဝန်ထမ်းများနှင့် အဆောက်အအုံဥပစာများ၏ လုံခြုံရေး အတွက် တာဝန်ယူဆောင်ရွက်ရပါသည်။

အသစ်တည်ထောင်ထားသည့် **အရပ်ဘက်အဖွဲ့အစည်းယူနစ်** သည်လည်း အလုပ်အမှုဆောင်ညွှန်ကြားရေးနှင့်စီမံခန့်ခွဲရေး ရုံးခွဲ ၏အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ အရပ်ဘက်အဖွဲ့အစည်းယူနစ်မှ နယ်ပယ်များစွာမှကိစ္စရပ်များစွာတို့အတွက် သတင်းအချက်အလက်နှင့် အကြံများပေးခြင်းလည်းကောင်း၊ ပူးပေါင်းဆောင်ရွက်ရေးတိုးမြှင့်စေရန် မူဝါဒများနှင့် ဗျူဟာများ တို့အတွက် အကြံပြုခြင်းလည်းကောင်း၊ အရပ်ဘက်အဖွဲ့အစည်းများကို ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာအဖွဲ့များနှင့် ယန္တရားများတို့နှင့် ချိတ်ဆက်မှုပြုရာတွင် ပံ့ပိုးကူညီပေးမည့် နည်းလမ်းများ အကောင်အထည်ဖော်ဆောင်ခြင်း လည်းကောင်း စီစဉ်ဆောင်ရွက်ပေးရာ ဤ *လက်စွဲစာအုပ်* သည် အခြေခံသာဓကတစ်ခုပင်ဖြစ်ပေသည်။

OHCHR **အစီအစဉ်ပံ့ပိုးရေးနှင့်စီမံခန့်ခွဲရေးဝန်ဆောင်မှုများကဏ္ဍ** သည် ဘတ်ဂျက်ရေးဆွဲခြင်းနှင့်ဘဏ္ဍာရေးစီမံခန့်ခွဲခြင်း ကိုလည်းကောင်း၊ ဝန်ထမ်းစုဆောင်းမှုနှင့်လူ့အခွင့်အရေးအရင်းအမြစ်များကိုလည်းကောင်း၊ လုပ်ငန်းနယ်ပယ်လှုပ်ရှားမှုများ အတွက် ဝယ်ယူရေး၊ ပိုင်ဆိုင်မှုစီမံခန့်ခွဲရေးနှင့် အထွေထွေထောက်ပံ့ပို့ဆောင်ရေးပံ့ပိုးမှုများကိုလည်းကောင်း၊ သတင်း အချက်အလက် နည်းပညာကိုလည်းကောင်း၊ ဝန်ထမ်းဖွံ့ဖြိုးရေးနှင့် သင်တန်းများလည်းကောင်း စီစဉ်ဆောင်ရွက်ပေးသည်။

OHCHR သည် အလုပ်အမှုဆောင်ညွှန်ကြားရေးနှင့်စီမံခန့်ခွဲရေးရုံးခွဲနှင့် အစီအစဉ်ပံ့ပိုးရေးနှင့်စီမံခန့်ခွဲရေးဝန်ဆောင်မှုများ အပေါ်ထပ်ဆင့်၍ ထိရောက်သော ဌာနခွဲလေးခုကို ထည့်သွင်းထားပါသည်။

- **လူ့အခွင့်အရေးကောင်စီနှင့်စာချုပ်ဌာနခွဲ** သည် လူ့အခွင့်အရေးကောင်စီနှင့် ၎င်း၏ယန္တယားများစွာတို့ လည်းကောင်း၊ လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့များလည်းကောင်း ချောမွေ့စွာ လုပ်ငန်းဆောင်ရွက်နိုင်ရေး အတွက် သေချာမှုရှိစေရပါသည်။ ၎င်းဌာနခွဲသည် ညှဉ်းပန်းနှိပ်စက်ခံရသူများအတွက် စေတနာအလျောက် ပေးအပ်သောရန်ပုံငွေအဖွဲ့မှ လုပ်ဆောင်နေသည့် ဆောင်ရွက်ချက်များကို ပံ့ပိုးပေးခြင်းနှင့် အစိုးရအချင်းချင်း ဆိုင်ရာ ပါဝင်သည့်အဖွဲ့များ အသုံးပြုရန် တရားဝင်စာချုပ်စာတမ်းများအားလုံးကို ညှိနှိုင်းဆောင်ရွက်ပေးခြင်း တို့အတွက် ပံ့ပိုးကူညီပါသည်။
- **အထူးလုံးထုံးလုပ်နည်းဌာနခွဲ** သည် အကြောင်းအရာ၊ အချက်အလက်ရှာဖွေခြင်းနှင့် ဥပဒေကျွမ်းကျင်မှု၊ သုတေသနနှင့် စိစစ်သုံးသပ်ခြင်း၊ စီမံခန့်ခွဲရေးရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးအကူအညီ အစရှိသည်ကို စီစဉ် ဆောင်ရွက်ပေးခြင်းအားဖြင့် အထူးလုပ်ငန်းအစီအစဉ်ဆောင်ရွက်ချက်များကို ပံ့ပိုးကူညီပေးပါသည်။ ယင်းဌာနခွဲ သည် အရပ်ဘက်အဖွဲ့အစည်းအပါအဝင် လုပ်ပိုင်ခွင့်အာဏာရှိသူများနှင့် ပါဝင်ပါသတ်သူများအကြား ပူးပေါင်း

ဆောင်ရွက်မှုနှင့် တွေ့ဆုံမှုများကိုလည်း ပံ့ပိုးကူညီပေးပါသည်။

- **ကွင်းဆင်းလုပ်ငန်းလည်ပတ်မှုများနှင့်နည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်မှုဌာနခွဲ** သည် OHCHR ၏နိုင်ငံများနှင့် ချိတ်ဆက်မှုဗျူဟာများကို ဖွံ့ဖြိုးအကောင်အထည်ဖော်ဆောင်ခြင်းအား ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ ၎င်း၏ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ကို စီမံခန့်ခွဲပေးခြင်းနှင့် OHCHR လုပ်ငန်းနယ်ပယ်ရုံးများ အတွက် အစပျိုးဆောင်ရွက်မှုများကို ဝန်ဆောင်ပေးခြင်း စသည်တို့လုပ်ဆောင်ပေးသည်။
- **သုတေသနနှင့် ဖွံ့ဖြိုးမှုအခွင့်အရေးဆိုင်ရာဌာနခွဲ** သည် OHCHR ၏ လူ့အခွင့် အရေးဆိုင်ရာ အကြောင်းအရာ အလိုက် သုတေသနပြုခြင်းကို ဆောင်ရွက်ရာ ၎င်းတွင် လုပ်ငန်းနယ်ပယ်အတွက် နည်းပညာပံ့ပိုးမှုကိုလည်း စီစဉ် ပေးသည်။ ဤဌာနခွဲသည် OHCHR စာချုပ်စာတမ်းဆိုင်ရာစင်တာများနှင့် ထုတ်ဝေမှုအစီစဉ်များကို စီမံခန့်ခွဲ ပေးပြီး၊ ပြည်တွင်းအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းနှင့် အခြားမိတ်ဖက်အဖွဲ့များတို့၏ စွမ်းဆောင်ရည် ကို မြှင့်တင်ပေးရန် နည်းစနစ်အထောက်အကူများနှင့် သင်ထောက်ကူပစ္စည်းများကို နိုင်ငံများအတွင်းနှင့် ရုံးချုပ် များတွင်အသုံးပြုရန်အတွက် ထုတ်လုပ်ပေးပါသည်။

## င။ အခြားအရင်းအမြစ်များ

### OHCHR ဝက်ဘ်ဆိုက်

OHCHR ဝက်ဘ်ဆိုက် Update ဖြစ်စေရန်နှင့် OHCHR လုပ်ငန်းနှင့်လုပ်ရှားမှုများဆိုင်ရာသတင်းအချက်အလက်များ အပြောင်းအလဲ ပြောင်းလဲမှုများစွာသောလူ့အခွင့်အရေးယန္တယားများတို့ အတွက် အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာလုပ်ရှား ဆောင်ရွက်သူ များမှ အကြံပြုပေးရန် အားပေးပါသည်။ OHCHR **လုပ်ရှားမှုများနှင့် ရလဒ်များဆိုင်ရာနှစ်ပတ်လည် အစီရင်ခံစာများ** နှင့် **မဟာမင်းကြီး၏ ဗျူဟာမြောက်စီမံခန့်ခွဲရေးအစီအမံ** တို့ကို OHCHR ဝက်ဘ်ဆိုက်တွင် ရရှိနိုင်ပါသည်။

OHCHR ဝက်ဘ်ဆိုက် - http://www.ohchr.org သို့ဝင်ရောက်ပါ။

ဤလက်စွဲစာအုပ်ကို http://www.ohchr.org/civilsocietyhandbook/ တွင် digital format ဖြင့် ရရှိနိုင်ပါသည်။
၎င်းဝက်ဘ်ဆိုက်တွင် လက်စွဲစာအုပ်၏အခန်းများကို ဒေါင်းလုတ်ဆွဲယူနိုင်ပြီး၊ ၎င်းတို့နှင့်သက်ဆိုင်ရာ အကိုးအကားအားလုံး၏ လင့်ခ်များသို့လည်း ဝင်ရောက်နိုင်ပါသည်။

## ၈။ OHCHR ထံမည်သို့ဆက်သွယ်နိုင်မည်နည်း

လိပ်စာ -

**Palais Wilson:**
52 rue des Pâquis
CH-1201 Geneva, Switzerland

**Motta Building:**
48 avenue Giuseppe Motta CH-1202 Geneva, Switzerland

**Postal address**
Office of the United Nations High Commissioner for Human Rights Palais des Nations
8–14, avenue de la Paix CH–1211 Geneva 10
Phone: +41 (0)22 917 90 00
E-mail: InfoDesk@ohchr.org (general enquiries) Website: http://www.ohchr.org

II

# ၂။ OHCHR Fellowship အစီအစဉ်များနှင့်သင်တန်းအစီအစဉ်များ

ဤအခန်းတွင်ဆွေးနွေးတင်ဆက်မည့် Fellowship အစီအစဉ်နှင့် သင်တန်းအစီအစဉ်များကို လူ့အခွင့်အရေးယန္တယားများ တွင် အရပ်ဘက်အဖွဲ့အစည်း၏ အခန်းကဏ္ဍနှင့် ၎င်းတို့၏ပူးပေါင်းပါဝင်မှုမြင့်တင်ရန် ကုလသမဂ္ဂမဟာမင်းကြီးရုံး (OHCHR) မှ ဖန်တီးထားခြင်းဖြစ်သည်။ အရပ်ဘက်အဖွဲ့အစည်းများ၏ ပါဝင်မှုများနှင့် တတ်ကြွသောဆောက်ရွက်မှုများသည် လူ့အခွင့် အရေးကိုပိုမိုခိုင်မာစွာ သိရှိလာစေရေးအား ပံ့ပိုးပေးပါသည်။ ဤအခန်းသည် အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာ ဆောင်ရွက်သူ များ OHCHR ၏ Fellowship အစီအစဉ်များနှင့် အလုပ်ရုံဆွေးနွေးမှုသင်တန်းအစီအစဉ်များတွင် ပါဝင်ရန် လိုအပ်မှုဆိုင်ရာ အဓိကကျသော သတင်းအချက်အလက်များကို ဖော်ပြထားပါသည်။

**ကုလသမဂ္ဂလူမှုရေးနှင့်လုံခြုံရေးကောင်စီ (ECOSOC) နှင့် အတိုင်အပင်ခံပြုရေးဆိုင်ရာ အခြေအနေသည် NGO များနှင့် အရပ်ဘက်အဖွဲ့အစည်းများဆိုင်ရာပါဝင်ဆောင်ရွက်သူများတို့အား ဤအခန်းတွင်ဆွေးနွေးသည့် အစီအစဉ်များနှင့် အလုပ်ရုံဆွေးနွေးမှုများတွင် ပါဝင်ရန် သို့မဟုတ် ချိတ်ဆက်ရန် တောင်းဆိုမှုမဟုတ်ပါ။**

## က။ Fellowship အစီအစဉ်များ

**Fellowship အစီအစဉ်များ** သည် ရွေးချယ်ခံရသူများအတွက် လူ့အခွင့်အရေးဆိုင်ရာယန္တယားများနှင့် နိုင်ငံတကာ အင်စတီကျူး ရှင်းများတို့အကြောင်းကို အထူးကြပ်မတ်သင်ယူနိုင်စေရန် အခွင့်ထူးတစ်ရပ်ဖြစ်သည်။

OHCHR သည် Fellowship အစီအစဉ် လေးခုကို စီမံကွပ်ကဲပေးသည်။ ၎င်းတို့၏ရည်ရွယ်ချက်မှာ လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်းတွင် အချို့သော အုပ်စုများ သို့မဟုတ် တစ်ဦးချင်း၏ စွမ်းဆောင်ရည်ကို အားဖြည့်ပေးရန်ဖြစ်သည်။

- **မူရင်းဌာနေလူမျိုးများ Fellowship အစီအစဉ်** သည် မူရင်းဌာနေအုပ်စုများမှ အဖွဲ့ဝင်များ လူ့အခွင့်အရေးဆိုင်ရာ သင်တန်းအစီအစဉ်တွင် ပါဝင်စေရန် ပံ့ပိုးသည်။
- **လူနည်းစုများ Fellowship အစီအစဉ်** သည် နိုင်ငံသား၊ တိုင်းရင်းသား၊ ဘာသာရေး သို့မဟုတ် ဘာသာစကား လူနည်းစုများနှင့် သက်ဆိုင်သည့် ပုဂ္ဂိုလ်များကို လူ့အခွင့်အရေးဆိုင်ရာသင်တန်းအစီအစဉ်များတွင် ပါဝင်စေရန် ပံ့ပိုးပေးသည်။
- **လူ့အခွင့်အရေးဆိုင်ရာ LDC Fellowship အစီအစဉ်** သည် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ (LDC) မှ ဘွဲ့ရကျောင်းသား များကို ကုလသမဂ္ဂနှင့် လူ့အခွင့်အရေးတို့ဆိုင်ရာသင်တန်းတွင်ပါဝင်နိုင်ရန်ပံ့ပိုးပေးသည်။
- **အမျိုးသားလူ့အခွင့်အရေးဆိုင်ရာအဖွဲ့အစည်းများ၏ဝန်ထမ်းများအတွက် Fellowship အစီအစဉ်** သည် ဝန်ထမ်းများကို နိုင်ငံတကာ လူ့အခွင့်အရေးနှင့် OHCHR နှင့် NHRI တို့၏လုပ်ငန်း တို့ဆိုင်ရာ သင်တန်းအစီအစဉ် တွင် ပါဝင်နိုင်ရန် ပံ့ပိုးကူညီပေးသည်။

---

ဤလက်စွဲစာအုပ်ကို http://www.ohchr.org/civilsocietyhandbook/ တွင် digital format ဖြင့် ရရှိနိုင်ပါသည်။
၎င်းဝက်ဘ်ဆိုက်တွင် လက်စွဲစာအုပ်၏အခန်းများကို ဒေါင်းလုတ်ဆွဲယူနိုင်ပြီး၊ ၎င်းတို့နှင့်သက်ဆိုင်ရာ အကိုးအကားအားလုံး၏ လင့်ခ်များသို့လည်း ဝင်ရောက်နိုင်ပါသည်။

## Fellowship အစီအစဉ်များဆိုင်ရာ အဆက်အသွယ်အသေးစိပ်

**Indigenous Fellowship Programme**

**Indigenous Peoples and Minorities Unit**

Office of the United Nations High Commissioner for Human Rights Palais des Nations

8–14, avenue de la Paix

CH–1211 Geneva 10 - Switzerland

Fax: +41 (0)22 917 90 08 or +41 (0)22 928 90 66 E-mail:
fellowship@ohchr.org

**Minorities Fellowship Programme**

**Indigenous Peoples and Minorities Unit**

Office of the United Nations High Commissioner for Human Rights Palais des Nations

8–14, avenue de la Paix

CH–1211 Geneva 10 - Switzerland Phone: +41 (0)22 928 98
45

Fax: +41 (0)22 928 90 10 E-mail: minorities@ohchr.org

**Fellowship for Students from Least Developed Countries United Nations Institute for Training and Research (UNITAR)**

Palais des Nations 8–14, avenue de la Paix

CH-1211 Geneva 10 - Switzerland Phone: +41 (0)22 917 86
40

Fax: +41 (0)22 917 80 47

Website: http://www.ohchr.org or http://www.unitar.org/diplomacy

**Fellowship for NHRIs Staff**

**National Institutions Unit**

Office of the United Nations High Commissioner for Human Rights Palais des Nations

8–14, avenue de la Paix CH–1211 Geneva 10- Switzerland

Phone: + 41 (0)22 928 92 83 or + 41 (0)22 928 96 63 Fax: + 41 (0)22 928 90 18

E-mail: niu@ohchr.org

II

## ၁။ မူရင်းဌာနေလူမျိုးများ Fellowship အစီအစဉ်

**မူရင်းဌာနေလူမျိုးများ Fellowship အစီအစဉ်** ကို၁၉၉၇ ခုနှစ်တွင် OHCHR ၏ ကမ္ဘာ့ မူရင်းဌာနေလူမျိုးများ၏ ဆယ်စုနှစ် ရည်မှန်းချက်များ (၁၉၉၅-၂၀၀၄) ကို အကောင်အထည်ဖော်ရန် အစပျိုးဆောင်ရွက်မှုတစ်ရပ်အဖြစ် စတင်ခဲ့ သည်။ အခြေခံဦးတည်ချက်မှာ မူရင်းဌာနေကိုယ်စားလှယ်များနှင့် ၎င်းတို့၏ရပ်ရွာလူထုများကို ကုလသမဂ္ဂ လူ့အခွင့်အရေး ဖွဲ့စည်းပုံစနစ်သို့ ချဉ်းကပ်နိုင်စေမည့် ၎င်းတို့၏အသိပညာနှင့် လုပ်ဆောင်နိုင်စွမ်းတို့အား ခိုင်ခံ့လာစေခြင်းဖြင့် ၎င်းတို့၏ စွမ်းဆောင်ရည် မြှင့်တင်ပေးရန် ဖြစ်သည်။

ဤအစီအစဉ်သည် မူရင်းဌာနေ အမျိုးသားနှင့် အမျိုးသမီးများကို ယေဘုယျအားဖြင့် နိုင်ငံတကာ လူ့အခွင့်အရေး၊ အထူးသဖြင့် မူရင်းဌာနေအခွင့်အရေးဆိုင်ရာဆိုင်ရာအသိပညာများရရှိစေမည့် အခွင့်ထူးတစ်ရပ်ပေးရန် ရည်ရွယ်ပြီး ၎င်းတို့၏ အဖွဲ့ အစည်း များနှင့် ရပ်ရွာလူထုများအား ၎င်းတို့၏အခွင့်အရေးများကို အကာအကွယ်ပေးရန်နှင့် မြှင့်တင်ပေးရန် ဖြစ်သည်။ အစီအစဉ် အပြီးတွင် အဖွဲ့ဝင်များသည် ၎င်းတို့၏ ရပ်ရွာလူထုများနှင့် အဖွဲ့အစည်းများအတွင်းတွင် အထွေထွေ အားဖြင့် နိုင်ငံတကာ လူ့အခွင့်အရေး၊ အထူးသဖြင့် မူရင်းဌာနေလူမျိုးများ၏အခွင့်အရေး အကြောင်းအရာများကို သင်တန်း ပြန်လည်ပို့ချနိုင်မည့် စွမ်းဆောင်ရည်ရှိပြီး၊ Fellowship အစီအစဉ်အတွင်း ရရှိထားသည့် သတင်းအချက်အလက်များနှင့် အသိပညာများကို ပြန်လည်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။ ဤအစီအစဉ်သည် တစ်ဦးချင်းစီအတွက်လည်းကောင်း၊ ၎င်းတို့၏ အဖွဲ့အစည်းများ အတွက်လည်းကောင်း၊ အထူးသဖြင့် ၎င်းတို့၏ရပ်ရွာအသိုင်းအဝိုင်းများအတွက် အကျိုးကျေးဇူးရရှိစေရန် ရည်ရွယ်ပါသည်။

မူရင်းဌာနေလူမျိုးများ Fellowship အစီအစဉ်သည် ဘာသာစကားလေးမျိုးဖြင့်ရှိရာ ၎င်းတို့မှာ **အင်္ဂလိပ်၊ ပြင်သစ်၊ ရုရှားနှင့် စပိန်** ဘာသာစကားတို့ဖြစ်သည်။ နှစ်စဉ် အဖွဲ့ဝင် ငါးဦးအား အစီအစဉ်၏ ဘာသာစကားတစ်ခုချင်းစီ အတွက် ရွေးချယ်ပါသည် -

- ဂျီနီဗာအခြေစိုက်အစီအစဉ် **(အင်္ဂလိပ်ဘာသာစကား)**
- Deusto အခြေစိုက်အစီအစဉ် **(စပိန်ဘာသာစကား)**
- Dijon အခြေစိုက်အစီအစဉ် **(ပြင်သစ်ဘာသာစကား)**
- မော်စကိုအခြေစိုက်အစီအစဉ် **(ရုရှားဘာသာစကား)**

**ဂျီနီဗာအခြေစိုက်အစီအစဉ်** ကို ဂျီနီဗာမြို့ရှိ OHCHR မှဆောင်ရွက်ခြင်းဖြစ်သည်။ နှစ်စဉ် မေလတွင် အစပြုပြီး ယေဘုယျ အားဖြင့် လေးလကြာမြင့်သည်။ လူ့အခွင့်အရေးဆိုင်ရာယန္တယားများနှင့် အင်စတီကျူးရှင်းများဆိုင်ရာ အထူးကြပ်မတ်သည့် သင်ရိုးဖြစ်သည်။ ဤအစီအစဉ်သည် အပြန်အလှန်သင်ယူမှုဖြစ်ပြီး၊ မြောက်များစွာသောခေါင်းစဉ်များ အကျဉ်းချုံးသင်ကြားခြင်း၊ တစ်ဦးခြင်းနှင့် အဖွဲ့ လိုက် တာဝန်ချမှတ်ခြင်း တို့ပါဝင်သည်။

**Deusto Programme** သည် စပိန်နိုင်ငံ Bilbao ရှိ Deusto တက္ကသိုလ်နှင့် OHCHR တို့မှ ပူးတွဲအစပျိုးထားခြင်းဖြစ်သည်။ အစီအစဉ်သည်ယေဘုယျအားဖြင့် လေးလတာကြာမြင့်ပြီး အပိုင်း ၂ ပိုင်းပါဝင်သည်။ ပထမအပိုင်းကို Deusto တက္ကသိုလ်တွင် ပြုလုပ်ပြီး၊ ဒုတိယအပိုင်းကို ဂျီနီဗာ ရှိ OHCHR တွင်ပြုလုပ်သည်။ ဂျီနီဗာအခြေစိုက်အစီအစဉ်နှင့် ဖွဲ့စည်းတည်ဆောက်ပုံ တူညီ သလို၊ အဖွဲ့ဝင်များနှင့် အခြားသော အဖွဲ့အစည်းများတို့အကြား Basque NGO များနှင့် Basque အစိုးရတို့ကဲ့သို့သော ဖလှယ်မှုပြုလုပ်ရန် အားပေးပါသည်။

**Dijon အစီအစဉ်** သည် ပြင်သစ်နိုင်ငံ Dijon မြို့ရှိ Bourgogne တက္ကသိုလ်နှင့် OHCHR တို့ပူးတွဲအစပျိုး ဆောင်ရွက်မှု ဖြစ်ပြီး ပြင်သစ်ဘာသာစကားကို မိခင်ဘာသာစကား သို့မဟုတ် ဒုတိယလက်သုံးစကားအဖြစ် အသုံးပြုသော မူရင်းဌာနေလူမျိုးများ

အတွက် ရည်ရွယ်သည်။ ဤအစီအစဉ်သည် ရက်သတ္တပတ် ၁၀ ပတ် (Dijon တက္ကသိုလ်တွင် ၄ ပတ်၊ ဂျီနီဗာရှိ OHCHR တွင် ၄ ပတ်၊ ကုလသမဂ္ဂ ပညာရေး၊ ပဲရစ်မြို့ရှိ ကုလသမဂ္ဂ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO) တွင် ၂ ပတ်) ကြာမြင့်ပါသည်။

**မော်စကိုအစီအစဉ်** သည် ရုရှားမြောက်ပိုင်း မူရင်းဌာနေလူမျိုးများအသင်းအဖွဲ့ (RAIPON) နှင့် မော်စကိုမြို့ရှိ OHCHR တို့မှ ပူးတွဲကာ အစပျိုးဆောင်ရွက်ခြင်းဖြစ်သည်။ မော်စကိုအစီအစဉ်တွင် RAIPON၊ OHCHR မော်စကိုရုံး နှင့် မော်စကိုရှိ အခြားသော ကုလသမဂ္ဂရုံးများတို့နှင့် သင်တန်းကာလ ၄ ပတ်ကြာမြင့်ပြီး၊ ဂျီနီဗာမြို့ရှိ OHCHR ရုံးတွင် နောက်ထပ် ၄ ပတ် ကြာမြင့်သည်။

**အားလုံးသော Fellowship အစီအစဉ်များက သင့်တော်သည့်နေရာထိုင်ခင်း၊ ခရီးသွားခြင်း၊ ကျန်းမာရေးဝန်ဆောင်မှုနှင့် အခြားသော အသုံးစရိတ်များ အစသည်တို့အတွက် လစဉ် ရပ်တည်ရေးထောက်ပံ့ကြေးကို စီစဉ်ပေးပါသည်။**

## အရည်အချင်းများသတ်မှတ်ချက်

- လျှောက်ထားသူများသည် မူရင်းဌာနေလူမျိုးများတစ်စု၏လူမျိုးစုဝင်/အဖွဲ့ဝင် များဖြစ်ရမည်ဖြစ်ပြီး ၎င်းတို့၏ မူရင်းဌာနေလူမျိုးစု အသိုင်းအဝိုင်း သို့မဟုတ် အဖွဲ့အစည်းများမှ ပံ့ပိုးမှုပေးသူများဖြစ်ရမည်။
- အသက်အုပ်စုကို ကန့်သတ်မထားသော်လည်း အသက် ၂၅ နှင့် ၃၅ နှစ်ကြား လျှောက်ထားသူများကို ဦးစားပေးသည်။
- မူရင်းဌာနေလူမျိုးများများစွာသည် ကျောင်းသင်ပညာရေးရရှိမှုအတွက် လူမှု-စီးပွားရေး အဟန့်အတားများ ရှိနေခြင်းကို ထောက်ရှု၍ Fellowship အစီအစဉ်တွင်ပါဝင်ရန် ကျောင်းသင်ပညာအရည်အချင်း ရှိ၊ မရှိသည် ကန့်သတ်ချက် မဟုတ်ပါ။
- လျှောက်ထားသူများသည် မိမိနေရပ်/အဖွဲ့အစည်း သို့ပြန်လာသည့်အခါ အခြားသော မူရင်းဌာနေလူမျိုးများ ပုဂ္ဂိုလ်များကို လေ့ကျင့်သင်တန်းပေးရန် စွမ်းဆောင်ရည်နှင့် စိတ်ဆန္ဒရှိရပါမည်။
- ထောက်ပံ့ကူညီသည့်အဖွဲ့အစည်းတွင် ခိုင်မာသော လူထုအသိုင်းအဝိုင်း သို့မဟုတ် အသင်းဝင်မှု ရှိခြင်းသည် လိုလားဖွယ်ဖြစ်သည်။
- အစီအစဉ်အဖွဲ့ဝင်အဖြစ်ရွေးချယ်မှုသည် ကျားမရေးရာ နှင့် ဒေသဆိုင်ရာ ညီမျှမှုရှိရမည်။
- လျှောက်ထားသူများသည် Fellowship အစီအစဉ်တွင်အသုံးပြုမည့် ဘာသာစကားကို ကောင်းမွန်စွာ နားလည်သူများဖြစ်ရမည်။

**ဤ အစီအစဉ် ကို ဘာသစကားလေးမျိုးဖြင့် နှစ်စဉ်ပြုလုပ်ပြီး၊ လျှော်လွှာနောက်ဆုံးသတ်မှတ်နေ့များမှာ ကွဲပြားကြသည်။ Fellowship လျှောက်လွှာပုံစံများအား ပြည့်စုံစွာဖြည့်စွတ်ထားသည်များကိုသာ စဉ်းစားပေးမည်ဖြစ်သည်။ လျှောက်လွှာများကို Fax ဖြင့် ဖြစ်စေ၊ စာတိုက်ဖြင့် ဖြစ်စေ ပေးပို့ရမည်။ အီးမေးလ်ဖြင့် ပေးပို့သောလျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်၊ သို့သော် ပေးပို့ပါကလည်း လျှောက်လွှာ၏ Part I နှင့် Part II အား လက်မှတ်ထိုးပြီး၊ scan ဖတ်ကာပေးပို့ရမည်။**

II

### လျှောက်လွှာကို ပေးပို့ရမည့်လိပ်စာ

**Indigenous Fellowship Programme**
**Indigenous and Minorities Unit**

Office of the United Nations High Commissioner for Human
Rights Palais des Nations
8–14, avenue de la Paix
CH–1211 Geneva 10 - Switzerland
Fax: +41 (0)22 917 90 08 or +41 (0)22
928 90 66 E-mail: fellowship@ohchr.org

**Fellowship Programme** အကြောင်းပိုမိုသိရှိရန်နှင့် ဘာသာလေးမျိုးလုံးဖြင့် လျှောက်လွှာများရရှိရန် OHCHR ၏ ဝက်ဘ်ဆိုက်သို့ဝင်ရောက်လေ့လာပါ။

## ၂။ လူနည်းစုများ Fellowship အစီအစဉ်

**လူနည်းစုများ Fellowship အစီအစဉ်** အားဖြင့် **နိုင်ငံသား၊ တိုင်းရင်းသား၊ ဘာသာရေး သို့မဟုတ် ဘာသာစကား လူနည်းစုများနှင့် သက်ဆိုင်သည့်** ပုဂ္ဂိုလ်များ၊ အထူးသဖြင့် လူငယ် အမျိုးသမီးများနှင့် အမျိုးသားများ တို့ကို ယေဘုယျ အားဖြင့် နိုင်ငံတကာလူ့အခွင့်အရေးနှင့် အထူးသဖြင့် လူနည်းစုဆိုင်ရာအခွင့်အရေး ဆိုင်ရာ အသိပညာ ရရှိစေမည့် အခွင့်အထူး တစ်ရပ်ရရှိစေရန် OHCHR မှ ရည်ရွယ်ပါသည်။ အစီအစဉ်ပြီးဆုံးချိန်တွင် သင်တန်း တက်ရောက်သူများသည် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာယန္တယားများအကြောင်း ယေဘုယျအသိပညာရရှိကာ ၎င်းကိုမိမိတို့၏လူနည်းစု နှင့် သက်ဆိုင်သည့် အရေးကိစ္စများနှင့် ဆက်စပ်နိုင်မည်ဖြစ်ပြီး၊ မိမိတို့လူထုအသိုင်းအဝိုင်းများနှင့် အဖွဲ့အစည်းများကို Fellowship အစီအစဉ်အတွင်း ရရှိခဲ့သည့် အသင်းအချက်အလက်နှင့် အသိပညာများအား သင်တန်းပြန်လည် ပေးနိုင် မည်ဟု မျှော်မှန်းပါသည်။

### ဘူလ်ဂေးရီးယားနိုင်ငံရှိ ယခင်လူနည်းစုသင်တန်းသားများပြုလုပ်သည့် ရပ်ရွာထုထု-ဦးဆောင်သည့် သင်တန်း

**ဘူလ်ဂေးရီးယား** နိုင်ငံရှိ Roma ရပ်ရွာလူထုမှ ယခင် လူနည်းစုသင်တန်းသား တစ်ဦးမှ ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာ လတွင် Polski Trambesh စည်ပင်သာယာရေး ဆိုင်ရာ သင်တန်းတစ်ခု စီစဉ်ဆောင်ရွက်ခြင်းအတွက် စီမံကိန်း တင်သွင်းမှုကို OHCHR မှ ပံ့ပိုးကူညီခဲ့ သည်။ ယင်းစီမံကိန်းသည် ထိုသူ၏ အဖွဲ့စည်းဖြစ်သည့် Roma Together မှ Roma လူထု အသိုင်းအဝိုင်းအား ဥရောပ အလယ်ပိုင်းနှင့် အရှေ့တောင် ဒေသရှိ နိုင်ငံပေါင်း ၉ ခုမှ အဆိုပြုထားသည့် ၂၀၀၅-၂၀၁၅ "Roma ဆယ်စုနှစ်ပါဝင်မှု" ကို လက်တွေ့ကျင့်သုံးစေရန် ချိတ်ဆက်မှုနှင့် တပ်ဆင်မှု ပေးသည့် သင်တန်းတစ်ခုစီစဉ်စေရန် စွမ်းဆောင်မှု ပေးပါသည်။ ပါဝင်သူများသည် Roma အား တရားဝင်ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ အထူးသဖြင့် ၎င်းတို့၏အခွင့်အရေးများ နှင့် နေ့စဉ်အသက်တာများအပေါ် အများဆုံးအကျိုးသက်ရောက်မှုပေးသည့် အချက်များအတွက် Roma ၏ ပူးပေါင်းပါဝင်မှုတိုးမြှင့်စေမည့် ဗျူဟာတစ်ရပ်ကို ဖန်တီးဖော်ဆောင်ခဲ့ကြသည်။ ၎င်းတို့၏အဆိုပြုချက်မှာ လူနည်းစု အရေးကိစ္စများနှင့်ပတ်သက်သည့် မူဝါဒသွင်းအားစုကို စီစဉ်ပေးနိုင်မည့် ဒေသန္တရလူနည်းစု ကိုယ်စားလှယ် အဖွဲ့တစ်ခုကို စည်ပင်သာယာရေး အဖွဲ့မှ ဖွဲ့စည်းပေးရန် ဖြစ်သည်။ ၎င်းအဆိုပြုချက်ကို မြို့တော်ဝန်နှင့် စည်ပင်သယာရေးကောင်စီအကြီးအကဲတို့မှ လက်ခံခဲ့လေသည်။

လက်ရှိအချိန်တွင် OHCHR သည် လူနည်းစုFellowship အစီအစဉ် နှစ်ခုကို ဆောင်ရွက်နေရာ၊ တစ်ခုမှာ အင်္ဂလိပ်စကားဖြင့်ဖြစ်ပြီး၊ အခြားတစ်ခုမှာ အာရပ်စကားဖြင့်ဖြစ်သည်။ အင်္ဂလိပ်စကားဖြင့်ဆောင်ရွက်သည့်အစီအစဉ်ကို ပါဝင်သူ ငါးဦးဖြင့် ဧပြီလတိုင်းတွင် သုံးလတာခန့် ပြုလုပ်ပါသည်။ ရှေ့ပြေးအစမ်းသပ် အာရပ်စကာဖြင့်ပြုသည့်အစီအစဉ်ကို ၂၀၀၇ ခုနှစ် တွင် ဂျီနီဗာရှိ OHCHR တွင် တစ်လတာ သင်တန်းအစီအစဉ်ဖြင့် ပါဝင်သူ လေးဦးနှင့်အတူ ပထမဆုံး ပြုလုပ်ခဲ့ပါသည်။ ယင်း Fellowship အစီအစဉ်သည် နေရာထိုင်ခင်း၊ နေထိုင်မှုအသုံးစရိတ်များ၊ ဂျီနီဗာသို့အသွားအပြန်လမ်းစရိတ်နှင့် ကျန်းမာရေးအာမခံ စသည်တို့ကို ဖြည့်ဆည်းပေးမည့် လစဉ်အခြေခံထောက်ပံ့ကြေးများစီစဉ်ပေးပါသည်။

### အရည်အချင်းများသတ်မှတ်ချက်

- လျှောက်ထားသူသည် နိုင်ငံသား၊ တိုင်းရင်းသား၊ ဘာသာရေး သို့မဟုတ် ဘာသစကားဆိုင်ရာ လူနည်းစုဝင်ဖြစ်ရမည်။
- အသက်အုပ်စုကို ကန့်သတ်မထားသော်လည်း အသက် ၂၅ နှင့် ၃၅ နှစ်ကြား လျှောက်ထားသူများကို ဦးစားပေးသည်။
- သက်ဆိုင်ရာ အတွေ့အကြုံများ တင်ပြနိုင်ပါက၊ ကျောင်းသင်ပညာရေးအရည်အချင်းမရှိမှုသည် လူနည်းစု Fellowship အစီအစဉ်တွင်ပါဝင်နိုင်ရန် ကန့်သတ်ချက် မဟုတ်ပါ။
- ငွေကြေးထောက်ပံ့သည်အဖွဲ့အစည်း (သို့) အသင်းအဖွဲ့သည် လူနည်းစုအရေးကိစ္စများ ဆောင်ရွက်မှုပြုခြင်း၊ လူနည်းစုဝင်များပါဝင်ကာဖွဲ့စည်းထားသည့်အဖွဲ့မျိုးဖြစ်က လိုလားဖွယ်ဖြစ်သည်။
- လျှောက်ထားသူများသည် မိမိနေရပ်/အဖွဲ့အစည်းသို့ပြန်လာသည့်အခါ မိမိ၏ လူနည်းစုဝင်များထံ သင်တန်းပြန်လည်ပို့ချနိုင်မည့် စွမ်းဆောင်ရည်နှင့် ဆန္ဒရှိရပါမည်။
- လျှောက်ထားသူများတွင် ၎င်းတို့၏ ရပ်ရွာလူထု (သို့)အဖွဲ့အစည်း၏ ထောက်ခံစာအရေးအသားရှိရမည်။
- လျှောက်ထားသူများသည် သင်တန်းအစီအစဉ်တွင် အသုံးပြုသည့် ဘာသာစကား (အာရပ် သို့မဟုတ် အင်္ဂလိပ်)နှင့် ကောင်းစွာရင်းနှီးကျွမ်းဝင်မှုရှိရမည်။

**Fellowship လျှောက်လွှာပုံစံများအား ပြည့်စုံစွာဖြည့်စွက်ထားသည်များကိုသာ စဉ်းစားပေးမည်ဖြစ်သည်။ လျှောက်လွှာများကို Fax ဖြင့် ဖြစ်စေ၊ စာတိုက်ဖြင့် ဖြစ်စေ ပေးပို့ရမည်။ အီးမေးလ်ဖြင့် ပေးပို့သောလျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်၊ သို့သော် ပေးပို့ပါကလည်း လျှောက်လွှာ၏ Part I နှင့် Part II အား လက်မှတ်ထိုးပြီး၊ scan ဖတ်ကာပေးပို့ရမည်။**

### လျှောက်လွှာကို ပေးပို့ရမည့်လိပ်စာ

**Minorities Fellowship Programme**
**Indigenous and Minorities Unit**
Office of the United Nations High Commissioner for Human Rights Palais des Nations
8–14, avenue de la Paix
CH–1211 Geneva 10 - Switzerland
Phone: +41 (0)22 928 98 45
Fax: +41 (0)22 928 90 10 E-mail:
minorities@ohchr.org

**Fellowship Programme** အကြောင်းပိုမိုသိရှိရန်နှင့် ဘာသာလေးမျိုးလုံးဖြင့် လျှောက်လွှာများရရှိရန် OHCHR ၏ ဝက်ဘ်ဆိုက်သို့ဝင်ရောက်လေ့လာပါ။

## ၃။ လူ့အခွင့်အရေးဆိုင်ရာ LDC Fellowship အစီအစဉ်

**ဖွံ့ဖြိုးတိုးတက်မှုအနိမ့်ဆုံးနိုင်ငံများ(LDCs)မှ ကျောင်းသားများအတွက်လူ့အခွင့်ဆိုင်ရာ Fellowship အစီအစဉ်** ကို ၂၀၀၇ ခုနှစ်တွင် ပထမဆုံးအကြိမ်အဖြစ် OHCHR နှင့် ကုလသမဂ္ဂလေ့ကျင့်ရေးနှင့်သုတေသနသိပ္ပံ (UNITAR) တို့မှ ပူးတွဲကာ ဆောင်ရွက် ခဲ့ပါသည်။ ရည်ရွယ်ချက်မှာ LDC မှသင်တန်းသားများ၏ လက်ရှိလူ့အခွင့်အရေးကိစ္စရပ်များကို နိုင်ငံတကာ အဆင့်အထိ နားလည်မှုအား မြှင့်တင်ပေးရန်နှင့် OHCHR နှင့် ကုလသမဂ္ဂ၏ လုပ်ဆောင်ချက်များ အကြောင်း သိနားလည် စေရန်လည်းကောင်း၊ ထူးချွန်ကျောင်းသားများ (သို့) LDCs မှ ဘွဲ့ရကျောင်းသားများ၏ ကူညီမှုနှင့် ပါဝင်ပံ့ပိုးပေးမှုများနှင့် အတူ OHCHR နှင့် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ ယန္တယားများကို စီစဉ်ပေးရန်လည်းကောင်း ရည်ရွယ်ပါသည်။

၎င်းအစီအစဉ်ကို ဂျီနီဗာရှိ OHCHR ရုံးတွင် အင်္ဂလိပ်ဘာသာဖြင့် ပြုလုပ်ပါသည်။ ၎င်းအစီအစဉ်တွင် လေ့ကျင့်ရေးသင်တန်းနှင့် OHCHR ၏လုပ်ငန်းကို လက်တွေ့ကျသောထိတွေ့မှုနှစ်မျိုးပါဝင်ပြီး နီးနှောဖလှယ်မှုများနှင့် လက်တွေ့ကျွမ်းကျင်မှုဆိုင်ရာ လေ့ကျင့်ခန်း ပုံစံများဖြင့်ဆောက်ရွက်ကာ OHCHR ရုံးခွဲတစ်ခုနှင့်အတူ အလုပ်တာဝန်တစ်ရပ်ဆောင်ရွက်မှု နောက်ဆက်တွဲ ပေးအပ်ပါသည်။ ၎င်းFellowship အစီအစဉ်ကို နောင်နှစ်များတွင် ဆက်လက်ဆောင်ရွက်နိုင်မှုရှိ၊ မရှိမှာ ရရှိသည့် ရန်ပုံငွေ အပေါ်တွင် မူတည်ပါမည်။

လူ့အခွင့်အရေးဆိုင်ရာ Fellowship အစီအစဉ်သည် LDC မျုးမှ လျှောက်ထားသူများအတွက် ဖွင့်ပေးထားပါသည်။[3] လျှောက်ထားသူများသည် ဘွဲ့ရ ကျောင်းသားများ သို့မဟုတ် ကုလသမဂ္ဂလုပ်ငန်းနှင့် ဆက်စပ်သည့် ပညာရပ်ကဏ္ဍတစ်ခု (ဥပမာ၊ နိုင်ငံတကာဥပဒေ၊ နိုင်ငံရေးသိပ္ပံ၊ လူမှုရေးသိပ္ပံ သို့မဟုတ် သမိုင်းဘာသာ) ဖြင့် ဘွဲ့ဒီဂရီကိုဆောင်သူ ဖြစ်ရမည်။ လျှောက်ထားသူများ လျှောက်ထားမှုပြုစဉ်တွင် အသက် ၃၀ အောက်ဖြစ်ရမည်။

အစီအစဉ်တက်ရောက်မည့်သူ၏ လမ်းစရိတ်များကို အစီအစဉ်မှ ပံ့ပိုးပေးမည်ဖြစ်ပြီး၊ ဂျီနီဗာတွင် ၎င်းတို့၏ နေထိုင်မှု အသုံးစရိတ်များအတွက် ဝင်ငွေရရှိမည်ဖြစ်သည်။ ဗီဆာလျှောက်ထားမှု၊ နေထိုင်စရိတ်၊ ကျန်းမာရေးနှင့် မတော်တဆမှုအာမခံ တို့ကိုလည်း စီစဉ်ဆောင်ရွက်ပေးပါသည်။

၎င်းအစီအစဉ်ကို ဆက်လက်ဆောင်ရွက်ရန်မှ ရရှိသည့် ရန်ပုံငွေအပေါ်တွင်မူတည်နေလေရာ၊ စိတ်ပါဝင်စားသူများအနေဖြင့် OHCHR နှင့် UNITAR ဝက်ဘ်ဆိုက်များမှ သတင်းအချက်အလက်များကို ပုံမှန် စစ်ဆေးရန် အားပေးပါသည်။

**Human Rights LDC Fellowship သို့ဆက်သွယ်ရန်**

**United Nations Institute for Training and Research (UNITAR)**

Palais des Nations 8–14, avenue de la Paix

CH-1211 Geneva 10 - Switzerland

Phone: +41 (0)22 917 86 40

Fax: +41 (0)22 917 80 47

3 [3] To learn more about the criteria used by the United Nations to designate a least developed country visit http://www.unohrlls.org/

## ၄။ အမျိုးသားလူ့အခွင့်အရေးဆိုင်ရာအဖွဲ့အစည်းများ၏ဝန်ထမ်းများအတွက် Fellowship အစီအစဉ်

**အမျိုးသားလူ့အခွင့်အရေးဆိုင်ရာအဖွဲ့အစည်းများ၏ဝန်ထမ်းများအတွက် Fellowship အစီအစဉ်** ကို ၂၀၀၈ ခုနှစ်တွင် OHCHR ၏ **အမျိုးသားအဖွဲ့အစည်းများယူနစ်** မှစီမံကာ ပထမဆုံးအကြိမ်ပြုလုပ်ခဲ့သည်။ ယင်းအစီအစဉ်သည် ပါဝင်သူများအား ကုလသမဂ္ဂလူ့အခွင့်အရေးဖွဲ့စည်းပုံစနစ်၊ NHRIs နှင့်/အတွက်ဆောင်ရွက်သည့် OHCHR ၏လုပ်ငန်း၊ NHRI များနှင့် ဆက်စပ် သည့် နည်းပညာကိစ္စရပ်များ စသည်တို့ဆိုင်ရာ အသိပညာနှင့် လက်တွေ့အတွေ့အကြုံများရရှိစေမည့် အခွင့်ထူး ရရှိစေရန် ရည် ရွယ်ပါသည်။ အစီအစဉ်တက်ရောက်ပြီးသူများသည် ၎င်းတို့ NHRI များသို့ပြန်လာကြပြီး ၎င်းတို့၏ အဖွဲ့အစည်းများ ကို နိုင်ငံတကာလူ့အခွင့်အရေးများနှင့်အညီ အားဖြည့်ပေးနိုင်ရန် မျှော်မှန်းပါသည်။

ဤအစီအစဉ်ကို ဂျီနီဗာရှိ OHCHR ရုံးတွင် စီစဉ်ပြုလုပ်ပါသည်။ ခြောက်လတစ်ကြိမ် သင်တန်းကာလအတွက် တက်ရောက်သူ နှစ် ဦးရွေးချယ်ပြီး ပထမသင်တန်းကို ဇန်နဝါရီလမှအစပြုကာ၊ အခြားသင်တန်းကို ဇူလိုင်လတွင် အစပြုပါသည်။ တက်ရောက်သူများသည်လူ့အခွင့်အရေးစနစ်နှင့် သက်ဆိုင်ရာအရေးကိစ္စများတို့ဆိုင်ရာ ပုံမှန်အသေးစိပ်ရှင်းလင်းညွှန်ကြားချက်ရရှိကာ၊ ချမှတ်သည့်တာဝန်များကို ဆောင်ရွက်ခြင်းနှင့် စီမံကိန်းများတွင် ပါဝင်ခြင်းတို့ ဆောင်ရွက်ရပါသည်။

လျှောက်ထားသူများသည် နိုင်ငံတကာအတည်ပြုထားသည့်စံချိန်စံညွှန်းများဖြစ်သည့် ပဲရစ်အခြေခံမူ[4] နှင့် ကိုက်ညီမှုရှိသည့် NHRI တစ်ခုတွင် လုပ်သက်အတွေ့အကြုံ အနည်းဆုံး သုံးနှစ်ရှိပြီး၊ NHRI နှင့်ဆက်စပ်သည့် အရေးကိစ္စများကို ပြည်တွင်းအဆင့်၊ ဒေသဆိုင်ရာအဆင့်၊ နိုင်ငံတကာအဆင့် တို့တွင် လုပ်သက်အတွေ့အကြုံရှိသူဖြစ်ရမည်။

လျှောက်ထားသူများသည် ၎င်းတို့၏ NHRI များမှ ထောက်ခံစာတစ်ခုရရှိရမည်ဖြစ်ပြီး၊ Fellowship အစီအစဉ်အတွင်း ရရှိသည့် အသိပညာနှင့်အတွေ့အကြုံများကို နေရပ်သို့ပြန်လည်သည့်အခါ ၎င်းတို့၏ NHRI များအတွင်းရှိ လုပ်ဖော်ဆောင်ဖက်များထံ ပြန်လည်ပို့ချပေးရန် ကတိကဝတ်ပြုရပါမည်။ ၎င်းတို့သည် အင်္ဂလိပ် နှင့်/သို့မဟုတ် ပြင်သစ်ဘာသာစကား ကျွမ်းကျင်သူများဖြစ်ရမည်။ OHCHR သည် Fellowship ကာလအတွင်း လစဉ်အခကြေးရရှိသည့်ပုံစံမျိုးဖြင့် ငွေကြေး အထောက်အပံ့များ စီစဉ်ပေးပါသည်။

လျှောက်ထားသူများအနေဖြင့် လျှောက်လွှာများ (ကိုယ်ပိုင်လှုံ့ဆော်မှုစာ၊ ကိုယ်ရေးမှတ်တမ်းအကျဉ်း၊ မိမိတို့၏ NHRI များမှ ထောက်ခံစာ) ကို OHCHR ရုံးသို့ တိုက်ရိုက်ပေးပို့ရမည်။ အမျိုးသားအဖွဲ့အစည်းများယူနစ်မှ လူ့အခွင့်အရေးမြှင့်တင်ရေး နှင့် ကာကွယ်စောင့်ရှောက်ရေးအတွက် အမျိုးသားအဖွဲ့အစည်းများဆိုင်ရာ နိုင်ငံတကာညှိနှိုင်းရေးကော်မတီ (ICC) ၏ ဗျူရိုနှင့် အတိုင်အပင်ခံပြုကာ လျှောက်ထားသူများကို ရွေးချယ်မှုပြုပါသည်။

### လျှောက်လွှာပေးပို့ရမည့်လိပ်စာ

**National Institutions Unit**
Office of the United Nations High Commissioner for Human Rights
Palais des Nations
8–14, avenue de la Paix
CH–1211 Geneva 10 - Switzerland
Phone: + 41 (0)22 928 92 83 or + 41 (0)22 928 96 63
Fax: + 41 (0)22 928 90 18
E-mail: niu@ohchr.org

For current information on the **NHRIs Fellowship Programme** visit OHCHR’s website.

---

[4] See General Assembly resolution 48/134, annex.

II

## ခ။ လေ့ကျင့်ရေးအလုပ်ရုံဆွေးနွေးပွဲများ (Training workshops)

**လေ့ကျင့်ရေးအလုပ်ရုံဆွေးနွေးပွဲများ** သည် အရပ်ဖက်အဖွဲ့အစည်းဆိုင်ရာပါဝင်ဆောင်ရွက်သူများကို တိကျသော လူ့အခွင့်အရေးယန္တယားများအကြောင်း သင်ယူစေရန် နှင့်၎င်းတို့အားအသုံးပြုခြင်းကို မည်သို့အားဖြည့်စေနိုင်မည်ဟူသည့် အခွင့်ထူးပေးပါသည်။

**လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့အကြံပြုချက်များ၏နောက်ဆက်တွဲလေ့ကျင့်ရေးအလုပ်ရုံဆွေးနွေးပွဲများ**

**စာချုပ်အဖွဲ့အကြံပြုချက်များ၏နောက်ဆက်တွဲလေ့ကျင့်ရေးအလုပ်ရုံဆွေးနွေးပွဲ** သည် ပြည်တွင်းအရပ်ဘက်အဖွဲ့အစည်းဆိုင်ရာရာဆောင်ရွက်သူများအတွက် ဖြစ်ပြီး စာချုပ်အဖွဲ့များနှင့်အတူ ချိတ်ဆက်ဆောင်ရွက်ရန် ၎င်းတို့၏ စွမ်းဆောင်ရည်များကို တည်ဆောက်ပေးပါသည်။

OHCHR သည် ပြည်တွင်းဆောင်ရွက်သူများအတွက် စာချုပ်ဆိုင်ရာအစီရင်ခံမှုလုပ်ငန်းစဉ်ကို ပါဝင်ကူညီပေးရန် နှင့် စာချုပ်အဖွဲ့များ၏ အကြံပြုချက်များအပေါ် နောက်ဆက်တွဲဆောင်ရွက်နိုင်စေမည့် ၎င်းတို့၏ စွမ်းဆောင်ရည်မြှင့်တင် ပေးရန် ၎င်းတို့၏နိုင်ငံအတွင်းတွင် အလုပ်ရုံဆွေးနွေးပွဲများနှင့် နီးနှောဖလှယ်ပွဲများကို စီစဉ်ဆောင်ရွက်ပါသည်။ OHCHR သည် ဤအလုပ်ရုံဆွေးနွေးပွဲများတွင် NHRI များ၊ NGO များ၊ အမျိုးသားအဆင့်မီဒီယာကိုယ်စားလှယ်များနှင့် ချိတ်ဆက် ပြီး ၎င်းတို့၏ စွမ်းဆောင်ရည်မြှင့်တင်ရန် လည်းကောင်း၊ သက်ဆိုင်ရာလူ့အခွင့်အရေးစာချုပ်အဖွဲ့၏အကြံပြုချက်များဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုကိုပံ့ပိုးပေးမည့် ပြည်တွင်း ဆောင်ရွက်သူများကွန်ယက်များ ဖန်တီးပြုလုပ်မှုကို အားပေးရန်လည်းကောင်း ဆောင်ရွက်ပေးပါသည်

၂၀၀၃ ခုနှစ်မှစ၍ OHCHR သည် ကမ္ဘာ့ဒေသအသီးသီးတွင် နောက်ဆက်တွဲ လေ့ကျင့်ရေးအလုပ်ရုံဆွေးနွေးပွဲများကို ဆောင်ရွက်ခဲ့သည်။ ယင်းသင်တန်းအစီအစဉ်သည် လူ့အခွင့်အရေးသဘောတူစာချုပ်ဆိုင်ရာ အစီရင်ခံခြင်း လုပ်ငန်းစဉ် ကို ဆက်လက်ဆောင်ရွက်ပေးရန်နှင့် လူ့အခွင့်အရေးစာချုပ် အဖွဲ့များ၏လုပ်ငန်းနှင့်ဆက်စပ်သည့် အရေးကိစ္စများဆိုင်ရာ အပြုသဘောဆောင်သည့် အမျိုးသားရေးဆွေးနွေးမှုတစ်ရပ် ထိန်းသိမ်းပေးမည့် ပြည်တွင်း အရပ်ဘက်အဖွဲ့အစည်း ကွန်ယက်အဖွဲ့များတည်ဆောက်မှုအတွက် မူဘောင်တစ်ရပ်ကို ချမှတ်ပေးပါသည်။ OHCHR သည် စိတ်ပါဝင်စားသည့် အစိုးရများအတွက် အလုပ်ရုံဆွေးနွေးပွဲများနှင့် နီးနှောဖလှယ်ပွဲများအားဖြင့် သင်တန်း တိုက်ရိုက်စီစဉ်ဆောင်ရွက်ပေး ပြီး ယင်းလှုပ်ရှားမှုများတွင် အရပ်ဘက်အဖွဲ့အစည်းများပါဝင်အားပေးပါသည်။

**နောက်ဆက်တွဲလေ့ကျင့်ရေးအလုပ်ရုံဆွေးနွေးပွဲမျာအတွက်**
**ထပ်မံသိရှိလိုပါက အောက်ပါလိပ်စာသို့ဆက်သွယ်ပါ**

**Human Rights Treaties Branch Treaties and Follow-up Unit**
Office of the United Nations High Commissioner for Human
Rights Palais des Nations
8–14, avenue de la Paix
CH–1211 Geneva 10 -
Switzerland Fax: +41
(0)22 917 90 22

အထက်ပါဖော်ပြပြီးသင်တန်းအစီအစဉ်များအပြင် OHCHR သည် ၎င်း၏များစွာသောလုပ်ငန်းနယ်ပယ်ရုံးများတည်ရှိမှုအားဖြင့် အရပ်ဘက်အဖွဲ့အစည်းများအတွက် နိုင်ငံတကာလူ့အခွင့်အရေးကိစ္စရပ်များနှင့် ယန္တယားများအကြောင်း နှင့်စပ်ဆိုင်သည့် ပြည်တွင်းသင်တန်း၊ စွမ်းဆောင်ရည်မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲများနှင့် နီးနှောဖလှယ်ပွဲများ ကို ပုံမှန်စီစဉ်ဆောင်ရွက်ပေးပါသည်။

i **လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့** နှင့်ပတ်သက်သည့် အသေးစိပ်အချက်အလကများ ပိုမိုသိရှိလိုပါက ဤလက်စွဲစာအုပ်၏ **အခန်း ၄ (လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့များ)** ကို ကြည့်ပါ။

III

# ၃။ OHCHR ထုတ်ဝေမှုများနှင့် အရင်းအမြစ်အချက်အလက်များ

## က။ OHCHR ထုတ်ဝေမှုများ

**ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံး**(OHCHR)၏ ထုတ်ဝေမှုများအစီအစဉ်သည် လူ့အခွင့်အရေး နှင့် အခြေခံလွတ်လပ်မှုတို့အကြောင်းကိုအမြင်ဖွင့်ပေးရန်လည်းကောင်း၊ ၎င်းတို့အား မြှင့်တင်မှုနှင့်ကာကွယ်မှုနည်းလမ်းများကို ကမ္ဘာအနှံ့ အများသိရှိစေရန်လည်းကောင်း ရည်ရွယ်ပါသည်။ ဤအစီအစဉ်သည် ကုလသမဂ္ဂအဖွဲ့များတွင်သုံးသပ်မှုပြုထားသည့် လူ့အခွင့်အရေးကိစ္စရပ်များအပေါ် ဆွေးနွေးငြင်းခုံမှုပြုရန် အားပေးပါသည်။ အဓိကကျသောထုတ်ဝေမှုအမျိုးအစား ငါးမျိုး ရှိပါသည် -

၁။ **အချက်အလက်သတင်းလွှာများ (fact sheets)** သည် ကျယ်ပြန့်သောလူ့အခွင့်အရေးအကြောင်းအရာများနှင့်ဆိုင်သည့်သတင်းအချက်အလက်များကို ဖော်ပြပေးပါသည်။

၂။ **အထူးထုတ်ဝေသည့်စာတမ်းများ (special issue papers)** သည်ရွေးချယ်ထားသည့်ကိစ္စရပ်များ ကို နက်နက်ရှိုင်းရှိုင်းလေ့လာဖော်ထုတ်ပေးသည်။

၃။ **OHCHR သင်တန်းနှင့် ပညာရေးဆိုင်ရာအချက်အလက်** များတွင် မူရင်းဌာနေလူမျိုးများ၊ လူနည်းစုများ၊ ကျွမ်းကျင်အတတ်ပညာရှင်အုပ်စုများနှင့် ပညာရေးဆိုင်ရာ အဖွဲ့အစည်းများတို့အတွက် လမ်းညွှန်စာအုပ်များ၊ လက်စွဲများနှင့် လက်စွဲစာအုပ်များ စသည်တို့ပါဝင်သည်။

၄။ **ကျမ်းကိုးအချက်အလက်များ (Reference material)** သည် လူ့အခွင့်အရေးအထူးပြုဆောင်ရွက်သူများအတွက် အဓိကကျသော လူ့အခွင့်အရေးဆိုင်ရာစာချုပ်စာတမ်းများနှင့် ဥပဒေသိပ္ပံ တို့ကို ဖော်ပြပေးသည်။

၅။ **လူ့အခွင့်အရေးအခြေခံအချက်များ**သည် ကုလသမဂ္ဂလူ့အခွင့်အရေးလုပ်ငန်းအကြောင်းကို အများ သိရှိစေရန် သတင်းပြန်ကြားပေးသည်။

### ၁။ အချက်အလက်သတင်းလွှာများ (Fact Sheet)

OHCHR **အချက်အလက်သတင်းလွှာ**များသည် အခြေခံလူ့အခွင့်အရေးဆိုင်ရာသတင်းအချက်အလက်များကို ဖော်ပြပေးသည်။ အချို့သော အချက်အလက်သတင်းလွှာများသည် တိကျသော ကိစ္စရပ်များ (သို့) အဖွဲ့များ အကြောင်းကို တင်ဆက်ပေးပြီး၊ အခြားသောအရာများက ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာအဖွဲ့များနှင့် ၎င်းတို့၏လုပ်ထုံးလုပ်နည်းများအကြောင်းကို ရှင်းပြပေးသည်။ အချက်အလက်သတင်းလွှာများသည် ကုလသမဂ္ဂလူ့အခွင့်အရေးအစီအစဉ်နှင့်မည်သို့ အတူတကွဆောင်ရွက်နိုင်မည်ဟူသည့် လက်တွေ့ကျသောလမ်းညွှန်မှု စီစဉ်တင်ဆက်ပေးသည်။

### ၂။ အထူးထုတ်ဝေသည့်စာတမ်းများ (special issue papers)

**အထူးထုတ်ဝေသည့်စာတမ်းများ** သည်ရွေးချယ်ထားသည့်ကိစ္စရပ်များ ကို နက်နက်ရှိုင်းရှိုင်းလေ့လာဖော်ထုတ်ပေးသည်။ အကြောင်းအရာများကို အကြောင်းအရာဖြစ်တည်မှု၊ အရေးကြီးမှုနှင့် မကြာသေးမီကဖြစ်သောဖွံ့ဖြိုးမှုများ စသည်တို့အပေါ် မူတည်၍ ရွေးချယ်ပါသည်။ မကြာသေးမီက အချို့သောအထူးထုတ်ဝေသည့်စာတမ်းများမှာ -
*လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်မှုအတွက် ကောင်းမွန်သောအချုပ်ချုပ်ရေး၊ ထောင်စုနှစ်ဖွံ့ဖြိုးမှုရည်မှန်းချက်များ တောင်းဆိုမှု၊ လူ့အခွင့်အရေးဆိုင်ရာချဉ်းကပ်မှု၊ ပဋိပက္ခလွန်နိုင်ငံများအတွက် တရားဥပဒေစိုးမိုးရေး နည်းလမ်းများ၊ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ၏အကျိုးသက်ရောက်မှုကို သုံးသပ်ခြင်း(အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးမူဝါဒ ကောင်စီနှင့်ပူးတွဲထုတ်ဝေသည်)၊ နှင့် နိုင်ငံသားမဟုတ်သူများ၏အခွင့်အရေး စသည်တို့ဖြစ်သည်။*

ဤလက်စွဲစာအုပ်ကို http://www.ohchr.org/civilsocietyhandbook/ တွင် digital format ဖြင့် ရရှိနိုင်ပါသည်။
၎င်းဝက်ဘ်ဆိုက်တွင် လက်စွဲစာအုပ်၏အခန်းများကို ဒေါင်းလုတ်ဆွဲယူနိုင်ပြီး၊ ၎င်းတို့နှင့်သက်ဆိုင်ရာ အကိုးအကားအားလုံး၏ လင့်ခ်များသို့လည်း ဝင်ရောက်နိုင်ပါသည်။

## ၃။ သင်တန်းနှင့်ပညာရေးဆိုင်ရာအချက်အလက်များ

OHCHR **သင်တန်းနှင့် ပညာရေးဆိုင်ရာအချက်အလက်များ** သည် ရဲဌာန၊ အကျဉ်းထောင်အရာရှိများ၊ တရားသူကြီးများ၊ လွှတ်တော်အမတ်များ၊ လူ့အခွင့်အရေးစောင့်ကြည့်သူများ၊ လူမှုရေးလုပ်ငန်းဆောင်ရွက် သူများ၊ သတ်မှတ်ထားသည့်အဖွဲ့ သို့မဟုတ် တစ်ဦးချင်စီ အစရှိသည့် ကွဲပြားသည့်ကဏ္ဍများအတွက် ကုလသမဂ္ဂ လူ့အခွင့်အရေးစနစ် အကြောင်း လည်းကောင်း၊ သင်တန်းနှင့်ပညာရေးဆိုင်ရာ အစီအစဉ်များ လည်းကောင်း ကျယ်ပြန့်သောခြုံငုံသုံးသပ်ချက်တစ်ရပ်ကို စီစဉ်ဖော်ပြပေးပါသည်။

**ပရော်ဖက်ရှင်နယ်သင်တန်းတွဲများ** တွင် နိုင်ငံတကာစံချိန်စံညွှန်းများအား အသိအမြင်တိုးပွားလာစေမည့် လက်စွဲ စာအုပ်များ နှင့် လက်စွဲများ ပါဝင်ပြီး အမျိုးသားလူ့အခွင့်အရေးအခြေအနေအပေါ် အကျိုးသက်ရောက်မှုရှိစေမည့် သူများအတွက် ရည်ရွယ်ပါသည်။ အခြေခံအားဖြင့် OHCHR သင်တန်းဆောင်ရွက်ချက်များကို ပံ့ပိုးရန် စီမံထား သော်လည်း၊ ယင်းထုတ်ဝေမှု များသည် ပရောဖက်ရှင်နယ်အုပ်စုများအတွက် လူ့အခွင့်အရေးဆိုင်ရာပညာရေး စီစဉ်ပေးသည့် အဖွဲ့အစည်းများအတွက် လက်တွေ့ကျသောအချက်အလက်များအဖြစ် ကူညီပေးပါသည်။ သင်တန်းလက်စွဲများသည် ဦးတည်အုပ်စုများအတွင်းရှိ ပါဝင်သူမျိုးစုံ၏ ယဉ်ကျေးမှု၊ ပညာရေးနှင့် နောက်ခံ သမိုင်း စသည်တို့ဆိုင်ရာ လိုအပ်မှုများနှင့် အတွေ့အကြုံအရ လိုက်လျော ညီထွေမှုရှိပါသည်။ လိုအပ်ပါက သင်တန်းပေးသူများ လက်စွဲအသုံးပြုခြင်းကို ပံ့ပိုးပေးမည့် သင်ကြားနည်းစနစ်များဆိုင်ရာ အချက်အလက်များ ကိုလည်း ထည့်သွင်းထားပါသည်။

**လူ့အခွင့်အရေးဆိုင်ရာပညာရေးတွဲများ** တွင် မိတ်ဖက်အဖွဲ့အားလုံးမှ အထွေထွေလူ့အခွင့်အရေးပညာရေး ဆိုင်ရာ ကြိုးပမ်းမှု များကို ပံ့ပိုးပေးသည့် အချက်အလက်များပါဝင်သည်။ ၎င်းတွင် လူ့အခွင့်အရေးပညာရေး အတွက် နိုင်ငံတကာအစီအစဉ် ဆိုင်ရာ သတင်းအချက်အလက်များ၊ လူ့အခွင့်အရေးပညာရေးနှင့် လူ့အခွင့် အရေးသဘောတူစာချုပ်များဆိုင်ရာ လေ့လာမှု၊ လူ့အခွင့်အရေးပညာရေးနှင့်ပတ်သက်သည့် နိုင်ငံတကာ နှင့် ဒေသဆိုင်ရာသဘောတူစာချုပ်များတို့ဆိုင်ရာ ပြဋ္ဌာန်းချက် တစ်ပေါင်းတည်းစုစည်းထားမှု၊ ပညာသင်ကြားသူ များနှင့် ကျောင်းဆရာများအတွက် လက်တွေ့ကျသော အကြံပြုချက် ပေးသည့် စာစောင် အစရှိသည်တို့ ပါဝင်သည်။

နောက်ဆုံးအနေဖြင့် **လမ်းညွှန်တွဲ** များ တွင် အချို့သောအုပ်စုများ သို့မဟုတ် တစ်ဦးချင်းစီတို့အတွက် ကွဲပြားသော နိုင်ငံ တကာနှင့်ဒေသဆိုင်ရာလုပ်ထုံးလုပ်နည်းများအားဖြင့် ၎င်းတို့၏အခွင့်အရေးကာကွယ် စောင့်ရှောက်မှုကို မည်သို့ရရှိနိုင်မည် ဟူသည့် သတင်းအချက်အလက်များချမှတ်မှု ပါဝင်ပါသည်။ ယင်း စီးရီးတွဲ တွင် *မူရင်းဌာနေလူမျိုးများအတွက် ကုလသမဂ္ဂ၏ လမ်းညွှန်* နှင့် *လူနည်းစုများအတွက် ကုလသမဂ္ဂ၏ လမ်းညွှန်* တို့ပါဝင်ပြီး ၎င်းတွင် ကုလသမဂ္ဂလူ့အခွင့်အရေး ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ဒေသဆိုင်ရာ ယန္တယားများကို လူနည်းစုများက မည်သို့အသုံးပြုနိုင်မည်ဟူသည့် စာစောင် ငယ် ၁၄ အုပ်ပါဝင်ပါသည်။

## ၄။ ကျမ်းကိုးအချက်အလက်များ (Reference Material)

**ကျမ်းကိုးအချက်အလက်များ** သည် အဓိကကျသော လူ့အခွင့်အရေးဆိုင်ရာစာချုပ်စာတမ်းများနှင့် အခြားသော အရေးကြီး သတင်းအချက်အလက်များသို့ သုတေသနပြုသူများနှင့် လူ့အခွင့်ရေးဆိုင်ရာဥပဒေသမားများမှ ရရှိနိုင်စေရန် ပံ့ပိုးပေး သည်။ ဥပမာဆိုရသော် *The New Core International Human Rights Treaties* ကဲ့သို့သော လူ့အခွင့်အရေး ဆိုင်ရာ စာချုပ်များနှင့် *Selected Decisions of the Human Rights Committee under the Optional Protocol or the Selected Decisions of the Committee against Torture* ကဲ့သို့သော ဥပဒေသီပွဲ တို့ ပါဝင်သည်။

### ၅။ လူ့အခွင့်အရေးအခြေခံ အချက်များ

ဤအချက်အလက်များ၏ရည်ရွယ်ချက်မှာ လူ့အခွင့်အရေးအကြောင်းအရာများဆိုင်ရာ ပိုစတာများ အပါအဝင် အထွေထွေ အများပြည်သူများအား ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာလုပ်ငန်း အကြောင်းကို ပြန်ကြားပေးရန်လည်းကောင်း၊ ကုလသမဂ္ဂလူ့အခွင့်အရေးအစီအစဉ်နှင့်ပတ်သတ်၍ အမေးအများဆုံး မေးခွန်းများအတွက် အဖြေများ စီစဉ်ပေးရန် သော်လည်းကောင်း ဆောင်ရွက်ရန်ဖြစ်သည်။

## *OHCHR ထုတ်ဝေမှုများကို မည်သို့ရရှိနိုင်မည်နည်း။*

OHCHR သည် ၎င်း၏ **ထုတ်ဝေမှုစာရင်း**ကို ပုံမှန် update လုပ်ပေးပါသည်။ OHCHR ထုတ်ဝေမှုအများစုကို ကုလသမဂ္ဂ တရားဝင်ဘာသာစကား ခြောက်မျိုးဖြင့်ထုတ်ဝေသည် - အာရပ် (A)၊ အင်္ဂလိပ် (E)၊ ပြင်သစ် (F)၊ ရုရှား (R)၊ နှင့် စပိန်(S)။

( *W*) ဟုအမှတ်အသားပြုထားသည့် ထုတ်ဝေမှုများကို **OHCHR ဝက်ဘ်ဆိုက်** မှ အခမဲ့ဒေါင်းလုတ်ဆွဲယူနိုင်ပါသည်။ (*)အမှတ်ပြုထားသည့် ထုတ်ဝေမှုများမှာ **ကုလသမဂ္ဂအရောင်းစာပေထုတ်ဝေမှုများ** ဖြစ်ပြီး ကမ္ဘာတစ်ဝှမ်းရှိ စာအုပ်ဆိုင် များ နှင့် ဖြန့်ချီသူများထံမှ ဝယ်ယူရရှိနိုင်ပါသည်။

ပိုမိုသိရှိလိုပါက နယူးယောက်ရှိ ကုလသမဂ္ဂစာအုပ်ဆိုင်၏ ဝက်ဘ်ဆိုက် (readers in Asia and the Pacific, Latin America and North America) သို့မဟုတ် ဂျီနီဗာရှိ အစာအုပ်ဆိုင် (readers in Africa, Europe and the Middle East) တို့ထံ ဝင်ရောက်နိုင်ပါသည်။

လက်ရှိOHCHR ထုတ်ဝေမှုဆိုင်ရာသတင်းအချက်အလက်များတွက် OHCHR ၏ publications ဝက်ဘ်ဆိုက် စာမျက်နှာသို့ ဝင်ရောက်ပေးပါ။

အရပ်ဘက်အဖွဲ့အစည်းများ အနေဖြင့်အသစ်သော ထုတ်ဝေမှုများရှိလာသောအခါ
publications@ohchr.org သို့ အီးမေးလ်စာရေးပို့ပေးပါ။

**OHCHR ထုတ်ဝေမှုအများစုကို အွန်လိုင်းပေါ်မှ ရရယူနိုင်ပါသည်။ ထို့အပြင် အချို့သော သတင်းအချက်အလက်များနှင့် သတင်းတန်းဆောင်ရွက်ချက်များဆိုင်ရာ စာရွက်စာတမ်းအနည်းအကျဉ်းတို့အတွက် အောက်ပါလိပ်စာမှ မှာယူနိုင်ပါသည်။**

Publications and Information Desk
Office of the United Nations High Commissioner for Human Rights
Palais des Nations
8–14, avenue de la Paix CH–1211 Geneva 10
Switzerland
Phone: +41 (0)22 928 92 24
Fax: +41 (0)22 928 90 10
E-mail: publications@ohchr.org

**OHCHR ထုတ်ဝေမှုများကို မှာယူသည့်အခါ အောက်ပါအချက်များကို ရှင်းလင်းစွာဖော်ပြပေးရမည် -**

- ထုတ်ဝေမှုများကို မည်သို့အသုံးချသွားမည်ဟူသည့်ရည်ရွယ်ချက် ဖော်ပြပါ။ သင်တန်းသင်ရိုး၊ ရည်မှန်းချက်များ၊ နေ့စွဲများ၊ တက်ရောက်မည့်သူများ အစရှိသည့် အချက်အလက်များကို ဖော်ပြပေးပါ။ သင်တန်း သို့မဟုတ် သတင်းအချက်အလက်အစီအစဉ် ပြီးဆုံးပြီးနောက် တုန့်ပြန်မှုများကို စာတိုက်ဖြင့်ဖြစ်စေ၊ အီးမေးလ်ဖြင့် ဖြစ်စေ ပေးပို့ရန် တိုက်တွန်းပါသည်။
- ထုတ်ဝေမှုတစ်ခုစီတိုင်းမှ တောင်းဆိုထားသည့်အရေအတွက်
- ဆက်သွယ်ရမည့်ပုဂ္ဂိုလ်အမည်
- အဖွဲ့အစည်းအမည် (ရှိပါက)
- လိပ်စာ
- ဖုန်းနံပါတ်
- ဖက်စ် နံပါတ်
- အီးမေးလ်လိပ်စာ

**ထုတ်ဝေမှုများမှာယူရမည့်ဖောင်ပုံစံကို ဒေါင်းလုတ်ရယူရန် OHCHR Publications ဝက်ဘ်ဆိုက်စာမျက်နှာသို့ ဝင်ရောက်ပါ။ ကုန်ပစ္စည်းပေးရန်ခွင့်ပြုသောအခါ ယင်းပစ္စည်းများကို ကုလသမဂ္ဂရုံးအနီးတွင် လာရောက်ယူရန် ပြင်ဆင်ပေးထားပါသည်။ အရေ အတွက်များကို ကန့်သတ်ထားပြီး စာရင်းတွင် ကွက်လပ်များရှိနေခြင်းသည် သိုလှောက်ရုံတွင် ပစ္စည်းများ ကုန်ဆုံးနေကြောင်း ဖော်ပြခြင်းပင်ဖြစ်သည်။**

OHCHR ထုတ်ဝေမှုများမှ အချက်အလက်များကို  စီးပွားဖြစ်ထုတ်ဝေသူများမှ ပြန်လည် ပရင့်ထုတ်ခြင်း (သို့) ပြန်လည်ထုတ်လုပ်ခြင်းပြုလိုသော် ဂျီနီဗာရှိ ကုလသမဂ္ဂထံရုံး၊ Sales Section, Palais des Nations, 8-14, avenue de la Paix, CH-1211၊ ဂျီနီဗာ ၁၀၊ ဆွစ်ဇလန်။ အီးမေးလ် - unpubli@unog.ch သို့ ၎င်းတို့၏ တောင်းဆိုမှုများကို ပေးပို့ရပါမည်။

## ၁။ OHCHR စာကြည့်တိုက်

ဂျီနီဗာရှိ **OHCHR စာကြည့်တိုက်** သည် OHCHR မိတ်ဖက်အဖွဲ့များ၊ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ ယန္တယားများနှင့် ကျွမ်းကျင်သူများအတွက်လည်းကောင်း၊ OHCHR ဝန်ထမ်းများအတွက် လည်းကောင်း ပြီးပြည့်စုံသော သတင်းအချက် အလက်များနှင့် ရည်ညွှန်းစာအုပ်ဆိုင်ရာ ဝန်ဆောင်မှုများပံ့ပိုးပေးပါသည်။ ၎င်းတွင် လူ့အခွင့်အရေးဆိုင်ရာ စာတမ်းများ၊ ထုတ်ဝေမှုများနှင့် အခြားသော စာအုပ်စာပေများစသည့် တစ်မူထူးခြားသောစုဆောင်းမှုကို ပုံနှိပ်စာပေများဖြင့်လည်း ကောင်း၊ အီလက် ထရောနစ်ပုံစံဖြင့်လည်းကောင်း ထည့်သွင်းထားပါသည်။ လူ့အခွင့်အရေးဆိုင်ရာ ပညာရေးနှင့် သင်တန်း လေ့ကျင့်ရေး ဆိုင်ရာ အရင်းအမြစ်စုစည်းမှုတစ်ရပ်လည်းကို ပေါင်းစပ်ထားသည့် ယင်းစာကြည့်တိုက်သည် ကုလသမဂ္ဂနှင့် လည်း ကောင်း၊ ကမ္ဘာတစ်ဝှမ်းရှိ အခြားကြီးမားသည့်စာကြည့်တိုက်များနှင့် သုတေသနကျောင်းများနှင့်လည်းကောင်း ချိတ်ဆက်မှု ပြုထားပြီး အသုံးပြုသူများအတွက် အွန်လိုင်းရှာဖွေမှုနှင့် အကိုးအကားဝန်ဆောင်မှုများကိုလည်း ပံ့ပိုးပေး ထားပါသည်

OHCHR စာကြည့်တိုက်သည် နိုင်ငံတကာအသိုင်းအဝိုင်းအတွက် အကျိုးပြုသည်နည်းတူ၊ အဖွဲ့အစည်းအပြင်ဘက်ရှိ စိတ်ပါဝင်စားသည့် ပရော်ဖယက်ရှင်နယ်များအတွက်လည်း ဖွင့်လှစ်ပေးထားပါသည်။ ဂျီနီဗာအခြေစိုက် NGO များနှင့် ဂျီနီဗာရှိ ကုလသမဂ္ဂရုံးမှ အသိအမှတ်ပြုထားသည့် NGO များကို စာကြည့်တိုက်သို့လွယ်ကူစွာဝင်ရောက်အသုံးပြုရန် ခွင့်ပြု ပေးထားပါသည်။ အခြားသော NGO အဖွဲ့ဝင်များနှင့် အရပ်ဘက်အဖွဲ့အစည်းပါဝင်ဆောင်ရွက်သူများ သည် ယာယီဝင်ရောက်အသုံးပြုခွင့်ကတ်ပြားကို ရရှိနိုင်ပါသည်။

စာကြည့်တိုက်ဖွင့်ရက်မှာ တနင်္လာနေ့မှ သောကြာအထိဖြစ်ပြီး၊ ဖွင့်ချိန်မှာ နံနက်ပိုင်း နံနက် ၉း၃၀ မှ ၁၂း၃၀ ထိလည်းကောင်း၊ မွန်းလွဲ ၂း၀၀ မှ ၅း၀၀ ထိလည်းကောင်းဖြစ်သည်။ လာရောက်သူများတွင် တရားဝင်မှတ်ပုံတင်တစ်ခု (ကုလသမဂ္ဂအမှတ်တံဆိပ်၊ နိုင်ငံကူးလက်မှတ်၊ မှတ်ပုံတင်ကတ် သို့မဟုတ် ယဉ်မောင်းလိုင်စင်)ယူဆောင်လာရမည်။ ရည်ညွှန်းကျမ်းကိုး စာအုပ်များကိုအများပြည်သူများအတွက် ငှားရမ်းယူဆောင်သွားခွင့်မရှိဘဲ စာကြည့်တိုက်အတွင်းတွင် သာ အသုံးပြုရပါမည်။ စာကြည့်တိုက်အသုံးပြုသူများသည် OHCHR **စာကြည့်တိုက်စည်းမျဉ်းစည်းကမ်းများ** ကိုလိုက်နာ ရပါမည်။ အုပ်ထိန်းသူမပါရှိသော အရွယ်မရောက်သေးသူများကို ဝင်ခွင့်မပြုပါ။

### *OHCHR စာကြည့်တိုက်သို့မည်သို့ဆက်သွယ်မည်နည်း*

**OHCHR စာကြည့်တိုက်သည် Giuseppe Motta အဆောက်အအုံ၏ မြေညီထပ်တွင်တည်ရှိသည်။**

(48, Avenue Giuseppe Motta, Geneva).

စာကြည့်တိုက်ဖွင့်ရက်မှာ တနင်္လာနေ့မှ သောကြာအထိဖြစ်ပြီး၊ ဖွင့်ချိန်မှာ နံနက်ပိုင်း နံနက် ၉း၃၀ မှ ၁၂း၃၀ ထိ လည်းကောင်း၊ မွန်းလွဲ ၂း၀၀ မှ ၅း၀၀ ထိလည်းကောင်းဖြစ်သည်။ လာရောက်သူများတွင် တရားဝင်မှတ်ပုံတင်တစ်ခု (ကုလသမဂ္ဂအမှတ်တံဆိပ်၊ နိုင်ငံကူးလက်မှတ်၊ မှတ်ပုံတင်ကတ် သို့မဟုတ် ယဉ်မောင်းလိုင်စင်)ယူဆောင်လာရမည်။

Phone: +41 (0)22 928 97 90

Fax: +41 (0)22 928 90 65

E-mail: library@ohchr.org

## ၈။ အခြား OHCHR အရင်းအမြစ်အချက်အလက်များ

**OHCHR ဝက်ဘ်ဆိုက်** သည် နိုင်ငံတကာလူ့အခွင့်အရေးယန္တယားများနှင့် OHCHR ဆောင်ရွက်ချက်များတို့နှင့် စပ်လျဉ်းသည့် အထုတ်ဝေမှုများ၊ ကျမ်းကိုးအချက်အလက်နှင့် အခြားသောစာတမ်းများတို့ကို ရှာဖွေရန်အသုံးဝင်လှသည့် အရင်းအမြစ်ဖြစ်သည်။ OHCHR ဝက်ဘ်ဆိုက်၏ ပင်မစာမျက်နှာတွင် search boxes များရှိပြီး ၎င်းအားဖြင့် လူ့အခွင့်အရေးဆိုင်ရာအချက်အလက်များနှင့် တရားဝင်စာတမ်းများအပါအဝင်တို့ကို နိုင်ငံအလိုက်၊ ထုတ်ဝေမှု သို့မဟုတ် ပရော်ဖက်ရှင်နယ် စိတ်ပါဝင်စားမှုအလိုက် လမ်းညွှန်ပေးနိုင်ပါသည်။

ကုလသမဂ္ဂတရားဝင်စာတမ်းများအားလုံးကို အွန်လိုင်းတွင် ကုလသမဂ္ဂ၏ **Official Document System** ပေါ်မှတဆင့် ဝင်ကြည့်နိုင်ပါသည်။

**မီဒီယာစင်တာ**

*OHCHR ဆောင်ရွက်ချက်များနှင့်ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာယန္တယားများနှင့် ဆက်စပ်သည့် ကြေညာချက်များ နှင့် သတင်းထုတ်ပြန်ချက်များ တို့ကို အွန်လိုင်းတွင် မီဒီယာစင်တာမှတဆင့် ဝင်ရောက်နိုင်ပါသည်။ လက်တလောသတင်းများ၊ တွေ့ဆုံမှုများနှင့် ပွဲအစီအစဉ်များ၊ ကုလသမဂ္ဂမဟာမင်းကြီး၏ကြေညာချက်များ၊ မော်ကွန်း သတင်းထုတ်ပြန်ချက်များ စသည်တို့ကို OHCHR ဝက်ဘ်ဆိုက်တွင် ရရှိနိုင်ပါသည်။*

*သတင်းအချက်အလက်များ၊ အင်တာဗျူးခြင်း သို့မဟုတ် ဝေဖန်သုံးသပ်မှုပြုလိုသည့် မီဒီယာသမားများအနေဖြင့် Communications Section သို့ အောက်ပါလိပ်စာအတိုင်းဆက်သွယ်နိုင်ပါသည်။*

E-mail: press-info@ohchr.org
Phone: +41 (0)22 917 97 67 (OHCHR Spokesperson)
+41 (0)22 917 93 83 (Information Officer).

**News alert** များကို အီးမေးလ်ဖြင့်ရရှိလိုပါက press-info@ohchr.org သို့ တောင်းဆိုမှုပြုနိုင်သည်။

တိကျသော ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာအဖွဲ့များနှင့်ယန္တယားများအတွက် OHCHR အရင်းအမြစ်ဆိုင်ရာ သတင်းအချက်အလက်များအတွက် ဤ*လက်စွဲစာအုပ်* ၏ သက်ဆိုင်ရာအခန်း(များ)သို့ဝင်ရောက်ဆွေးနွေးမှုပြုပေးပါ။

ဤလက်စွဲစာအုပ်ကို http://www.ohchr.org/civilsocietyhandbook/ တွင် digital format ဖြင့် ရရှိနိုင်ပါသည်။
၎င်းဝက်ဘ်ဆိုက်တွင် လက်စွဲစာအုပ်၏အခန်းများကို ဒေါင်းလုတ်ဆွဲယူနိုင်ပြီး၊ ၎င်းတို့နှင့်သက်ဆိုင်ရာ အကိုးအကားအားလုံး၏ လင့်ခ်များသို့လည်း ဝင်ရောက်နိုင်ပါသည်။

# ၄။ လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့များ

## လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့များအကြောင်းတစေ့တစောင်း

### မည်သို့သောအဖွဲ့မျိုးနည်း

**လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့**များသည် ကုလသမဂ္ဂလူ့အခွင့်အရေးသဘော တူစာချုပ်များကို အဖွဲ့ဝင်နိုင်ငံများအားဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းကို စောင့်ကြည့်ပေးသော အမှီအခိုကင်းသည့် ကျွမ်းကျင် ပညာရှင်များဖြင့် ဖွဲ့စည်းထားသည့် ကော်မတီများဖြစ်သည်။ ထိုသို့လုပ်ဆောင်ရာတွင် စာချုပ်ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရန်ချမှတ်သည့် ခြေလှမ်းများဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများမှ ပုံမှန်တင်သွင်းသည့် အစီရင်ခံစာများကို ပြန်လည်သုံးသပ်ခြင်းအားဖြင့် ဆောင်ရွက်သည်။ လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့အများစုသည် တိုင်းကြားမှုတစ်ခုစီကိုလက်ခံကာ စဉ်းစားပေးရန် စွမ်းဆောင်နိုင်သလို၊ များစွာသော အဖွဲ့များမှ စုံစမ်းမေးမြန်းမှုများကို ဆောင်ရွက်နိုင်သည်။ တစ်ခုဖြစ်သော **ညှဉ်းပန်းနှိပ်ဆက်မှုကာကွယ်တားဆီးရေး ဆပ်ကော်မတီ** သည် လွတ်လပ်မှုချိုးဖောက်ခံရဖွယ်ရှိသူများရှိသည့်နေရာသို့ ညှဉ်းပန်းနှိပ်စက်မှုကို ကာကွယ်တားဆီးပေးစေရန်အတွက် သွားရောက်လည်ပတ်ခွင့်ရှိသည်။

### *၎င်းတို့မည်သို့လုပ်ဆောင်ကြနည်း*

သဘောတူစာချုပ်များဆိုင်ရာလက်တွေ့ကျသော ပြဋ္ဌာန်းချက်များကို အဖွဲ့ဝင်များမှ အကောင်အထည်ဖော်ဆောင်ရန် လိုက်နာရမည့် တာဝန်အပြင်၊ အဖွဲ့ဝင်နိုင်ငံတိုင်းသည် သဘောတူစာချုပ်၏ ပြဋ္ဌာန်းချက်များကို မည်သို့ အကောင်အထည်ဖော်ဆောင်မှုပြုပုံကို ပုံမှန် အစီရင်ခံစာများ တင်သွင်းရန် သတ်မှတ်ထားပါသည်။ သက်ဆိုင်ရာ လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့သည် ၎င်းအစီရင်ခံစာများ ကို အဖွဲ့ဝင်နိုင်ငံများ၏ ကိုယ်စားလှယ်အဖွဲ့မျက်မှောက်တွင် သတင်းအချက်အလက်အားလုံးကို ထောက်ရှုလျက် သုံးသပ်မှု ပြုပါသည်း အစီရင်ခံစာကို သုံးသပ်မှုပြုစဉ် အဖွဲ့ဝင်နိုင်ငံများမှ ထပ်ဆင့်တင်သွင်းသော အရေးအသားအချက်အလက်များနှင့် နှုတ်ဖြင့်ပြောဆိုသော သတင်းအချက်အလက်များကိုလည်း ထည့်သွင်းပါသည်။ ကော်မတီများသည် ကုလသမဂ္ဂအေဂျင်စီများ၊ အမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများ(NHRI)နှင့် အထူးသဖြင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ (NGOs)၊ ပညာရေးဆိုင်ရာ အဖွဲ့အစည်းများ အစရှိသည်တို့ထံမှလည်းသတင်းအချက်အလက်များကို ရယူပါသည်။

ယင်းဖြစ်စဉ်ကို အခြေပြုလျက် လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့သည် "နိဂုံးချုပ်သုံးသပ်ချက်" (Concluding observations) ကို ချမှတ်ပါသည်။ ၎င်းသုံးသပ်ချက်သည် သဘောတူစာချုပ်ဆိုင်ရာနိုင်ငံများ၏ အကောင်အထည်ဖော်ဆောင်မှုဆိုင်ရာ အပြုသဘော ဆောင်သည့် ကဏ္ဍပိုင်းကိုလည်းကောင်း၊ နိုင်ငံများ ထပ်မံတာဝန်ယူရမည့် ဆောင်ရွက်ချက်များအတွက် စာချုပ်အဖွဲ့မှ အကြံပြုချက် ပေးသည့် နယ်ပယ်ကိုလည်းကောင်း ရည်ညွှန်းပါသည်

ဤလက်စွဲစာအုပ်ကို http://www.ohchr.org/civilsocietyhandbook/ တွင် digital format ဖြင့် ရရှိနိုင်ပါသည်။
၎င်းဝက်ဘ်ဆိုက်တွင် လက်စွဲစာအုပ်၏အခန်းများကို ဒေါင်းလုတ်ဆွဲယူနိုင်ပြီး၊ ၎င်းတို့နှင့်သက်ဆိုင်ရာ အကိုးအကားအားလုံး၏ လင့်ခ်များသို့လည်း ဝင်ရောက်နိုင်ပါသည်။

စာချုပ်အဖွဲ့များသည် အဖွဲ့ဝင်နိုင်ငံများ၏ အစီရင်ခံစာများကို သုံးသပ်မှုပြုသည့်အပြင် သဘောတူစာချုပ်များ၏ အကောင်အထည် ဖော်ဆောင် မှုကို အားဖြည့်ပေးစေမည့် အခြားသော ဆောင်ရွက်မှုများကို ချမှတ်ဆောင်ရွက်ပါသည်။ ၎င်းတို့မှာ -

- **လူ့အခွင့်အရေးဆိုင်ရာကော်မတီ၊ လူမျိုး ရေးခွဲခြားဆက်ဆံမှုပုံသဏ္ဌာန်အားလုံး ဖျက်သိမ်းရေး ဆိုင်ရာကော်မတီ၊ ညှဉ်းပန်း နှိပ်စက်မှု ဆန့်ကျင်ရေး ကော်မတီ၊ အမျိုးသမီးများအား ခွဲခြားဆက်ဆံမှု ပပျောက်ရေးကော်မတီ၊ ရွှေ့ပြောင်း လုပ်သားများနှင့် ၎င်းတို့၏မိသားစု ဝင်များ အားလုံး တို့အား ကာကွယ်စောင့်ရှောက်မှု အခွင့်အရေးဆိုင်ရာကော်မတီ၊ မသန်စွမ်းပုဂ္ဂိုလ်များ၏ အခွင့်အရေးဆိုင်ရာ ကော်မတီ၊** နှင့် အတင်းအကျပ် ပျောက်ကွယ်သွားစေမှုဆိုင်ရာကော်မတီ (၂၀၀၈ ခုနှစ်တွင် စတင် သည်၊ တည်ထောင်မှု မပြု သေး) စသည်တို့သည် တစ်ဦး ခြင်းဆီ (သို့မဟုတ် လူမျိုးရေးခွဲခြားဖိနှိပ် ဆက်ဆံမှုများ ဖျက်သိမ်းရေးဆိုင်ရာကော်မတီ၊ အမျိုးသမီးများ အား ခွဲခြားဆက်ဆံမှုပပျောက်ရေး ကော်မတီ နှင့် မသန်စွမ်းပုဂ္ဂိုလ် များ၏ အခွင့်အရေးဆိုင်ရာ ကော်မတီ တို့၏ အမှုကိစ္စများဆိုင် ရာ လူအုပ်စုများ) မှ ၎င်းတို့၏ အခွင့် အရေးများကို ၎င်းနှင့် သက်ဆိုင်သည့် အဖွဲ့ဝင် နိုင်ငံတစ်ခု အားဖြင့် ချိုးဖောက်ခြင်းခံရမှုအတွက် တင်ပြ လာသည့် တိုင်ကြားမှုများ (သို့) ဆက်သွယ်သတင်းပေးပို့ချက် များကို သုံးသပ် စဉ်းစားပေး နိုင်ပါ သည်။ ၎င်းသည် အကျိုးသက် ရောက်မှုရှိသောအခါ **နိုင်ငံတကာ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေး များဆိုင်ရာ သဘောတူ စာချုပ်** ၏ လိုက်နာရန် ရွေးချယ်ခွင့်ရှိသော နောက်ဆက် တွဲ စာချုပ်သည်လည်း တစ်သီးပုဂ္ဂလ တိုင်ကြားမှုများ ကို ခွင့်ပြုပေး လာပါလိမ့်မည်။ ယင်းတိုင်ကြားမှု ယန္တယားများ အတွင်း စာချုပ်အဖွဲ့များသည် အရေးကြီးသော ကိစ္စရပ်များ အတွက် နောက်ဆုံး ဆုံးဖြတ် ချက် မချမှတ်နိုင်မီ ကာလအထိ အခြေ အနေတစ်ရပ်ကို ထိန်းသိမ်း ပေးရန် ယာယီ ဆောင်ရွက်ချက်များ ချမှတ် နိုင်ပါသည်။

- ညှဉ်းပန်းနှိပ်စက်မှုပပျောက်ရေးကော်မတီ၊ အမျိုးသမီးများအား ဖိနှိပ်ခွဲခြားဆက်ဆံမှုပပျောက်ရေးကော်မတီ၊ မသန်စွမ်းပုဂ္ဂိုလ် များ၏ အခွင့်အရေးဆိုင်ရာကော်မတီနှင့် အတင်းအကျပ်ပျောက်ကွယ်စေမှုဆိုင်ရာကော်မတီ စသည် တို့ သည် အဖွဲ့ဝင်နိုင်ငံတစ်ခုအတွင်း ပြင်းထန်သော၊ စိုးရိမ်ဖွယ်ဖြစ်သော သို့မဟုတ် စနစ်တကျဖြစ်သော ချိုးဖောက်မှုများဆိုင်ရာ သေချာ သော အရိပ်နိမိတ်များပါဝင်သည့် ခိုင်မာသော သတင်း အချက်အလက်များ ရရှိပါက စုံစမ်း စစ်ဆေးမှုများ အစပျိုး ဆောင်ရွက် နိုင်သည်။
- လူမျိုးရေးဖိနှိပ်ခွဲခြားဆက်ဆံမှု ဖျက်သိမ်းရေးဆိုင်ရာကော်မတီ၊ လူ့အခွင့်အရေးကော်မတီ၊ ညှဉ်းပန်း နှိပ်စက်မှု ဆန့်ကျင်ရေး ကော်မတီ၊ အမျိုးသမီးများအား ခွဲခြား ဆက်ဆံမှုပပျောက်ရေးကော်မတီ၊ ရွှေ့ပြောင်း လုပ်သားများနှင့် ၎င်းတို့၏ မိသားစုဝင်များ အားလုံးတို့အား ကာကွယ်စောင့်ရှောက်မှု အခွင့်အရေးဆိုင်ရာ ကော်မတီ တို့တွင် နိုင်ငံအချင်းချင်း တိုင်ကြားမှု သို့မဟုတ် အငြင်းပွားမှုများကို ကိုင်တွယ်ဖြေရှင်းရေး အတွက် လုပ်ထုံးလုပ်နည်းများ ရှိပါသည်။

- လူမျိုးရေဖိနှိပ်ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာကော်မတီသည် ကြိုတင်သတိပေးဆောင်ရွက်ချက်များနှင့် အရေးပေါ် လုပ်ဆောင်ချက် တို့နှင့်ဆက်စပ်သည့် လုပ်ထုံး လုပ်နည်း များကို ဖော်ဆောင်ထား ပါသည်။

လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့များ သည် အထွေထွေသုံးသပ်ချက်များကိုလည်း ချမှတ်ပြီး၊ အကောင်အထည်ဖော်ဆောင်ရွက် မှု အတွက် လက်တွေ့ကျသော လမ်းညွှန် စီစဉ်ပေးရန် တိကျသော အကြောင်းရင်း တစ်ရပ်အပေါ် ကဏ္ဍအလိုက် ဆွေးနွေးမှု များအတွက် အစည်းအဝေး ကျင်းပပေး ပါသည်။

### *လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့များ ထံမည်သို့ချိတ်ဆက်ပြီး အတူတကွ လုပ်ဆောင်နိုင်မည်နည်း*

လူ့အခွင့်အရေးဆိုင်ရာ စာချုပ်ကော်မတီနှင့်အတူ လုပ်ဆောင်ခြင်းသည် အရပ်ဖက်လူ့အဖွဲ့အစည်းများမှ လူ့အခွင့်အရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်ချက်များနှင့် လူ့အခွင့်အရေးဆိုင်ရာ

ဆောင်ရွက်ချက်များ ဖွံ့ဖြိုးမှုတို့ကို ပံ့ပိုး ကူညီရန် ထိရောက်သောနည်းလမ်း ဖြစ်ကြောင်း သက်သေပြလျက်ရှိပါသည်။

အရပ်ဘက်အဖွဲ့အစည်းအနေဖြင့် လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့များစနစ်နှင့် ချိတ်ဆက်မှုပြုနိုင်သည့်နည်းလမ်းများစွာ ရှိပါသော်လည်း စာချုပ်အဖွဲ့ တစ်ခုစီတိုင်း၏ သတ်မှတ်ထားသည့် ပြဋ္ဌာန်းချက်များကို ထည့်သွင်းစဉ်းစားရပါမည်။ ဥပမာ-

- သဘောတူစာချုပ်တစ်ခု၏ အတည်ပြုချက်ကို မြှင့်တင်ပေးခြင်း
- အဖွဲ့ဝင်နိုင်ငံများမှ လိုက်နာဆောင်ရွက်မှုကို ၎င်းတို့၏ အစီရင်ခံတင်ပြမှုတာဝန်များနှင့်အတူ စောင့်ကြည့်ခြင်း
- လူ့အခွင့်အရေးဆိုင်ရာ စာချုပ်အဖွဲ့များသို့ အရေးအသားပြုထားသည့် သတင်းအချက်အလက်နှင့် အကြောင်းအရာများကို အရေးအသားပြုထားသည့် အစီရင်ခံစာများနှင့်အတူ တင်သွင်းခြင်း
- လူ့အခွင့်အရေးဆိုင်ရာ စာချုပ်အဖွဲ့ တစ်ခုစီတိုင်း၏ စည်းမျဉ်းများ အပေါ်မူတည်ပြီး လူ့အခွင့်အရေးဆိုင်ရာ စာချုပ်အဖွဲ့ အစည်းအဝေးကဏ္ဍများတွင် လေ့လာသူနေဖြင့်ဖြစ်စေ၊ နှုတ်ပြောတင်ပြချက်များဖြင့်ဖြစ်စေ ပါဝင် ခြင်း၊
- လူ့အခွင့်အရေးဆိုင်ရာ စာချုပ်အဖွဲ့များ၏ နိဂုံးချုပ်သုံးသပ်ချက်များအပေါ် နောက်ဆက်တွဲဆောင်ရွက်မှု ပြုခြင်း၊
- လူ့အခွင့်အရေးဆိုင်ရာ စာချုပ်အဖွဲ့များ (လူ့အခွင့်အရေးကော်မတီ၊ လူမျိုးရေးခွဲခြားဖိနှိပ်ဆက်ဆံမှုများ ဖျက်သိမ်းရေးဆိုင်ရာကော်မတီ၊ ညှဉ်းပန်းနှိပ်စက်မှု ဆန့်ကျင်ရေး ကော်မတီ၊ အမျိုးသမီးများအား ခွဲခြားဆက်ဆံမှု ပပျောက်ရေးကော်မတီ၊ ရွှေ့ပြောင်းလုပ်သားများနှင့် ၎င်းတို့၏မိသားစုဝင်များ အားလုံးတို့အား ကာကွယ်စောင့်ရှောက်မှု အခွင့်အရေး ဆိုင်ရာကော်မတီ) တို့ထံ တိုင်းကြားမှုတစ်ခုစီ တင်သွင်းခြင်း၊
- လျှို့ဝှက်စုံစမ်းစစ်ဆေးရေး ဆောင်ရွက်မှုပြုရန် သတင်းအချက်အလက်များ စီစဉ်ပံ့ပိုးပေးခြင်း (ညှဉ်းပန်းနှိပ်စက်မှု ဆန့်ကျင်ရေး ကော်မတီ၊ အမျိုးသမီးများအား ခွဲခြားဆက်ဆံမှု ပပျောက်ရေးကော်မတီ၊ ရွှေ့ပြောင်း လုပ်သားများ)
- ကြိုတင်သတိပေးချက်နှင့် အရေးကြီးလုပ်ထုံးလုပ်နည်းများအတွက် သတင်းအချက်အလက်များ စီစဉ်ပံ့ပိုးပေးခြင်း (လူမျိုးရေးဖိနှိပ်ခွဲခြားဆက်ဆံမှုများ ပပျောက်ရေး ဆိုင်ရာကော်မတီ)၊
- လူ့အခွင့်အရေးဆိုင်ရာ စာချုပ် အဖွဲ့များ၏ နှစ်ပတ်လည် ကော်မတီပေါင်းစုံသို့ တင်ပြမှုများ ဆောင်ရွက်ခြင်း တို့ဖြစ်သည်။

## လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့များကို ဆက်သွယ်ခြင်း

ကော်မတီအားလုံးကို ဂျီနီဗာရှိကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံးမှတဆင့်အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။

**[ဆက်သွယ်လိုသည့်ကော်မတီအမည်]**

c/o Office of the United Nations High Commissioner for Human Rights Palais des Nations
8–14, avenue de la Paix
CH–1211 Geneva 10 - Switzerland Fax:
+41 (0)22 917 90 29

## က။ လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့များဟူသည် မည်သည်နည်း။

လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့များအားဖြင့် စောင့်ကြည့်ထားသည့် နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် ကိုးခုသည် နိုင်ငံများအား လူ့အခွင့်အရေးကို မြှင့်တင်စေရန်နှင့် ကာကွယ်စောင့်ရှောက်ရန်အတွက် ဥပဒေရေးရာ လိုက်နာရမည့်တာဝန်များကို ဖန်တီးပေးပါသည်။ နိုင်ငံတစ်နိုင်ငံသည် လူ့အခွင့်အရေးသဘောတူစာချုပ်ကို အတည်ပြုလက်မှတ်ရေးထိုးမှု[5] သို့မဟုတ် သဘောတူညီမှု[6] အားဖြင့်လက်ခံလိုက်သောအခါ ၎င်းသဘောတူစာချုပ်ဆိုင်ရာ အဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်သွားပြီး ၎င်းတွင်ချမှတ်ထားသည့် အခွင့်အရေးများကို အကောင်အထည်ဖော်ဆောင်ရန် ဥပဒေရေးရာ လိုက်နာရမည့် တာဝန်ရှိကြောင်း မှတ်ယူရပါသည်။[7] သဘောတူစာချုပ်များကို အတည်ပြုလက်မှတ်ရေးထိုးခြင်း (သို့) သဘောတူညီခြင်းပြုသော နိုင်ငံများတွင် ၎င်း၏ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ခြင်းအား စောင့်ကြည့်ထိန်းကျောင်းရန်အတွက် **နိုင်ငံတကာလွတ်လပ်သောကျွမ်းကျင်သူများကော်မတီ**(လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့များ)ကို ဖွဲ့စည်းရန် ဖန်တီးပေးခဲ့ပါသည်။[8]

ကုလသမဂ္ဂစာချုပ်အဖွဲ့ ဖွဲ့စည်းပုံစနစ်သည် ပြည်တွင်းလူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်မှုအားကောင်းလာစေရန် အရေးကြီး သောအခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။ လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့များတွင် ယေဘုယျဖြစ်နေသည့် အခြေခံလုပ်ပိုင်ခွင့်အာဏာမှာ အဖွဲ့ဝင်နိုင်ငံများမှ ပုံမှန်တင်သွင်းသည့် အစီရင်ခံစာများကို သုံးသပ်ခြင်းအားဖြင့် **သက်ဆိုင်ရာ သဘောတူစာချုပ်ကို အကောင်အထည်ဖော်ဆောင်မှုအား** စောင့်ကြည့်ပေးရန်ဖြစ်သည်။

၂၀၀၈ ခုနှစ် စက်တင်ဘာလတွင် လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့ ကိုးဖွဲ့ရှိလာပါသည်။

- **လူ့အခွင့်အရေးဆိုင်ရာကော်မတီ** - သည် **နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာနိုင်ငံတကာသဘောတူစာချုပ်** (၁၉၆၆) နှင့် ၎င်း၏ နောက်ဆက်တွဲစာချုပ်များတို့၏ အကောင်အထည်ဖော်ဆောင်ရွက်မှုကို စောင့်ကြည့်ပေးသည်။
- **စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးဆိုင်ရာကော်မတီ** - သည် **စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာနိုင်ငံတကာသဘောတူစာချုပ်**၏ အကောင်အထည်ဖော်ဆောင်ရွက်မှုကို စောင့်ကြည့်ပေးသည်။

---

[5] Ratification, acceptance and approval all refer to the act whereby a State establishes its consent to be bound by a treaty. As a step preceding ratification, the signature of a treaty also creates an obligation on a State, in the period between signature and ratification, acceptance or approval, to refrain in good faith from acts that would defeat the object and purpose of the given treaty (see article 18 of the 1969 **Vienna Convention of the Law of Treaties**).

[6] Accession is the act whereby a State that has not signed a treaty expresses its consent to become a party to that treaty by depositing an "instrument of accession" with the United Nations Secretary-General. Accession has the same legal effect as ratification, acceptance or approval.

[7] Save for provisions of the treaty against which the State has entered a reservation. A reservation is a statement made by a State by which it purports to exclude or alter the legal effect of certain provisions of a treaty in their application to that State. A reservation may enable a State to participate in a multilateral treaty that it would otherwise be unable or unwilling to participate in. States can make reservations to a treaty when they sign, ratify, accept, approve or accede to it. Reservations cannot be contrary to the object and purpose of the treaty.

[8] The International Covenant on Economic, Social and Cultural Rights does not explicitly provide for the creation of a treaty body, but gives the Economic and Social Council (ECOSOC) a general mandate to monitor its implementation. In 1985, a sessional working group established by ECOSOC to assist in the consideration of States parties' reports was reconstituted on the model of the treaty bodies and renamed the "Committee on Economic, Social and Cultural Rights" (ECOSOC resolution 1985/17). The Committee, which first met in 1987, is regarded as a treaty body.

- **လူမျိုးရေးခွဲခြားဖိနှိပ်ဆက်ဆံမှုဖျက်သိမ်းရေးဆိုင်ရာကော်မတီ** သည် **လူမျိုးရေးခွဲခြားဖိနှိပ်ဆက်ဆံမှုပုံသဏ္ဍာန်အားလုံးဖျက်သိမ်းရေးဆိုင်ရာနိုင်ငံတကာသဘောတူစာချုပ်** (၁၉၆၅) ၏ အကောင်အထည်ဖော်ဆောင်ရွက်ချက်ကို စောင့်ကြည့်ပေးသည်။
- **အမျိုးသမီးများအားခွဲခြားဆက်ဆံမှုပပျောက်ရေးကော်မတီ** သည် **အမျိုးသမီးများအားနည်းမျိုးစုံဖြင့်ခွဲခြား ဆက်ဆံမှုပပျောက်ရေးသဘောတူစာချုပ်**(၁၉၇၉)၏ အကောင်အထည်ဆောင်ဆောင်ရွက်ချက်များကို စောင့်ကြည့်ပေးသည်။
- **ညှဉ်းပန်းနှိပ်စက်မှုဆန့်ကျင်ရေးကော်မတီ**သည် **ညှဉ်းပန်းနှိပ်စက်မှုနှင့်အခြားသောရက်စက်မှုပုံသဏ္ဍာန်များဖြစ်သည့် လူမဆန် သော သို့မဟုတ် နိမ့်ကျသောပြုမူမှု သို့မဟုတ် အပြစ်ပေးမှု ဆန့်ကျင်ရေးဆိုင်ရာသဘောတူစာချုပ်** (၁၉၈၄)၏ အကောင် အထည်ဖော်ဆောင်ရွက်မှုကို စောင့်ကြည့်ပေးသည်။
- **ညှဉ်းပန်းနှိပ်စက်မှုကာကွယ်ရေးဆိုင်ရာ ဆပ်ကော်မတီ**သည် **ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားသော ရက်စက်မှုပုံသဏ္ဍာန်များဖြစ်သည့် လူမဆန် သော သို့မဟုတ် နိမ့်ကျသောပြုမူမှု သို့မဟုတ် အပြစ်ပေးမှု ဆန့်ကျင်ရေး ဆိုင်ရာသဘောတူစာချုပ်၏ လိုက်နာရန်ရွေးချယ်ခွင့်ရှိသောနောက်ဆက်တွဲစာချုပ်** (၂၀၀၂) အရ ဖွဲ့စည်းထားခြင်းဖြစ်သည်။
- **ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီ** သည် **ကလေးသူငယ်အခွင့်အရေး ဆိုင်ရာ သဘောတူစာချုပ်** (၁၉၈၉)နှင့် ၎င်း၏နောက်ဆက်တွဲစာချုပ်တို့၏ အကောင်အထည်ဖော်ဆောင်ရွက်မှုကို စောင့်ကြည့်ပေးသည်။
- **ရွှေ့ပြောင်းလုပ်သားဆိုင်ရာကော်မတီ** သည် **ရွှေ့ပြောင်းလုပ်သားအားလုံးနှင့် ၎င်းတို့၏မိသားစုဝင်များတို့၏ အခွင့်အရေးအား ကာကွယ် စောင့်ရှောက်မှုဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်** (၁၉၉၀) ၏ အကောင်အထည်ဖော်ဆောင်ရွက်မှုကို စောင့်ကြည့်ပေးသည်။
- **မသန်စွမ်းပုဂ္ဂိုလ်များ၏အခွင့်အရေးဆိုင်ရာကော်မတီ** သည် **မသန်စွမ်းပုဂ္ဂိုလ်များ၏အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်** (၂၀၀၆) ၏ အကောင်အထည်ဖော်ဆောင်ရွက်မှုကို စောင့်ကြည့်ပေးသည်။[9]

ဆယ်ခုမြောက်ဖြစ်သော စာချုပ်အဖွဲ့ဖြစ်သည့် **အတင်းအကျပ်ပျောက်ကွယ်စေမှုဆိုင်ရာကော်မတီ** ကို **လူအားလုံးအား ပျောက်ကွယ်သွားစေမှုမှ ကာကွယ်ပေးရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်** (၂၀၀၆) သည် အသက်ဝင်လာသည့်အချိန်သည့်အခါမှသာ ဖွဲ့စည်းမည်ဖြစ်သည်။[10]

အထက်ဖော်ပြခဲ့ပြီးသည့်တိုင်း အချို့သောသဘောတူစာချုပ်များကို **လိုက်နာရန်ရွေးချယ်ခွင့်ရှိသော နောက်ဆက်တွဲစာချုပ်**များဖြင့် ထပ်ပေါင်းဖြည့်ထားရာ အဖွဲ့ဝင်နိုင်ငံများမှ အတည်ပြုလက်မှတ်ထိုးနိုင်ပါသည်။[11] နောက်ဆက်တွဲစာချုပ်များတွင် လက်တွေ့ကျသော အခွင့်အရေးဆိုင်ရာများ သို့မဟုတ် စောင့်ကြည့်ထိန်းကျောင်းမှုလုပ်ထုံးလုပ်နည်းများကို ထပ်ပေါင်း ထည့်ထား ပါသည်။ နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာစာချုပ်များတွင် ရွေးချယ်ခွင့်ရှိသောနောက်ဆက်တွဲစာချုပ် ခုနစ်ခု ရှိပါသည်။ ၎င်းတို့မှာ

---

[9] Ratification of and accession to human rights treaties by States has increased significantly in recent years. By 30 September 2008, there were: 162 States parties to the International Covenant on Civil and Political Rights; 159 to the International Covenant on Economic, Social and Cultural Rights; 173 to the International Convention on the Elimination of All Forms of Racial Discrimination; 185 to the Convention on the Elimination of All Forms of Discrimination against Women; 145 to the Convention against Torture and Other Cruel, Inhuman or Degrading Treatment or Punishment; 193 to the Convention on the Rights of the Child; 39 to the International Convention on the Protection of the Rights of All Migrant Workers and Members of Their Families; and 40 to the Convention on the Rights of Persons with Disabilities.

[10] By 30 September 2008, there were five States parties to the International Convention for the Protection of All Persons from Enforced Disappearance. The treaty will enter into force once it has been ratified or acceded to by 20 States.

[11] A State may ratify the Optional Protocols to the Convention on the Rights of the Child if it is a signatory to the Convention but has not ratified or acceded to it.

- နိုင်ငံသားနှင့်နိုင်ငံရေးအခွင့်အရေးများဆိုင်ရာနိုင်ငံတကာသဘောတူစာချုပ်၏ လိုက်နာရန်ရွေးချယ်ခွင့်ရှိသော နောက်ဆက်တွဲစာချုပ်၊
- နိုင်ငံသားနှင့်နိုင်ငံရေးအခွင့်အရေးများဆိုင်ရာနိုင်ငံတကာသဘောတူစာချုပ်၏ လိုက်နာရန်ရွေးချယ်ခွင့်ရှိသော ဒုတိယနောက်ဆက်တွဲစာချုပ် - သေဒဏ်ဖျက်သိမ်းရေးအတွက် ရည်ရွယ်သည်၊
- အမျိုးသမီးများအားနည်းမျိုးစုံဖြင့်ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာသဘောတူစာချုပ်၏ လိုက်နာရန် ရွေးချယ်ခွင့်ရှိသော နောက်ဆက်တွဲစာချုပ်၊
- လက်နက်ကိုင်ပဋိပက္ခတွင်ကလေးသူငယ်များပါဝင်နေမှုနှင့်စပ်လျဉ်းသည့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်၏ လိုက်နာရန်ရွေးချယ်ခွင့်ရှိသော နောက်ဆက်တွဲစာချုပ်၊
- ကလေးသူငယ်များရောင်းဝယ်ခြင်း၊ ကလေးပြည့်တန်ဆာနှင့် ကလေးသူငယ်လိင်ပိုင်းဆိုင်ရာ ညစ်ညမ်းရုပ်သံ ဗီဒီယို များတို့နှင့်စပ်လျဉ်းသည့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်၏ လိုက်နာရန်ရွေးချယ်ခွင့်ရှိသော နောက်ဆက်တွဲစာချုပ်၊
- ညှဉ်းပန်းနှိပ်စက်မှုနှင့်အခြားသောရက်စက်မှုပုံသဏ္ဌာန်များဖြစ်သည့် လူမဆန် သော သို့မဟုတ် နိမ့်ကျသောပြုမူမှု သို့မဟုတ် အပြစ်ပေးမှု ဆန့်ကျင်ရေးဆိုင်ရာသဘောတူစာချုပ်၏ လိုက်နာရန်ရွေးချယ်ခွင့်ရှိသော နောက်ဆက်တွဲ စာချုပ်၊
- မသန်စွမ်းပုဂ္ဂိုလ်များ၏အခွင့်အရေးဆိုင်ရာသဘောတူစာချုပ်၏ လိုက်နာရန်ရွေးချယ်ခွင့်ရှိသော နောက်ဆက်တွဲ စာချုပ်[12]

လူ့အခွင့်အရေးကောင်စီသည် **စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်** ကို ၂၀၀၈ ခုနှစ် ဇွန်လ ၁၈ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။[13]

ကော်မတီများတွင် လူ့အခွင့်အရေးနယ်ပယ်၌ ကျွမ်းကျင်မှုရှိကြောင်း အသိအမှတ်ပြုထားသည့် လွတ်လပ်သော ကျွမ်းကျင် ပညာရှင်များ ၁၀ ဦးမှ ၂၃ ဦးထိပါဝင်သည်။ ထိုသူတို့အား အဖွဲ့ဝင်နိုင်ငံများမှ အဆိုပြုရွေးချယ်ခန့်အပ်ကာ သက်တမ်း လေးနှစ်ဖြစ်ပြီး ထပ်မံသက်တမ်းတိုးနိုင်ပါသည်။ မကြာသေးမီက သဘောတူစာချုပ်များမှ စာချုပ်အဖွဲ့၏ သက်တမ်းကို နှစ်နှစ်အထိ ကန့်သတ်ထားပါသည်။

လူ့အခွင့်ဆိုင်ရာစာချုပ်အဖွဲ့အားလုံးသည် **ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံး** (OHCHR) ၏ **လူ့အခွင့် အရေးဆိုင်ရာ သဘောတူစာချုပ်ရုံးခွဲ** ၏ သဘောတူစာချုပ်များနှင့် နောက်ဆက်တွဲဆောင်ရွက်မှုယူနစ်တို့အားဖြင့် ဝန်ဆောင်မှုပေးခြင်းဖြစ်ပြီး၊ ၎င်းသည် စာချုပ်အဖွဲ့များအတွက် တင်သွင်းစာများ၊ အစီရင်ခံစာများနှင့် စာပေးစာယူများ လက်ခံပေးခြင်း၊ အစီရင်ခံစာများပြင်ဆင်ပေးခြင်း၊ နည်းပညာပူးပေါင်းဆောင်ရွက်မှုများစီစဉ်ဆောင်ရွက်ပေးခြင်း၊ အဖွဲ့ဝင် နိုင်ငံများအတွက် လမ်းညွှန်အကြံပေးခြင်း၊ အစည်းအဝေးများ စီစဉ်ပေးခြင်းနှင့် စာချုပ်အဖွဲ့များမှ တောင်းဆိုသည့် အခြားသော ထောက်ပံ့ပို့ဆောင်ရေးပံ့ပိုးမှုများကို ဆောင်ရွက်ပေးခြင်း အစရှိသည်တို့ကို လုပ်ဆောင်ပေးပါသည်။

---

[12] By 30 September 2008, there were: 111 States parties to the Optional Protocol to the International Covenant on Civil and Political Rights; 68 to the Second Optional Protocol to the International Covenant on Civil and Political Rights, aiming at the abolition of the death penalty; 92 to the Optional Protocol to the Convention on the Elimination of Discrimination against Women; 123 to the Optional Protocol to the Convention on the Rights of the Child on the involvement of children in armed conflict; 129 to the Optional Protocol to the Convention on the Rights of the Child on the sale of children, child prostitution and child pornography; 35 to the Optional Protocol to the Convention against Torture and Other Cruel, Inhuman or Degrading Treatment or Punishment; and 24 to the Optional Protocol to the Convention on the Rights of Persons with Disabilities.

[13] The General Assembly is also expected to adopt it in 2008.

စာချုပ်အဖွဲ့များအားလုံး၏ အစည်းအဝေးများကို ဂျီနီဗာမြို့ သို့မဟုတ် နယူးယောက်မြို့တွင် ကျင်းပါသည်[14] (ဂျီနီဗာ တွင် OHCHR ပင်မအဆောင်အဦးရှိ Palais Wilson ၌ ကျင်းပလေ့ရှိသလို၊ အခါအားလျော်စွာ Palais des Naiton တွင်လည်း ကျင်းပပါသည်)။ OHCHR သည် ၎င်း၏ အစည်းအဝေးခန်းမများ၊ စာတမ်းများနှင့် နည်းပညာတို့ကို ကျွမ်းကျင်ပညာရှင်များ၊ ကိုယ်စားလှယ်တော်များနှင့် အရပ်ဘက်အဖွဲ့အစည်းမှမသန်စွမ်းကိုယ်စားပြုသူများ အစရှိသည်တို့မှ အသုံးပြုနိုင်စေရန် သေချာစေပြီး စာချုပ်အဖွဲ့များ၏ လုပ်ငန်းတွင် ချိတ်ဆက်ဆောင်ရွက်နိုင်စေရန်အတွက် ဆောင်ရွက်ပေးပါသည်။

IV

[14] The Human Rights Committee's March ("spring") sessions take place in New York; sessions of the Committee on the Elimination of Discrimination against Women take place in both New York and Geneva.

## လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့ ဖွဲ့စည်းမှု

| လူ့အခွင့်ရေးဆိုင်ရာစာချုပ်ကော်မတီ | ရေးဆွဲထားသည့်စာချုပ် | ရေးဆွဲချမှတ်ထားသည့်စာချုပ်၏ လိုက်နာရန်ရွေးချယ်ခွင့်ရှိသော နောက်ဆက်တွဲစာချုပ်(များ) |
|---|---|---|
| **လူ့အခွင့်အရေးဆိုင်ရာကော်မတီ** ကို ၁၉၇၇ ခုနှစ်တွင် ဖွဲ့စည်းသည်။ | **နိုင်ငံသားနှင့်နိုင်ငံရေးဆိုင်ရာ အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ သဘောတူ စာချုပ်၊** ၁၉၉၆ ခုနှစ်တွင် အတည်ပြုခဲ့သည်။ | **နိုင်ငံသားနှင့်နိုင်ငံရေးဆိုင်ရာ အခွင့် အရေးဆိုင်ရာ နိုင်ငံတကာ သဘောတူ စာချုပ်၏ လိုက်နာရန်ရွေးချယ်ခွင့် ရှိသော နောက်ဆက်တွဲစာချုပ်** (တစ်ဦး ချင်းဆီမှ တိုင်းကြားမှုများကို ခွင့်ပြု ပေးသည်) ၁၉၆၆ ခုနှစ်တွင် အတည် ပြုခဲ့သည်။<br><br>**သေဒဏ်ချမှတ်မှုကို ဖျက်သိမ်းရေး အတွက် ရည်ရွယ်သော နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့် အရေးဆိုင်ရာ နိုင်ငံတကာ သဘောတူ စာချုပ်၏ လိုက်နာရန်ရွေးချယ်ခွင့် ရှိသော ဒုတိယ နောက်ဆက်တွဲစာချုပ်၊** ၁၉၈၉ ခုနှစ်တွင် အတည်ပြုခဲ့သည်။ |
| **စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးဆိုင်ရာ ကော်မတီ၊** ၁၉၈၅ ခုနှစ် တွင် ဖွဲ့စည်းသည်။ | **စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ သဘောတူ စာချုပ် (ICESCR)၊** ၁၉၆၆ ခုနှစ်တွင် အတည်ပြုသည်။ | **စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ သဘောတူ စာချုပ်၏ လိုက်နာရန်ရွေးချယ်ခွင့် ရှိသော နောက်ဆက်တွဲစာချုပ်**ကို ၂၀၀၈ ခုနှစ် တွင် လူ့အခွင့်အရေးကောင်စီမှ အတည်ပြု ပြဋ္ဌာန်းခဲ့သည်။ အထွေထွေညီလာခံမှ အတည်ပြုပြဋ္ဌာန်းရန် မျှော်မှန်းထားပြီး၊ အသက်ဝင်မှုရှိလာသောအခါ တစ်သီး ပုဂ္ဂလတိုင်ကြားစာများ ကို ခွင့်ပြုပေး လာမည် ဖြစ်သည်။ |
| **လူမျိုးရေးခွဲခြားဆက်ဆံမှုကို ဖျက်သိမ်း ရေးဆိုင်ရာ ကော်မတီ၊** ၁၉၇၀ ခုနှစ်တွင် ဖွဲ့စည်းသည်။ | **လူမျိုးရေးခွဲခြားဖိနှိပ်မှုပုံသဏ္ဍာန် အားလုံးကို ဖျက်သိမ်းရေးဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် (ICERD)၊** ၁၉၆၅ ခုနှစ် တွင် အတည်ပြုသည်။ | **နောက်ဆက်တွဲစာချုပ်မရှိပါ** |
| **အမျိုးသမီးများအား ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ ကော်မတီ၊** ၁၉၈၂ ခုနှစ် တွင် ဖွဲ့စည်းသည်။ | **အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြား ဆက်ဆံမှု ပပျောက်ရေး သဘောတူစာချုပ် (CEDAW)၊** ၁၉၇၉ တွင် အတည်ပြုသည်။ | **အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြား ဆက်ဆံမှု ပပျောက်ရေး သဘောတူစာချုပ် ၏ လိုက်နာရန်ရွေးချယ်ခွင့် ရှိသော နောက် ဆက်တွဲစာချုပ်** (တစ်သီးပုဂ္ဂလ တိုင်ကြား မှုများ နှင့် စုံစမ်းမှုများကို ခွင့်ပြုပေးသည်)၊ ၁၉၉၉ ခုနှစ်တွင် အတည်ပြုသည်။ |
| **ညှဉ်းပန်းနှိပ်စက်မှုဆန့်ကျင်ရေး ကော်မတီ၊** ၁၉၈၇ ခုနှစ်တွင် ဖွဲ့စည်းသည်။ | **ညှဉ်းပန်းနှိပ်စက်မှုနှင့်အခြားသောရက်စက်မှု ပုံသဏ္ဍာန်များဖြစ်သည့် လူမဆန် သော သို့မဟုတ် နှိမ့်ကျသောပြုမူမှု သို့မဟုတ် အပြစ်ပေးမှု ဆန့်ကျင်ရေးဆိုင်ရာ သဘော တူစာချုပ်၊** ၁၉၈၄ ခုနှစ်တွင် အတည်ပြု သည်။ | နောက်ဆက်တွဲဇယားကို ကြည့်ပါ |

| လူ့အခွင့်အရေးဆိုင်ရာစာချုပ်ကော်မတီ | ရေးဆွဲထားသည့်စာချုပ် | ရေးဆွဲချမှတ်ထားသည့်စာချုပ်၏ လိုက်နာရန်ရွေးချယ်ခွင့်ရှိသော နောက်ဆက်တွဲစာချုပ်(များ) |
|---|---|---|
| **ညှဉ်းပန်းနှိပ်စက်မှုမှ ကာကွယ်တားဆီး ဆိုင်ရာ ဆက်ကော်မတီ၊** ၂၀၀၆ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ | **ညှဉ်းပန်းနှိပ်စက်မှုနှင့်အခြားသောရက်စက်မှုပုံသဏ္ဍာန်များဖြစ်သည့် လူမဆန် သော သို့မဟုတ် နှိမ့်ကျသောပြုမူမှု သို့မဟုတ် အပြစ်ပေးမှု ဆန့်ကျင်ရေးဆိုင်ရာ သဘော တူစာချုပ် ၏ နောက်ဆက်တွဲစာချုပ် (OPCAT)** (၎င်းမှ နိုင်ငံတကာနှင့် ပြည်တွင်း စောင့်ကြည့်လေ့လာရေး ဆိုင်ရာယန္တယားများတည်ဆောက်ပေးသည်)၊ ၂၀၀၂ ခုနှစ်တွင် အတည်ပြုခဲ့သည်။ | |
| **ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီ၊** ၁၉၉၁ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ | **ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူ စာချုပ် (CRC)၊** ၁၉၈၉ ခုနှစ်တွင် အတည်ပြုခဲ့သည်။ | **လက်နက်ကိုင်ပဋိပက္ခတွင် ကလေးသူငယ် ပါဝင်မှုနှင့် စပ်လျဉ်းသည် ကလေးသူငယ် အခွင့်အရေးဆိုင်ရ သဘောတူစာချုပ်၏ လိုက်နာရန်ရွေးချယ်ခွင့်ရှိသော နောက်ဆက် တွဲစာချုပ်၊** ၂၀၀၀ ခုနှစ်တွင် အတည်ပြုခဲ့သည်။<br><br>**ကလေးသူငယ်များရောင်းဝယ်ခြင်း၊ ကလေး ပြည့်တန်ဆာနှင့် ကလေးသူငယ် လိင်ပိုင်း ဆိုင်ရာ ညစ်ညမ်းရုပ်သံ ဗီဒီယို များတို့နှင့် စပ်လျဉ်းသည့် ကလေးသူငယ် အခွင့်အရေး ဆိုင်ရာ သဘောတူစာချုပ်၏ လိုက်နာရန် ရွေးချယ်ခွင့်ရှိသော နောက်ဆက်တွဲစာချုပ်၊** ၂၀၀၀ ခုနှစ်တွင် အတည်ပြုခဲ့သည်။ |
| **ရွှေ့ပြောင်းလုပ်သားများနှင့် ၎င်းတို့၏ မိသားစုဝင်များအားလုံး၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး ကော်မတီ၊** ၂၀၀၄ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ | **ရွှေ့ပြောင်းလုပ်သားများနှင့် ၎င်းတို့၏ မိသားစုဝင်များအားလုံး၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဆိုင်ရ နိုင်ငံတကာ သဘောတူစာချုပ်၊** ၁၉၉၀ ခုနှစ်တွင် အတည်ပြုခဲ့သည်။ | နောက်ဆက်တွဲစာချုပ်မရှိပါ။ |
| **မသန်စွမ်းပုဂ္ဂိုလ်များ၏အခွင့်အရေးဆိုင်ရာ ကော်မတီ၊** ၂၀၀၈ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ | **မသန်စွမ်းပုဂ္ဂိုလ်များ၏အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်၊** ၂၀၀၆ ခုနှစ်တွင် အတည်ပြုခဲ့သည်။ | **မသန်စွမ်းပုဂ္ဂိုလ်များ၏အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်၏ လိုက်နာရန် ရွေးချယ် ခွင့်ရှိသော နောက်ဆက်တွဲစာချုပ်** (တစ်ဦး ချင်းစီ၏ တိုင်ကြားမှုများကို ခွင့်ပြုသည်)၊ ၂၀၀၆ ခုနှစ်တွင် အတည်ပြုခဲ့သည်။ |
| **အတင်းအကျပ် ပျောက်ကွယ်စေမှု ဆိုင်ရာ ကော်မတီ** (၂၀၀၈ ခုနှစ်တွင် အစပျိုးသော်လည်း မဖွဲ့စည်းရသေးပါ) | **အတင်းအကျပ် ပျောက်ကွယ်စေမှုမှ လူအားလုံး တို့အား ကာကွယ်စောင့်ရှောက်ရေး အတွက် နိုင်ငံတကာသဘောတူစာချုပ်၊** ၂၀၀၆ ခုနှစ်တွင် အတည်ပြုခဲ့သည်။ ((၂၀၀၈ ခုနှစ်အထိ အသက်ဝင်မှုမရှိခဲ့သေးပါ)၊ | နောက်ဆက်တွဲစာချုပ်မရှိပါ။ |

### လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့များအတွက် OHCHR သတင်းအချက်အလက်များ

နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာသဘောတူစာချုပ်များနှင့် လူ့အခွင့်အရေးဆိုင်ရာ စာချုပ်အဖွဲ့များ၏ သတင်းအချက်များကို OHCHR ဝက်ဘ်ဆိုက်နှင့် အောက်ဖော်ပြပါ OHCHR အချက်အလက်သတင်းလွှာများတွင် ရရှိနိုင်ပါသည်။

- **အမှတ် ၁၀ (Rev. 1)- ကလေးသူငယ်အခွင့်အရေး၊**
- **အမှတ် ၁၂ - လူမျိုးရေးဖိနှိပ်ခွဲခြားဆက်ဆံမှုဖျက်သိမ်းရေးဆိုင်ရာကော်မတီ၊**
- **အမှတ် ၁၅ - (Rev 1) – နိုင်ငံသားနှင့်နိုင်ငံရေးအခွင့်အရေး- လူ့အခွင့်အရေးကော်မတီ၊**
- **အမှတ် ၁၆ - (Rev 1) – စီးပွားရေး၊လူမှုရေးနှင့်ယဉ်ကျေးမှုအခွင့်အရေးဆိုင်ရာကော်မတီ၊**
- **အမှတ် ၁၇ - ညှဉ်းပန်းနှိပ်စက်မှုဆန့်ကျင်ရေးကော်မတီ၊**
- **အမှတ် ၂၂ - အမျိုးသမီးများအားခွဲခြားဆက်ဆံမှု - သဘောတူစာချုပ်နှင့်ကော်မတီ၊**
- **အမှတ် ၂၄ (Rev.1) - ရွှေ့ပြောင်းလုပ်သားများဆိုင်ရာနိုင်ငံတကာသဘောတူစာချုပ်နှင့်ကော်မတီ၊**
- **အမှတ် ၃၀ - ကုလသမဂ္ဂလူ့အခွင့်အရေးသဘောတူစာချုပ်ဖွဲ့စည်းပုံစနစ် - လူ့အခွင့်အရေးဆိုင်ရာ အဓိက သဘောတူစာချုပ်များနှင့် စာချုပ်အဖွဲ့များ၊**
- **အမှတ် ၇ (Rev. 1) - တိုင်းကြားမှုလုပ်ထုံးလုပ်နည်းများ**

လက်ရှိ OHCHR အချက်အလက်သတင်းလွှာများအတွက် OHCHR ဝက်ဘ်ဆိုက်သို့ဝင်ရောက်ပေးပါ။

အဖွဲ့ဝင်များ၏အစီရင်ခံမှုကို ပိုမိုလေ့လာလိုပါက အဖွဲ့ဝင်နိုင်ငံအစီရင်ခံမှုလုပ်ငန်းစဉ်နှင့်စပ်လျဉ်းသည့် လူ့အခါင့်အရေးဆိုင်ရာ စာချုပ်အဖွဲ့များ၏ လုပ်ဆောင်ပုံနည်းလမ်းများအကြောင်း အစီရင်ခံမှုကို ကြည့်ပါ။ (HRI/MC/2008/4)

## ခ။ လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့များ မည်သို့လုပ်ဆောင်သနည်း။

လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့များသည် သဘောတူစာချုပ်များကို အဖွဲ့ဝင်နိုင်ငံများမှ မည်သို့အကောင်အထည်ဖော် ဆောင်ရွက်သည်ကို စောင့်ကြည့်ရန် လုပ်ငန်းကဏ္ဍများစွာကို ဆောင်ရွက်မှုပြုပါသည်။ ၎င်းတို့၏ဆောင်ရွက်ချက်များကို ညှိနှိုင်းမှုပြုသော်လည်း၊ ၎င်းတို့၏ လုပ်ထုံးလုပ်နည်းနှင့် ကျင့်သုံးပုံများ ကွဲပြားကြသည်။ အရပ်ဘက်အဖွဲ့စည်း ဆောင်ရွက်ချက်များနှင့်သက်ဆိုင်သည့် အချို့သော အဓိကခြားနားမှုများကို ဤအခန်း၏အဆုံးပိုင်းရှိ နောက်ဆက်တွဲတွင် ဖော်ပြထားသည်။

### ၁။ အဖွဲ့ဝင်နိုင်ငံများ၏အစီရင်ခံမှုဆိုင်ရာလိုက်နာရမည့်တာဝန်များ

နိုင်ငံတစ်နိုင်ငံသည် သဘောတူစာချုပ်တစ်ခုကို အတည်ပြုလက်မှတ်ရေးထိုးလိုက်သောအခါ သဘောတူစာချုပ်၏ လက်တွေ့ကျသော ပြဋ္ဌာန်း ချက်များကို အကောင်အထည်ဖော်ဆောင်ရန်လိုက်နာရမည့်တာဝန်များရှိသည့်အပြင်၊ ယင်း အကောင် အထည်ဖောင်ဆောင်မှုအတွက် လုပ်ဆောင်ခဲ့သောဆောင်ရွက်ချက်များနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ ကော်မတီ သို့ **ပုံမှန်အစီရင်ခံမှုများ** တင်သွင်းရန် လိုက်နာရမည့်တာဝန်ရှိသည်ဟုယူဆရပါသည်။ ယင်းအစီရင်ခံစာများသည် စာချုပ် ပြဋ္ဌာန်း ချက်များကို အကောင်အထည်ဖော်ဆောင်ရန် နိုင်ငံမှအတည်ပြုထားသည့် ဥပဒေရေးရာ၊ အုပ်ချုပ်မှုရေးရာ၊ တရားစီရင်ရေးရာ ဆောင်ရွက်ချက်များ နှင့် အခြားဆောင်ရွက်ချက်များကို ဖော်ပြရပါမည်ဖြစ်ပြီး၊ ၎င်းမှ ကြုံတွေ့ရသည့် အခက်အခဲဆိုင်ရာ သတင်းအချက်အလက်များကိုလည်း ဖော်ပြပေးရပါမည်။ နောက်ဆုံးတွင် ၎င်းအစီရင်ခံစာများကို နိုင်ငံကိုယ်စားပြုအဖွဲ့၏ ရှေ့မှောက်တွင် သက်ဆိုင်ရာကော်မတီမှ စစ်ဆေးမှုဆောင်ရွက်ပေးပါမည်။

**ကနဦးအစီရင်ခံစာ** ကို အများအားဖြင့် သက်ဆိုင်ရာနိုင်ငံတွင် သဘောတူစာချုပ်အသက်ဝင်မှုရှိပြီးနောက်တစ်နှစ် သို့မဟုတ် နှစ်နှစ် အကြာဆောင်ရွက်ရန်သတ်မှတ်ထားပါသည်။ နောက်ဆက်တွဲပုံမှန်အစီရင်ခံစာများကို စာချုပ်ပြဋ္ဌာန်းချက်များနှင့် ကော်မတီမှဆုံးဖြတ်ချက်ချမှတ်မှုအပေါ် မူတည်၍ နှစ်နှစ်မှ ငါးနှစ်အထိ ကွဲပြားကြပါသည်။ ကော်မတီများစွာတို့က ပေါင်းစပ်

အစီရင်ခံစာများကို လက်ခံသည်။ ဆိုလိုသည်မှာ အဖွဲ့ဝင်နိုင်ငံတစ်ခုသည် ၎င်း၏ပုံမှန်အစီရင်ခံကို နှစ်ခု သို့မဟုတ် သုံးခု အား ပေါင်းစပ်အစီရင်ခံစာအဖြစ် ကော်မတီသို့ပေးအပ်နိုင်သည်။ စာချုပ်အဖွဲ့အများစုသည် ၎င်းတို့၏ နိဂုံးချုပ် သုံးသပ်မှု များတွင် နောက်တစ်ကြိမ်အစီရင်ခံစာ တင်သွင်းရမည့် အချိန်ကို သတ်မှတ်ပေးပါသည်။

အဖွဲ့ဝင်နိုင်ငံများသည် စာချုပ်အဖွဲ့များအတွက် ၎င်းတို့၏အစီရင်ခံစာများ ပြင်ဆင်ပေးမှုကို နိုင်ငံတကာ လိုက်နာရမည့် တာဝန်တစ်ရပ်ကို ဖြည့်ဆည်းဆောင်ရွက်ချက်အတွက်အဖြစ်သာ မမြင်ဘဲ၊ ၎င်းသည် မိမိတို့နိုင်ငံအတွင်း မူဝါဒစီမံချမှတ်မှု ရည်ရွယ်ချက်အတွက် လူ့အခွင့်အရေးနိုင်ကာကွယ်စောင့်ရှောက်ရမည့်အခြေအနေကို သုံးသပ်ရန် အခွင့်ထူးတစ်ရပ် အဖြစ်လည်း ထင်မှတ်ရန် အားပေးပါသည်။

### ၂။ စာချုပ်အဖွဲ့များမှ အဖွဲ့ဝင်နိုင်ငံများ၏ အစီရင်ခံစာများကို သုံးသပ်စဉ်စားပေးခြင်း

#### ဆွေးနွေးရမည့်ကိစ္စရပ်များစာရင်း

အစည်းအဝေးမကျင်းပမီ ကော်မတီသည် အဖွဲ့ဝင်နိုင်ငံတစ်ခု၏ အစီရင်ခံစာ(များ)ကို ကြိုတင်သုံးသပ် စဉ်စားမှု ဆောင်ရွက်ပြီး၊ ဆွေးနွေးရမည့်ကိစ္စရပ်များနှင့် မေးခွန်းများ စာရင်းကို ပြုစုကာ၎င်းကို အဆိုပါအဖွဲ့ဝင်သို့ ပေးပို့ပါမည်။ အဖွဲ့ဝင်နိုင်ငံသည် အများအားဖြင့် ၎င်းစာရင်းများအားတုန့်ပြန်ချက်များကို အရေးအသားဖြင့် တင်သွင်းရာ ၎င်းဖြေကြားချက်များကို OHCHR ဝက်ဘ်ဆိုက်အပေါ်တွင်လည်း ပို့စ်တင်ပေးပါသည်။

ထိုဆွေးနွေးရမည့်ကိစ္စရပ်များစာရင်းအား အရေးသားဖြင့်တုန့်ပြန်မှုပြုထားခြင်းသည် အဖွဲ့ဝင်နိုင်ငံ၏အစီရင်ခံစာအတွက် ဖြည့်စွတ်ချက်များဖြစ်ပြီး၊ အထူးသဖြင့် ၎င်းတို့သည် ပုံမှန်အစီရင်ခံစာတင်သွင်းမှုနှင့် စစ်ဆေးမှုပြုသည်အကြား ရှည်ကြာသော နှောင့်နှေးမှုမဖြစ်စေရန်အရေးကြီးလှပါသည်။

အမျိုးသမီးများအားခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ ကော်မတီ၊ စီးပွားရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှုအခွင့်အရေးများ ဆိုင်ရာကော်မတီ၊ နှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ  အစရှိသည့် ကော်မတီအသီးသီးတို့သည် တစ်ပတ်ကြာ၊ ရှေ့ပြေးလုပ်ငန်းအဖွဲ့အစည်းအဝေးတစ်ခုကျင်းပပြီး အနီးဆုံးအနာဂတ်အတွက် စဉ်းစားထားသည့် အဖွဲ့ ဝင်နိုင်ငံ များ၏ အစီရင်ခံစာများနှင့် စပ်လျဉ်း၍ ဆွေးနွေးရမည့်ကိစ္စရပ်များ စာရင်းနှင့်မေးခွန်းများကို ပြင်ဆင်ပါသည်။ လူ့အခွင့်အရေး ဆိုင်ရာကော်မတီသည် တိုင်းပြည်အစီရင်ခံစာလုပ်ငန်းအဖွဲ့[15]သို့ တာဝန်ပေးအပ်ရာ၊ ၎င်းသည် တင်သွင်းထားသည့် နိုင်ငံ့အစီရင်ခံစာကို စစ်ဆေးမှုအပြုမီ အစည်းအဝေး ကာလ အတွင်းတွေ့ဆုံမှုပြုပါသည်။

ကော်မတီအများစုသည် ၎င်းတို့၏အဖွဲ့ဝင်များထဲမှတစ်ဦးအား **နိုင်ငံ့အထူးကိုယ်စားလှယ်** အဖြစ် တိကျသော နိုင်ငံ တစ်နိုင်ငံအတွက်ဆွေးနွေးရမည့်ကိစ္စများ စာရင်းကို ဖော်ဆောင်မှုအား ဦးဆောင်ပေးနိုင်မည့်သူအဖြစ် ခန့်အပ်ပါသည်။

#### အခြားသတင်းအချက်အလက်အရင်းအမြစ်များ

အဖွဲ့ဝင်နိုင်ငံ၏အစီရင်ခံစာအပြင် လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့များသည် ကုလသမဂ္ဂအေဂျင်စီများ၊ ရန်ပုံငွေများ နှင့် အစီအစဉ်များနှင့် အခြားသော နိုင်ငံတကာအဖွဲ့အစည်းများ၊ အမျိုးသားလူ့အခွင့်အရေးဆိုင်ရာအဖွဲ့အစည်းများ (NHRIs)၊ သာမက အရပ်ဖက်အဖွဲ့အစည်းများ၊ အထူးသဖြင့် NGO များ (ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာနှစ်ရပ်လုံး)၊ ပရော်ဖက်ရှင် အသင်းအဖွဲ့များနှင့် ပညာရေးဆိုင်ရာအဖွဲ့အစည်းများ စသည်တို့မှ စာချုပ်ပြဋ္ဌာန်းချက်များ အကောင်အထည်ဖော်ဆောင်မှု ဆိုင်ရာ သတင်းအချက်အလက်များကိုလည်း ရရှိနိုင် ပါသည်။

---

[15] Country report task forces consist of a country rapporteur and four to six other members of the Committee nominated by its Chairperson.

## အဖွဲ့ဝင်နိုင်ငံများ၏အစီရင်ခံစာများကို သုံးသပ်စဉ်းစားမှုပြုခြင်း

အဖွဲ့ဝင်နိုင်ငံများသည် ကော်မတီ၏အစည်းအဝေးသို့တက်ရောက်ပြီး အစီရင်ခံစာတင်ပြခြင်း၊ ကော်မတီအဖွဲ့ဝင်များ၏ မေးခွန်းများကို ဖြေကြားပေးခြင်းနှင့် အခြားသတင်းအချက်အလက်များကို ကော်မတီအတွက် ပံ့ပိုးပေးခြင်း တို့အတွက် ဖိတ်ကြားခြင်းခံရပါသည်။ ရရှိထားသည့်သတင်းအချက်အလက်များအပေါ် မှီငြမ်းပြီး ကော်မတီသည် အစိုးရ ကိုယ်စားလှယ်များနှင့်အတူတကွ အစီရင်ခံစာကို စစ်ဆေးမှုပြုပါသည်။ ရည်ရွယ်ချက်မှာ အဖွဲ့ဝင်နိုင်ငံအား သဘောတူစာချုပ်ကို အပြည့်ဝဆုံးနှင့် အထိရောက်ဆုံး အကောင်အထည်ဖော်ဆောင်နိုင်ရန် ၎င်း၏ကြိုးစားအားထုတ်မှုကို ပံ့ပိုးကူညီပေးမည့် အပြုသဘောဆောင်သည့် အပြန်အလှန်ဆွေးနွေးမှု ဆောင်ရွက်ရန်ဖြစ်သည်။ အစာချုပ်အဖွဲ့များသည် တရားစီရင်ရေးအဖွဲ့များ မဟုတ်ပါ။ သဘောတူစာချုပ်ဆိုင်ရာအကောင်အထည်ဖော်ဆောင်မှုကို စောင့်ကြည့်လေ့လာပေးပြီး အဖွဲ့ဝင်နိုင်ငံများအား အားပေးလှုံ့ဆော်မှုပေးခြင်းနှင့် အကြံပြုခြင်းတို့ဆောင်ရွက်ပါသည်။

**မကြာမီပြုလုပ်မည့်စာချုပ်အဖွဲ့အစည်းအဝေးများ** ဆိုင်ရာပုံမှန် update လုပ်ထားသည့် သတင်းအချက် အလက်များနှင့် အဖွဲ့ဝင်နိုင်ငံများမှ ယင်း အစည်းအဝေးများတွင် တက်ရောက်မည့် အချိန်ဇယားများကို OHCHR ဝက်ဘ်ဆိုက်ရှိ human rights treaty bodies section တွင် ဖော်ပြထားပါသည်။

## နိဂုံးချုပ်သုံးသပ်ချက်များနှင့်အကြံပြုချက်များ

အဖွဲ့ဝင်နိုင်ငံတစ်ခုနှင့် ၎င်းတို့၏ဆွေးနွေးမှုနှင့် အခြားရရှိထားသည့် သတင်းအချက်အလက်အပေါ် အခြေပြုလျက် လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့များသည် **နိဂုံးချုပ်သုံးသပ်ချက်များ**[16] ဟု ယေဘုယျခေါ်ဝေါ်သည့်အချက်များကို ချမှတ်ပါသည်။ ၎င်းအချက်များသည် အဖွဲ့ဝင်နိုင်ငံ၏ အကောင်အထည်ဖော်ဆောင်ရွက်မှုဆိုင်ရာ အပေါင်းလက္ခဏာရှုထောင့်နှင့် အဖွဲ့ဝင်နိုင်ငံများမှ ထပ်မံဆောင်ရွက်ရမည့် နယ်ပယ်များဆိုင်ရာ စာချုပ် အဖွဲ့၏ အကြံ ပြုချက်များ ကိုရည်ညွှန်းသည်။ အဖွဲ့ဝင်နိုင်ငံများသည် ထပ်မံအကြံပြုချက်များနှင့် သဘောတူစာချုပ်၏ ပြဋ္ဌာန်းချက်များ ဆိုင်ရာ အကောင်အထည်ဖော်ဆောင်မှု ခြေလှမ်းများနှင့် နောက်ဆက်တွဲ ပုံမှန်အစီရင်ခံစာများကို ကော်မတီထံသို့ အစီရင်ခံရန်မှာ အရေးကြီးပါသည်။

## အကြံပြုချက်များအတွက်နောက်ဆက်တွဲဆောင်ရွက်ချက်များ

စာချုပ်အဖွဲ့များ၏အကြံပြုချက်များကို အဖွဲ့ဝင်နိုင်ငံများမှ အကောင်အထည်ဖော်ဆောင်မှုကို ပံ့ပိုးကူညီရန်အတွက် ၎င်းတို့၏ နိဂုံးချုပ်သုံးသပ်ချက်များကို ထိရောက်စွာ နောက်ဆက်တွဲဆောင်ရွက်မှုသေချာစေရေး လုပ်ထုံးလုပ်နည်းများကို ချမှတ်ထားပါသည်။ အချို့သောကော်မတီများသည် ၎င်းတို့၏နိဂုံးချုပ်သုံးသပ်ချက်များအရ အဖွဲ့ဝင်နိုင်ငံများမှ မိမိနိုင်ငံသို့ဖြစ်စေ၊ နောက်ဆက်တွဲဆောင်ရွက်သူ အထူးကိုယ်စားလှယ်တော်ထံဖြစ်စေ သဘောတူထားသည့် အချိန်ဘောင်တစ်ခုအတွင်း အချို့သော အကြံပြုချက်များ သို့မဟုတ် "ဦးစားပေးအချက်များ" ကိုတုန့်ပြန်သော ဆောင်ရွက်ချက်ချမှတ်ရန် အတွက် ပြန်လည် အစီရင်ခံမှုပြုရန် တောင်းဆိုပါသည်။ ထိုနောက်အထူးကိုယ်စားလှယ်တော်သည် ကော်မတီထံပြန်လည်အစီရင်ခံမှုပြုပါသည်။

အချို့သောစာချုပ်အဖွဲ့များသည် အဖွဲ့ဝင်နိုင်ငံ၏ဖိတ်ကြားမှုအရ အစီရင်ခံမှု အတွက်လည်းကောင်း၊ နိဂုံးချုပ်သုံးသပ်ချက်များကို အကောင်အထေည်ဖောင်ဆောင်ရွက်မှုကိုလည်းကောင်း နောက်ဆက်တွဲ ဆောင်ရွက်မှုပြုရန် သွားရောက်လည်ပတ်မှု ပြုနိုင်ပါသည်။

[16] Also referred to as "concluding comments" by some committees in accordance with the wording of their treaties.

## ၃။ အဖွဲ့ဝင်နိုင်ငံတစ်ခုအားဖြင့် လူ့အခွင့်အရေးချိုးဖောက်ခံရသည့် တစ်သီးပုဂ္ဂလတိုင်ကြားမှုများ ကို ထည့်သွင်းစဉ်းစားပေးခြင်း

လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့ ခုနစ်ဖွဲ့ သည် အချို့သောအခြေအနေများကို ဖြည့်ဆည်းဆောင်ရွက်ပြီးပါက အဖွဲ့ဝင်နိုင်ငံ တစ်ခုအားဖြင့် လူ့အခွင့်အရေးချိုးဖောက်ခံရမှုအတွက် တောင်းဆိုလာသည့် **တစ်သီးပုဂ္ဂလတိုင်ကြားမှုများ သို့မဟုတ် ဆက်သွယ်သတင်းပေးပို့ချက်များ** ကို ထည့်သွင်းစဉ်းစားပေးနိုင်ပါသည်။ ၎င်းကော်မတီများမှာ လူမျိုးရေးဖိနှိပ်ခွဲခြားဆက်ဆံမှု ဖျက် သိမ်း ရေးကော်မတီ၊ လူ့အခွင့်အရေးဆိုင်ရာကော်မတီ၊ ညှဉ်းပန်းနှိပ်စက်မှုဆန့်ကျင်ရေးကော်မတီ၊ အမျိုးသမီးများ အား ခွဲခြားဆက် ဆံမှု ပပျောက်ရေးကော်မတီ၊ ရွှေ့ပြောင်းလုပ်သားများဆိုင်ရာကော်မတီ၊ မသန်စွမ်းပုဂ္ဂိုလ်များ၏အခွင့် အရေး ဆိုင်ရာ ကော်မတီနှင့် ပျောက်ကွယ်သွားစေမှုဆိုင်ရာကော်မတီ တို့ဖြစ်သည်။ **၂၀၀၈ ခုနှစ်အထိ ရွှေ့ပြောင်း လုပ်သားများ ဆိုင်ရာကော်မတီ၏ တိုင်ကြားမှုယန္တယားများမှ အသက်ဝင်မှုမရှိသေး၊ ပျောက်ကွယ်သွားစေခြင်း ဆိုင်ရာ ကော်မတီ ကိုလည်းဖွဲ့စည်းထားမှု မရှိသေးပါ။** စီးပွားရေး၊လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် ၏ လိုက်နာရန်ရွေးချယ်ခွင့်ရှိသော နောက်ဆက်တွဲစာချုပ်သည် အသက်ဝင်လာသည်နှင့် တစ်သီးပုဂ္ဂလ တိုင်ကြားမှုများ ကို လည်း ခွင့်ပြုပေးလာမည်ဖြစ်သည်။

အဖွဲ့ဝင်နိုင်ငံတစ်ခုနှင့်သက်ဆိုင်သည် တိုင်ကြားမှုများကို ၎င်းနိုင်ငံမှ သက်ဆိုင်ရာသဘောတူစာချုပ်အပိုဒ်အရ **ကြေညာချက်** ထုတ်ပြန်ခြင်းအားဖြင့်ဖြစ်စေ၊ သက်ဆိုင်ရာ ရွေးချယ်ပိုင်ခွင့်ရှိသော နောက် ဆက်တွဲစာချုပ်ကို လက်ခံခြင်းအားဖြင့်ဖြစ်စေ ကိုင်တွယ်နိုင်မည့် စွမ်းဆောင်ရည်အား အသိအမှတ်မပြုပါက စာချုပ်အဖွဲ့ သည် ထိုတိုင်ကြားမှုများကို မစဉ်းစားပေးနိုင်ပါ။

တစ်သီးပုဂ္ဂလတိုင်ကြားမှုများဆိုင်ရာ သတင်းအချက်အလက်များကို ပိုမိုသိရှိလိုပါက ဤလက်စွဲစာအုပ်၏ အခန်း ၈ (**လူ့အခွင့်အရေးချိုးဖောက်မှုဟူသောစွပ်စွဲချက်များဆိုင်ရာတိုင်ကြားစာတင်သွင်းခြင်း**) သို့သွားပါ။

စာချုပ်အဖွဲ့ များသို့ တစ်သီးပုဂ္ဂလတိုင်ကြားမှုဆိုင်ရာ အသေးစိပ်သတင်းအချက်အလက်များ (အသနားခံလွှာများဟုလည်း ခေါ် သည်)နှင့် တိုင်ကြားမှုတစ်ရပ်မည်သို့တင်သွင်းရမည့် အကြံပြုချက်များတို့ကို OHCHR ဝက်ဘ်ဆိုက်၏ လူ့အခွင့်အရေးဆိုင်ရာ စာချုပ်အဖွဲ့ များ အပိုင်းတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## ၄။ နိုင်ငံအချင်းချင်း တိုင်ကြားမှုများနှင့် အငြင်းပွားမှုများ

မြောက်များစွာသော လူ့အခွင့်အရေးဆိုင်ရာစာချုပ်များတွင် သက်ဆိုင်ရာစာချုပ်အဖွဲ့ သို့ စွပ်စွဲထားသည့် အဖွဲ့ဝင်နိုင်ငံ တစ်ခုအားဖြင့်စာချုပ် ချိုး ဖောက်မှုများအတွက် အဖွဲ့ဝင်နိုင်ငံများမှတိုင်ကြားနိုင်ရန်ခွင့်ပြုသည့် ပြဋ္ဌာန်းချက်များ ပါဝင်ပါသည်။ **၂၀၀၈ ခုနှစ်အထိ ယင်းလုပ်ထုံးလုပ်နည်းများကို လုံးဝအသုံးမပြုထားသေးပါ။**

## ၅။ စုံစမ်းမေးမြန်းမှုများ

ညှဉ်းပန်းနှိပ်စက်မှုဆန့်ကျင်ရေးဆိုင်ရာကော်မတီ၊ အမျိုးသမီးများအား ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ ကော်မတီ၊ မသန်စွမ်းပုဂ္ဂိုလ်များ၏အခွင့်အရေးဆိုင်ရာကော်မတီ၊နှင့် ပျောက်ကွယ်သွားစေမှုဆိုင်ရာကော်မတီ (စတင်ဖွဲ့ စည်းသည့်အခါ) ဟူသည့် စာချုပ်အဖွဲ့ လေးဖွဲ့ တို့သည် အဖွဲ့ဝင်နိုင်ငံတစ်ခုရှိ သက်ဆိုင်ရာသဘောတူစာချုပ်များအား ပြင်းပြင်း ထန်ထန်၊ လေးလေးနက်နက် သို့မဟုတ် စနစ်တကျ ချိုးဖောက်မှုများဆိုင်ရာ သေချာစွာတွေ့ရှိထားသည့် ညွှန်ပြချက်များပါဝင်သည့် ယုံကြည်ထိုက်သော သတင်းအချက်အလက်များ ရရှိပါက လျှို့ဝှက်စုံစမ်းမေးမြန်းမှုများ အစပျိုး ဆောင်ရွက်နိုင်ပါသည်။ ဤလုပ်ထုံးလုပ်နည်းကို ရှောင်ဖယ်မှုပြုသည့် အဖွဲ့ဝင်နိုင်ငံများဖြစ်ပါက စုံစမ်းမေးမြန်းမှုများကို

ဆောင်ရွက်လိမ့်မည်မဟုတ်ဘဲ၊ သက်ဆိုင်ရာကော်မတီမှ စုံစမ်းမေးမြန်းမှုပြုရန် အစွမ်းအစမှ အတည့်အလင်း ဖယ်ထုတ်ထားမည်ဖြစ်သည်။[17]

လိုအပ်မှုရှိပြီး အဖွဲ့ဝင်နိုင်ငံ၏ သဘောတူညီမှုရှိက စုံစမ်းမေးမြန်းမှုတွင် ၎င်းနိုင်ငံသို့ သွားရောက်လည်ပတ်မှုလည်း ပါဝင်နိုင်သည်။ ယင်းစုံစမ်းမေးမြန်းမှုတစ်ရပ်၏ တွေ့ရှိချက်များကို စစ်ဆေးပြီးနောက် ကော်မတီသည် ၎င်းတို့ကို သက်ဆိုင်ရာ အဖွဲ့ဝင် နိုင်ငံသို့ အခြားဝေဖန်သုံးသပ်ချက်များနှင့် အကြံပြုချက်များတို့နှင့်အတူ ပေးပို့ပါသည်။

စုံစမ်းမေးမြန်းမှုလုပ်ထုံးလုပ်နည်းသည် လျှို့ဝှက်ဖြစ်ပြီး၊ လုပ်ငန်းစဉ်တလျှောက်တွင် အဖွဲ့ဝင်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုကို ရယူပါသည်။

စုံမ်းမေးမြန်းမှုများဆိုင်ရာ လက်ရှိသတင်းအချက်အလက်များကို အချက်အလက်သတင်းလွှာ အမှတ် - ၃၀ ***ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာသဘောတူစာချုပ်ဖွဲ့စည်းပုံစနစ်*** တွင်တွေ့ရှိနိုင်ပါသည်။

### ၆။ ကြိုတင်သတိပေးချက်နှင့် အရေးပေါ်ဆောင်ရွက်ချက်လုပ်ထုံးလုပ်နည်းများ

၁၉၉၃ ခုနှစ်မှစ၍၊ လူမျိုးရေးဖိနှိပ်ခွဲခြားဆက်ဆံမှု ဖျက်သိမ်းရေးဆိုင်ရာကော်မတီသည် **ကြိုတင်သတ်ပေးချက် နှင့် အရေးပေါ်ဆောင်ရွက်ချက်** နှင့် စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများကို ဖော်ဆောင်ချမှတ်ခဲ့သည်။[18] ကြိုတင်သတိပေးချက်ဆိုင်ရာလုပ်ထုံးလုပ်နည်းများသည် အဖွဲ့ဝင်နိုင်ငံများရှိ တည်ဆဲပြဿနာများကို အသစ်သောပဋိပက္ခများ ဖြစ်ပွား စေမှုမှ ကာကွယ်ပေးခြင်၊ သို့မဟုတ် ပဋိပက္ခပြန်လည်ဖြစ်ပွားမှုမှ ကာကွယ်ပေးခြင်းတို့အတွက် ရည်ရွယ်ပါသည်။ အရေးပေါ်ဆောင်ရွက်ချက်လုပ်ထုံးလုပ်နည်းသည် လူမျိုးရေးဖိနှိပ်ခွဲခြားမှုပုံသဏ္ဍာန်အားလုံး ဖျက်သိမ်းရေးဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်အား ပြင်းထန်စွာချိုးဖောက်မှုများစွာကို ကာကွယ်ရန် သို့မဟုတ် ကန့်သတ်ရန်အတွက် ချက်ချင်းဆောင်ရွက်မှုလိုအပ်သော ပြဿနာများကို တုန့်ပြန်ရန်ရည်ရွယ်သည်။ လက်တွေ့အားဖြင့် ဤလုပ်ထုံးလုပ်နည်းများကို တပြိုင်နက်တည်း အသုံးပြုရပါသည်။ ဤလုပ်ဆောင်မှုကို ကော်မတီကိုယ်တိုင်မှဖြစ်စေ၊ စိတ်ပါဝင်စားသည့် အဖွဲ့များ ၊ မူရင်းဌာနေလူမျိုးအုပ်စုများ ပါဝင်သည့် အရပ်ဖွဲ့အဖွဲ့အစည်းဆိုင်ရာပါဝင်ဆောင်ရွက်သူများမှဖြစ်စေ လျှောက်လဲမှုပြုနိုင်သည်။

### ၇။ အထွေထွေသုံးသပ်ချက်များ

လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့တစ်ခုစီတိုင်းသည် ၎င်းတို့အသီးသီးမှ စောင့်ကြပ်မှုပြုသည့်လူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်ဆိုင်ရာပြဋ္ဌာန်းချက်များ၏ အနက်ဖွင့်ဆိုချက်ကို **အထွေထွေသုံးသပ်ချက်များ** ပုံစံဖြင့် ထုတ်ဝေမှုပြုပါသည်။ (လူမျိုးရေးဖိနှိပ်ခွဲခြားမှုဖျက်သိမ်းရေးဆိုင်ရာကော်မတီနှင့် အမျိုးသမီးများအား ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာကော်မတီ တို့သည် "အထွေထွေအကြံပြုချက်များ" ဟူ၍သုံးနှုန်းပါသည်)။

---

[17] At the time of ratification or accession States parties to the Convention against Torture may opt out by making a declaration under article 28; States parties to the Optional Protocol to the Convention on the Elimination of All Forms of Discrimination against Women may similarly exclude the competence of the Committee by making a declaration under article 10. Any State which opts out of the procedure may decide to accept it at a later stage.

[18] See A/48/18, annex III.

အထွေထွေသုံးသပ်ချက်များသည် သဘောတူစာချုပ်ကို အကောင်အထည်ဖော်ဆောင်ရွက်မှုအတွက် လမ်းညွှန် အဖြစ် ပံ့ပိုး ပေးသည်။ ၎င်းတို့သည် လက်တွေ့ကျသောပြဋ္ဌာန်းချက်များအား ပြည့်စုံစွာအနက်ဖွင့်ခြင်းမှသည် အဖွဲ့ဝင်နိုင်ငံများမှ တင်သွင်း သည့်၎င်းတို့၏ အစီရင်ခံစာများရှိ အချို့သောအပိုဒ်မျာ သတင်းအချက်အလက်များအတွက် အထွေထွေ လမ်းညွှန်မှုအထိ အကြောင်းအရာမျိုးစုံကို လွှမ်းခြုံထားပါသည်။

လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့များမှ ချမှတ်ထားသည့် **အထွေအထွေသုံးသပ်ချက်များနှင့် အထွေထွေ အကြံပြုချက်များ** ကို နှစ်စဉ်ပြုစုရေးသားပါသည်။ ၎င်းတို့နှင့် မကြာမီဆောင်ရွက်မည့် **ဆွေးနွေးမှုနေ့ရက်များ** ဆိုင်ရာ သတင်းအချက်အလက်များကိုကို ရရှိရန် OHCHR ဝက်ဘ်ဆိုက်ရှိ human rights treaty bodies အပိုင်းတွင် ဝင်ရောက်နိုင်သည်။

### ၈။ အထွေထွေဆွေးနွေးမှု/ကဏ္ဍအလိုက်ပြင်းခုံဆွေးနွေးမှု နေ့များ

များးစွာသောလူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့များသည် အကြောင်းအရာတစ်ရပ် (သို့) အမှုထားစရာကိစရပ်အတွက် အထွေထွေဆွေးမှုနေ့ရက်များကို ကျင်းပပါသည်။ ဤအကြောင်းအရာအလိုက်ဆွေးနွေးမှုများတွင် ပုံမှန်အားဖြင့် ပြင်ပပါဝင်သူ များဖြစ်သည့် ကုလသမဂ္ဂမိတ်ဖက်အဖွဲ့များ၊ အဖွဲ့ဝင်နိုင်ငံများမှကိုယ်စားလှယ်များနှင့် အရပ်ဘက်အဖွဲ့အစည်း ဆိုင်ရာ ဆောင်ရွက်သူများ၊ အထူးသဖြင့် NGO များ၊ ပညာရေးအင်စတီကျူးရှင်းများ၊ ပရော်ဖက်ရှင်နယ် အသင်းအဖွဲ့ များနှင့် ကျွမ်းကျင်ပညာရှင်များ စသည်တို့ကို ဖိတ်ခေါ်ပါသည်။ ၎င်းတို့၏ရလဒ်များသည် လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့ မှ အထွေထွေသုံးသပ်ချက်အသစ်တစ်ရပ်ကို မူကြမ်းရေးဆွဲရန် ကူညီပေးနိုင်ပါသည်။ ၎င်းသည်လည်း အဖွဲ့ဝင်နိုင်ငံများနှင့် အခြား ပါဝင်ပတ်သက်သူများအား သဘောတူစာချုပ်၏သတ်မှတ်ချက်များကို နာလည်စေရန် အကူညအညီပေးနိုင်ပါသည်။

### ၉။ လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့များ၏ ဥက္ကဋ္ဌများ၏နှစ်ပတ်လည်အစည်းအဝေး နှင့် ကော်မတီ အချင်းချင်းဆိုင်ရာအစည်းအဝေး

**လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့များ၏ ဥက္ကဋ္ဌ များ၏နှစ်ပတ်လည်အစည်းအဝေး** ကို ဂျီနီဗာတွင် ကျင်းပပြီး လူ့အခွင့်အရေး ဆိုင်ရာ စာချုပ်အဖွဲ့များ၏ အဖွဲ့ဝင်များအတွက် ၎င်းတို့၏လုပ်ငန်းများဆွေးနွေးရန်နှင့် စာချုပ်အဖွဲ့ ဖွဲ့စည်းပုံစနစ်တစ်ခုလုံး ပိုမို ထိ ရောက်မှုရှိစေရေး ထည့်သွင်းစဉ်းစားရန်အတွက် ဖိုရမ်တစ်ခုစီစဉ်ပေးပါသည်။ ၎င်းအစည်းအဝေးများတွင် ဆွေးနွေးသည့် အရေးကိစ္စများတွင် လူ့အခွင့်အရေးဆိုင်ရာအစီရင်ခံမှုလုပ်ထုံးလုပ်နည်းများ ပြန်လည်တည်ဆောက်ခြင်းနှင့် တစ်ခုလုံး တိုးတက် ဖွံ့ဖြိုးမှု၊ ကော်မတီအဖွဲ့၏လုပ်ငန်းနည်းစနစ်များ သဟဇာတဖြစ်စေခြင်း၊ ကမ္ဘာ့ညီလာခံများ ၏ နောက်ဆက်တွဲလုပ်ငန်းများနှင့် ငွေကြေးဆိုင်ရာကိစ္စရပ်များ ပါဝင်သည်။ အဖွဲ့ဝင်နိုင်ငံများနှင့်လည်းကောင်း၊ ကုလသမဂ္ဂမိတ်ဖက်အဖွဲ့များ၊ NGO များနှင့် လည်းကောင်း အလွတ်သဘောအတိုင်အပင်ခံမှုများသည် ဥက္ကဋ္ဌများ၏အစည်းအဝေး၏ ကြန်အင်လက္ခဏာတစ်ခုဖြစ် သည်။

**ကော်မတီအချင်းချင်း ဆိုင်ရာ အစည်းအဝေးများ**တွင် လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့များတစ်ခုစီတိုင်း၏ ဥက္ကဋ္ဌများနှင့် ကော်မတီ အသီး သီး၏အဖွဲ့ဝင်နှစ်ဦး တို့ပါဝင်သည်။ ကော်မတီပေါင်းစုံအစည်းအဝေးများတွင် ကော်မတီကိုယ်စားပြုပိုမို များပြားလာသဖြင့် လုပ်ငန်းနည်းစနစ်နှင့်စပ်လျဉ်းသည့်အရေးကိစ္စများနှင့် အခြားအရေးကိစ္စများဆိုင်ရာ အကြံပြုချက်များအား ဥက္ကဋ္ဌ များ၏ နှစ်ပတ်လည်အစည်းအဝေးတွင် ဖြစ်နိုင်ချေရှိသည်ထက် ပို၍ အသေးစိပ်ဆွေးနွေးမှု ဖြစ်မြောက်စေပါသည်။

**လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့များ၏ ဥက္ကဋ္ဌများ၏နှစ်ပတ်လည်အစည်းအဝေး နှင့် ကော်မတီအချင်းချင်း ဆိုင်ရာ အစည်း အဝေး** တို့အတွက် လက်ရှိသတင်းအချက်အလက်များရရှိလိုသော OHCHR ဝက်ဘ်ဆိုက်သို့ဝင်ရောက်ပါ။

## ၁၀။ စာချုပ်အဖွဲ့ ပြုပြင်ပြောင်းလဲရေး

လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့ များ၏ လုပ်ငန်းနည်းစနစ်နှင့် လုပ်ထုံးလုပ်နည်းများသည် ကုလသမဂ္ဂမှ မကြာသေးမီ နှစ်များအတွင်းဆောင်ရွက်နေသော ဖွဲ့ စည်းပုံစနစ်ကျယ်ကျယ်ပြန့်ပြန့် ပြုပြင်ပြောင်းလဲရေး၏ ကဏ္ဍတစ်ပိုင်းအဖြစ် ဆွေးနွေး လျက်ရှိပါသည်။[19] လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့ ပြုပြင်ပြောင်းလဲရေးသည် "အကောင်းဆုံးကျင့်သုံးမှုများ" အကောင် အထည်ဖော်ဆောင်ရေးနှင့် **ယေဘုယျဗဟိုစာတမ်း**နှင့် ပစ်မှတ်ထားရှိသည့် သဘောတူစာချုပ်အထူးပြုအစီရင်ခံစာများ အသုံး ပြုခြင်းအားဖြင့်အဖွဲ့ ဝင်နိုင်ငံများ၏အစီရင်ခံမှုသတ်မှတ်ချက်များကို ပြန်လည်တည်ဆောက်ရေးတို့အပါအဝင် လုပ်ဆောင်မှု နည်းစနစ်များ ညှိနှိုင်းဆောင်ရွက်ရေးနှင့် သဟဇာတဖြစ်ရေးတို့ကို အထူးပြုမှု ခေတ်နှင့်အညီဖြစ်စေရပါသည်။ [20]

ထို့အပြင် လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့ များသည် အထူးသဖြင့် အသစ်သော **ကမ္ဘာ့နိုင်ငံများအားလုံး၏ လူ့အခွင့်အရေး အခြေအနေပုံမှန်သုံးသပ်မှု** နှင့်စပ်လျဉ်း၍ ၎င်းတို့နှင့် **လူ့အခွင့်အရေးကောင်စီ** တို့အကြား ထိရောက်သော ပူးပေါင်း ဆောင်ရွက်မှု တည် ဆောက်ရန် လည်းကောင်း၊ **အထူးလုပ်ငန်းအစီအစဉ်** ဆိုင်ရာလုပ်ပိုင်ခွင့်အာဏာရှိသူများနှင့် အပြန်အလှန်ချိတ်ဆက်မှု တိုးမြှင့်စေရေးအတွက် နည်းလမ်းများဖော်ဆောင်ရန်လည်းကောင်း ဆောင်ရွက်လျက်ရှိသည်။[21] လူ့အခွင့်အရေးဆိုင်ရာ စာချုပ်အဖွဲ့ များနှင့် လုပ်ထုံးလုပ်နည်းများ တစ်ဟုန်ထိုးတိုးပွားလာသည်ကိုထောက်ရှုလျက် ၂၀၀၅ ခုနှစ်တွင် လူ့အခွင့်အရေး ဆိုင်ရာမဟာမင်းကြီး Ms. Louise Arbour မှ အဆိုပြုထားသည့် စုပေါင်းတည်မြဲသော စာချုပ်အဖွဲ့ တစ်ရပ် ဖန်တီးမှု အပါဝင် ဖွဲ့ စည်းတည်ဆောက်ပုံဆိုင်ရာ ပြင်ပြောင်းလဲမှုများကိုလည်း ဆွေးနွေးလျက်ရှိပါသည်။

---

[19] In his 2002 report, "Strengthening the United Nations: an agenda for further change" (A/57/387 and Corr.1), the then United Nations Secretary-General, Mr. Kofi Annan, called on the human rights treaty bodies to craft a more coordinated approach to their activities. In March 2005, in his report "In larger freedom: towards development, security and human rights for all", the Secretary-General requested that "harmonized guidelines on reporting to all treaty bodies should be finalized and implemented so that these bodies can function as a unified system" (A/59/2005, para. 147).

[20] See "Harmonized guidelines on reporting under the international human rights treaties, including guidelines on a common core document and treaty-specific targeted documents" (HRI/MC/2005/3).

[21] See "Effective implementation of international instruments on human rights, including reporting obligations under international instruments on human rights" (A/62/224).

## ၈။ လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့များနှင့် မည်သို့ချဉ်းကပ်လုပ်ဆောင်နိုင်မည်နည်း

လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့များနှင့်အတူလုပ်ဆောင်ခြင်းသည်  အရပ်ဘက်အဖွဲ့အစည်းများအတွက် လူ့အခွင့်အရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ခိုင်လုံသောလူ့အခွင့်အရေးလမ်းညွှန်ချက်များ ဖွံ့ဖြိုးဖော်ဆောင်မှု တို့ကို ပံ့ပိုးမှုပေးရန် အလွန်ထိရောက်သောနည်းလမ်းတစ်ရပ်ဖြစ်ကြောင်း သက်သေထူလျက်ရှိသည်။  ယေဘုယျအားဖြင့် အရပ်ဖက်လူ့အဖွဲ့အစည်းများသည် စာချုပ်အဖွဲ့များ၏ လုပ်ဆောင်မှုနှင့် သက်ဆိုင်သည့် စောင့်ကြည့်ထိန်းကျောင်းရေး၊ လုပ်ငန်းမြှင့် တင်ရေးနှင့်နောက်ဆက်တွဲ ဆောင်ရွက်ခြင်းတို့အားဖြင့် အလွန်တရာအရေးကြီးသော အခန်းကဏ္ဍကို ဆောင်ရွက်လျက် ရှိ ပါသည်။ လူ့အခွင့်အရေးဆိုင်ရာစာချုပ်ဖွဲ့များ၏ လုပ်ငန်းသည် အစီရင်ခံခြင်းသံသရာ၏ အဆင့်အဆင့် များစွာတွင်လည်း ကောင်း၊ အသနားခံလွှာများ၊ စုံစမ်းမေးမြန်းမှုများနှင့် ကြိုတင်သတိပေးချက် စသည့် လုပ်ငန်းစဉ်များ တွင် လည်းကောင်း အရပ်ဘက်အဖွဲ့အစည်း ဆိုင်ရာ ဆောင်ရွက်သူများ၏ တတ်ကြွသည့်ပူးပေါင်းပါဝင်မှုမှ အကျိုးပြု ပေးပါသည်။

NGO များသည် အစဉ်အလာအားဖြင့် လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့များအတွက်၊ အထူးသဖြင့် စာချုပ်အဖွဲ့အစည်း အဝေးများ တွင်  အဓိကကျသော အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာ ဆောင်ရွက်သူများဖြစ်သည်။ အခြားသော အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာ ဆောင်ရွက်သူများဖြစ်သည့် ကျွမ်းကျင်သူတစ်ဦးခြင်း နှင့် လူ့အခွင့်အရေး ကာကွယ်ပေးသူများလည်းကောင်း၊ ပညာရေးနှင့်သုသေတနဆိုင်ရာအင်စတီကျူးရှင်းများမှ ကိုယ်စားလှယ်များလည်း ကောင်း၊ ပါရေဖက်ရှင်နယ်အဖွဲ့များမှ အဖွဲ့ဝင်များလည်းကောင်း စသည်တို့သည်လည်း သဘောတူစာချုပ်ဆိုင်ရာ အစီရင်ခံမှု လုပ်ငန်းစဉ်ကို မကြာခဏဆိုသလိုကူညီပေးပါသည်။ အထူးသဖြင့် ကော်မတီအဖွဲ့သို့ သတင်းအချက် အလက်များ တင်သွင်းခြင်း သို့မဟုတ် အစည်းအဝေးတက်ရောက်ခြင်းတို့တွင် ၎င်းတို့၏ပါဝင်မှုကို အများအားဖြင့် လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့များ၏ အစီရင်ခံခြင်းစနစ်နှင့် ရင်းနှီးပြီး တတ်ကြွဆောင်ရွက်ပေးသည့် NGO များမှ ပံ့ပိုးကူညီပေးပါသည်။

ကလေးသူငယ်အခွင့်အရေးဆိုင်ရာသဘောတူစာချုပ်၊ ရွှေ့ပြောင်းလုပ်သားအားလုံးနှင့်၎င်းတို့၏မိသားစုဝင်များတို့၏အခွင့်အရေးကာကွယ်စောင့်ရှောက်မှုဆိုင်ရာနိုင်ငံတကာသဘောတူစာချုပ်နှင့် မသန်စွမ်းပုဂ္ဂိုလ်များ၏အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် စသည်တို့သည် ၎င်းတို့၏သက်ဆိုင်ရာစာချုပ်အဖွဲ့များ၏လုပ်ငန်းတွင် "အခြားသော အရည်အချင်းရှိ အဖွဲ့များ" ၏အခန်းကဏ္ဍ ကိုမျှော်မှန်းရာ၊ ၎င်းကိုထောက်ရှုလျက် ပထမသဘောတူစာချုပ်နှစ်ခုအတွက် NGO များကို ဆိုလိုကြောင်း နားလည်ရပါသည်။ ထို့အပြင် စီးပွားရေး၊လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးဆိုင်ရာကော်မတီအဖွဲ့နှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီအဖွဲ့ တို့သည် ၎င်းတို့၏ လုပ်ဆောင်မှုတွင် အရပ်ဘက်အဖွဲ့အစည်းများ ၏ ပူးပေါင်းပါဝင်မှုနှင့်ပတ်သက်သည့် လမ်းညွှန်ချက်များကို ချမှတ်ထားပါသည် (၎င်းကိစ္စရပ်များတွင် NGO များကို အထူးသဖြင့် ရည်ညွှန်းပါသည်)။[22]

အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာဆောင်ရွက်သူများ၏ အပြန်အလှန်ပြုမှုမှုနည်းလမ်းများသည် လူ့အခွင့်အရေးဆိုင်ရာ စာချုပ်အဖွဲ့ တစ်ခုနှင့်တစ်ခု ကွဲပြားပါသည်။ **၎င်းတို့အား ဤအခန်း၏နောက်ဆက်တွဲတွင် ဖော်ပြထားပါသည်။**

### ၁။ နိုင်ငံတကာသဘောတူစာချုပ်အသစ်များချမှတ်မှုကို မြှင့်တင်ပေးခြင်းနှင့် တည်ဆဲသဘောတူစာချုပ်များကို အတည်ပြု လက်မှတ်ရေးထိုးခြင်း သို့မဟုတ် သဘောတူညီမှုပြုခြင်း

အရပ်ဖပ်လူ့အဖွဲ့အစည်းသည် နိုင်ငံတကာသဘောတူစာချုပ်အသစ်များဖွံ့ဖြိုးဖော်ဆောင်ရေးနှင့် အတည်ပြုရေး လုပ်ငန်းများတွင် အရေးကြီးသော အခန်းကဏ္ဍတစ်ရပ်မှပါဝင်လျက်ရှိသည်။ အရပ်ဘက်အဖွဲ့အစည်းသည် သဘောတူစာချုပ်အသစ်တစ်ရပ် ဖွံ့ဖြိုးဖော်ဆောင်ရေး အတွက် လှုံ့ဆော်မှုပေးခြင်းနှင့် နိုင်ငံများမှ၎င်းအား အတည်ပြုရေး မြှင့်တင်ပေးခြင်းတို့အားဖြင့် နိုင်ငံတကာစံနှုန်းများကို  အားဖြည့်ပေးခြင်းနှင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ခြင်း တို့ကို ကူညီပေးပါသည်။

[22] See "NGO participation in the activities of the Committee on Economic, Social and Cultural Rights" (E/C.12/2000/6) and the Guidelines for the participation of partners (NGOs and individual experts) in the pre-sessional working group of the Committee on the Rights of the Child (CRC/C/90, annex VIII).

## နိုင်ငံတကာလူ့အခွင့်အရေးစံချိန်စံညွှန်းအသစ်များ ဖွံ့ဖြိုးဖော်ဆောင်ရာတွင် အရပ်ဘက်အဖွဲ့အစည်း၏အခန်းကဏ္ဍ

**မသန်းစွမ်းပုဂ္ဂိုလ်များ၏အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်နှင့် ၎င်း၏ လိုက်နာရန်ရွေးချယ်ခွင့်ရှိသော နောက်ဆက်တွဲစာချုပ်**

၂၀၀၆ ခုနှစ် ဒီဇင်ဘာတွင် အထွေထွေညီလာခံသည် မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်နှင့် ၎င်း၏လိုက်နာရန်ရွေးချယ်ခွင့်ရှိ သော နောက်ဆက်တွဲစာချုပ်တို့ကို အတည်ပြုချမှတ်ခဲ့ပါသည်။ အရပ်ဘက်အဖွဲ့အစည်း၊ အတိအကျအားဖြင့် မသန်စွမ်းသူများနှင့် ၎င်းတို့အား ကိုယ်စားပြု အဖွဲ့အစည်းများ၊ သည် ယင်း စာချုပ်များ ရေးဆွဲအတည်ပြုသည့် အဆင့်အဆင့်တိုင်းတွင် ဦးဆောင်မှုပြုရာ၌ အရေးကြီးသော အခန်းကဏ္ဍ မှပါဝင်လေသည်။ အရပ်ဘက်အဖွဲ့အစည်း ကိုယ်စားပြုသူများသည် စာချုပ်ပါစာသားများညှိနှိုင်းမှုပြုခြင်းတွင် ပါဝင်ပြီး၊ နိုင်ငံများမှ ၎င်းစာချုပ်အား အတည်ပြုလက်မှတ်ထိုးရန် မြှင့်တင်ရေးတွင် တတ်ကြွစွာပါဝင်ကြသည်။

သသန်းစွမ်းပုဂ္ဂိုလ်များ၏အခွင့်အရေး ဆိုင်ရာ သဘောတူစာချုပ်ကို ၂၀၀၂ မှ ၂၀၀၆ ခုနှစ်ထိ ညှိနှိုင်းဆွေးနွေးခဲ့ရာ လူ့အခွင့်အရေးဆိုင်ရာစာချုပ် ညှိနှိုင်းမှုများထဲမှ အမြန်ဆုံး ဖြစ်သည်။ ၎င်းစာချုပ် အသစ်အား မူကြမ်းရေးဆွဲရာတွင် နိုင်ငံများ၊ ကုသမဂ္ဂ၊ အရပ်ဘက်အဖွဲ့အစည်း နှင့် NHRI များအကြား မကြုံစဖူးသော ပူးပေါင်းဆောင် ရွက်မှုကိုရှိခဲ့ကြောင်း ကုသလမဂ္ဂမဟာမင်းကြီး ဖြစ်သူ Ms. Louise Arour မှ မှတ်သားချက်အား ဤသို့ဖော်ထုတ်ခဲ့ပါသည် -

*"ကျွန်မ… ဒီလို သမိုင်းဝင်အချိန်အခါအတွက် နိုင်မာတဲ့ တွန်းအားပံ့ပိုးပေးလို့ မသန်းစွမ်းအသိုင်းအဝိုင်း ကို ချီကျူးဂုဏ်ပြုချင်ပါတယ်။ သူတို့ရဲ့ အခန်းကဏ္ဍ ပါဝင်မှုက ပြုပြင်ပြောင်းလဲမှုတစ်ရပ်ဖြစ်စေပါတယ်။ အခြားကြေညာစာတမ်းသို့မဟုတ် ထုတ်ပြန်ချက် တစ်စုံတစ်ရာထက် မသန်းစွမ်းသူများလှုပ်ရှားမှုဟာ ဥပဒေရဲ့တွန်းအားပေးမှုအားဖြင့် တန်းတူညီမျှရေးနှင့် တရားမျှတရေးအတွက် ၎င်းတို့ရဲ့ တရားနည်းလမ်းကျပြင်းပြတဲ့ဆန္ဒ ဖြည့်ဆည်းဖို့ရန်အတွက်  စကားလုံးတိုင်းရဲ့အဓိပ္ပါယ်မှာ ဖင့်နေးမှု၊ ကွဲပြားမှု၊ ပွင့်လင်းတဲ့ခုခံမှုတွေကို တိုက်ခိုက်မှုပြုနိုင်ကြောင်း သက်သေထူလိုက်ပါတယ်။"*

## လူအားလုံးအား ပျောက်ကွယ်သွားစေခြင်းမှကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်

အရပ်ဘက်အဖွဲ့ အစည်းလှုပ်ရှား ဆောင်ရွက်သူများ၊ အထူးသဖြင့် အတင်းအဓမ္မအပျောက်ကခံရသူများ၏ မိသားစုဆိုင်ရာ အသင်းအဖွဲ့ များသည် သဘောတူစာချုပ် မူကြမ်းရေးဆွဲသည့် ယခင်ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး၏ အလုပ်အမှုအဆောင် အဖွဲ့ ၏ အစည်းအဝေးများတွင် တတ်ကြွစွာပါဝင်သူများဖြစ်သည်။ အာဂျင်တီးနားနိုင်ငံတွငမိမိ၏သမီးဖြစ်သူ အတင်းအကျပ် အပျောက်ဖျောက်ခံရသည့် Ms. Marta Ocampo de Vásquez သည် လုပ်ငန်းအဖွဲ့ အစည်းအဝေးများ American Federation of Associations for Relatives of the Detained-Disappeared (FEDEFAM)၏ ကိုယ်စားပြုအဖြစ် အဓမ္မအပျောက်ဖျောက်ခြင်း ကျင့်သုံးမှု အဆုံးသတ်ရေး အတွက်လည်းကောင်း၊ ယင်းအရေးကိစ္စကို ဖြေရှင်းပေးသည့် နိုင် ငံတကာသဘောတူ စာချုပ် ချမှတ် အတည်ပြုရေးအတွက်လည်းကောင်း နှစ် ၃၀ တိုင်အောင် လှုံ့ဆော်ပေးခဲ့ပါသည်။

၂၀၀၆ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့တွင် လူ့အခွင့်အရေးကောင်စီ၏ အဖွင့်အစည်းအဝေးတွင်၊ သဘောတူ စာချုပ်အားအတည်ပြုမှု မပြုမီ Ms. de Vásquez မှ ပြောကြားသည်မှာ

*၁၉၇၇ ခုနှစ်မေလမှာ Mothers of the Palaza de Mayo လှုပ်ရှားမှုအစမှ ကျွန်မ ပူးပေါင်းပါဝင်ခဲ့တယ်... အဲဒီက လုပ်ဆောင်ဖက်အမျိုးသမီးများဆီကနေ ဒီဖြစ်စဉ်အကြောင်းကို လေ့လာခဲ့ရပါတယ်။ ကျွန်မဟာ ပျောကာက်ဆုံးနေတဲ့ ကျွန်မရဲ့သမီးနဲ့ သားမက် တို့ကို သာမကဘဲ အာဂျင်တီးနားနိုင်ငံ၊ လက်တင်အမေရိကတွေမှာ ပျောက်ဆုံးနေတဲ့ သားသမီးတွေ အားလုံး၊ ယနေ့မှာတော့ တကမ္ဘာလုံးမှာ ပျောက်ဆုံးနေတဲ့ သူတွေကို ရှာဖွေနေ တယ်လို့ ကျွန်မ သဘောပေါက်လာပါတယ်။*

*အဆွေတို့ကိုကျွန်မသိစေချင်တာကတော့ ကျွန်မတို့ချစ်ခင်ရသူတွေ ဖမ်းဆီးထိန်းသိမ်းခံရပြီး၊ ပျောက်ကွယ်သွားမှုဖြစ်ပျက်တဲ့နောက်မှာ အဖြေရှာမတွေ့နိုင်တဲ့ နာကျင်ဖွယ် နိဂုံးချုပ်မှုနဲ့ အဆုံးသတ်ရတယ်ဆိုတာပါပဲ။ အားကိုးအားထားရာမရှိ၊ တရားရုံးရှေ့တော်သွင်းစာချွန်တော်အမိန့်လည်း မရှိ၊ တရားစီရင်ရေးကာကွယ်မှု အမိန့်လည်း ခိုင်လုံမှုမရှိတော့ပါဘူး။ ဒီလိုဝမ်းနည်းဖွယ် အခြေအနေနဲ့ နိုင်ငံတကာအသိုင်းအဝိုင်း ဆီကိုချဉ်းကပ်တဲ့အခါမှာလည်း သင့်လျော်တဲ့ သဘောတူစာချုပ်ကမရှိဖြစ်ရပါတယ်။ ဒါကြောင့်မို့ ကျွန်မတို့ဒီမှာ ပြန်လည်ရောက်ရှိလာတာမို့ ဥက္ကဋ္ဌကြီးနှင့် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီရဲ့ ဂုဏ် အသရေရှိ ကိုယ်စားလှယ်တော်အပေါင်း တို့ထံမှာ တောင်းဆိုချင်တာကတော့ သဘောတူစာချုပ်ကို အတည်ပြုပေးဖို့ပါပဲ။ ကျွန်မတို့ အောက်မြင်မှုတွေရယ်၊ စိတ်ပျက်ဖွယ်ရာတွေနဲ့ ခရီးလမ်းရှည်ကြီး ကို လျှောက်လှမ်းခဲ့ကြပါတယ်။ ဒါပေမဲ့ ဒီနေ့မှာတော့ လူသားများကို ပျောက်ကွယ်သွားစေခြင်းပြုခြင်း ရာဇဝတ်သားကောင်များ ကျွန်မတို့ကမ္ဘာမှာ မရှိစေဖို့ရန် လူကြီးမင်းတို့ထံမှာ ကျွန်မတို့ဦးလှည့်လို့လာခဲ့ပါပြီ။*

နိုင်ငံတစ်နိုင်ငံသည် သဘောတူစာချုပ် သို့မဟုတ် လိုက်နာရန်ရွေးချယ်ခွင့်ရှိသော နောက်ဆက်တွဲစာချုပ် ကို အတည်ပြုလက်မှတ်ထိုးခြင်း သို့မဟုတ် သဘောတူညီမှု မပြုရသေးပါက အစိုးရမှ ထိုသို့ဆောင်ရွက်ရန် ပြည်တွင်းအရပ်ဖက်လူ့အဖွဲ့ အစည်းဆိုင်ရာ လှုပ်ရှား ဆောင်ရွက်သူများက NHRI များ၊ ပြည်တွင်းမီဒီယာတို့နှင့်ညှိနှိုင်းခြင်းဖြင့်လည်းကောင်း၊ ၎င်းအရေးကိစ္စကို အများပြည်သူများထံ အသိအမြင်ဖွင့်ပြခြင်းဖြင့်လည်းကောင်း လှုံ့ဆော်မှုပြုနိုင်ပါသည်။

လူ့အခွင့်အရေးဆိုင်ရာသဘောတူစာချုပ်များနှင့် လိုက်နာရန်ရွေးချယ်ခွင့်ရှိသော နောက်ဆက်တွဲစာချုပ်များ၏ အတည်ပြုချက်အခြေအနေကို သိရှိလိုပါက OHCHR ၏ ဝက်ဘ်ဆိုက်တွင် လေ့လာနိုင်ပါသည်။

## ၂။ အဖွဲ့ဝင်နိုင်ငံများ၏ အစီရင်ခံခြင်းဆိုင်ရာလိုက်နာရမည့်တာဝန်များကို စောင့်ကြည့်ခြင်း

အဖွဲ့ဝင်နိုင်ငံများသည် အကြောင်းအမျိုးမျိုးကြောင့် ၎င်းတို့၏အစီရင်ခံတင်သွင်းမှုတာဝန်များကို ပုံမှန်ကျေပွန်နိုင်ကြပါ။ အရပ်ဘက်အဖွဲ့အစည်းသည် အစိုးရများကို အစီရင်ခံတင်သွင်းမှု သတ်မှတ်ရက်အတွင်း ပေးပို့ရန် အားပေးမှု ပြုနိုင် ပြီး၊ သတ်မှတ်ချိန်တွင် အစီရင်ခံစာတင်သွင်းရမည့် နိုင်ငံတော်၏လိုက်နာရမည်တာဝန်အကြောင်း အများပြည်သူထံ အမြင်ဖွင့်ပြခြင်းတို့ ဆောင်ရွက်နိုင်ပါသည်။ အရပ်ဘက်အဖွဲ့စည်းဆိုင်ရာဆောင်ရွက်သူများသည် ၎င်းတို့၏ လုပ်ဆောင်ချက်များ ဆောင်ရွက်စဉ်အတွင်း စုဆောင်းထားသည့် သဘောတူစာချုပ်အကောင်အထည်ဖော်ဆောင်မှု ဆိုင်ရာ ဖြည့်စွက် သတင်းအချက်အလက်များ နိုင်ငံများထံ ပေးသွင်းနိုင်ပြီး၊ သဘောတူစာချုပ် အကောင်အထေည်ဖော်ဆောင်မှု အတွက် အစိုးရများနှင့်ပူးပေါင်းကာ ဆောင်ရွက်နိုင်ပါသည်။

အကယ်၍ အဖွဲ့ဝင်နိုင်ငံတစ်ခုသည် အချိန်ကာလကြာမြင့်စွာ အစီရင်ခံစာတစ်ခု မတင်သွင်းခြင်းနှင့် ကော်မတီအဖွဲ့ ၏ အစီရင်ခံစာတစ်ရပ်တောင်းဆိုမှုကို ပြန်လည်မတုန့်ပြန်ခြင်း ရှိခဲ့ပါက လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့များက ၎င်းနိုင်ငံရှိ အခြေအနေကို အစည်းအဝေးတစ်ခုတွင် ထိုအဖွဲ့ဝင်နိုင်ငံမှ အစီရင်ခံမှုတစ်ရပ်ပျက်ကွက်ကြောင်း စဉ်းစား သွားမည် ဖြစ်သည်။ ၎င်းလုပ်ထုံးလုပ်နည်းကို **ပြန်လည်သုံးသပ်ရေးလုပ်ထုံးလုပ်နည်း (review procedure)** ဟုခေါ်သည်။

**အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာဆောင်ရွက်သူများသည် ကုလသမဂ္ဂမိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ ပြန်လည်သုံးသပ်ရေးလုပ်ထုံးလုပ်နည်းအတွက် သတင်းအချက်အလက်များကိုပံ့ပိုးပေးနိုင်ပါသည်။ ယင်း အချက်အလက်များနှင့် အဖွဲ့ဝင်နိုင်ငံနှင့် အပြန်အလှန်ဆွေးနွေးမှု တို့ အပေါ်မှီငြမ်းပြီး ကော်မတီအဖွဲ့မှ နိဂုံးချုပ်သုံးသပ်ချက်များနှင့် အကြံပြုချက်အပါ အဝင်တို့ကို ထုတ်ဝေသွားမည်ဖြစ်သည်။**

### ၃။ အရေးအသားပြုထားသည့်သတင်းအချက်အလက်များတင်သွင်းခြင်း

အစီရင်ခံမှုလုပ်ငန်းတစ်လျှောက် အဖွဲ့ဝင်နိုင်ငံများတွင် အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ထိရောက်စွာ စောင့်ကြည့်နိုင်ရန် သက်ဆိုင်ရာသဘောတူစာချုပ်များအားဖြင့် လွှမ်းခြုံထားသည် နယ်ပယ်အားလုံးဆိုင်ရာ ထပ်မံဖြည့်စွက်သော သတင်းအချက်အလက်များကို ကော်မတီအဖွဲ့များမှ ကြိုဆိုပါသည်။ အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာ ဆောင်ရွက်သူများမှ ထပ်မံဖြည့်စွက်သည့် သတင်းအချက်အလက် များကို အထိရောက်ဆုံးတင်သွင်းရန်နည်းလမ်းမှာ အရေးအသားပြုထားသည့်အစီရင်ခံစာ အားဖြင့် ဖြစ်သည်။ အသုံးဝင်ဆုံးသော အစီရင်ခံစာများသည် အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာ ဆောင်ရွက်သူများစွာတို့မှ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ညှိနှိုင်းမှုပြုခြင်းအားဖြင့် ထုတ်လုပ်သော အစီရင်ခံစာဖြစ်သည်။ သို့ဖြစ်၍ သက်ဆိုင်ရာနိုင်ငံတစ်ခုမှ အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာ ဆောင်ရွက်သူများအား ပူးတွဲရေးသားသည့် သတင်းအချက်အလက်များ တင်သွင်းပေးရန် အားပေးပါသည်

သတင်းအချက်အလက်များကို တင်သွင်းသည့်နည်းလမ်းများမှာ လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့ တစ်ခုနှင့်စတ်ခု ခြားနားကြပါသည်။ ယေဘုယျအားဖြင့် စာချုပ်အဖွဲ့တစ်ခုသို့ အဖွဲ့ဝင်နိုင်ငံ၏အစီရင်ခံစာတင်သွင်းမှုပြီးနောက် ၎င်းအား ထည့်သွင်းစဉ်းစားမှုမပြုမီ အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာ ဆောင်ရွက်သူများမှ ဖြည့်စွက် သတင်းအချက်အလက်များ ကို တင်သွင်းသင့်ပါသည်။

**စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးဆိုင်ရာ ကော်မတီ၊ အမျိုးသမီးများအား ခွဲခြားဆက်ဆံမှု ပပျောက်ရေး ဆိုင်ရ ကော်မတီနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ တို့သည် ပြည်တွင်းနှင့် နိုင်ငံတကာ NGO များမှလည်းကောင်း၊ အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာဆောင်ရွက်သူများ (အထူးသဖြင့် ကျွမ်းကျင်ပညာရှင်တစ်ဦးချင်း၊ ပညာရေးဆိုင်ရာ အင်စတီကျူးရှင်းများ၊ ပရောဖက်ရှင်နယ် အသင်းအဖွဲ့များနှင့် လွှတ်တော်များ) ထံမှ ရေးသားထားသည့် သတင်းအချက်**

အလက်များကို အစည်းအဝေးရှေ့ပြေး လုပ်ငန်းအဖွဲ့များ၌ ဆွေးနွေးရမည့်ကိစ္စရပ်များဆိုင်ရာစာရင်းကို ပြင်ဆင် ရန် အတွက် ကြိုဆို ပါသည်။ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီသည် ရေးသားထားသည့် သတင်းအချက် အလက်များကို အစည်းအဝေးရှေ့ပြေးလုပ်ငန်းအဖွဲ့သို့ နှစ်လကြိုတင်တင်သွင်းရန် သတ်မှတ်ထားသည်။ ပညာရေးဆိုင်ရာ အင်စတီ ကျူးရှင်းများနှင့် ပရော်ဖက်ရှင်နယ် အသင်းအဖွဲ့များ ပါဝင်သည့် အရပ်ဘက်အဖွဲ့ အစည်းဆိုင်ရာဆောင်ရွက်သူ များသည် အရေးအသားပြုထားသည့် သတင်းအချက်အလက်များကို ညှပ်းပန်းနှိပ်စက်မှုဆိုင်ရာ ကော်မတီ နှင့် လူ့အခွင့် အရေးဆိုင်ရာကော်မတီတို့၏ နိုင်ငံအစီရင်ခံစာလုပ်ငန်းအဖွဲ့ သို့ တင်သွင်းနိုင်ပါသည်။

လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့များသို့ တင်သွင်းသော အရေးအသားပြုထားသည့်သတင်းအချက်အလက်များကို အများ ပြည်သူဆိုင်ရာသတင်းအချက်အလက် များအဖြစ် မှတ်ယူပါသည်။ သို့သော် အထူးတလဲ တောင်းဆိုမှုရှိက ကော်မတီများ သည် သတင်းအချက်အလက်များကို လျှို့ဝှက်ထိန်းသိမ်းပေးပါသည်။

အရပ်ဘက်အဖွဲ့အစည်းများမှ တင်သွင်းသော အရေးအသားပြုထားသည့်အစီရင်ခံစာများကို တရားဝင် ကုလသမဂ္ဂ စာတမ်းများ ဖြစ်မသွားသကဲ့သို့၊ တည်းဖြတ်ခြင်း သို့မဟုတ် ဘာသာပြန်ခြင်းမျိုးကိုလည်း မဆောင်ရွက်ပေးပါ။ သို့ဖြစ်၍ အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာဆောင်ရွက်သူများမနေဖြင့် ၎င်းတို့၏သတင်းအချက်အလက်များတင်သွင်းရာတွင် သက်ဆိုင်ရာကော်မတီ(များ)၏လုပ်ငန်းသုံး ဘာသာစကားတစ်ခုခုဖြင့်တင်သွင်းရမည်ဖြစ်ရာ မည်သည့်ဘာသာစကားဖြင့် တင်သွင်းရမည်ကို ထည့်သွင်းစဉ်းရန်လိုအပ်ပါလိမ့်မည်။

**သတင်းအချက်အလက်များတင်သွင်းမှုမပြုမီ အောက်ပါတို့ကိုစစ်ဆေးရန် အရေးကြီးသည် -**

- မိမိနိုင်ငံသည် သက်ဆိုင်ရာစာချုပ်အား အတည်ပြုခြင်း သို့မဟုတ် သဘောတူညီထားခြင်း ရှိ မရှိစစ်ပါ။ ရှိပါက သဘောတူညီချက်၏ ပြဋ္ဌာန်းချက်များသို့ နိုင်ငံမှ ထားရှိသည့်ချွင်းချန်ထားချက်များ (reservations)၏ ပမာဏ မည်မျှရှိသည်ကိုစစ်ဆေးရပါမည်။ (ယေဘုယျအားဖြင့်ချွင်းချန်ထားချက်များက အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာ ဆောင်ရွက်သူများအား အချို့သောကိစ္စရပ်များကို ကိုင်တွယ်ခြင်းမှလည်းကောင်း၊ ကော်မတီထံသို့ ယင်းကိစ္စရပ် များ တင်ပြခြင်းမှလည်းကောင်း မဟန့်တားနိုင်ပါ။)
- **နိုင်ငံမှနောက်ထပ်အစီရင်ခံစာတင်ရန်အချိန်ကျသည့်အခါ** လည်းကောင်း၊ သက်ဆိုင်ရာကော်မတီ၏ နောက်ထပ် အစည်းအဝေး အချိန်သတ်မှတ်သည့်အခါ စစ်ဆေးရမည်။ သတ်မှတ်ထားသည့်ရက်များသည် ကြိုတင် အကြောင်း ကြားမှုမရှိဘဲ ပြောင်းလဲနိုင်ရာ သက်ဆိုင်ရာကော်မတီ၏အတွင်းရေးမှူးချုပ်ရုံးထံ အစည်းအဝေး တိုင်းအတွက် ပုံမှန် ဆက်သွယ်ရန် အရေးကြီးသည်။
- စဉ်းစားသုံးသပ်မှုပြုခံရသည့် အဓိကအရေးကိစ္စများကို စစ်ဆေးရမည်။ အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာ ဆောင်ရွက်သူများသည် **ယခင်အဖွဲ့ဝင်နိုင်ငံများ၏အစီရင်ခံစာများနှင့်လည်းကောင်း၊ ယခင် နိဂုံးချုပ် သုံးသပ်မှုများနှင့် ယခင် ဆွေးနွေးရမည့်ကိစ္စများ စာရင်းတို့နှင့်လည်းကောင်း ရင်းနှီးမှုရှိစေရပါမည်။**
- လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့အသီးသီး၏ **အစီရင်ခံမှု လမ်းညွှန်ချက်များ** ကိုစစ်ဆေးရမည် (သို့မှသာ အရပ်ဘက်အဖွဲ့အစည်းများဆိုင်ရာဆောင်ရွက်သူများမှ စောင့်ကြည့်သူကို ကူညီပေးနိုင်မည်ဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံများ၏အစီရင်ခံများသည် ၎င်းတို့နှင့်ညီညွတ်မှုရှိလာမည်ဖြစ်သည်။

## အရေးအသားဖြင့်အစီရင်ခံစာတင်သွင်းခြင်း

အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာဆောင်ရွက်သူများမှ လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့များသို့ သတင်းအချက်အလက်များတင်သွင်းရန် အသုံးဝင်ဆုံး နည်းလမ်းမှာ နိုင်ငံ၏အစီရင်ခံစာနှင့်အတူ အရေးအသားပြုထားသည့် အစီရင်ခံစာ တစ်ရပ်တင်သွင်းခြင်းဖြစ်သည်။

အရပ်ဘက်အဖွဲ့အစည်းဆောင်ရွက်သူများမှ ၎င်းတို့၏အစီရင်ခံစာမူကြမ်းအစမပြုမီ လူ့အခွင့်အရေးဆိုင်ရာ စာချုပ်အဖွဲ့ ၏ သတ်မှတ်ထားသည့် အစီရင်ခံမှုလမ်းညွှန်ချက်များနှင့် သူတို့ကိုယ်တိုင်ရင်းနှီးမှုရှိစေရန် အကြံပြုပါသည်။ အရေးအသားပြုသည့် အစီရင်ခံစာများသည် အစိုးရ၏ တရားဝင်အစီရင်ခံစာများ၏ ဖွဲ့စည်းပုံနှင့် ဆင်တူရပါမည်။ ၎င်းတို့ ၏ ရည်ရွယ်ချက်သည် အဖွဲ့ဝင်နိုင်ငံရှိ ဥပဒေ၊ မူဝါဒနှင့် ကျင့်သုံးမှုတို့အား သဘောတူစာချုပ်၏ အခြေခံမှုများနှင့် စံချိန်စံညွှန်း များ တို့နှင့် ကိုက်ညီမှုရှိစေရန် စနစ်တကျ စိစစ်ခံသင့်ပါသည်။

အစီရင်ခံစာအရေးအသားများသည် -

- ရှင်းလင်းမှု၊ တိကျမှု၊ မှန်ကန်မှုနှင့် ဓမ္မဓိဋ္ဌာန်ကျမှုရှိရမည်၊
- စာရေးသူများမှ အကောင်အထည်ဖော်ဆောင်ရာတွင် တွေ့ရှိသော ပြဿနာနှင့် မည်သို့ဆောင်ရွက်သင့်သည် ဟူသည့်အချက်တို့ကို မီးမောင်းထိုးပြပါ၊
- သတ်မှတ်ထားသည့်နိုင်ငံရှိ လူ့အခွင့်အရေးအခြေအနေတိုးတက်လာစေရန် အကြံပြုချက်များချမှတ်ပါ၊
- နိုင်ငံ၏အစီရင်ခံစာစစ်ဆေးမှုအချိန်မကျရောက်မီ အတတ်နိုင်ဆုံးစောလျင်စွာတင်သွင်းပါ။ သို့မသာ လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့များသည် ဆွေးနွေးရန်ကိစ္စရပ်များစာရင်းများပြုစုခြင်း၊ အစည်းအဝေးအတွက် ပြင်ဆင်ခြင်းနှင့် နိဂုံးချုပ်သတ်မှတ်ချက်များအတွက် မူကြမ်းရေးခြင်းတို့ကိုဆောင်ရွက်စဉ် ရေးသားထားသည့် အစီရင်ခံစာများကို ထည့်သွင်းစဉ်းစားနိုင်မည်ဖြစ်သည်။

လမ်းညွှန်းချက်များ -

- အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာဆောင်ရွက်သူများမှ ပေးပို့သည့်သတင်းအချက်အလက်များသည် နိုင်ငံအလိုက် သီးသန့်ရှိရမည်ဖြစ်ပြီး ၎င်းကို ရည်ညွှန်းသည့်လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့၏ လုပ်ပိုင်ခွင့်နှင့် သက်ဆိုင်မှုရှိရမည်။ ဖြစ်နိုင်လျှင် ၎င်းသည် သဘောတူစာချုပ်၏ အပိုဒ်သို့တိုက်ရိုက်ရည်ညွှန်းချက်ရှိသင့်ပြီး စွပ်စွဲ ထားသော ချိုးဖောက်ခံ ထားရသည့် လူ့အခွင့်အရေးကို ဖော်ပြပေးရမည်။
- လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာစွပ်စွဲချက်များသည် သက်ဆိုင်ရာအထောက်အထားနှင့် စာရွက်စာတမ်း များဖြင့် အမြဲတမ်းပံ့ပိုးမှုရှိရမည်။
- သတင်းအချက်အလက်အားလုံးကို မှန်ကန်စွာရည်ညွှန်းကိုးကားရမည်။ ကုလသမဂ္ဂစာရွက်စာတမ်းတစ်ခုကို ကိုးကား သည့်အခါ စာပိုဒ်နံပါတ်များဖြင့် ရည်ညွှန်းရမည်။ စာမျက်နှာများသည် ဘာသာစကား အလိုက် အပြောင်း အလဲရှိနိုင်သောကြောင့်ဖြစ်သည်။ နိုင်ငံ၏အစီရင်ခံစာများကို ကိုးကားမှုပြုရာတွင်လည်း ထိုနည်းတူ ပြုရပါမည်ဖြစ် ကုလသမဂ္ဂ တရားဝင်မှုပုံစံအဖြစ် ရည်ညွှန်းရမည်။
- သက်ဆိုင်ရာလူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့၏အတွင်းရေးမှူးချုပ်ရုံးသို့ အီလက်ထရောနစ်မူပုံစံဖြင့်လည်းကောင်း၊ ထုတ်ထား သောစာမိတ္တူများစွာဖြင့်လည်းကောင်း ပေးပို့ရပါမည်။ အတွင်းရေးမှူးချုပ်ရုံးသည် အရပ်ဖက် လူ့အဖွဲ့အစည်းမှ အချက်အလက်များ ကို ပြန်လည်ထုတ်လုပ်ရန် မတတ်နိုင်သောကြောင့်ဖြစ်သည်။
- စာရွက်စာတမ်းများတွင် ရိုင်းစိုင်းသောစကားရပ်များပါဝင်ပါက လက်ခံမည်မဟုတ်ပါ။

အရပ်ဘက်အဖွဲ့အစည်းမှ စာချုပ်အဖွဲ့အစည်းအဝေးများသို့ အရေးအသားဖြင့်တင်သွင်းမှုများကို **OHCHR ဝက်ဘက်ဆိုက် ၏** human rights treaty bodies section တွင်လည်းကောင်း၊ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီ၏ အမှုကိစ္စသအတွက် Child Rights Information Network (NGO Group for the Convention on the Rights of the Child) ၏ဝက်ဘ်ဆိုက်တွင် လည်းကောင်းရရှိနိုင်ပါသည်။

**လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့အသီးသီးသို့ ရေးသားထားသည့်သတင်းအချက်အလက်များ တင်သွင်းမှုဆိုင်ရာ သတင်းတချက်အလက်များအတွက် ဤအခန်းအဆုံးပိုင်းရှိ အကွက်များထဲသို့ ဝင်ရောက်အတိုင်အပင်ခံပြုပေးပါ။**

## စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်၏ အကောင်အထည် ဖော်ဆောင်မှုအပေါ် အစီရင်ခံစာတစ်ရပ်ရေးသားမှု လေ့ကျင့်ရေးအလုပ်ရုံဆွေးနွေးပွဲ

၂၀၁၇ ခုနှစ် ဖွန်လတွင် **Georgia** ရှိ OHCHR နယ်ရုံးမှ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးဆိုင်ရာ ကော်မတီသို့ အစီရင်ခံစာတစ်ရပ်တင်သွင်းရေး နှင့် ပတ်သက်၍ NGO ကိုယ်စားလှယ်ပေါင်း ၂၀ အတွက် Tbilisi တွင် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ် ခေါ်ယူကျင်းပခဲ့ပါ သည်။ ယင်းအလုပ်ရုံဆွေးနွေးမှုကို ကော်မတီအဖွဲ့ဝင်နှစ်ဦးတို့မှ ကမကထ ဆောင်ရွက်ပေးပြီး အောက်ပါတို့ကို ဆောင်ရွက်ရန် ချမှတ်ပါသည်။

- နိုင်ငံတကာလူ့အခွင့်အရေး ဆိုင်ရာ သဘောတူစာချုပ်များ၊ ၎င်းတို့၏ စောင့်ကြည့်ထိန်းကျောင်းမှုယန္တရားများ၊ နှင့် NGO များ၏ အခန်းကဏ္ဍအတိ အကျ စသည်တို့အား အများသိရှိ စေရန် အမြင်ဖွင့်ပေးခြင်း၊
- စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်အား အကောင် အထည်ဖော်ဆောင်မှုတွင် တန်းတူညီမျှမှု၊ ခွဲခြားဆက်ဆံခြင်းကင်းမှု၊ ပါဝင်လုပ်ဆောင်မှုစသည့်တို့ဆိုင်ရာ အခြေခံမူများကို နားလည်လာ စေရန် တိုးမြှင့်ဆောင်ရွက်ပေးခြင်း၊
- သဘောတူစာချုပ်အား အကောင် အထည်ဖော်ဆောင်မှု တိုးတက်ခြင်းကို စောင့်ကြည့်သည့် အရပ်ဖက်လူ့အဖွဲ့အစည်း၏ အခန်း ကဏ္ဍကို သိရှိမှု တိုးမြှင့်စေခြင်း

ဤစွမ်းဆောင်ရည်မြှင့်တင်မှု သင်တန်း ၏ နောက်ဆက်တွဲဆောင်ရွက်ချက် အဖြစ် စားပွဲဝိုင်းဆွေးနွေးမှု မြောက်များ စွာကို ၂၀၁၇ ခုနှစ်တွင် ပြည်တွင်း NGO များမှ ဆောင်ရွက်ခဲ့လေသည်။



### ၄။ လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့အစည်းအဝေးများသို့တက်ရောက်ခြင်းနှင့် ပါဝင်အကြံပြုဆွေးနွေးခြင်း

#### အစည်းအဝေးများသို့တက်ရောက်ခြင်း

အဖွဲ့ဝင်နိုင်ငံများ၏အစီရင်ခံစာများကို အများပြည်သူဆိုင်ရာအစည်းအဝေးများတွင် ထည့်သွင်းစဉ်းစားရာ၊ ၎င်းတွင် အရပ်ဖက်လူ့အဖွဲ့အစည်းများသည် လေ့လာသူများအဖြစ် တက်ရောက်နိုင်သည်။ လူ့အခွင့်အရေးဆိုင်ရာအစည်းဝေး များတွင် အရပ်ဖက်လူ့အဖွဲ့အစည်းများ တက်ရောက်ခြင်းအားဖြင့် -

- ကော်မတီတစ်ရပ်လုံးနှင့်ဖြစ်စေ၊ အဖွဲ့ဝင်တစ်ဦးခြင်းစီနှင့်ဖြစ်စေ အကျဉ်းချုပ်မိတ်ဆက်ပေးသည်၊
- ကော်မတီနှင့် နိုင်ငံအကြား ပြောဆိုဆွေးနွေးမှုများကို လေ့လာနိုင်သည်၊
- ကော်မတီမှ ဖော်ထုတ်သည့်အရေးကိစ္စများလည်းကောင်း၊ ချမှတ်သည့် အကြံပြုချက်များကို လည်းကောင်း လက်ဦးလေ့လာခွင့်ရှိသည်။

ကော်မတီအတစည်းအဝေးများနှင့် အစည်းအဝေးမတိုင်မီ ကာလများတို့တွင် အရပ်ဘက်အဖွဲ့အစည်း၏ပါဝင်မှုကို စိုးမိုးသည့် စည်းမျဉ်းများနှင့် အလေ့အထများ သည် ကော်မတီးများအကြား ကွဲပြားကြသည်။

**လူ့အခွင့်အရေးဆိုင်ရာသဘောတူစာချုပ်အဖွဲ့၏အစည်းအဝေးများသို့ တက်ရောက်ရန် ခွင့်ပြုချက်ကို သက်ဆိုင်ရာ ထံမှ ကြိုတင်တောင်းဆိုနိုင်သည်။**

#### အစည်းအဝေးများတွင် ပါဝင်အကြံပြုဆွေးနွေးခြင်း

တစ်သီးပုဂ္ဂလကျွမ်းကျင်ပညာရှင်များ၊ ပညာရေးဆိုင်ရာနှင့် ပရောဖက်ရှင်နယ်အဖွဲ့ကိုယ်စားပြုသူများ အပါဝင် အရပ်ဖက်လူ့အဖွဲ့အစည်းဆိုင်ရာဆောင်ရွက်သူများသည် ကော်မတီအစည်းအဝေးများတွင် တတ်ကြွသောအခန်းကဏ္ဍတစ်ရပ်မှ ပါဝင်နိုင်ပါသည်။ ကော်မတီနှင့် အဖွဲ့ဝင်နိုင်ငံတို့အကြားဆွေးနွေးမှုတွင် ပါဝင်မှုမရှိသော်လည်း၊ ကော်မတီအဖွဲ့ဝင်များသို့ ၎င်းတို့ အရေးအသားပြုထားသည့်တင်သွင်းမှုများတွင် ပါဝင်သည့် အရေးကိစ္စများကို တင်ဆက်မှုများပြုနိုင်သည်။

ကော်မတီအများစုသည် အရပ်ဘက်အဖွဲ့အစည်းမှ နှုတ်ပြောတင်သွင်းမှုများအတွက်အချိန်ခွဲခန့်ပေးထားပါသည်။ ကော်မတီ အစည်းအဝေးနှင့် ၎င်း၏ရှေ့ပြေးလုပ်ငန်းအဖွဲ့များထံ နှုတ်ပြော တင်သွင်းမှုအကြောင်းပိုမိုသိရှိလိုပါက ဤအခန်း၏ နောက်ဆက်တွဲကို ဆက်လက်လေ့လာပါ။

## ကော်မတီအစည်းအဝေးများ (Committee sessions)

လူ့အခွင့်အရေးဆိုင်ရာကော်မတီ၊ စီးပွားရေး၊ လူမှုရေး နှင့်ယဉ်ကျေးမှုအခွင့်အရေးဆိုင်ရာကော်မတီ၊ ညှဉ်းပန်းနှိပ်စက်မှု ဆန့်ကျင်ရေးဆိုင်ရာကော်မတီ၊ အမျိုးသမီးများအား ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာကော်မတီ၊ နှင့် ရွှေ့ပြောင်းလုပ်သား များဆိုင်ရာကော်မတီ တို့သည် ၎င်းတို့၏အစီရင်ခံမှုအစည်းအဝေးများအချိန်အတွင်း နှုတ်ပြောတင်သွင်းမှုများအတွက် အချိန် ခွဲခန့်ထားပါသည်။ ၎င်းသည် အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာဆောင်ရွက်သူများအား ၎င်းတို့အစီရင်ခံစာအရေးအသားတွင် ပါဝင်သည့် အဓိကအရေးကိစ္စများကို ကော်မတီထံတင်ပြရန် အခွင့်ထူးတစ်ရပ်ရရှိစေပါသည်

မှတ်သားရန်မှာ၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးဆိုင်ရာကော်မတီနှင့် အမျိုးသမီးများအားခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာကော်မတီ တို့၏အစည်းအဝေးများကို ဖွင့်ပေးထားသော်လည်း၊ အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာ ဆောင်ရွက်သူများ၏ နှုတ်ပြောရှင်းလင်းချက်များကို တံခါးပိတ်အစည်းအဝေးများတွင်ဆောင်ရွက်သည်။

## အစည်းအဝေးရှေ့ပြေးလုပ်ငန်းအဖွဲ့များ

စီးပွားရေး၊ လူမှုရေး နှင့်ယဉ်ကျေးမှုအခွင့်အရေးဆိုင်ရာကော်မတီ၊ အမျိုးသမီးများအား ခွဲခြားဆက်ဆံမှု ပပျောက်ရေး ဆိုင်ရာ ကော်မတီနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီတို့သည် အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာ ဆောင်ရွက်သူများ အတွက် အစည်းအဝေးရှေ့ပြေးလုပ်ငန်းအဖွဲ့သို့ အကြံပြုဆွေးနွေးမှုများပေးရန် အချိန်အတိအကျခွဲခန့်ပေးပါသည်။ အခြား သောကော်မတီများသည် ထိုကဲ့သို့သော အကြံပြုဆွေးနွေးမှုအတွက် သတ်သတ်မှတ်မှတ် နည်းလမ်းမစီစဉ်ပေးသော် လည်း သက်ဆိုင်ရာကော်မတီ၏အတွင်းရေးမှူးချုပ်ရုံးနှင့်ဆက်သွယ်ကာ ကော်မတီအဖွဲ့ဝင်များနှင့် အလွတ်သဘော အစည်းအဝေး များ စီစဉ်နိုင်ပါသည်။

အစည်းအဝေးရှေ့ပြေး လုပ်ငန်းအဖွဲ့များသို့ပေးသည့် အရပ်ဘက်အဖွဲ့အစည်း၏အကြံပြုဆွေးနွေးမှုများကို အဖွဲ့ဝင် နိုင်ငံများ သို့ ပေးပို့မည့် ကိစ္စရပ်များစာရင်း  တွင် ပေါင်းစည်းထည့်သွင်းနိုင်သည်။ အစည်းအဝေးရှေ့ပြေးလုပ်ငန်းအဖွဲ့ မျးသည် အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာဆောင်ရွက်သူများအတွက် ရေးသားထားသည့် သတင်းအချက်အလက် (သို့) အစီရင်ခံစာ များကို တင်သွင်းရန် အခွင့်အလမ်းစီစဉ်ပေးလေသည်။ ကော်မတီအများစုသည် ရှေ့ပြေးအစည်းအဝေးများတွင် အစိုးရကိုယ်စားလှယ်များ တက်ရောက်ခွင့်မပြုပါ။

**လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့အစည်းအဝေးများနှင့် အစည်းအဝေးရှေ့ပြေးလုပ်ငန်းအဖွဲ့ များတွင် နှုတ်ပြော တင်သွင်းမှုအတွက် လမ်းညွှန်ချက်များ**

- နှုတ်ပြောတင်သွင်းမှုများသည် သတ်မှတ်ထားသည့်စာချုပ်နှင့် သက်ဆိုင်မှုရှိရမည်၊
- နှုတ်ပြောထုတ်ဖော်ချက်များသည် ကော်မတီမှချမှတ်ထားသည့်အချိန်ကန့်သတ်မှုကို လေးစားလိုက်နာရမည်၊
- စကားပြန်ဝန်ဆောင်မှုများကို အများအားဖြင့်အစည်းအဝေးများတွင်ထားရှိပေးထားရာ၊ အရပ်ဘက်အဖွဲ့အစည်း ကိုယ်စားပြုသူများသည် စကားပြန်များထံ နှုတ်ပြောတင်သွင်းမှု၏ အရေးအသားစာများကို  ပေးထားရပါမည်။
- ကောင်းမွန်စွာညှိနှိုင်းမှုရှိထားသည့် အနည်းငယ်သော ကိုယ်စားလှယ်များသည် ကိစ္စရပ်တစ်ခုတည်းဆိုင်ရာ ကြီးမားသည့်ကိုယ်စားလှယ်အုပ်စုထက် သာ၍ထိရောက်မှုရှိပါသည်။
- ရိုင်းပြသော သို့မဟုတ် စော်ကားသော စကားရပ်ဟုသတ်မှတ်ချက်များကို လက်ခံမည်မဟုတ်ဘဲ၊ ထိုသို့သော အသုံး အနှုန်းကို အသုံးပြုသူမည်သူကိုမဆို အစည်းအဝေးများမှ ဖယ်ထုတ်ခံရပါမည်။

**NGO များနှင့် အခြားသော အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာဆောင်ရွက်သူများသည် ၎င်းတို့စီစဉ်ချမှတ်ထားသည့် ပါဝင် ဆောင်ရွက်မှုများကို သက်ဆိုင်ရာကော်မတီ၏အတွင်းရေးမှူးချုပ်ရုံးသို့ ကြိုတင်ဆက်သွယ်ပေးထားရပါမည်။**

ကော်မတီအစည်းအဝေးများသည် အများအားဖြင့် အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာဆောင်ရွက်သူများအတွက် ကော်မတီဝင်များနှင့် အလွတ်သဘောတွေ့ဆုံရန် အခွင့်ထူးများစီစဉ်ပေးပါသည်။ ယေဘုယျအားဖြင့် NGO များမှ စီစဉ်သည့် **အလွတ်သဘောရှင်းလင်းချက်များ** ကို တရားဝင်အစည်းအဝေးများ၏ နယ်နိမိတ်အတွင်း အပိုဆောင်းအစီအစဉ်ဖြင့်စီစဉ်နိုင်ရာ အများအားဖြင့် မွန်းလွဲ ၁း၀၀ မှ ၃း၀၀ နာရီကြား နေ့လည်စာအားလပ်ချိန်တွင် စီစဉ်ပေးလေ့ရှိသည်။ မှတ်သားရန်မှာ နေ့လည်စာအားလပ်ချိန် ရှင်းလင်းမှုပြုချက်များအတွက် စကားပြန်ဝန်ဆောင်မှုမရှိပါ။

အလွတ်သဘောတွေ့ဆုံမှုများသည် အဆိုပါကော်မတီမှ ကိုင်တွယ်နေသည့် အရေးကိစ္စများနှင့် နိုင်ငံများအကြောင်းကို ဦးစားပေးရပါမည်။ အလွတ်သဘောရှင်းလင်းချက်များကို သင်ဆိုင်ရာနိုင်ငံ၏ နိုင်ငံအစီရင်ခံစာကို ထည့်သွင်းစဉ်းစားမှု မပြုမီနေ့တွေင် သို့မဟုတ် ၎င်းနေ့တွင်ပင် ဆောင်ရွက်ပါသည်။ ကောင်းမွန်စွာစီစဉ်ထားပြီး သေချာညှိနှိုင်းမှုပြုထားသည့် ရှင်းလင်းချက်များသို့ ကော်မတီအဖွဲ့ဝင်များ တက်ရောက်မှုများပြီး မတူညီသောကိစ္စရပ်များစွာတို့အပေါ် မြောက်များစွာသော ရှင်းလင်းချက်များထက် ပို၍ထိရောက်မှုရှိသည်။ သို့ဖြစ်၍ အရပ်ဘက်အဖွဲ့အစည်းများဆိုင်ရာ ဆောင်ရွက်သူများသည်၎င်းတို့၏ လှုပ်ရှားမှုများကို ညှိနှိုင်းမှုပြုရန် အားပေးပါသည်။

အချို့သောအခြေအနေများတွင် ကော်မတီအတွင်းရေးမှူးရုံးများမှ ရှင်းလင်းချက်များအတွက် အခန်းနှင့် အသုံးအဆောင်ကိရိယာများ စီစဉ်ပေးနိုင်ပြီး၊ ယင်းရှင်းလက်ချက်များအကြောင်းကို ကော်မတီထံ ကြိုတင်အကြောင်းကြားပေးပါသည်။

## ၅။ လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့များ၏ နိဂုံးချုပ်သုံးသပ်ချက်များအတွက် နောက်ဆက်တွဲဆောင်ရွက်ချက်

ကော်မတီအစည်းအဝေးကျင်းပပြီး၊ နိဂုံးချုပ်သုံးသပ်ချက်များကို ချမှတ်ပြီးပါက အရပ်ဖက်အဖွဲ့အစည်းများသည် အဖွဲ့ဝင်နိုင်ငံမှ အကြံပြုချက်များကိုအမျိုးသားအဆင့် အမြင်ဖွင့်ပေးရန်လည်းကောင်း၊ နိဂုံးချက်သုံးသပ်ချက်များကို အကောင်အထည်ဖော်ဆောင်ရန်လည်းကောင်း နောက်ဆက်တွဲဆောင်ရွက်မှုများကို ဆောင်ရွက်နိုင်ပါသည်။

သို့ဖြစ်၍ အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာဆောင်ရွက်သူများသည် ကော်မတီများမှ ချမှသည့် နိဂုံးချုပ်သုံးသပ်ချက်များနှင့် ရင်းနှီးမှုရှိရန် အရေးကြီးပါသည်။

**စာချုပ်အဖွဲ့၏အကြံပြုချက်များဆိုင်ရာ e-mail notification** များကို subscribe လုပ်ရန် OHCHR ၏ ဝက်ဘ်ဆိုက်သို့ ဝင်ရောက်ပါ။

**အရပ်ဘက်အဖွဲ့အစည်းများ သည် လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့၏နိဂုံးချုပ်သုံးသပ်ချက်များ အတွက် နောက်ဆက်တွဲဆောင်ရွက်မှုအတွက် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-**

- အစိုးရမှ၎င်း၏လိုက်နာရမည့်တာဝန်များကို ဖြည့်ဆည်းရန် အတူတက**ဆောင်ရွက်ခြင်း**။ ။ အရပ်ဖက်လူ့အဖွဲ့အစည်း သည် အမျိုးသားဥပဒေပြုပြင်ပြောင်းလဲမှုမြှင့်တင်ခြင်းနှင့် အမျိုးသားမူဝါဒများချမှတ်ခြင်း တို့တွင် အထောက်အကူအဖြစ် ဆောင်ရွက်ပေးလေ့ရှိပါသည်။ အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာဆောင်ရွက်သူများသည် အစိုးရနှင့် ဆွေးနွေးမှုပြုရာ တွင် လည်းကောင်း၊ ၎င်းတို့၏လုပ်ဆောင်မှုအစီအစဉ်များအတွက်လည်းကောင်း ကော်မတီများ၏ နိဂုံးချုပ်သုံးသပ်ချက် များကို  အခြေခံအဖြစ် အသုံးပြုနိုင်ပါသည်။
- အချို့သော နိုင်ငံများတွင် လူ့အခွင့်အရေးအခြေနေနှင့် ကော်မတီများ၏ နိဂုံးချုပ်သုံးသပ်ချက်များအား ဒေသန္တရဆင့် အကောင်အထည်ဖော်ဆောင်ရေးခြေလှမ်းများအား **စောင့်ကြည့်ခြင်း၊**
- ကော်မတီအစည်းအဝေးများ၏ မှတ်တမ်းများ၊ အဖွဲ့ဝင်နိုင်ငံများမှ အကောင်အထည်ဖော်ဆောင်ရမည့် အကြံပြုချက်များ၊ နှင့် လူ့အခွင့်အရေးအား နိုင်ငံအတွင်းခံစားစံစားမှု အားကောင်းလာစေရန် အတွက်

နိဂုံးချုပ်သုံးသပ်ချက်များကို မည်သို့ အသုံးပြုနိုင်ခြင်း စသည်တို့ကို **အမြင်ဖွင့်ပေးခြင်း။** ။ ၎င်းကို အကြောင်း အရာ အလိုက်ဆွေးနွေးခြင်းများ၊ စားပွဲဝိုင်းဆွေးနွေးခြင်း၊ နီးနှောဖလှယ်ပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲများ အားဖြင့်လည်းကောင်း၊ နိဂုံးချုပ်သုံးသပ်ချက်များအား ဘာသာပြန်ထုတ်ဝေခြင်းဖြင့်လည်းကောင်း၊ သို့မဟုတ် NHRI များနှင့် ပြည်တွင်းမီဒီယာများနှင့်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်လည်းကောင်း ဆောင်ရွက်နိုင်ပါသည်။

- နိဂုံးချုပ်သုံးသပ်ချက်များနှင့် အကြံပြုချက်များကို အကောင်အထည်ဖော်ဆောင်မှုများတွင် အစိုးရ၏တိုးတက်လာမှုကို ကော်မတီထံသို့အကြောင်းကြားပေးခြင်းဖြင့်လည်းကောင်း၊ အမိကပစ်မှတ်ထားရှိသော သတင်း အချက်အလက်များ ပေးပို့ခြင်းဖြင့်လည်းကောင်း **လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့များအား၏ လုပ်ငန်းကို ပံ့ပိုးပေးခြင်း။**

### ၆။ လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့များသို့ တစ်သီးပုဂ္ဂလတိုင်ကြားစာများကို မည်သို့တင်သွင်းမည်နည်း

အဖွဲ့နိုင်ငံတစ်ခုမှ မှ စာချုပ်တစ်ခုအောက်ရှိ တစ်စုံတစ်ယောက်၏ အခွင့်အရေးကို ချိုးဖောက်လာပါက သူ/သူမသည် သက်ဆိုင်ရာကော်မတီထံသို့ တိုင်ကြားမှုတစ်ရပ် ပေးပို့နိုင်ပြီး၊ **အဆိုပါနိုင်ငံသည် ကော်မတီမှ တိုင်ကြားမှုများကို လက်ခံနိုင် သည့် စွမ်းဆောင်ရည်ရှိကြောင်း အသိအမှတ်ပြုထားရန်လိုအပ်သည်။** အကယ်၍ တစ်ဦးချင်းစီသည် တိုင်ကြားမှုများကို သဘောတူညီချက် အရေးအသား ("ကိုယ်စားလှယ်လွှဲစာ"၊ လုပ်အပိုင်ခွင့်အာဏာ) ပေးအပ်ခြင်း သို့မဟုတ် ထိုကဲ့သို့သော သဘောတူညီချက်များ ပေးနိုင်စွမ်းမရှိခြင်း ဖြစ်ပါက အရပ်ဘက်အဖွဲ့အစည်းအပါ အဝင် တတိယအဖွဲ့များမှ တစ်ဦးချင်း စီ၏ကိုယ်စား ပေးပို့နိုင်ပါသည်။

**တစ်သီးပုဂ္ဂလတိုင်ကြားမှုများကို ပြည်တွင်း ကုစားမှုများဖြင့်အထမမြောက်ခဲ့ခြင်း၊ အခြား သင့်လျော်သော စံနှုန်းများ ဖြည့်ဆည်းပေးခြင်း ရှိမှသာလျှင် လက်ခံမည်ဖြစ်သည်။**

တစ်သီးပုဂ္ဂလတိုင်ကြားမှုများ အကြောင်း ပိုမိုသိရှိလိုပါက ဤအခန်း၏ **နောက်ဆက်တွဲနှင့် အခန်း ၈ (လူ့အခွင့်အရေးချိုးဖောက်မှုဟူသောစွပ်စွဲချက်များဆိုင်ရာတိုင်ကြားစာတင်သွင်းခြင်း)** သို့ ဆက်လက်လေ့လာပါ။

### ၇။ လိုက်နာမှုစိစစ်မေးမြန်းမှုအတွက် သတင်းအချက်အလက်များပေးခြင်း

အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာဆောင်ရွက်သူများသည် ကော်မတီများထံသတင်းအချက်အလက်များပေးပို့ခြင်းအားဖြင့် လိုက်နာမှုစိစစ်မေးမြန်းမှုတစ်ရပ်ဆောင်ရွက်ရန် ကော်မတီတစ်ရပ်၏ဆုံးဖြတ်ချက်ကိုလွှမ်းမိုးမှုပေးနိုင်ပါသည်။ လိုက်နာမှု စိစစ်မေးမြန်းမှုတို့သည် အရေးကြီးသောယန္တရားများဖြစ်ပြီး အရပ်ဘက်အဖွဲ့အစည်းများအား သက်ဆိုင်ရာ ကော်မတီများထံသို့ ချိုးဖောက်မှုများနှင့် အခြေအနေများကို တင်ပြနိုင်ပါသည်။

များစွာသောလိုက်နာမှုစိစစ်မေးမြန်းမှုအများစုကို NGO များမှသတင်းအချက်အလက်များကို ပေးပို့ခြင်းဖြင့် အစအပြုခဲ့ပြီးဖြစ်သည်။ ဥပမာ၊ ညှဉ်းပန်းနှိပ်စက်မှုဆန့်ကျင်ရေးဆိုင်ရာကော်မတီမှ (ဘရာဇီး၊ အီဂျစ်၊ မက္ကဆီကို၊ ပီရူး၊ ဆာဘီးယားနှင့် မန်တေနေးဂရိုး၊ သီရိလင်္ကာနှင့် တူရကီ နိုင်ငံများတွင်) ဆောင်ရွက်သည့် ခုနစ်ခုသောလိုက်နာမှုစိစစ် မေးမြန်းမှု အားလုံးတို့ ကို NGO များမှရရှိသည့် သတင်းအချက်အလက်များအပေးအခြေပြုလျက် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အမျိုးသမီးများ အား ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာကော်မတီသည် (မက္ကဆီကိုတွင်) စိစစ်မေးမြန်းမှုတစ်ရပ်ပြီးဆုံးခဲ့ပါသည်။

အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာဆောင်ရွက်သူများသည်လည်း လိုက်နာမှုစိစစ်မေးမြန်းမှုတစ်ရပ် ဆောင်ရွက်နေစဉ် အပိုဆောင်းသတင်းအချက်အလက်များကို ပံ့ပိုးမှုပေးနိုင်ပါသည်။

IV

## လျှို့ဝှက်စုံစမ်းမေးမြန်းခြင်းအစပျိုးဆောင်ရွက်မှုတွင် NGO ၏ပါဝင်မှု

အမျိုးသမီးများအား နည်းမျိုးစုံဖြင့်ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာသဘောတူစာချုပ်၏ ရွေးချယ်ပိုင်ခွင့်ရှိသောနောက်ဆက်တွဲစာချုပ်၏ အပိုဒ် (၈)အရ ပထမဆုံးအကြိမ်ဆောင်ရွက်သည့် အမျိုးသမီးများအား ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာကော်မတီသို့ NGO သုံးခု - **Equality Now** ၊ **Casa Amiga** နှင့် **Mexican Committee for the Defence and Promotion of Human Rights** - တို့မှပေးပို့သော သတင်းအချက်အလက်များအပေါ် အခြေပြုကာ ၎င်းတို့သည် **မက္ကဆီကို** နိုင်ငံ၊ Ciudad Juarez ရှိ အမျိုးသမီး ၂၀၀ ကျော် တို့အား သတ်ဖြတ်မှု နှင့် ပျောက်ကွယ်စေမှု တို့နှင့် သက်ဆိုင်ပါသည်။ NGO များက ၁၉၉၃ ခုနှစ်မှစ၍ ဖြစ်ပျက်ခဲ့သည့် အမျိုးသမီးများအား အဓမ္မဖျား ယောင်းသွေးဆောင်မှု၊ မုဒိမ်းမှုနှင့် သတ်ဖြတ်မှု တို့ဆိုင်ရာ ထွက်ဆိုချက်များပါဝင်သည့် သတင်းအချက်အလက် များ အသေးစိပ်ကို ပေးပို့ခဲ့ပါသည်။ ၎င်း သတင်းအချက်အလက်များသည် ယုံကြည်အားထားရပြီး သဘောတူစာချုပ် တွင် သတ်မှတ်ထားသည့် အခွင့်အရေးများကို ကြီးလေးသော (သို့) စနစ်တကျဖြစ်သော ချိုးဖောက်မှုဆိုင်ရာ ခိုင်မာသော လက္ခဏာများရှိကြောင်း တွေ့ရှိခဲ့ပါသည်။

၂၀၀၃ ခုနှစ် အောက်တိုဘာလတွင် ဆောင်ရွက်သည့်စုံစမ်းမေးမြန်းမှုပြုစဉ်ကာလအတွင်း NGO များမှ အပိုဆောင်း သတင်း အချက်အလက်များ ပေးပို့ပြီး ကော်မတီအဖွဲ့ဝင်နှစ်ဦးမှ မက္ကဆီကို သို့ သွားရောက်လည်ပတ်မှုတွင်လည်း ပါဝင်ခဲ့ပါသည်။ NGO များနှင့် အဖွဲ့ဝင်နိုင်ငံများ၏ တတ်ကြွသည့်ပါဝင်မှုများသည် ချိုးဖောက်မှုနှင့် ဖြစ်ပျက်သည့်အကြောင်း အရာ၏နောက်ခံ လူမှု-ယဉ်ကျေးမှု နောက်ခံများ နှစ်ရပ်လုံးကို ဖော်ပြသည့် ပြီးပြည့်စုံသော အစီရင်ခံတစ်ရပ်ကို ကူညီပေးပါသည်။ ၎င်းသည် အမျိုးသမီးများအား အကြမ်းဖက်မှု ဖြစ်စေသည့် အခြေခံအကြောင်းရင်းများကို ဦးစားပေးဖော်ပြီး၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့်ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်တွင် ပြဋ္ဌာန်းထားသည့် အခွင့်အရေးများကို သိရှိနားလည်စေရန် ခိုင်မာသည့် အကြံပြုချက်များ ချမှပေးပါသည်။

အစီရင်ခံစာနှင့် မက္ကဆီကိုအစိုးရ၏ တုန့်ပြန်ချက် တို့အား **Division for the Advancement of Women's website** တွင် ပို့စ်တင်ထားပေးပါသည်။

**လျှို့ဝှက်စုံစမ်းမေးမြန်းမှုများ**ဆိုင်ရာတသင်းအချက်အလက်များကို တင်သွင်းလိုသော အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာဆောင်ရွက်သူများသည် အောက်ပါလိပ်စာသို့ ပေးပို့နိုင်သည် -

**[ကော်မတီအမည်]**

c/o Office of the United Nations High Commissioner for
Human Rights Palais des Nations
8–14, avenue de la Paix
CH–1211 Geneva 10 - Switzerland
Fax: +41 (0)22 917 90 29

### ၈။ ကြိုတင်သတိပေးချက်နှင့် အရေးပေါ်ဆောင်ရွက်ချက်လုပ်ထုံးလုပ်နည်းများအတွက် သတင်းအချက်အလက်များ ပံ့ပိုးပေးခြင်း

အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာဆောင်ရွက်သူများ၏ တင်သွင်းသည့် သတင်းအချက်အလက်များသည် လူမျိုးရေး ခွဲခြားဖိနှိပ်မှုဖျက်သိမ်းရေးဆိုင်ရာကော်မတီ၏ ကြိုတင်သတိပေးချက်နှင့် အရေးပေါ်ဆောင်ရွက်ချက်လုံထုံးလုပ်နည်း များကို လုပ်ဆောင်ရာတွင် ကူညီပေးနိုင်ပါသည်။ ယခင်အချိန်တွင် ၎င်းလုပ်ထုံးလုပ်နည်းများကို NGO နှင့် မူရင်းဌာနေလူမျိုးအုပ်စုများထံမှရရှိသည့် သတင်းအချက်အလက်များအားဖြင့် ဆောင်ရွက်ခဲ့ပါသည်။

> တစ်သီးပုဂ္ဂလတိုင်ကြားမှုများအကြောင်း ပိုမိုသိရှိလိုပါက ဤအခန်း၏ **နောက်ဆက်တွဲနှင့် အခန်း ၈** (**လူ့အခွင့်အရေးချိုးဖောက်မှုပာသောစွပ်စွဲချက်များဆိုင်ရာတိုင်ကြားစာတင်သွင်းခြင်း**) သို့ ဆက်လက်လေ့လာပါ။

### ၉။ ဥက္ကဋ္ဌများ၏ နှစ်ပတ်လည်အစည်းအဝေးနှင့် ကော်မတီစုံအစည်းအဝေးများတွင် တက်ရောက်ပြီး ပံ့ပိုးမှုပေးခြင်း

ဤအစည်းအဝေးများသည် အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာဆောင်ရွက်သူများကို လေ့လာသူအဖြစ်ပါဝင်ရန် ဖွင့်ပေးထားသည်။

ကော်မတီစုံအစည်းအဝေး၏ အာဂျင်တာတွင် NGO များအား ကော်မတီဝင်များနှင့် စာချုပ်အဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ချက်၊ လုပ်ထုံး လုပ်နည်းများနှင့် လုပ်ဆောင်မှုနည်းစနစ်များတို့နှင့် စပ်လျဉ်းသည့် အထွေထွေအကြောင်းအရာ များအပေါ် အပြန်အလှန်ဆွေးနွေးရန် ခွင့်ပြုပါသည်။

## ယ။ OHCHR အရင်းအမြစ်များ

### OHCHR လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့အင်တာနက်ဝက်ဘ် စာမျက်နှာများ

လူ့ခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့များနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များနှင့် စာတမ်းများကို OHCHR website တွင် အများအတွက်ထားရှိပေးထားပါသည်။ စာချုပ်အဖွဲ့တစ်ခုစီတိုင်းတွင် ဝက်ဘ်စာမျက်နှာတစ်ခုရှိကြပြီး ၎င်းတွင် စာချုပ်၊ မကြာသေးမီမှ အတည်ပြုချက်များ၊ ယခင်နှင့် နောင်လာမည့်ကော်မတီအစည်အဝေးများ၊ လုပ်ဆောင်ချက်နည်းစနစ်များနှင့် အခြားသော သတင်းအချက်အလက်များရှိပါသည်

ထို့အပြင်၊ OHCHR ဝက်ဘ်ဆိုက်ရှိ **Treaty Bodies Database** တွင် အဖွဲ့ဝင်နိုင်ငံများ၏အစီရင်ခံစာများ၊ နိဂုံးချုပ်သုံးသပ်ချက်များ၊ အထွေထွေသုံးသပ်ချက်များ၊ တစ်သီးပုဂ္ဂလအကြောင်းကြားမှုများအတွက် ဆုံးဖြတ်ချက်များ အစရှိသည်တို့ အပါအဝင် စာချုပ်အဖွဲ့နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို အများရရှိနိုင်ရန် ထည့်သွင်းထားပါသည်။

### OHCHR အချက်အလက်သတင်းလွှာများ

OHCHR အချက်အလက်သတင်းလွှာများသည် နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာသဘောတူစာချုပ်များနှင့် လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့တို့ဆိုင်ကသတင်းအချက်အလက်များကို ဖော်ပြပေးပါသည်။ လက်ရှိပုံမှန် update လုပ်ထားသည့် OHCHR အချက်အလက်သတင်းလွှာစာရင်းကို OHCHR ဝက်ဘ်ဆိုက်၏ ထုတ်ဝေမှုကဏ္ဍတွင် ရရှိနိုင်ပါသည်။

## OHCHR စာချုပ်အဖွဲ့၏ DVD "Brining Human Rights Home"

OHCHR သည် စာချုပ်အဖွဲ့များ၏ လုပ်ဆောင်မှုဆိုင်ရာ သင်တန်းအသုံးပြုမှုများကို DVD ပုံစံဖြင့်ထုတ်လုပ်ထားပြီး "The Treaty Bodies: Bringing Human Roights Home" ဟုခေါင်းစဉ်တပ်ထားပါသည်။ ၎င်းအား OHCHR Publications and Information Desk မှ တောင်းဆိုမှုပြုနိုင်သည်။ **publications@ohchr.org** သို့ဆက်သွယ်ပါ။

### Extranet

လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့သုံးခုဖြစ်သည့် ညှဉ်းပန်းနှိပ်စက်မှုဆန့်ကျင်ရေးဆိုင်ရာကော်မတီ၊ အမျိုးသမီးများအား ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာကော်မတီနှင့် ရွှေ့ပြောင်းလုပ်သားများဆိုင်ရာကော်မတီတို့ သည် OHCHR Extranet တွင် နှစ်နှစ်မြုပ်မြုပ်လုပ်ဆောင်သည့်စာမျက်နှာများရှိပါသည်။ စာချုပ်အဖွဲ့၏ Extranet စာမျက်နှာ အသီးသီး တွင် နိုင်ငံများ၏အစီရင်ခံစာများ၊ အရပ်ဘက်အဖွဲ့အစည်းအစီရင်ခံစာများ၊ ကော်မတီအစည်းအဝေးများနှင့် စပ်လျဉ်း သည့် သတင်းအချက်အလက်များနှင့် အခြားသော သက်ဆိုင်ရာသတင်းအချက်အလက်များကို မှတ်တမ်းတင်ထားရှိ ပါသည်။

Password ဖြင့်ကာကွယ်ထားသည့် Extranet စာမျက်နှာသို့ဝင်ရောက်နိုင်ရန် OHCHR ဝက်ဘ်ဆိုက်ရှိ Human Rights Council စာမျက်နှာမှ အွန်းလိုင်းဖောင်ပုံစံကို ဖြည့်ပေးပါ။ ၎င်းကို ဖြည့်ပြီးပါက သင်သည် username နှင့် password ကို အီးမေးလ်ဖြင့် ရရှိပါလိမ့်မည်။

### **အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးအညွှန်းကိန်း** (Universal Human Rights Index)

**အပြည်အပြည်ဆိုင်ရာလူ့အခွင့်အရေးအညွှန်းကိန်း (Index)** သည် အွန်လိုင်းသတင်းအချက်အလက် ကိရိယာတစ်ခု ဖြစ်ပြီး အခြေခံအားဖြင့် ကုလသမဂ္ဂ **လူ့အခွင့်အရေးဆိုင်ရားစာချုပ်အဖွဲ့များ**နှင့် လူ့အခွင့်အရေးကောင်စီ၏ **အထူးလုပ်ငန်း အစီအစဉ်များ** တို့မှ ထုတ်ဝေသည့်လူ့အခွင့်အရေးဆိုင်ရာ စာတမ်းအချက်အလက်များကို ရရှိနိုင်စေရန်အတွက် ကူညီပေး ပါသည်။ ဝက်ဘ်ဆိုင်အသစ် (OHCHR ၏ဝက်ဘ်ဆိုင်မှ တဆင့်ဝင်ရောက်နိုင်သည်) တွင် ၂၀၀၀ ခုနှစ်မှစ၍ စာချုပ်အဖွဲ့များ မှ ထုတ်ဝေသည့် နိဂုံးချုပ်သုံးသပ်ချက်များပါဝင်ပြီး၊ ၂၀၀၆ ခုနှစ်မှစတင်ကာ အချို့သောနိုင်ငံများမှ သဘောတူထားသည့် လူ့အခွင့်အရေးကောင်စီ၏ အထူးလုပ်ငန်းအစီအစဉ်များဆိုင်ရာ နိဂုံးချုပ်သုံးသပ်ချက်များနှင့် အကြံပြုချက်များလည်း ထည့် သွင်းထားပါသည်။ ၎င်းအညွှန်းကိန်းသည် လူ့အခွင့်အရေးကောင်စီ၏ ကမ္ဘာ့နိုင်ငံများအားလုံး၏ လူ့အခွင့်အရေးအခြေအနေ ပုံမှန်သုံးသပ်မှု (Universal Periodic Review) ယန္တယားဆိုင်ရာ မူဘောင်တွင် ချမှတ်ထားသည့် အကြံပြုချက်များကို ဝင်ရောက်ရရှိနိုင်ရန် မကြာမီစီစဉ်ပေးသွားမည်ဖြစ်သည်။

## နောက်ဆက်တွဲ။ ။ လူ့အခွင့်အရေးဆိုင်ရာစာချုပ်ဖွဲ့များအကြောင်းအကျဉ်းချုပ်များ

ကော်မတီများတွင် ဘုံလုပ်ရှားမှုများ၊ လုပ်ထုံးလုပ်နည်းများနှင့် အလေ့အထများ ရှိလေရာ ၎င်းတို့အသီးသီးတွင် ကိုယ်စီ သတ်မှတ်ချက်များလည်းရှိလေသည်။ အောက်ဖော်ပြပါသတင်းအချက်အလက်များသည် လူ့အခွင့်အရေးဆိုင်ရာ စချုပ်အဖွဲ့အသီးသီး၏ အကြောင်းအရာ အကျဉ်းချုပ်များဖြစ်သည်။

### လူ့အခွင့်အရေးဆိုင်ရာကော်မတီ

***စောင့်ကြည့်ထိန်းကျောင်းခြင်း***

နိုင်ငံသားနှင့်နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာ သဘောတူ စာချုပ် (ICCPR) နှင့် ၎င်း၏လိုက်နာရန် ရွေးချယ်ခွင့်ရှိသော နောက်ဆက်တွဲစာချုပ်များ။

***အဖွဲ့ဝင်ဖြစ်ခြင်း***

လွတ်လပ်သောကျွမ်းကျင်ပညာရှင် ၁၈ ဦးကို သက်တမ်း ၄ နှစ်အတွက်ရွေးချယ်ပြီး သက်တမ်းတိုးနိုင်သည်။

***အစည်းအဝေးများ***

ကော်မတီသည် တစ်နှစ်လျှင်သုံးကြိမ်ပြုလုပ်သည့် သုံးပတ်ကြာ အစည်းအဝေးများတွင် တွေ့ဆုံကြသည်။ ပုံမှန်အားဖြင့် မတ်လ တွင် နယူးယောက်ရှိ ကုလသမဂ္ဂ ရုံးချုပ်တွင်လည်းကောင်း ဂျူလိုင်လနှင့် အောက်တိုဘာ/နိုဝင်ဘာလ တို့တွင် ဂျီနီဗာရှိ ကုလသမဂ္ဂရုံးများတွင်လည်းကောင်း တွေ့ဆုံသည်။

***အစီရင်ခံမှုသတ်မှတ်ချက်များ***

အဖွဲ့ဝင်နိုင်ငံများသည် သဘောတူစာချုပ်၏ အဖွဲ့ဝင်ဖြစ်လာပြီး တစ်နှစ်ကြာသော် ကနဦး အစီရင်ခံမှုပြုရပြီး၊ ထိုနောက် ကော်မ တီမှ တောင်းဆိုသည်အတိုင်း (၃ နှစ်မှ ၅ နှစ်အကြား) အစီရင်ခံ ရသည်။ များသောအားဖြင့် နိဂုံးချုပ် သုံးသပ်ချက်များတွင် နောက်တကြိမ်အစီရင်ခံရမည့် သတ်မှတ်ရက်ကို အတည်ပြု ပေးလေ့ရှိသည်။

***သတင်းအချက်အလက် အရေးအသားဖြင့် တင်သွင်းခြင်း***

ပညာရေး(သို့)သုတေသန အင်စတီကျူများနှင့် ပရော်ဖက်ရှင်နယ် အသင်းအဖွဲ့များဖြစ်သည့် NGO များနှင့် အရပ်ဖက် လူ့အဖွဲ့အစည်းဆိုင်ရာဆောင်ရွက်သူများသည် ကော်မတီ၏ အတွင်းရေးမှူးချုပ်ရုံးထံ အရေးအသားပြုထားသည့် သတင်းအချက်အလက် သို့မဟုတ် အစီရင်ခံစာများကို တင်သွင်းနိုင်ပါသည်။ ၎င်းကို ကြိုက်နှစ်သည့် အချိန်တွင် ဆောင်ရွက်နိုင်သော်လည်း ဖြစ်နိုင်က နိုင်ငံများ၏ အစီရင်ခံစာများကို စစ်ဆေးရမည့် အစည်းအဝေးမကျင်းပမီ နှစ်ပတ်အလိုတွင်တွင် ဖြေရှင်းရမည့် ကိစ္စရပ်များစာရင်းကို ဆုံးဖြတ်ပေး သောနိုင်ငံ၏အစီရင်ခံစာ တာဝန်ခံအဖွဲ့၏ အစည်းအဝေး မတိုင်မီ ခြောက်ပတ်အလိုတွင်လည်းကောင်း ဆောင်ရွက်စေလိုပါသည်။ ပေးပို့သည့် သတင်းအချက်အလက်အားလုံးကို အီလက်ထရောနစ်ပုံစံဖြင့်ဖြစ်စေ၊ မိတ္တူထုတ်ထားသည့် စာရွက်စာတမ်းဖြင့်ဖြစ်စေ (မိတ္တူ ၂၅ စုံ) အောက်ဖော်ပြပါ လိပ်စာအတိုင်းကော်မတီ၏အတွင်းရေးမှူးရုံးသို့ပေးပို့ရမည်။

***ကော်မတီ၏အစည်းအဝေးများသို့တက်ရောက်ခြင်း***

NGO များနှင့် အခြားသော အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာ ကိုယ်စားလှယ်များသည် ကော်မတီ၏အစည်းအဝေးများတွင် လေ့လာသူအဖြစ်တက်ရောက်နိုင်သည်။ ထိုအတွက် ၎င်းတို့ မှ အတွင်းရေးမှူးရုံးသို့ အောက်ပါလိပ်စာအတိုင်း ခွင့်ပြုချက် တောင်းခံ ရန် စာရေးရပါမည်။ အစည်းအဝေး၏ပထမနေ့ရက်တွင် အဖွဲ့ ဝင် နိုင်ငံ၏ အစီရင်ခံစာကို ထည့်သွင်းစဉ်းစားမည်ဖြစ်ရာ၊ ကော်မတီ သည် အရပ်ဘက်အဖွဲ့အစည်း ဆိုင်ရာ ဆောင်ရွက် သူများ၊ အထူးသဖြင့် NGO များ အတွက် တံခါးပိတ်အစည်း အဝေး များတွင် နှုတ်ပြောခြင်းရှင်းလင်းနိုင်ရန် အချိန် သီးသန့် ဖယ် ထားပေးသည်။ နံနံစာအချိန်နှင့် နေ့လည်စာအချိန်ပိုများ ၌ NGO များနှင့် အရပ်ဘက်အဖွဲ့အစည်းများအား နောက် ဆုံးရရှိသည့် နိုင်ငံ၏ အထူးသတင်းအချက်အလက်များကို အကျဉ်း ချုပ် ရှင်းလင်းမှုပေးနိုင်ရန် ခွင့်ပြုပေးထားပါသည်။

နိုင်ငံအစီရင်ခံစာတာဝန်ခံအဖွဲ့သည် ကော်မတီ၏အစည်းအဝေးကာလများအတွင်း သီးသန့်တွေ့ဆုံမှုပြုကာ ကော်မတီ၏ နောက်ထပ်အစည်းအဝေးတွင် သုံးသပ်တော့မည့် ကိစ္စရပ်များ စာရင်းကို ပြင်ဆင်ဆင်ပေးပါသည်။ ထိုနောက်မှ အရပ်ဖက် လူ့အဖွဲ့အစည်းဆိုင်ရာဆောင်ရွက်သူများသည် ကော်မတီ အဖွဲ့ဝင်များနှင့်အတူ အလွတ်သဘော ရှင်လင်းမှုများ ဆောင် ရွက်နိုင်သည်။

***တစ်သီးပုဂ္ဂလတိုင်ကြားမှုများ***

သဘောတူစာချုပ်၏ လိုက်နာရန်ရွေးချယ်ခွင့်ရှိသော ပထမဆုံး နောက် ဆက်တွဲစာချုပ်အရ **တစ်သီးပုဂ္ဂလ တိုင်ကြားစာများ ကို** အောက်ပါလိပ်စာများသို့ ပေးပို့နိုင် ပါသည် -

**Petitions Team**
Office of the United Nations
High Commissioner for Human Rights
Palais des Nations
8–14, avenue de la Paix
CH–1211 Geneva 10 - Switzerland
Fax: + 41 (0)22 917 90 22
(particularly for urgent complaints)
E-mail: tb-petitions@ohchr.org

*Secretariat contact details*
Human Rights Committee
c/o Office of the United Nations
High Commissioner for Human Rights
Palais des Nations
8–14, avenue de la Paix
CH–1211 Geneva 10 - Switzerland
Fax: + 41 (0)22 917 90 29
Phone: +41 (0)22 917 93 32 or
+41 (0)22 917 93 95

**လူ့အခွင့်အရေးဆိုင်ရာကော်မတီ** အကြောင်းပိုမိုသိရှိလို ပါက **အချက်အလက်သတင်းလွှာ အမှတ်. ၁၅ (Rev.1)** ကိုကြည့်ပါ။ လိုက်နာရန်ရွေးချယ်ခွင့်ရှိသော ပထမ နောက်ဆက်တွဲ စာချုပ်ကို ပိုမိုသိရှိလိုပါက OHCHR ဝက်ဆိုက်ရှိ စာချုပ် အဖွဲ့၏ အကြောင်းအရာများတွင် ဝင်ရောက်ပါ။

**တိုင်ကြားစာပုံစံ** တစ်ခုကို အခန်း ၈ ၏ နောက်ဆက်တွဲများတွင် ထည့်သွင်းထားသည် (**စွပ်စွဲချက်ပြုထားသည့် လူ့အခွင့် အရေး ချိုးဖောက်မှု**တစ်ခုအတွက် တိုင်ကြားစာ တစ်ခုတင်သွင်းခြင်း)

## စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးဆိုင်ရာကော်မတီ

***စောင့်ကြည့်ထိန်းကျောင်းခြင်း***
စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် (ICESCR)။ လူ့အခွင့်အရေးကောင်စီသည် ယင်းသဘောတူစာချုပ်၏ လိုက်နာရန်ရွေးချယ်ခွင့်ရှိသော နောက်ဆက်တွဲစာချုပ်ကို ၂၀၀၈ ခုနှစ် ဇွန်လတွင် အတည်ပြုချမှတ်ခဲ့သည်။ အထွေထွေညီလာခံမှလည်း ၂၀၀၈ ခုနှစ်တွင် ၎င်းအား အတည်ပြုပေးရန် မျှော်မှန်းခဲ့ပါသည်။

***အဖွဲ့ဝင်ဖြစ်ခြင်း***
လွတ်လပ်သောကျွမ်းကျင်ပညာရှင် ၁၈ ဦးကို သက်တမ်း ၄ နှစ်အတွက်ရွေးချယ်ပြီး သက်တမ်းတိုးနိုင်သည်။

***အစည်းအဝေးများ***
ကော်မတီသည် တစ်နှစ်လျှင်နှစ်ကြိမ် သုံးပတ်ကြာ အစည်းအဝေးကျင်းပပြီး အစည်းအဝေး မတိုင်မီ တစ်ပတ်ကြာ ရှေ့ပြေး လုပ်ငန်းအဖွဲ့လည်းပါဝင်သည်။ ပုံမှန် အားဖြင့် ဂျီနီဗာရှိ ကုလသမဂ္ဂရုံးတွင် မေလနှင့် နိုဝင်ဘာလ တို့တွင် ကျင်းပသည်။

***အစီရင်ခံမှုသတ်မှတ်ချက်များ***
သဘောတူစာချုပ်တွင် အစီရင်ခံမှုကာလကို ဖော်ပြထားခြင်း မရှိသော်လည်း စာချုပ် အဖွဲ့ဝင်ဖြစ်လာသည့် နိုင်ငံများသည် ကနဦးအစီရင်ခံစာကို နှစ်နှစ်အတွင်း တင်သွင်းရန်မှာ အစဉ်အလာဖြစ်ပြီး၊ ထိုနောက် ငါးနှစ်တစ်ကြိမ် သို့မဟုတ် ကော်မတီမှ တောင်းဆိုသည် အတိုင်း အစီရင်ခံစာတင်တွင်း ရပါသည်။

***သတင်းအချက်အလက်များအရေးအသားဖြင့်တင်သွင်းခြင်း***
သုတေသနဖောင်ဒေးရှင်းများ၊ ပရောဖက်ရှင်နယ်အသင်းအဖွဲ့များနှင့် မူရင်းဌာနေလူမျိုးအုပ်စုများ ကဲ့သို့သော NGOများနှင့် အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာဆောင်ရွက်သူများသည် အစီရင်ခံမှုအစည်းအဝေးနှင့် ရှေ့ပြေးအစည်းအဝေးတို့အတွက် အရေးအသားပြုထားသည့်သတင်းအချက်အလက်များ (သို့) အစီရင်ခံစာများကို အတွင်းရေးမှူးရုံးသို့ တင်သွင်းနိုင်သည်။ အစီရင်ခံစာများကို အချိန်မရွေးတင်သွင်းနိုင်သော်လည်း နှစ်ပတ်ကြိုတင် ကာ အီလက်ထရောစနစ်ပုံစံဖြင့်ဖြစ်စေ၊ မိတ္တူထုတ်ထားသည့် စာရွက်စာတမ်းဖြင့်အောက်ပါလိပ်စာသို့ ပေးပို့ရမည်။ အစီရင်ခံမှု အစည်းအဝေးများအတွက် မိတ္တူ ၂၅စုံအနည်းဆုံး၊နှင့် ရှေ့ပြေး အစည်းအဝေးအတွက် ၁၀ စုံ ကို တင်သွင်းပေးထားရပါမည်။ မှတ်သားရန်မှာ အတွင်းရေးမှူးရုံးသည် အရေးအသားပြုထားသည့် သတင်းအချက်အလက် တစ်စုံတစ်ရာအား လျှို့ဝှက်ထားရန် မှတ်ချက်မပါ ပါက သက်ဆိုင်ရာ အဖွဲ့ဝင်နိုင်ငံ၏ အစီရင်ခံမှု အား ထည့်သွင်းစဉ်းစားခြင်းနှင့် စပ်လျဉ်း၍ ၎င်းကို သက်ဆိုင်ရာ အဖွဲ့ ဝင်နိုင်ငံ၏ ကိုယ်စားပြုများ ရရှိနိုင်စေရန်

ချက်ခြင်းဆောင်ရွက်ပါမည်။

**ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကောင်စီ (ECOSOC) နှင့် အတိုင် အပင်ခံအခြေအနေရှိသည့် NGO များ (သို့မဟုတ် ထိုကဲ့သို့သောအခြေအနေရှိသည့် NGO တစ်ခုနှင့် မိတ်ဖက်ဖွဲ့ထားသည်များ) သည် အတွင်းရေးမှူးရုံးထံ အရေးအသားပြုထား သည့် ထုတ်ပြန်ချက်များကို တင်သွင်းနိုင်ပြီး ၎င်းအား အစီရင် ခံမှု အစည်းအဝေးများတွင် အသုံးပြုသော ဘာသာစကား များဖြင့် ထုတ်ဝေသွားမည်ဖြစ်သည်။** NGO ထုတ်ပြန်ချက်များ သည် သဘောတူစာချုပ်၏ အပိုဒ်များနှင့် တိကျမှု ရှိရမည် ဖြစ်ပြီး အရပ်ဘက်အဖွဲ့အစည်း အမြင်မှ ပဓာန အကျဆုံး အရေးကိစ္စများ ကိုဦးစားပေးရမည်ဖြစ်ကာ အတွင်းရေးမှူးရုံးထံသို့ သက်ဆိုင်ရာ အစည်းအဝေးမတိုင်မီ ၃ လမတိုင်မီ အရောက် ပေးပို့ရပါမည်။

*ကော်မတီ၏အစည်းအဝေးများသို့တက်ရောက်ခြင်း*

အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာဆောင်ရွက်သူများသည် ကော်မတီ၏အစည်းအဝေးများသို့ လေ့လာသူအဖြစ် တက်ရောက်နိုင်သည်။ ထိုသို့တက်ရောက်ရန် ၎င်းတို့အနေဖြင့် အောက်ဖော်ပြပါလိပ်စာအတိုင်း အတွင်းရေးမှူးရုံးသို့ တက်ရောက် နိုင်ခွင့် စာရေးရပါ မည်။ NGO၊ NHRI များနှင့် ကျွမ်းကျင် ပညာရှင်များသည် ရှေ့ပြေးအစည်းအဝေး၏ ပထမနေ့ မနက်အချိန်တွင် နှုတ်ပြော ထုတ်ပြန်ချက်များ ဖော်ထုတ် နိုင်သည်။ ၎င်းကို အများအားဖြင့် တနင်္လာနေ့ နံနက် ၁၀း၃၀ မှ ၁း၀၀ ထိ ဆောင်ရွက်ပေးသည်။ ထို့ပြင် NGO ကြားနာမှုကိုလည်း အစီရင်ခံမှုအစည်းအဝေးတွင် မွန်းလွဲ ၃၀၀ မှ ၄း၀၀ နာရီကြား ဆောင်ရွက်ပေးသည်။ ထုတ်ပြန် ချက်များအတွက် အချိန်ကန့်သတ်ချက်မှာ ၁၅ မိနစ် ဖြစ်သည်။

အစည်းအဝေးတိုင်းတွင် ကော်မတီသည် အများအားဖြင့် တတိယအပတ်၏ တနင်္လာနေ့တစ်ရက်ကို သဘောတူစာချုပ်၏ သီးသန့်ရှုထောင့်တစ်ခု သို့မဟုတ် သီးသန့်အခွင့်အရေးတစ်ရပ်အား အထွေထွေ ဆွေးနွေးမှုတစ်ရပ် ပြုရန် ခွဲခန့်လေ့ရှိသည်။ ပညာရေး၊ သုတေသနနှင့် ပရော်ဖက်ရှင်နယ်အဖွဲ့ဝင်များ ပါဝင်သည့် အထူးပြု NGO များနှင့် အခြား သော အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာ ပါဝင်သူများ သည် အထွေထွေဆွေးနွေးမှုနေ့အတွက် နောက်ခံ အကြောင်းအရာ စာတမ်းများ တင်သွင်းခြင်း သို့မဟုတ် တက်ရောက်ခြင်းပြုနိုင်သည်။

*အတွင်းရေးမှူးရုံးသို့ဆက်သွယ်ရန် လိပ်စာ*

**Committee on Economic, Social and Cultural Rights**
c/o Office of the United Nations
High Commissioner for Human Rights Palais des Nations
8–14, avenue de la Paix CH–1211 Geneva 10 - Switzerland Fax: +41 (0)22 917 90 29

စီးပွားရေး၊လူမှုရေးနှင့်ယဉ်ကျေးမှုအခွင့်ရေးဆိုင်ရာ ကော်မတီအကြောင်း ပိုမိုသိရှိလိုပါက အချက်အလက် သတင်းလွှာ အမှတ် ၁၆ (Rev.1) ကိုကြည့်ပါ။

အရပ်ဘက်အဖွဲ့အစည်းများနှင့် ကော်မတီတို့၏ ချိတ်ဆက်ဆောင်ရွက်မှု ပိုမိုသိရှိလိုပါက OHCHR ဝက်ဘ်ဆိုက်ရှိ စာချုပ်အဖွဲ့ကဏ္ဍသို့ဝင်ရောက်လေ့လာပါ။

## လူမျိုးရေးဖိနှိပ်ခွဲခြားဆက်ဆံမှုဖျက်သိမ်းခြင်းဆိုင်ရာ ကော်မတီ

***စောင့်ကြည့်ထိန်းကျောင်းခြင်း***

လူမျိုးရေးဖိနှိပ်ခွဲခြားဆက်ဆံမှုပုံသဏ္ဍာန်မျိုးစုံအားဖျက်သိမ်းခြင်းဆိုင်ရာနိုင်ငံတကာသဘောတူစာချုပ် (ICERD)။

***အဖွဲ့ဝင်ဖြစ်ခြင်း***

လွတ်လပ်သောကျွမ်းကျင်ပညာရှင် ၁၈ ဦးကို သက်တမ်း ၄ နှစ်အတွက်ရွေးချယ်ပြီး သက်တမ်းတိုးနိုင်သည်။

***အစည်းအဝေးများ***

ကော်မတီသည် ဂျီနီဗာရှိ ကုလသမဂ္ဂရုံးတွင် တွေ့ဆုံသည်။ ဖေဖော်ဝါရီနှင့် သြဂုတ်လများတွင် ၃ ပတ်ကြာ အစည်းအဝေးများ ကျင်းပါသည်။

***အစီရင်ခံမှုသတ်မှတ်ချက်များ***

အဖွဲ့ဝင်နိုင်ငံများသည် သဘောတူစာချုပ်သို့အဖွဲ့ဝင်ပြီး တစ်နှစ်အကြာတွင် ကနဦးအစီရင်ခံရမည်ဖြစ်ပြီး ပုံမှန်အားဖြင့် ၂ နှစ်တစ်ကြိမ် အစီရင်ခံရပါမည်။ သို့သော် နိဂုံးချုပ်သုံးသပ်ချက်များ၏ နောက်ဆုံးအပိုဒ်တွင် နောက်တစ်ကြိမ်အစီရင်ခံရမည့်ရက်ကို ဖော်ပြပေးလေ့ရှိသည်။

***သတင်းအချက်အလက်အရေးအသားဖြင့်တင်သွင်းခြင်း***

ကော်မတီ၏ ဆောင်ရွက်ချက်နှင့် သက်ဆိုင်သည့် အရေးကိစ္စများကို ကိုင်တွယ်နေသည့် ပညာရေးဆိုင်ရာ အင်စတီကျူးရှင်းများ၊ မူရင်းဌာနေလူမျိုးအုပ်စုများနှင့် အထူးပြုအင်စတီကျူးရှင်းများ အပါအဝင် NGO များနှင့် အခြားသောအရပ်ဘက်အဖွဲ့အစည်းဆိုင်ရာဆောင်ရွက်သူများတို့ သည် အတွင်းရေးမှူးရုံးသို့ အရေးအသားပြုထားသည့် သတင်းအချက်အလက် (သို့) အစီရင်ခံစာများကိုတင်သွင်းနိုင်သည်။ ၎င်းကို အချိန်မရွေးပေးပို့နိုင်သော်လည်း ကော်မတီ အစည်းအဝေးမတိုင်မီ ၂ လအလိုတွင် ပေးပို့စေလိုပါသည်။

အရေးအသားပြုထားသည့်သတင်းအချက်အလက်များကို အီလက်ထရောနစ်ပုံစံနှင့် စာရွက်စာတမ်းဖြင့် မိတ္တူ ၃၇ စုံကို အတွင်းရေးမှူးရုံးသို့ အောက်ပါလိပ်စာဖြင့် ပေးပို့ရပါမည်။ ၎င်း သတ်မှတ်ချက်များကို လိုက်နာရန် အရင်းအမြစ်ကန့်သတ် မှုရှိပြီး အခက်အခဲကြုံနေသည့် အရပ်ဘက်အဖွဲ့အစည်း ဆိုင်ရာ ဆောင်ရွက်သူများသည် **Anti-Racism Information Service (ARIS)** နှင့် ဂျနီဗာရှိ နိုင်ငံတကာ NGO များတို့ထံမှ သတင်းအချက်အလက်များ အသွား အပြန် ပေးပို့မှု ဆောင်ရွက်နိုင်ရန် အကူအညီတောင်းခံနိုင်ပါသည်။ ARIS သည် ထိုသို့သောဝန်ဆောင်မှုများ ကို ဒေသဆိုင်ရာနှင့် ပြည်တွင်း NGO များ၊ အခြားသောလူ့အခွင့် အရေးအဖွဲ့များနှင့် တစ်ဦးချင်းစီတို့အတွက် ဆောင်ရွက်ပေး လျက်ရှိသည်။

ကော်မတီသည် အရပ်ဘက်အဖွဲ့အစည်းထံမှလည်း ငါးနှစ်တာမျှကြာမြင့်သည့် အစီရင်ခံစာရေးသားသည့် အဖွဲ့ဝင် နိုင်ငံများ၏ သဘောတူ စာချုပ်ဆိုင်ရာ အကောင်အထည် ဖော်ဆောင်ခြင်းကို လည်းကောင်း၊ ၎င်း၏ **ကြိုတင်သတိ ပေးချက်နှင့် အရေးပေါ်ဆောင်ရွက်ချက် လုပ်ထုံး လုပ်နည်း များ** နှင့် စပ်လျဉ်း၍လည်းကောင်း အစီရင်ခံစာ မဟုတ်သည့် သုံးသပ်မှုပြုခြင်းနှင့် စပ်လျဉ်းသည် အရေး အသားများ တင်သွင်းခြင်းကို လက်ခံပါသည်။ အရပ်ဖက် လူ့အဖွဲ့အစည်း ဆိုင်ရာဆောင်ရွက်သူများ၊ အထူးသဖြင့် NGO များသည် ၎င်း လုပ်ထုံး လုပ်နည်းများအရ အရေးပေါ် ဟုယူဆရသည့် အခြေ အနေတစ်ရပ်ကို ကိုင်တွယ်ဖြေရှင်း ရန် တောင်းဆိုမှုအား ကော်မတီထံ သတင်းအချက် အလက် ပေးပို့နိုင်သည်။

***ကော်မတီ၏အစည်းအဝေးများတက်ရောက်ခြင်း***

အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာဆောင်ရွက်သူများသည် ကော်မတီအစည်းအဝေးများတွင် လေ့လာသူအဖြစ်သာ ပါဝင်နိုင်သည်။ ထိုအတွက် အောက်ဖော်ပြပါလိပ်စာအတိုင်း အတွင်း ရေးမှူးရုံးသို့ စာရေးရပါမည်။ ကော်မတီသည် ၎င်း၏ တရားဝင် အစည်းအဝေးအချိန်များတွင် NGO များနှင့် အခြားသော အရပ်ဖက် လူ့အဖွဲ့ အစည်းများအတွက် အစည်းအဝေးများ မစီစဉ်ထားပေးထားသော်လည်း၊ အရပ်ဘက်အဖွဲ့ အစည်းဆိုင်ရာကိုယ်စားလှယ်များမှ အစီရင်ခံတိုင်းအား ထည့်သွင်း စဉ်းစား သည့် ပထမနေ့ မွန်းလွဲ ၁း၄၅ မှ ၂း၄၅ အတွင်း နေ့လည် စာနားချိန်တွင် ကော်မတီအဖွဲ့ဝင်များကို ဖိတ်ကြားကာ အကျဉ်းချုပ် ရှင်းလင်းချက်များ ပြောဆိုနိုင်သည်။ ၎င်းတို့အနေဖြင့် အကျဉ်းချုပ်ရှင်းလင်းမှုကို စီစဉ်ပေးသည့် ARIS ထံမှ အကူအညီတောင်းခံနိုင်သည်။

ကော်မတီသည် လူမျိုးရေးဖိနှိပ်ခွဲခြားမှုနှင့် သဘောတူစာချုပ်တို့နှင့်စပ်လျဉ်းသည့် ကိစ္စရပ်များအပေါ် ပုံမှန် အကြောင်းအရာအလိုက်ဆွေးနွေးမှုကိုလည်း ဆောင်ရွက်ပြီး အရပ်ဖက် လူ့အဖွဲ့အစည်းများဖြစ်သည့် ပညာရေးကဏ္ဍ၊ တစ်သီးပုဂ္ဂလ ကျွမ်းကျင်ပညာရှင်၊ NGO များ နှင့် အထူးပြု အင်စတီကျူးရှင်းများကို အဆိုပါ အကြောင်းအရာအပေါ် ၎င်းတို့၏ အမြင်များကို ဖော်ထုတ်ရန် ဖိတ်ခေါ်ပါသည်။

ကော်မတီသည် လူမျိုးရေးဖိနှိပ်ခွဲခြားမှုနှင့် သဘောတူစာချုပ်တို့နှင့်စပ်လျဉ်းသည့် ကိစ္စရပ်များအပေါ် ပုံမှန် အကြောင်းအရာအလိုက်ဆွေးနွေးမှုကိုလည်း ဆောင်ရွက်ပြီး အရပ်ဖက်လူ့အဖွဲ့အစည်းများဖြစ်သည့် ပညာရေးကဏ္ဍ၊ တစ်သီးပုဂ္ဂလကျွမ်းကျင်ပညာရှင်၊ NGO များ နှင့် အထူးပြု အင်စတီကျူးရှင်းများကို အဆိုပါ အကြောင်းအရာအပေါ် ၎င်းတို့၏ အမြင်များကို ဖော်ထုတ်ရန် ဖိတ်ခေါ်ပါသည်။

***တစ်သီးပုဂ္ဂလတိုင်ကြားမှုများ***

သဘောတူစာချုပ်၏ အပိုဒ် ၁၄ အရ တစ်သီးပုဂ္ဂလတိုင်ကြားစာများကို အောက်ပါလိပ်စာသို့ ပေးပို့နိုင်သည်။

**Petitions Team**
Office of the United Nations
High Commissioner for Human Rights
Palais des Nations
8–14, avenue de la Paix CH–1211 Geneva 10 -
Switzerland Fax: +41 (0)22 917 90 22 (particularly for urgent complaints)
E-mail: tb-petitions@ohchr.org

***အတွင်းရေးမှူးရုံးသို့ ဆက်သွယ်ရန်***

**Committee on the Elimination of Racial Discrimination**
c/o Office of the United Nations
High Commissioner for Human Rights Palais des Nations
8–14, avenue de la Paix CH–1211 Geneva 10 -
Switzerland Fax: +41 (0)22 917 90 29

ARIS အကြောင်းပိုမိုသိရှိလိုပါက အောက်ပါအတိုင်း လေ့လာနိုင်သည် -
Website: http://www.antiracism-info.org[23]
E-mail: centre-docs@antiracism-info.org

**လူမျိုးရေးဖိနှိပ်ခွဲခြားဆက်ဆံမှုဖျက်သိမ်းရေးဆိုင်ရာကော်မတီ**
အကြောင်းပိုမိုသိရှိလိုပါက အချက်အလက်သတင်းလွှာ အမှတ် ၁၂ ကို ကြည့်ပါ။

**တိုင်ကြားစာပုံစံ** သည် အခန်း ၈ (**လူ့အခွင့်အရေးချိုးဖောက်မှုဟူသောစွပ်စွဲချက်များဆိုင်ရာတိုင်ကြားစာတင်သွင်းခြင်း**) တွင် ထည့်သွင်းထားသည်။

[23] OHCHR is not responsible for the content of external websites and the provision of links on this page does not imply that OHCHR associates itself with such content.

## အမျိုးသမီးများအား ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာကော်မတီ

***စောင့်ကြည့်ထိန်းကျောင်းခြင်း***

အမျိုးသမီးများအား နည်းမျိုးစုံဖြင့်ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် (CEDAW) နှင့် ၎င်း၏ လိုက်နာရန်ရွေးချယ်ခွင့်ရှိသောနောက်ဆက်တွဲစာချုပ်

***အဖွဲ့ဝင်ဖြစ်ခြင်း***

လွတ်လပ်သောကျွမ်းကျင်ပညာရှင် ၂၃ ဦးကို သက်တမ်း ၄ နှစ်အတွက်ရွေးချယ်ပြီး သက်တမ်းတိုးနိုင်သည်။

***အစည်းအဝေးများ***

ကော်မတီသည် ဂျီနီဗာနှင့် နယူးယောက် နှစ်နေရာလုံးတွင် တစ်နှစ်လျှင် ၂ ကြိမ်မှ ၃ ကြိမ် တွေ့ဆုံပြီး၊ ၂ ပတ်ကြာ အစည်းအဝေးများ ဖြစ်ကာ ၎င်းတို့အား ရှေ့ပြေး လုပ်ငန်းအဖွဲ့မှ တစ်ပတ်ကြာရှေ့ပြေးအစည်းအဝေးဖြင့် ဖြည့်စွက်တတ်၏။

***အစီရင်ခံမှုသတ်မှတ်ချက်များ***

အဖွဲ့ဝင်နိုင်ငံများသည် သဘောတူစာချုပ်သို့ အဖွဲ့ဝင်ပြီး တစ်နှစ်အကြာတွင် ကနဦးအစီရင်ခံစာတင်ရမည်ဖြစ်ပြီး၊ ထိုနောက် ၄ နှစ်တစ်ကြိမ် ကောမတီမှ သတ်မှတ်သည့် အတိုင်း ဆက်လက် တင်သွင်းရပါမည်။

***သတင်းအချက်အလက်များအရေးအသားဖြင့် တင်သွင်းခြင်း***

အမျိုးသမီးရေးရာအဖွဲ့များ၊ ယုံကြည်ချက်အခြေပြု အဖွဲ့အစည်းများ၊ လွတ်လပ်သော ကျွမ်းကျင်ပညာရှင်များ နှင့် လွှတ်တော်အမတ်များဖြစ်သည့် NGO များနှင့် အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာဆောင်ရွက်သူများသည် အတွင်းရေးမှူးရုံးသို့ ရေးသားထားသည့် သတင်းအချက် အလက် များ သို့မဟုတ် အစီရင်ခံစာကို တင်သွင်းနိုင်သည်။ ၎င်းကို အချိန်မရွေး ဆောင်ရွက်နိုင်သော်လည်း ရှေ့ပြေး အစည်းအဝေးမတိုင်မီ ၂ ပတ်အလို၊ သို့မဟုတ် ကော်မတီ အစည်းအဝေးမတိုင်မီ ၂ လ အလိုတွင် ပေးပို့စေလိုပါသည်။ အတွင်းရေးမှူးရုံး ထံသို့ အီလက်ထရောနစ်မိတ္တူ နှင့် စာရွက်စာတမ်းဖြင့် မိတ္တူ ၃၅ စုံကို အောက်ပါလိပ်စာသို့ ပေးပို့စေလိုပါသည်။ ပညာရေးဆိုင်ရာ အင်စတီကျူးရှင်းများ ကဲ့သို့သော NGO များနှင့် အရပ်ဘက်အဖွဲ့အစည်းများ သည်လည်း ၎င်းတို့ တင်သွင်းမှုများ၏မိတ္တူများကို ကော်မတီ သို့ စာတမ်းများအသွားအပြန် ပို့ဆောင်မှု ကူညီပေးသည် NGO ဖြစ် သည့် **International Women's Rights Action Watch Asia Pacific** (IWRAW-AP) သို့လည်း ပေးပို့နိုင်ပါသည်။[24]

***ကော်မတီအစည်းအဝေးများသို့တက်ရောက်ခြင်း***

အရပ်ဘက်အဖွဲ့စည်းဆိုင်ရာကိုယ်စားလှယ်များသည် ကော်မတီအစည်းအဝေးများတွင် လေ့လာသူအဖြစ် တက်ရောက်နိုင်သည်။ ထိုအတွက် အတွင်းရေးမှူးရုံးထံ အောက်ပါလိပ်စာ အတိုင်း တက်ရောက်ခွင့်တောင်းရန် စာပေးပို့ရပါမည်။ အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာကိုယ်စားပြုများ၊ အထူး သဖြင့် NGO များသည် ရှေ့ပြေးအစည်းအဝေးဆိုင်ရာ လုပ်ငန်းအဖွဲ့သို့ (အများအားဖြင့် ပထမနေ့ မနက်ပိုင်း တွင်) နှုတ်ပြောတင်ဆက်မှုပေးနိုင်ပါသည်။ ရှေ့ပြေး အစည်းအဝေးဆိုင်ရာ လုပ်ငန်းအဖွဲ့သည် အစိုးရ၏ အစီရင်ခံစာများ သုံးသပ်မှုပြုသည့် ကဏ္ဍမတိုင်မီဖြစ်သည့် အစည်း အဝေး အဆုံးပိုင်းတွင် တွေ့ဆုံမှုပြုပါသည်။ NGO များအနေဖြင့် ကော်မတီတများထံသို့ ၎င်းတို့၏အစည်းအဝေး ပြုသည့် ရက်သတ္တပတ် ပထမနေ့တွင် နှုတ်ပြော တင်ဆက်မှုများလည်း ဆောင်ရွက်နိုင်ပါသည်။ ကော်မတီဝင်များနှင့် အလွတ်သဘော အစည်းအဝေးများကို တစ်ခါတစ်ရံ စီစဉ်နိုင်ရန်အတွက် အတွင်းရေးမှူးရုံးထံသို့ အောက်ပါလိပ်စာ အတိုင်း ဆက်သွယ်ရပါမည်။

***တစ်သီးပုဂ္ဂလတိုင်ကြားမှုများ***

လိုက်နာရန်ရွေးချယ်ခွင့်ရှိသော နောက်ဆက်တွဲစာချုပ်များ အရ တစ်သီးပုဂ္ဂလတိုင်ကြားစာများကို အောက်ပါလိပ်စာ သို့ပေးပို့နိုင်သည်။

**Petitions Team**
Office of the United Nations
High Commissioner for Human Rights Palais des Nations
8–14, avenue de la Paix CH–1211 Geneva 10 - Switzerland Fax: +41 (0)22 917 90 22 (particularly for urgent complaints)
E-mail: tb-petitions@ohchr.org

[24] OHCHR is not responsible for the content of external websites and the provision of links on this page does not imply that OHCHR associates itself with such content.

သဘောတူစာချုပ်၏ လိုက်နာရန်ရွေးချယ်ခွင့်ရှိသော နောက်ဆက်တွဲစာချုပ်ရှိ **တိုက်ကြားမှုလမ်းညွှန်ချက်များ** သည် ဤလက်စွဲစာအုပ်၏ အခန်း ၈ (**လူ့အခွင့်အရေးချိုးဖောက်မှုဟူသောစွပ်စွဲချက်များဆိုင်ရာတိုင်ကြားစာတင်သွင်းခြင်း)** ၏ နောက် ဆက်တွဲတွင် ဖော်ပြထားသည်။ စံပြအကြောင်းကြားမှုဖောင်ပုံစံကိုလည်း ဝက်ဘ်ဆိုက်တွင် အမျိုးသမီးရေးရာဖွံ့ဖြိုးတိုးတက်မှု အတွက်ထားရှိသည့် ကဏ္ဍပိုင်းတွင် ကုလသမဂ္ဂဘာသာစကားအားလုံးဖြင့် ရရှိနိုင်ပါသည်။

***လျှို့ဝှက်စုံစမ်းမေးမြန်းမှုများ***

သဘောတူစာချုပ်အား ပြင်းထန်သော၊ လေးနက်သော(သို့) စနစ်တကျဖြစ်သော ချိုးဖောက်မှုဆိုင်ရာ သတင်းအချက်အလက် အရေးအသားကို အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာ ဆောင်ရွက်သူများ၊ အထူးသဖြင့် NGO များ၊ မှ အတွင်းရေးမှူးရုံးသို့ ပေးပို့နိုင်ပါသည်။ သတင်းအချက်အလိုက်များသည် ခိုင်လုံမှု ရှိပြီး အဖွဲ့ဝင်နိုင်ငံမှ သဘောတူစာချုပ်ပါ အခွင့်အရေးများ ကို နည်းစနစ်ကျကျ ချိုးဖောက်ကြောင်း ဖော်ပြချက် ပါဝင် ရမည်။

***အတွင်းရေးမှူးရုံးသို့ဆက်သွယ်ရန်လိပ်စာ***

**Committee on the Elimination of Discrimination against Women**
c/o Office of the United Nations High Commissioner for Human Rights Palais des Nations
8–14, avenue de la Paix CH–1211 Geneva
10 - Switzerland Fax: +41 (0)22 917 90
29 E-mail: cedaw@ohchr.org

ကော်မတီအကြောင်းပိုမိုသိရှိလိုသော အချက်အလက် သတင်းလွှာအမှတ် ၂၂ နှင့် အမှတ် ၇ တို့ကို ကြည့်ပါ။ ကော်မတီထံ သတင်းအစီရင်ခံစာအရေးအသားပြုခြင်း ထုတ်လုပ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းလမ်းညွှန်အတွက် IWRAW-AP ဝက်ဘ်ဆိုက်သို့ ကြည့်ပါ။

## ညှမ်းပန်းနှိပ်စက်မှုဆန့်ကျင်ရေးဆိုင်ရာကော်မတီ

***စောင့်ကြည့်ထိန်းကျောင်းခြင်း***

ညှမ်းပန်းနှိပ်စက်မှုနှင့်အခြားသောရက်စက်မှုပုံစံများဖြစ်သည့် လူမဆန်သော (သို့) နှိမ့်ချ သောအပြုမှု (သို့)အပြစ်ပေးမှု ဆိုင်ရာသဘောတူစာချုပ် (CAT)။

***အဖွဲ့ဝင်ခြင်း***

လွတ်လပ်သောကျွမ်းကျင်ပညာရှင် ၁၀ ဦးကို သက်တမ်း ၄ နှစ်အတွက်ရွေးချယ်ပြီး သက်တမ်းတိုးနိုင်သည်။

***အစည်းအဝေးများ***

ကော်မတီသည် ဂျီနီဗာတွင် တွေ့ဆုံပြီး၊ ပုံမှန်အားဖြင့် တစ်နှစ်လျှင် အစည်းအဝေးနှစ်ကြိမ်ကျင်းပရာ မေလတွင် သုံးပတ်နှင့် နိုဝင်ဘာလတွင် ၂ ပတ်ကြာမြင့်ပြီး ရှေ့ပြေး အစည်းအဝေး လုပ်ငန်းအဖွဲ့ မှ ၁ ပတ်ကြာတွေ့ဆုံကြသည်။

***အစီရင်ခံမှု သတ်မှတ်ချက်များ***

အဖွဲ့ဝင်နိုင်ငံများသည် သဘောတူစာချုပ်သို့ အဖွဲ့ဝင်ပြီး တစ်နှစ်အကြာတွင် ကနဦးအစီရင်ခံစာပေးပို့ပြီး၊ ထိုနောက် လေးနှစ်တစ်ကြိမ် အစီရင်ခံရပါသည်။

***သတင်းအချက်အလက်များအရေးအသားဖြင့် တင်သွင်းခြင်း***

NGO များနှင့် အခြားသော အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာ ဆောင်ရွက်သူများဖြစ်ကြသည့် သားကောင်အုပ်စုများ၊ ယုံကြည်မှုအခြေပြုသည့်အဖွဲ့အစည်းများ၊ အလုပ်သမား သမဂ္ဂကိုယ်စားလှယ်များနှင့် ပရောဖက်ရှင်နယ်အသင်းအဖွဲ့များ စသည် တို့သည် အတွင်းရေးမှူးရုံးသို့ သတင်းအချက်အလက်များ(သို့) အစီရင်ခံစာများ ကို အရေးအသားဖြင့် တင်သွင်းနိုင်သည်။ ၎င်းကို အချိန်မရွေး ဆောင်ရွက်နိုင်သော်လည်း ကော်မတီ အစည်းအဝေးမတိုင်မီ ၆ ပတ်အကြာတွင် တင်သွင်းစေလို ပါသည်။ အရေးကိစ္စရပ်များစာရင်းများ အတွက် အချက်အ လက်များ တင်သွင်းလိုပါက ၎င်းအပြီး သတ်ရမည့်ရက်မတိုင် မီ ၃ လ အလိုတွင် ဆောင်ရွက်ရပါမည်။ အချက်အလက် အားလုံးကို အီလက်ထရောနစ်မိတ္တူနှင့် စာရွက်စာတမ်း ဖြင့် မိတ္တူ ၁၅ စုံအနည်းဆုံးကိုအောက်ပါလိပ်စာသို့ပေးပို့ရပါ မည်။

မှတ်သားရန်မှာ အတွင်းရေးမှူးရုံးသည် အရပ်ဘက်အဖွဲ့အစည်းမှ တိကျသော အဖွဲ့ဝင်နိုင်ငံတစ်ခု၏ အစီရင်ခံစာကို ထည့်သွင်း စဉ်းစားမှုနှင့် စပ်လျဉ်းသည့် တရားဝင်တင်သွင်းသော သတင်းအချက်အလက်အရေးအသားကို လျှို့ဝှက်ဟု မှတ်ချက်မပါရှိပါက ထိုအဖွဲ့ဝင်နိုင်ငံ၏ ကိုယ်စားပြုသူတစ်ဦးထံသို့ အမြန်ဆုံးရရှိစေရန် ဆောင်ရွက်ပါမည်။

***ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခြင်း***

အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာဆောင်ရွက်သူများသည် ကော်မတီအစည်းအဝေးများတွင် လေ့လာသူအဖြစ် တက်ရောက်နိုင်သည်။ ထိုအတွက် ၎င်းတို့မှ အတွင်းရေးမှူးရုံးထံသို့ အောက် ပါလိပ်စာအတိုင်း တက်ရောက်ခွင့်ရရန် စာရေးရ ပါမည်။ အရပ်ဘက်အဖွဲ့အစည်း ဆိုင်ရာ ဆောင်ရွက်သူများ၊ အထူး သဖြင့် NGO များ၊ သည် အစည်းအဝေးများအတွင်း ကော်မ တီထံ နှုတ်ပြောဖြင့် အကျဉ်းချုပ်ရှင်းလင်းချက်များ တင်ဆက် နိုင်သည်။ အကျဉ်းချုပ်ရှင်းလင်းပြောဆိုချိန်တွင် ထိခိုက်ခံရ သူများ၏ တက်ရောက်မှုကို ပုံမှန်အားဖြင့် NGO များမှ ပံ့ပိုး ပေးလေ့ရှိသည်။ အကျဉ်းချုပ်ရှင်းလင်းချက်များသည် တစ် ချိန်လျှင် နိုင်ငံတစ်ခုသာ အာရုံစိုက်ပြီး၊ အများအားဖြင့် အဖွဲ့ ဝင်နိုင်ငံများနှင့် ကော်မတီတို့ ဆွေးနွေးမှု မတိုင်မီ ည နေ ၅း၀၀ မှ ၆း၀၀ အကြားတွင် ပြုလုပ်လေ့ရှိသည်။

***တစ်သီးပုဂ္ဂလတိုင်ကြားမှုများ***

သဘောတူစာချုပ်ပါ အပိုဒ် ၂၂ အရ *တစ်သီးပုဂ္ဂလတိုင်ကြားစာများ* များကို အောက်ပါလိပ်စာသို့ ပေးပို့နိုင်သည်။

**Petitions Team**
Office of the United Nations High Commissioner for Human Rights Palais des Nations
8–14, avenue de la Paix CH–1211 Geneva 10 - Switzerland
Fax: +41 (0)22 917 90 22 (particularly for urgent complaints)
E-mail: tb-petitions@ohchr.org

**စံပြတိုင်ကြားစာဖောင်ပုံစံ**ကို ဤ လက်စွဲစာအုပ်၏ အခန်း ၈ **(လူ့အခွင့်အရေးချိုးဖောက်မှုဟူသောစွပ်စွဲချက်များဆိုင်ရာတိုင်ကြားစာတင်သွင်းခြင်း)** ၏ နောက်ဆက်တွဲတွင် ဖော်ပြထားသည်။

***လျှို့ဝှက်စုံစမ်းမေးမြန်းမှုများ***

အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာဆောင်ရွက်သူများသည် အတွင်းရေးမှူးရုံးထံသို့ သဘောတူစာချုပ်အား ပြင်းထန်သော၊ လေးနက် သော (သို့) စနစ် တကျဖြစ်သော ချိုးဖောက်မှုများ အတွက် အချက်အလက်များ တင်သွင်းနိုင်သည်။ ၎င်းအချက်

များသည် အဖွဲ့ဝင်နိုင်ငံ၏နယ်နိမိတ်အတွင်းရှိ ညှဉ်းပန်းနှိပ်စက်မှုသည် စနစ်တကျကျင့်သုံးမှုဖြစ်ကြောင်း သေချာစွာ တွေ့ရှိထားသည့် လက္ခဏာများ ပါဝင်ပြီး ခိုင်လုံမှုရှိရမည်။

*အတွင်းရေးမှူးရုံးသို့ဆက်သွယ်ရန် -*

**Committee against Torture**
c/o Office of the United Nations
High Commissioner for Human Rights
Palais des Nations
8–14, avenue de la Paix
CH–1211 Geneva 10 - Switzerland
Fax: +41 (0)22 917 90 29

**ကော်မတီအကြောင်းပိုမိုသိရှိလိုသော အချက်အလက် သတင်းလွှာအမှတ် ၁၇ ကိုကြည့်ပါ။**

## ညှဉ်းပန်းနှိပ်စက်မှုကာကွယ်ရေးဆိုင်ရာ ဆပ်ကော်မတီ

***စောင့်ကြည့်ထိန်းကျောင်းခြင်း***

ညှဉ်းပန်းနှိပ်စက်မှုနှင့်အခြားသောရက်စက်မှုပုံစံများဖြစ်သည့် လူမဆန်သော (သို့) နှိမ့်ချ သောအပြုမူ (သို့) အပြစ်ပေးမှု ဆိုင်ရာ (CAT)၏ လိုက်နာရန်ရွေးချယ်ခွင့်ရှိသောနောက်ဆက်တွဲစာချုပ်။

***အဖွဲ့ဝင်ဖြစ်ခြင်း***

လွတ်လပ်သောကျွမ်းကျင်ပညာရှင် ၁၀ ဦးကို ၄နှစ် သက်တမ်း အတွက်ရွေးချယ်ပြီး သက်တမ်းတစ်ကြိမ်ထပ်တိုးနိုင်သည်။ အဖွဲ့ဝင်မှုသည် နောက်ဆက်တွဲစာချုပ်အား ၅၀ ကြိမ်မြောက် အတည်ပြုချက် သို့မဟုတ် သဘောတူညီချက်ပြုပြီးနောက် ၂၅ ဦးထိ တိုးပွားလာပါမည်။ (art. 5 ကိုကြည့်ပါ)

***အစည်းအဝေးများ***

ဆပ်ကော်မတီသည် ဂျီနီဗာရှိ ကုလသမဂ္ဂရုံးတွင် အစည်းအဝေးများအား တစ်နှစ်လျှင် သုံးကြိမ်၊ တကြိမ်လျှင် တစ်ပတ် အကြာ ကျင်းပလေ့ရှိသည်။ ၎င်းကော်မတီသည် ညှမ်းပန်း နှိပ်စက်မှုနှင့်အခြားသောရက်စက်မှုပုံစံများဖြစ်သည့် လူမဆန် သော (သို့) နှိမ့်ကျ သောအပြုမှု (သို့)အပြစ်ပေးမှုကို တားမြစ် ရန်အတွက် လွတ်လပ်ခွင့်ဆုံးရှုံးနေသည့် နေရာများသို့ ပုံမှန် လည်ပတ်မှု ဆောင်ရွက်ပါသည်။

**နိုင်ငံများအားသတ်မှတ်ချက်များ**

အဖွဲ့ဝင်နိုင်ငံများသည် ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားသော ရပ်စက်မှုပုံစံများဖြစ်သည့် လူမဆန်သော (သို့) နှိမ့်ကျသော အပြုအမူ (သို့) အပြစ်ပေးမှုတို့အား ကာကွယ်ရန်အတွက် ပြည်တွင်းအဆင့် အလည်အပတ် ရောက်ရှိသည့် အဖွဲ့တစ်ခု သို့မဟုတ် အဖွဲ့များကို ဖွဲ့စည်းပေးခြင်း၊ လျာထားခြင်း (သို့) ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရပါမည်။ အဖွဲ့ဝင်နိုင်ငံများသည် ၎င်းတို့၏တရားစီရင်ရေးနှင့်ထိန်းချုပ်မှုအောက်ရှိ ပုဂ္ဂိုလ်များ ၎င်းတို့၏လွတ်လပ်မှုပိတ်ပင်ထားခြင်းခံနေရမှု (သို့) ခံနေရနိုင်မှုရှိသည့် မည်သည့်နေရာတွင်မဆို ဆပ်ကော်မတီမှလည်းကောင်း၊ ပြည်တွင်းအဖွဲ့များမှလည်းကောင်း လည်ပတ်လေ့လာမှုကို ခွင့်ပြုပေးရပါမည်။ ထိုလေ့လာလည်ပတ်မှုများသည် ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားသော ရပ်စက်မှုပုံစံများ ဖြစ်သည့် လူမဆန်သော (သို့) နှိမ့်ကျသော အပြုအမူ (သို့) အပြစ်ပေးမှု မရှိစေရန် အားဖြည့်ပေးခြင်း သို့မဟုတ် လိုအပ်ပါက ထိုပုဂ္ဂိုလ်များကိုကာကွယ်ပေးခြင်း ဆောင်ရွက်နိုင်သည်။

**ညှဉ်းပန်းနှိပ်စက်မှုဆိုင်ရာ ဆပ်ကော်မတီ** အကြောင်းပိုမို သိရှိလိုပါက OHCHR ဝက်ဘ်ဆိုက်သို့ဝင်ရောက်လေ့လာပါ။

## ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီ

***စောင့်ကြည့်ထိန်းကျောင်းခြင်း***

ကလေးအခွင့်အရေးဆိုင်ရာသဘောတူစာချုပ် (CRC) နှင့် ၎င်း၏ လိုက်နာရန်ရွေးချယ်ခွင့်ရှိသော နောက်ဆက်တွဲ စာချုပ်များ

***အဖွဲ့ဝင်ဖြစ်ခြင်း***

လွတ်လပ်သောကျွမ်းကျင်ပညာရှင် ၁၈ ဦးကို ၄နှစ် သက်တမ်း အတွက်ရွေးချယ်ပြီး သက်တမ်းတိုးနိုင်သည်။

***အစည်းအဝေးများ***

ကော်မတီသည် ၃ ပတ်ကြာ အစည်းအဝေးများကို ဇန်နဝါရီလ၊ မေလနှင့် စက်တင်ဘာလတို့တွင် ဂျီနီဗာရှိ ကုလသမဂ္ဂရုံးတွင်တစ်နှစ်လျှင် ၃ ကြိမ်ကျင်းပကာ၊ ၁ ပတ်ကြာရှေ့ပြေး အစည်း အဝေးဆိုင်ရာ လုပ်ငန်းအဖွဲ့များ၏ တွေ့ဆုံမှုများ ပြုလုပ်ပါသည်။

***အစီရင်ခံမှုသတ်မှတ်ချက်များ***

အဖွဲ့ဝင်နိုင်ငံများသည် သဘောတူစာချုပ် အသက်ဝင်လာပြီး ၂ နှစ်အကြာအတွင် ကနဦးအစရင်ခံရမည်ဖြစ်ပြီး၊ ထိုနောက် ၅ နှစ်တစ်ကြိမ် အစီရင်ခံရပါမည်။ နောက်ဆက်တွဲစာချုပ်များဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများသည်လည်း ၎င်းစာချုပ်များ အရ အစီရင်ခံစာများ တင်သွင်းရပါမည်ဖြစ်ကာ၊ စာချုပ်အသက်ဝင်ပြီး ၂ နှစ်ကြာတွင် ၎င်း၏ ကနဦး အစီရင်ခံစာကို တင်သွင်းကာ၊ ထိုနောက် ကော်မတီသို့ တင်သွင်းသော ပုံမှန် အစီရင်ခံစာများနှင့်အတူ ဆက်လက်အစီရင်ခံရပါမည်။ (သဘောတူစာချုပ်ကိုမဟုတ်ဘဲ နောက်ဆက်တွဲစာချုပ် တစ်ခု သို့မဟုတ် နှစ်ခု၏အဖွဲ့ဝင်ဖြစ်သည့်နိုင်ငံသည် ၅ နှစ် တစ်ကြိမ် အစီရင်ခံရပါမည်။)

***သတင်းအချက်အလက်များကို အရေးအသားဖြင့်တင်သွင်းခြင်း***

ကလေးသူငယ်များဆိုင်ရာအဖွဲ့အစည်းများ၊ ယုံကြည်မှုအခြေပြုအဖွဲ့အစည်းများ၊ ပရောဖက်ရှင်နယ်အသင်းအဖွဲ့များနှင့် လူမှုဝန်ဆောင်မှုအဖွဲ့အစည်းများကဲ့သို့သော NGO များနှင့် အရပ်ဘက်အဖွဲ့အစည်းများသည် ရေးသားထားသည့် သတင်းအချက်အလက် (သို့) အစီရင်ခံစာများကို အတွင်းရေးမှူးရုံးသို့ တင်သွင်းနိုင်သည်။ အချိန်မရွေးဆောင်ရွက်နိုင်သော်လည်း
သက်ဆိုင်ရာရှေ့ပြေးအစည်းအဝေးလုပ်ငန်းအဖွဲ့တွေ့ဆုံ မှု မတိုင်မီ ၂ လအလိုတွင် ပေးပို့စေလိုသည်။ စာရွက်စာတမ်းမိတ္တူအစုံ၂၀ ကို အတွင်းရေးမှူးရုံးထံသို့ အောက်ပါလိပ်စာအတိုင်း ပေးပို့ ရမည်။ အီလက်ထရောနစ်မိတ္တူကိုလည်းပေးပို့ရမည်။ အရပ် ဖက်လူ့အဖွဲ့အစည်းများမှ ၎င်းတို့ပေးပို့သည့် တင်သွင်းမှုများကို လျှို့ဝှက်ထားရန် တောင်းဆိုနိုင်သည်။

ကော်မတီသို့ သတင်းအချက်အလက်ပေးပို့သည့် NGO များသည် သဘောတူစာချုပ်အကောင်အထည်ဖော်ဆောင်မှုကို ပံ့ပိုးကူညီရန်လုပ်ဆောင်သည့် နိုင်ငံတကာ NGO များ ညွန့်ပေါင်းအဖွဲ့တစ်ခုဖြစ်သည့် **NGO Group for the Convention on the  Rights of the Child** သို့ဆက်သွယ်လိုပါလိမ့်မည်။ ယင်း NGO Group တွင် ဆက်ဆံရေးယူနစ်ရှိပြီး ကော်မတီ၏ အစီရင်ခံမှုလုပ်ငန်းစဉ်တွင် NGO များ၊ အထူးသဖြင့် ပြည်တွင်း ညွန့်ပေါင်း အဖွဲ့များ ၏ ပူးပေါင်းပါဝင်မှုကို ပံ့ပိုးပေးသည်။ NGO မဟုတ်သည့် အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာ ဆောင်ရွက်သူများသည် ၎င်းတို့၏ ပြည်တွင်း CRC ညွန့်ပေါင်းအဖွဲ့ တည်ရှိပါက ၎င်းနှင့် ညှိနှိုင်း မှုပြုပြီး သတင်းအချက်အလက်များကို ပေးပို့ရန် အားပေးပါသည်။

NGO Group အား အောက်ပါအတိုင်းဆက်သွယ်နိုင်သည် -
**NGO Group for the Convention on thRights of the Child Secretariat**
1, rue de Varembé
CH-1202 Geneva - Switzerland
Phone: +41 (0)22 740 4730
Fax : +41 (0)22 740 1145
E-mail : secretariat@childrightsnet.org
Website: http://www.childrightsnet.org[25]

***ကော်မတီအစည်းအဝေးများသို့တက်ရောက်ခြင်း***

အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာဆော်ရွက်သူများသည် ကော်မတီ၏ အစီရင်ခံမှုအစည်းအဝေးများသို့ လေ့လာသူအဖြစ်သာ တက်ရောက်နိုင်သည်။ ထိုသို့ပြုရန် ၎င်းတို့မှ အတွင်းရေးမှူးရုံးသို့ အောက်ပါလိပ်စာအတိုင်း တက်ရောက်ခွင့်ရရှိရန် စာရေးရပါမည်။

[25] OHCHR is not responsible for the content of external websites and the provision of links on this page does not imply that OHCHR associates itself with such content.

အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာဆောင်ရွက်သူများသည် ရှေ့ပြေးအစည်းအဝေးလုပ်ငန်းအဖွဲ့၏ ၃ နာရီကြာ အစည်းအဝေးတက်ရောက်ရန် ဖိတ်ခေါ်ပါသည်။ ၎င်းတွင် မိတ်ဖက်အဖွဲ့များမှ ဖြည့်စွက်သတင်းအချက်အလက်များကို တင်ဆက် နိုင်သည်။ ကျွမ်းကျင်ပညာရှင်များနှင့် လူငယ်ရေးရာအဖွဲ့အစည်းများသည် ကော်မတီ၏ ရှေ့ပြေးအစည်းအဝေးလုပ်ငန်းအဖွဲ့အတွက် အရေးပါလှသော ပံ့ပိုးကူညီသူများဖြစ်သည်။ တက်ရောက်ပါဝင်လိုပါက အတွင်းရေးမှူးရုံးသို့ ရှေ့ ပြေးအစည်းအဝေးလုပ်ငန်းအဖွဲ့၏ အစပျိုးတွေ့ဆုံမှု မတိုင်မီ ၂ လ အလိုတွင် တောင်းဆိုမှုပေးပို့ရပါမည်။ တင်သွင်း ထားသည့် သတင်းအချက်အလက် အရေးအသား အပေါ်မူတည်ပြီး ကော်မတီသည် ရှေ့ပြေးအစည်းအဝေး လုပ်ငန်းအဖွဲ့တွေ့ဆုံမှုတွင်ပါဝင်စေရန် အတွက် အရပ်ဖက်လူ့ အဖွဲ့အစည်း ဆိုင်ရာဆောင်ရွက်သူများ၊ အများအားဖြင့် NGO များ (အဖွဲ့ ဝင်နိုင်ငံ၏အစီရင်ခံစာကို ထည့်သွင်းစဉ်းစားမှုပြုခြင်းနှင့် စပ်လျဉ်းသည့် သတင်း အချက်အလက်များပိုင်ဆိုင်သူများ) ကိုရွေးချယ်ရန် ဖိတ်ကြား ချက်တစ်ရပ်ကိုအရေးအသားဖြင့် ထုတ်ဝေပါ လိမ့်မည်။
သက်ဆိုင်ရာနိုင်ငံ မှ အရပ်ဘက်အဖွဲ့ အစည်းဆိုင်ရာဆောင်ရွက်သူများမှ ပါဝင်သူများအား နိဒါန်းမှတ်ချက်များအတွက် ၁၅ မိနစ်အချိန် ပေးပြီး အခြားသူများအတွက် ၅ မိနစ်ပေးထားရာ အပြု သဘောဆောင်သည့် ဆွေးနွေးမှုတစ်ရပ် အတွက် အချိန်ရရှိ စေပါ သည်။ နှစ်စဉ်နှစ်တိုင်း ကော်မတီသည် အထွေထွေ ဆွေးနွေးမှုနေ့ကိုလည်း ကျင်းပရာ ၎င်းတွင် ကလေးသူငယ် များနှင့် ကျွမ်းကျင်ပညာရှင်များပါဝင်သည့် အရပ်ဘက် အဖွဲ့အစည်းဆိုင်ရာဆောင်ရွက်သူများကို ပါဝင်စေရန် ဖိတ်ခေါ်ပါသည်။

***အတွင်းရေးမှူးရုံးသို့ဆက်သွယ်ရန်***

**Committee on the Rights of the Child**
c/o Office of the United Nations High Commissioner
for Human Rights Palais des Nations
8–14, avenue de la Paix
CH–1211 Geneva 10 - Switzerland
Fax: +41 (0)22 917 90 29

**ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီသို့ မည်သို့အစီရင်ခံရမည်ဟူသည့် လမ်းညွှန်ချက်ကို NGO Group' s website** တွင်ဝင်ရောက်လေ့လာပါ။

ရှေ့ပြေး အစည်းအဝေးလုပ်ငန်းအဖွဲ့တွေ့ဆုံမှုတွင်ပါဝင် ရန် **NGO များနှင့် ပညာရှင်တစ်ဦးခြင်း တို့အတွက် ကော်မတီ ၏ လမ်းညွှန်ချက်များ** ကို OHCHR ဝက်ဘ်ဆိုက်တွင် ရရှိနိုင်သည်။

**ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ** အကြောင်း ပိုမိုသိရှိလိုပါက အချက်အလက်သတင်းလွှာ အမှတ် ၁၀ (Rev. 1) ကိုကြည့်ပါ။

## ရွှေ့ပြောင်းလုပ်သားအားလုံးနှင့်၎င်းတို့မိသားစုဝင်များ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာကော်မတီ

***စောင့်ကြည့်ထိန်းကျောင်းခြင်း***
ရွှေ့ပြောင်းလုပ်သားများအားလုံးနှင့်၎င်းတို့မိသားစုဝင်များ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်မှုဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် (ICRMW)

***အဖွဲ့ဝင်ဖြစ်ခြင်း***
လက်ရှိတွင် လွတ်လပ်သောကျွမ်းကျင်ပညာရှင် ၁၀ ဦးကို ၄နှစ် သက်တမ်း အတွက်ရွေးချယ်ပြီး သက်တမ်းတိုးနိုင်သည်။ ၎င်းအရေအတွက်သည် သဘောတူစာချုပ်အား ၄၁ နိုင်ငံ မြောက် အတည်ပြုလက်မှတ်ထိုးသောအခါ ၁၄ ဦးသို့ တိုးလာ မည်ဖြစ်သည်။ အသေးစိပ်သိရှိလိုသောအပိုဒ် ၇၁ ကို ကြည့်ပါ။

***အစည်းအဝေးများ***
ကော်မတီသည် ဂျီနီဗာ၌ ပုံမှန်အားဖြင့် တစ်နှစ်လျှင် အစည်း အဝေးနှစ်ကြိမ်၊ အများအားဖြင့် ဧပြီလနှင့် နိုဝင်ဘာလတို့တွင် ကျင်းပလေ့ရှိသည်။

***အစီရင်ခံမှုသတ်မှတ်ချက်များ***
အဖွဲ့ဝင်နိုင်ငံများသည် သဘောတူစာချုပ်သို့ အဖွဲ့ဝင်စာချုပ် သို့ အဖွဲ့ဝင်ပြီးတစ်နှစ်အကြာတွင် ကနဦးအစီရင်ခံရပြီး၊ ထိုနောက် ၅ နှစ်တစ်ကြိမ် အစီရင်ခံရသည်။

***သတင်းအချက်အလက်များကို အရေးအသားဖြင့်တင်သွင်းခြင်း***
လူမှုဝန်ဆောင်မှုအဖွဲ့အစည်းများ၊ ပညာရှင်များနှင့် အလုပ် သမားသမဂ္ဂများ ဖြစ်သည့် NGO များနှင့် အရပ်ဘက်အဖွဲ့ အစည်းဆိုင်ရာ ဆောင်ရွက်သူများသည် အတွင်းရေးမှူးရုံးသို့ အရေး အသားပြုထားသည့် သတင်းအချက်အလက် (သို့) အစီရင်ခံ စာများကို အချိန်မရွေး တင်သွင်းနိုင်သည်။

သတင်းအချက်အလက်အားလုံးကို အီလက်ထရောနစ်မိတ္တူ ဖြင့်လည်းကောင်း၊ စာရွက်စာတမ်းဖြင့် မိတ္တူ ၁၅ စုံကိုလည်း ကောင်း အတွင်းရေးမှူးရုံးသို့ အောက်ပါလိပ်စာအတိုင်းပေးပို့ရ ပါမည်။

သတင်းအချက်အလက်များ အရပ်ဘက်အဖွဲ့အစည်း တင်သွင်းသည့် အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာ ဆောင်ရွက် သူများသည် သဘောတူစာချုပ်အား မြှင့်တင်ပေးမှု၊ အကောင် အထည်ဖော်ဆောင်ရွက်မှုနှင့် စောင့်ကြည့်လေ့လာမှုများကို ပံ့ပိုးပေးရန် အတူတကွလုပ်ဆောင်ကြသည့် နိုင်ငံတကာ NGO များဆိုင်ရာ ညွန့်ပေါင်းအဖွဲ့ တစ်ခုဖြစ်သည့် **International NGO Platform for the Migrant Workers Convention** သို့လည်း ဆက်သွယ်နိုင်ပါသည်။ ၎င်းကို အောက်ပါလိပ်စာအတိုင်းဆက်သွယ်နိုင်သည် -

**NGO Platform**
c/o December 18
Rue de Varembé 1
P.O. Box 96
CH–1211 Geneva 20 - Switzerland Phone:
+41 (0)22 919 10 42 Fax: +41 (0)22 919
10 48 E-mail: ipmwc@december18.net
Website: http://www.december18.net[26]

***ကော်မတီအစည်းအဝေးများသို့တက်ရောက်ခြင်း***
အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာဆောင်ရွက်သူများသည် ကော်မတီ၏ အများဆိုင်ရာအစည်းအဝေးများတွင် လေ့လာ သူများအဖြစ် တက်ရောက်နိုင်သည်။ ထိုသို့ပြုရန် အတွင်းရေး မှူးရုံးသို့ အောက်ပါလိပ်စာအတိုင်း တက်ရောက်ခွင့် တောင်း ဆိုရပါ မည်။

အဖွဲ့ဝင်နိုင်ငံ၏ အစီရင်ခံစာတစ်ခုကို စစ်ဆေးမှုအတွက် ပြင်ဆင်ရာတွင် အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာဆောင်ရွက် သူများ၊ အထူးသဖြင့် NGO များကို ကော်မတီနှင့်အတူ သီးသန့်အစည်းအဝေးတစ်ခုတွင် သတ်မှတ်သည့် နိုင်ငံရှိ ရွှေ့ပြောင်းလုပ်သားများ၏ အခြေအနေကို နှုတ်ပြော အစီရင် ခံရန်နှင့် အဖွဲ့ဝင်များ၏မေးခွန်းများကို ဖြေကြားပေးရန် ဖိတ် ကြားပါသည်။ ယင်းအစည်းအဝေကို ကော်မတီမှ အဖွဲ့ဝင် နိုင်ငံ၏အစီရင်ခံစာတစ်ရပ် စစ်ဆေးမှုပြုသည့် အစည်းအဝေး မတိုင်မီ ဆောင်ရွက်ပါသည်။

အဖွဲ့ဝင်နိုင်ငံ၏ အစီရင်ခံစာကို စစ်ဆေးသည့် အစည်းအဝေး တွင် အရေးအသားပြုထားသည့် သတင်းအချက်အလက်များ ကို တင်သွင်းထားသည့် အရပ်ဘက်အဖွဲ့အစည်းတိုင်ရာ

[26] OHCHR is not responsible for the content of external websites and the provision of links on this page does not imply that OHCHR associates itself with such content

ဆောင်ရွက်သူများသည် ထိုအဖွဲ့ဝင်နိုင်ငံ၏ အစီရင်ခံစာကို ကော်မတီ၏စစ်ဆေးမှုမပြုမီ အများဆိုင်ရာအစည်းအဝေး တစ်ရပ်တွင် ထိုကော်မတီထံ နှုတ်ပြောအစီရင်ခံစာ တင်ပြရန် အခွင့်အရေးပေးထားပါသည်။ NGO များ၊ ပရော်ဖက်ရှင်နယ် အဖွဲ့များ၏ ပညာရေးကဏ္ဍ၊ တက္ကသိုလ်ဆရာများနှင့် ကိုယ်စား လှယ်တော်များကို အခြားအရာ များရှိသည်အနက် ကော်မတီ မှ ပုံမှန်ကျင်းပသည့် အထွေထွေ ကဏ္ဍအလိုက် ဆွေးနွေးမှု နေ့ရက်များတွင် ဖိတ် ခေါ်ပါသည်။

***တစ်သီးပုဂ္ဂလတိုင်ကြားမှုများ***

အဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံသည် သဘောတူစာချုပ်၏ အပိုဒ် ၇၇ နှင့်အညီ ၎င်းလုပ်ထုံးလုပ်နည်းများကို လက်ခံသည့်အခါ ကော်မတီသည် တစ်သီးပုဂ္ဂလတိုင်ကြားမှုများ (သို့) အကြောင်းကြားမှုများကို ထည့်သွင်း စဉ်းစားပေး နိုင်မည်ဖြစ်သည်။

***အတွင်းရေးမှူးရုံးသို့ဆက်သွယ်ရန်***

**Committee on the Protection of the Rights of All Migrant Workers and Members of Their Families**

c/o Office of the United Nations High Commissioner for Human Rights Palais des Nations
8–14, avenue de la Paix
CH–1211 Geneva 10 - Switzerland
Fax: +41 (0)22 917 90 29
E-mail: cmw@ohchr.org

**ကော်မတီ**အကြောင်းပိုမိုသိရှိလိုပါက အချက်အလက် သတင်းလွှာ အမှတ် ၂၄ (Rev. 1) ကိုကြည့်ပါ။

## မသန်စွမ်းပုဂ္ဂိုလ်များ၏အခွင့်အရေးဆိုင်ရာကော်မတီ

***စောင့်ကြည့်ထိန်းကျောင်းမှု***

မသန်စွမ်းပုဂ္ဂိုလ်များ၏အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်နှင့် ၎င်း၏ လိုက်နာရန်ရွေးချယ်ခွင့်ရှိသော နောက်ဆက်တွဲစာချုပ်။

***အဖွဲ့ဝင်ဖြစ်ခြင်း***

ကော်မတီတွင် လွတ်လပ်သော ပညာရှင် ၁၂ ဦးကို ၄ နှစ်သက်တမ်းဖြင့် ကနဦးရွေးချယ်သွားမည်ဖြစ်ပြီး သက်တမ်းတစ်ကြိမ်ထပ်တိုးနိုင်သည်။ ၎င်းတွင် မသန်စွမ်းမှုဆိုင်ရာ ပညာရှင်များပါဝင်သင့်သည်။ သဘောတူစာချုပ်သို့ အတည်ပြုမှု (သို့) သဘောတူညီမှုပြုသည့်အရေအတွက် နောက်ထပ် ၆၀ တိုးလာပြီးမှသာ ကော်မတီအဖွဲ့ဝင်ကို ၁၈ ဦးထိ တိုးမြှင့်မည်ဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကော်မတီတွင် ခန့်အပ်ရန် ကိုယ်စားလှယ်လောင်းများ အဆိုပြုရာ၌ မသန်စွမ်းပုဂ္ဂိုလ်များ နှင့် ၎င်းတို့၏ကိုယ်စားပြုအဖွဲ့အစည်းများ ထည့်သွင်းပေးရန် ဖိတ်ခေါ်ပါသည်။

***အစည်းအဝေးများ***

၂၀၀၈ ခုနှစ်တိုင် ကော်မတီအဖွဲ့ဝင်များကို မခန့်ရသေးပါ။

***အစီရင်ခံမှုသတ်မှတ်ချက်များ***

အဖွဲ့ဝင်နိုင်ငံများသည် သဘောတူစာချုပ်သို့ အဖွဲ့ဝင်ဖြစ်လာပြီး ၂ နှစ်အတွင်းတွင် ကနဦး အစီရင်ခံရပါမည်။ ထိုနောက် အနည်းဆုံး ၄ နှစ်တစ်ကြိမ် (သို့) ကော်မတီမှ တောင်းဆိုသည့်အခါတိုင်း အစီရင်ခံတင်သွင်းရပါမည်။

***တစ်သီးပုဂ္ဂလတိုင်ကြားမှုများ***

ကော်မတီသည် တစ်သီးပုဂ္ဂလများ (သို့) တစ်သီးပုဂ္ဂလများအုပ်စုများ တို့ထံမှ အကြောင်းကြားမှုများကို ထည့်သွင်းစဉ်းစားပေးမည်ဖြစ်သည်။ **စံပြုတိုင်ကြားစာဖော်ပုံစံ** ကို ဤလက်စွဲ စာအုပ်၏ အခန်း ၈ (**လူ့အခွင့်အရေးချိုးဖောက်မှုဟူသောစွပ်စွဲချက်များဆိုင်ရာတိုင်ကြားစာတင်သွင်းခြင်း)** ၏ နောက်ဆက်တွဲတွင် ထည့်သွင်းထားသည်။

***လျှို့ဝှက်စုံစမ်းမေးမြန်းမှုများ***

အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာဆောင်ရွက်သူများ၊ အထူးသဖြင့် NGO များသည် သဘောတူစာချုပ်အား ပြင်းထန်သော၊ စိုးရိမ်ဖွယ်ဖြစ်သော (သို့) စနစ်တကျဖြစ်သော ချိုးဖောက်မှုဆိုင်ရာ သတင်းအချက်အလက်များကို အတွင်းရေးမှူးရုံးထံသို့ တင်သွင်း နိုင်ပါသည်။ ယင်း သတင်းအချက်အလက်သည် ခိုင်လုံမှုရှိပြီး ထိုအဖွဲ့ဝင်နိုင်ငံသည် သဘောတူစာချုပ်ပါ အခွင့် အရေးများကို စနစ်တကျ ချိုးဖောက်ကြောင်း ဖော်ပြရမည်။

***အပိုဒ် ၃၃***

သဘောတူစာချုပ်တွင် ၎င်း၏အကောင်အထည်ဖော်ဆောင်မှုရှိ အရပ်ဘက်အဖွဲ့အစည်း၏ အခန်း ကဏ္ဍနှင့် စပ်လျဉ်းသည့် တစ်မူထူးခြားသည့်ပြဋ္ဌာန်းချက် တစ်ရပ်ပါဝင်သည်။ အပိုဒ် ၃၃ တွင် အဖွဲ့ဝင်နိုင်ငံများမှ ချမှတ်ထားသည့် စောင့်ကြည့်ထိန်းကျောင်းမှုလုပ်ငန်းစဉ်တွင် အရပ်ဘက်အဖွဲ့အစည်းများသည် အပြည့်အဝပါဝင်လုပ်ဆောင်ရန် ဖော်ပြထားရာ၊ သဘောတူစာချုပ် အကောင်အထည်ဖော်ဆောင်မှု မြှင့်တင်ရာတွင် အရပ်ဘက်အဖွဲ့အစည်းအား အချက်အချာကျသော အခန်းကဏ္ဍတစ်ရပ် ပေးထားပါသည်။

***အတွင်းရေးမှူးရုံးသို့ဆက်သွယ်ရန် လိပ်စာ -***

Committee on the Rights of Persons with Disabilities
c/o Office of the United Nations
High Commissioner for Human Rights Palais des Nations
8–14, avenue de la Paix
CH–1211 Geneva 10 - Switzerland
Fax: +41 (0)22 917 90 29
E-mail: crpd@ohchr.org

**မသန်စွမ်းပုဂ္ဂိုလ်များ၏အရေးကိစ္စနှင့် သဘောတူစာချုပ်ဆိုင်ရာ OHCHR ၏** ဆောင်ရွက်ချက်အတွက် ပိုမိုသိရှိလိုပါက OHCHR ဝက်ဘ်ဆိုက်သို့ ဝင်ရောက်လေ့လာပါ။

**သဘောတူစာချုပ်နှင့် ၎င်း၏နောက်ဆက်တွဲစာချုပ်** အကြောင်း ပိုမိုလေ့လာလိုပါက *From Exclusion to Equality: Realizing the Rights of Persons with Disabilities* (HR/PUB/07/6) ဟူသည့်ထုတ်ဝေမှုကိုကြည့်ပါ။

## ပျောက်ကွယ်သွားစေခြင်းဆိုင်ရာ ကော်မတီ (၂၀၁၈ ခုနှစ်တွင် စတင်သည်၊ ကော်မတီမဖွဲ့စည်းရသေးပါ)

***စောင့်ကြည့်ထိန်းကျောင်းမည့်အရာမှာ***
လူအားလုံးအား ပျောက်ကွယ်သွားစေခြင်းမှ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်။

***အဖွဲ့ဝင်ခြင်း***
ကော်မတီတွင် လွတ်လပ်သော ပညာရှင် ၁၀ ဦးအား ၄ နှစ် သက်တမ်းဖြင့်ပါဝင်စေမည်ဖြစ်ပြီး သက်တမ်းတစ်ကြိမ်တိုးနိုင်သည်။

***အစီရင်ခံမှုသတ်မှတ်ချက်များ***
အဖွဲ့ဝင်နိုင်ငံများသည် သဘောတူစာချုပ်သို့ အဖွဲ့ဝင်ဖြစ်လာပြီးနောက် ၂ နှစ်ကြာတွင် ကနဦးအစီရင်ခံရပါမည်။

***အရေးတကြီးဆောင်ရွက်ချက်***
ကော်မတီသည် တစ်သီးပုဂ္ဂလများထံမှ အပျောက်ဖျောက်ခံရသည့်ပုဂ္ဂိုလ် ရှာဖွေတွေ့ရှိရန် အရေးတကြီး တောင်းဆိုချက်များ ကို ရရှိနိုင်မည်ဖြစ်သည်။ အဆိုပါပုဂ္ဂိုလ်သည် သဘောတူစာချုပ်သို့ အဖွဲ့ဝင်ထားသည့်နိုင်ငံ ၏ တရားစီရင်ပိုင်ခွင့် အပ်နှံထားသူဖြစ်ရပါမည်။

***တစ်သီးပုဂ္ဂလတိုင်ကြားမှုများ***
ကော်မတီသည် သဘောတူစာချုပ်၏ အပိုဒ် ၃၁ နှင့်အညီ လုပ်ထုံးလုပ်နည်းအား လက်ခံထားသည့် အဖွဲ့ဝင်နိုင်ငံ များနှင့်စပ်လျဉ်းသည့် တစ်သီးပုဂ္ဂလ အကြောင်းကြားမှုများကိုသာ ထည့်သွင်းစဉ်းစားပေးနိုင်မည်ဖြစ်သည်။

***စုံစမ်းမေးမြန်းမှုများ***
အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာဆောင်ရွက်သူများ၊ အထူးသဖြင့် NGO များက အဖွဲ့ဝင်နိုင်ငံတစ်ခုသည် အပိုဒ် ၃၃ နှင့်အညီ သဘောတူစာချုပ် ပြဋ္ဌာန်းချက်များကို ပြင်းပြင်းထန်ထန် ချိုးဖောက်ကြောင်း ဖော်ပြသည့် သတင်းအချက်အလက်များကို တင်သွင်းနိုင်ပါသည်။ ထို့အပြင် ကော်မတီသည် အဖွဲ့ဝင်နိုင်ငံ တစ်ခုတွင် အတင်းအကျပ် ပျောက်ကွယ်စေမှု ဆိုင်ရာ ကျင့်သုံးမှု သည် ကျယ်ပြန့်လာကြောင်း (သို့) ပုံမှန်ဖြစ်လာကြောင်း ဖော်ပြ သည့် သတင်းအချက်အလက်တင်ပြမှုကို အထွေထွေညီလာခံ ၏ ဂရုစိုက်မှုရရှိရန် ဆောင်ရွက်ပိုင်ခွင့်ရှိသည်။

ပျောက်ကွယ်သွားစေမှုအကြောင်းပိုမိုသိရှိလိုပါက အချက်အလက်သတင်းလွှာ အမှတ် ၆ (Rev. 2) ကိုကြည့်ပါ။

IV

# ၅။ လူ့အခွင့်အရေးကောင်စီ

## လူ့အခွင့်အရေးကောင်စီအကြောင်း တစေ့တစောင်း လေ့လာခြင်း

***မည်သည်နည်း။***

လူ့အခွင့်အရေးကောင်စီသည် လူ့အခွင့်အရေး အတွက်တာဝန်ယူသော ကုလသမဂ္ဂ၏ အစိုးရအချင်းချင်းချိတ်ဆက်ဆောင်ရွက်သည့် ဗဟိုအဖွဲ့အစည်းဖြစ်သည်။ ၎င်းကို အထွေထွေညီလာခံ ဆုံးဖြတ်ချက် ၆၀/၂၅၁ ဖြင့် ဖွဲ့စည်း တည်ထောင်ခဲ့ရာ ယခင် လူ့အခွင့်အရေး ကော်မရှင်အပေါ် အပ်နှင်းခဲ့သည့် လုပ်ပိုင်ခွင့်အာဏာများ၊ ယန္တယားများ၊ လုပ်ငန်းဆောင်တာများ နှင့် တာဝန်ဝတ္တရားများကို အစားထိုး တာဝန်ယူထားပါသည်။ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး ရုံး (OHCHR )သည် ယခင် လူ့အခွင့်အရေး ကော်မရှင်၏ အတွင်းရေးမှူးချုပ်ရုံး ဖြစ်ခဲ့ ရာ၊ ယခုမှာ လူ့အခွင့်အရေး ကောင်စီ၏ အတွင်းရေးမှူးချုပ်ရုံးဖြစ်သည်။

***မည်သို့လုပ်ဆောင်သနည်း***

လူ့အခွင့်အရေးကောင်စီသည် အဖွဲ့ဝင်နိုင်ငံပေါင်း ၄၇ နိုင်ငံဖြင့်ဖွဲ့စည်းထား သည့် အစိုးရအချင်းချင်းဆိုင်ရာ အဖွဲ့ဖြစ်ပြီး ဂျီနီဗာ မြို့တွင် ရုံးစိုက်ပါသည်။ ၎င်းသည် တစ်နှစ်လျှင် အနည်းဆုံး ရက် သတ္တပတ် ၁၀ ပတ် ဖြင့် ၃ ကြိမ်ထက် မနည်း အစည်းအဝေးများ ကျင်းပကာ၊ အထူး အစည်းအဝေးများကို လည်း ခေါ်ယူ ကျင်းပနိုင်သည်။ ကော်မရှင်သည် **စီးပွားရေးနှင့် လူမှုရေး ကောင်စီ (ECOSOC)** ၏ အဖွဲ့ခွဲ ဖြစ်ခဲ့သည် နည်းတူ၊ လူ့အခွင့်အရေး ကောင်စီသည် **အထွေထွေညီလာခံ** ၏ အဖွဲ့ခွဲ ဖြစ်ပါသည်။ ၎င်း ၏ အခန်းကဏ္ဍ တွင် ရှန်းရင်းကြမ်းတမ်းပြီး စနစ်ကျသော ချိုးဖောက်မှုများပါဝင် သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ကိုင်တွယ်ဖြေရှင်းခြင်းလည်းကောင်း၊ ကုလသမဂ္ဂ စနစ်အတွင်းရှိ လုပ်ဆောင်မှု တိုင်း တွင် လူ့အခွင့်အရေးပါဝင်စေခြင်း နှင့် ထိရောက်စွာ ညှိနိုင်းမှု တိုးတက်လာစေခြင်းလည်းကောင်း ပါဝင်သည်။

၂၀၀၇ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့၊ ၎င်း၏ ပထမအကြိမ် အစည်းအဝေးအပြီးတွင် လူ့အခွင့်အရေးကောင်စီသည် ၎င်း၏ အနာဂတ် လုပ်ငန်းဆောင်တာအတွက် အခြေခံကို ပုံသွင်းပေးရန် လုပ်ထုံးလုပ်နည်းများ၊ ယန္တယားများနှင့် ဖွဲ့စည်း တည်ဆောက်ပုံများ တို့ကို တည်ဆောက် ပေးသည့် အဆိုပြုချက်တစ်စု ကို သဘောတူညီခဲ့ပါသည်။ **ဆုံးဖြတ်ချက် အမှတ် ၅/၁** အရ သဘောတူညီထားသည့် ၎င်းအဆိုပြုချက် တွင် ကောင်စီ ၏ အာဂျင်တာ၊ လုပ်ငန်းအစီအစဉ်၊ လုပ်ထုံးလုပ်နည်းများဆိုင်ရာ စည်းမျဉ်းများ ပါဝင်ပြီး၊ ကော်မရှင်မှ အမွေဆက်ခံထားသည့် ကျွမ်းကျင်မှုအကြံပြုချက်ဆိုင်ရာ စနစ် နှင့် တိုင်ကြားမှုလုပ်ထုံးလုပ်နည်းများတို့ကို ပြန်လည်မွမ်းမံမှုများ ဆောင်ရွက်ခြင်း ကို ပြုလုပ်ပါသည်။ ဆုံးဖြတ်ချက် အမှတ် ၅/၁ သည် ကောင်စီ၏ အသစ်သော နိုင်ငံအလိုက် လူ့အခွင့်အရေးအခြေအနေ ပုံမှန်သုံးသပ်မှု ယန္တယားဆိုင်ရာ ဆောင်ရွက်ချက်အတွက် နည်းလမ်းများကို ချမှတ်ပြီး၊ **အထူးလုပ်ငန်းအစီအစဉ်များ** လုပ်ပိုင်ခွင့်အာဏာအားလုံးကို ပြန်လည်သုံးသပ်ခြင်း၊ ကြောင်းကျိုးသင့်ဆောင်ရွက်ခြင်းနှင့် တိုးတက်စေခြင်း တို့ အတွက် လုပ်ငန်းစဉ်တစ်ရပ်ကို တည်ဆောက်ခဲ့ပါသည်။

---

The Handbook is available in digital format on the OHCHR website at: http://www.ohchr.org/civilsocietyhandbook/
There you will find the Handbook's chapters available for download, as well as links to all the references contained in the publication

*လူ့အခွင့်အရေးကောင်စီနှင့် ၎င်း၏ လုပ်ပိုင်ခွင့်အာဏာနှင့် ယန္တယားများ တို့နှင့် မည်သို့ ချိတ်ဆက်ဆောင်ရွက် နိုင်မည်နည်း။*

အထွေထွေညီလာခံ ဆုံးဖြတ်ချက် အမှတ် ၆၀/၂၅၁ သည် အစိုးရမဟုတ်သည့် အဖွဲ့ အစည်းများ (NGO) နှင့် အခြားသော အရပ်ဘက်အဖွဲ့ အစည်းဆိုင်ရာ ဆောင် ရွက်သူများ မှ အမျိုးသား အဆင့်၊ ဒေသ ဆိုင်ရာအဆင့်နှင့် နိုင်ငံ တကာအဆင့် လူ့အခွင့်အရေး တိုးတက် စေရေးနှင့် ကာကွယ်စောင့်ရှောက်ရေး တို့အတွက် အရေးကြီးသော အခန်း ကဏ္ဍမှ ဆောင် ရွက်ကြကြောင်း အသိ အမှတ်ပြုပါသည်။

ကောင်စီ၏ အစည်းအဝေးများတွင် NGO များ အပါအဝင် လေ့လာသူများ၏ ပါဝင်မှုသည် ယခင်ကော်မရှင်မှ ချမှတ်ခဲ့ သည့် စီစဉ်မှုများနှင့် ကျင့်သုံးမှုများ အပေါ် အခြေပြုပါသည်။ ယင်းကျင့်သုံးမှု များ နှင့် စီစဉ်မှုများတို့သည် ကောင်စီ၏ သတ်မှတ် ထားသည့် လေ့လာသူများ၏ ထိရောက် မှုအရှိဆုံး ပံ့ပိုးမှုကို သေချာ စေရန် ဆက်လက်၍ ဖွံ့ဖြိုးတိုးတက်လျက် ရှိပါသည်။[27]

လူ့အခွင့်အရေးကောင်စီ၏ အစည်းအဝေး များတွင် NGO များအား လေ့လာသူများ အနေဖြင့် အတည်ပြုပေးရန်အတွက် ECOSOC နှင့် **အတိုင်အပင်ခံအဆင့်** ရှိရန် သတ်မှတ်ထားသော်လည်း၊ ထိုသို့သော အဆင့် မဟုတ်သည့် NGO များ နှင့် အခြားသော အရပ်ဘက်အဖွဲ့ အစည်း ဆိုင်ရာဆောင်ရွက်သူများ သည် လူ့အခွင့် အရေးကောင်စီ၏ လုပ်ငန်းအဘက်ဘက် နှင့် ယန္တယားများကို နည်းလမ်းများ စွာဖြင့် ကူညီပံ့ပိုးပေးနိုင်ပါသည်။ ထို့အပြင် ၎င်း၏ အစည်းအဝေးများ ကို OHCHR ဝက်ဘ်ဆိုက်တွင် တိုက်ရိုက်ရုပ်သံထုတ်လွှင့်ပေးပြီး၊ စာချုပ်စာတမ်းများနှင့် သတင်းအ ချက်အလက်များမြောက်များစွာတို့ ကို ကောင်စီ၏ အင်တာနက် Homepage နှင့် Extranet တို့တွင် ရရှိနိုင်ပါသည်။ အစည်းအဝေးအထူးပြုသတင်း အချက်အလက်များကို ပုံမှန် အစည်းအဝေးမကျင်းပမီ ၂ ပတ် အလိုတွင် Homepage ပေါ်တွင် ပို့စ်

[27] See General Assembly resolution 60/251 and Human Rights Council resolution 5/1.

## လူ့အခွင့်အရေးကောင်စီနှင့်စပ်လျဉ်းသည့် အဓိကအဆက်အသွယ်များ

**The Human Rights Council Branch**
Human Rights Council Branch
Office of the United Nations High Commissioner for Human Rights
Palais des Nations
8–14, avenue de la Paix
CH–1211 Geneva 10 - Switzerland
Phone: +41 (0)22 917 92 56
Fax: +41 (0)22 917 90 11

**The Civil Society Unit**
OHCHR Civil Society Unit
Office of the United Nations High Commissioner for Human Rights
Palais des Nations
8–14, avenue de la Paix
CH–1211 Geneva 10 - Switzerland
Phone: +41 (0)22 917 90 00
E-mail: civilsocietyunit@ohchr.org

**ECOSOC နှင့် အတိုင်အပင်ခံအဆင့်နှင့် စပ်လျဉ်းပြီး တောင်းဆိုမှုများ (သို့) သတင်းအချက်အလက်များအတွက်**
*United Nations headquarters*
NGO Section
United Nations Department of Economic and Social Affairs Section
One UN Plaza, Room DC-1-1480
New York, NY 10017
Phone: +1 212 963 8652
Fax: +1 212 963 9248
E-mail: desangosection@un.org

*United Nations Office at Geneva (UNOG)*
NGO Liaison Office
Office of the Director-General
Office 153, Palais des Nations
8–14, avenue de la Paix
CH-1211 Geneva 10 - Switzerland
Phone: +41 (0)22 917 21 27
Fax: +41 (0)22 917 05 83
E-mail: ungeneva.ngoliaison@unog.ch

**လူ့အခွင့်အရေးကောင်စီ၏ ယန္တယားအသီးသီးအတွက် အဓိကအဆက်အသွယ်များကို ဤအခန်း၏ သက်ဆိုင်ရာ ကဏ္ဍများတွင်  ထည့်သွင်းပေးထားပါသည်။**

# လူ့အခွင့်အရေးကောင်စီဟူသည်အဘယ်နည်း

## လူ့အခွင့်အရေးကော်မရှင်မှ လူ့အခွင့်အရေးကောင်စီသို့ ပြောင်းလဲခြင်း

၂၀၀၆ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် အထွေထွေညီလာခံ **ဆုံးဖြတ်ချက် ၆၀/၂၅၁** အရဖွဲ့စည်း တည်ထောင်ခဲ့သည့် **လူ့အခွင့်အရေးကောင်စီ** သည် လူ့အခွင့်အရေးအတွက် တာဝန်ရှိသော အခြေခံကုလသမဂ္ဂ အစိုးရအချင်းချင်းဆိုင်ရာ အဖွဲ့ ဖြစ်သည်။ ၎င်းသည် နှစ်ပေါင်း ၆၀ ကျော် ရှည်ကြာသည့် ကုလသမဂ္ဂလူ့အခွင့်အရေးစနစ်၏ ဗဟိုတွင်ရှိခဲ့သည့် **လူ့အခွင့်အရေး ကော်မရှင်** ကို အစားထိုးထားခြင်းဖြစ်သည်။ ကော်မရှင်သည် ၂၀၀၆ ခုနှစ် မတ်လတွင် ၎င်း၏ ၆၂ ကြိမ်မြောက် အစည်း အဝေး၌ နောက်ဆုံးအကြိမ် တွေ့ဆုံမှုပြုခဲ့ပါသည်။ ၎င်း၏ စည်းမျဉ်းနှင့် စံချိန်စံညွှန်းသတ်မှတ်ချက် အောင်မြင်မှု များက ကောင်စီ၏ လုပ်ဆောင်မှုဆိုင်ရာ အုတ်မြစ်ကို ပံ့သွင်းပေးပါသည်။

လူ့အခွင့်အရေး ကော်မရှင်သည် **စီးပွားရေးနှင့် လူမှုရေးကောင်စီ** (ECOSOC)၏ နောက်ဆက်တွဲ အဖွဲ့တစ်ခုဖြစ်ခဲ့သည် နည်းတူ၊ လူ့အခွင့် အရေးကောင်စီသည် **အထွေထွေညီလာခံ** ၏ နောက်ဆက်တွဲအဖွဲ့တစ်ခုဖြစ်သည်။ ဤမြှင့်တင်မှုသည် လူ့အခွင့်အရေးအားကုလသမဂ္ဂ၏ အဓိကကျွိုင်ကြီးသုံးရပ်မှ တစ်ခုအဖြစ် ဖွံ့ဖြိုးရေး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး တို့နှင့် အတူ အတူ ဦးစားပေးထားပါသည်။ ကောင်စီအားဖွဲ့စည်းပေးခြင်းသည် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ ယန္တယားကြီး အား အားဖြည့်ပေးမည့် အထွေထွေကောင်စီ၏ ကတိကဝတ်ကို အတည်ပြုပေးရာ လူသားအားလုံး ထိထိရောက်ရောက် ခံစားစံစားရမည့် လူ့ အခွင့်အရေးများဖြစ်သည့် နိုင်ငံသား၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုတို့ဆိုင်ရာ အခွင့် အရေးများနှင့် ဖွံ့ဖြိုး တိုးတက်မှုအခွင့်အရေးအပါအဝင်တို့အား ရရှိစေရန်လည်း ရည်ရွယ်ပါသည်။

အထွေထွေညီလာခံသည့် ၎င်း၏ ဆုံးဖြတ်ချက် အမှတ် ၆၀/၂၅၁အရ လူ့အခွင့်အရေးကောင်စီအား ကော်မရှင်မှ သတ်မှတ် ထားခဲ့သည့် အားလုံးသော လုပ်ပိုင်ခွင့်အာဏာများ၊ ယန္တယားများ၊ လုပ်ငန်းဆောင်တာများ နှင့် တာဝန် ဝတ္တရားများ စသည် တို့ကို သုံးသပ်မှုပြုခြင်းနှင့် လိုအပ်ပါက တိုးတက်စေခြင်းနှင့် ကြောင်းကျိုးသင့်ဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်ရန် တာဝန် ချမှတ်ထားပါသည်။ ကောင်စီအား ၎င်း၏ပထမအကြိမ်အစည်းအဝေးကျင်းပသည်မှ တစ်နှစ် အတွင်း ယင်းတာဝန်ကို ဖြည့်ဆည်းပေးရန်သတ်မှတ်ထားပါသည်။ ကောင်စီ၏လုပ်ဆောင်မှုနည်းလမ်းများအား အောက်ပါအချက်များကို လိုက်နာ ရန် သတ်မှတ်ထားပါသည်။

- ပွင့်လင်းမြင်သာမှု၊ မျှတမှုနှင့် ဘက်မလိုက်မှုရှိရမည်၊
- ရလဒ် အလေးပေးဆောင်ရွက်ရမည်၊
- စစ်မှန်သော ဆွေးနွေးမှုများ ဆောင်ရွက်ရမည်၊
- ကောင်စီ၏အကြံပြုချက်များနှင့် ၎င်းတို့၏အကောင်အထည်ဖော်ဆောင်မှုတို့ အား နောက်ဆက်တွဲ ဆွေးနွေးမှုများအတွက် ခွင့်ပြုပေးရမည်၊
- ၎င်း၏ယန္တယားများနှင့် ထိရောက်သောအပြန်အလှန်ဆက်သွယ်မှုများအတွက် ခွင့်ပြုရမည်။

အထွေထွေညီလာခံသည် ကောင်စီ၏အခြေအနေကို ၅ နှစ်အတွင်း သုံးသပ်မှုပြုမည်ဖြစ်သည်။[28]

[28] See resolution 60/251, in which the General Assembly also requires the Council to review its work and functioning five years after its establishment and report to it.

## လူ့အခွင့်အရေးကောင်စီ၏ အင်စတီကျူးရှင်း-တည်ဆောက်မှု (ဆုံးဖြတ်ချက်အမှတ် ၅/၁)

၂၀၀၇ ခုနှစ်၊ ဇွန်လ ၁၈ ရက်၊ ကောင်စီ၏ ပထမအစည်းအဝေးပြီးနောက် တစ်နှစ်ကြာပြီး "အင်စတီကျူးရှင်း-တည်ဆောက်မှု" ဆိုင်ရာ အထူးဂရုပြုကာလနောက်တွင် ကောင်စီသည် ၎င်း၏လုပ်ထုံးလုပ်နည်းများ၊ ယန္တယားများနှင့် ဖွဲ့စည်းတည်ဆောက်ပုံများကို ချမှတ်ထားသည့် အဆိုပြုချက်တစ်စုကို သဘောတူညီခဲ့သည်။ **ဆုံးဖြတ်ချက် အမှတ် ၅/၁** တွင် သဘောတူညီထားသည့် ကုလသမဂ္ဂလူ့အခွင့်ရေးကောင်စီဆိုင်ရာ အင်စတီကျူးရှင်း-တည်ဆောက်မှု[29]တွင် အောက်ပါအချက်များပါဝင်သည် -

- လုပ်ငန်းအစီအစဉ်အတွက် အာဂျင်တာအသစ်တစ်ရပ်နှင့် မူဘောင်အသစ်တစ်ရပ်၊
- အထွေထွေညီလာခံ၏ ကော်မတီများအတွက် ချမှတ်ထားသည့်စည်းမျဉ်းများအပေါ်အခြေပြုသည့် လုပ်ဆောင်မှုနည်းလမ်းသစ်များနှင့် လုပ်ထုံးလုပ်နည်း စည်းမျဉ်းအသစ်များ၊
- တိုင်ကြားမှုဆိုင်ရာလုပ်ထုံးလုပ်နည်း (၁၅၀၃ လုပ်ထုံးလုပ်နည်းကို အစားထိုးသည်)၊
- လူ့အခွင့်အရေးကောင်စီအကြံပေးကော်မတီ (လူ့အခွင့်အရေးမြှင့်တင်ရေးနှင့်ကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာ ဆပ်ကော်မရှင်ကို အစားထိုးသည်)၊
- အသစ်သော ကမ္ဘာ့နိုင်ငံများအားလုံး၏လူ့အခွင့်အရေးအခြေအနေပုံမှန်သုံးသပ်မှု (UPR) ယန္တယားဆိုင်ရာ လုပ်ငန်းလည်ပတ်မှုကို လမ်းညွှန်ပေးမည့် အခြေခံမူများ၊ လုပ်ငန်းစဉ်များနှင့် နည်းလမ်းများ၊
- အထူးလုပ်ငန်းလုပ်ထုံးလုပ်နည်းများဆိုင်ရာလုပ်ပိုင်ခွင့်အာဏာကို သုံးသပ်မှု၊ ကြောင်းကျိုးသင့်ဆောင်ရွက်မှုနှင့် တိုးတက် စေမှုတို့ ဆက်လက်ဆောင်ရွက်ရေးအတွက် စံသတ်မှတ်ချက်များ။

## လူ့အခွင့်အရေးကောင်စီနှင့် ၎င်း၏ယန္တယား နှင့် လုပ်ပိုင်ခွင့်များ မည်သို့ ဆောင်ရွက်သနည်း

### အဖွဲ့ဝင်များ

ကောင်စီအဖွဲ့ဝင်များတွင် အဖွဲ့ဝင်နိုင်ငံ ၄၇ နိုင်ငံပါဝင်ပြီး အထွေထွေညီလာခံ၏အဖွဲ့ဝင်အများစုမှ လျှို့ဝှက်မဲပေးစနစ်ဖြင့် တိုက်ရိုက်လည်းကောင်း၊ တစ်သီးပုဂ္ဂလခြင်းကိုလည်းကောင်း ရွေးချယ်ပါသည်။ အဖွဲ့ဝင်နိုင်ငံများအား ရွေးချယ်ရာတွင် ကိုယ်စားလှယ်လောင်းနိုင်ငံ၏ လူ့အခွင့်အရေး မှတ်တမ်းများလည်းကောင်း၊ ဆန္ဒအလျောက် လူ့အခွင့်အရေးကတိကဝတ်ပြုချက်များလည်းကောင်း ထည့်သွင်းစဉ်းစားရပါမည်။ ကောင်စီအဖွဲ့ဝင်နိုင်ငံများသည် သုံးနှစ်တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး သက်တမ်း နှစ်ကြိမ်ဆက်တိုက်ယူထားပါက နောက်တစ်ကြိမ် ဆက်တိုက်ပြန်လည်ရွေးကောက်ခွင့် ရရှိမည်မဟုတ်ပါ။

အကယ်၍ ကောင်စီ၏အဖွဲ့ဝင်နိုင်ငံတစ်ခုသည် ပြင်းထန်ပြီး စနစ်ကျသည့် လူ့အခွင့်အရေးချိုးဖောက်မှုကျူးလွန်ပါက အထွေထွေ ညီလာခံသည် တက်ရောက်သည့် အဖွဲ့ဝင် သုံးပုံနှစ်ပုံ၏ မဲပေးမှုဖြင့် ၎င်းနိုင်ငံအား ကောင်စီ၏အဖွဲ့ဝင်ခြင်းမှ ရပ်စိုင်းစေနိုင်ပါသည်။

လက်ရှိ**လူ့အခွင့်အရေးကောင်စီအဖွဲ့ဝင်နိုင်ငံများ** ၏ စာရင်းကို OHCHR ဝက်ဘ်ဆိုက်တွင်တွေ့ရှိနိုင်ပါသည်။

[29] Resolution 5/1 was endorsed by the General Assembly in its resolution 62/219.

## အစည်းအဝေးများ

ယခင်ကော်မရှင်သည် တစ်နှစ်လျှင် ၆ ပတ်ကြာသည့် အစည်းအဝေးတစ်ကြိမ်ကျင်းပခဲ့သော်လည်း၊ ကောင်စီသည် ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့ရှိ Palais des Nations တွင် တစ်နှစ်လျှင်သုံးကြိမ်ထက်မနည်းသည့် ပုံမှန်အစည်းအဝေးများကို စုစုပေါင်း ၁၀ ပတ်ထက်မနည်းသည့် အချိန်ကာလဖြင့် တွေ့ဆုံကြပါသည်။ ကောင်စီ၏ အဓိက အစည်းအဝေး (၄ ပတ်ကြာမြင့်) ကို ပုံမှန်အားဖြင့် မတ်လတွင် ကျင်းပပါသည်။

ကောင်စီသည် အဖွဲ့ဝင်နိုင်ငံတစ်ခု၏ တောင်းဆိုမှုအရ အထူးအစည်းအဝေးများကို ကျင်းပနိုင်ရာ၊ ထိုတောင်းဆိုမှုသည် ၎င်းအဖွဲ့ဝင်နိုင်ငံများ၏ အနည်းဆုံး သုံးပုံတစ်ပုံ၏ ထောက်ခံမှုရရှိရပါမည်။[30] ၂၀၀၈ ခုနှစ် စက်တာဘာလအထိ ကောင်စီသည် အထူးအစည်းအဝေး ခုနစ်ကြိမ်ကျင်းပခဲ့ပြီးဖြစ်သည်။[31]

ကောင်စီသည် အချို့သောအရေးကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးမှုနှင့် အပြန်အလှန်နားလည်မှု တိုးမြှင့်ပေးရန် Panel ဆွေးနွေးမှုများနှင့် အထူးအစီအစဉ်များကိုလည်း စီစဉ်ဆောင်ရွက်ပါသည်။ ၂၀၀၈ ခုနှစ် စက်တင်ဘာလအထိ ထိုကဲ့သို့သော အစီအစဉ်များကို ရှစ်ကြိမ်ဆောင်ရွက်ခဲ့ပြီးဖြစ်ရာ[32] ၎င်းတွင် မသန်းစွမ်းပုဂ္ဂိုလ်များ၏ အခွင့်အရေးဆိုင်ရာ နှစ်စဉ်ဆွေးနွေးမှုများ[33] နှင့် ၎င်း၏လုပ်ဆောင်မှုနှင့် ၎င်း၏ယန္တယား ဆောင်ရွက်မှုများသို့ ကျားမရေးရာအမြင်ကို စုပေါင်းခြင်း[34] စသည်တို့ပါဝင်ပါသည်။

### လုပ်ပိုင်ခွင့်များနှင့် လုပ်ငန်းယန္တယားများ (Mandates and Mechanisms)

#### က။ ကမ္ဘာ့နိုင်ငံများအားလုံး၏လူ့အခွင့်အရေးအခြေအနေပုံမှန်သုံးသပ်မှု  (Universal periodic review)

ကမ္ဘာ့နိုင်ငံများအားလုံး၏လူ့အခွင့်အရေးအခြေအနေပုံမှန်သုံးသပ်မှု (UPR) သည် အသစ်သော လူ့အခွင့်အရေး ယန္တယားတစ်ခုဖြစ်သည်။ ၎င်း အားဖြင့် ကောင်စီသည် ကုလသမဂ္ဂအဖွဲ့ဝင် ၁၉၂ နိုင်ငံအသီးသီးမှ ၎င်းတို့၏ လူ့အခွင့်အရေးဆိုင်ရာ လိုက်နာရမည့် တာဝန်များနှင့် ကတိကဝတ်များကို ဖြည့်ဆည်းဆောင်ရွက်မှုအား ပုံမှန်သုံးသပ်မှုပြုပါသည်။ UPR ပူးပေါင်းဆောင်ရွက်ရသည့်ယန္တယားတစ်ခုဖြစ်ရာ သုံးသပ်မှုပြုရသည် နိုင်ငံနှင့် အပြန်အလှန်ဆွေးနွေးမှုတစ်ရပ်အပေါ် အခြေပြုလုပ်ဆောင် ပါသည်။ စာချုပ်အဖွဲ့များ၏ လုပ်ဆောင်ချက်ကို အတုအပလုပ်ခြင်းမဟုတ်ဘဲ ဖြည့်စွက်ပေးရန်သာ ရည်ရွယ်ပါသည်။



---

[30] It requires the support of fewer States to hold a special session at the Council than it did at the Commission (one third of 47 members against a majority of 53 members). The Commission held only five special sessions.

[31] Three on the occupied Palestinian territory (July and November 2006 and January 2008), one on Lebanon (August 2006), one on Darfur (December 2006), one on Myanmar (October 2007) and a thematic special session on the world food crisis (May 2008).

[32] Two on the adoption and entry into force of the Convention on the Rights of Persons with Disabilities (March 2007 and June 2008), one on the Draft United Nations Guidelines for the Appropriate Use and Conditions of Alternative Care for Children (June 2008), one on intercultural dialogue on human rights (March 2008), one on human rights voluntary goals (March 2008) and one on missing persons (September 2008).

[33] The first debate is scheduled to take place at the Council's tenth regular session, to focus on key legal measures for the ratification and effective implementation of the Convention on the Rights of Persons with Disabilities. OHCHR has been requested to prepare a thematic study on this topic in consultation with, among others, civil society organizations.

[34] See resolution 6/30 of 14 December 2007. The first meeting on the question of violence against women was held at its eighth session and consisted of two panels: one on violence against women, and one on maternal mortality. In September 2008 the Council held a panel discussion on the integration of a gender perspective into its work

UPR ကို လေးနှစ်စက်ဝန်းအတွင်းရှိ အောက်ပါခြေလှမ်းအဆင့်များစွာဖြင့်ဖွဲ့စည်းထားသည့် လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ရှုမြင်နိုင်သည် -

- သုံးသပ်ချက်များအတွက်အခြေပြုရသည့် သတင်းအချက်အလက်များကို ကြိုတင်ပြင်ဆင်ခြင်း (သုံးသပ်မှုပြုရ သည့် နိုင်ငံမှ ပြင်ဆင်ပေးသည့်သတင်းအချက်အလက်များ (အမျိုးသားအစီရင်ခံစာများ)၊ **ကုလသမဂ္ဂမဟာ မင်းကြီးရုံး**(OHCHR)မှ ပြင်ဆင်သည့် ကုလသမဂ္ဂသတင်းအချက်အလက် စုစည်းထားမှုတစ်ရပ် တို့အပါအဝင်) နှင့် OHCHR မှ ပြင်ဆင်ရသည့် ပါဝင်ပတ်သတ်သူများ၏ တင်သွင်းချက်များ အကျဉ်းချုပ်၊
- ကောင်စီ၏ အဖွဲ့ဝင်နိုင်ငံပေါင်း ၄၇ နိုင်ငံဖြင့်ဖွဲ့စည်းထားပြီး တစ်နှစ်လျှင် ၂ ပတ်ကြာအစည်းအဝေးများကို ၃ ကြိမ် ကျင်းပကာတွေ့ဆုံသည့် UPR ဆိုင်ရာ လုပ်ငန်းအဖွဲ့တွင် ဆောင်ရွက်ရသည့် သုံးသပ်မှုပြုခြင်း၊[35]
- ကောင်စီမှ ၎င်း၏ပုံမှန်အစည်းအဝေးများတွင် သုံးသပ်မှုရလဒ်ဆိုင်ရာစာတမ်းများကို ထည့်သွင်းစဉ်းစားခြင်း နှင့် သဘောတူအတည်ပြုခြင်း၊
- သုံးသပ်ခဲ့သည့်နိုင်ငံများမှ UPR ရလဒ်များကို အကောင်အထည်ဖော်ဆောင်မှုအား နောက်ဆက်တွဲ ပံ့ပိုးပေးခြင်း

အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ(NGO)၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ၊ ပညာရေးရာအင်စတီကျူး ရှင်းများနှင့် သုတေသနအင်စတီကျူးရှင်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်း ကိုယ်စားပြုများ အပါအဝင်သက်ဆိုင်ရာပါဝင်ပတ်သက်သူများသည် အချို့သောလုပ်ငန်းအဆင့်များတွင် ပါဝင်ဆောင်ရွက်နိုင်သည်။

**ကမ္ဘာ့နိုင်ငံများအားလုံး၏လူ့အခွင့်အရေးအခြေအနေပုံမှန်သုံးသပ်မှု** အကြောင်းကို မိုမိုသိရှိလိုပါက ဤလက်စွဲစာအုပ်ရှိ **အခန်း ၇ (နိုင်ငံအလိုက် လူ့အခွင့် အရေးပုံမှန်သုံးသပ်မှု)** ကို ကြည့်ပါ။

## ခ။ လူ့အခွင့်အရေးကောင်စီအကြံပေးကော်မတီ

အကြံပေးကော်မတီအဖွဲ့သည် လူ့အခွင့်အရေးကောင်စီ၏ အဖွဲ့ခွဲတစ်ခုဖြစ်သည်။ ၎င်းသည် လူ့အခွင့်အရေးကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဆပ်ကော်မရှင်ကို အစားထိုးခြင်းဖြစ်ပြီး၊ ကောင်စီ အတွက် အကြံပေးအဖွဲ့ အဖြစ်ဆောင်ရွက်ရာ ကောင်စီမှ တောင်းဆိုသည့် လုပ်ပုံလုပ်နည်း ပုံသဏ္ဍာန်ရှိ လေ့လာမှုများနှင့် သုတေသနအခြေပြုသည့် အကြံပြုချက်များကို အထူးစောင်းပေးဆောင်ရွက်ပါသည်။

အကြံပေးကော်မတီသည် ဆုံးဖြတ်ချက်များအတည်ပြုခြင်းဖြစ်စေ၊ ကောင်စီ၏ အခွင့်အာဏာမပါဘဲ အဖွဲ့ခွဲ ဖွဲ့စည်းခြင်း ဖြစ်စေ မဆောင်ရွက်နိုင်သော်လည်း ကောင်စီအတွက် အောက်ပါအကြံပြုချက်များ ချမှတ်နိုင်သည် -

- ၎င်း၏ကိုယ်ပိုင်လုပ်ထုံးလုပ်နည်းဆိုင်ရာ ကျွမ်းကျင်မှုကို မြှင့်တင်ပေးရန်နှင့်
- ၎င်း၏လုပ်ငန်းနယ်ပယ်အတွင်း သုတေသနအဆိုပြုချက်များကို ပံ့ပိုးရန်

အကြံပေးအဖွဲ့တွင်ကုလသမဂ္ဂဒေသဆိုင်ရာအဖွဲ့များ (အာဖရိက၊ အာရှ၊ အရှေ့ဥရောပ၊ လက်တင်အမေရိကနှင့် ကာရစ်ဘီယံ၊ နှင့် အနောက်ဥရောပနှင့် အခြားဒေသများ)မှ အချိုးကျကျခွဲခန့်ထားသည့် ပညာရှင် ၁၈ ဦးပါဝင်သည်။ ထို အဖွဲ့ဝင်များသည် ၎င်းတို့စွမ်းဆောင်နိုင်မှုအလိုက် ၃ နှစ်သက်တမ်းဖြင့် တာဝန်ထမ်းဆောင်ကြပြီး နောက်ထပ် တစ်ကြိမ် ထပ်မံရွေးချယ်ခံခွင့်ရှိသည်။[36] အကြံပေးအဖွဲ့သည် တစ်နှစ်လျှင် အစည်းအဝေး ၂ ကြိမ်ဖြင့် တွေ့ဆုံကြပြီး ရက်ပေါင်း

[35] The Working Group on the UPR reviews 16 States at each session—a total of 48 States each year.

[36] Resolution 5/1 provided, however, that for the first term one third of members would serve for one year and another third would serve for two years in order to stagger membership.

စုစုပေါင်း ၁၀ ရက် ကြာကာ၊ ကောင်စီ၏ အတည်ပြုချက်ဖြင့် သီးခြား ad hoc အစည်းအဝေးများကိုလည်း ထပ်မံ ကျင်းပနိုင်ပါသည်။

လက်ရှိ **အကြံပေးကော်မတီအဖွဲ့** အကြောင်း ပိုမိုသိရှိလိုပါက OHCHR ဝက်ဆိုက် သို့ဝင်ရောက်ပါ။

## ဂ။ တိုင်ကြားမှု လုပ်ထုံးလုပ်နည်း

**တိုင်ကြားမှုလုပ်ထုံးလုပ်နည်း** သည် ကမ္ဘာ့၏မည်သို့အစိတ်အပိုင်း၊ မည်သည့်အခြေအနေတွင်မဆို ရှန့်ရင်းကြမ်းတမ်းပြီး သက်သေခိုင်လုံသည့် ပုံစံရှိသည့်လူ့အခွင့် အရေးဆိုင်ရာ ချိုးဖောက်မှုအားလုံး ကိုင်တွယ်ဖြေရှင်းရန် ဖြစ်သည်။ ဤသည် ယခင် ကော်မရှင်၏ လုပ်ထုံးလုပ်နည်း ၁၅၀၃ အပေါ်အခြေပြုကာ ယင်းလုပ်ထုံးလုပ်နည်း သည် ဘက်မလိုက်ခြင်း၊ ဓမ္မဓိဋ္ဌာန်ကျခြင်း၊ ထိရောက်မှုရှိခြင်း၊ ထိခိုက်ခံရသူများဦးစားပေးဆောင်ရွက်မှု တို့ကို တိုးတက်စေကာ အချိန်မီ ဆောင်ရွက် မှု ပြုပါသည်။

တိုင်ကြားမှုလုပ်ထုံးလုပ်နည်းသည် လူ့အခွင့်အရေးချိုးဖောက်ခံသူများ ဟု တောင်းဆိုသည့် သို့မဟုတ် ထိုကဲ့သို့သော ချိုးဖောက်မှုများကို တိုက်ရိုက်၊ ခိုင်လုံစွာသိရှိထားသည့် တစ်သီးပုဂ္ဂလများ၊ အုပ်စုများ (သို့) အဖွဲ့အစည်းများ ထံမှ ရရှိသည့် ဆက်သွယ်သတင်းပေးပို့ချက်များအပေါ် အခြေပြုပါသည်။ ထင်ရှားသောအဖွဲ့နှစ်ခုဖြစ်သည့် ဆက်သွယ်သတင်း ပေးပို့ ချက်များ ဆိုင်ရာ လုပ်ငန်းအဖွဲ့နှင့် အခြေအနေဆိုင်ရာ လုပ်ငန်းအဖွဲ့ တို့သည် ဆက်သွယ်သတင်းပေးပို့ချက်များကို စစ်ဆေး ခြင်း၊ ရှန့်ရင်းကြမ်းတမ်းပြီး သက်သေ ခိုင်လုံသည့် ပုံစံရှိသည့်လူ့အခွင့် အရေးဆိုင်ရာ ချိုးဖောက်မှုများနှင့် အခြေခံလွတ်လပ်မှုများ ချိုးဖောက်မှုကို ကောင်စီ၏ ဂရုစိုက်မှုရရှိရန် တင်ပြခြင်းတို့ကို ဆောင်ရွက်ရန်အတွက် တာဝန်ရှိပါသည်။

ကောင်စီသည် အခြေအနေဆိုင်ရာလုပ်ငန်းအဖွဲ့မှ အစီရင်ခံစာများကို လျှို့ဝှက်စနစ်ဖြင့် စစ်ဆေးပြီး အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

- အခြေအနေတစ်ရပ်သည့် နောက်ထပ်ထည့်သွင်းစဉ်းစားရန် (သို့) ဆောင်ရွက်ရန် အာမခံမှုမရှိသည့်အခါ ဆက်လက်ဆောင်ရွက်မှုရပ်တန့်နိုင်သည်၊
- အခြေအနေတစ်ရပ်အား သုံးသပ်မှုပြုရန် ထားရှိပြီး၊ သက်ဆိုင်ရာအစိုးရထံမှ သင့်လျော်သော အချိန်ကာလအတွင်း သတင်းအချက်အလက် ထပ်မံတောင်းဆိုနိုင်သည်၊
- အခြေအနေတစ်ရပ်အား သုံးသပ်မှုပြုရန် ထားရှိပြီး၊ လွတ်လပ်ကာ အလွန်ကျွမ်းကျင်သောပညာရှင်တစ်ဦးအား အခြေအနေကို စောင့်ကြည့်စေပြီး ကောင်စီသို့ အစီရင်ခံရန် ခန့်အပ်နိုင်သည်
- OHCHR မှ သင်ဆိုင်ရာနိုင်ငံ နည်းပညာပူးပေါင်းမှု၊ စွမ်းဆောင်ရည်မြှင့်တင်မှုအကူအညီ (သို့) အကြံပေး ဝန်ဆောင်မှုများ စီစဉ်ပေးရန် အကြံပြုထောက်ခံနိုင်သည်။

တိုင်ကြားမှုလုပ်ထုံးလုပ်ထုံးလုပ်နည်းအကြောင်း ပိုမိုသိရှိလိုပါက ဤလက်စွဲစာအုပ်၏ အခန်း ၈ (**လူ့အခွင့်အရေးချိုးဖောက်မှုဟူသောစွပ်စွဲချက်များဆိုင်ရာတိုင်ကြားစာတင်သွင်းခြင်း**) ကိုကြည့်ပါ။

V

## ဃ။ အထူးလုပ်ငန်းအစီအစဉ်များ

**"အထူးလုပ်ငန်းအစီအစဉ်များ"** သည် ယခင် ကော်မရှင်မှ ချမှတ်ထားသည့် ယန္တယားအတွက် ပေးထားသည့် ယေဘုယျအမည် ဖြစ်ပြီး၊ ၎င်းသည် အချို့သောနိုင်ငံများ သို့မဟုတ် နယ်ပယ်ဒေသများရှိ လူ့အခွင့်အရေး အခြေ အနေများကို (**နိုင်ငံအလိုက် လုပ်ပိုင်ခွင့်အာဏာ**) လည်းကောင်း၊ ကမ္ဘာတဝန်း ကြီးမားသော လူ့အခွင့်အရေးဆိုင်ရာ ချိုးဖောက်မှု အခြေအနေကို (**အကြောင်း အရာအလိုက် လုပ်ပိုင်ခွင့်**) လည်းကောင်း စောင့်ကြည့်ခြင်း၊ အကြံပေးခြင်းနှင့် အများဆိုင်ရာ အစီရင်ခံခြင်း တို့ကို ဆောင်ရွက် ရန် ကောင်စီမှလည်း လက်ခံထားပါသည်။

၂၀၀၇ ခုနှစ်၊ ဇွန်လမှစ၍ ကောင်စီသည် ၎င်းအမွေဆက်ခံထားသည့် အထူးလုပ်ငန်းအစီအစဉ်ဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာ တစ်ခုစီတိုင်းကို သုံးသပ်ခြင်း၊ ကြောင်းကျိုးသင့်ဆောင်ရွက်ခြင်းနှင့် တိုးတက်စေခြင်း တို့အတွက် လုပ်ငန်းစဉ်တစ်ရပ် စတင်ခဲ့ ပါသည်။ အချို့ သော လုပ်ပိုင်ခွင့်များကို ရပ်တန့်ခြင်းနှင့် ပြုပြင်ခြင်းလည်းကောင်း၊ အသစ်ဖန်တည်းခြင်းလည်းကောင်း၊ လုပ်ပိုင် ခွင့်အာဏာရှိသူများအတွက် ရွေးချယ်မှုအသစ်များ ဖော်ဆောင်ခြင်းနှင့် ခန့်အပ်ခြင်းလုပ်ငန်းစဉ်များ လည်းကောင်း၊ **လုပ်ပိုင်ခွင့် အာဏာရှိသူများအတွက် ကျင့်ဝတ်စည်းကမ်း**တစ်ရပ် ထုတ်လုပ်ခြင်း ဆောင်ရွက်ပါသည် (ဆုံးဖြတ်ချက် အမှတ် ၅/၂)။

လုပ်ပိုင်ခွင့်အာဏာရှိသူများ(အထူးကိုယ်စားလှယ်တော်များ၊ ကိုယ်စားပြုများ၊ လွတ်လပ်သောပညာရှင်များနှင့် အလုပ်အမှု ဆောင်အဖွဲ့ဝင်များ) သည် ၎င်းတို့၏ ပင်ကိုယ်စွမ်းဆောင်ရည်အလိုက် ဝန်ဆောင်မှုပေးပါသည်။ ဆောင်ရွက်ချက်များမှာ -

- လူ့အခွင့်အရေးအခြေအနေများဆိုင်ရာသတင်းအချက်အလက်များကို လက်ခံခြင်း၊ မျှဝေခြင်းနှင့် စိစစ်ခြင်း၊
- တိုင်းကြားမှုတစ်ခုခြင်းအား တုန့်ပြန်ခြင်း၊
- လေ့လာမှုများ ဆောင်ရွက်ခြင်း၊
- အစိုးရများထံ အရေးပေါ်အယူခံစာများ (သို့) စွပ်စွဲချက်စာများကို ပေးပို့ခြင်း၊
- အစိုးရများ၏ဖိတ်ကြားချက်အရ နိုင်ငံသို့သွားရောက်ကာ ထိုလည်ပတ်မှုအပေါ်အခြေပြုသည့် တွေ့ရှိချက်များနှင့် အကြံပြုချက်များကို ထုတ်လုပ်ပေးခြင်း၊
- နိုင်ငံအဆင့်နည်းပညာပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအကြံပြုချက်စီစဉ်ပေးခြင်း၊
- အထွေထွေတိုးမြှင့်ရေးလုပ်ငန်းများတွင်ချိတ်ဆက်ဆောင်ရွက်ခြင်း

OHCHR သည် အထူးလုပ်ငန်းအစီအစဉ်များ လုပ်ပိုင်ခွင့်အာဏာရှိသူများအား ၎င်းတို့၏လုပ်ပိုင်ခွင့်များကို ပံ့ပိုးရန် ဝန်ထမ်းများ၊ ထောက်ပံ့ပို့ဆောင်ရေးများနှင့် သုတေသနအကူအညီများကို စီစဉ်ပေးပါသည်။

**အထူးလုပ်ငန်းအစီအစဉ်များဆိုင်ရာသတင်းအချက်အလက်များ** ပိုမိုသိရှိလိုပါက ဤလက်စွဲစာအုပ်၏ **အခန်း ၅ (အထူးလုပ်ငန်းအစီအစဉ်)** ကို ကြည့်ပါ။

## င။ လူ့အခွင့်အရေးကောင်စီ၏ လုပ်ငန်းအဖွဲ့များ

### ဖွံ့ဖြိုးတိုးတက်မှုအခွင့်အရေးဆိုင်ရာ ကန့်သတ်မဲ့ လုပ်ငန်းအဖွဲ့ (open-ended working group)

**ဖွံ့ဖြိုးတိုးတက်မှုအခွင့်အရေးဆိုင်ရာ ကန့်သတ်မဲ့ လုပ်ငန်းအဖွဲ့** အား လူ့အခွင့်အရေး ကော်မရှင် မှ ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။[37] ၂၀၀၇ ခုနှစ်၊ မတ်လတွင် လူ့အခွင့်အရေးကောင်စီသည် ၎င်း၏လုပ်ပိုင်ခွင့်ကို ၂ နှစ်အဖြစ် ပြောင်းလဲခဲ့လေသည် (ဆုံးဖြတ်ချက်အမှတ် ၄/၄)။

လုပ်ငန်းအဖွဲ့သည် နှစ်စဉ်အစီးအဝေးတစ်ရပ်ကို ၅ ရက်ကြာ ကျင်းပပါသည်။ ၎င်းအား တာဝန်ပေးအပ်ထားသည်မှာ -

- ဖွံ့ဖြိုးမှုအခွင့်အရေးအား မြှင့်တင်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ခြင်းတွင် တိုးတက်မှုအား စောင့်ကြည့် ခြင်းနှင့် သုံးသပ်မှုပြုခြင်း၊

[37] See its resolution 1998/72 and ECOSOC decision 1998/2

- နိုင်ငံများ၊ ကုလသမဂ္ဂအေဂျင်စီများနှင့် အခြားသက်ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများနှင့် NGO များတို့မှ တင်သွင်း သည့် အစီရင်ခံစာနှင့် အခြားသတင်းအချက်အလက်များအား သုံးသပ်ခြင်း၊
- ဖွံ့ဖြိုးတိုးတက်မှုအခွင့်အရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်မှုနှင့်စပ်လျဉ်းပြီး OHCR သို့ အကြံပေးခြင်း အပါအဝင် ၎င်း၏ အပြန်အလှန်ဆင်ခြင်သုံးသပ်မှုများအပေါ် အစည်းအဝေးဆိုင်ရာအစီရင်ခံမှုတစ်ရပ်ကို ကောင်စီ၏ ထည့်သွင်း စဉ်းစားမှုအတွက် တင်ဆက်ပေးခြင်းလည်းကောင်း၊ စိတ်ပါဝင်စားသည့်နိုင်ငံများ၏ တောင်းဆိုမှုအရ ဖြစ်နိုင်ချေရှိသော နည်းပညာကူညီမှု ဆိုင်ရာ အစီအစဉ်များကို အကြံပြုပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးသည်။

ထိုဆုံးဖြတ်ချက်တွင်ပင် ကောင်စီသည် **ဖွံ့ဖြိုးတိုးတက်မှုအခွင့်အရေး အကောင်အထည်ဖော်ဆောင်မှု ဆိုင်ရာအဆင့်မြင့် တာဝန်ခံအဖွဲ့** ၏ ၂ နှစ်လုပ်ပိုင်ခွင့်အတွက် ပြန်လည်မွမ်းမံမှုပြုကာ ဖွံ့ဖြိုးတိုးတက်မှုအခွင့်အရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၏ မူဘောင်အတွင်း တည်ဆောက်မှုပြုပါသည်။

တာဝန်ခံအဖွဲ့၏ရည်ရွယ်ချက်မှာ လုပ်ငန်းအဖွဲ့အတွက် လိုအပ်သည့်ကျွမ်းကျင်မှုပံ့ပိုးပေးရန်ဖြစ်ရာ ၎င်းအား ဖွံ့ဖြိုးတိုးတက်မှု အခွင့်အရေး ဆိုင်ရာ အကောင်အထည်ဖော်ဆောင်မှု အတွက် ဖော်ထုတ်ထားသည့် အရေးကိစ္စများနှင့်ပတ်သက်သည့် ဆောင်ရွက်သူ မြောက် များစွာတို့အတွက် သင့်လျော်သော အကြံပြုထောက်ခံချက်များ ချမှတ်ပေးရန်ကူညီသည်။ တာဝန်ခံ အဖွဲ့ကို ကျွမ်းကျင် ပညာရှင် ၅ ဦးဖြင့် ဖွဲ့စည်းထားရာ ထိုသူတို့အား ဖွံ့ဖြိုးတိုးတက်မှုအခွင့်အရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၏ ဥက္ကဋ္ဌမှ ကုလသမဂ္ဂ ဒေသ ဆိုင်ရာ အဖွဲ့များနှင့် အခြားသော အင်စတီကျူးရှင်း အဖွဲ့ဝင်များ၊ မှတ်ပုံတင်ထားသည့် နိုင်ငံ တကာ ကုန်သွယ်ရေး၊ ဘဏ္ဍာရေးနှင့် ဖွံ့ဖြိုးရေးအင်စတီကျူးရှင်းတို့မှ ကိုယ်စားလှယ်များ အပါအဝင်၊ တို့နှင့် အတိုင်အပင်ခံ ပြုကာ ခန့်အပ်ထားခြင်းဖြစ်သည်။ တာဝန်ခံ အဖွဲ့သည် ခုနစ်ရက်တာကြာသည့် နှစ်စဉ်အစည်းအဝေးများကျင်းပကာ ၎င်း၏ အစီရင်ခံစာကို လုပ်ငန်းအဖွဲ့သို့တင်ဆက်ပါသည်။

## ၈။ လူမှုဖိုရမ်

၂၀၀၇ ခုနှစ်တွင် လူ့အခွင့်အရေးကောင်စီသည် **လူမှုဖိုရမ်**၏ လုပ်ပိုင်ခွင့်ကို ပြန်လည်အသစ်ပြုပြင်ခဲ့ပြီး ၎င်းအား "ကုလသမဂ္ဂ လူ့အခွင့်အရေးယန္တယားနှင့် အောက်ခြေအဖွဲ့အစည်းများပါဝင်သည့် မြောက်များစွာ သော ပါဝင်ပတ်သက်သူများတို့အကြား အပြန်အလှန်ဆွေးနွေးမှုအတွက် သီးသန့်နယ်ပယ်တစ်ရပ် ထိန်းသိမ်းထားခြင်းလည်းကောင်း၊ လူမှုရေးတရားမျှတမှု၊ ညီမျှမှု နှင့် စုစည်းညီညွတ်ခြင်းတို့၏ အခြေခံ မူများအပေါ်အခြေပြုသည့် လူမှုရေးပေါင်းစည်းညီညွတ်မှုမြှင့်တင်ရေးအတွက် နိုင်ငံ အဆင့်၊ ဒေသဆိုင်ရာအဆင့်နှင့် နိုင်ငံတကာ အဆင့်များတို့၌ ညှိနှိုင်းထားသည့် ကြိုးပမ်းမှုဆိုင်ရာ အရေးကြီးချက်ကို အလေး ပေး ဖော်ပြခြင်းလည်းကောင်း၊ ဆက်လက်တိုးတက်နေသော ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်၏ လူမှုရေးတိုင်းတာချက်နှင့် စိန်ခေါ်မှု များတို့အား ကိုင်တွယ်ဖြေရှင်းပေးရန်လည်းကောင်း" ဖော်ပြထားသည် (ဆုံးဖြတ်ချက် အမှတ် ၆/၁၃)။

ယခင် ဆပ်ကော်မရှင်၏ အစပျိုးဆောင်ရွက်မှုတစ်ရပ်ဖြစ်သည့် လူမှုဖိုရမ်[38] သည် ဆပ်ကော်မရှင်၏ နှစ်စဉ်အစည်းအဝေးများ မကျင်းပမီ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးနှင့်ပတ်သက်သော နှစ်ရက်တာ ရှေ့ပြေးအစည်းအဝေး ဖိုရမ်မှ အစပျိုးလာခဲ့ခြင်းဖြစ်သည်။ လူမှုဖိုရမ်သည် ယခင်က ဆပ်ကော်မရှင်၏ ဌာနခွဲတစ်ရပ်၏ဖြစ်ခဲ့သည်နည်းတူ ၎င်းသည် ယခု လျှင် လွတ်လပ်သော လူ့အခွင့်အရေးကောင်စီယန္တယားတစ်ရပ်ဖြစ်ပါသည်။

လူမှုဖိုရမ်သည် နှစ်စဉ်နှစ်တိုင်း ကောင်စီမှ ခွဲခန့်ထားသည့် အချို့သော အကြောင်းအရာအလိုက် အရေးကိစ္စရပ်များကို ဦးစား ပေးရန် ၃ ရက်တာတွေ့ဆုံကြသည်။ ၂၀၀၈ ခုနှစ် စက်တင်ဘာလတွင် ကောင်စီ၏ ယန္တယားတစ်ရပ်အဖြစ် ပထမဆုံး အကြိမ် တွေ့ဆုံခဲ့ကြရာ ကောင်စီမှ တောင်းဆိုချက်နှင့်အညီ အချို့သော ကဏ္ဍအလိုက် လုပ်ထုံးလုပ်နည်းများ လုပ်ပိုင်ခွင့် အာဏာ ရှိသူများတို့ ပါဝင်ခဲ့ကြလေသည်။ လူမှုဖိုရမ်သည် ကောင်စီမှတစ်ဆင့် နံ့ဂုံးချုပ်အချက်များနှင့် အကြံပြု ထောက်ခံ ချက် များကို သက်ဆိုင်ရာ အဖွဲ့များထံသို့ တင်ဆက်ရန်ကာ အောက်ပါတို့ကို ဦးစားပေးရန် တောင်းဆိုထားလေသည် -

[38] Not to be confused with the World Social Forum.

- လူ့အခွင့်အရေးအခြေအနေရှိ ဆင်းရဲမှုပပျောက်ရေးနှင့်စပ်လျဉ်းသည့် မေးခွန်းများ၊
- လူမှုဖိုရမ်သို့အောက်ခြေအဆင့်တင်ဆက်မှုများ၏ အခြေအနေအပေါ် မူတည်၍ ဆင်းရဲမှုအား တိုက်ခိုက်ရာတွင် အကောင်းဆုံး အလေ့အကျင့်များ ရယူခြင်း၊ နှင့်
- ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ် ၏ လူမှုရေးရှုထောင့်

လူမှုဖိုရမ်အား ဥက္ကဋ္ဌ-အထူးကိုယ်စားလှယ်တော်မှ သဘာပတိအဖြစ်ဆောင်ရွက်ပေးသည်။ ထိုသူအား ကောင်စီဥက္ကဋ္ဌမှ ဒေသဆိုင်ရာ အဖွဲ့များမှ တင်ဆက်သည့် အဆိုပြုချက်များမှ နှစ်စဉ်ရွေးချယ်ခန့်အပ်ပါသည်။

လက်ရှိလူမှုဖိုရမ်အကြောင်းပိုမိုသိရှိလိုပါက OHCHR ဝက်ဘ်ဆိုက်သို့ ဝင်ရောက်လေ့လာပေးပါ။

## ဆ။ လူနည်းစုအရေးကိစ္စများဆိုင်ရာဖိုရမ်

**လူနည်းစုအရေးကိစ္စများဆိုင်ရာဖိုရမ်**[39]သည် ယခင် လူနည်းစုအရေးကိစ္စများဆိုင်ရာ ဆပ်ကော်မရှင်၏ လုပ်ငန်းအဖွဲ့ကို အစားထိုးပါသည်။ ၎င်းသည် အမျိုးသား သို့မဟုတ် ဘာသာရေး နှင့် ဘာသာစကားရေးရာလူနည်းစုများတို့နှင့်နီးနွယ်နေသည့် အရေးကိစ္စများဆိုင်ရာ ဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့အားမြှင့်တင်ပေးရန်အတွက် ပလက်ဖောင်းတစ်ခုကို အောက်ပါ အချက်များအတိုင်း စီစဉ်ဆောင်ရွက်ပေးပါသည် -

- **လူနည်းစုအရေးကိစ္စများဆိုင်ရာလွတ်လပ်သောပညာရှင်များ**၏ဆောင်ရွက်ချက်အတွက်အကြောင်းအရာ အလိုက် ပံ့ပိုးကူညီမှုများနှင့် ကျွမ်းကျင်မှုတို့အား စီစဉ်ပေးခြင်းနှင့်
- **အမျိုးသား သို့မဟုတ် တိုင်းရင်းသား၊ ဘာသာရေး နှင့် ဘာသာစကားရေးရာ လူနည်းစုဝင် ပုဂ္ဂိုလ်များ၏အခွင့်အရေးဆိုင်ရာ ကြေညာစာတမ်း** ၏ နောက်ထပ်အကောင်အထည်ဖော်ဆောင်မှုအတွက် အကောင်းဆုံး အလေ့အကျင့်များ၊ စိန်ခေါ်မှုများ၊ အခွင့်အလမ်းများနှင့် အစပျိုးမှုများ တို့အား ဖော်ထုတ်စိစစ်မှုပြုခြင်း တို့ဖြစ်သည်။

ကဏ္ဍအလိုက်ဆွေးနွေးမှုများအတွက် ဖိုရမ်အား တစ်နှစ်လျှင် ၂ ရက်ကြာဖြင့် ဂျီနီဗာမြို့တွင်ကျင်းပတွေ့ဆုံပြီး၊ ကုလသမဂ္ဂ ယန္တယားများ၊ အဖွဲ့များ၊ အထူးအေဂျင်စီများအကြားလည်းကောင်း၊ ဒေသဆိုင်ရာအဆင့်ပါဝင်သည့် လူနည်းစုဝင် ပုဂ္ဂိုလ်များ၏ အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးနှင့်စပ်လျဉ်းသည့် ဆောင်ရွက်ချက်များနှင့် ပတ်သက် သည့် ရန်ပုံငွေများနှင့် အစီအစဉ်များတို့အကြားလည်းကောင်း ပူးပေါင်းဆောင်ရွက်မှုတိုးတက်စေရန် မဟာမင်းကြီး၏ ကြိုးပမ်းအားထုတ်မှုကို ပံ့ပိုးကူညီပေးရန် မျှော်မှန်းပါသည်။[40]

ဖိုရမ်၏ သဘာပတိဖြစ်သူ (ကောင်စီ၏ဥက္ကဋ္ဌဖြစ်သူမှ နှစ်စဉ် ဒေသအလိုက်အလှည့်ကျဖြင့် ရွေးချယ်ခန့်အပ်ထားသူ) သည် ဖိုရမ်၏ဆွေးနွေးချက်များအကျဉ်းချုပ်ကိုပြင်ဆင်ရန်တာဝန်ရှိသည်နည်းတူ၊ **လူနည်းစုအရေးကိစ္စများဆိုင်ရာပညာရှင်များ** သည် ၎င်း၏လုပ်ဆောင်မှုအား လမ်းညွှန်ပေးရပြီး နှစ်ပတ်လည်အစည်းအဝေးများကို ပြင်ဆင်ပေးရပါသည်။ လွတ်လပ်သော ပညာရှင်သည် ကောင်စီမှ ထည့်သွင်းစဉ်းစားရန်အတွက် ၎င်း၏အစီရင်ခံစာတွင် ဖိုရမ်ဆိုင်ရာ အကြောင်းအရာ အလိုက် အကြံပြုချက်များနှင့် အနာဂတ် အကြောင်းအရာများအတွက် အကြံပြုချက်များကို ထည့်သွင်းပေးရန် ဖိတ်ခေါ်ပါသည်။

ကောင်စီသည် ၄ နှစ်ကြာပြီးနောက် ဖိုရမ်၏ ဆောင်ရွက်ချက်ကို သုံးသပ်မည်ဖြစ်ရာ ၎င်းသည် ၂၀၁၂ ခုနှစ်တွင်ဖြစ်မည်။

လက်ရှိ **လူနည်းစုအရေးကိစ္စများဆိုင်ရာဖိုရမ်** အကြောင်းနှင့် **လူနည်းစုအရေးကိစ္စများဆိုင်ရာ လွတ်လပ်သော ပညာရှင်** အကြောင်းသိရှိလိုပါက OHCHR ဝက်ဘ်ဆိုက်သို့ ဝင်ရောက်ပါ။

[39] Created by Human Rights Council resolution 6/15 of 28 September 2007.

[40] At its inaugural session, on 15 and 16 December 2008, the Forum is expected to consider minorities and access to education.

## ၉။ မူရင်းဌာနေတိုင်းရင်းသားများ၏အခွင့်အရေးဆိုင်ရာ ကျွမ်းကျင်မှုယန္တယား (Expert Mechanism)

မူရင်းဌာနေတိုင်းရင်းသားများ၏အခွင့်အရေးဆိုင်ရာ**ကျွမ်းကျင်မှုယန္တယား**[41] သည် ယခင် ဆပ်ကော်မရှင်၏ မူရင်း ဌာနေ လူဦးရေနှင့် ပတ်သက်သော အလုပ်အဖွဲ့အား အစားထိုးထားခြင်းဖြစ်သည်။ လူ့အခွင့်အရေးကောင်စီ၏ အဖွဲ့ခွဲဖြစ်သည့် ကျွမ်းကျင်မှုယန္တယား အဖွဲ့သည် ၎င်းမှတောင်းဆိုသည့် နည်းဟန်နှင့်ပုံစံအတိုင်း မူရင်းဌာနေတိုင်းရင်းသားများ၏ အခွင့် အရေးဆိုင်ရာ ကဏ္ဍအလိုက် ကျွမ်းကျင်မှုကို ပံ့ပိုးပေးပါသည်။ ကျွမ်းကျင်မှုယန္တယားသည် ကောင်စီထံ နှစ်စဉ် အစီရင်ခံ တင်သွင်းရာ၊ ၎င်းသည် လေ့လာမှု နှင့် သုတေသနအခြေပြုအကြံပြုချက်များအပေါ် အထူးဦးစားပေးဆောင်ရွက်ပြီး၊ ၎င်း၏ လုပ်ဆောင်မှုနယ်ပယ်အတွင်းမှ ကောင်စီ ထံ ထည့်သွင်းစဉ်းစားမှုနှင့် အတည်ပြုမှုအတွက် အဆိုပြုချက်များ အကြံပြုနိုင်ပါသည်။

ကျွမ်းကျင်မှုယန္တယားတွင် လွတ်လပ်သော ပညာရှင် ၅ ဦးပါဝင်ပြီး၊ တစ်ဦးစီတိုင်းသည် ၃ နှစ်သက်တမ်းထမ်းဆောင်ကာ ထပ်မံရွေးချယ်ခံပြီး သက်တမ်းထပ်တိုးနိုင်သည်။ ၎င်းအဖွဲ့သည် ပုဂ္ဂလိကနှင့် အများပြည်သူဆိုင်ရာ အစည်းအဝေးများ စုစည်း ထားမှုတစ်ရပ်ဖြင့် တစ်နှစ်လျှင် ၅ ရက်တာ တွေ့ဆုံကြပြီး၊ ၎င်း၏ ကိုယ်ပိုင်လုပ်ငန်းနည်းလမ်းများအတိုင်း ဆုံးဖြတ်ရန် လွတ်လပ် မှုရှိသော်လည်း ဆုံးဖြတ်ချက်များ/ဖြေရှင်းချက်များကို အတည်ပြုချက်မချမှတ်နိုင်ပါ။

**မူရင်းဌာနေတိုင်းရင်းသားများ၏ လူ့အခွင့်အရေးအခြေအနေနှင့် အခြေခံလွတ်လပ်မှုများဆိုင်ရာ အထူးကိုယ်စားလှယ်တော်** နှင့်**မူရင်းဌာ နေ အရေးကိစ္စများဆိုင်ရာ အမြဲတမ်းဖိုရမ်**၏ အဖွဲ့ဝင်တစ်တစ်ဦး တို့သည် ကျွမ်းကျင်မှုယန္တယား၏ နှစ်ပတ်လည်အစည်း အဝေးများသို့ တက်ရောက်ပါဝင်နိုင်သည်။

လက်ရှိ**ကျွမ်းကျင်မှုယန္တယား**အကြောင်းနှင့် **မူရင်းဌာနေတိုင်းရင်းသားများ၏ လူ့အခွင့်အရေးအခြေအနေနှင့် အခြေခံ လွတ်လပ်မှုများဆိုင်ရာ အထူးကိုယ်စားလှယ်တော်** အကြောင်း ပိုမိုသိရှိလိုသော OHCHR ဝက်ဘ်ဆိုက်သို့ ဝင်ရောက် ကြည့်ရှုပေးပါ။

## ၁၀။ ဒါဗန်ကြေညာစာတမ်းနှင့်လုပ်ဆောင်ချက်အစီအစဉ်

၂၀၀၁ ခုနှစ်တွင် တောင်အာဖရိကနိုင်ငံရှိ ဒါဗန်မြို့တွင် လူမျိုးရေးဝါဒ၊ လူမျိုးရေးဖိနှိပ်ခွဲခြားမှု၊ လူမျိုးရေးမုန်းတီးမှုနှင့် ၎င်းတို့နှင့် စပ်လျဉ်းသော ဖိနှိပ်မှုတို့အားဆန့်ကျင်ရေး ကမ္ဘာ့ညီလာခံကို ကျင်းပခဲ့ပါသည်။ ယင်းညီလာခံတွင် ချမှတ်အတည်ပြုသည့် **ဒါဗန်ကြေညာစာတမ်း နှင့် လုပ်ဆောင်ချက်အစီအစဉ်** တွင် လူမျိုးရေးဝါဒ၊ လူမျိုးရေးဖိနှိပ်ခွဲခြားမှု၊ လူမျိုးရေးမုန်းတီးမှုနှင့် ဆက်စပ် ဖိနှိပ်မှုတို့ ပပျောက်ရေး အတွက် နိုင်ငံများမှအတူတကွဆောင်ရွက်မည့် ကတိကဝတ်ကို မှတ်တမ်းတင်ထားပါသည်။ ၎င်းသည် ပြည့်စုံပြီး လုပ်ဆောင်မှု အလေးပေးသည့် လမ်းပြမြေပုံတစ်ခုဖြစ်ကာ တန်းတူညီမျှမှုနှင့် ခွဲခြားဆက်ဆံမှုကင်းမဲ့ရေးဆိုင်ရာ အခြေခံမှုကို သိရှိနားလည် စေမည့် ဆောင်ရွက်၍ရသည့် ယေဘုယျချဉ်းကပ်နည်းဖြစ်သည်။

၂၀၀၆ ခုနှစ်တွင် ကုလသမဂ္ဂအထွေထွေညီလာခံသည် ဒါဗန်ကြေညာစာတမ်းနှင့် လုပ်ဆောင်ချက်အစီအစဉ်ကို အကောင် အထည် ဖော်ဆောင်မှုနှင့်ပတ်သက်သည့် သုံးသပ်မှုညီလာခံတစ်ရပ်ကို ၂၀၀၉ ခုနှစ်တွင် ကျင်းပရန် သဘောတူညီခဲ့ပါသည်။ ၎င်းမှ လူ့အခွင့်အရေးကောင်စီအား တည်ဆဲရှိနေပြီး နောက်ဆက်တွဲဆောင်ရွက်နေဆဲ ယန္တယား ၃ ရပ်[42] ကို အသုံးပြု လျက် ၂၀၀၇ ခုနှစ်တွင် အစပြု၍ ဤအရေးကိစ္စနှင့်ပတ်သက်သည့် ခိုင်မာသည့် အစီအစဉ် ဖော်ထုတ်ရန်လည်းကောင်း၊ နှစ်စဉ်

[41] Created by Human Rights Council resolution 6/36 of 14 December 2007.

[42] The Intergovernmental Working Group on the Effective Implementation of the Durban Declaration and Programme of Action, the group of independent eminent experts on the implementation of the Durban Declaration and Programme of Action, and the Working Group of Experts on People of African Descent.

updates များနှင့် အစီရင်ခံစာများကို စီစဉ်ဆောင်ရွက်ပေးရန်လည်းကောင်း ထိုအစီအစဉ်ကို စီစဉ်ပေးရန် တောင်းဆိုခဲ့ပါသည်။[43] သုံးသပ်ရေးညီလာခံအတွက် ကောင်စီ၏ ကြိုတင်ပြင်ဆင်ရေးကော်မတီမှ သုံးသပ်မှုညီလာခံအား ၂၀၀၉ ခုနှစ် ဧပြီလတွင် ဂျီနီဗာမြို့၌ ကျင်းပရန် ဆုံးဖြတ်ခဲ့ပါသည်။

### ၁။ ဒါဗန်ကြေညာစာတမ်းနှင့် လုပ်ဆောင်ချက်အစီအစဉ်၏ ထိရောက်သောအကောင်အထည်ဖော်ဆောင်မှု ဆိုင်ရာ အစိုးရအချင်းချင်းဆိုင်ရာလုပ်ငန်းအဖွဲ့

**ဒါဗန်ကြေညာစာတမ်းနှင့် လုပ်ဆောင်ချက်အစီအစဉ်၏ ထိရောက်သောအကောင်အထည်ဖော်ဆောင်မှု ဆိုင်ရာ အစိုးရအချင်းချင်းဆိုင်ရာ လုပ်ငန်းအဖွဲ့** ကို လူ့အခွင့်အရေးကော်မရှင်မှ (ဆုံးဖြတ်ချက် ၂၀၀၂/၆၈ အရ) ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်သည်။ ၂၀၀၆ ခုနှစ်၊ ဇွန်လ တွင် လူ့အခွင့်အရေးကောင်စီသည် ၎င်း၏ လုပ်ပိုင်ခွင့်အား နောက်ထပ် ၃ နှစ် တိုးချဲ့ခဲ့လေသည် (ဆုံးဖြတ်ချက် ၁/၅)။ အစိုးရအချင်းချင်းဆိုင်ရာ လုပ်ငန်းအဖွဲ့အား လုပ်ပိုင်ခွင့်ပေးအပ်သည်မှာ -

- ဒါဗန်ကြေညာစာတမ်းနှင့် လုပ်ဆောင်ချက်အစီအစဉ်၏ ထိရောက်သော အကောင်အထည်ဖောင်ဆောင်မှု ရှုထောင့်တစ်ရပ်မှ အကြံပြုထောက်ခံချက်များ ချမှတ်ခြင်းနှင့်
- လူမျိုးရေးဝါဒ၊ လူမျိုးရေးဖိနှိပ်ခွဲခြားမှု၊ လူမျိုးရေးမုန်းတီးမှုနှင့် ၎င်းတို့နှင့် စပ်လျဉ်းသော ဖိနှိပ်မှု ဆန့်ကျင်သည့် နိုင်ငံတကာစာချုပ်များကို ၎င်းတို့၏ ရှုထောင့်အားလုံးတွင် အားဖြည့်ပေးရန်နှင့် Update လုပ်ပေးရန်အတွက် လိုက်ဖက်သော နိုင်ငံတကာ စံချိန်စံနှုန်းများ ပြင်ဆင်ပေးခြင်း တို့ဖြစ်သည်။

**နိုင်ငံအချင်းချင်းဆိုင်ရာလုပ်ငန်းအဖွဲ့** အကြောင်းပိုမိုသိရှိလိုပါက OHCHR ဝက်ဘ်ဆိုက် သို့ ဝင်ရောက်လေ့လာနိုင်ပါသည်။

### ၂။ ဒါဗန်ကြေညာစာတမ်းနှင့် လုပ်ဆောင်ချက်အစီအစဉ်၏ အကောင်အထည်ဖော်ဆောင်မှုဆိုင်ရာ လွတ်လပ်ပြီး ထင်ပေါ်သော ကျွမ်းကျင်ပညာရှင်များအဖွဲ့

ဒါဗန်ကြေညာစာတမ်းနှင့် လုပ်ဆောင်ချက်အစီအစဉ်၏ အကြောင်အထည်ဖော်ဆောင်မှုအား နောက်ဆက်တွဲဆောင်ရွက်ပေးရန် ကမ္ဘာ့ညီလာခံမှ မဟာမင်းကြီးအား **လွတ်လပ်ပြီး ထင်ပေါ်သော ကျွမ်းကျင်ပညာရှင်များ** ၅ ဦးနှင့် ပူးပေါင်းဆောင်ရွက်ရန်အတွက် တောင်း ဆိုခဲ့ပါသည်။[44]

၂၀၀၃ ခုနှစ်တွင် ဒေသဆိုင်ရာ အဖွဲ့ များနှင့် အတိုင်အပင်ခံပြုပြီးနောက် လူ့အခွင့်အရေးကော်မရှင်၏ ဥက္ကဋ္ဌ မှ အဆိုပြုထားသည့် ကိုယ်စားလှယ်လောင်းများမှ လွတ်လပ်ထင်ရှားသော ကျွမ်းကျင်ပညာရှင်များ (ဒေသဆိုင်ရာအဖွဲ့အသီးသီးမှ တစ်ဦးစီ) ကို အထွေထွေ အတွင်းရေးမှူးချုပ် ကိုဖီအာနန်မှ ခန့်အပ်ပေးခဲ့ခြင်းဖြစ်သည်။

၎င်းအားတာဝန်ပေးအပ်ထားသည်မှာ[45] -

- မဟာမင်းကြီးနှင့်ပူးပေါင်းလုပ်ဆောင်ကာ ဒါဗန်ကြေညာစာတမ်းနှင့် လုပ်ဆောင်မှုအစီအစဉ်၏ ပြန်ဌာန်းချက်များ ကို အကောင်အထည်ဖော်ဆောင်မှုအား လိုက်နာဆောင်ရွက်ရန်၊ နှင့်
- နိုင်ငံများ၊ သက်ဆိုင်ရာလူ့အခွင့်အရေးစာချုပ်အဖွဲ့များ၊ အထူးလုပ်ငန်းအစီအစဉ်များနှင့် ကောင်စီ၏ အခြားသော ယန္တယားများ ၊ နိုင်ငံတကာနှင့်ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ NGO များ နှင့် အမျိုးသားလူ့အခွင့်အရေး ဆိုင်ရာ အဖွဲ့အစည်း များ (NHRI) စသည်တို့မှ ပံ့ပိုးပေးသော သတင်းအချက်အလက်များနှင့် အမြင်များတို့အပေါ် အခြေပြုလျက် ကောင်စီနှင့် အထွေထွေညီလာခံသို့ တင်သွင်းရမည့် မဟာမင်းကြီး၏ နှစ်ပတ်လည်အစီရင်ခံစာ ပြင်ဆင်မှုကို ကူညီပံ့ပိုးပေးရန် တို့ဖြစ်သည်။

---

[43] See General Assembly resolution 61/149.

[44] See para. 191 (b) of the Programme of Action and General Assembly resolution 56/266.

[45] See Commission on Human Rights resolution 2003/30. See also General Assembly resolution 59/177.

လွတ်လပ်ပြီးထင်ပေါ်သော **ကျွမ်းကျင်ပညာရှင်များ**အကြောင်း ပိုမိုသိရှိရန်နှင့် လက်ရှိ **အာဖရိကန်နွယ်ဖွား ပြည်သူများဆိုင်ရာ ကျွမ်းကျင်သူများ လုပ်ငန်းအဖွဲ့** အကြောင်းသိရှိရန် OHCHR ဝက်ဘ်ဆိုက်သို့ ဝင်ရောက်ကြည့်ရှုလေ့လာပါ။

### ၃။ အာဖရိကန်နွယ်ဖွား ပြည်သူများဆိုင်ရာ ကျွမ်းကျင်သူများ လုပ်ငန်းအဖွဲ့

**အာဖရိကန်နွယ်ဖွား ပြည်သူများဆိုင်ရာ ကျွမ်းကျင်သူများ လုပ်ငန်းအဖွဲ့** သည် ကောင်စီ၏ အထူးလုပ်ငန်းအစီအစဉ် တစ်ရပ်ဖြစ်သည်။ ကော်မရှင်မှ ကမ္ဘာ့ညီလာခံ၏တောင်းဆိုမှုအရ ဖန်တီးထားခြင်းဖြစ်သည်။ လုပ်ငန်းအဖွဲ့တွင် လွတ်လပ် သော ကျွမ်းကျင်ပညာရှင် ၅ ဦးပါဝင်ပြီး ၎င်းတို့အား ပထဝီနယ်ပယ်ကိုယ်စားပြုမှုအချိုးကျကျ ခန့်အပ်ထားခြင်း ဖြစ် သည်။ ဤအဖွဲ့သည် တစ်နှစ်လျှင် ၅ ရက်ကြာအစည်းအဝေးကျင်းပပြီး အစိုးရများ၏ ဖိတ်ခေါ်မှုအရ ကမ္ဘာ့ဒေသ မြောက်များစွာရှိ အာဖရိကလူမျိုးနွယ်ပြည်သူများ၏အခြေအနေကို နက်နက်နဲနဲ နားလည်မှုကို ပံ့ပိုးကူညီရန်အတွက် နိုင်ငံလည်ပတ်မှုများ ဆောင်ရွက်ပါသည်။ လူ့အခွင့်အရေးကောင်စီသို့ နှစ်စဉ်အစီရင်ခံစာတစ်ရပ်ကိုလည်း တင်သွင်း ပါသည်။ ၎င်းအားတာဝန်ပေးအပ်ထားသည်မှာ[46] -

- နိုင်ငံရပ်ခြားသို့ပြန့်ကျဲရွှေ့ပြောင်းနေထိုင်ကြသော အာဖရိကန်နွယ်ဖွားပြည်သူများကြုံတွေ့နေရသည့် လူမျိုးရေး ဖိနှိပ်ခွဲခြားခံရမှု ပြဿနာများကို လေ့လာရန်နှင့်၊နှင့် အစိုးရများ၊ NGO များနှင့် အခြား သက်ဆိုင်ရာ အရင်း အမြစ်များ၊ အများပြည်သူတွေ့ဆုံမှုများကျင်းပခြင်းအားဖြင့် အပါအဝင်၊ စသည်တို့မှ ဆက်စပ်သတင်းအချက် အလက်များစုဆောင်းရန်၊
- အာဖရိကန်နွယ်ဖွားပြည်သူများမှ တရားစီရင်ရေးစနစ်သို့ ပြည့်ဝပြီး ထိရောက်မှုရှိသော ချဉ်းကပ်မှုရရှိ စေမည့် ဆောင်ရွက်ချက်များ အဆိုပြုရန်၊
- အာဖရိကန်နွယ်ဖွားပြည်သူများအား လူမျိုးရေးအခြေပြုခွဲခြားသတ်မှတ်မှု(racial profiling) ကို ပပျောက်စေ မည့် ထိရောက်သော ဆောင်ရွက်ချက်များ၏ ပုံစံ၊ အကောင်အထည်ဖော်ဆောင်မှုနှင့် ပြဋ္ဌာန်းချက် များ ဆိုင်ရာ အကြံပြုချက်များတင်သွင်းရန်၊
- အာဖရိကန်နွယ်ဖွားပြည်သူများအား လူမျိုးရေးခွဲခြားမှု ပပျောက်စေရန်အတွက် ရေတို၊ အလယ်အလတ် နှင့် ရေရှည် အဆိုပြုချက်များ ချဲ့ထွင်ဆောင်ရွက်ရန်၊
- ကမ္ဘာ့နယ်ပယ်အသီးသီးရှိ အာဖရိကန်များနှင့် အာဖရိကန်နွယ်ဖွားပြည်သူများအား လူမျိုးရေးခွဲခြားမှု ပပျောက် စေရေး နှင့်ပတ်သက်သည့် အဆိုပြုချက်များ ချမှတ်ရန်၊ နှင့်
- ဒါဗန်ကြေညာစာတမ်းနှင့် လုပ်ဆောင်ချက်အစီအစဉ်တွင်ပါရှိသည့် အာဖရိကန်များနှင့် အာဖရိကန်နွယ်ဖွား ပြည်သူများ၏ ကောင်းကျိုးနှင့်စပ်လျဉ်းသည့် အရေးကိစ္စအားလုံးကို ဖြေရှင်းပေးရန်တို့ဖြစ်သည်။

### ၄။ ဖြည့်စွက်စံချိန်စံနှုန်းများ တိုးချဲ့ဆောင်ရွက်မှုဆိုင်ရာ Ad Hoc ကော်မတီ

လူ့အခွင့်အရေးကောင်စီသည် **ဖြည့်စွက်စံချိန်စံနှုန်းများတိုးချဲ့ဆောင်ရွက်မှုဆိုင်ရာ Ad Hoc ကော်မတီ** ကို ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလတွင် ဖွဲ့စည်းပေးခဲ့ပါသည်။ ဤကော်မတီသည် ဦးစားပေး လိုအပ်မှုအဖြစ် **လူမျိုးရေးဖိနှိပ်ခွဲခြားဆက်ဆံမှု ပုံသဏ္ဍာန် အားလုံး ဖျက်သိမ်းရေး** အတွက် သဘောတူစာချုပ် (သို့) နောက်ဆက်တွဲစာချုပ် ပုံစံဖြင့် ဖြည့်စွက် စံချိန်စံနှုန်း များ ဖော်ဆောင်ချမှတ်ပေးရန် တာဝန်ပေးအပ်ထားပါသည်။ ၎င်းဖြည့်စွက်စံချိန်စံညွှန်းများမှာ[47] -

- သဘောတူစာချုပ်ရှိ တည်ရှိနေသည့်ကွာဟချက်များကို ဖြည့်ဆည်းပေးခြင်း၊ နှင့်
- လူမျိုးရေးနှင့်ဘာသာရေးမုန်းတီးမှုလှုံ့ဆော်ပေးချက်အပါအဝင် မျက်မှောက်ခေတ် လူမျိုးရေးဝါဒ ပုံသဏ္ဍာန်မျိုးစုံ ကို တိုက်ခိုက်ရန် ရည်ရွယ်သည့် စံအဖြစ်သတ်မှတ်သည့် စံချိန်စံညွှန်းအသစ်များ ပံ့ပိုးစီစဉ်ပေးရန် တို့ဖြစ်သည်။

---

[46] See Commission on Human Rights resolutions 2002/68 and 2003/30.

[47] See Human Rights Council decision 3/103 and its resolution 6/21.

Ad Hoc ကော်မတီသည် လိုအပ်သည့် ဥပဒေရေးရာစာချုပ်များကို ဖော်ဆောင်ရန်အတွက် ၁၀ ရက်ကြာ နှစ်ပတ်လည် အစည်းအဝေးတစ်ရပ်ကို ကျင်းပပါသည်။ ၎င်း၏ ဖွင့်ပွဲအစည်းအဝေးကို ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ တွင်ကျင်းပပြီး၊ ၎င်း၏ ဖွံ့ဖြိုးမှုအား ကောင်စီသို့ ပုံမှန်အစီရင်ခံရန် သတ်မှတ်ထားပါသည်။

### ၅။ ဒါဗန်သုံးသပ်မှုညီလာခံအတွက် ကြိုတင်ပြင်ဆင်ရေးကော်မတီ နှင့် ဒါဗန်သုံးသပ်မှုညီလာခံ အတွက် ကြိုတင်ပြင်ဆင်မှု ကော်မတီ၏ လုပ်ငန်းကို နောက်ဆက်တွဲဆောင်ရွက်ပေးရန် အစည်းအဝေး ကြားကာလ ကန့်သတ်မဲ့ အစိုးရအချင်းချင်းဆိုင်ရာ လုပ်ငန်းအဖွဲ့

၂၀၀၇ ခုနှစ်တွင် အထွေထွေညီလာခံ[48]မှ ခွဲခန့်ထားသည့် တာဝန်ကိုဖြည့်ဆည်းပေးရန် အတွက် လူ့အခွင့်အရေးကောင်စီသည် **ဒါဗန် သုံးသပ်မှုညီလာခံအတွက် ကြိုတင်ပြင်ဆင်ရေးကော်မတီ** ကို ဖွဲ့စည်းခဲ့လေသည်။[49] ကြိုတင်ပြင်ဆင်ရေးကော်မတီသည် ၂၀၀၇ ခုနှစ် ဩဂုတ်လတွင် စည်းရုံးရေးအစည်းအဝေးတစ်ရပ်ကျင်းပပြီး၊ ထိုနောက် ဒါဗန်သုံးသပ်မှုညီလာခံအတွက် သက်ဆိုင်ရာ လုပ်ငန်းစဉ်များအားလုံးနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ချရန် ဧပြီလနှင့် ၂၀၀၈ ခုနှစ် အောက်တိုဘာလတွင် ၁၀ ရက်တာကြာသော လက်တွေ့ကျကျ အစည်းအဝေး ၂ ရပ်ကို ကျင်းပခဲ့လေသည်။ ၎င်းတို့မှာ

- ညီလာခံ၏ဦးတည်ချက်များ၊
- ညီလာခံရလဒ်စာတမ်းနှင့်ပတ်သက်သည့်ဖွဲ့စည်းပုံ၊
- ညီလာခံကျင်းပမည့် အဆင့်အတန်း၊
- အမျိုးသားအဆင့်အပါအဝင် ဒေသဆိုင်ရာကြိုတင်ပြင်ဆင်မှုအစည်းအဝေးများနှင့် အခြားသော အစပျိုးဆောင်ရွက်ချက်များ၊ နှင့်
- ညီလာခံကျင်းပမည့် နေ့ရက်နှင့် နေရာ စသည်တို့ဖြစ်သည်။

**ဒါဗန်သုံးသပ်မှုညီလာခံ အတွက် ကြိုတင်ပြင်ဆင်မှု ကော်မတီ၏ လုပ်ငန်းကို နောက်ဆက်တွဲဆောင်ရွက်ပေးရန် အစည်းအဝေး ကြားကာလ ကန့်သတ်မဲ့ အစိုးရအချင်းချင်းဆိုင်ရာ လုပ်ငန်းအဖွဲ့** အား ၂၀၀၈ ခုနှစ် ဧပြီလတွင် ကြိုတင်ပြုဆင်ရေး ကော်မတီ၏ ကနဦးလက်တွေ့ကျသည့် အစည်းအဝေးတွင် လူ့အခွင့်အရေးကောင်စီမှ ဖွဲ့စည်းပေးခဲ့ပါသည်။ တာဝန်ပေးအပ်ထားသည်မှာ[50]

- ကြိုတင်ပြင်ဆင်ရေးကော်မတီ၏ လုပ်ဆောင်ချက်များကို ပံ့ပိုးပါဝင်မှုများကို သုံးသပ်ခြင်းဖြင့်လည်းကောင်း၊ ရလဒ် စာတမ်း မူကြမ်းဆိုင်ရာ စေ့စပ်ဆွေးနွေးမှုများကို အစပြုခြင်းအားဖြင့်လည်းကောင်း နောက်ဆက်တွဲ ဆောင်ရွက်ပေး ရန်၊ နှင့်
- ကြိုတင်ပြင်ဆင်ရေးကော်မတီအတွက် ထပ်မံ အရေးအသားပြုထားသည့် ပံ့ပိုးပါဝင်မှုများနှင့် အစီရင်ခံစာတို့အား သုံးသပ်မှုပြုရန် တို့ဖြစ်သည်။

**ဒါဗန်သုံးသပ်မှုညီလာခံအတွက်ကြိုတင်ပြင်ဆင်မှုကော်မတီ နှင့် ကန့်သတ်မဲ့အစိုးရပေါင်းစု အလုပ်အဖွဲ့** အကြောင်း ပိုမိုသိရှိလိုပါက OHCHR ၏ ဝက်ဘ်ဆိုက်သို့ ဝင်ရောက်လေ့လာပါ။

[48] See General Assembly resolution 61/149.

[49] See its resolution 3/2. See also its resolution 6/23.

[50] See decision PC.2/4.

## လူ့အခွင့်အရေးကောင်စီနှင့် ၎င်း၏ လုပ်ပိုင်ခွင့်များနှင့် ယန္တယားများ တို့နှင့် မည်သို့ ချိတ်ဆက် လုပ်ဆောင်မည်နည်း

### လူ့အခွင့်အရေးကောင်စီ၏အစည်းအဝေးများတွင် NGO ပါဝင်မှုအတွက် စီစဉ်မှုများနှင့် အလေ့အထများ

*"...ကောင်စီ၏အဖွဲ့ဝင်နိုင်ငံမဟုတ်သည်များ၊ အထူးအေဂျင်စီများ၊ အခြား အစိုးရအချင်းချင်း ဆိုင်ရာအဖွဲ့အစည်းများနှင့် အမျိုးသား လူ့အခွင့်အရေးဆိုင်ရာအဖွဲ့အစည်းများ သာမက အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ စသည်တို့ပါဝင်သည့် လေ့လာသူများ၏ ပါဝင်မှုနှင့် အတိုင်အပင်ခံ တို့သည် စီစဉ်မှုများအပေါ်တွင် အခြေပြုမည်ဖြစ်ပြီး၊ ၎င်းတွင် စီးပွားရေးနှင့် လူမှုရေးကောင်စီ ၁၉၉၆ ခုနှစ်၊ ဇူလိုင် ၂၅ ရက်၊ ဆုံးဖြတ်ချက် ၁၉၉၆/၃၁၊ နှင့် လူ့အခွင့်အရေးကော်မရှင်မှ လိုက်နာသည့် အလေ့အထများ တို့ပါဝင်ကာ ၎င်းအဖွဲ့အစည်းများ၏ အထိရောက်ဆုံးပါဝင်မှုကို သေချာစေပါသည်။"*[51]

ဆုံးဖြတ်ချက် ၆၀/၂၅၁ တွင် အထွေထွေညီလာခံသည် လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး တွင် အမျိုးသားအဆင့်၊ ဒေသဆိုင်ရာအဆင့်နှင့်၊ နိုင်ငံတကာအဆင့်ရှိ NGO များနှင့် အခြားသော အရပ်ဘက်အဖွဲ့အစည်း ဆိုင်ရာ ဆောင်ရွက်သူများသည် အရေးကြီးသောအခန်းကဏ္ဍမှပါဝင်နေကြောင်း အသိအမှတ်ပြုပါသည်။ လူ့အခွင့်အရေး ကောင်စီတွင် NGO ပါဝင်မှုသည် -

- ကော်မရှင်မှ လိုက်နာသည့် စီစဉ်မှုများနှင့် အလေ့အထများအပေါ်အခြေပြုသည် (ECOSOC ဆုံးဖြတ်ချက် ၁၉၉၆/၃၁ အပါအဝင်)၊ နှင့်
- NGO များနှင့် အခြားလေ့လာသူများ၏ အထိရောက်ဆုံးပါဝင်မှုကို သေချာစေပါသည်။

လူ့အခွင့်အရေးကောကော်မရှင်မှ လိုက်နာခဲ့သည့် NGO ပါဝင်မှုဆိုင်ရာ စီစဉ်မှုများနှင့် အလေ့အထများသည် လူ့အခွင့် အရေးကောင်စီထံသို့ အောင်မြင်စွာ လွှဲအပ်ခဲ့ပါသည်။ လေ့လာသူများ၏ "အထိရောက်ဆုံးပါဝင်မှု" ဖြစ်စေရမည့် လူ့အခွင့် အရေးကောင်စီ၏ လိုက်နာရမည့်တာဝန်အရ ၎င်းအလေ့အထများနှင့် စီစဉ်မှုများသည် ဆက်လက်၍ တိုးတက်ပြောင်းလဲ လျက်ရှိပါသည်။

### လူ့အခွင့်အရေးကောင်စီအစည်းအဝေးများတွင် ECOSOC နှင့် အတိုင်အပင်ခံ အဆင့် ရှိသည့် NGO များမှ လေ့လာသူအဖြစ်ပါဝင်ခြင်း

*NGO များ၏အခန်းကဏ္ဍသည် အမျိုးသားအဆင့်၊ ဒေသဆိုင်ရာအဆင့်၊ နိုင်ငံတကာအဆင့်တို့ရှိ လူ့အခွင့်အရေး မြှင့်တင်မှု နှင့် ကာကွယ်စောင့်ရှောက်မှုများအတွက် အရေးကြီးလှပါသည်။ လူ့အခွင့်အရေးကောင်စီတည်ရှိမှု ပထမ ၂ နှစ်အတွင်းတွင် NGO ပါဝင်မှုသည် ကုလသမဂ္ဂ၏ အများယုံကြည်လက်ခံမှု တိုးမြှင့်စေသည့် အဓိက အချက်တစ်ခုဖြစ်ပါသည်။ လူ့အခွင့် အရေးကောင်စီ၏ အဖွဲ့အစည်းများဆိုင်ရာတည်ဆောက်မှုတွင် NGO များသည် တန်ဖိုးရှိပြီး အရေးကြီးလှသည့် သွင်းအားစု များဖြင့်လည်းကောင်း၊ ကောင်စီ၏ အစီအစဉ်အချက်များကို ထည့်သွင်းစဉ်းစားလျက် ထိရောက်သော ဆွေးနွေးမှုများဖြင့် လည်းကောင်း သိသာထင်ရှားစွာပံ့ပိုးခဲ့ပါသည်။*

*ထို့အပြင် လူ့အခွင့်အရေးနယ်ပယ်ရှိ NGO များ၏ ဖြည့်စွက်ဆောင်ရွက်မှုသည် အစဉ်အလာဖြစ်သည့် "အမည်တပ်၊ အရှက်ကွဲ" မူဝါဒမှ အစိုးရများနှင့် အခြားပါဝင်ပတ်သက်သူများတို့နှင့် သာ၍ပူးပေါင်းဆောင်ရွက်မှုဖြစ်သော ချိတ်ဆက်မှုသို့ တိုးလျက် ပြောင်းရွှေ့လာစေမှုအဖြစ် သိမြင်နိုင်ပါသည်။ ထိုသို့ တာဝန်ရှိသော ချိတ်ဆက်မှုသည် အောက်အခြေအဆင့်ရှိ လူ့အခွင့်အရေးအခြေအနေတိုးတက်လာစေရေးအတွက် ရည်ရွယ်ထားရှိသင့်ပါသည်။*

---

[51] See General Assembly resolution 60/251 and Human Rights Council resolution 5/1, annex.

*သို့ဖြစ်၍ ဒေသန္တရ NGO များ၏ ပါဝင်မှုနှင့် သွင်းအားစုများသည် အထူးသဖြင့် ကောင်စီ၏ ပုံမှန်တွေ့ဆုံမှုများနှင့် ကမ္ဘာ့နိုင်ငံများ အားလုံး၏လူ့အခွင့်အရေးအခြေအနေပုံမှန်သုံးသပ်မှု တို့ကိုထည့်သွင်းစဉ်းစားရာတွင် အလွန်အရေးပါလှပါသည်။ အချုပ်အားဖြင့် လူ့အခွင့် အရေးကောင်စီနှင့် NGO အသိုင်းအဝိုင်းများမှ ရင်ဆိုင်နေရသည့် အဓိကစိန်ခေါ်မှုမှာ ကောင်စီ၏ လုပ်ငန်းတွင် အရပ်ဖက် လူ့အဖွဲ့အစည်းပါဝင်မှုမှသည် အဖွဲ့ဝင်နိုင်ငံများနှင့် အရပ်ဘက်အဖွဲ့ အစည်းတို့အကြား စစ်မှန်သော ပူးပေါင်းဆောင်ရွက်မှု သို့ ပြောင်းရွှေ့လာစေရေးဖြစ်သည်။*

**Ambassador Luis Alfonso de Alba of Mexico,**

**လူ့အခွင့်အရေးကောင်စီ၏ ပထမဆုံး ဥက္ကဋ္ဌ (၂၀၀၆ - ၂၀၀၇).**

NGO များသည် ကော်မရှင်မှ အမွေရရှိခဲ့သည့် လူ့အခွင့်အရေးကောင်စီတွင် ပါဝင်မှုကို အဆင့်တစ်ခုထိ စံစားကြရာ ၎င်းသည် ကုလသမဂ္ဂစနစ်တွင် တစ်မူထူးခြားလှပါသည်။ တနည်းအားဖြင့် လူ့အခွင့်အရေး ကောင်စီသည် အစိုးရအချင်းချင်းဆိုင်ရာ အဖွဲ့ တစ်ခု အနေဖြင့် NGO များမှ ၎င်းတို့လုပ်ငန်းသို့ယူဆောင်လာသည့် အသိပညာနှင့် ကျွမ်းကျင်မှု၊ အတွေ့အကြုံ ဖလှယ် မှုကဏ္ဍ နှင့် အောက်ခြေအဆင့် ဆက်စပ်မှုများ အစရှိသည်တို့အားဖြင့် ကြွယ်ဝလျက် ရှိသည်။

၂၀၀၆ ခုနှစ်၊ ဇွန်လတွင် ကျင်းပသော ပထမဆုံးအစည်းအဝေးမှစ၍ NGO များသည် လူ့အခွင့်အရေးကောင်စီတွင် အဓိပ္ပါယ်ရှိရှိ ပါဝင်မှုအဆင့်တစ်ခုအား ခံစားစံစားလာခဲ့ကြပါသည်။ ၂၀၀၈ ခုနှစ်၊ မတ်လတွင်ကျင်းပသော ခုနစ်ကြိမ်မြောက် ပုံမှန်အစည်း အဝေးတွင် NGO ပေါင်း ၁၈၀ မှ ၁၁၁၆ ဦးသော ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြသည်။ ထိုအစည်းအဝေးတွင် NGO များ သည် ထုတ်ပြန်ချက် ၉၈ ချက်ကို တင်သွင်းခဲ့ပြီး၊ နှုတ်ပြောထုတ်ပြန်ချက် ၂၂၄ ချက် ချမှတ်ပြီး၊ အလားတူ အစီအစဉ်ပေါင်း ၆၉ ခုကို စီစဉ်ခဲ့ပါသည်။ လူ့အခွင့်အရေးကောင်စီ၏ ဥက္ကဋ္ဌရုံးနှင့် အတွင်းရေးမှူးချုပ်ရုံးတို့သည် ကော်မရှင်မှ လိုက်နာခဲ့သည့် အလေ့ အထများနှင့် စီစဉ်မှုများကိုလည်းကောင်း၊ အကောင်းဆုံးအလေ့အထများကို လည်းကောင်း တည်ဆောက်ရန် ကြိုးပမ်းကြရာ တစ်ချိန်တည်းမှာပင် လူ့အခွင့်အရေးကောင်စီနှင့် ၎င်း၏ ယန္တယားများသည် တစ်နှစ်လုံးတွင် ဖိုရမ်များအားဖြင့် ဆက်လက် တွေ့ဆုံကြရန် ထည့်သွင်းစဉ်းစားပါသည်။

**ECOSOC နှင့် အတိုင်အပင်ခံအဆင့်ရှိ NGO များ** သည်သာ လူ့အခွင့်အရေးကောင်စီ၏အစည်းအဝေးများတွင် လေ့လာသူ အဖြစ် ပါဝင်ရန် အတည်ပြုထားပါသည်။ ၎င်းတို့၏ကိုယ်စားပြုမည့်သူကို ကိုယ်ပိုင်ဆုံးဖြတ်ရွေးချယ်ရပါမည်။

လေ့လာသူအဖြစ် အတည်ပြုခံရပြီးသော် ECOSOC နှင့် အတိုင်အပင်ခံအဆင့်ရှိ NGO များသည် လူ့အခွင့်အရေး ကောင်စီတွင် များစွာသော အခွင့်ထူးများနှင့် စီစဉ်မှုများကို ခံစားစံစားကြပါသည။ ၎င်းတို့သည်

- လူ့အခွင့်အရေးကောင်စီသို့ သက်ဆိုင်ရာအစီးအဝေးမတိုင်မီ အရေးအသားထုတ်ပြန်ချက်များတင်သွင်းခြင်း၊
- လူ့အခွင့်အရေးကောင်စီ၏အာဂျင်တာ၏ လက်တွေ့ကျသော အချက်များအားလုံးအတွင်းတွင် နှုတ်ပြော ကြားဝင်မှု များ ဆောင်ရွက်ခြင်း၊နှင့်
- လူ့အခွင့်အရေးကောင်စီ၏ လုပ်ငန်းနှင့်စပ်လျဉ်းသည့် အရေးကိစ္စများဆိုင်ရာ "အလားတူအစီအစဉ်များ" စီစဉ်ခြင်း တို့ကို ဆောင်ရွက်နိုင်သည်။

ECOSOC များနှင့် အတိုင်အပင်ခံပြုအဆင့်ရှိ NGO များသည်လည်း ၎င်းအတိုင်အပင်ခံပြုအဆက်အသွယ်၏ ဖွဲ့စည်းမှုနှင့် သဘောသဘာဝကို ထိန်းကျောင်းသည့် အခြေခံမူများကို အချိန်တိုင်း လိုက်နာရန် တာဝန်ရှိပါသည်။ အထူးသဖြင့် ECOSOC ဆုံးဖြတ်ချက် ၁၉၉၆/၃၁ အရ NGO တစ်ခုသည် **ကုလသမဂ္ဂချာတာ** ၏ ရည်ရွယ်ချက်များနှင့် အခြေခံမူများဖြင့် ဆန့်ကျင်ဘက် ဖြစ်သည့် ဆောင်ရွက်မှုပုံစံတစ်ရပ်နှင့် ချိတ်ဆက်ခြင်းအားဖြင့် ၎င်း၏အဆင့်အား (၎င်း၏ ကိုယ်စားဆောင်ရွက်သည့် အဖွဲ့ဝင် သို့မဟုတ် ကိုယ်စားလှယ်များ အပါအဝင်) ရှင်းလင်းစွာ အလွဲသုံးစားလုပ်ပါက ကုလသမဂ္ဂအစည်းအဝေးများတွင် ပါဝင်ခြင်းမှ ဆိုင်းငံ့ခြင် သို့မဟုတ် ပိတ်ပင်ခြင်းဖြစ်စေ၊ ၎င်း၏ အတိုင်အပင်ခံအဆင့်အား ပြန်နုတ်ယူခြင်းဖြစ်စေ ခံရနိုင်သည်။

## အသိအမှတ်ပြုချက်

ECOSOC များနှင့် အတိုင်အပင်ခံအဆင့်ရှိ NGO ကိုယ်စားလှယ်များသည် လူ့အခွင့်အရေးကောင်စီအစည်းအဝေးများ တက်ရောက်ရန် အသိအမှတ်ပြုချက် တောင်းယူသင့်ပါသည်။

အသိအမှတ်ပြုချက်တောင်းခံစာများသည် -

- အဖွဲ့အစည်း၏ Letterhead တရားဝင်စာဖြင့် တင်သွင်းရမည်၊
- အဖွဲ့အစည်းမှတက်ရောက်လိုသည် အစည်းအဝေးခေါင်းစဉ်နှင့် အချိန်ကာလကို ရှင်းလင်းစွာဖော်ပြရမည်၊
- ဂျိနီဗာရှိ အဖွဲ့အစည်း၏ ဥက္ကဋ္ဌ (သို့) အဓိကကိုယ်စားလှယ်မှ လက်မှတ်ထိုးပေးရမည်၊
- အဖွဲ့အစည်းမှ လူ့အခွင့်အရေးကောင်စီ၏အစည်းအဝေးသို့ ကိုယ်စားပြုကာတက်ရောက်မည့်ပုဂ္ဂိုလ်(များ) ၏ အမည်(များ) ကို ဖော်ပြရမည်။ အဆိုပါပုဂ္ဂိုလ်၏ အမည်များသည် ၎င်းတို့၏ မှတ်ပုံတွင်ရှိ အမည်များနှင့် တစ်ထပ်တည်းဖြစ်ရမည်ဖြစ်ကာ၊ မိသားစုအမည်များကို စာလုံးကြီးဖြင့်ရေးရမည်။

အသိအမှတ်ပြုချက်ရရှိရန်အတွက် ECOSOC နှင့် အတိုင်အပင်ခံအဆင့်ရှိ NGO များသည် သက်ဆိုင်ရာ အစည်းအဝေးမတိုင်မီ fax ဖြင့်အောက်ပါနံပါတ်သို့ ပေးပို့ရပါမည် -

**Fax: +41 (0)22 917 90 11.**

V

## အရေးအသားထုတ်ပြန်ချက်များ

ECOSOC နှင့် အတိုင်အပင်ခံအဆင့်ရှိ NGO များသည် သက်ဆိုင်ရာလူ့အခွင့်အရေးကောင်စီ၏အစည်းအဝေးမတိုင်မီ လူ့အခွင့်အရေးကောင်စီ၏ လုပ်ငန်းနှင့် ဆက်စပ်သည့် အရေးအသားထုတ်ပြန်ချက်များကို တသီးပုဂ္ဂလဖြစ်စေ၊ အခြား NGO များနှင့် ပူးတွဲ၍ဖြစ်စေ လူ့အခွင့်အရေးကောင်စီသို့ တင်သွင်းနိုင်သည်။ ယင်းထုတ်ပြန်ချက်များသည် NGO မှ အထူး စွမ်းဆောင်ရည်ရှိသည့် အကြောင်းအရာများနှင့်ပတ်သက်ရပါမည်။ ၎င်းထုတ်ပြန်ချက်များအား လူ့အခွင့်အရေးကောင်စီ၏ အတွင်းရေးမှူးရုံးအဖွဲ့မှ လက်ခံရရှိပြီးသော်၊ ၎င်း NGO အရေးအသားထုတ်ပြန်ချက်များသည် ကုလသမဂ္ဂလူ့အခွင့်အရေး ကောင်စီအစည်းအဝေးများ၏ တရားဝင် စာတမ်းတစိတ်တစ်ပိုင်းဖြစ်လာပါသည်။

မှတ်သားရန်မှာ -

- **ECOSOC နှင့် အထွေထွေအတိုင်အပင်ခံအဆင့်ရှိ** NGO များ၏ အရေးအသားထုတ်ပြန်ချက်များသည် စာလုံးပေါင်း ၂၀၀၀ အထက်မကျော်လွန်ရပါ။
- **ECOSOC နှင့် အထူးအတိုင်အပင်ခံအဆင့်ရှိ** (သို့) **အချိန်စာရင်းပေါ်ရှိ** NGO များ၏ အရေးအသားထုတ်ပြန်ချက်များ သည် စာလုံးပေါင်း ၁၅၀၀ ထက်မကျော်လွန်ရပါ။

NGO များသည် OHCHR ဝက်ဘ်ဆိုက်မှ လူ့အခွင့်အရေးကောင်စီ၏ ကဏ္ဍရှိ **General Information Note** နှင့် အတိုင်အပင်ခံပြုရန် အားပေးပါသည်။

**အရေးအသားထုတ်ပြန်ချက်များ** ကို **လူ့အခွင့်အရေးကောင်စီအတွင်းရေးမှူးရုံးအဖွဲ့**ထံ ဖော်ပြပါ အီးမေးသို့ ပေးပို့နိုင်ပါသည်- hrcngo@ohchr.org

## နှုတ်ပြောထုတ်ပြန်ချက်များ

ECOSOC နှင့် အတိုင်အပင်ခံအဆင့်ရှိ NGO များသည် လူ့အခွင့်အရေးကောင်စီအစည်းအဝေးများတွင် ငြင်းခုံဆွေးနွေးမှုများ နှင့် အပြန်အလှန်ဆွေးနွေးမှုများတို့၌ အရေးပါသောအချက်များအားလုံးတွင် နှုတ်ပြောကြားဝင်ဆွေးနွေးမှုပြုနိုင်သည်။ NGO နှုတ်ပြော ကြာဝင်ဆွေးနွေးမှုများအတွက် နည်းလမ်းများကို လူ့အခွင့်အရေးကောင်စီ၏ **Extranet** တွင် NGO Liaison information page တွင် တွေ့ရှိနိုင်ပြီး၊ လူ့အခွင့်အရေးကောင်စီသည် တစ်နှစ်ပတ်လုံး ဆက်လက်တွေ့ဆုံမှုများပြုသည်ကို ထောက်ရှုလျက် ယင်းအချက်အလက်များ အပြောင်းအလဲရှိနိုင်ပါသည်။

နှုတ်ပြောကြားဝင်ဆွေးနွေးမှုပြုလိုသော NGO ကိုယ်စားလှယ်များသည် အစည်းအဝေးခန်းမ (the Plenary) ရှိ "List of Speakers" ကောင်တာသို့ လူကိုယ်တိုင်သွားရောက်ကာ စာရင်းသွင်းရပါမည်။ တစ်သီးပုဂ္ဂလ သို့မဟုတ် ပူးတွဲ ထုတ်ပြန်ချက်များအတွက် မှတ်ပုံတင်ဖောင်ပုံစံကို လူ့အခွင့်အရေးကောင်စီ၏အင်တာနက် **homepage** ပေါ်မှ ဒေါင်းလုတ်ရယူနိုင်ကာ ၎င်းဖောင်အား အဆိုပါကောင်တာသို့ မှတ်ပုံတင်မှုပြုစဉ် လူကိုယ်တိုင်ယူဆောင်လာရပါမည်။

**NGO များအနေဖြင့် မှတ်သားရန်မှာ ဆွေးနွေးပွဲခန်းမအတွင်းတွင် စာရွက်စာတမ်းများ၊ လက်ကမ်းစာစောင် (သို့) အခြားသော စာရွက်စာတမ်းများကို ဖြန့်ဝေခွင့်မပြုပါ။** သို့သော် ပြောခဲ့ပြီးသည့် NGO နှုတ်ပြောထုတ်ပြန်ချက်မိတ္တူများကို ဆွေးနွေးပွဲခန်းမ အနောက်ဖက်တွင် NGO များအတွက် ခွဲခန့်ထားပေးသည့် စာပွဲပေါ်တွင် ထားရှိနိုင်ပါသည်။ အခြားသော NGO စာရွက်စာတမ်း များ အားလုံးကို ခန်းမပြင်ပရှိ NGO များအတွက် ခွဲခန့်ထားပေးသည့် စားပွဲများပေါ်တွင် ထားရှိနိုင်သည်။

## အလားတူအစီအစဉ်များ (Parallel Events)

ECOSOC နှင့် အတိုင်အပင်ခံအဆင့်ရှိ NGO များသည် လူ့အခွင့်အရေးကောင်စီအစည်းအဝေးသို့တက်ရောက်ရန် အသိအမှတ်ပြုရရှိပြီးသော လူ့အခွင့်အရေးကောင်စီ၏လုပ်ငန်းနှင့် စပ်လျဥ်းသည့် အများဆိုင်ရာအစီအစဉ်များ စီစဉ်ဆောင်ရွက်နိုင်ပါသည်။ ယင်းအစီအစဉ်များကို "အလားတူအစီအစဉ်များ" ဟုခေါ်ပြီး အစည်းအဝေး၏ နေ့လည်စာအနားယူချိန်များတွင် ပြုလုပ်လေ့ရှိပါသည်။

အများအားဖြင့် Panel တင်ဆက်မှုများကို ပွင့်လင်းဆွေးနွေးမှုများ(open discussion) နှင့် ပေါင်းစပ်ထားခြင်းဖြစ်သည့် အလားတူ အစီအစဉ်များသည် ၎င်းတို့အကြား အတွေ့အကြုံဖလှယ်ကြခြင်းအတွက်လည်းကောင်း၊ NGO များ၊ နိုင်ငံများနှင့် အခြားသော ပါဝင်ပတ်သက်သူများ (အထူးလုပ်ထုံးလုပ်နည်း တာဝန်ရှိသူများ အပါအဝင်) တို့နှင့် လူ့အခွင့်အရေးကိစ္စရပ်များ၊ လူ့အခွင့်အရေး ကောင်စီနှင့် စပ်လျဉ်းမှုရှိပြီး အရေးကြီးသည့် အခြေအနေများ အကြောင်းနှင့်ပတ်သက်၍ ဆွေးနွေးမှုများဖြင့် ချိတ်ဆက် ဆောင်ရွက်ကြခြင်းအတွက်လည်းကောင်း နေရာတစ်ခုစီစဉ်ပေးပါသည်။

အလားတူအစီအစဉ်များကျင်းပရန်အတွက် ခန်းမများကို အခမဲ့အသုံးပြုခွင့်ပေးထားပြီး "ဦးသူယူစနစ်" ဖြင့်ဆောင်ရွက် သွားမည် ဖြစ်သည်။ အလားတူအစီအစဉ်တစ်ခုအတွက် ပူးပေါင်းစပွန်ဆာပေးလိုသော NGO များသည် "Co-sponsorship form" ကို ဖြည့်ပေးရမည်ဖြစ်သည်။[52]

အလားတူအစီအစဉ်တစ်ရပ်ကျင်းပသည့် NGO များသည် လူ့အခွင့်အရေးကောင်စီ၏ အစည်းအဝေးသို့တက်ရောက်ရန် အသိ အမှတ် ပြုချက် မရရှိသော ပုဂ္ဂိုလ်များကို ဖိတ်ကြားနိုင်သည်။ ဖိတ်ကြားထားသူများအား အသိအမှတ်ပြုရရှိရန် အတွက် ဖိတ်ကြား ထားသည့် လူစာရင်းအား လူ့အခွင့်အရေးကောင်စီ၏ အတွင်းရေးမှူးရုံးအဖွဲ့သို့လည်းကောင်း၊ Pregny လုံခြုံရေးရုံးသို့ လည်းကောင်း အစီအစဉ် မတိုင်မီ ၄၈ နာရီအလိုတွင် ပေးပို့ ရမည်ဖြစ်သည်။ ယင်းဖိတ်ကြားထားသူများအတွက် အလားတူ အစီအစဉ် အတွက် သာ အသိအမှတ်ပြုချက်ထုတ်ပေးသွားမည်ဖြစ်သည်။

အလားတူအစီအစဉ်တစ်ရပ်ကျင်းပသည့် NGO များသည် အစီအစဉ်တွင်တက်ရောက်သူများ၏ ပါဝင်မှုပမာဏနှင့် စီမံခန့်ခွဲမှုကို တာဝန်ယူပေးရမည်ဖြစ်သည်။ အောက်ပါတို့ကိုလည်း မှတ်သားစေလိုသည် -

---

[52] Available on the Human Rights Council's web page.

- အတွင်းရေးမှူးရုံးအဖွဲ့သည် NGO ၏အလားတူအစီအစဉ်များအတွက် စကားပြန်မစီစဉ်ပေးပါ။ NGO များမှ ဆန္ဒရှိပါက ၎င်းတို့၏ စကားပြန်များကို ခေါ်ဆောင်နိုင်ပြီး အတွင်းရေးမှူး ရုံးအဖွဲ့ထံ လျှော်ညီစွာ ကြိုတင်အကြောင်းကြားပေးရမည်ဖြစ်သည်။
- အလားတူအစီအစဉ်များတွင် ကင်မရာ/ဗီဒီယို ရုပ်သံဖမ်းစက်များ အသုံးပြုရန် အားမပေးပါ။ ဂျီနီဗာရှိ ကုလသမဂ္ဂရုံး (UNOG) မှ အသိအမှတ်ပြုထားသည့် သတင်းထောက်များနှင့် ကင်မရာသမားများမှသာ ခွင့်ပြုမည်ဖြစ်သည်။

**အလားတူအစီအစဉ်များ** စီစဉ်ကျင်းပရန်အတွက် ခန်းမကြိုတင်စာရင်းပေးရန်အတွက် Fax: + 41 (0) 22 917 90 11 သို့ စာပေးပို့ရပါမည်။

**အသိအမှတ်ပြုချက်၊ အရေးအသားထုတ်ပြန်ချက်များ၊ နှုတ်ပြောထုတ်ပြန်ချက်များနှင့် အလားတူအစီအစဉ်များ** ဆိုင်ရာ လက်ရှိ သတင်းအချက်အလက်များအတွက် လူ့အခွင့်အရေးကောင်စီ၏ Extranet ရှိ NGO Liaison information page တွင် ဝင်ရောက်ပေးပါ။

## လူ့အခွင့်အရေးကောင်စီ၏ လုပ်ပိုင်ခွင့်များနှင့် ယန္တယားများနှင့် ပူးပေါင်းပါဝင်ခြင်းနှင့် ထိတွေ့ဆောင်ရွက်ခြင်း

V

### က။ ကမ္ဘာ့နိုင်ငံများအားလုံး၏လူ့အခွင့်အရေးအခြေအနေပုံမှန်သုံးသပ်မှု (Universal periodic review)

**ကမ္ဘာ့နိုင်ငံများအားလုံး၏လူ့အခွင့်အရေးအခြေအနေပုံမှန်သုံးသပ်မှု** သို့ ချဉ်းကပ် ချိတ်ဆက်မှုဆောင်ရွက်မည်သို့ပြုရမည်ဟူ သည့် သတင်းအချက်အလက်အသေးစိပ်ကို သိရှိလိုသော ဤလက်စွဲစာအုပ်၏ **အခန်း ၅ (ကမ္ဘာ့နိုင်ငံများအားလုံး၏လူ့အခွင့်အရေးအခြေအနေပုံမှန်သုံးသပ်မှု)** သို့ ဝင်ရောက်စေလိုပါသည်။

### ခ။ လူ့အခွင့်အရေးကောင်စီအကြံပေးကော်မတီ

***အကြံပေးကော်မတီအဖွဲ့၏လုပ်ငန်းတွင် ပါဝင်ခြင်းနှင့် ပံ့ပိုးကူညီခြင်း***

အကြံပေးကော်မတီ၏ ရှေ့ပြေးဖြစ်သည့် ယခင်ဆပ်ကော်မရှင်သည် ECOSOC နှင့်အတူ အတိုင်ပင်ခံအဆင့်ရှိ NGO များ၏ ပါဝင်မှုမှ ကြီးမားသောအကျိုးပြုမှုရရှိခဲ့လေသည်။ အကြံပေးကော်မတီသည် ၎င်း၏လုပ်ထုံးလုပ်နည်းဆိုင်ရာ စည်းမျဉ်းများနှင့် လုပ်ငန်းစနစ်များ ဖွံ့ဖြိုးဖော်ဆောင်မှုများပြုနေသည့် ၎င်း၏ တာဝန်ကို ဆောင်ရွက်နေစဉ် ၂၀၀၈ ခုနှစ် ရောက်သော် လူ့အခွင့်အရေးကောင်စီမှ ၎င်းအား NGO များနှင့် အခြားသော အရပ်ဘက်အဖွဲ့အစည်း Actors များ တို့နှင့် ဆက်သွယ်ချိတ်ဆက်မှု တည်ဆောက်ရန် တိုက်တွန်းခဲ့လေသည်။ နိုင်ငံများကိုလည်း အကြံပေးကော်မတီ အတွက် ခန့်အပ်မည့် ကိုယ်စားလှယ်လောင်းများအဆိုမပြုမီ အရပ်ဘက်အဖွဲ့အစည်း Actors များနှင့် အတိုင်အပင်ခံပြုရန် အားပေး ပါသည်။

ECOSOC ဆုံးဖြတ်ချက် ၁၉၉၆/၃၁ အပါအဝင် လူ့အခွင့်အရေးဆိုင်ရာကော်မရှင်နှင့် လူ့အခွင့်အရေးကောင်စီတို့မှ လိုက်နာသည့် စီစဉ်မှုများနှင့် အလေ့အထများတို့အပေါ် အခြေပြုလျက် အကြံပေးကော်မတီ၏လုပ်ငန်းတွင် NGO များကို ပါဝင်ခွင့်ပေးရန် အခွင့်ပေးထားပြီး ထို NGO များ၏ အထိရောက်ဆုံး ပါဝင်ပံ့ပိုးမှုကိုလည်း သေချာစေပါသည်။

အကြံပေးကော်မတီ၏အစည်းအဝေးများတွင် လေ့လာသူအဖြစ်ပါဝင်လိုသော NGO များသည် အတွင်းရေးမှူးရုံးအဖွဲ့သို့ ဆက်သွယ်ရပါမည်။

**အကြံပေးကော်မတီ** ၏လုပ်ငန်းတွင် မည်သို့ပါဝင်ပံ့ပိုးနိုင်မည့်ဟူသည်ကို ပိုမိုသိရှိလိုပါက အောက်ပါ အီးမေးလ်သို့ ဆက်သွယ်ပေးပါရန် -
HRCAdvisoryCommittee@ohchr.org.

## ဂ။ တိုင်ကြားမှုလုပ်ထုံးလုပ်နည်း

**တိုင်ကြားရေးလုပ်ထုံးလုပ်နည်း** အတွက် သတင်းအချက်အလက်မည်သို့ပံ့ပိုးပေးနိုင်မည်ဟူသည်ကို အသေးစိပ်သိရှိလိုပါက ဤလက်စွဲစာအုပ်၏ **အခန်း ၈ (လူ့အခွင့်အရေးချိုးဖောက်မှုဟူသောစွပ်စွဲချက်များ ဆိုင်ရာတိုင်ကြားစာတင်သွင်းခြင်း)** သို့ဝင်ရောက်စေလိုပါသည်။ CP@ohchr.org သို့ဆက်သွယ်ပါ။

## ဃ။ အထူးလုပ်ငန်းအစီအစဉ်

**အထူးလုပ်ငန်းအစီအစဉ်** နှင့် မည်သို့ ချဉ်းကပ်ချိတ်ဆက်ဆောင်ရွက်နိုင်မည်ကို ပိုမိုသိရှိလိုပါက ဤလက်စွဲစာအုပ်၏ **အခန်း ၆ (အထူးလုပ်ငန်းအစီအစဉ်)** သို့ဝင်ရောက်စေလိုသည်။

## င။ လူ့အခွင့်အရေးကောင်စီ၏လုပ်ငန်းအဖွဲ့များ

**ဖွံ့ဖြိုးတိုးတက်မှုအခွင့်အရေးဆိုင်ရာ ကန့်သတ်မဲ့ လုပ်ငန်းအဖွဲ့**
**လုပ်ငန်းအဖွဲ့၏အစည်းအဝေးများတွင် ပါဝင်ခြင်း**

လုပ်ငန်းအဖွဲ့သည့် အကန့်အသတ်မဲ့ဖြစ်သည်နည်းတူ ECOSOC နှင့် အတိုင်အပင်ခံအဆင့်ရှိ NGO များသည် ၎င်းအစည်းအဝေးများ၏ အများဆိုင်ရာကဏ္ဍများတွင်ဝင်ရောက်ပါဝင်နိုင်သည်။

**ဖွံ့ဖြိုးတိုးတက်မှုအခွင့်အရေး အကောင်အထည်ဖော်ဆောင်မှုဆိုင်ရာ အဆင့်မြင့် လုပ်ငန်းအဖွဲ့** ၏အစည်းအဝေးများသို့ တက်ရောက်သော NGO များသည် အဖွင့်ထုတ်ပြန်ချက်များဆောင်ရွက်မှုအခွင့်အလမ်းရှိပါသည်။

ECOSOC နှင့် အတိုင်အပင်ခံအဆင့်ရှိ NGO များသည် **လုပ်ငန်းအဖွဲ့** သို့မဟုတ် **အဆင့်မြင့်လုပ်ငန်းအဖွဲ့** တွင် ပါဝင်ရန် စိတ်ပါဝင်စားမှုရှိပါက (OHCHR ဝက်ဘ်ဆိုက်ပေါ်ရှိ သက်ဆိုက်ရာ page ပေါ်မှရှိနိုင်သော) အတည်ပြု ချက်အတွက် **Registration form** ကို ဖြည့်ပေးကာ ၎င်းတို့လက်မှရေးထိုးတောင်းဆိုမှုဖြင့် အောက်ပါ လိပ်စာသို့ ပေးပို့ပါရန် -

**The Accreditation Officer**
Fax: +41 (0)22 928 9010
Tel: +41 (0)22 928 9829

***လုပ်ငန်းအဖွဲ့၏လုပ်ငန်းတွင် ပံ့ပိုးကူညီခြင်း***

လုပ်ငန်းအဖွဲ့သို့ ခွဲခန့်ထားသည့်အဓိကတာဝန်တစ်ရပ်မှာ NGO လှုပ်ရှားမှုများနှင့် ဖွံ့ဖြိုးတိုးတက်မှုအခွင့်အရေး တို့အကြား အဆက်အသွယ်နှင့်ပတ်သက်၍ NGO များမှ တင်သွင်းသည့် အစီရင်ခံစာများနှင့် အခြားသော သတင်းအချက်အလက်များ ကို သုံးသပ်မှုပြုရန်ဖြစ်သည်။ လုပ်ငန်းအဖွဲ့သည် NGO များနှင့် အခြားသော အရပ်ဘက်အဖွဲ့အစည်း Actors များမှပံ့ပိုး

ကူညီမှုများကို ကြိုဆိုပါသည်။ ၎င်းကို အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ ဆောင်ရွက်မှုမှ တစ်စိတ်တစ်ပိုင်းပံ့ပိုးကူညီပေးပြီး ထိုသူတို့၏ အများဆိုင်ရာ အစည်းအဝေးများကိုလည်း ကျယ်ပြန့်သော အရပ်ဘက်အဖွဲ့အစည်း Actors များနှင့် NGO များပါဝင်ရန် အတွက် ဖွင့်ပေးထားပါသည်။

NGO များနှင့် အခြားသော အရပ်ဘက်အဖွဲ့အစည်း Actors များအား ထုတ်ပြန်ချက်များကို တင်သွင်းပြီး၊ လုပ်ငန်းအဖွဲ့ နှင့်အတူ လှုပ်ရှားမှုများ၊ လုပ်ငန်းအစီအစဉ် နှင့် လုပ်ငန်းအဖွဲ့၏ အကြံပြုချက်များဆိုင်ရာ အကောင်အထည်ဖော်ဆောင်မှု တို့တွင် ချိတ်ဆက်ပါဝင်ရန် အားပေးပါသည်။

## စ။ လူမှုဖိုရမ်

***လူမှုဖိုရမ်ရှိ အစည်းအဝေးများတွင် ပါဝင်ခြင်း***

လူမှုဖိုရမ်သည် စိတ်ပါဝင်စားသည့်ပါဝင်ပတ်သက်သူများ၏ ပါဝင်မှုကို တံခါးဖွင့်ထားရာ အောက်ပါအုပ်စုများပါဝင်သည်[53] -

- အစိုးရအချင်းချင်းဆိုင်ရာအဖွဲ့အစည်းများ၊
- ကုလသမဂ္ဂစနစ်၏ ကွဲပြားသော ကဏ္ဍများ၊ အထူးသဖြင့် လူ့အခွင့်အရေးယန္တယားဆိုင်ရာ ကဏ္ဍအလိုက် လုပ်ထုံးလုပ်နည်းများနှင့် ယန္တယားများတို့၏ လုပ်ပိုင်ခွင့်အာဏာရှိသူများ၊
- ဒေသဆိုင်ရာ စီးပွားရေးကော်မရှင်များ
- ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP)၊ ကမ္ဘာ့ဘဏ်၊ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ စသည်တို့မှ အထူးအေဂျင်စီများနှင့် အဖွဲ့အစည်းများ၊
- ECOSOC နှင့် အတိုင်အပင်ခံအဆင့်ရှိ NHRI များ နှင့် NGO များမှခွဲခန့်ထားသည့် ကိုယ်စားပြုများ၊ နှင့်
- အခြားသော NGO များဖြစ်သည့် မြောက်ပိုင်းနှင့် တောင်ပိုင်းဒေသမှ ထိုးထွက်လာသော Actors များဖြစ်သည့် အဖွဲ့ ငယ်များနှင့် ကျေးလက်နှင့်မြို့ပြ အသင်းအဖွဲ့များ၊ ဆင်းရဲမှုတိုက်ဖျက်ရေး အဖွဲ့များ၊ လယ်သမားအဖွဲ့အစည်း များနှင့် ၎င်းတို့နှင့်ပတ်သက်သော ပြည်တွင်း၊ပြည်ပ အသင်းအဖွဲ့များ၊ စေတနာအလျောက် ပါဝင်သော အဖွဲ့အစည်းများ၊ လူငယ်အသင်းအဖွဲ့များ၊ လူထုအဖွဲ့အစည်းများ၊ အလုပ်သမားသမဂ္ဂများ၊ အလုပ်သမား အသင်း အဖွဲ့များ၊ ပုဂ္ဂလိက ကဏ္ဍမှ ကိုယ်စားပြုများ၊ ဒေသဆိုင်ရာ ဘဏ်များ၊ အခြား ငွေကြေးဆိုင်ရာအင်စတီကျူး ရှင်းများနှင့် နိုင်ငံတကာ ဖွံ့ဖြိုးရေးအေဂျင်စီများ စသည်

လူမှုဖိုရမ်တွင် အရပ်ဘက်အဖွဲ့အစည်းများ၏ ပါဝင်မှုသည် ECOSOC ဆုံးဖြတ်ချက် ၁၉၉၆/၃၁ ပါဝင်သည့် စီစဉ်မှုများအပေါ် တွင်လည်းကောင်း၊ လူ့အခွင့်အရေးကော်မရှင်မှလိုက်နာခဲ့သည့် အလေ့အထများအပေါ်တွင်လည်းကောင်း အခြေပြုပြီး တချိန် တည်းမှာပင် အထက်ဖော်ပြခဲ့သည့် အဖွဲ့အစည်းများ၏ အထိရောက်ဆုံးပါဝင်မှုကို သေချာစေရပါသည်။ လူ့အခွင့်အရေး ကောင်စီ သည် OHCHR အား လူမှုဖိုရမ်တွင် ဒေသအသီးသီးမှ၊ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများမှ ကိုယ်စားပြုများ၏ အတိုင် အပင်ခံမှုနှင့် အကျယ်ပြန့်ဆုံး ဖြစ်နိုင်ချေရှိသော ပါဝင်မှုဆိုင်ရာ ထိရောက်သော နည်းလမ်းများကို ရှာဖွေရန် တောင်ဆိုထားပြီး၊ ၎င်းတွင် NGO များ၊ ပုဂ္ဂလိကကဏ္ဍနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းမှု တည်ဆောက်ခြင်းလည်းပါဝင်သည်။[54]

**လူမှုဖိုရမ်** တွင် ပါဝင်ရန်စိတ်ပါဝင်စားသည့် အရပ်ဘက်အဖွဲ့အစည်း Actors များသည် အတွင်းရေးမှူး ရုံးအဖွဲ့သို့ ဆက်သွယ်ရပါမည်။

အသေးစိပ် ပိုမိုသိရှိလိုပါက အောက်ဖော်ပြပါ အီးမေးလ်သို့ ဆက်သွယ်ပါရန် - socialforum@ohchr.org.

[53] See Human Rights Council resolution 6/13.

[54] See its resolution 6/13.

## ဆ။ အသေးအဖွဲ့အရေးကိစ္စများဆိုင်ရာ ဖိုရမ်

### *အသေးအဖွဲ့အရေးကိစ္စများဆိုင်ရာဖိုရမ်အစည်းအဝေးများတွင် ပါဝင်ခြင်း*

အသေးအဖွဲ့အရေးကိစ္စများဆိုင်ရာဖိုရမ်သည် ECOSOC နှင့် အတိုင်အပင်ခံပြုအဆင့်ရှိ NGO များ၏ပါဝင်မှုလည်းကောင်း၊ ကုလသမဂ္ဂ၏ ချာတာ ဆိုင်ရာ အနှစ်သာရ၊ ရည်ရွယ်ချက်များနှင့် အခြေခံမူများတို့နှင့် လိုက်လျောညီညွတ်သည့် ပန်းတိုင်များနှင့် ရည်ရွယ်ချက် များရှိသည့် အခြားသော NGO များ၏ပါဝင်မှုကိုလည်းကောင်း တံခါးဖွင့်ပေးထားပါသည်။ ပညာရေးပါရမီရှင်များ နှင့် အသေးအဖွဲ့ကိစ္စရပ်များဆိုင်ရာ ကျွမ်းကျင်ပညာရှင်များပါဝင်သည့် အခြားသော အရပ်ဖက် လူ့အဖွဲ့အစည်း Actors များ၏ ပါဝင်မှုကိုလည်း တခါးဖွင့်ပေးထားပါသည်။

**အသေးအဖွဲ့အရေးကိစ္စများဆိုင်ရာဖိုရမ်** ၏ လုပ်ငန်းတွင် ပါဝင်မှု (သို့) ပံ့ပိုးကူညီမှုတွင် စိတ်ပါဝင်စားသည့် အရပ်ဘက်အဖွဲ့အစည်း Actor များသည် ၎င်း၏အတွင်းရေးမှူးရုံးအဖွဲ့အား ဆက်သွယ်ရပါမည်

အသေးစိပ်ပိုမိုသိရှိလိုသော minorityforum@ohchr.org သို့ ဆက်သွယ်ပါ။

### *ဖိုရမ်၏သဘာပတိခန့်အပ်မှုအတွက် ကိုယ်စားလှယ်လောင်းများကို အဆိုပြုခြင်း*

ECOSOC နှင့်အတိုင်အပင်ခံဆင့်ရှိ NGO များနှင့် အခြေားသောလူ့အခွင့်အရေးကောင်စီ လေ့လာသူများသည်လည်း ၎င်း၏အဖွဲ့ဝင်နိုင်ငံများနှင့်အတူ လူ့အခွင့်အရေးကောင်စီဆုံးဖြတ်ချက် ၅/၁ နှင့်အညီ အသေးအဖွဲ့အရေးကိစ္စရပ်များဆိုင်ရာဖိုရမ်၏ သဘာပတိ အဖြစ်ခန့်အပ်မှုအတွက် ကိုယ်စားလှယ်လောင်းများ အဆိုပြုနိုင်ပါသည်။

## ဇ။ မူရင်းဌာနေတိုင်းရင်းသားများ၏အခွင့်အရေးဆိုင်ရာ ကျွမ်းကျင်မှုယန္တယားများ

### *ကျွမ်းကျင်မှုယန္တယားဆိုင်ရာအစည်းအဝေးများတွင်တတ်ရောက်ပါဝင်ခြင်း*

ကျွမ်းကျင်မှုယန္တယားဆိုင်ရာနှစ်ပတ်လည်အစည်းအဝေးသည် NGO များနှင့်မူရင်းဌာနေတိုင်းရင်းသားများ၏ အဖွဲ့အစည်းများ အပါအဝင် အရပ်ဘက်အဖွဲ့အစည်း Actor များအတွက် တံခါးဖွင့်ပေးထားပါသည်။

### *မူရင်းဌာနေလူဦးရေများအတွက် စေတနာအလျောက်ရန်ပုံငွေ*

အရပ်ဘက်အဖွဲ့အစည်း Actors များသည် မူရင်းဌာနေတိုင်းရင်းသားများအသိုင်းအဝိုင်းများနှင့် အဖွဲ့အစည်းများအား မူရင်းဌာနေ အရေးကိစ္စများ နှင့်ပတ်သက်သော ကျွမ်းကျင်မှု ယန္တယားနှင့် အမြဲတမ်းဖိုရမ်တို့တွင် ပါဝင်နိုင်ရေးအတွက် ငွေကြေးအားဖြင့် အကူအညီပေးရန် ဖွဲ့စည်းထားသည့် **မူရင်းဌာနေတိုင်းရင်းသားများအတွက် စေတနာအလျောက်ရန်ပုံငွေ** အကြောင်းသိရှိရပါမည်။

**ကျွမ်းကျင်မှုယန္တယား**၏ လုပ်ငန်းတွင်ပါဝင်ခြင်း (သို့) ပံ့ပိုးကူညီခြင်းပြုရန် စိတ်ဝင်စားသော အရပ်ဘက်အဖွဲ့အစည်း Actors များသည် အတွင်းရေးမှူးရုံးအဖွဲ့၏ အီးမေးလ်ဖြစ်သည့် expertmechanism@ohchr.org သို့ဆက်သွယ်နိုင်ပါသည်။

မူရင်းဌာနေလူဦးရေများအတွက် စေတနာအလျောက်ရန်ပုံငွေနှင့် အကျိုးခံစားခွင့်ရှိသူများရွေးချယ်မှုအတွက် စံသတ်မှတ်ချက်များ အကြောင်းတို့အား ပိုမိုသိရှိလိုသော ဤလက်စွဲစာအုပ်၏ အခန်း ၉ (**ရန်ပုံငွေနှင့်ထောက်ပံ့ငွေများ)** သို့ဝင်ရောက်စေလိုသည်။

### *ကျွမ်းကျင်မှုယန္တယားသို့ ရာထူးခန့်အပ်မှုအတွက် ကိုယ်စားလှယ်လောင်းများ အဆိုပြုခြင်း*

NGO များနှင့် အခြားသော လူ့အခွင့်အရေးအဖွဲ့ အစည်းများသည် လူ့အခွင့်အရေးကောင်စီဆုံးဖြတ်ချက် ၅/၁ နှင့်အညီ ကျွမ်းကျင် မှုယန္တယားဆိုင်ရာ လွတ်လပ်သော ကျွမ်းကျင်ပညာရှင်များအဖြစ် ခန့်အပ်ရန်အတွက် ကိုယ်စားလှယ်လောင်း များကို အဆိုပြုနိုင်ပါသည်။ တစ်သီးပုဂ္ဂလများသည်လည်း မိမိတို့ကိုယ်မိမိ အဆိုပြုနိုင်ပါသည်။

လွတ်လပ်သော ကျွမ်းကျင်သူတစ်ဦးအားခန့်အပ်ရန်အတွက် စံသတ်မှတ်ချက်မှာ ကျွမ်းကျင်မှု၊ လုပ်ပိုင်ခွင့်နယ်ပယ်တွင် လုပ်ငန်း အတွေ့အကြုံ၊ လွတ်လပ်မှု၊ ဘက်မလိုက်မှု၊ ပုဂ္ဂိုလ်ရေးရာ ဖြောင့်မတ်တည်ကြည်မှုနှင့် ဓမ္မဓိဋ္ဌာန်ကျမှု တို့ဖြစ်သည်။ ကျား၊ မ ဟန်ချက်အချိုးကျစေခြင်း၊ ပထဝီအနေအထားအလိုက် ကိုယ်စားပြုမှုနှင့် ကွဲပြားသော ဥပဒေရေးရာစနစ်များ၏ကိုယ်စားပြုမှု မျှမျှတတရှိခြင်း စသည်တို့ကိုလည်း အလျဉ်းသင့်သလို ထည့်သွင်းစဉ်းစားပါသည်

**ကိုယ်စားလှယ်လောင်းများမည်သို့အဆိုတင်သွင်းနိုင်မည်** အကြောင်းနှင့် ခန့်အပ်မှုလုပ်ငန်းစဉ်မည်သို့ အလုပ် လုပ်ပုံတို့ကို ပိုမိုသိရှိလိုပါက **လူ့အခွင့်အရေးကောင်စီ၏အတွင်းရေးမှူးရုံးအဖွဲ့** သို့အောက်ပါလိပ်စာအတိုင်း ဆက်သွယ်ပါ။

E-mail: hrcexpertmechanism@ohchr.org.

Fax: +41 (0)22 917 9011

Tel: +41 (0)22 917 9223

## ၈။ ဒါဗန်ကြေညာစာတမ်းနှင့် လုပ်ဆောင်ချက်အစီအစဉ်

**လူ့အခွင့်အရေးကောင်စီ၏ ယန္တယားနှင့်စပ်လျဉ်းသည့် ဒါဗန်ကမ္ဘာ့ညီလာခံ** ၏ လုပ်ငန်းကို မည်သို့ ပါဝင်နိုင်မည်၊ မည်သို့ပံ့ပိုးကူညီနိုင်မည်အကြောင်း သိရှိလိုပါက အောက်ပါလိပ်စာဖြင့် ဆက်သွယ်ပေးပါရန် -

**Anti-Discrimination Unit**

Office of the United Nations High Commissioner for Human Rights

8–14, avenue de la Paix

CH–1211 Geneva 10, Switzerland

E-mail: adusecretariat@ohchr.org

Tel: +41 (0)22 928 92 08

Fax: +41 (0)22 928 90 50

### ၁။ ဒါဗန်ကြေညာစာတမ်းနှင့် လုပ်ဆောင်ချက်အစီအစဉ်နှင့်ပတ်သက်သော ထိရောက်သော အကောင်အထည် ဖော်ဆောင်မှုဆိုင်ရာ အစိုးရအချင်းချင်းဆိုင်ရာလုပ်ငန်းအဖွဲ့

လုပ်ငန်းအဖွဲ့သည် အကန့်အသတ်မဲ့ဖြစ်လေရာ ECOSOC နှင့် အတိုင်အပင်ခံအဆင့်ရှိ NGO များနှင့် ကမ္ဘာ့ညီလာခံသို့ တက် ရောက်ရန် အသိအမှတ်ပြုချက်ရရှိသည့် NGO များသည် အများနှင့်ဆိုင်သော အစည်းအဝေးများသို့ တက်ရောက်နိုင်သည်။ ယင်းအစည်းအဝေးများသို့ တက်ရောက်သည့် NGO များသည် နှုတ်ပြောထုတ်ပြန်ချက်များ လုပ်ဆောင်ခြင်းနှင့် အရေးအသား ထုတ်ပြန်ချက်များကို တင်သွင်းခြင်း အခွင့်ရရှိပါမည်။

### ၂။ လွတ်လပ်ပြီးထင်ပေါ်သော ကျွမ်းကျင်သူများအဖွဲ့

ထင်ပေါ်သော ကျွမ်းကျင်ပညာရှင်များအဖွဲ့သို့ အစီရင်ခံစာများတင်သွင်းရန် စိတ်ဝင်စားသည့် NGO များသည် **OHCHR Anti-Discrimination Unit** သို့ဆက်သွယ်ရပါမည်။

### ၃။ အာဖရိကန်နွယ်ဖွားပြည်သူများဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ လုပ်ငန်းအဖွဲ့

ESOSOC နှင့် အတိုင်အပင်ခံအဆင့်ရှိ NGO များနှင့် ကမ္ဘာ့ညီလာခံသို့ တက်ရောက်ရန်အသိအမှတ်ပြုချက်ရရှိသည့် NGO များသည် လုပ်ငန်းအဖွဲ့၏ အစည်းအဝေးများတွင် ပါဝင်နိုင်သည်။ ယင်းအစည်းအဝေးများသို့တက်ရောက်သည့် NGO များသည် အရေး အသား ထုတ်ပြန်ချက်များတင်သွင်းခြင်းနှင့် နှုတ်ပြောတင်ဆက်မှုများ ဆောင်ရွက်ခြင်း အခွင့်ရှိပါသည်။

လုပ်ငန်းအဖွဲ့တွင် ပါဝင်မှုဆိုင်ရာလက်ရှိသတင်းအချက်အလက်များအတွက် OHCHR ဝက်ဘ်ဆိုက်သို့ ဝင်ရောက်ပေးပါ။

NGO များနှင့် အခြားသော အရပ်ဘက်အဖွဲ့အစည်း Actor များကိုလည်း လုပ်ငန်းအဖွဲ့အား ၎င်း၏တာဝန်ထမ်းဆောင်နိုင်စေရန် သတင်းအချက်အလက်များနှင့် အစီရင်ခံစာများ ပေးပို့ရန် ဖိတ်ခေါ်ပါသည်။ NGO များနှင့် အရပ်ဘက်အဖွဲ့အစည်း Actor များသည် လုပ်ငန်းအဖွဲ့များ နယ်ဆင်းသည့်အချိန်တွင် သတင်းအချက်အလက်များပံ့ပိုးပေးခြင်းနှင့် ၎င်းအဖွဲ့ဝင်များနှင့်ပြည်သူတို့ စကားပြောဆိုနိုင်စေရန် စီစဉ်ပေးခြင်းတို့အတွက် ပူးပေါင်းဆောင်ရွက်မှုပြုနိုင်ပါသည်။

### ၄။ ဖြည့်စွက်စံချိန်စံနှုန်းများ ပူးပေါင်းလုပ်ဆောင်ခြင်းဆိုင်ရာ Ad Hoc ကော်မတီ

ECOSOC နှင့် အတိုင်အပင်ခံအဆင့်ရှိ NGO များနှင့် ကမ္ဘာ့ညီလာခံသို့တက်ရောက်ရန်အသိအမှတ်ပြုချက်ရရှိသည့် NGO များသည် လုပ်ငန်းအဖွဲ့၏ အများဆိုင်ရာ အစည်းအဝေးများ တက်ရောက်နိုင်ပြီး နှုတ်ပြောထုတ်ပြန်ချက်များအတွက် အခွင့်ထူးရှိပါသည်။

အရပ်ဘက်အဖွဲ့အစည်း Actor များကို Ad Hoc ကော်မတီအား သတင်းအချက်အလက်များနှင့် လေ့လာမှုများ ပံ့ပိုး ပေးရန် ဖိတ်ခေါ်ပါသည်။ ၎င်းအတွက် စိတ်ပါဝင်စားသည့် အရပ်ဘက်အဖွဲ့အစည်း Actor များသည် **OHCHR Anti-Discrimination Unit** သို့ ဆက်သွယ်ရပါမည်။

### ၅။ ဒါဗန် သုံးသပ်မှုညီလာခံအတွက် ကြိုတင်ပြင်ဆင်ရေးကော်မတီနှင့် ဒါဗန် သုံးသပ်မှုညီလာခံအတွက် ကြိုတင်ပြင်ဆင်ရေးကော်မတီ၏ဆောင်ရွက်ချက်ကို နောက်ဆက်တွဲလိုက်ပေးမည့် အစည်းအဝေးစပ်ကြား ကန့်သတ်မဲ့ အစိုးရအချင်းချင်းဆိုင်ရာ လုပ်ငန်းအဖွဲ့

ကြိုတင်ပြင်ဆင်ရေးကော်မတီနှင့် ကန့်သတ်မဲ့ အစိုးရအချင်းချင်းဆိုင်ရာလုပ်ငန်းအဖွဲ့တို့အား သုံးသပ်မှုညီလာခံအတွက် ကြိုတင်ပြင်ဆင်မှုပြုရန် ဖွဲ့စည်းထားလေသည်။ အောက်ဖော်ပြပါ စံသတ်မှတ်ချက်များနှင့် စီစဉ်မှုများသည် ကြိုတင်ပြင်ဆင်ရေးကော်မတီ၏ အစည်းအဝေးများတွင် ပါဝင်မည့် NGO အတွက်ဖြစ်သည်။ ယင်းအစည်းအဝေးများတွင်ပါဝင်ရန် အသိအမှတ်ပြုချက်ရရှိသော NGO များသည် ကန့်သတ်မဲ့အစိုးရအချင်းချင်းဆိုင်ရာလုပ်ငန်းအဖွဲ့၏ အစည်းအဝေးများတွင်လည်းပါဝင်နိုင်ပါသည်။

- ECOSOC ဆုံးဖြတ်ချက် ၁၉၉၆/၃၁ နှင့်အညီ ECOSOC နှင့် အတိုင်အပင်ခံအဆင့်ရှိ NOG များကို ကြိုတင်ပြင်ဆင်ရေးကော်မတီ၏အစည်းအဝေးတွင်ပါဝင်ရန် ဖိတ်ကြားထားပါသည်၊
- ကမ္ဘာ့ညီလာခံတွင် ပါဝင်ရန် အဆိုပါအတည်ပြုချက်အဆင့်မရှိသည့် NGO များနှင့် ၎င်း၏ နောက်ဆက်တွဲ ယန္တယားများကို အစိုးရတစ်ရပ်မှ ၎င်းတို့၏အတည်ပြုချက်နှင့်ပတ်သက်ပြီး မေးခွန်းဖော်ထုတ်မှုမရှိက အစည်းအဝေးများတွင် ပြည့်ပြည့်ဝဝ ပါဝင်ရန် ဖိတ်ခေါ်ပါသည်။ NGO တစ်ခု၏ အသိအမှတ်ပြုချက်နှင့်ပတ်သက်၍ မေးခွန်းများ ထွက်ပေါ်လာပါက ဆုံးဖြတ်ချက် ၁၉၉၆/၃၁ တွင် ချမှတ်ထားသည့် စံချိန်စံညွှန်းလုပ်ဆောင်ချက်များနှင့်အညီ ကြိုတင်ပြင်ဆင်ရေး

ကော်မတီမှ အပြီးသတ်ဆုံးဖြတ်ချက်ချမှတ်မှုနှင့်အညီ ယင်း NGO သည်ပြန်လည်တုန့်ပြန်မှုအခွင့်ရှိပါသည်၊

- ကမ္ဘာ့ညီလာခံတွင် ပါဝင်ရန် အတည်ပြုချက်မရှိဘဲ အဆိုင်အပင်ခံအဆင့်မရှိသော NGO များနှင့် ၎င်း၏ နောက်ဆက်တွဲယန္တယားများသည် ကြိုတင်ပြင်ဆင်ရေးကော်မတီ၏အစည်းအဝေးများတွင်ပါဝင်နိုင်ရန် ၎င်း၏ အတွင်းရေးမှူးရုံးအဖွဲ့ သို့ လျှောက်လွှာတင်သွင်းရမည်ဖြစ်သည်။ အတွင်းရေးမှူးရုံးအဖွဲ့မှ ရရှိထားသည့်လျှောက်လွှာများသည် ဆုံးဖြတ်ချက် ၁၉၉၆/၃၁ တွင်ချမှတ်ထားသည့် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိစေရန် အတွက် သုံးသပ်မှုပြုပေးပါသည်၊
- ကမ္ဘာ့ညီလာခံတွင် ပါဝင်ရန် အသိအမှတ်ပြုချက်မရရှိဘဲ အတိုင်အပင်ခံအဆင့်မရှိသည့် NGO များနှင့် ECOSOC ဆုံးဖြတ် ချက် ၁၉၉၅/၃၂ နှင့် အသိအမှတ်ပြုထားသည် ၎င်း၏ မူရင်းဌာနေ လူမျိုးများ၏ ကိုယ်စားလှယ်များတို့သည် ကြိုတင်ပြင်ဆင် ရေးကော်မတီ၏ အစည်းအဝေးများတွင် ပါဝင်ရန် ဆန္ဒထုတ်ဖော်ပါက ၎င်းတို့အား အသိအမှတ်ပြု ပေးမည် ဖြစ်သည်။ အခြားသော မူရင်းဌာနေတိုင်းရင်းသားများ၏ ကိုယ်စားလှယ်များသည်လည်း ဆုံးဖြတ်ချက် ၁၉၉၆/၃၁ တွင်ချမှတ်ထားသည့် စံချိန်စံညွှန်းလုပ်ထုံးလုပ်နည်းများအရ အတည်ပြုချက်ရရှိနိုင်ပါသည်။

ကြိုတင်ပြင်ဆင်ရေးကော်မတီနှင့် ကန့်သတ်မဲ့ အစိုးရအချင်းချင်းဆိုင်ရာ လုပ်ငန်းအဖွဲ့ တို့၏ အစည်းအဝေးများ တက်ရောက်သည့် NGO များသည် နှုတ်ပြောထုတ်ပြန်ချက်များ ဆောင်ရွက်ခြင်းနှင့် အရေးအသားထုတ်ပြန်ချက်များ တင်သွင်းခြင်း တို့အတွက် အခွင့်အလမ်းရှိပါသည်။

ECOSOC နှင့် အတိုင်အပင်ခံအဆင့်ရှိ NGO များနှင့် ကြိုတင်ပြင်ဆင်ရေး ကော်မတီအပါအဝင် ကမ္ဘာ့ညီလာခံတွင်ပါဝင်ရန်အသိအမှတ်ပြုချက်ရရှိသူတို့နှင့် ၎င်း၏ နောက်ဆက် တွဲယန္တယားများ တို့သည် သုံးသပ်မှုညီလာခံတွင်လည်း ပါဝင်နိုင်ပါသည်။[55]

ကမ္ဘာ့ညီလာခံတွင်ပါဝင်ရန် အသိအမှတ်ပြုချက်မရှိဘဲ ထိုကဲ့သို့သော အဆင့်မရရှိသည့် NGO များနှင့် ၎င်းတို့၏ နောက်ဆက်တွဲယန္တယားများသည် သုံးသပ်မှုညီလာခံတွင်ပါဝင်ရန်အတွက် လျှောက်လွှာတင်သွင်းရန် ဖိတ်ခေါ်ထားပါသည်။

[55] See "Report of the Human Rights Council on the preparations for the Durban Review Conference: Report of the Preparatory Committee on its first session" (A/62/375, rule 66).

# OHCHR အရင်းအမြစ်များ

## လူ့အခွင့်အရေးကောင်စီ၏ အင်တာနက် ဝက်ဘ်စာမျက်နှာ

အရပ်ဘက်အဖွဲ့အစည်း Actor များသည် အစည်းအဝေးများတွင် ပါဝင်ခြင်းနှင့်ပတ်သက်သော နောက်ဆုံးအခြေအနေများနှင့် သတင်းအချက်အလက်များအတွက် လူ့အခွင့်အရေးကောင်စီ၏အင်တာနက် homepage သို့ ပုံမှန်ဝင်ရောက်လေ့လာသင့်ပါသည်။ အစည်းအဝေးအထူးပြုသတင်းအချက်အလက်များကို ပုံမှန်အစည်းအဝေးတစ်ခုစီတိုင်း မတိုင်မီ ၂ ပတ်အကြာတွင် ဝက်ဘ်ဆိုက်ပေါ်တွင် ပို့စ်တင်ထားပေးပါသည်။

### Extranet

**Exranet** သည်လူ့အခွင့်အရေးကောင်စီ၏ အင်တာနက် Homepage နှင့် ချိတ်ဆက်ထားပါသည်။ ၎င်းတွင် ပါဝင်သည်များမှာ

- လူ့အခွင့်အရေးကောင်စီ၏ ဆုံးဖြတ်ချက် မူကြမ်းများ၊
- နိုင်ငံများနှင့် အခြားသောပါယင်ပတ်သက်သူများ၏ အလွတ်သဘော အရေးအသားပံ့ပိုးမှုများ၊
- လူ့အခွင့်အရေးကောင်စီ၏ ပုံမှန်နှင့် အထူးအစည်းအဝေးများနှင့် အဖွဲ့အစည်းဆိုင်ရာအစည်းအဝေးများတို့မှ အဖွဲ့ဝင်နိုင်ငံများ၊ လေ့လာသူနိုင်ငံများ၊ NGO များနှင့် အခြားသော ပါဝင်သူများတို့၏ နှုတ်ပြော ထုတ်ပြန်ချက်များ တို့ ပါဝင်ပါသည်။

Extranet တွင် NGO ဆက်ဆံရေး သတင်းအချက်အလက် စာမျက်နှာနှင့် ပုံမှ update လုပ်ထားသည့် အစည်းအဝေးအထူးပြု သတင်းအချက်အလက်များ ပါဝင်သည်။

Extranet စာမျက်နှာ၏ password ကာကွယ်မှုကို ဝင်ရောက်နိုင်ရန် OHCHR ဝက်ဘ်ဆိုက်ရှိ လူ့အခွင့်အရေးကောင်စီစာမျက်နှာမှ အွန်လိုင်းဖောင်ပုံစံကို ဖြည့်ပေးရပါမည်။ ထိုသို့ဆောင်ရွက်ပြီးသော username နှင့် password ကို အဆွေ၏ အီးမေးလ်မှ ရရှိနိုင်မည်ဖြစ်သည်။

### Webcast

လူ့အခွင့်အရေးကောင်စီ၏ အများဆိုင်ရာအစည်းအဝေးများနှင့် ၎င်း၏အချို့သော ယန္တယားများကို ၎င်း၏ wecast တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ ယင်း webcast တွင် ယခင်အစည်းအဝေးများ၏ မော်ကွန်းဗီဒီယိုများလည်းပါဝင်ပါသည်။ webcast သို့ဝင်ရောက်ကြည့်ရှုနိုင်ရန် သင့်လျော်သော software ကို ဒေါင်းလုတ်ရပါလိမ့်မည်။

Webcast ဝန်ဆောင်မှုသည် OHCHR ဝက်ဘ်ဆိုက်ရှိ လူ့အခွင့်အရေးကောင်စီ၏ စာမျက်နှာတွင် ရရှိနိုင်ပါသည်။



နောက်ဆက်တွဲ - လူ့အခွင့်အရေးကောင်စီ၊ ၎င်း၏ လုပ်ပိုင်ခွင့်များနှင့် ယန္တယားများတို့နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း

| အစည်းအဝေး/ယန္တယား | အစည်းအဝေးများ (သို့) ယန္တရားများ သို့ မည်သည့် အရပ်ဘက်အဖွဲ့ အစည်း Actor (CSAs) များက တက်ရောက်နိုင်သနည်း | CSAs များက ၎င်းတို့တက်ရောက်သော အစည်းအဝေးများတွင် မည်သို့ပါဝင်နိုင် သနည်း | မည်သည့် CSA သည် (အစည်းအဝေးများ တက်ရောက်ရုံ အပြင်) ယန္တယား ဆိုင်ရာ လုပ်ငန်းတွင် မည် သို့ ပံ့ပိုးကူညီနိုင်မည်နည်း | ယင်းပံ့ပိုးကူညီမှုများကို မည်သို့သော အသွင်ဖြင့် ဆောင်ရွက်နိုင်မည်နည်း |
|---|---|---|---|---|
| လူ့အခွင့်အရေးကောင်စီ၏ ပုံမှန်နှင့် အထူးအစည်းအဝေး များ | ECOSOCနှင့် အတိုင်အပင်ခံ အဆင့်ရှိ NGO များ၊ အသိအမှတ်ပြုချက် ရရှိပြီးလျှင် | • အရေးအသား ထုတ်ပြန်ချက်များ တင်သွင်းခြင်း<br>• နှုတ်ပြောထုတ်ပြန်ချက်များ<br>• အလားတူအစီအစဉ်များ စီစဉ်ကျင်းပခြင်း | ECOSOC နှင့် အတိုင်အပင်ခံရှိ NGO များသာ ပုံမှန်/အထူး အစည်းအဝေးများ သို့ အရေးအသား ထုတ်ပြန်ချက်များ တင်သွင်းနိုင်သည်။ | ECOSOC နှင့် အတိုင်အပင်ခံရှိ NGO များသည် အရေးအသား ထုတ်ပြန်ချက်များ အတွက် လမ်းညွှန်ချက်များကို တိုင်ပင်မှုပြုရမည်။ |
| **ကမ္ဘာ့နိုင်ငံများအားလုံး၏လူ့အခွင့်အရေးအခြေအနေပုံမှန်သုံးသပ်မှု** | ECOSOC နှင့် အတိုင်အပင်ခံ အခြေအနေရှိ NGO များ၊ အသိအမှတ်ချက်ရရှိပြီးလျှင် | • သတင်းအချက်အလက် အစည်းအဝေးများ စီစဉ်ခြင်း<br>• လူ့အခွင့်အရေးကောင်စီ၏ ပုံမှန်အစည်းအဝေးများရှိ ရလဒ် စာတမ်းများ အတည်မပြုမီ အထွေထွေ သုံးသပ်ချက် အကျဉ်းကို ဆောင်ရွက်နိုင်သည်။ | **သက်ဆိုင်ရာ CSA များ** | • အမျိုးသားအစီရင်ခံစာများ ပြင်ဆင်မှုအတွက် အစိုးရများ နှင့် အတူ လုပ်ဆောင်ခြင်း<br>• OHCHR အကျဉ်းချုပ် တွင် ပါဝင်နိုင်မှုအလားအလာ ရှိသည့် ပါဝင်ပတ်သက်သူများ၏ တင်သွင်းမှုများ ကို ပံ့ပိုးကူညီ ခြင်း<br>• UPR ရလဒ်များ အကျဉ်းချုပ် (နိဂုံးများ၊ အကြံပြုချက်များ၊ စေတနာအလျောက် ကတိကဝတ်များ) သို့ နောက်ဆက်တွဲ ဆောင်ရွက်ချက်များ |
| လူ့အခွင့်အရေးကောင်စီ အကြံပေး ကော်မတီ | ECOSOC နှင့် အတိုင်အပင်ခံ အခြေအနေရှိ NGO များ၊ အသိအမှတ်ပြုချက်ရရှိပြီးလျှင် | • အရေးအသားထုတ်ပြန်ချက်များ တင်သွင်းခြင်း<br>• နှုတ်ပြော ထုတ်ပြန်ချက်များ | **သက်ဆိုင်ရာ CSA များ** | အကြံပေးကော်မတီ၌ ခန့်အပ်ရန်အတွက် ကိုယ်စားလှယ်လောင်း အဆိုပြုခြင်း |
| တိုင်ကြားမှုလုပ်ထုံးလုပ်နည်း | CSA များသည် တိုင်ကြားမှု လုပ်ထုံးလုပ်နည်းဆိုင်ရာ အစည်းအဝေးများတွင် မပါဝင်နိုင်ပါ။ | N/A | **သက်ဆိုင်ရာ CSA များ** | • တိုင်ကြားမှုလုပ်ထုံးလုပ်နည်း အရ တိုင်ကြားစာများ တင်သွင်းခြင်း |

| အစည်းအဝေး/ယန္တယား | အစည်းအဝေးများ (သို့) ယန္တရားများသို့ မည်သည့် အရပ်ဘက် အဖွဲ့ အစည်း Actor (CSAs) များက တက်ရောက်နိုင်သနည်း | CSAs များက ၎င်းတို့တက် ရောက်သော အစည်းအဝေးများ တွင် မည်သို့ပါဝင်နိုင်သနည်း | မည်သည့် CSA သည် (အစည်းအဝေးများ တက်ရ ရာက်ရှိ အပြင်) ယန္တယား ဆိုင်ရာ လုပ်ငန်းတွင် မည် သို့ ပံ့ပိုးကူညီနိုင်မည်နည်း | ယင်းပံ့ပိုးကူညီမှုများကို မည်သို့သော အသွင်ဖြင့် ဆောင်ရွက်နိုင်မည်နည်း |
|---|---|---|---|---|
| အထူးလုပ်ငန်းအစီအစဉ် | အထူးလုပ်ငန်းအစီအစဉ်ဆိုင်ရာ နစ်ပတ်လည်အစည်းအဝေး၏ လက်ရွေးစင်ကဏ္ဍများအတွင်း NGO များနှင့် CSA များသည် လုပ်ပိုင်ခွင့် ကိုင်ဆောင်သူများနှင့် တွေ့ဆုံရန် စီစဉ်နိုင်သည်။ | • အထူးလုပ်ငန်းအစီအစဉ်ဆိုင်ရာ နစ်ပတ်လည်အစည်းအဝေး၏ လက်ရွေးစင်ကဏ္ဍများအတွင်း လုပ်ပိုင်ခွင့် ကိုင်ဆောင်သူများနှင့်အတူ အပြန်အလှန်ဆွေးနွေးမှု<br>• ECOSOC နှင့် အတိုင်အပင်ခံအဆင့်ရှိ NGO များသည် လူ့အခွင့်အရေးကောင်စီ၏ ပုံမှန် အစည်းအဝေးများရှိ လုပ်ပိုင်ခွင့် ကိုင်ဆောင်သူများနှင့် ဆွေးနွေးမှု အစည်းအဝေးတက်ရောက်သည့် NGO များ တို့နှင့် ပါဝင်နိုင်သည်။ | သက်ဆိုင်ရာ CSA များ | • အရေးပေါ် အယူခံမှုများ/ တစ်သီး ပုဂ္ဂလ အမှုကိစ္စများကို တင်သွင်း ခြင်း<br>• နိုင်ငံသွားရောက်လည်ပတ်မှု အတွက် ပံ့ပိုးပေးခြင်း<br>• အထူးလုပ်ငန်းအစီအစဉ်များဆိုင်ရာ အလုပ်ကို ထောက်ခံခြင်း၊ ဖြန့်ချိပေးခြင်း၊ နောက်ဆက်တွဲ ဆောင်ရွက်ခြင်းနှင့် အကောင် အထည် ဖော်ဆောင် ခြင်း<br>• လုပ်ပိုင်ခွင့်အာဏာရှိသူများနှင့် တွေ့ဆုံခြင်း<br>• လုပ်ပိုင်ခွင့်ကိုင်ဆောင်သူများ အတွက် ကိုယ်စားလှယ်လောင်း အဆိုတင်သွင်းခြင်း၊ |
| ဖွံ့ဖြိုးတိုးတက်မှုအခွင့်အရေး ဆိုင်ရာ ကန့်သတ်မဲ့ လုပ်ငန်းအဖွဲ့ | ECOSOC နှင့် အတိုင်အပင်ခံအခြေအနေရှိ NGO များ၊ အတည် ပြုချက်ရရှိပြီးလျှင် လုပ်ငန်းအဖွဲ့၏ အစည်းအဝေးများ၏ အများဆိုင်ရာ ကဏ္ဍများသို့ တက်ရောက်နိုင်သည်။ ကျယ်ပြန့်သော CSA အဖွဲ့ အစည်းများသည် အဆင့်မြင့် လုပ်ငန်းအဖွဲ့ ၏ အများဆိုင်ရာ အစည်းအဝေးများတက်ရောက်နိုင်သည်။ | အဆင့်မြင့်လုပ်ငန်းအဖွဲ့ ၏ အစည်းအဝေး များသို့ တက်ရောက်သည့် NGO များသည် အဖွင့် ကြေညာချက် ဆောင်ရွက်ရန် အခွင့်ထူး ရရှိနိုင်ပါသည်။ ယင်းအခွင့်ထူးသည် လုပ်ငန်းအဖွဲ့၏ အစည်းအဝေးများအတွက် မသက်ဆိုင်ပါ။ | သက်ဆိုင်ရာ CSA များ | • အလုပ်အဖွဲ့ထံသို့ ထုတ်ပြန်ချက်များ တင်သွင်းခြင်း<br>• လုပ်ငန်းအဖွဲ့ နှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း<br>• လုပ်ငန်းအဖွဲ့ အကြံပြုချက်များကို အကောင်အထည်ဖော်ဆောင်ရန် ဆောင်ရွက်ခြင်း |
| လူ့အခွင့်အရေးကောင်စီ အကြံပေး ကော်မတီ | ကျယ်ပြန့်သော CSA အဖွဲ့ အစည်းများသည် ၎င်းအစည်းအဝေးများ တက်ရောက်နိုင်သည် | • အစည်းအဝေးများတွင် နိုင်ငံတကာ ယန္တယားများဆိုင်ရာ လူ့အခွင့်အရေး လုပ်ငန်းအပေါ် တုန့်ပြန်မှုများပေးခြင်း<br>• အစည်းအဝေးများတွင့် အကောင်းဆုံး အလေ့အထများကို ဖလှယ်မှုပြုခြင်း အစည်းအဝေးများတွင် အောက်ခြေ အကြောင်းအရာများ တင်ဆက်ခြင်း | သက်ဆိုင်ရာ CSA များ | လူမှုဖိုရမ်သို့ သတင်းအချက်အလက်များ တင်သွင်းခြင်း |

| အစည်းအဝေး/ယန္တယား | အစည်းအဝေးများ (သို့) ယန္တရားများသို့ မည်သည့် အရပ်ဘက် အဖွဲ့ အစည်း Actor (CSAs) များက တက်ရောက်နိုင်သနည်း | CSAs များက ၎င်းတို့တက်ရောက်သော အစည်းအဝေးများတွင် မည်သို့ပါဝင်နိုင် သနည်း | မည်သည့် CSA သည် (အစည်းအဝေးများ တက်ရောက်ရုံ အပြင်) ယန္တယား ဆိုင်ရာ လုပ်ငန်းတွင် မည် သို့ ပံ့ပိုးကူညီနိုင်မည်နည်း | ယင်းပံ့ပိုးကူညီမှုများကို မည်သို့သော အသွင်ဖြင့် ဆောင်ရွက်နိုင်မည်နည်း |
|---|---|---|---|---|
| အသေးအဖွဲ့ ကိစ္စရပ်များဆိုင်ရာဖိုရမ် | အသေးအဖွဲ့ ကိစ္စရပ်များနှင့် ပတ်သက်သော NGO များ၊ တက္ကသိုလ် ဆရာများနှင့် ကျွမ်းကျင်ပညာရှင်များ အပါအဝင် ကျယ်ပြန့်သော CSA အဖွဲ့အစည်းများ၊ | • နှုတ်ပြော တင်ဆက်မှု/ ထုတ်ပြန်ချက်များ<br>• အရေးအသား ထုတ်ပြန်ချက်များ | သက်ဆိုင်ရာ CSA များ | • ဖိုရမ်သို့ သတင်းအချက်အလက်များ တင်သွင်းခြင်း<br>• ECOSOC နှင့် အတိုင်အပင်ခံအဆင့်ရှိ NGO များသည် ဖိုရမ် သဘာပတိအဖြစ် ခန့်အပ်ရန်အတွက် ကိုယ်စားလှယ်လောင်းများ အဆိုပြုနိုင်သည်။ |
| မူရင်းဌာနေပြည်သူများ၏ အခွင့်အရေး ဆိုင်ရာ ကျွမ်းကျင်မှု ယန္တယား | NGO များ၊ မူရင်းဌာနေပြည်သူများ နှင့် အဖွဲ့အစည်းများ အပါအဝင် ကျယ်ပြန့်သော CSA အဖွဲ့အစည်း များသည် | • နှုတ်ပြော တင်ဆက်မှု/ ထုတ်ပြန်ချက်များ<br>• အရေးအသား ထုတ်ပြန်ချက်များ | သက်ဆိုင်ရာ CSA များ | • ကျွမ်းကျင်မှုယန္တယားသို့ သတင်းအချက်အလက်များ တင်သွင်းခြင်း<br>• လွတ်လပ်သော ကျွမ်းကျင်ပညာရှင်များအဖြစ် ခန့်အပ်ရန် ကိုယ်စားလှယ်လောင်းများ အဆိုတင်ပြခြင်း |
| ဒါဗန်ကြေညာစာတမ်းနှင့် လုပ်ဆောင်ချက် အစီအစဉ်၏ ထိရောက်သော အကောင်အထည် ဖော်ဆောင်မှုနှင့် စပ်လျဉ်းသော အစိုးရအချင်းချင်း ဆိုင်ရာ လုပ်ငန်းအဖွဲ့ | ECOSOC နှင့် အတိုင်အပင်ခံအဆင့်ရှိ NGO များ<br><br>ဒါဗန်ကမ္ဘာ့ညီလာခံသို့ တက်ရောက်ရန် အတည်ပြုချက်ရရှိသည့် NGO များ | • နှုတ်ပြော တင်ဆက်မှုများ<br>• အရေးအသား ထုတ်ပြန်ချက်များ | ဘယ်ဖက်ခြမ်းရှိ အမျိုးအစားဘောင်ဝင်သော CSA များသာလျှင် အစိုးရအချင်းချင်း ဆိုင်ရာ လုပ်ငန်းအဖွဲ့သို့ သတင်းအချက်အလက်များ ပံ့ပိုးပေးနိုင်ပါသည်။ | • လုပ်ငန်းအဖွဲ့သို့ သတင်းအချက်အလက်များ တင်သွင်းခြင်း |
| လွတ်လပ်ထင်ပေါ်သော ကျွမ်းကျင်ပညာရှင်များ အဖွဲ့ | အခြေခံမူအားဖြင့်တံခါးပိတ်အစည်းအဝေး များ ဖြစ်သည်။ သို့သော် လုပ်ငန်းအဖွဲ့သည် CSA များကို အမြင်ဖလှယ်ရန် ဖိတ်ကြားနိုင်သည်။ | • နှုတ်ပြော တင်ဆက်မှုများ<br>• အရေးအသား ထုတ်ပြန်ချက်များ | သက်ဆိုင်ရာ CSA များ | • အဖွဲ့သို့ သတင်းအချက်အလက်များ တင်သွင်းခြင်း |

| အစည်းအဝေး/ယန္တယား | အစည်းအဝေးများ (သို့) ယန္တရားများ သို့ မည်သည့် အရပ်ဘက်အဖွဲ့ အစည်း Actor (CSAs) များက တက်ရောက်နိုင်သနည်း | CSAs များက ၎င်းတို့တက် ရောက်သော အစည်းအဝေးများ တွင် မည်သို့ပါဝင်နိုင်သနည်း | မည်သည့် CSA သည် (အစည်းအဝေးများ တက်ဖ ရောက်ရှိ အပြင်) ယန္တယား ဆိုင်ရာ လုပ်ငန်းတွင် မည် သို့ ပံ့ပိုးကူညီ နိုင်မည်နည်း | ယင်းပံ့ပိုးကူညီမှုများကို မည်သို့သော အသွင်ဖြင့် ဆောင်ရွက်နိုင်မည်နည်း |
|---|---|---|---|---|
| အာဖရိကန်နွယ်ဖွားပြည်သူများ ဆိုင်ရာ ကျွမ်းကျင်ပညာရှင် လုပ်ငန်းအဖွဲ့ | ECOSOC နှင့် အတိုင်အပင်ခံအဆင့်ရှိ NGO များ<br><br>ဒါဗန်ကမ္ဘာ့ညီလာခံသို့ တက်ရောက်ရန် အသိအမှတ်ပြုချက်ရရှိသည့် NGO များ | • နှုတ်ပြော တင်ဆက်မှု/ ထုတ်ပြန်ချက်များ<br>• အရေးအသား ထုတ်ပြန်ချက်များ | သက်ဆိုင်ရာ CSA များ | • လုပ်ငန်းအဖွဲ့သို့ သတင်းအချက်အလက်များ တင်သွင်းခြင်း၊<br>• လုပ်ငန်းအဖွဲ့၏ နိုင်ငံအတွင်း မစ်ရှင်ကာလအတွင်း သတင်းအချက်အလက်များ ပံ့ပိုးပေးခြင်း၊<br>• နိုင်ငံသွားရောက်လည်ပတ်မှု ကာလအတွင်း အဖွဲ့ဝင်များနှင့် တွေ့ဆုံခြင်း |
| ဒါဗန်သုံးသပ်မှုညီလာခံ အတွက် ကြိုတင်ပြင်ဆင်ရေး ကော်မတီ<br><br>ဒါဗန်သုံးသပ်မှုညီလာခံ အတွက် ကြိုတင်ပြင်ဆင်ရေး ကော်မတီ ၏ လုပ်ငန်းကို နောက်ဆက်တွဲလုပ်ဆောင်ပေးသည့် အစည်းအဝေးစပ်ကြား ကန့်သတ်မဲ့ အစိုးရအချင်းအချင်း ဆိုင်ရာ လုပ်ငန်းအဖွဲ့ | • ECOSOC နှင့် အတိုင်အပင်ခံ အဆင့်ရှိ NGO များ၊<br>• ဒါဗန်ကမ္ဘာ့ညီလာခံသို့ တက်ရောက်ရန် အသိအမှတ်ပြုချက် ရရှိ သည့် NGO များ၊<br>• NGO (အတိုင်အပင်ခံအဆင့်မရှိ၊ ကမ္ဘာ့ညီလာခံသို့တက်ရောက်မှုမရှိဘူး သော) များသည် ပါဝင်နိုင်ရန် လျှောက်လွှာတင်သွင်းနိုင်သည်။<br>• မူရင်းဌာနေပြည်သူများ၏ ကိုယ်စားလှယ်များ | • နှုတ်ပြော တင်ဆက်မှု/ ထုတ်ပြန်ချက်များ<br>• အရေးအသား ထုတ်ပြန်ချက်များ | ဘယ်ဖက်ခြမ်းရှိ အမျိုးအစားဘောင်ဝင်သော CSA များသာလျှင် ကြိုတင်ပြင်ဆင်ရေး ကော်မတီနှင့် အစည်းအဝေးများအကြား ကန့်သတ်မဲ့ လုပ်ငန်းအဖွဲ့သို့ သတင်းအချက်အလက်များ ပံ့ပိုးပေးနိုင်ပါသည်။ | • ကြိုတင်ပြင်ဆင်ရေးကော်မတီ နှင့် အစည်းအဝေးစပ်ကြား ကန့်သတ်မဲ့ လုပ်ငန်းအဖွဲ့ သို့ အရေးအသား ထုတ်ပြန်ချက်များ တင်သွင်းခြင်း |
| ဖြည့်စွက် စံချိန်စံနှုန်းများ တိုးချဲ့ရေးဆိုင်ရာ Ad Hoc ကော်မတီ | ECOSOC နှင့် အတိုင်အပင်ခံအဆင့်ရှိ NGO များ<br><br>ဒါဗန်ကမ္ဘာ့ညီလာခံသို့ တက်ရောက်ရန် အသိအမှတ်ပြုချက်ရရှိသည့် NGO များ | • နှုတ်ပြော တင်ဆက်မှု/ ထုတ်ပြန်ချက်များ<br>• အရေးအသား ထုတ်ပြန်ချက်များ | သက်ဆိုင်ရာ CSA များ | • Ad Hoc ကော်မတီ သို့ သတင်းအချက်အလက်များနှင့် လေ့လာမှုများ တင်သွင်းခြင်း |

# ၆။ အထူးလုပ်ငန်းအစီအစဉ်များ (SPECIAL PROCEDURES)

## အထူးလုပ်ငန်းအစီအစဉ်များသို့ တစေ့တစောင်း

### *၎င်းတို့သည်မည်သည်နည်း*

**"အထူးလုပ်ငန်းအစီအစဉ်"** ဟူသည် သတ်သတ်မှတ်မှတ်ဖြစ်သော နိုင်ငံ (သို့) နယ်ပယ်ဒေသရှိ လူ့အခွင့်အရေး အခြေအနေများ (**နိုင်ငံအလိုက်လုပ်ပိုင်ခွင့်များ**)၊ သို့မဟုတ် ကမ္ဘာတဝှမ်း ကြီးမားသော လူ့အခွင့်အရေး ချိုး ဖောက်မှုကြီးများ (**ကဏ္ဍအလိုက် အလိုက်လုပ်ပိုင်ခွင့် များ**) တို့ကို စစ် ဆေးရန်၊ စောင့်ကြည့် ရန်၊ အကြံပြုရန် နှင့် အများဆိုင်ရာ အစီရင်ခံမှုပြုရန် တို့အတွက် **လူ့အခွင့်အရေးကော်မရှင်** မှ ချမှတ် ခဲ့သည့် ယေဘုယျ အမည်ဖြစ်ပြီး၊ **လူ့အခွင့်အရေးကောင်စီ** မှ တာဝန်ယူထားခြင်းဖြစ်သည်။ ၂၀၀၈ ခုနှစ် အထိ အထူးလုပ်ငန်းအစီအစဉ် ၂၈ ခု (အကြောင်းအရာအလိုက် လုပ်ပိုင်ခွင့် ၃၀ ခု နှင့် နိုင်ငံအလိုက် လုပ်ပိုင်ခွင့် ၈ ခု) လည်ပတ်ဆောင်ရွက်ခဲ့ပါသည်။

အထူးလုပ်ငန်းအစီအစဉ်များအတွက် ခန့်အပ် ထားသည့် ပုဂ္ဂိုလ်များသည် လွတ်လပ် သော ကျွမ်းကျင်ပညာရှင်များ (လုပ်ပိုင်ခွင့် အာဏာရှိသူများ) ဖြစ်ပြီး ၎င်းတို့အား အထူး ကိုယ်စားလှယ်တော်များ၊ ကိုယ်စားပြုများ၊ အထူး ကိုယ်စားပြုများ၊ လွတ်လပ်သော ကျွမ်းကျင်ပညာရှင်များ သို့မဟုတ် လုပ်ငန်းအဖွဲ့၏ အဖွဲ့ဝင်များ အဖြစ်သိရှိနိုင်ပါသည်။

**ကုလမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး** (OHCHR) သည် ၎င်းတို့၏ လုပ်ပိုင်ခွင့်များပံ့ပိုးပေးရန် အတွက် ဝန်ထမ်းများ၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် သုတေသန အကူအညီများကို စီစဉ်ပေးပါသည်။

### *မည်သို့လုပ်ဆောင်သနည်း။*

အထူးလုပ်ငန်းအစီအစဉ်များသည်

- လူ့အခွင့်အရေးဆိုင်ရာ အမှန်တကယ် ထိခိုက်ခံရ သူများနှင့် ထိခိုက်ခံရနိုင်ဖွယ် အလားအလာရှိသူများတို့နှင့် နေ့စဉ် အပြန်အလှန် ဆက်သွယ်ခြင်းနှင့် ၎င်းတို့၏အခွင့် အရေးများ ကာကွယ်စောင့်ရှောက်ရေး ကို ထောက်ခံအားပေးခြင်း၊
- အစိုးရများနှင့် တိုက်ရိုက် အကြောင်းကြားခြင်းဖြင့် လူ့အခွင့်အရေး ဆိုင်ရာ တစ်သီးပုဂ္ဂလ အမှုကိစ္စများကိုလည်းကောင်း၊ ပို၍ယေဘုယျကျသည်အရေးကိစ္စများကိုလည်း အရေးယူဆောင်ရွက်ပေးခြင်း၊
- နိုင်ငံများတွင် အချက်အလက်များ ရှာဖွေခြင်းလုပ်ငန်းနှင့် အကြံပြုချက်များဆိုင်ရာ အစီရင်ခံစာများ ထုတ်ဝေခြင်းတို့ ဆောင်ရွက်ခြင်း၊
- စံ အဖြစ်လည်းကောင်း၊ စံချိန်စံညွှန်းများဖြစ်လည်းကောင်း လမ်းညွှန်တစ်ခုအဖြစ် ဆောင်ရွက်ပေးသည့် ကဏ္ဍအလိုက် လေ့လာမှု များ စီစဉ်ပေးခြင်း၊
- အရေးကိစ္စများကို မီဒီယာမှတဆင့် ၎င်းတို့၏လုပ်ပိုင်ခွင့်များအတွင်း အများသိရှိစေမည့် အမြင်ဖွင့် ဆောင်ရွက်ပေးခြင်း၊
- ကုလသမဂ္ဂ စာချုပ်အဖွဲ့များ ကဲ့သို့မဟုတ်ဘဲ၊ အထူးလုပ်ငန်းအစီအစဉ်များကို သက်ဆိုင်ရာ စာချုပ် (သို့) သဘောတူစာချုပ်အား အတည်ပြုထားခြင် မရှိသေးသည့် နိုင်ငံတွင်ပင် ဆောင်ရွက်နိုင်ပြီး၊ အထူးလုပ်ထုံး လုပ်နည်းသို့ ချဉ်းကပ်နိုင်ရန် လက်ပန်းကျစေသည့် ပြည်တွင်းကုစားမှုများ မလိုအပ်ပါ။

---

ဤလက်စွဲစာအုပ်ကို digital fomat ဖြင့် OHCHR ဝက်ဘ်ဆိုက်တွင် http://www.ohchr.org/civilsocietyhandbook/ ရရှိနိုင်ပြီး၊ ဤလက်စွာစာအုပ်အား အခန်းလိုက် ဒေါင်းလုတ်ဆွဲယူနိုင်သလို ၎င်းနှင့်ပတ်သက်သည့် အကိုးအကကား link များအာလုံးကိုလည်ညး ထည့်သွင်းပေးထားပါသည်။

***အထူးလုပ်ငန်းအစီအစဉ်များနှင့် မည်သို့ ချိတ်ဆက် ဆောင်ရွက် နိုင်မည်နည်း***

**အရပ်ဘက်အဖွဲ့အစည်း Actors များ သည် တစ်သီးပုဂ္ဂလ ဖြင့်ဖြစ်စေ၊ စုပေါင်း အားဖြင့် ဖြစ်စေ အထူးလုပ်ထုံး လုပ်နည်း များနှင့် ချိတ်ဆက် ဆောင် ရွက်နိုင်ပါ သည်။** ၎င်းအား အောက်ပါ အတိုင်း ဆောင်ရွက်နိုင်သည် -

- အထူးလုပ်ငန်းအစီအစဉ်များသို့ တစ်သီးပုဂ္ဂလအမှုကိစ္စများ၊ တင် သွင်းခြင်း
- သတ်သတ်မှတ်မှတ်ဖြစ်သော လူ့အခွင့်အရေး အရေး အကြောင်း များဆိုင်ရာ သတင်းအချက် အလက်များနှင့် စိစစ်ချက်မှား တို့ကို စီစဉ်ပေးခြင်း၊
- အထူးလုပ်ငန်းအစီအစဉ်များ၏ နိုင်ငံ အတွင်းလာရောက်မှုကို ပံ့ပိုးမှု ပေးခြင်း
- အထူးလုပ်ငန်းအစီအစဉ်များ၏ လုပ်ငန်း အား လှုံ့ဆော်ပေးခြင်း၊ ဖြန့်ချီပေး ခြင်း၊ နောက်ဆက်တွဲ ဆောင်ရွက် ပေးခြင်းနှင့် အကောင် အထည်ဖော် ဆောင်ပေးခြင်းတို့ကို ဒေသန္တာရ အဆင့် (သို့) အမျိုးသား အဆင့် ဆောင်ရွက်ခြင်း၊
- အထူးလုပ်ငန်းအစီအစဉ်လုပ်ပိုင် ခွင့်ကိုင်ဆောင်သူများအား ၎င်းတို့၏ အစပျိုးဆောင်ရွက်မှုများတွင် ပါဝင်စေခြင်း၊
- တစ်နှစ်ပတ်လုံးတွင် တစ်ဦးခြင်း လုပ်ပိုင်ခွင့်အာဏာရှိသူများ အားတွေ့ဆုံခြင်းနှင့် အထူလုပ်ငန်း စဉ်များ လုပ်ပိုင်ခွင့် ကိုင်ဆောင် သူများ၏ နှစ်ပတ်လည် အစည်း အဝေးများတွင် ပါဝင်ခြင်း တို့ ဖြစ်သည်။

အရပ်ဘက်အဖွဲ့အစည်း Actor များသည် အထူးလုပ်ငန်းအစီအစဉ် လုပ်ပိုင်ခွင့် အာဏာရှိသူများ အဖြစ် ကိုယ်စားလှယ်လောင်းများကို အဆို တင်သွင်းနိုင်ပါသည်။

**အထူးလုပ်ငန်းအစီအစဉ် လုပ်ပိုင်ခွင့် အာဏာရှိသူများအား ဆက်သွယ်ရန်**
(Contacting special procedures mandate-holders)

E-mail: SPDInfo@ohchr.org (for general inquiries and information) urgent-action@ohchr.org (for individual cases/complaints only)
Fax: +41 (0)22 917 90 06
Post: Quick Response Desk
Office of the United Nations High Commissioner for Human Rights
Palais des Nations
8–14, avenue de la Paix
CH–1211 Geneva 10 - Switzerland

**အရပ်ဘက်အဖွဲ့အစည်း Actor များသည် Email (သို့) Fax ၏ subect line အပေါ်တွင် (သို့) စာအိတ်အပေါ်တွင် မိမိတို့ဆက်သွယ်လိုသည့် အထူး လုပ်ထုံးလုပ်နည်းကို ဖော်ပြရပါမည်။**

အထူးလုပ်ငန်းအစီအစဉ်အားလုံးအတွက် ဆက်သွယ်ရမည့်လိပ်စာမှာတူညီနေပါသဖြင့် ရှင်းလင်းသော အကြောင်း အရာ ဖော်ပြချက် (သို့) စာအရေးအသား ရည်ရွယ်ချက်ရှင်းမှုရှိရှိခြင်းက လျင်မြန်စွာ တုန့်ပြန်မှုကို ဖြစ်စေပါမည်။

ရေးသားသည့်စာသည် ကျယ်ပြန့်သော သတင်းအချက်အလက်ကို တင်သွင်းရန် ရည်ရွယ်ခြင်း၊ တစ်သီးပုဂ္ဂလ တိုင်ကြားမှု၊ သို့မဟုတ် တောင်းဆိုမှုအမျိုးစား (ဥပမာ ညီလာခံတစ်ရပ်တက်ရောက်ရန်ဖိတ်ကြားခြင်း၊ လုပ်ပိုင်ခွင့် ကိုင်ဆောင်သူ များနှင့်/သို့မဟုတ် လက်ထောက်များဖြင့် တွေ့ဆုံရန် တောင်းဆိုမှု) တစ်ခုခုကို တိတိကျကျဖော်ပြရန် အရေးကြီးပါသည်။

## အထူးလုပ်ငန်းအစီအစဉ်များသည် မည်သည်တို့ဖြစ်သနည်း

### အထူးလုပ်ငန်းအစီအစဉ်နှင့် မိတ်ဆက်ပေးခြင်း

**"အထူးလုပ်ငန်းအစီအစဉ်"** ဟူသည် သတ်သတ်မှတ်မှတ်ဖြစ်သော နိုင်ငံရှိ အခြေ အနေများ သို့မဟုတ် ကမ္ဘာနယ်ပယ် အားလုံးရှိ အကြောင်းအရာ အလိုက် အရေးကိစ္စရပ်များ တို့ကို ကိုင်တွယ်ဖြေရှင်းရန် **လူ့အခွင့်အရေးကော်မရှင်** မှ ချမှတ်ခဲ့သည့် ယန္တယားများ အတွက် ပေးထားသော ယေဘုယျ အမည် ဖြစ်ပြီး၊ **လူ့အခွင့်အရေးကောင်စီ** မှ ဆက်လက် တာဝန်ယူထားခြင်းဖြစ်သည်။ အထူးလုပ်ငန်းအစီအစဉ်၏ အဓိက လက္ခဏာမှာ ကမ္ဘာ့ဌ မည်သည့်နေရာ၊ မည်သည့်အချိန်တွင်မဆို လူ့အခွင့်အရေးချိုးဖောက်မှု အဖြစ်အပျက်အား စွပ်စွဲချက်ကို လျင်မြန်စွာ တုန့်ပြန်နိုင်စွမ်းဖြစ်သည်။

အထူးလုပ်ငန်းအစီအစဉ်များလုပ်ပိုင်ခွင့်များသည် အများအားဖြင့် လုပ်ပိုင်ခွင့်အာဏာရှိသူများအား တိကျသော နိုင်ငံများ (သို့) နယ်ပယ်ဒေသများရှိ လူ့အခွင့်အရေး အခြေ အနေများ (**နိုင်ငံအလိုက်လုပ်ပိုင် ခွင့်များ**)၊ သို့မဟုတ် ကမ္ဘာတဝှမ်း ကြီးမားသော လူ့အခွင့်အရေး ချိုး ဖောက်မှုကြီးများ (**အကြောင်းအရာ အလိုက်လုပ်ပိုင်ခွင့် များ**) တို့ကို စောင့်ကြည့်ရန်၊ အကြံပြုရန် နှင့် အများဆိုင်ရာ အစီရင်ခံမှုပြုရန် သတ်မှတ်ထားလေသည်။ အထူးလုပ်ငန်းအစီအစဉ်တစ်ခုချင်းစီတိုင်း၏ လုပ်ပိုင်ခွင့်များကို ၎င်းအား ချမှတ်ထားသည့် ဆုံးဖြတ်ချက်များတွင် သတ်မှတ်ထားပြီးဖြစ်သည်။ လူ့အခွင့်အရေး ကောင်စီမှ အခြားဆုံးဖြတ်ချက်များ မပြုသော် ကဏ္ဍအလိုက် လုပ်ပိုင်ခွင့်များကို ၃ နှစ်တစ်ကြိမ် ပြန်လည် ပြုပြင်ပြီး နိုင်ငံအလိုက်လုပ်ပိုင်ခွင့်များကို နှစ်စဉ်ပြုပြင်မှု ရှိပါသည်။[56] ၂၀၀၈ ခုနှစ် စက်တင်ဘာလတွင် အထူးလုပ်ငန်းအစီအစဉ်ပေါင်း ၃၈ ခု ဆောင်ရွက်ခဲ့ပြီး ၎င်းတွင် ကဏ္ဍအလိုက် လုပ်ပိုင်ခွင့်သည် ၃၀ ခု ဖြစ်ပြီး နိုင်ငံအတွင်း လုပ်ပိုင်ခွင့်သည် ၈ ခု ဖြစ်သည် (ဤအခန်း၏ နောက်ဆက်တွဲတွင် ကြည့်ပါ)။

အထူးလုပ်ငန်းအစီအစဉ်များ လုပ်ပိုင်ခွင့်အာဏာရှိသူများသည် တစ်သီးပုဂ္ဂလ (အထူးကိုယ်စားလှယ်တော်၊ အထွေထွေ အတွင်းရေးမှူး၏ အထူးကိုယ်စားလှယ်တော်၊ အထွေထွေအတွင်းရေးမှူး၏ ကိုယ်စားလှယ် သို့မဟုတ် ပုဂ္ဂလိက ကျွမ်းကျင်ပညာရှင်) ဖြစ်စေ၊တစ်သီးပုဂ္ဂလများ အဖွဲ့တစ်ခု (လုပ်ငန်းအဖွဲ့) ဖြစ်စေ တစ်ခုခုဖြစ်နိုင်သည်။[57] လုပ်ပိုင်ခွင့်အာဏာရှိသူများသည် ၎င်းတို့၏ပုဂ္ဂိုလ်ရေးရာစွမ်းဆောင်ရည်အလိုက် အများဆုံး ၆ နှစ်အထိ တာဝန်ထမ်းဆောင်နိုင်ပြီး၊ ၎င်းတို့၏ ဆောင်ရွက်မှုအတွက် လခ သို့မဟုတ် ငွေကြေးဆိုင်ရာ လုပ်အားခ တစ်စုံတစ်ရာ မရရှိကြပါ။ လုပ်ပိုင်ခွင့် အာဏာရှိသူ များ၏ ပုဂ္ဂလိကလွတ်လပ်မှုအခြေအနေသည် ၎င်းတို့၏ လုပ်ငန်းများအား ဘက်မလိုက်ဘဲဆောင်ရွက်နိုင်ရန် အတွက် အရေးကြီးလှပါသည်။

**ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံး** (OHCHR) သည် အထူးလုပ်ငန်းအစီအစဉ်များ လုပ်ပိုင်ခွင့်ကိုင်ဆောင်သူများအား ၎င်းတို့၏တာဝန်များကို ပံ့ပိုးပေါ်ရန် ဝန်ထမ်းများ၊ ထောက်ပံ့ပို့ဆောင်ရေးများနှင့် သုတေသနအကူအညီများကို စီစဉ်ပေးပါသည်။

အထူးလုပ်ငန်းအစီအစဉ်များ လုပ်ပိုင်ခွင့်အာဏာရရှိသူများသည် -

- မြောက်များစွာသောအရင်းအမြစ်များမှ ပေးပို့သည့် လူ့အခွင့်အရေးအခြေအနေများဆိုင်ရာ သတင်းအချက်အလက်များကို ရရှိ စိစစ်မှုပြုပြီး ၎င်းကို စဉ်ဆက်ဆောင်ရွက်သည်၊
- မိတ်ဖက်အဖွဲ့များဖြစ်သည့် ကုလသမဂ္ဂအတွင်းနှင့် အပြင်ရှိ အစိုးရများနှင့် အစိုးရမဟုတ်သည့်အဖွဲ့အစည်းများနှင့် ကွန်ယက်ချိတ်ဆက်ပြီး သတင်းအချက်အလက်များ မျှဝေမှုပြုသည်၊
- ချိုးဖောက်မှုများဆိုင်ရာ စွပ်စွဲချက်များအတွက် အစိုးရများထံမှ အမြဲတမ်း အရေးတကြီး ရှင်းလင်းချက်တောင်းဆိုပြီး၊ လိုအပ်က လူ့အခွင့်အရေးခံစားစံစားမှုကို အာမခံ ပေးမှု (သို့) ပြန်လည်တည်ဆောက်မှုအတွက် ကာကွယ်ဆောင်ရွက်မှုများ ကို အစိုးရများမှ ချမှတ်ရန် တောင်းဆိုသည်၊

[56] See resolution 5/1, annex, para. 60, and "Terms of office of special procedure mandate-holders" (A/HRC/PRST/8/2).

[57] Working groups are commonly composed of five members, one drawn from each of the five United Nations regional groups: Africa; Asia; Latin America and the Caribbean; Eastern Europe; and Western Europe and others.

- အချို့သောလူ့အခွင့်အရေးအခြေအနေများနှင့် ဖြစ်ရပ်များအကြောင်းလည်းကောင်း၊ လူ့အခွင့်အရေးဆိုင်ရာ ခြိမ်းခြောက်မှုများနှင့် ချိုးဖောက်မှုများအကြောင်းကိုလည်းကောင်း အမြင်ဖွင့်ပေးသည်။
- အချို့သောအခြေအနေများသည် အလွန်ခိုင်လုံပါက ၎င်းတို့၏အရေးကိစ္စရပ်များကို မီဒီယာမှလည်းကောင်း အခြားသောအများပြည်သူကြေညာချက်များမှလည်းကောင်း ဆက်သွယ်ပေးသည်၊
- ၎င်းတို့၏သက်ဆိုင်ရာလုပ်ပိုင်ခွင့်များနှင့်စပ်လျဉ်းပြီး နိုင်ငံများသို့သွားရောက်ကာ လူ့အခွင့်အရေးအခြေအနေများ အကဲဖြတ်သုံးသပ်ပြီး၊ ၎င်းအခြေအနေများတိုးတက်စေမည့်အမြင်ဖြင့် အစိုးရများထံ အကြံပြုချက်များ ချမှတ်ပေးသည်၊
- လူ့အခွင့်အရေးကောင်စီသို့ အစီရင်ခံပြီး အကြံပြုချက်များ ချမှတ်ပေးသည်။ ၎င်းတို့၏လုပ်ပိုင်ခွင့်နှင့် သက်ဆိုင်လာပါက အထွေထွေညီလာခံသို့ (အချို့သောအမှုကိစ္စများကို လုံခြုံရေးကောင်စီသို့) ၎င်းတို့၏ လုပ်ပိုင်ခွင့်အရ ပုံမှန်လှုပ်ရှားမှုများ၊ နယ်ဒေသများသွားရောက်ခြင်းနှင့် အချို့သော ကဏ္ဍအလိုက် ဦးတည်ရာများနှင့် အခြေအနေများကို အစီရင်ခံခြင်း အကြံပြုချက်များပေးခြင်း ဆောင်ရွက်သည်။
- လုပ်ပိုင်ခွင့်ဆိုင်ရာ ဦးစားပေးဒေသများအတွက် အုပ်ချုပ်ရေးဆိုင်ရာ စံ နှင့် စံချိန်စံညွှန်းများဖွံ့ဖြိုးမှုအတွက် အကြောင်းအရာအလိုက် လေ့လာမှုများ ပံ့ပိုးပေးပြီး၊ အချို့သောအကြောင်းကိစ္စများအတွက် ဥပဒေရေးရာကျွမ်းကျင်မှုများ ပံ့ပိုးပေးနိုင်သည်။

### အထူးလုပ်ငန်းအစီအစဉ်စနစ် အား သုံးသပ်ခြင်း၊ ထိရောက်မှုဆန်းစစ်ခြင်းနှင့် တိုးတက်မှု

အထွေထွေညီလာခံသည် **ဆုံးဖြတ်ချက် ၆၀/၂၅၁** အရ လူ့အခွင့်အရေးကောင်စီမှ အထူးလုပ်ငန်းအစီအစဉ်စနစ်အား သုံးသပ်ရန်၊ လိုအပ်က ထိရောက်မှုဆန်းစစ်ခြင်းနှင့် တိုးတက်မှုတို့ကို ဆောင်ရွက်ရန် သတ်မှတ်ထားသည်။ **ဆုံးဖြတ်ချက် ၅/၁** တွင် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ အင်စတီကျူးရှင်း-တည်ဆောက်မှုအရ၊ ကောင်စီသည် အထူးလုပ်ငန်းအစီအစဉ်များ လုပ်ပိုင်ခွင့်အာဏာရှိသူများအတွက် အသစ်သောရွေးချယ်မှုနှင့် ခန့်အပ်မှု လုပ်ထုံးလုပ်နည်းများကို တိုးချဲ့ခဲ့ပြီး၊ အထူးလုပ်ထုံးလုပ်နည်းများလုပ်ပိုင်ခွင့်များအား သုံးသပ်ခြင်း၊ ထိရောက်မှုဆန်းစစ်ခြင်းနှင့် တိုးတက်မှု တို့အတွက် လုပ်ငန်းစဉ်တစ်ရပ် ချမှတ်ခဲ့ပြီးဖြစ်သည်။ ကောင်စီသည် **ဆုံးဖြတ်ချက် ၅/၂** ကို အတည်ပြုခဲ့ရာ ၎င်းတွင် လူ့အခွင့်အရေးကောင်စီ ၏ အထူးလုပ်ငန်းအစီအစဉ်များ လုပ်ပိုင်ခွင့်အာဏာရှိသူများ၏ ကျင့်ဝတ်စည်းကမ်းများကို ချမှတ်ပေးထားလေသည်။

နိုင်ငံ ၂ နိုင်ငံ၏ လုပ်ပိုင်ခွင့် (ဘယ်လာရုစ်နှင့် ကျူးဘား) များကို ဆုံးဖြတ်ချက် ၅/၁ အရ ရပ်ဆိုင်းခဲ့ပါသည်။ ကောင်စီသည် ၎င်း၏ ၉ ကြိမ် မြောက် ပုံမှန်အစည်းအဝေးပြီးဆုံးပြီးနောက် ကဏ္ဍအလိုက်လုပ်ပိုင်ခွင့် အသစ် ၂ ခုကို (**ခေတ်ပေါ် ကျွန်ပြုမှုပုံစံများ ဆိုင်ရာ အထူးကိုယ်စားလှယ်တော်၊ အကြောင်းခံနှင့် အကျိုးအဆက်များအပါအဝင်၊** နှင့် **ဘေးကင်းသော သောက်သုံးရေနှင့် သန့်ရှင်းမှုတို့ရရှိရေးနှင့်စပ်လျဉ်းသည့် လူ့အခွင့်အရေးတာဝန်များ၏ အရေးကိစ္စဆိုင်ရာ ပုဂ္ဂလိက ကျွမ်းကျင်ပညာရှင်)** အပ်နှင်းခဲ့ပြီး နိုင်ငံ ၂ နိုင်ငံ၏ လုပ်ပိုင်ခွင့်များ (ကွန်ဂို ဒီမိုကရက်တစ်သမ္မတနိုင်ငံ နှင့် လိုင်ဘေးရီးယားနိုင်ငံ) တို့ကို ထပ်မံရပ်ဆိုင်းခဲ့သည်။

**လူ့အခွင့်အရေးကောင်စီ**အကြောင်း ပိုမိုသိရှိလိုသော ဤလက်စွဲစာအုပ်၏ **အခန်း ၅ (လူ့အခွင့်အရေးကောင်စီ)** သို့ကြည့်ပါ။

## လုပ်ပိုင်ခွင့်အာဏာရရှိသူများ ရွေးချယ်ခန့်အပ်ခြင်း

### ခန့်အပ်မှုအတွက် အထွေထွေစံသတ်မှတ်ချက်

ဆုံးဖြတ်ချက် ၅/၁ နှင့်အညီ အောက်ပါအထွေထွေစံသတ်မှတ်ချက်များအား လုပ်ပိုင်ခွင့်အာဏာရှိသူများကို အဆိုပြုခြင်း၊ ရွေးချယ်ခြင်းနှင့် ခန့်အပ်ခြင်းတို့အတွက် အသုံးချပါသည် -

- ကျွမ်းကျင်မှု
- လုပ်ပိုင်ခွင့်နယ်ပယ်တွင် အတွေ့အကြုံရှိမှု
- အမှီအခိုကင်း/လွတ်လပ်မှု
- ဘက်မလိုက်မှု
- ပုဂ္ဂိုလ်ရေးရာဖြောင့်မတ်တည်ကြည်မှု နှင့်
- ဓမ္မဓိဌာန်ကျမှု

လုပ်ပိုင်ခွင့်အာဏာရှိသူများခန့်အပ်ရာတွင် ကျား၊မ ဟန်ချက်ညီမျှမှုနှင့် ပထဝီနယ်ပယ်ကိုယ်စားပြု အချိုးကျမှုသာမက ခြားနားသော ဥပဒေရေးရာစနစ်ဆိုင်ရာ သင့်လျော်သော ကိုယ်စားပြုမှုတို့ကို ထည့်သွင်းစဉ်းစားပေးပါသည်။

### မည်သူတို့သည် ခန့်အပ်ရန် အရည်အချင်းပြည့်မီသနည်း

လူ့အခွင့်အရေးနယ်ပယ်တွင် အခြေခိုင်သော အစွမ်းအစ၊ သက်ဆိုင်ရာကျွမ်းကျင်မှု၊ ကျယ်ပြန့်သည့် ပညာရှင်ပီသသော အတွေ့အကြုံတို့ ရှိထားပြီး အချိန်ပေးနိုင်သော  အဆင့်မြင့်အရည်အချင်းပြည့်မီသည့် တစ်သီးပုဂ္ဂလများကို လုပ်ပိုင်ခွင့်ကိုင်ဆောင်သူများအဖြစ် ခန့်အပ်ရန်အတွက် အရည်အချင်းပြည့်မီသောကိုယ်စားလှယ်လောင်းများအဖြစ် စဉ်းစားပါသည်။[58]

အစိုးရ သို့မဟုတ် အခြားသော အဖွဲ့အစည်း (အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ (NGO) များအပါအဝင်)တို့တွင် ဆုံးဖြတ်ချက်ချမှတ်မှု ရာထူးများကိုင်ဆောင်ထားသည့် တစ်သီးပုဂ္ဂလများ၊ သို့မဟုတ် လုပ်ပိုင်ခွင့်တွင် ချမှတ်ထားသည့် တာဝန်ဝတ္တရား များနှင့် အကျိုးစီးပွားဝိရောဓိ ဖြစ်ပေါ်စေနိုင်မည့် အမျိုးသားလူ့အခွင့်အရေးအင်စတီကျူးရှင်းများ (NHRIs) နှင့်အခြားသော လူ့အခွင့်အရေးဆိုင်ရာအဖွဲ့အစည်းများကို ဖယ်ထုတ်ထားပါသည်။

လုပ်ပိုင်ခွင့်အာဏာရှိသူများ ခန့်အပ်ရာတွင် လူ့အခွင့်အရေးဆိုင်ရာလုပ်ငန်းများ၏ non-accumulation အခြေခံမှု များကိုလည်း လိုက်နာပါသည်။ ဆိုလိုသည်မှာ လူတစ်ဦးချင်းစီသည် ကုလသမဂ္ဂလူ့အခွင့်အရေးလုပ်ပိုင်ခွင့်များစွာကို တစ်ချိန်တည်းတွင် ဆောင်ရွက်မှုမပြုရန်ဖြစ်သည်။

### ကိုယ်စားလှယ်လောင်းများကို မည်သူက အဆိုတင်သွင်းနိုင်သနည်း

အောက်ဖော်ပြပါတို့သည် အထူးလုပ်ငန်းအစီအစဉ်များလုပ်ပိုင်ခွင့်အာဏာရှိသူများအတွက် ကိုယ်စားလှယ်လောင်းများကို အဆိုတင်သွင်းနိုင်သည်။

- အစိုးရများ၊
- ကုလသမဂ္ဂလူ့အခွင့်ရေးစနစ်အတွင်းလုပ်ဆောင်နေသည့် ဒေသဆိုင်ရာအဖွဲ့များ၊
- နိုင်ငံတကာအဖွဲ့အစည်းများ သို့မဟုတ် ၎င်းတို့၏ရုံးများ (ဥပမာ၊ OHCHR)၊
- NGO များ
- အခြားသော လူ့အခွင့်အရေးအဖွဲ့အစည်း
- တစ်သီးပုဂ္ဂလများ

[58] See also Human Rights Council decision 6/102.

## အများဆိုင်ရာကိုယ်စားလှယ်လောင်းစာရင်းနှင့် လစ်လပ်မှုစာရင်း

ရရှိထားသည့်အဆိုတင်သွင်းမှုများအပေါ်အခြေခံ၍ OHCHR သည် အများဆိုင်ရာ အရည်အချင်းပြည့်မီသည့် ကိုယ်စားလှယ်လောင်းများ စာရင်းကို ပြင်ဆင်ပေးခြင်း၊ ထိန်းသိမ်းပေးခြင်းနှင့် ပုံမှန် update လုပ်ခြင်းတို့ကို ဆောင်ရွက်သည်။ ၎င်းတွင် ကိုယ်စားလှယ်လောင်း၏ ကိုယ်ရေးကိုယ်တာအချက်အလက်၊ ကျွမ်းကျင်မှုနယ်ပယ်နှင့် ပရော်ဖက်ရှင်နယ် အတွေ့အကြုံများဖော်ပြချက်များပါဝင်သည်။ OHCHR သည် ကျရောက်တော့မည့်လုပ်ပိုင်ခွင့် လစ်လပ်မှုများကို ထုတ်ဝေပေးပါသည်။

**အများဆိုင်ရာကိုယ်စားလှယ်များစာရင်း** သည် ကော်စီ၏ Extranet တွင် အထူးလုပ်ငန်းအစီအစဉ်များကဏ္ဍအောက်တွင် တွေ့ရှိနိုင်ပါသည်။

### အတိုင်အပင်ခံအဖွဲ့

ဒေသဆိုင်ရာအဖွဲ့ ၅ ဖွဲ့မှ အဖွဲ့ဝင်တစ်ဦးချင်းစီပါဝင်သည့် အတိုင်အပင်ခံအဖွဲ့သည် ၎င်းတို့၏ ပုဂ္ဂိုလ်ရေးရာ စွမ်းဆောင်ရည်အလိုက်လုပ်ဆောင်ရာ၊ OHCHR အများဆိုင်ရာ စာရင်းကို စစ်ဆေးခြင်းနှင့် လူ့အခွင့်အရေးကောင်စီ ဥက္ကဋ္ဌ၏ ထည့်သွင်းစဉ်းစားမှုအတွက် ၎င်း၏ ကိုယ်စားလှယ်လောင်းစာရင်း ကို အဆိုပြုခြင်းတို့အား ဆောင်ရွက်ပေးသည်။ အဖွဲ့၏ အကြံပြုချက်သည် အများဆိုင်ရာဖြစ်ပြီး အထောက်အထားခိုင်လုံရပါမည်။

**လစ်လပ်သည့် လုပ်ပိုင်ခွင့် တစ်ခုချင်းစီတိုင်းအတွက် လိုအပ်သော ကျွမ်းကျင်မှုများ၊ အတွေ့အကြုံများ၊ အတတ်ပညာ များနှင့် အခြား သက်ဆိုင်ရာ သတ်မှတ်ချက်များကို စိစစ်ရာတွင် အတိုင်အပင်ခံအဖွဲ့သည် လက်ရှိ သို့မဟုတ် ထွက်ခွါသွားမည့် လုပ်ပိုင်ခွင့် အာဏာရှိသူများအပါအဝင် ပါဝင်ပတ်သက်သူများ၏ အမြင်များကိုလည်း အလျင်းသင့်သလို ထည့်သွင်းစဉ်းစား ပါသည်။** အတိုင်အပင်ခံအဖွဲ့ကို OHCHR မှ ပံ့ပိုးကူညီပါသည်။

### လုပ်ပိုင်ခွင့်အာဏာရှိသူများကို ခန့်အပ်ခြင်း

အတိုင်အပင်ခံအဖွဲ့၏ အကြံပြုချက်များအပေါ်လည်းကောင်း၊ ကျယ်ပြန့်သောအတိုင်အပင်ခံမှုများအပေါ်လည်းကောင်း အခြေပြု၍ ကောင်စီဥက္ကဋ္ဌသည် လစ်လပ်မှုတစ်ခုချင်းစီအတွက် သင့်လျော်သော ကိုယ်စားလှယ်လောင်းများကို ဖော်ပြသည့် ၎င်း၏ကိုယ်ပိုင်စာရင်းကို ထုတ်လွှတ်ပါသည်။ ၎င်းစာရင်းအား ကောင်စီဝင်များနှင့် လေ့လာသည့်နိုင်ငံများထံသို့ အစည်းအဝေးမတိုင်မီ အနည်းဆုံး ၂ ပတ်အလိုတွင် တင်ဆက်ပေးပြီး၊ လိုအပ်ပါက ဥက္ကဋ္ဌသည် ၎င်းမှအဆိုပြုထားသည့် ကိုစားလှယ်လောင်းများ အတည်ပြုရရှိစေရန် ထပ်မံသော အတိုင်အပင်ခံများကို ဆောင်ရွက်ပေးပါသည်။ ခန့်အပ်မှု ဖြစ်စဉ်သည် ဥက္ကဋ္ဌ၏စာရင်းအား ကောင်စီ၏ အတည်ပြုချက်ရရှိမှုနှင့်အတူ ပြီးဆုံးသွားပါသည်။

**ကိုယ်စားလှယ်လောင်းများဆိုင်ရာ အတိုင်အပင်ခံအဖွဲ့၏စာရင်းနှင့် ဥက္ကဋ္ဌ၏စာရင်းများအား** ကောင်စီ၏ Extranet တွင် အထူးလုပ်ငန်းအစီအစဉ်များစက်ရှင်တွင် တွေ့ရှိနိုင်ပါသည်။

VI

## အထူးလုပ်ငန်းအစီအစဉ်များဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးနှင့် ညှိနှိုင်းရေးအစည်းအဝေး

၁၉၉၄ ခုနှစ်မှစ၍ ဂျီနီဗာတွင် ကျင်းပသော အထူးလုပ်ငန်းအစီအစဉ်များ လုပ်ပိုင်ခွင့်အာဏာရှိသူများ၏ နှစ်ပတ်လည် အစည်းအဝေးများကို **ဗီယင်နာ လူ့အခွင့်အရေးဆိုင်ရာကမ္ဘာ့ညီလာခံ** ၏ နောက်ဆက်တွဲအဖြစ် စီစဉ်ကျင်းပခြင်းဖြစ်သည်။ ကမ္ဘာ့ညီလာခံတွင် အတည်ပြုခဲ့သည့် **ဗီယင်နာကြေညာစာတမ်းနှင့် လုပ်ဆောင်ချက်အစီအစဉ်** သည် အထူးလုပ်ငန်းအစီအစဉ် များ၏ စနစ်အား ထိန်းသိမ်းခြင်းနှင့် အားဖြည့်ပေးခြင်း အရေးကြီးပုံကို မီးမောင်းထိုးခဲ့ပြီး၊ ပုံမှန်အစည်းအဝေးများအားဖြင့် ၎င်းတို့၏ လုပ်ငန်းအား သဟဇာတဖြစ်စေရန်နှင့် ထိရောက်မှုဆန်းစစ်ရန်တို့အတွက် အဆိုပါ အထူးလုပ်ငန်းအစီအစဉ်များကို သတ်မှတ်ခဲ့ပါသည်။

**နှစ်ပတ်လည်အစည်းအဝေးသည် အဖွဲ့ဝင်နိုင်ငံများ၊ လူ့အခွင့်အရေးကောင်စီ၏ ဗျူရို၊ လူ့အခွင့်အရေးစာချုပ်အဖွဲ့များ၊ NGO များ နှင့် အခြားသော အရပ်ဘက်အဖွဲ့အစည်း Actor များအတွက်လည်းကောင်း၊ ၎င်းတို့၏ နိုင်ငံသွားရောက်မှုများနှင့် အကြံပြုချက်များ၏ နောက်ဆက်တွဲ ဆောင်ရွက်မှုကဲ့သို့သော အရေးကိစ္စများဆိုင်ရာ ကုလသမဂ္ဂအတွင်းအရေးမှူးရုံးအဖွဲ့၏ ကိုယ်စားလှယ်တော်များ၊ အေဂျင်စီများ နှင့် အစီအစဉ်များလည်းကောင်း အချင်းချင်းတွေ့ဆုံမှုဖြစ်စေပြီး ၎င်းတို့အမြင်များ ဖလှယ်ကြရန် အခွင့်ထူးတစ်ရပ် ပေးပါသည်။**

**အထူးလုပ်ငန်းအစီအစဉ်ဆိုင်ရာနှစ်ပတ်လည်အဝေးအဝေး** ၏ လက်ရှိ သတင်းအချက်အလက်များအတွက် OHCHR ဝက်ဘ်ဆိုက်သို့ သွားရောက်ပေးပါ။

**အထူးလုပ်ငန်းအစီအစဉ်ဆိုင်ရာ ညှိနှိုင်းရေးကော်မတီ** ကို ၂၀၀၅ ခုနှစ်တွင် အထူးလုပ်ငန်းအစီအစဉ်များ လုပ်ပိုင်ခွင့် ကိုင်ဆောင်သူများ၏ ၁၂ နှစ်မြောက် နှစ်ပတ်လည်အစည်းအဝေးတွင် ဖွဲ့စည်းပေးခဲ့ပါသည်။ ညှိနှိုင်းရေးကော်မတီမှ လုပ်ပိုင်ခွင့်အာဏာရှိသူများအကြား ညှိနှိုင်းဆောင်ရွက်မှုပေးပြီး အထူးလုပ်ငန်းအစီအစဉ်များနှင့် OHCHR ၊ ပိုမို ကျယ်ပြန့်သော ကုလသမဂ္ဂလူ့အခွင့်အရေးစနစ်၊ နှင့် အရပ်ဘက်အဖွဲ့အစည်း Actor များတို့အကြား တံတားတစ်ခု သဖွယ် ပံ့ပိုးဆောင်ရွက်ပေးပါသည်။

ညှိနှိုင်းရေးကော်မတီသည် တစ်နှစ်သက်တမ်းဖြင့်ရွေးချယ်ထားသော လုပ်ပိုင်ခွင့်အာဏာရှိသူ ၆ ဦးအားဖွဲ့စည်းပြီး၊ ၎င်းတို့မှ တစ်ဦးကသဘာပတိဆောင်ရွက်ပးသည်။[59] ၎င်းအဖွဲ့ဝင်များအား နှစ်ပတ်လည်အစည်းအဝေးတွင် ရွေးကောက်တင်မြှောက်ရာ၊ ကော်မတီတွင် ဒေသဆိုင်ရာနှင့် ကျား၊မ အချိုးကျမှုလည်းကောင်း၊  နိုင်ငံအလိုက် အထူးလုပ်ငန်းအစီအစဉ်များ လုပ်ပိုင်ခွင့် အာဏာရှိသူများ၏ ကိုယ်စားပြုမှု ဟန်ချက်ညီစေရန်လည်းကောင်း ထည့်သွင်းစဉ်းစားပါသည်။ ညှိနှိုင်းရေးကော်မတီအား ၎င်း၏လုပ်ငန်းကို OHCHR ၏ အထူးလုပ်ငန်းအစီအစဉ်ဌာနခွဲမှ ပံ့ပိုးကူညီပေးပါသည်။

**အထူးလုပ်ငန်းအစီအစဉ်ဆိုင်ရာ ညှိနှိုင်းရေးကော်မတီ** ၏လက်ရှိ အကြောင်း ပိုမိုသိရှိလိုပါက OHCHR ၏ ဝက်ဘ်ဆိုက်သို့ ဝင်ရောက်ပေးပါ။

[59] The previous Chairperson remains on the Committee for a further year ex officio.

## အထူးလုပ်ငန်းအစီအစဉ်များ မည်သို့အလုပ်လုပ်သနည်း

အထူးလုပ်ငန်းအစီအစဉ်လုပ်ပိုင်ခွင့်အာဏာရှိသူများတွင် ၎င်းတို့၏လုပ်ပိုင်ခွင့် သတ်မှတ်ချက်များကို ဖြည့်ဆည်းရန် ရရှိထားသည့် နည်းလမ်းများစွာရှိပါသည်။ အောက်ပါတို့လည်းပါဝင်သည် -

- ဆက်သွယ်သတင်းပေးပို့ချက်များပေးပို့ခြင်း၊
- နိုင်ငံအလိုက်သွားရောက်ခြင်း၊
- အစီရင်ခံစာများ ထုတ်ဝေခြင်း၊
- ကဏ္ဍအလိုက်လေ့လာမှုများ ပြင်ဆင်ပေးခြင်းနှင့်
- သတင်းထုတ်ပြန်ချက်များ ထုတ်လွှင့်ခြင်းတို့ဖြစ်သည်။

လုပ်ပိုင်ခွင့်အာဏာရှိသူများအား ၎င်းတို့၏လုပ်ငန်းတွင် **အထူးလုပ်ငန်းအစီအစဉ်လက်စွဲ** နှင့် **အထူးလုပ်ငန်းအစီအစဉ်များ အာဏာရှိသူများအတွက် ကျင့်ဝတ်စည်းကမ်းများ** ဖြင့် လမ်းညွှန်ပေးပါသည်။

### က။ အထူးလုပ်ထုံးလုပ်နည်းများဆိုင်ရာ ကျင့်ဝတ်စည်းကမ်းနှင့် လက်စွဲ

#### အထူးလုပ်ငန်းအစီအစဉ်လုပ်ပိုင်ခွင့်အာဏာရှိသူများအတွက် ကျင့်ဝတ်စည်းကမ်း

**အထူးလုပ်ငန်းအစီအစဉ်လုပ်ပိုင်ခွင့်အာဏာရှိသူများအတွက် ကျင့်ဝတ်စည်းကမ်း** ကို ၂၀၀၇ ခုနှစ်တွင် လူ့အခွင့်အရေး ကောင်စီမှ အတည်ပြုခဲ့ပါသည်။ ၎င်း၏ရည်ရွယ်ချက်မှာ အထူးလုပ်ငန်းအစီအစဉ်လုပ်ပိုင်ခွင့်အာဏာရှိသူများမှ ၎င်းတို့၏ လုပ်ပိုင်ခွင့်များ ဆောင်ရွက်ရာတွင် လိုက်နာရမည့် ကျင့်ဝတ်စံချိန်စံညွှန်းများနှင့် ပညာရှင်ပီသသော စည်းကမ်းများ သတ်မှတ်ပေးခြင်းအားဖြင့် အထူးလုပ်ငန်းအစီအစဉ်စနစ်ကို ပိုမို ထိရောက်မှုရှိစေရန်ဖြစ်သည်။

#### အထူးလုပ်ငန်းအစီအစဉ်များလက်စွဲ

**အထူးလုပ်ငန်းအစီအစဉ်များအတွက် လက်စွဲ** ကို လုပ်ပိုင်ခွင့်အာဏာရှိသူများမှ ၎င်းတို့၏တာဝန်ထမ်းဆောင်ရာတွင် လမ်းညွှန်မှုပေးရန် ရည်ရွယ်လျက် လုပ်ပိုင်ခွင့်အာဏာရှိသူများမှ ထုတ်ထားခြင်းဖြစ်သည်။ ယင်းလက်စွဲသည်လည်း အခြားအားလုံးသော ပါဝင်ပတ်သက်သူများမှ ၎င်းတို့၏လုပ်ငန်းကို ပိုမိုနားလည်စေရန်လည်းဖြစ်သည်။ လက်စွဲသည် ကောင်းမွန်သော အလေ့အထများ ထင်ဟပ်စေရန်နှင့် လုပ်ပိုင်ခွင့်အာဏာရှိသူများအား လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအတွက်၎င်းတို့၏ ကြိုးပမ်းမှု ကို ကူညီပေးရန်အတွက် ဆောင်ရွက်ပေးပါသည်။

လက်စွဲအား ၁၉၉၉ ခုနှစ်တွင် အထူးလုပ်ငန်းအစီအစဉ်လုပ်ပိုင်ခွင့်အာဏာရှိသူများ၏ ၆ ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးတွင် အတည်ပြုခဲ့ပါသည်။ ယင်းအချိန်မှစ၍ ကုလသမဂ္ဂလူ့အခွင့်အရေးယန္တယားဖွဲ့စည်းပုံ ပြောင်းလဲမှု၊ လုပ်ပိုင်ခွင့်နှင့်စပ်လျဉ်းသည့် အသစ်သောဖွံ့ဖြိုးမှုများနှင့် လုပ်ပိုင်ခွင့်အာဏာရှိသူများ၏ လုပ်ဆောင်မှုနည်းစနစ် ပြောင်းလဲလာမှု စသည်တို့ကို ထင်ဟပ်စေရန် ၎င်းလက်စွဲကိုပြင်ဆင်ခဲ့ပါသည်။ ဤလက်စွဲကို ပုံမှန်သုံးသပ်မှုပြုပြီး၊ ကျင့်ဝတ်စည်းကမ်းပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရပါသည်။

**အထူးလုပ်ငန်းအစီအစဉ်လက်စွဲ** ဆိုင်ရာသတင်းအချက်အလက်ကို ပိုမိုသိရှိလိုပါက special procedures Extranet ပေါ်ရှိ page သို့ဝင်ရောက်ပေးပါ။

## ၁။ ဆက်သွယ်သတင်းပေးပို့ချက်များ

အထူးလုပ်ငန်းအစီအစဉ်လုပ်ပိုင်ခွင့်အာဏာရှိသူများ၏ အဓိကလုပ်ဆောင်မှုများမှ တစ်ခုမှာ သက်ဆိုင်ရာ ယုံကြည်အား ထားရသူများ (အထူးသဖြင့် အရပ်ဘက်အဖွဲ့အစည်း Actor များ) ထံမှရရှိသည့် သတင်းအချက်အလက်များ အပေါ် အခြေပြု၍ တစ်သီးပုဂ္ဂလ အမှုကိစ္စများကို ဖြေရှင်းပေးခြင်းဖြစ်သည်။

ယေဘုယျအားဖြင့် ကြားဝင်ဆောင်ရွက်ခြင်းတွင် အစိုးရတစ်ရပ်ထံ စွပ်စွဲချက်များဆိုင်ရာ သတင်းအချက်အလက်များနှင့် တုန့်ပြန်မှု များကို တောင်းဆိုသည့် စာတစ်စောင် (စွပ်စွဲစာ) ပေးပို့ခြင်းပါဝင်ပြီး၊ လိုအပ်ပါက ယင်းအစိုးရအား တားမြစ်ချက် များ သို့မဟုတ် စုံစမ်း စစ်ဆေးမှုဆောင်ရွက်ချက် (အရေးပေါ်အယူခံမှု) ချက်မှတ်ရန် တောင်းဆိုပါသည်။ ယင်း ကြားဝင်ဆောင်ရွက်ချက်များကို **"ဆက်သွယ်သတင်းပေးပို့ချက်များ" (Communications)** ဟု ခေါ်ပါသည်။

**၂၀၁၇ ခုနှစ်မှ ဆက်သွယ်သတင်းပေးပို့ချက်များ**

၂၀၁၇ ခုနှစ်တွင် ဆက်သွယ်သတင်းပေးပို့ချက်ပေါင်း **၁၀၁၃** ခုပေးပို့ခဲ့ပါသည်။
**၄၉ ရာခိုင်နှုန်း** သည် ပူးတွဲဆက်သွယ်သတင်းပေးပို့ချက်များဖြစ်သည်။
**၂၂၉၄** တစ်သီးပုဂ္ဂလအမှုကိစ္စများကို လွှမ်းခြုံခဲ့ပြီး၊ **၁၃ ရာခိုင်နှုန်းမှာ** အမျိုးသမီးအရေးကိစ္စဖြစ်သည်။
ဆက်သွယ်သတင်းပေးပို့ချက်များ၏ **၅၂ ရာခိုင်နှုန်း** ကို အစိုးရများမှ ပြန်လည်တုန့်ပြန်ခဲ့သည်။
နိုင်ငံပေါင်း **၁၂၈** နိုင်ငံမှ ဆက်သွယ်သတင်းပေးပို့ချက်များ လက်ခံရရှိခဲ့သည်။

စွပ်စွဲထားသည့် ချိုးဖောက်မှုများသည် အသက်ဆုံးရှုံးမှု၊ အသက်အန္တရာယ်ခြိမ်းခြောက်မှု အခြေအနေများ၊ သို့မဟုတ် ထိခိုက်ခံရသူများအပေါ် ဖြစ်လုဆဲဆဲ (သို့) ဖြစ်ပျက်နေဆဲ ထိခိုက်မှုများ ပါဝင်သည့် ပြင်းထန်သော သဘောသဘာဝ ပါဝင်ပြီး အချိန်ကာလအားဖြင့်အကျဉ်းအကျပ်ဖြစ်နေသောအခါ **အရေးပေါ် အယူခံချက်များ** ပေးပို့ပါသည်။ **စွပ်စွဲချက်စာများ** ကို အရေး ပေါ် အယူခံလုပ်ထုံးလုပ်နည်း ကျင့်သုံး၍မရသောအခါ လူ့အခွင့်အရေးချိုးဖောက်မှု စွပ်စွဲချက် အကြောင်း သတင်း အချက်အလက် ရရှိရန်နှင့် ရှင်းလင်းချက် တောင်းဆိုရန်အတွက် ပေးပို့ပါသည်။

အမှုကိစ္စတစ်ခုသည် လုပ်ပိုင်ခွင့်တစ်ခုထက်မကသည့် နယ်ပယ်အတွင်းကျရောက်ပါက လုပ်ပိုင်ခွင့်အာဏာရှိသူများသည် ပူးတွဲ ဆက်သွယ်သတင်းပေးပို့ချက်များ ပေးပို့နိုင်သည်။ အစိုးရတစ်ရပ်အား ကြားဝင်ဆောင်ရွက်ပေးမှု ပြုသင့်၊ မပြုသင့် ဆုံးဖြတ်ချက် သည် အထူးလုပ်ငန်းအစီအစဉ်ကိုင်ဆောင်သူများ၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်အပေါ်တွင် မူတည်ပြီး၊ ၎င်းတို့မှ ချမှတ်ထားသည့် စံသတ်မှတ်ချက်များ သာမက ကျင့်ဝတ်စည်းကမ်းတွင် ချမှတ်ထားသည့် စံသတ်မှတ်ချက်များအပေါ်မူတည်သည်။ လုပ်ပိုင်ခွင့် အာဏာရှိသူများသည် ၎င်းတို့လုပ်ပိုင်ခွင့်နှင့် သက်ဆိုင်ရာ အခြေအနေများနှင့် ပတ်သက်သည့် နိုင်ငံမှ ပေးပို့သော သတင်း အချက်အလက်များကို နည်းလမ်းတကျ အချိန်မီ ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။

သတင်းအချက်အလက်များစုဆောင်းမှုဆောင်ရွက်ချက်များတွင် လုပ်ပိုင်ခွင့်အာဏာရှိသူများသည် -

- ကိုယ်ပိုင်ဆုံးဖြတ်ချက်၊ ပွင့်လင်းမြင်သာမှု၊ သမာသမတ်ကျမှုနှင့် လက်လွှဲခြင်းစသည့် အခြေခံမှုများဖြင့် လမ်းညွှန်မှု ခံယူရန်၊
- သက်သေခံချက်အရင်းအမြစ်များအား ဖော်ထုတ်ခြင်းသည် ပါဝင်ပတ်သက်သူတစ်ဦးခြင်းအား ထိခိုက်မှုကျရောက် စေနိုင်ပါက လျှို့ဝှက်ထိန်းသိမ်းပေးရန်၊
- ရေးသားရန်သတ်မှတ်ထားသည့် အစီရင်ခံစာများနှင့် နိဂုံးချုပ်အချက်များ၏ တရားရေးမဟုတ်သည့် သွင်ပြင် လက္ခဏာအတွက် သင့်လျော်သော သက်သေထင်ရှားစံချိန်စံညွှန်းများအပေါ်အခြေပြုသည့် အချက်အလက်များ အပေါ် အားကိုးအားထားရန်၊ နှင့်

- သက်ဆိုင်ရာနိုင်ငံမှ ကိုယ်စားပြုများအား ၎င်းတို့၏ အကဲဖြတ်စဉ်များအပေါ် သုံးသပ်ဝေဖန်မှုပေးခြင်းနှင့် ၎င်းနိုင်ငံအား ဆန့်ကျင့်သည့် စွက်စွဲချက်များကို တုန့်ပြန်ခြင်း အခွင့်အရေးပေးပါ။ အဆိုပါနိုင်ငံ၏ အရေးအသားတုန့်ပြန်မှုအကျဉ်းချုပ်ကို လုပ်ပိုင်ခွင့်အာဏာရှိသူ၏ အစီရင်ခံစာ(များ)တွင် နောက်ဆက်တွဲဖော်ပြပေးပါ။

## ဂ။ နိုင်ငံအလိုက်လည်ပတ်ခြင်း

**နိုင်ငံ သို့မဟုတ် နယ်ပယ်အလိုက်သွားရောက်လည်ပတ်ခြင်း** (သို့မဟုတ် အချက်အလက်ရှာဖွေခြင်းမစ်ရှင်) များသည် အထူးလုပ်ငန်းအစီအစဉ်အာဏာရှိသူများအတွက် အရေးကြီးသော နည်းလမ်းတစ်ခုဖြစ်သည်။ လုပ်ပိုင်ခွင့်အာဏာရှိသူများမှ အစိုးရတစ်ရပ်ထံ လာရောက်လှည့်လည်မည့် တောင်းဆိုစာတစ်စောင်ပေးပို့နိုင်ပြီး၊ ထိုအစိုးရမှ သဘောတူညီလျှင် ဖိတ်ကြားမှုတစ်ရပ်ကမ်းလှမ်းပါသည်။ အချို့နိုင်ငံများသည် "**အချိန်မရွေးကမ်းလင့်ဖိတ်ကြားမှုများ"** ထုတ်ဆင့်ပေးသည်။ ဆိုလို သည်မှာ ၎င်းတို့သည် အထူးလုပ်ငန်းအစီအစဉ်လုပ်ပိုင်ခွင့်အာဏာရှိသူတစ်စုံတစ်ရာထံမှ လာရောက်မှုကို လက်ခံရန် ပြင်ဆင် ထား ခြင်း ဖြစ်သည်။ နိုင်ငံအလိုက်လှည့်လည်ခြင်းအား ကျင့်ဝတ်စည်းကမ်းတွင်ပါဝင်သည့် ပြဋ္ဌာန်းချက်များမှ လမ်းညွှန် ပေးပြီး၊ အချက်အလက်ရှာဖွေခြင်းမစ်ရှင်များအတွက် သတ်မှတ်တာဝန်နှင့်လုပ်ပိုင်ခွင့်များကို အထူးလုပ်ထုံးလုပ်နည်းများဖြင့် လမ်းညွှန် ပေးထားပါသည်။[60]

**2008 ခုနှစ်၊ စက်တင်ဘာတွင် နိုင်ငံပေါင်း ၆၈ မှ အချိန်မရွေးကမ်းလင့်ဖိတ်ကြားမှုများကို ထုတ်ဆင့်ပေးပါသည်။**

အထူးလုပ်ငန်းအစီအစဉ်များ လည်ပတ်မှုအတွက် အချိန်မရွေးကမ်းလင့်ဖိတ်ကြားမှုများ ထုတ်ဆင့်ပေးသည့် လက်ရှိနိုင်ငံများ၏ စာရင်း ကို ကြည့်ရှုလိုသော် OHCHR ဝက်ဘ်ဆိုက်သို့ ဝင်ရောက်ပါ။

နိုင်ငံအလိုက်လည်ပတ်မှု သည် လုပ်ပိုင်ခွင့် အာဏာရှိသူများအား သက်ဆိုင်ရာနိုင်ငံတစ်ခုအတွင်းရှိ ယေဘုယျ လူ့အခွင့်အရေးအခြေအနေ နှင့်/သို့မဟုတ် တိကျသော အင်စတီကျူးရှင်း၊ ဥပဒေရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးတို့တိုင်ရာ အခြေအနေကို ၎င်းတို့၏ သက်ဆိုင်ရာလုပ်ပိုင်ခွင့်အောက်အရ သိရှိနိုင်ရန် ခွင့်ပြုပေးသည်။ လည်ပတ်မှုများကာလအတွင်း ၎င်းတို့သည် အမျိုးသားအာဏာပိုင်များ၊ အရပ်ဘက်အဖွဲ့အစည်း ကိုယ်စားလှယ်များ၊ လူ့အခွင့်အရေးချိုးဖောက်ခံရသူ များ၊ ကုလသမဂ္ဂဌာနေအဖွဲ့၊ တက္ကသိုလ်ပညာရှင်များ၊ သံတမန်ရေးရာအသိုင်းအဝိုင်းများနှင့် မီဒီယာ တို့နှင့် တွေ့ဆုံပါသည်။

၎င်းတို့၏တွေ့ရှိချက်များအပေါ်အခြေပြုလျက် အများဆိုင်ရာအစီရင်ခံစာများတွင် အကြံပြုချက်များ ချမှတ်ပါသည်။ ယင်းအစီရင်ခံစာများကို လူ့အခွင့်အရေးကောင်စီသို့တင်သွင်းပါသည်။ အချို့သော လုပ်ပိုင်ခွင့်အာဏာရှိသူများသည် နိုင်ငံတစ်နိုင်ငံသို့ လှည့်လည်ပြီးချိန်တွင် သတင်းစာရှင်းလင်းပွဲ ကျင်းပပြီး ပဏာမတွေ့ရှိချက်များကို ထုတ်ဆင့်ပေးပါသည်။ နိုင်ငံအလိုက်လည်ပတ်မှုအောက်မြင်စေရန် အဓိကအားဖြည့်ပေးသည်မှာ လည်ပတ်မှု မတိုင်မီ၊ လည်ပတ်စဉ် နှင့် လည်ပတ်ပြီးကာလများတွင် လုပ်ပိုင်ခွင့်အာဏာရှိသူများ၏ လုပ်ငန်းကို ပံ့ပိုးကူညီရန် အစိုးရ၏ ကတိကဝတ်ထားရှိမှုနှင့် အရပ်ဖက်လူ့အဖွဲ့အစည်း actor များ၏ ပါဝင်ပေးမှု တို့ကြောင့်ဖြစ်သည်။

## ဃ။ လူ့အခွင့်အရေးကောင်စီသို့ အစီရင်ခံခြင်းနှင့် ပံ့ပိုးကူညီခြင်း

လူ့အခွင့်အရေးကောင်စီသည် အထူးလုပ်ငန်းအစီအစဉ်လုပ်ပိုင်ခွင့်အာဏာရှိသူများအား ယခင်နှစ်အတွင်း ဆောင်ရွက်ခဲ့သောဆောင်ရွက်ချက်များကို ဖော်ပြပေးသည့် နှစ်ပတ်လည်အစီရင်ခံစာ တင်ဆက်ပေးရန် တောင်းဆိုပါသည်။ အချို့သော အခြေအနေများတွင် ကောင်စီသည် ၎င်းမှ စိတ်ဝင်စားသည့် တိကျသော အကြောင်းအရာတစ်ရပ်ကို အစီရင်ခံစာတင်ရန် လုပ်ပိုင်ခွင်အာဏာရှိသူအား တောင်းဆိုနိုင်သည်။ အစီရင်ခံစာများသည် အများဆိုင်ရာဖြစ်ပြီး၊ လုပ်ပိုင်ခွင့်နယ်ပယ်တွင် နောက်ဆက်တွဲဆောင်ရွက်ရန် သို့မဟုတ် လှုံ့ဆော်ပေးရန်အတွက် ခိုင်လုံသောနည်းလမ်း တစ်ရပ်ကို

[60] The terms of reference for country visits were adopted at the fourth annual meeting (1997) of special procedures (E/CN.4/1998/45) and are intended to guide Governments in the conduct of country visits.

ကိုယ်စားပြုပေးပါသည်။ နှစ်ပတ်လည်အစီရင်ခံစာများတွင် လုပ်ပိုင်ခွင့်နှင့် ပတ်သက်ပြီး လုပ်ငန်းနည်းစနစ်များ၊ အယူအဆဆိုင်ရာ စိစစ်ချက်၊ အထွေထွေ ဦးတည်ရာနှင့် ဖွံ့ဖြိုးမှုများတို့ဆိုင်ရာ သတင်းအချက်အလက်များပါဝင်ပြီး အထွေထွေ အကြံပြုချက်များ ပါဝင်နိုင်သည်။ အစီရင်ခံစာများတွင် အစိုးရများထံသို့ လွှဲပြောင်းပေးသည့် ဆက်သွယ်သတင်းပေးပို့ချက်များ၏ အကျဉ်း ချုပ်များ နှင့် ရရှိထားသည့်တုန့်ပြန်စာများလည်း ပါဝင်နိုင်ပါသည်။ နိုင်ငံအလိုက် လည်ပတ်မှုများဆိုင်ရာ အစီရင်ခံစာများသည် အများအားဖြင့် နှစ်ပတ် လည်အစီရင်ခံစာများသို့ ဖြည့်စွက်ချက်များအဖြစ် တင်ဆက်လေ့ရှိပါသည်။ နယူးယောက်မြို့တွင် နှစ်စဉ် စက်တင်ဘာလမှ ဒီဇင်ဘာလထိ တွေ့ဆုံသည့် ကုလသမဂ္ဂအထွေထွေ ညီလာခံသို့ အစီရင်ခံရန်အတွက် အချို့သော ယန္တယားများကို တောင်းဆိုထားပါသည်။

အထူးလုပ်ငန်းအစီအစဉ်အာဏာရှိသူများသည် လူ့အခွင့်အရေးကောင်စီ၏လုပ်ငန်းဆိုင်ရာ အခြားသော အမြင်များ အတွက် ကျွမ်းကျင်မှုများကိုလည်း ပံ့ပိုးပေးပါသည်။

**ကောင်စီသို့အစီရင်ခံသည့် အထူးလုပ်ငန်းအစီအစဉ်များ** ကိုသိရှိလိုက OHCHR ၏ဝက်ဘ်ဆိုက်သို့ဝင်ရောက်ပါ။

### ကမ္ဘာ့စားနပ်ရိက္ခာ အကျပ်အတည်းဆိုင်ရာ အထူးအစည်းအဝေး

၂၀၀၈ ခုနှစ်၊ မေလတွင် **အစားအစာရရှိပိုင်ခွင့်ဆိုင်ရာ အထူး ကိုယ်စားလှယ်တော်** Mr. Olivier De Schutter သည် ကမ္ဘာ့စားနပ်ရိက္ခာ အကျပ်အတည်းအတွက် အထူးအစည်းအဝေး တစ်ရပ် ကျင်းပရန် လူ့အခွင့်အရေးကောင်စီထံ တောင်းဆိုခဲ့လေသည်။ တုန့်ပြန်မှုအားဖြင့် ကောင်စီသည် အထူးအစည်းအဝေးတစ်ရပ်ဖြစ်သည့် "အစားအသောက် ဈေးနှုန်းတက်လာမှုကြောင့် ကမ္ဘာ့စားနပ် ရိက္ခာအကျပ်အတည်းကို ပို၍ဆိုးဝါး စေမှု ဆိုင်ရာ အစားအစာရပိုင်ခွင့်အား သိရှိမှုအပေါ် အနုတ်လက္ခဏာ အကျိုးသက်ရောက်မှု" ကို ၂၀၀၈ ခုနှစ် မေလတွင် ကျင်းပခဲ့လေသည်။ အစားအစာရရှိပိုင်ခွင့်ဆိုင်ရာ အထူးကိုယ်စားလှယ်တော်သည် ယင်း အထူးအစည်းအဝေးသို့ တက်ရောက်ပြီး တတ်ကြွစွာပါဝင်ခဲ့သည်။ ၎င်းသည် ကဏ္ဍအလိုက် အရေးကိစ္စ ဆိုင်ရာ ပထမဆုံးကျင်းပမှုလည်း ဖြစ်သည်။

### င။ ကဏ္ဍအလိုက်လေ့လာမှုများ

အထူးလုပ်ငန်းအစီအစဉ်လုပ်ပိုင်ခွင့်အာဏာရှိသူများသည် ကဏ္ဍအလိုက်လေ့လာမှုများကိုလည်း ပြင်လည်ပေးနိုင် ပြီး ၎င်းသည် အစိုးရများနှင့် အရပ်ဘက်အဖွဲ့အစည်းများအား စံအဖြစ်သတ်မှတ်ထားသော ပါဝင်မှုများ၊ လူ့အခွင့်အရေး စံ များနှင့် စံချိန်စံညွှန်းများအား အကောင်အထည်ဖော်ဆောင်မှုတို့အတွက် အသုံးဝင်သော အထောက်အကူများ ဖြစ်သည်။ လုပ်ပိုင်ခွင့်အာဏာရရှိသူများသည် ကဏ္ဍအလိုက်လူ့အခွင့်အရေးကိစ္စရပ်များဆိုင်ရာ ကျွမ်းကျင်ပညာရှင် အစည်းအဝေးများကို စီစဉ်မှုနှင့် တက်ရောက်မှု ဆောင်ရွက်ပါသည်။

## ပညာရှင်အလုပ်ရုံဆွေးနွေးပွဲ - အမျိုးသမီးများအား ညှမ်းပန်းနှိပ်စက်မှုမှ ကာကွယ်စောင့်ရှောက်ပေးခြင်း

၂၀၀၇ ခုနှစ်၊ စက်တင်ဘာလတွင် အမျိုးသမီးများအား ညှမ်းပန်းနှိပ်စက်မှု မှ ကာကွယ်စောင့်ရှောက်မှုကို အားဖြည့်ပေးခြင်း" ဆိုင်ရာ ပညာရှင် အလုပ်ရုံဆွေးနွေးပွဲ တစ်ရပ်ကို OHCHR မှ **ညှမ်းပန်းနှိပ်စက်မှုနှင့် အခြားသော ရက်စက်မှုပုံစံများဖြစ်သည့် လူမဆန်သော သို့မဟုတ် နိမ့်ကျသောပြုမှု သို့မဟုတ် အပြစ်ပေးမှုဆိုင်ရာ အထူးကိုယ်စားလှယ်တော်** ကိုယ်စား စီစဉ်ကျင်းပခဲ့ပါသည်။ ရည်ရွယ်ချက်မှာ အမျိုးသမီးများအား ညှမ်းပန်းနှိပ်စက်မှုအရေးကိစ္စများဆိုင်ရာ နိုင်ငံတကာမူဘောင်၏ ပိုမိုစနစ်ကျသော ကျင့်သုံးမှုတစ်ရပ်ကို ပံ့ပိုးပေးရန် နှင့် ၎င်းတို့အားကာကွယ်စောင့်ရှောက်မှုအား အားဖြည့်ပေးရန်ဖြစ်သည်။ ကွဲပြားသော ဒေသများနှင့် ကျယ်ပြန့်သော အစိုးရမဟုတ်သည့် Twenty-five အဖွဲ့အစည်းများနှင့် အစိုးရအချင်းချင်းဆိုင်ရာ အဖွဲ့အစည်းများ (ဒေသဆိုင်ရာနှင့် ကုလသမဂ္ဂ ညှမ်းပန်းနှိပ်စက်မှု တိုက်ဖျက်ရေးယန္တယားများ) တို့မှ ပညာရှင်များတို့သည် ၎င်းဆွေးနွေးမှုများတွင် ပါဝင်ခဲ့ကြပါသည်။

#### စ။ သတင်းထုတ်ပြန်ချက်များ

အထူးလုပ်ငန်းအစီအစဉ်များသည် - တစ်သီးပုဂ္ဂလ (သို့) စုပေါင်း၍ - နိုင်ငံများမှ အချို့သောအခြေအနေ သို့မဟုတ် နိုင်ငံတကာစံများအား လေးစားလိုက်နာရန်အတွက်ကို မီးမောင်းထိုးပေးသည့် သတင်းထုတ်ပြန်ချက်များကို ထုတ်ဆင့်နိုင်သည်။

အထူးလုပ်ငန်းအစီအစဉ်များမှ ထုတ်ဆင့်ထားသည့် **သတင်းထုတ်ပြန်ချက်များ၊ ထုတ်ပြန်ချက်များနှင့် အခြားသော သတင်းများ၏** မိတ္တူများကို OHCHR ဝက်ဘ်ဆိုက်၏ အထူးလုပ်ငန်းအစီအစဉ်ကဏ္ဍတွင် ရရှိနိုင်ပါသည်။

### အထူးလုပ်ငန်းအစီအစဉ်များနှင့် မည်သို့ချိတ်ဆက်လုပ်ဆောင်နိုင်မည်နည်း

*"အရပ်ဘက်အဖွဲ့အစည်းများသည် ယေဘုယျအားဖြင့်၊ နိုင်ငံတကာအားဖြင့်၊ အထူးသဖြင့် ဒေသဆိုင်ရာ နှင့် အမျိုးသားအဆင့် NGO များ အားဖြင့် အထူးလုပ်ငန်းအစီအစဉ်စနစ်အတွက် တန်းဖိုးမဖြတ်နိုင်သော ပံ့ပိုးမှုများ ပေးပါသည်။ ၎င်းတို့သည် သတင်းအချက်အလက်များနှင့် စိစစ်ချက်များ ပံ့ပိုးပေးခြင်း၊ အထူးလုပ်ငန်းအစီအစဉ်များဆိုင်ရာတွေ့ရှိချက်များကို ဖြန့်ဝေပေးခြင်း၊ နှင့် နောက်ဆက်တွဲဆောင်ရွက်ချက်များပံ့ပိုးကူညီပေးခြင်းတို့ ဆောင်ရွက်သည့်။ ထို့အပြင် အထူးလုပ်ငန်းအစီအစဉ်များအောက်ရှိ အရေးကိစ္စရပ်များ ၏အခြေအနေများကို တိုးတက်လာစေမည့် လူ့အခွင့်အရေးပညာပေးမှုအတွက် သက်ဆိုင်ရာ အမျိုးသား မူဝါဒများနှင့် အစီအစဉ်များကို ဖော်ထုတ် အကောင်အထည်ဖော်ဆောင်ခြင်း အတွက်လည်း ကူညီပေးပါသည်။ ၎င်းတို့၏ ကိုယ်စားလှယ်များနှင့် တွေ့ဆုံမှုများသည် အထူးလုပ်ငန်းအစီအစဉ်၏ ဆောင်ရွက်ချက်ဆိုင်ရာ ကဏ္ဍများအားလုံးအတွက် သင့်လျော်ပြီး၊ ၎င်းတွင် ဂျီနီဗာမြို့နှင့် နယူးယောက်မြို့၊ နယ်ကွင်းဆင်းမစ်ရှင်များတို့ရှိ လှုပ်ရှားမှုများ ပါဝင်ကာ ပို၍ယေဘုယျကျပါသည်။ သို့ဖြစ်၍ လုပ်ပိုင်ခွင့်ကိုင်ဆောင်သူများသည် NGO များနှင့် ပညာရေးဆိုင်ရာအင်စတီကျူးရှင်းများ တို့ထံမှ ညီလာခံများ၊ အခြေအတင်ဆွေးနွေးမှုများ၊ နှီးနှောဖလှယ်ပွဲများနှင့် ဒေသဆိုင်ရာ အတိုင်အပင်ခံမှုများကဲ့သို့သော လှုပ်ရှားမှုများတွင် ပါဝင်ရန် ဖိတ်ကြားမှုများကို သေချာစွာနှင့် အချိန်မီ ထည့်သွင်းစဉ်းစားရန်မှာ သင့်လျော်မှုရှိပါသည်။ လုပ်ပိုင်ခွင့်အာဏာရှိသူများသည် အရပ်ဘက်အဖွဲ့အစည်းနှင့် ဆက်သွယ်မှုရှိနေလေရာ ၎င်းတို့၏ သတက်ဆိုင်ရာ လှုပ်ရှားမှုများကို OHCHR ထံသို့ ယေဘုယျအားဖြင့် သတင်းပေးသင့်ပါသည်။"*

**လူ့အခွင့်အရေးကောင်စီ၏ အထူးအစီအစဉ်များဆိုင်ရာ လုပ်ငန်းများ၏လက်စွဲ (စာပိုဒ် ၁၃၃)**

လွန်ခဲ့သည့်နှစ်များတွင်  အထူးလုပ်ငန်းအစီအစဉ်များသည် အဆက်အသွယ်များကို တည်ဆောက်ခဲ့ပြီး အရပ်ဖက် လူ့အဖွဲ့အစည်း actor များနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ အထူးလုပ်ငန်းအစီအစဉ်များသည် ၎င်းတို့အား အမှန်တကယ် သို့မဟုတ် ဖြစ်လာနိုင်ဖွယ် ထိခိုက်ခံရသူများ ကို ကာကွယ်စောင့်ရှောက်မှုပေးခြင်းဖြင့် ကူညီပေးခဲ့ပြီး၊ ၎င်းတို့၏ စွမ်းဆောင်ရည် မြှင့်တင် မှုကို ပံ့ပိုးပေးခဲ့ပါသည်။ ကွဲပြားသော လုပ်ပိုင်ခွင့်များက ပါဝင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများဆိုင်ရာ ကွဲပြားသော ပုံသဏ္ဍာန် များကို ဖော်ဆောင်ပေးခဲ့ပါသည်။

လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်မှုနှင့် အချိုးဖောက်မှုများအား တားမြစ်ဆောင်ရွက်မှုများတွင် အထူးလုပ်ငန်းအစီအစဉ်စနစ် ၏ ထိရောက်မှုသည် အပြန်အလှန်အားဖြင့် အရပ်ဘက်အဖွဲ့အစည်းအပါအဝင် အခြားသော လူ့အခွင့်အရေးဆိုင်ရာ Actor များ၏ တတ်ကြွသော ပါဝင်မှုအပေါ်တွင်လည်း မူတည်ပါသည်။ နိုင်ငံတကာ၊ ဒေသဆိုင်ရာနှင့် ပြည်တွင်း Ngo မားနှင့် အခြား သော အရပ်ဘက်အဖွဲ့အစည်း Actor များသည် အထူးလုပ်ငန်းအစီအစဉ်များစနစ်တွင် အလွန်တရာအရေးကြီးသော ပါဝင်သူများ ဖြစ်ကြသည်။ ထို့အပြင် အရပ်ဘက်အဖွဲ့အစည်းသည် လူ့အခွင့်အရေး စံချိန်စံညွှန်းသတ်မှတ်ချက်နှင့် အသစ်သော လုပ်ပိုင်ခွင့်များ ဖန်တီးမှုအတွက် စည်းရုံးလှုံ့ဆော်မှု တို့၏ ရှေ့တန်းမှ ကြာမြင့်စွာရှိခဲ့ပြီးဖြစ်သည်။

အထူးလုပ်ငန်းအစီအစဉ်နှင့် ချိတ်ဆက်လုပ်ဆောင်သည့် အရပ်ဘက်အဖွဲ့အစည်း Actor များ၏ အမျိုးအစားများ -

- လူ့အခွင့်အရေးဆိုင်ရာအဖွဲ့အစည်းများ (NGO များ၊ အသင်းအဖွဲ့များ၊ ထိခိုက်ခံရသူများ)၊
- လူ့အခွင့်အရေးကာကွယ်ပေးသူများ၊
- သက်ဆိုင်ရာ အရေးကိစ္စများအခြေပြုအဖွဲ့အစည်းများ
- မဟာမိတ်အဖွဲ့များနှင့် ကွန်ယက်အဖွဲ့များ (အမျိုးသမီးအခွင့်အရေး၊ ကလေးအခွင့်အရေး၊ လူနည်းစုအခွင့်အရေး၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေး)၊
- မသန်စွမ်းပုဂ္ဂိုလ်များနှင့် ၎င်းတို့၏ကိုယ်စားပြုများ အဖွဲ့အစည်းများ၊
- ရပ်ရွာအခြေပြုအဖွဲ့အစည်းများ (မူရင်းဌာနေတိုင်းရင်းသားများ၊ လူနည်းစုများ)၊
- ယုံကြည်ချက်အခြေပြုအဖွဲ့အစည်းများ (အသင်းတော်၊ ဘာသာရေးအဖွဲ့များ)၊
- သမဂ္ဂများ (အလုပ်သမားသမဂ္ဂများ သာမက၊ စာနယ်ဇင်းအသင်းအဖွဲ့များ၊ ရှေ့နေအသင်းအဖွဲ့များ၊ တရားသူကြီးအသင်းအဖွဲ့များ၊ ကျောင်းသားသမဂ္ဂ)၊
- လူမှုလှုပ်ရှားမှုများ (ငြိမ်းချမ်းရေးလှုပ်ရှားမှုများ၊ ကျောင်းသားလှုပ်ရှားမှုများ၊ ဒီမိုကရေစီအကြိုလှုပ်ရှားမှုများ)၊
- လူ့အခွင့်အရေးခံစားစံစားမှုအတွက် တိုက်ရိုက်ပံ့ပိုးကူညီပေးသည့် ပရော်ဖက်ရှင်နယ်များ (လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဆောင်ရွက်သူများ၊ ရှေ့နေများ၊ ဆရာဝန်များနှင့် ဆေးဘက်ဆိုင်ရာလုပ်သားများ)၊
- ထိခိုက်ခံရသူများ၏ ဆွေမျိုးများ၊ နှင့်
- လူ့အခွင့်အရေးမြှင့်တင်ပေးရန်ရည်ရွယ်သည့် လှုပ်ရှားမှုများပါဝင်သည့် အများပြည်သူဆိုင်ရာ အင်စတီကျူးရှင်း များ (ကျောင်းများ၊ တက္ကသိုလ်များ၊ သုတေသနအဖွဲ့များ) တို့ဖြစ်ကြသည်။

**Special procedures' interaction with civil society actors in 2007 (per cent)**




**အရပ်ဘက်အဖွဲ့အစည်းများ တစ်သီးပုဂ္ဂလဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ အထူးအစီအစဉ်နှင့် ချိတ်ဆက်လုပ်ဆောင်နိုင်ပါသည်။ ကုလသမဂ္ဂစာချုပ်အဖွဲ့များကဲ့သို့မဟုတ်ဘဲ အထူးအစီအစဉ်များသည် သက်ဆိုင်ရာစာချုပ် သို့မဟုတ် သဘောတူစာချုပ် အတည်ပြုလက်မှတ်ထိုးသေးသည့် နိုင်ငံများတွင်လည်း ဆောင်ရွက်နိုင်ပြီး၊ အထူးအစီအစဉ်နှင့် ချိတ်ဆက်ရန် ခြေကုန်လက်ပန်းကျသော ပြည်တွင်းကုစားမှုများမလိုအပ်ပါ။ သို့ဖြစ်၍ အထူးအစီအစဉ်များကို တည်ဆဲ လုပ်ပိုင်ခွင့် သတ်မှတ်ချက်ဘောင်များအတွင်း မည်သည့်နိုင်ငံ (သို့) မည်သည့်လူ့အခွင့်အရေးကိစ္စရပ်အတွက်မဆို အသုံးပြုနိုင်သည်။**

အရပ်ဘက်အဖွဲ့အစည်း actor များသည် အထူးလုပ်ငန်းအစီအစဉ်၏ ဆောင်ရွက်ချက်များကို အောက်ပါ အတိုင်း ပံ့ပိုးနိုင်သည် -

- သက်ဆိုင်ရာ အထူးလုပ်ငန်းအစီအစဉ်လုပ်ပိုင်ခွင့်ကိုင်ဆောင်သူ(များ)ထံ တစ်သီးပုဂ္ဂလလူ့အခွင့်အရေး ချိုးဖောက်မှုများ ဆိုင်ရာ စွပ်စွဲချက်များကို တင်သွင်းခြင်း၊
- အမျိုးမျိုးသော အထူးလုပ်ငန်းအစီအစဉ်လုပ်ပိုင်ခွင့်အာဏာရှိသူများအား နိုင်ငံအလိုက်လည်ပတ်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများဆိုင်ရာ သတင်းအချက်အလက်များနှင့်စိစစ်ချက်များအတွက် ပံ့ပိုးကူညီခြင်း၊
- လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်စေနိုင်ဖွယ်ရှိသော အသစ်သောဥပဒေပြုခြင်းမိတ်ဆက်မှုအတွက် အထူးလုပ်ထုံးလုပ်နည်းသတင်းအချက်အလက်များပံ့ပိုးပေးခြင်းဖြင့် ကာကွယ်တားဆီးမှုကဏ္ဍကို ဆောင်ရွက်ခြင်း၊
- အထူးလုပ်ငန်းအစီအစဉ်၏ အကြံပြုချက်များကို ဒေသန္တရအဆင့်၊ အမျိုးသားအဆင့် နောက်ဆက်တွဲ ဆောင်ရွက်ခြင်း။အရပ်ဘက်အဖွဲ့အစည်းသည် အထူးအစီအစဉ်လုပ်ပိုင်ခွင့်အာဏာရှိသူများ၏ လုပ်ငန်းနှင့် တွေ့ရှိချက်များကို ၎င်း၏အသိုင်းအဝိုင်းအတွင်း ဖြန့်ချီပေးခြင်းကို ပို၍ကျယ်ပြန့်စွာ ဆောင်ရွက်ပေးနိုင်ပါသည်။

အထူးလုပ်ငန်းအစီအစဉ်များနှင့် အရပ်ဘက်အဖွဲ့အစည်းတို့အကြား ပဓာနကျသောဆက်သွယ်မှုကို **လူ့အခွင့်အရေး ကာကွယ် သူများ ၏အခြေအနေဆိုင်ရာ အထူးကိုယ်စားလှယ်တော်** ၏လုပ်ပိုင်ခွင့်တွင် ပုံဖော်ပေးထားပါသည်။

# လူ့အခွင့်အရေးကာကွယ်သူများ၏အခြေအနေဆိုင်ရာ အထူးကိုယ်စားလှယ်တော်

### လူ့အခွင့်အရေးကာကွယ်သူ များ၏ အခြေ အနေဆိုင်ရာ အထူးကိုယ်စား လှယ် တော်သည် မည်သူနည်း။

**လူ့အခွင့်အရေးကာကွယ်သူ များ၏ အခြေအနေဆိုင်ရာ အထူးကိုယ်စားလှယ် တော်** (ယခင် လူ့အခွင့်အရေး ကာကွယ် စောင့်ရှောက်သူ များ၏ အခြေ အနေ ဆိုင်ရာ အထွေထွေအတွင်းရေးမှူး အထူး ကိုယ်စားလှယ်) ၏ လုပ်ပိုင်ခွင့် ကို ၂၀၀၀ ခုနှစ်တွင် အထူးလုပ်ငန်းအစီအစဉ် ယန္တယား အဖြစ် လူ့အခွင့်အရေး ကော်မရှင် **ဆုံးဖြတ်ချက် ၂၀၀၀/၆၁** အရ ဖွဲ့စည်းခဲ့ ပါသည်။ ၎င်းဖွဲ့စည်းမှု သည် လူ့အခွင့် အရေးကာကွယ်ပေးသူ ပဓာနကျသော၊ မကြာ ခဏ မရေမရာ ကျသော၊ အခန်း ကဏ္ဍ ကို အသိ အမှတ်ပြုပါသည်။ လူ့အခွင့် အရေး ကာကွယ်ပေးသူများ၏ "ကာကွယ် စောင့်ရှောက်မှု" သည် အထူးကိုယ်စား လှယ် တော်၏ ပဓာန ကျသော ကိစ္စရပ် ဖြစ်ပြီး၊ ၎င်းတွင် ကာကွယ်သူများ၏ ကာကွယ် စောင့်ရှောက်မှုနှင့် လူ့အခွင့် အရေး ကာကွယ်မှု အခွင့်အရေးအား ကာကွယ်စောင့်ရှောက်မှုဟူ၍ နားလည် ရပါသည်။ အထူးကိုယ်စားလှယ်တော် ၏ အဓိက အခန်းကဏ္ဍများမှာ -

- လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုများအား မြှင့်တင်ရန်နှင့် ကာကွယ် စောင့်ရှောက်ရန်အတွက် တစ်သီး ပုဂ္ဂလဖြစ်စေ၊ အခြားသူ များနှင့် အသင်းအဖွဲ့အားဖြင့်ဖြစ်စေ မည်သူ မဆို၏ အခြေအနေနှင့် အခွင့်အရေး ဆိုင်ရာ သတင်းအချက် အလက် များကို ရှာဖွေခြင်း၊ လက်ခံရရှိခြင်း၊ စစ်ဆေးခြင်းနှင့် တုန့်ပြန်ခြင်းတို့ ဆောင်ရွက်ရန်၊
- **နိုင်ငံတကာအသိအမှတ်ပြု လူ့အခွင့် အရေးနှင့် အခြေခံလွတ်လပ်မှုများကို မြှင့်တင်ရန်နှင့် အကာအကွယ်ပေးရန် တစ်သီးပုဂ္ဂလများ၊ အဖွဲ့အစည်း များ နှင့် လူမှုအသိုင်းအဝိုင်း၏ အစိတ်အပိုင်းများ အခွင့်အရေးနှင့် တာဝန်ဝတ္တရားဆိုင်ရာ ကြေညာ စာတမ်း** (လူ့အခွင့်အရေး ကာကွယ် ပေးသူများ၏ ကြေညာစာတမ်းဟု ယေဘုယျ သိရှိထားသည်) အား မြှင့်တင်ပေးခြင်းနှင့် ထိရောက်သော အကောင်အထည် ဖော်ဆောင်မှုအပေါ် အစိုးရများနှင့် အခြားသော စိတ်ပါ ဝင်စားသည့် အဖွဲ့ အစည်းများ တို့နှင့် အတူ ပူးပေါင်း ဆောင်ရွက်ခြင်းနှင့် ဆွေးနွေးမှုများအား ဆောင်ရွက်ရန်
- လူ့အခွင့်အရေး ကာကွယ်သူများ အား ပို၍ကောင်းမွန်သော ကာကွယ်စောင့် ရှောက်မှုပေးရန် ထိရောက်သော ဗျူဟာများ အကြံပြုချက်များပေး ရန်နှင့် ယင်းအကြံပြုချက်များအတွက် နောက်ဆက်တွဲဆောင်ရွက်ပေးရန်၊ တို့ဖြစ်သည်။

### လူ့အခွင့်အရေးကာကွယ်သူများ သည် မည်သူတို့နည်း။

လူ့အခွင့်အရေးကာကွယ်သူများသည် တစ်သီးပုဂ္ဂလဖြစ်စေ၊ အခြားသူများနှင့် အသင်းဖွဲ့၍ဖြစ်စေ နိုင်ငံသားနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နှင့် ယဉ်ကျေးမှု အခွင့် အရေးများအား မြှင့်တင်ခြင်း၊ ကာကွယ် စောင့်ရှောက်ခြင်းနှင့် သိရှိနားလည်ခြင်း တို့တွင် ချိတ်ဆက်ပါဝင်ဆောင်ရွက်နေသူ မည်သူမဆို ဖြစ်ပါသည်။ လူ့အခွင့်အရေး ကာကွယ်သူများသည် **နိုင်ငံတကာ လူ့ အခွင့်အရေးကြေညာစာတမ်း** တွင်သတ်မှတ် ထားသည့် နိုင်ငံတကာ လူ့အခွင့်အရေးများ ကို လက်ခံထားရပါမည်။ အချို့သော လူ့အခွင့်အရေး များကို ငြင်းပယ်လျက် လူ့အခွင့် အရေး ကာကွယ်သူအဖြစ် ကြွေးကြော်၍ မရပါ။ အကြောင်းမှာ သူ/သူမ သည် အခြားသူများအား စည်းရုံး လှုံ့ဆော်ပေးသူဖြစ်သောကြောင့် ဖြစ်သည်။

### အရပ်ဘက်အဖွဲ့အစည်းများသည် လူ့အခွင့်အရေးကာကွယ်သူများ ဖြစ်သလော။

ကမ္ဘာတဝှမ်းရှိ လူ့အခွင့်အရေး ကိစ္စရပ်များ ကို ကိုင်တွယ်ဖြေရှင်းပေးသည့် အရပ်ဖက် လူ့အဖွဲ့အစည်းနှင့် NGO များ၊ အင်စတီ ကျူးရှင်းများ သို့မဟုတ် အသင်းအဖွဲ့များ တို့အတွက် လုပ်ဆောင်နေကြသည့် ပြည်တွင်း၊ ပြည်ပ ဝန်ထမ်းများနှင့် စေတနာ့ ဝန်ထမ်းများ တို့အား လူ့အခွင့်အရေး ကာကွယ်သူများအဖြစ် သတ်မှတ်နိုင်ပါ သည်။

### လူ့အခွင့်အရေးကာကွယ်သူ ကြေညာ စာတမ်း သည် မည်သည်နည်း။

၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလတွင် အထွေထွေ ညီလာခံတွင် အတည်ပြုလိုက်သည့် လူ့အခွင့်အရေး ကာကွယ်သူ ကြေညာ စာတမ်းသည် လူ့အခွင့်အရေးအား "ကာကွယ်ခြင်း" သည် အခွင့်အရေး တစ်ရပ် ပင်ဖြစ်ကြောင်း သတ်မှတ်ထားပြီး လူ့အခွင့်အရေး ဆောင်ရွက်သူ မည်သူ မဆိုအား "လူ့အခွင့်အရေး ကာကွယ်သူ" အဖြစ် သိမှတ်ပါသည်။ ကြေညာစာတမ်း သည် လူ့အခွင့်အရေးကာကွယ်သူများအား ၎င်းတို့၏ လုပ်ငန်းအခြေအနေအတွင်း၌

ပံ့ပိုးမှုများနှင့် ကာကွယ်စောင့် ရှောက်မှု များ ကို စီစဉ်ပေးပါသည်။ ၎င်းအနေဖြင့် အခွင့်အရေးအသစ်ကို ဖန်တီးမပေးဘဲ တည်ဆဲ အခွင့်အရေး များကို လက်တွေ့ ကျသော အခန်းကဏ္ဍ နှင့် လူ့အခွင့် အရေးကာကွယ်သူများ ၏ အခြေအနေ တွင် လွယ်ကူစွာ ကျင့်သုံး နိုင်ရန် ဖော်ပြထားပေးခြင်းဖြစ်သည်။

အထူးကိုယ်စားလှယ်တော်၏ အဓိက အကာခန်းကဏ္ဍ တစ်ရပ်မှာ ကမ္ဘာတဝှမ်းရှိ လူ့အခွင့်အရေးကာကွယ်သူများ၏ အခြေအနေကိုလည်းကောင်း၊ ကြေညာ စာတမ်းနှင့် အပြည့်အဝလိုက်လျော ညီထွေစွာ ၎င်းတို့၏ ကာကွယ်စောင့် ရှောက်မှုများကို တိုးမြှင့်ပေးရန် ဖြစ်နိုင်ချေ ရှိသောနည်းလမ်းများ အစီရင်ခံပေးရန် ဖြစ်သည်။

**အထူးကိုယ်စားလှယ်တော် အား မည်သို့ ဆက်သွယ်မည်နည် (သို့) လူ့အခွင့်အရေး ကာကွယသူတစ်ဦးအား ချိုးဖောက်မှု တစ်ရပ်အား စွပ်စွဲချက် မည်သို့ ပေးပို့ရမည် နည်း။**

အရပ်ဘက်အဖွဲ့အစည်းများသည် အထူးကိုယ်စားလှယ်တော်အား အောက် ဖော်ပြပါ လိပ်စာသို့ ဆက်သွယ်နိုင်ပါသည် (စာလိပ်မူရာတွင် human rights defenders mandate သို့ ရှင်းလင်းစွာ ရည်ညွှန်းပေးရပါမည်) -

**Special Rapporteur on the situation of human rights defenders,**

Office of the United Nations High Commissioner for Human Rights

Palais des Nations
8–14, avenue de la Paix
CH–1211 Geneva 10

E-mail:

ချိုးဖောက်မှုဆိုင်ရာ စွပ်စွဲချက်တစ်ရပ်အား ပေးပို့ရန် -
urgent-action@ohchr.org

လုပ်ပိုင်ခွင့်အာဏာရှိသူထံ အခြား ရည်ရွယ်ချက်များအတွက်ဆက်သွယ်ရန်-
defenders@ohchr.org

Fax: +41 (0)22 917 90 06 Phone: +41 (0)22 917 12 34
- ဤဖုန်းနံပါတ်သည် ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာရှိ ကုလ သမဂ္ဂရုံး၏ ဖုန်းဖြစ်သည်။ ဖုန်းခေါ်ဆိုသူသည် OHCHR ရှိ အထူးလုပ်ငန်းစဉ်များကိုင်တွယ်သည့် ဝန်ထမ်း များ၊ အထူးသဖြင့် လူ့အခွင့်အရေးကာကွယ်သူ များ၏ အခြေအနေဆိုင်ရာ အထူးကိုယ် စားလှယ်တော်၏ လုပ်ပိုခွင့်ကို ပံ့ပိုး ဆောင်ရွက်သည့် ဝန်ထမ်း ကို မေးမြန်း ပြောဆိုရပါမည်။

## အမျိုးသမီးလူ့အခွင့်အရေးကာကွယ်သူများ

VI

၂၀၀၂ ခုနှစ်တွင် လူ့အခွင့်အရေး ကာကွယ်သူများ၏ အခြေအနေဆိုင်ရာ အထွေထွေအတွင်းရေးမှူး၏ ယခင် အထူး ကိုယ်စားလှယ်တော်၊ Ms. Hina Jilani သည် အမျိုးသမီးလူ့အခွင့်အရေး ဆိုင်ရာ ကမ္ဘာ့ညီလာခံတွင် အဆုံး သတ် သည့် ၃ နှစ်ကြာ နိုင်ငံတကာ ကဲမ်ပိန်း ကို ဦးဆောင်ခဲ့ရာ၊ သီရိလင်္ကာနိုင်ငံတွင် ကျင်းပ သည့် ယင်းညီလာခံတွင် နိုင်ငံ ပေါင်း ၇၀ ကျော်မှ ကျား၊မ ရေးရာ ပညာရှင်များနှင့် အမျိုးသမီး လူ့အခွင့် အရေးကာကွယ်သူများ တို့ တက်ရောက် ခဲ့ကြပါသည်။

အထူးကိုယ်စားလှယ်တော်သည် သူမ၏ တာဝန်ထမ်းဆောင်စဉ်အတွင်း အမျိုးသမီး ကာကွယ်သူများသည် အချို့သော အကြမ်းဖက်မှုနှင့် ကန့်သတ်မှုပုံစံများဖြင့် အန္တရာယ်ပို၍ရင်ဆိုင်ရပြီး၊ ထပ်တလဲ လဲ ပြောဆိုခဲ့ပြီး၊ အထူးသဖြင့် အမျိုးသမီး အခွင့်အရေး ကာကွယ်မှု နှင့် ပတ်သက် လာလျှင် နိုင်ငံ့အဖွဲ့အစည်းများနှင့် လူမှုအဖွဲ့အစည်းများတို့မှ မလိုမုန်းထား မှုများ၊ ဘေးဖယ်ထားခံရမှုများနှင့် အများပြည်သူ၏ ငြင်းပယ်ခံရမှု တို့အပေါ် အကာကွယ်မဲ့လာကြကြောင်း ထပ်တ လဲလဲ ပြောဆိုခဲ့ပါသည်။ [61]

အထူးကိုယ်စားလှယ်တော်သည် သူမ၏ တာဝန်ထမ်းဆောင်စဉ်အတွင်း ကာကွယ် သူပေါင်း ၁၃၁၄ ဦးနှင့် စပ်လျဉ်းပြီး အမျိုးသမီး လူ့အခွင့်အရေး ကာကွယ်သူ များ၏ ချိုးဖောက်မှု အမှုပေါင်း ၄၄၉ မှု ကို ကိုင်တွယ်ခဲ့ပါသည်။ ယင်း အကြောင်း ကြားချက်များမှ ၆၅ ခုမှာ **အမျိုးသမီးများ အား အကြမ်းဖက်မှု၊ ၎င်း၏အကြောင်းခံ များနှင့် အကျိုးအဆက်များ တို့ဆိုင်ရာ အထူးကိုယ်စားလှယ်တော်** နှင့် ပူးတွဲကာ ပေးပို့ခဲ့ပါသည်။

[61] See E/CN.4/2002/106, paras. 80-94.

## က။ အထူးလုပ်ငန်းအစီအစဉ်လုပ်ပိုင်ခွင့်အာဏာရှိသူများထံ တစ်သီးပုဂ္ဂလအမှုကိစ္စများ တင်သွင်းခြင်း

**လူ့အခွင့်အရေးချိုးဖောက်မှုများ ဆိုင်ရာ သတင်းအချက်အလက်များကို လက်ခံရရှိရန် လုပ်ပိုင်ခွင့် အပ်နှင်းထားသည့် အထူး လုပ်ငန်းအစီအစဉ်လုပ်ပိုင်ခွင့်အာဏာရှိသူများထံ လူ့အခွင့်အရေးချိုးဖောက်မှုများဆိုင်ရာ ယုံကြည့်စိတ်ချရပြီး ခိုင်လုံသော သတင်းအချက်အလက်များကို မည်သူမဆိုသည် တင်သွင်းနိုင်သည်။** အထူးလုပ်ငန်းအစီအစဉ်များသို့ တစ်သီးပုဂ္ဂလ တိုင်ကြား မှု များကို တင်သွင်းခြင်းသည် တစ်သီးပုဂ္ဂလအမှုကိစ္စများအား တိုက်ရိုက် ကြားဝင်ဖြန်ဖြေပေးရန် အထိရောက်ဆုံး ကြိုးပမ်းမှု နည်းလမ်းများဖြစ်သည်။ အရပ်ဘက်အဖွဲ့အစည်းများသည် အမြဲဆိုသလို လူ့အခွင့်အရေး ချိုးဖောက်မှုများမှ အကာအကွယ် ရှာဖွေနေသည့် တစ်သီးပုဂ္ဂလများအတွက် ကြားခံအဖြစ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ဆက်သွယ်သတင်းပေးပို့ချက်များ ပေးပို့မှုနှင့် လက်ခံရရှိမှုများသည် အများအားဖြင့် လျှို့ဝှက်ဖြစ်ပြီး လူ့အခွင့်အရေး ကောင်စီ သို့ ပေးပို့သည်လုပ်ပိုင်ခွင့်အာဏာရှိသူများ၏ အစီရင်ခံမှုသည် အများပြည်သူထံထုတ်ဝေမှုမပြုမီအထိဖြစ်ပါမည်။ လုပ်ပိုင်ခွင့် အာဏာရှိသူများမှ ထုတ်ပြန်ချက်ကို လုပ်ငန်းစဉ်၏အစောပိုင်းတွင် အများပြည်သူထံ ထုတ်ဝေရန်လည်း ဆုံးဖြတ်နိုင်ပါ သည်။ ၎င်းအစီရင်ခံစာတွင် အချို့သော အမှုကိစ္စများဆိုင်ရာ  အစိုးရများမှ ဆက်သွယ်သတင်းပေးပို့ချက် များ ပေးပို့မှုနှင့် တုန့်ပြန် ချက် ရရှိမှုတို့ ပါဝင်ပါသည်။ မှတ်သားရန်မှာ၊ ကလေးသူငယ်များနှင့် အခြား ထိခိုက်ခံရမှု အမျိုးအစားများဖြစ်သည့် လိင်ပိုင်း ဆိုင်ရာ အကြမ်းဖက်ခံရသည့် သားကောင်များမှအပ စွပ်စွဲမှုပြုသည့် ခံရသူများ၏ အမည်များကို ဖော်ပြပါသည်။

အထူးလုပ်ငန်းအစီအစဉ်များဆိုင်ရာ ယန္တယားများ၏ အများဆိုင်ရာ အစီရင်ခံစာများ၏ သဘောသဘာဝအရ လူ့အခွင့်အရေး ချိုးဖောက် ခံရသူများကိုယ်စား ဆောင်ရွက်ပေးနေသည့် အဖွဲ့အစည်းများသည် ယင်းခံရသူများထံ သူ/သူမ၏ အမှုကိစ္စအား အထူးလုပ်ငန်းအစီအစဉ်ဆိုင်ရာယန္တယားသို့ လွှဲပြောင်းလိုက်ကြောင်း၊ သူ/သူမ၏ အမည်အား အာဏာပိုင်များထံ အကြောင်း ကြား မည်ဖြစ်ကြောင်း၊ နှင့် သူ/သူမ၏အမည်အား အထူးလုပ်ငန်းအစီအစဉ်၏ အများဆိုင်ရာ အစီရင်ခံစာတွင် ဖော်ပြမည် ဖြစ် ကြောင်း သိရှိစေရပါမည်။ သို့သော်၊ မှတ်သားထားရမည်မှာ အမှုအားတင်သွင်းရန် ခံရသူများ၏ ခွင့်ပြုမိန့်ကို အမြဲ မတောင်း ဆိုပါ (ဥပမာ၊ ခံရသူသည် ထိန်းသိမ်းခံရ၍ဖြစ်စေ၊ သို့မဟုတ် အခြား အခြေအနေများကြောင့်ဖြစ်စေ လက်လှမ်းမမှီ သည့် အခြေမျိုး)။ မြောက်များစွာသော လုပ်ပိုင်ခွင့်များသည် လူ့အခွင့်အရေးချိုးဖောက်မှုများဆိုင်ရာ သတင်းအချက်အလက် များ တင်သွင်းရာ အသုံးပြုရန်အတွက် အထူးစစ်တမ်းမေးခွန်းလွှာများကို ဖော်ထုတ်ထားလေသည်။

**ဆက်သွယ်သတင်းပေးပို့ချက်များကို တင်သွင်းမှုအတွက် အထူးလုပ်ငန်းအစီအစဉ်အသီးသီးမှ ကွဲပြားသော သတ်မှတ်ချက်များကို ချမှတ် ထားလေသည်။** သို့သော်လည်း ဆက်သွယ်သတင်းပေးပို့ချက်တစ်ရပ်အား အကဲဖြတ်ရန်အတွက် အောက်ပါ သတင်းအချက်အလက် များကို ထည့်သွင်းရပါမည် -

- စွပ်စွဲမှုပြုထားသည့် ခံရသူ၏ မည်သူမည်ဝါဖြစ်ကြောင်းဖော်ပြချက်၊
- ချိုးဖောက်မှုအတွက် စွပ်စွဲမှုပြုထားသည့် တရားခံ၏ မည်သူမည်ဝါဖြစ်ကြောင်းဖော်ပြချက်၊
- ဆက်သွယ်သတင်းပေးပို့ချက်တင်သွင်းသည့် ပုဂ္ဂိုလ်(များ) သို့မဟုတ် အဖွဲ့အစည်း(များ) ၏ မည်သူမည်ဝါ ဖြစ်ကြောင်း ဖော်ပြချက် (၎င်းအချက်အလက်များကို လျှို့ဝှက်ထိန်းသိမ်းပေးမည်ဖြစ်သည်)၊
- ဖြစ်ပျက်သည့် နေ့ရက်နှင့် နေရာ၊
- စွပ်စွဲမှုပြုထားသည့် ချိုးဖောက်မှုဖြစ်ပျက်ခဲ့ပုံ အခြေအနေများအား အသေးစိပ်ဖော်ပြချက် တို့ဖြစ်သည်။

OHCHR ဝက်ဘ်ဆိုက်ပေါ်တွင် စွပ်စွဲမှုပြုထားသည့် ချိုးဖောက်မှုများအား အစီရင်ခံရန်အတွက် မြောက်များ စွာသော လုပ်ပိုင်ခွင့်များအောက်၌ အထူးလုပ်ပိုင်ခွင့်များအတွက် စံထားသည့် စစ်တမ်းမေးခွန်းလွှာများရရှိနိုင်ပါသည်

လူ့အခွင့်အရေးဆိုင်ရာအရေးကိစ္စ(များ)/အခြေအနေ(များ)ကို ၎င်းတို့၏မူလတင်သွင်းမှုများတွင် ဖြေရှင်းပေးခြင်း တိုးတက်မှုရှိ၊ မရှိအပေါ် **နောက်ဆက်တွဲသတင်းအချက်အလက်များ** အား လုပ်ပိုင်ခွင့်အာဏာရှိသူများထံ တင်သွင်းနိုင်ပါသည်။ နောက်ဆက်တွဲသတင်းအချက်အလက်များသည် လုပ်ပိုင်ခွင့်အာဏာရှိသူများအတွက် အလွန်ပင် အသုံးဝင်လှပါသည်။အချို့တို့သည် အကြောင်းကြားမှုဖြစ်စဉ်မှတဆင့် ဖော်ထုတ်ထားသည့် အချက်များများအပေါ် မူတည်၍ လည်ပတ်သွားမည့်နိုင်ငံအတွက် တောင်းဆိုမှုများပြုပါသည်။

**အထူးလုပ်ငန်းအစီအစဉ်များအတွက် ရရှိသည့် သတင်းအချက်အလက်များသည် နိုင်ငံရေးလှုံ့ဆော်မှုများ၊ အလွဲသုံးစားမှု များ သို့မဟုတ် မီဒီယာသတင်းထုတ်လွှင့်ချက်များအပေါ် သာလုံးလုံး အခြေပြုခြင်းမျိုးမဖြစ်ရပါ။**

**တစ်ဦးပုဂ္ဂလ အမှုများ/တိုင်ကြားမှုများ**ကို အောက်ပါအီးမေးလ်သို့ပေးပို့နိုင်သည်။
urgent-action@ohchr.org
Fax: +41 (0)22 917 90 06; or
စာပို့လိပ်စာ - OHCHR-UNOG, 8-14 avenue de la Paix, CH–1211 Geneva 10, Switzerland.

**ဆက်သွယ်သတင်းပေးပို့ချက်များကို ပေးပို့သည့်အခါ မည်သည့် အထူးလုပ်ငန်းအစီအစဉ်ယန္တယားသို့ လိပ်မူသည်ကို အီးမေး (သို့) Fax (သို့) စာအိတ်အပေါ်ရှိ အကြောင်းအရာတွင် ဖော်ပြပေးပါ။**

အထူးလုပ်ငန်းအစီအစဉ်များထံ စွပ်စွဲထားသော ချိုးဖောက်မှုတစ်ရပ်နှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်ကို မည်သို့ တင်သွင်းနိုင်မည်အကြောင်း ပိုမိုသိရှိလိုပါက ဤလက်စွဲစာအုပ်၏ **အခန်း ၈ (လူ့အခွင့်အရေးချိုးဖောက်မှု ဟူသော စွပ်စွဲချက်များ ဆိုင်ရာတိုင်ကြားစာတင်သွင်းခြင်း)** သို့ဝင်ရောက်လေ့လာနိုင်ပြီး၊ SPDInfo@ohchr.org သို့လည်း ဆက်သွယ်နိုင်ပါသည်။

VI

## ခ။ တိုင်းပြည်အတွင်းသို့လည်ပတ်မှုအတွက် ပံ့ပိုးမှုပေးခြင်း

အထူးလုပ်ငန်းအစီအစဉ်လုပ်ပိုင်ခွင့်အာဏာရှိသူများမှ တိုင်းပြည်အတွင်းသို့လည်ပတ်မှုပြုခြင်းသည် ကနဦး သတင်း အချက် အလက်များ စုဆောင်းမှုအတွက် အရေးပါလှရခြင်းမှာ ၎င်းသည် နိုင်ငံတစ်ခုအတွင်းရှိလူ့အခွင့်အရေး အခြေ အနေအား တိုက်ရိုက် လေ့လာမှုပြုခွင့်ရရှိခြင်းကြောင့်ဖြစ်သည်။ နိုင်ငံတကာ နှင့် ပြည်တွင်း NGO များ၊ အရပ်ဘက် အဖွဲ့အစည်းများ နှင့် အောက်ခြေအဆင့် လှုပ်ရှားမှုများတို့သည် မစ်ရှင်တစ်ရပ်၏ ကွဲပြားသောအဆင့်များတွင် အရေး ကြီးသော ပံ့ပိုးကူညီမှု များ ပေးနိုင်ပါသည်။

### ၁။ တိုင်းပြည်အတွင်းသို့လည်ပတ်မှုအတွက် အဆိုပြုခြင်း

အရပ်ဘက်အဖွဲ့အစည်းများသည် အစိုးရများအား လုပ်ပိုင်ခွင့်အာဏာရှိသူများ တိုင်းပြည်အတွင်းသို့လည်ပတ်မှုအတွက် ဖိတ်ကြား စေ ရန် အားပေးနိုင်သည် (သို့) အထူးလုပ်ငန်းအစီအစဉ်အား အချိန်မရွေးကမ်းလင့်ဖိတ်ကြားမှု တိုးချဲ့နိုင်သည်။ နိုင်ငံ တစ်ခု အတွင်းရှိ အရေးကိစ္စများအား လုပ်ပိုင်ခွင့် အာဏာရှိသူများအား သတိပေးမှုသည် လုပ်ပိုင်ခွင့်အာဏာရှိသူ အား လည်ပတ်မှု အတွက် တောင်းဆိုမှုပြုရန် ဆုံးဖြတ်ပေးနိုင်သည်။ အကြောင်းမှာ အချို့သော လုပ်ပိုင်ခွင့် အာဏာရှိ သူများ သည် ၎င်းတို့ ရရှိသော သတင်းအချက်အလက်ပမာဏ (တစ်ဦးပုဂ္ဂလတိုင်ကြားမှုများ/အမှုများ) အပေါ် မူတည်၍ နိုင်ငံ လည်ပတ်မှု အတွက် ၎င်းတို့၏တောင်းဆိုမှုများပြုပါသည်။ အချို့သော လုပ်ပိုင်ခွင့်အာဏာရှိသူများသည် **ပူးတွဲနိုင်ငံ လည်ပတ်မှုများ** ကိုလည်း ဆောင်ရွက်ကြပါသည်။

## ၂။ တိုင်းပြည်အတွင်းသို့လည်ပတ်မှုအတွက် အတည်ပြုချက်ရရှိသည့်အခါ

တိုင်းပြည်တစ်ခုသို့ လည်ပတ်မှုအတွက် အတည်ပြုချက်ရရှိသည့်အခါ (နိုင်ငံတစ်ခုမှ လုပ်ပိုင်ခွင့်အာဏာရှိသူများ၏ တောင်းဆို မှုကို တည်ပြုပေးပြီး လည်ပတ်မည့်ရက်စွဲများသဘောတူညီကြသည့်အခါ) အရပ်ဘက်အဖွဲ့အစည်းများမှ ယင်းလည်ပတ် မှုအတွက် အများပြည်သူ အသိပေးမှုကို ဆောင်ရွက်နိုင်ပါသည်။

တိုင်းပြည်အတွင်းသို့လည်ပတ်မှုမပြုမီ အရပ်ဘက်အဖွဲ့အစည်းများသည် လုပ်ပိုင်ခွင့်အာဏာရှိသူများအား သက်ဆိုင်ရာ သတင်း အချက်အလက်များ ပေးခြင်းနှင့် သက်ဆိုင်ရာအကြောင်းအရာများ တင်ပြခြင်းတို့ ဆောင်ရွက်နိုင်သည်။ ဤသည် လုပ်ပိုင်ခွင့် အာဏာရှိသူများမှ အာဏာပိုင်များထံ တိကျသောအရေးကိစ္စများ တင်ပြရန် ကူညီပေးနိုင်ပြီး၊ လည်ပတ်မှု၏ တရားဝင်အစီအစဉ်တွင် ၎င်းအချက်များကို ထည့်သွင်းစီစဉ်ထားနိုင်ပါသည် (ဥပမာ၊ အချို့သော ထိန်းသိမ်းမှု စင်တာများ (သို့) ဒုက္ခသည်စခန်းများ သို့ ဝင်ရောက်နိုင်ခွင့်၊ အချို့သော အမျိုးသား သို့မဟုတ် ဒေသန္တရအာဏာပိုင်များ သို့မဟုတ် တစ်သီးပုဂ္ဂလများနှင့် တွေ့ဆုံနိုင်ခွင့်စီစဉ်ခြင်း)။

### ဘရာဇီး NGO များအကြား အမျိုးသားအဆင့် ညှိနှိုင်းဆောင်ရွက်မှု

ဘရာဇီး NGO များတစ်စုသည် (**Plataforma Dhesc**) အထူးလုပ်ထုံး လုပ်နည်းမှ စံနမူနာယူထားသည့် လူ့အခွင့် အရေး စောင့်ကြည့်မှု စနစ်ဖွဲ့စည်းခဲ့ လေသည်။ ဆောင်ရွက်ချက် ၆ ချက်ပါဝင် ပြီး ၎င်းတို့ အသီးသီးသည် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ အရေး ကိစ္စများ -- အိုးအိမ်၊ ပညာရေး၊ ပတ်ဝန်းကျင်၊ အစား အသောက်၊ ကျန်းမာရေး၊ အလုပ် စသည်တို့ဆိုင်ရာအခွင့်အရေးများ -- အတွက် လုပ်ဆောင်ကြပြီး ၎င်းအရေး ကိစ္စဆိုင်ရာ အမျိုးသား အစရင်ခံစာ ကို ထုတ်လုပ်ပြီး သက်ဆိုင် ရာအထူး လုပ်ငန်းစဉ်(များ) ထံ ပေးပို့ပါသည်။ တိကျသော အရေးကိစ္စတစ်ရပ်အား ဆောင်ရွက်ချက် တစ်ခုစီတိုင်းအတွက် ခွဲဝေသတ်မှတ်ပေးခြင်းသည် အရင်း အမြစ်များ နှင့် ကျွမ်းကျင်မှုများကို အကောင်းဆုံးအသုံးချနိုင်ရန် ဖြစ်စေ ကာ၊ လုပ်ပြီးသားလုပ်ငန်းအားမလိုအပ် ဘဲထပ်လုပ်ခြင်းလျှော့ပါးစေပြီး၊ အထူး လုပ်ငန်းစဉ်များ၏ လုပ်ငန်းကို ပို၍ ထိရောက်စွာ ပံ့ပိုးပေးလေသည်။

## ၃။ တိုင်းပြည်အတွင်းသို့လည်ပတ်မှုပြုစဉ်ကာလ

တိုင်းပြည်အတွင်းသို့လည်ပတ်မှု ပြုစဉ်အတွင်း အရပ်ဘက်အဖွဲ့အစည်းများသည် လုပ်ပိုင်ခွင့်အာဏာရှိသူ (သို့) ဂျီနီဗာမြို့ရှိ သက်ဆိုင်ရာ OHCHR ရှိ သို့မဟုတ် နယ်ဒေသရှိ ရုံးဝန်ထမ်းသို့ ဆက်သွယ်ပြီး လုပ်ပိုင်ခွင့်အာဏာရှိသူတို့နှင့် တွေ့ဆုံနိုင်သည်။

သက်ဆိုင်ရာရုံး **နယ်ပယ်ရုံးနှင့် ရုံးအရာရှိ** အားဆက်သွယ်ရန်အတွက် OHCHR ဝက်ဘ်ဆိုက် သို့ဝင်ရောက်နိုင်ပါသည်။

## ၄။ တိုင်းပြည်အတွင်းသို့လည်ပတ်မှုအပြီး

အရပ်ဘက်အဖွဲ့အစည်းများသည် တိုင်းပြည်အတွင်းသို့လည်ပတ်မှုမှ ရရှိသည့် နိဂုံးချုပ်သုံးသပ်ချက်များနှင့် အကြံပြုများအတွက် နောက်ဆက်တွဲဆောင်ရွက်မှုတွင် အရေးကြီးသောအခန်းကဏ္ဍမှ အောက်ပါအတိုင်း ပါဝင်နိုင်သည် -

- ဒေသန္တရလူထုရပ်ဝန်းများသို့ အကြံပြုချက်များကို ဖြန့်ချိပေးခြင်း၊

- အထူးလုပ်ငန်းအစီအစဉ်များ၏လုပ်ငန်းကို အများသိရှိစေခြင်းနှင့် အထွေထွေအမြင်ဖွင့်အသိပေးခြင်း၊
- တိုင်းပြည်အတွင်းသို့လည်ပတ်မှုအားဖြင့် အစပြုခဲ့သည့် လုပ်ငန်းကို ဆက်လက်ဆောင်ရွက်ရန် လုပ်ဆောင်ချက် အစီအစဉ်များနှင့် လှုပ်ရှားမှုများကို ဖော်ဆောင်ခြင်း၊
- အထူးလုပ်ငန်းအစီအစဉ်အကြံပြုချက်များအား အကောင်အထည်ဖော်ဆောင်မှုအတွက် အစိုးရများနှင့် အတူး လုပ်ဆောင်ခြင်း၊
- အချို့သော လုပ်ပိုင်ခွင့်အာဏာရှိသူများမှ ထုတ်ဆင့်ထားသည့် တိကျသော နောက်ဆက်တွဲ အစီရင်ခံစာများအတွက် ဖြည့်သွင်းချက်များ ပံ့ပိုးခြင်း၊နှင့်
- အကြံပြုချက်များကို ဖြည့်ဆည်းဆောင်ရွက်သည့် အစိုးရများ၏ခြေလှမ်းများကို စောင့်ကြည့်ခြင်း၊ နှင့် အကြံပြု ချက်များ အကောင်အထည်ဖော်ဆောင်မှုဆိုင်ရာအစိုးရ၏ တိုးတက်မှုအား လုပ်ပိုင်ခွင့်အာဏာရှိသူ(များ) ထံ အသိပေးအကြောင်းကြားခြင်း၊

### အထူးလုပ်ငန်းအစီအစဉ်၏ အကြံပြုချက်များအား အကောင်အထည်ဖော်ဆောင်မှုဆိုင်ရာ လုပ်ငန်းအတွက် ကွန်ယက်များ တည်ဆောက်ခြင်း

**ခေတ်သစ် လူမျိုးရေးဝါဒ၊ လူမျိုးရေး ဖိနှိပ်ခွဲခြားမှု၊ လူမျိုးရေးမုန်းတီးမှုနှင့် ၎င်းတို့နှင့်ဆက်စပ်သော ဖိနှိပ်မှုတို့ဆိုင်ရာ အထူးကိုယ်စားလှယ်တော်** Mr. Doudou Diène မှ ၂၀၀၅ ခုနှစ်တွင် ဂျပန် နိုင်ငံသို့ လည်ပတ်မှု ပြီးနောက်၊ ၎င်း၏ မစ်ရှင် အစီရင်ခံစာအပေါ် အခြေပြုပြီး **လူမျိုးရေးဝါဒ ပုံသဏ္ဍာန်အားလုံး ဆန့်ကျင်ရေး ဆိုင်ရာ နိုင်ငံတကာ လှုပ်ရှားမှု (IMADR)** နှင့် ၈၅ ခုသော လူနည်းစုနှင့် လူ့အခွင့်အရေး ဆိုင်ရာ အုပ်စုများများတို့မှ လူမျိုးရေးဖိနှိပ်ခွဲခြားဆက်ဆံမှုဖျက်သိမ်းခြင်းအတွက် NGO ကွန်ယက်တစ်ခု ဖွဲ့စည်းတည်ဆောက်ခဲ့ကြလေသည်။ ယင်းကွန်ယက်အဖွဲ့သည် ဂျပန်နိုင်ငံ ရှိ ပြည်တွင်း NGO များအတွက် လူမျိုးရေးဝါဒ နှင့် ဖိနှိပ်ခွဲခြားမှုများနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များ ဝေမျှရန်နှင့် နိုင်ငံတကာ ယန္တယားများ နှင့် ချိတ်ဆက်ရန်ဗဟိုနည်းလမ်းတစ်ခုအဖြစ် ဆောင်ရွက်ပေးပါသည်။ အထူးကိုယ်စားလှယ်တော်သည်  ယင်းကွန်ယက် ဖွဲ့စည်းမှုကိုသော်လည်းကောင်း၊ အာဏာပိုင်များ NGO များနှင့် လူမျိုးဝေးဝါဒနှင့် လူမျိုးရေးမုန်းတီးမှုအားဖြင့် ထိခိုက်ခံရသည့် လူထုအသိုင်းအဝိုင်းများတို့အကြား အပြုသဘောဆောင်သည့် ဆွေးနွေးမှုများတည်ဆောက်ခြင်းတို့ကို အားပေးပါသည်။ ယင်းထိခိုက်ခံရသည့် အသိုင်းအဝိုင်း များတွင် Ainu (၂၀၀၈ ခုနှစ်တွင် ဂျပန်မှ ယခင် မူရင်းဌာနေတိုင်းရင်းသားအဖြစ် သတ်မှတ်ထားသည့်လူမျိုး)၊ ပြည်တွင်း လူနည်းစုများ (Burku ပြည်သူများနှင့် Okinawa ပြည်သူများ)၊ ယခင် ဂျပန် ကိုယ်လိုနီခေတ်မှ ဆင်းသက်လာသူများ (ကိုရီယားနှင့် တရုတ်လူမျိုးများ)၊ နှင့် အာရှ၊ အာဖရိက၊ တောင်အမေရိက နှင့် အရှေ့အလယ်ပိုင်း နိုင်ငံများတို့မှ အသစ်ရွှေ့ပြောင်းလာကြသူများ တို့ ပါဝင်သည်။

## ၈။ အထူးလုပ်ငန်းအစီအစဉ်လုပ်ပိုင်ခွင့်အာဏာရှိသူများထံ သတင်းအချက်အလက်များပေးခြင်း

NGO များသည်  နိုင်ငံတစ်ခုအတွင်းရှိ တိကျသောလူ့အခွင့်အရေးအခြေအနေတစ်ရပ်၊ သို့မဟုတ် လူ့အခွင့်အရေး ပါဝင်ပတ်သက်သော ၎င်း၏ဥပဒေများနှင့်ကျင့်သုံးမှု ဆိုင်ရာသတင်းအချက်အလက်များကို အထူးလုပ်ငန်းအစီအစဉ်များသို့ ယူဆောင် လာနိုင်ပါသည်။ လုပ်ပိုင်ခွင့်အာဏာရှိသူများသည် ရံဖန်ရံခါ ၎င်းတို့လုပ်ပိုင်ခွင့်များအတွင်း ကျရောက်သော အချို့သော အကြောင်း အရာများကို တောင်းဆိုခြင်း၊ သို့မဟုတ် သုတေသနနှင့် ပညာရေးအင်စတီကျူးရှင်းများအပါအဝင် NGO များ နှင့် အရပ်ဘက်အဖွဲ့အစည်းများတို့နှင့် အထူး အတိုင်အပင်ခံမှုများ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

## မသန်စွမ်းပုဂ္ဂိုလ်များ၏ပညာရေးအခွင့်အရေးဆိုင်ရာ အစီရင်ခံမှု ဖော်ဆောင်ရာတွင် ပညာရေး အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ်တော်နှင့်အတူ အရပ်ဖက် လူ့အဖွဲ့အစည်း ပူးပေါင်းခြင်း

၂၀၀၇ ခုနှစ်တွင် **ပညာရေးအခွင့်အရေးအခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ်တော်** Mr. Vernor Muñoz Villalobos သည် ၎င်း၏ တတိယ နှစ်ပတ်လည် အစီရင်ခံစာ (A/Hrc/4/29) ကို မသန်စွမ်းပုဂ္ဂိုလ်များ၏ ပညာရေးအခွင့်အရေးအပေါ် အထူးပြုခဲ့ပါသည်။ ထိုသူတို့သည် ပညာရေးမှ ချန်လှပ်ထားခံရသည့် အုပ်စုများထဲမှ တစ်ခုဖြစ်ကြောင်း ထောက်ဆထားပါသည်။

ယင်းအစီရင်ခံစာတွင် မသန်စွမ်းပုဂ္ဂိုလ်များ၏ ပညာရေးအခွင့်အရေးဆိုင်ရာ အင်စတီကျူးရှင်နယ် နှင့် ဥပဒေ ရေးရာမှုဘောင်အား နက်နက်နဲနဲ စိစစ် သုံးသပ်ချက်ကို ဖော်ပြပေးပါသည်။ ၎င်းသည် "ပါဝင်မှုကျယ်ပြန့်သော ပညာရေး" ၏ အကျိုးအဆက်များကို ပညာရေးအခွင့်အရေး၏ အခြေခံ အချက်တစ်ခုအဖြစ် စစ်ဆေးမှုပြုပြီး၊ မသန်စွမ်းပုဂ္ဂိုလ်များ၏ ပညာရေး အခွင့်အရေး အပြည့်အဝနားလည်သဘောပေါက်မှုကို ခြိမ်းခြောက်နေသည့် အဓိကအဟန့်အတားများ နှင့် စိန်ခေါ် မှုများအား ဖော်ထုတ် ပေးပါသည်။

အစီရင်ခံစာအားဖော်ဆောင်ရာတွင် အထူးကိုယ်စားလှယ်တော်သည် မသန်စွမ်းပုဂ္ဂိုလ်များ၏ အဖွဲ့အစည်းများ အပါအဝင် အမျိုး သားနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ တို့နှင့် အတိုင်အပင်ခံပြုပြီး၊ ခိုင်မာစွာတည်ထောင်ထားသည့် ဒေသန္တရနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများမှ (လေ့လာမှု၊ ကိန်းဂဏန်းများနှင့် သဘောထားအမြင်များ အပါအဝင်) လက်ဦးသတင်းအချက်အလက်များကို ရရှိခဲ့လေသည်။ ယင်းသတင်းအချက်အလက်များက ၎င်းအား မသန်စွမ်းပုဂ္ဂိုလ်များ၏ ပညာရေးအခွင့်အရေး သိရှိနားလည်မှုကို နှောင့်နှေးစေသည့် စိန်ခေါ် မှုများနှင့် အဟန့်အတားများကို ဖော်ထုတ်ရန် နှင့် အကြံပြုချက်မှား ချမှတ်ရန် အကူညီပေးခဲ့ပါသည်။

OHCHR သည် အထူးကိုယ်စားလှယ်တော်နှင့် အတူ မသန်းစွမ်းပုဂ္ဂိုလ်များ၏ ပညာရေးအခွင့်အရေးဆိုင်ရာ ၂ ရက်တာ ပညာရှင်နီးနှောဖလှယ်ပွဲ တစ်ခု စီစဉ်ခဲ့ရာ၊ ၎င်းတွင် မသန်စွမ်းပုဂ္ဂိုလ်များနှင့် မသန်စွမ်းအရေးကိစ္စများနှင့် တွင် ဆောင်ရွက်နေကြသည် ပုဂ္ဂိုလ်များ တတ်ကြွစွာ ပါဝင်ခဲ့ကြသည်။ နီးနှောဖလှယ်ပွဲတွင် အရပ်ဖက် လူ့အဖွဲ့အစည်း ကိုယ်စားလှယ်များ၏ ပါဝင်ပံ့ပိုးမှုများကို အထူးကိုယ်စားလှယ်၏ အစီရင်ခံစာတွင် ထင်ဟပ်ထားပြီး၊ ယင်း အစီရင်ခံစားကိုလည်း မသန်စွမ်းပုဂ္ဂိုလ်များနှင့် ၎င်းတို့ကိုယ်စားပြု အဖွဲ့အစည်းများ၊ တက္ကသိုလ်များ၊ အစိုးရ အေဂျင်စီများ၊ နှင့် အခြားသော အရပ်ဖက် လူ့အဖွဲ့အစည်းများ တို့ထံ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေထားပါသည်။

## ပညာရေးအင်စတီကျူးရှင်းများမှ လူ့အခွင့်အရေးကိစ္စရပ်နှင့် နယ်နိမိတ်ခြားကော်ပိုရေးရှင်းများနှင့် အခြားသော စီးပွားရေးလုပ်ငန်းများဆိုင်ရာ အထွေထွေအတွင်းရေးမှူး၏ အထူးကိုယ်စားလှယ်တော်၏ လုပ်ပိုင်ခွင့်သို့ ပံ့ပိုးကူညီမှု

ကမ္ဘာတစ်ဝှမ်းရှိ ကျယ်ပြန့်လှသော ပညာရေးအင်စတီ ကျူး ရှင်းများသည် **လူ့အခွင့်အရေး ကိစ္စရပ်နှင့် နယ်နိမိတ်ခြားကော်ပိုရေး ရှင်း များနှင့် အခြားသော စီးပွားရေး လုပ်ငန်းများဆိုင်ရာ အထွေထွေ အတွင်းရေးမှူး၏ အထူးကိုယ်စားလှယ် တော်**၏ လုပ်ငန်းကို ပံ့ပိုးပေးခဲ့ကြ လေသည်။ ပံ့ပိုးမှုများသည် အထူးကိုယ်စားလှယ်တော်မှ တောင်းဆိုထားသည့် (သို့) သဘောတူထားသည့် တိကျသော အကြောင်းအရာများအပေါ်တွင် သုတေသနပုံစံဖြင့်လည်းကောင်း၊ ၎င်းမှ ကျင်းပသသည့်အတိုင်အပင်ခံမှုများနှင့် ပညာရှင်အစည်းအဝေးများတွင် ပါဝင်မှုပုံစံဖြင့်လည်းကောင်း၊ ၎င်း၏ လုပ်ပိုင်ခွင့်အားဖြင့် လွှမ်းခြုံထားသည့် မြောက်များစွာသော အရေးကိစ္စများဆိုင်ရာ အထူးကိုယ်စားလှယ်တော်ထံ ဝေဖန်သုံးသပ်ချက်များနှင့် တင်သွင်းမှုများ စသည်ပုံစံများဖြင့် ဆောင်ရွက်ပါသည်သည်။ အထူးကိုယ်စားလှယ်မှရရှိသည့် ပံ့ပိုးမှုများအားလုံးသည် **Business & Human Rights Resource Centre**[62] မှ လည်ပတ်သည့် ဝက်ဘ်ဆိုက်ပေါ်တွင် ရရှိနိုင်ပါသည်။

### ဃ။ အထူးလုပ်ငန်းအစီအစဉ်များ၏ လုပ်ငန်းကို ဒေသန္တရ၊ အမျိုးသား သို့မဟုတ် ဒေသန္တာရ အဆင့် လှုံ့ဆော် ရန်၊ ဖြန့်ဝေရန်၊ နောက်ဆက်တွဲ ဆောင်ရွက်ရန် နှင့် အကောင်အထည်ဖော်ဆောင်ရန် လုပ်ဆောင်ခြင်း

အထူးလုပ်ငန်းအစီအစဉ်လုပ်ပိုင်ခွင့်အာဏာရှိသူများ ၎င်းတို့၏အစီရင်ခံစာများနှင့် အကြံပြု ချက်များအပါအဝင် စဉ်ဆက် ဖြစ်နေသည့်လုပ်ငန်းသည် အရပ်ဘက်အဖွဲ့အစည်းများမှ ၎င်းတို့၏ စဉ်ဆက်ဖြစ်နေသည့် စည်းရုံး လှုံ့ဆော်ရေး လုပ်ငန်း ထဲသို့ ပေါင်းစပ်နိုင်စေမည့် တန်ဖိုးရှိလှသော အချက်များကို ပြင်ဆင်ပေးပါသည်။ ၎င်းတွင် -

#### ၁။ အထူးလုပ်ငန်းအစီအစဉ်များ၏အကြံပြုချက်များကို အမျိုးသားအဆင့် အကောင်အထည်ဖော်ဆောင်ခြင်း

အထူးသဖြင့် တိုင်းပြည်အတွင်းသို့လည်ပတ်မှုပြီးပြီးချိန်တွင် အထူးလုပ်ငန်းအစီအစဉ်၏အကြံပြုချက်များကို အကောင် အထည် ဖော်ဆောင် ရန် အစိုးရထံ နောက်ဆက်တွဲ စည်းရုံးလှုံ့ဆော်မှု ဆောင်ရွက်ခြင်းသည် အရပ်ဘက်အဖွဲ့အစည်းမှ လူ့အခွင့်အရေး မြှင့်တင်စေရေးအတွက် ဆောင်ရွက်နိုင်သောအရေးကြီးအခန်းကဏ္ဍတစ်ရပ်ဖြစ်သည်။ အရပ်ဘက် အဖွဲ့အစည်းများ သည် အစိုးရ၏အကြံပြုချက်များကို အကောက်အထည်ဖော်ဆောင်ခြင်းတိုးတက်မှုကို စောင့်ကြည့်ရန် ဆောင်ရွက်နိုင် ပြီး၊ အကယ်၍ အကြံပြုချက်များသည် အရပ်ဘက်အဖွဲ့အစည်းအား ရည်ညွှန်းပါက ၎င်းတို့ကိုယ်တိုင် အကြံပြုချက် များကို ဖြည့်ဆည်းပေးနိုင်ပါသည်။

#### ၂။ အမျိုးသား သို့မဟုတ် ဒေသန္တရ စံချိန်စံညွှန်းများသတ်မှတ်ခြင်း

အရပ်ဘက်အဖွဲ့အစည်းများမှ အချို့သောကိစ္စရပ်များအား အသိပညာပေးခြင်း၊ အမျိုးသား သို့မဟုတ် ဒေသန္တရ စံချိန် စံညွှန်းများတိုးတက်စေရေးအတွက်စည်းရုံးလှုံ့ဆော်ပေးခြင်း၊ သို့မဟုတ် ပြည်တွင်းဥပဒေများကို အနက်ဖွင့်ရန် စံအမှတ် တစ်ခုအဖြစ် ဆောင်ရွက်ခြင်းတို့အတွက် အထူးလုပ်ထုံးလုပ်နည်းလုပ်ပိုင်ခွင့်အာဏာရှိသူများအားဖြင့် ပြုစုထားသည့် နိုင်ငံတကာစံချိန်စံညွှန်းများ၊ စံပြဥပဒေများ သို့မဟုတ် အကောင်းဆုံးကျင့်သုံးမှုများကို အသုံးပြုနိုင်ပါသည်။

---

[62] OHCHR is not responsible for the content of external websites and the provision of links on this page does not imply that OHCHR associates itself with such content.

အရပ်ဘက်အဖွဲ့အစည်းများသည် စံချိန်စံညွှန်းချမှတ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစီအစဉ်များနှင့် သင်တန်းအစီအစဉ် များ စီစဉ်ကျင်းပပေးနိုင်ပြီး၊ အခြားအရပ်ဘက်အဖွဲ့အစည်းများအားမှ အထူးလုပ်ငန်းအစီအစဉ်များကို အသုံးပြုရန်နှင့် ၎င်းတို့နှင့် ချိတ်ဆက်ရန်အတွက် စွမ်းဆောင်ရည်မြှင့်တင်ပေးရန် လုပ်ဆောင်ခြင်းတို့ ဆောင်ရွက်နိုင်သည်။ လုပ်ပိုင်ခွင့် အာဏာရှိသူများသည် အများအားဖြင့် ထိုသို့သော စွမ်းဆောင်ရည်မြှင့်တင်ရေးလှုပ်ရှားမှုများကို ပံ့ပိုးကူညီပေးပါသည်။

### ၃။ လုပ်ငန်းလည်ပတ်မှုလမ်းညွှန်ချက်များ ဖော်ဆောင်ရေးအတွက် နည်းလမ်းများ

အထူးလုပ်ငန်းအစီအစဉ်လုပ်ပိုင်ခွင့်အာဏာရှိသူများသည် အရပ်ဘက်အဖွဲ့အစည်းများမှ ပြည်တွင်းလုပ်ငန်း လည်ပတ်မှု လမ်းညွှန်ချက်များဖော်ဆောင်ရာတွင် အသုံးပြုနိုင်မည့် အခွင့်အရေးနှင့် လိုက်နာရမည့်တာဝန်များဆိုင်ရာ အချက်အလက် အသေးစိပ်ကို စီစဉ်ပေးနိုင်ပါသည်။ ဥပမာ -

- **ပညာရေးအခွင့်အရေးဆိုင်ရာအထူးကိုယ်စားလှယ်တော်**၏ လုပ်ဆောင်ချက်မှ ပညာရေးအင်စတီကျူးရှင်းများ အတွက် တန်ဖိုးရှိသော လမ်းညွှန်ချက်များပေးပါသည်၊
- **ညှဉ်းပန်းနှိပ်စက်မှုနှင့်အခြားသောရက်စက်မှုပုံစံများဖြစ်သည့် လူမဆန်သော သို့မဟုတ် နိမ့်ကျသောပြုမူမှု သို့မဟုတ် အပြစ်ပေးမှု ဆိုင်ရာအထူးကိုယ်စားလှယ်တော်**၏ လုပ်ဆောင်ချက်ကို ထိန်းသိမ်းရေးစင်တာများနှင့် အကျဉ်းထောင် များမှ သင်တန်းနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာစံချိန်စံညွှန်းများဖော်ဆောင်ရာအတွက် အသုံးပြုနိုင်ပါသည်။
- **အမျိုးသမီးများအား အကြမ်းဖက်မှု၊ ၎င်း၏အကြောင်းခံများနှင့် အကျိုးဆက်များဆိုင်ရာ အထူးကိုယ်စားလှယ်တော်**၏လုပ်ဆောင်ချက်သည် အမျိုးသမီးများအား အကြမ်းဖက်မှုဆိုင်ရာ တန်ဖိုးရှိသော အနက်ဖွင့်ချက်များ၊ ၎င်း၏ အကြောင်းခံများနှင့် ၎င်းတို့အား ပပျောက်စေ ရေးအတွက် အကောင်းဆုံးကျင့်သုံးမှုများကို စီစဉ်ပေးနိုင်ပါသည်။ ယင်းလမ်းညွှန်ချက်များ၊ အနက်ဖွင့်ဆိုချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ကျောင်းများ၊ အကျဉ်းထောင်များ၊ အမျိုးသမီးရိပ်သာများ သို့မဟုတ် အမျိုးသမီးများအတွက်လုံခြုံသော အခြေအနေဖန်တီးရန် ကြိုးပမ်းနေသည့် အခြား သောအဖွဲ့အစည်းများတို့မှ အသုံးပြုနိုင်ပါသည်။

## ၄။ အထူးလုပ်ငန်းအစီအစဉ်များဆိုင်ရာလုပ်ပိုင်ခွင့်အာဏာရှိသူများနှင့်တွေ့ဆုံးခြင်း

အထူးလုပ်ငန်းအစီအစဉ်များဆိုင်ရာလုပ်ပိုင်ခွင့်ကိုင်ဆောင်သူများသည် ၎င်းတို့၏အတိုင်အပင်ခံမှုများ၏ ကဏ္ဍတစ်ရပ်အဖြစ် ဂျီနီဗာ၊ နယူးယောက် (အထွေထွေညီလာခံတက်ရောက် သူများအတွက်)၊ နှင့် နိုင်ငံသို့အလည်လာရောက်စဉ်တို့တွင် အရပ်ဖက် လူ့အဖွဲ့အစည်းများနှင့် တွေ့ဆုံမှုပြုနိုင်ပါသည်။ ယင်းတွေ့ဆုံမှုများသည် လုပ်ပိုင်ခွင့်အာဏာရှိသူများနှင့် အရပ်ဖက် လူ့အဖွဲ့ အစည်းအကြား ဆက်လက်ဖြစ်နေဆဲ မိတ်ဆက်ပူးပေါင်းမှုအား တည်ဆောက်ခြင်းကို ကူညီရန် အတွက် အရေးကြီး လှပါသည်။ ထိုတွေ့ဆုံမှုများကို စီစဉ်ပေးရန် OHCHR ၌ လုပ်ပိုင်ခွင့်အာဏာရှိသူများ၏ ဝန်ထမ်းများကို တစ်နစ်ပတ်လုံး ဆက်သွယ်နိုင်ပါသည်။

## OHCHR အရင်းအမြစ်များ

### အထူးလုပ်ငန်းအစီအစဉ်အင်တာနက်ဝက်ဘ်စာမျက်နှာ

အရပ်ဘက်အဖွဲ့အစည်းများသည် အထူးလုပ်ငန်းအစီအစဉ်များဆိုင်ရာ နောက်ဆုံးအခြေအနေများနှင့် သတင်းအချက်အလက် များအတွက် OHCHR ဝက်ဘ်ဆိုက်၏ အထူးလုပ်ငန်းအစီအစဉ်အပိုင်းတွင် ပုံမှန်ဝင်ရောက် အတိုင်အပင်ခံသင့်ပါသည်။ ယင်း ဝက်ဘ်စာမျက်နှာများသည် အင်္ဂလိပ်၊ ပြင်သစ်၊ ရုရှားနှင့် စပိန်ဘာသာစကားများဖြင့် ဖတ်ရှုနိုင်သည်။ အာရပ် နှင့် တရုတ် ဘာသာစကားတို့ကိုလည်း တည်ဆောက်နေဆဲဖြစ်သည်။

### လူ့အခွင့်အရေးကောင်စီ၏ ဝက်ဘ်စာမျက်နှာ

အရပ်ဘက်အဖွဲ့အစည်းများသည် ကောင်စီ၏အစည်းအဝေးများတွင် ပါဝင်နိုင်ရေးဆိုင်ရာ နောက်ဆုံးအခြေအနေများ နှင့်သတင်းအချက်အလက်များအပြင် အထူးလုပ်ငန်းအစီအစဉ်များ၏အစီရင်ခံစာများ၏ တင်ဆက်မှုများဆိုင်ရာ သတင်း အချက် အလက်များတို့အတွက် OHCHR ဝက်ဘ်ဆိုက်၏ လူ့အခွင့်အရေးကောင်စီ၏ကဏ္ဍတွင် ပုံမှန်ဝင်ရောက် အတိုင်အပင် ခံသင့်ပါသည်။

### Extranet

အထူးလုပ်ငန်းအစီအစဉ်စနစ်၏ မြောက်များစွာသောကဏ္ဍများဆိုင်ရာ သတင်းအချက်အလက်များသည် အောက်ပါတို့တွင် ရရှိနိုင်သည် -

- **Human Rights Council's Extranet**၏ အထူးလုပ်ငန်းအစီအစဉ်များကဏ္ဍ
- **အထူးလုပ်ငန်းအစီအစဉ်များ Extranet.**

### အထူးလုပ်ငန်းအစီအစဉ်များ၏ သတင်းလွှာများ

OHCHR သည် အထူးလုပ်ငန်းအစီအစဉ်များ၏ဆောင်ရွက်ချက်များအား သုံးလတစ်ကြိမ် သတင်းလွှာ ထုတ်ဝေပါသည်။ ယင်းသတင်းလွှာအား OHCHR ဝက်ဘ်ဆိုက်ရှိ အထူးလုပ်ငန်းအစီအစဉ်ကဏ္ဍတွင် ရရှိနိုင်သည်။

VI

Password ဖြင့်ကာကွယ်ထားသည့် Human Rights Council Extranet စာမျက်နှာသို့ဝင်ရောက်နိုင်ရန် အွန်လိုင်းဖောင်ပုံစံကို ဖြည့်ပေးပါ။ ၎င်းကို ဖြည့်ပြီးပါက သင်သည် username နှင့် password ကို အီးမေးလ်ဖြင့် ရရှိပါလိမ့်မည်။

Password ဖြင့်ကာကွယ်ထားသည့် **special procedures Extranet** စာမျက်နှာသို့ဝင်ရောက်နိုင်ရန် အွန်လိုင်း ဖောင်ပုံစံကို ဖြည့်ပေးပါ။

### အထူးလုပ်ငန်းအစီအစဉ်များဆိုင်ရာ နှစ်အလိုက် အချက်အလက်များနှင့် ကိန်းဂဏန်းများ

OHCHR သည် အထူးလုပ်ငန်းအစီအစဉ်များဆိုင်ရာ နှစ်အလိုက်အချက်အလက်များနှင့် ကိန်းဂဏန်းများကို ထုတ်ဝေပေးပါသည်။ ၎င်းတွင် ဆက်သွယ်သတင်းပေးပို့ချက်များ၊ တိုင်းပြည်အတွင်းသို့လည်ပတ်မှုများ၊ အစီရင်ခံစာများ၊ သတင်းထုတ်ပြန်ချက်များ၊ ညှိနှိုင်း ဆောင်ရွက် မှုနှင့် ကဏ္ဍအလိုက်အစီအစဉ်များတို့ဆိုင်ရာ သတင်းအချက်အလက်များနှင့် ကိန်းဂဏန်း အချက် အလက်များ ပါဝင်သည်။ ယင်းအချက်အလက်များ နှင့် ကိန်းဂဏန်းများအား OHCHR ဝတ်ဘ်ဆိုက်၏ အထူးလုပ်ထုံး လုပ်နည်း ကဏ္ဍတွင်ရရှိနိုင်ပါသည်။

## အထူးလုပ်ငန်းအစီအစဉ်များဆိုင်ရာအကြံပြုချက်များအား နှစ်အလိုက်စုစည်းထားခြင်း

OHCHR သည် နိုင်ငံအလိုက်ဖွဲ့စည်းထားသည့် အထူးလုပ်ငန်းအစီအစဉ်များဆိုင်ရာ အကြံပြုချက်များအား နှစ်အလိုက် စုစည်းထားမှုကို ထုတ်လုပ်ပေးပါသည်။ ၎င်းအား OHCHR ဝက်ဘ်ဆိုက်၏ အထူးလုပ်ထုံးလုပ်နည်းကဏ္ဍတွင် ရရှိနိုင်ပါသည်။

### နိုင်ငံတကာလူ့အခွင့်အရေးအညွှန်းကိန်း (Universal Human Rights Index)

**နိုင်ငံတကာလူ့အခွင့်အရေးအညွှန်းကိန်း (Index)** သည် အွန်လိုင်းသတင်းအချက်အလက် tool တစ်ခုဖြစ်ပြီး၊ အခြေခံ အားဖြင့် လူ့အခွင့် အရေးဆိုင်ရာ မှတ်တမ်းမှတ်ရာများရရှိနိုင်စေရန် စီစဉ်ထားခြင်းဖြစ်သည်။ ၎င်းအား ကုလသမဂ္ဂ **လူ့အခွင့်အရေး စာချုပ်အဖွဲ့များ** နှင့် လူ့အခွင့်အရေးကောင်စီ၏ **အထူးလုပ်ငန်းအစီအစဉ်များ** မှ ထုတ်ဆင့်ထား ခြင်း ဖြစ်သည်။ ၎င်း ဝက်ဘ်ဆိုက်အသစ် (OHCHR ဝက်ဘ်ဆိုက်မှ တဆင့်ဝင်ရောက်နိုင်သည်) တွင် ၂၀၀၀ ခုနှစ်မှစ၍ စာချုပ်အဖွဲ့များမှ ထုတ်ဆင့်ထားသည့် နိဂုံးချုပ်သုံးသပ်ချက်များအားလုံး ပါဝင်ပြီး၊ ၂၀၀၆ ခုနှစ်မှစ၍ အတည်ပြုထားသည့် အချို့သော နိုင်ငံ များနှင့်စပ်လျဉ်းသည့် လူ့အခွင့်အရေးကောင်စီ၏ အထူးလုပ်ငန်းအစီအစဉ်များဆိုင်ရာ နံဂုံးချက်အချက် များနှင့် အကြံပြုချက် များ လည်း ပါဝင်သည်။ ယင်းအညွှန်းကိန်းများသည် မကြာမီ လူ့အခွင့်အရေးကောင်စီ၏ နိုင်ငံအလိုက် လူ့အခွင့်အရေး သုံးသပ်မှု ယန္တယားဆိုင်ရာမူဘောင်တွင် ချမှတ်သည့် အကြံပြုချက်များ ကို ရရှိစေရန် စီစဉ်ပေးပါမည်။

# နောက်ဆက်တွဲ

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလအထိ  အထူးလုပ်ငန်းအစီအစဉ်များဆိုင်ရာယန္တယားများ ၃၈ ခုသည် လုပ်ငန်း လည်ပတ်မှုရှိခဲ့သည် (ကဏ္ဍအလိုက်လုပ်ပိုင်ခွင့် ၃၀ ခုနှင့် နိုင်ငံအလိုက်လုပ်ပိုင်ခွင့် ၈ ခု တို့ဖြစ်သည်) ။

အထူးလုပ်ငန်းအစီအစဉ်များဆိုင်ရာယန္တယားများ၏ လက်ရှိစာရင်းအတွက် OHCHR ဝက်ဘ်ဆိုက်ရှိ အထူးလုပ်ငန်းအစီအစဉ်များကဏ္ဍတွင် ဝင်ရောက်ပေးပါ။

## က။ ကဏ္ဍအလိုက်လုပ်ပိုင်ခွင့်များဇယား (Table of thematic mandates)

| ခေါင်းစဉ်/လုပ်ပိုင်ခွင့်အာဏာ | လုပ်ပိုင်ခွင့်အာဏာပြဋ္ဌာန်းခြင်း | | လုပ်ပိုင်ခွင့်အာဏာတိုးချဲ့ | |
|---|---|---|---|---|
| | ခုနှစ် | ဆုံးဖြတ်ချက် | ခုနှစ် | ဆုံးဖြတ်ချက် |
| သင့်လျော်သော လူနေမှုအဆင့်အတန်း အခွင့်အရေး၏ကဏ္ဍတစ်ရပ်အဖြစ် သင့်လျော်သော အိုးအိမ်ရရှိမှုဆိုင်ရာ အထူးကိုယ်စားလှယ် | ၂၀၀၀ | လူ့အခွင့်အရေးကော်မရှင် ဆုံးဖြတ်ချက် ၂၀၀၀/၉ | ၂၀၁၇ | လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက် ၆/၂၇ (၃ နှစ်) |
| အာဖရိကလူမျိုးနွယ်ပြည်သူများဆိုင်ရာ ပညာရှင်များ လုပ်ငန်းအဖွဲ့ | ၂၀၀၂ | လူ့အခွင့်အရေးကော်မရှင် ဆုံးဖြတ်ချက် ၂၀၀၂/၆၈ | ၂၀၁၈ | လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက် ၉/၁၄ (၃ နှစ်) |
| တရားလက်လွတ်ထိန်းသိမ်းမှုဆိုင်ရာ လုပ်ငန်းအဖွဲ့ | ၁၉၉၁ | လူ့အခွင့်အရေးကော်မရှင် ဆုံးဖြတ်ချက် ၁၉၉၁/၄၂ | ၂၀၁၇ | လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက် ၆/၄ (၃ နှစ်) |
| ကလေးသူငယ်များ ရောင်းစားခြင်း၊ ကလေးပြည့်တန်ဆာလုပ်ငန်းနှင့် ကလေး လိင်ပိုင်းဆိုင်ရာ ညစ်ညမ်း စာပေရုပ်သံဗီဒီယိုများ တို့ဆိုင်ရာ အထူးကိုယ်စားလှယ် | ၁၉၉၀ | လူ့အခွင့်အရေးကော်မရှင် ဆုံးဖြတ်ချက် ၁၉၉၀/၆၈ | ၂၀၁၈ | လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက် ၇/၁၃ (၃ နှစ်) |
| ပညာရေးအခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ် | ၁၉၉၈ | လူ့အခွင့်အရေးကော်မရှင် ဆုံးဖြတ်ချက် ၁၉၉၈/၃၃ | ၂၀၁၈ | လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက် ၈/၄ (၃ နှစ်) |
| အတင်းအကျပ် ပျောက်ကွယ်စေမှုများဆိုင်ရာ လုပ်ငန်းအဖွဲ့ | ၁၉၈၀ | လူ့အခွင့်အရေးကော်မရှင် ဆုံးဖြတ်ချက် ၂၀ (XXXVI) | ၂၀၁၇ | လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက် ၇/၁၂ (၃ နှစ်) |
| ဥပဒေမဲ့ ၊ အကျဉ်းချုပ် သို့မဟုတ် တရားလက်လွတ် ကွက်မျက် ခြင်းများ ဆိုင်ရာ အထူးကိုယ်စားလှယ် | ၁၉၈၂ | လူ့အခွင့်အရေးကော်မရှင် ဆုံးဖြတ်ချက် ၁၉၈၂/၃၅ | ၂၀၁၈ | လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက် ၈/၃ (၃ နှစ်) |

VI

| ခေါင်းစဉ်/လုပ်ပိုင်ခွင့်အာဏာ | လုပ်ပိုင်ခွင့်အာဏာ ပြန်ဌာန်းမှု | | လုပ်ပိုင်ခွင့်အာဏာ တိုးချဲ့ခြင်း | |
|---|---|---|---|---|
| | ခုနှစ် | ဆုံးဖြတ်ချက် | ခုနှစ် | ဆုံးဖြတ်ချက် |
| လူ့အခွင့်အရေးနှင့် အစွန်းရောက်ဆင်းရဲမွဲတေမှု ဆိုင်ရာ လွတ်လပ်သော ပညာရှင် | ၁၉၉၈ | လူ့အခွင့်အရေးကော်မရှင် ဆုံးဖြတ်ချက် ၁၉၉၈/၂၅ | ၂၀၀၈ | လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက် ၈/၁၁ (၃ နှစ်) |
| အစားအသောက်ရရှိပိုင်ခွင့်ဆိုင်ရာ အထူး ကိုယ်စားလှယ် | ၂၀၀၀ | လူ့အခွင့်အရေးကော်မရှင် ဆုံးဖြတ်ချက် ၂၀၀၀/၁၀ | ၂၀၀၇ | လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက် ၆/၂ (၃ နှစ်) |
| လွတ်လပ်စွာ ထင်မြင်ခွင့် နှင့် ထုတ်ဖော်ခွင့် အား မြှင့်တင်ခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်း ဆိုင်ရာ အထူးကိုယ်စားလှယ် | ၁၉၉၃ | လူ့အခွင့်အရေးကော်မရှင် ဆုံးဖြတ်ချက် ၁၉၉၃/၄၅ | ၂၀၀၈ | လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက် ၇/၃၆ (၃ နှစ်) |
| ဘာသာရေး သို့မဟုတ် ယုံကြည်မှု လွတ်လပ်ခွင့် ဆိုင်ရာ အထူးကိုယ်စားလှယ် | ၁၉၈၆ | လူ့အခွင့်အရေးကော်မရှင် ဆုံးဖြတ်ချက် ၁၉၈၆/၂၀ | ၂၀၀၇ | လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက် ၆/၃၇ (၃ နှစ်) |
| ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေး အမြင့်ဆုံးရရှိနိုင်မှုအဆင့်အတန်းကို တစ်ဦးချင်း စီ မှ ခံစားပိုင်ခွင့်ဆိုင်ရာ အထူးကိုယ်စားလှယ် | ၂၀၀၂ | လူ့အခွင့်အရေးကော်မရှင် ဆုံးဖြတ်ချက် ၂၀၀၂/၃၁ | ၂၀၀၇ | လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက် ၆/၂၉ (၃ နှစ်) |
| လူ့အခွင့်အရေးကာကွယ်ပေးသူများ၏ အခြေ အနေ ဆိုင်ရာ အထူးကိုယ်စားလှယ် (ယခင်က အထွေထွေ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်တော် ဖြစ်သည်) | ၂၀၀၀ | လူ့အခွင့်အရေးကော်မရှင် ဆုံးဖြတ်ချက် ၂၀၀၀/၆၁ | ၂၀၀၈ | လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက် ၇/၈ (၃ နှစ်) |
| တရားသူကြီးများနှင့် ရှေ့နေများ၏ လွတ်လပ်မှု ဆိုင်ရာ အထူးကိုယ်စားလှယ် | ၁၉၉၄ | လူ့အခွင့်အရေးကော်မရှင် ဆုံးဖြတ်ချက် ၉၉၄/၄၁ | ၂၀၀၈ | လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက် ၈/၆ (၃ နှစ်) |
| လူ့အခွင့်အရေးအခြေအနေနှင့် မူရင်းဌာနေ လူမျိုး များ၏ အခြေခံလွတ်လပ်ခွင့်ဆိုင်ရာ အထူး ကိုယ်စားလှယ် | ၂၀၀၁ | လူ့အခွင့်အရေးကော်မရှင် ဆုံးဖြတ်ချက် ၂၀၀၁/၅၇ | ၂၀၀၇ | လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက် ၆/၁၂ (၃ နှစ်) |
| ပြည်တွင်း ရွှေ့ပြောင်းပုဂ္ဂိုလ်များ၏ လူ့အခွင့်အရေး ဆိုင်ရာ အထွေထွေအတွင်းရေးမှူးချုပ်၏ ကိုယ်စားလှယ် | ၂၀၀၄ | လူ့အခွင့်အရေးကော်မရှင် ဆုံးဖြတ်ချက် ၂၀၀၄/၅၅ | ၂၀၀၇ | လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက် ၆/၃၂ (၃ နှစ်) |
| ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးခွင့်ဆိုင်ရာ ပြည်သူ များ၏အခွင့်အရေးကို ကျင့်သုံး ဆောင်ရွက်ခြင်း အားတားဆီးပိတ်ပင်မှုနည်းလမ်း တစ်ခုအနေဖြင့် ကြေးစားစစ်သားများ အသုံးပြုခြင်းဆိုင်ရာ လုပ်ငန်းအဖွဲ့ | ၂၀၀၅ | လူ့အခွင့်အရေးကော်မရှင် ဆုံးဖြတ်ချက် 2005/2 | ၂၀၀၈ | လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက် ၇/၂၁ (၃ နှစ်) |

| ခေါင်းစဉ်/လုပ်ပိုင်ခွင့်အာဏာ | လုပ်ပိုင်ခွင့်အာဏာပြဌာန်းခြင်း | | လုပ်ပိုင်ခွင့်အာဏာတိုးချဲ့ခြင်း | |
|---|---|---|---|---|
| | ခုနှစ် | ဆုံးဖြတ်ချက် | | ခုနှစ် |
| ရွှေ့ပြောင်းလုပ်သားများ၏လူ့အခွင့်အရေး ဆိုင်ရာ အထူးကိုယ်စားလှယ် | ၁၉၉၉ | လူ့အခွင့်အရေးကော်မရှင် ဆုံးဖြတ်ချက် ၁၉၉၉/၄ | ၂၀၀၈ | လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက် ၈/၁၀ (၃ နှစ်) |
| လူနည်းစုများ၏အရေးကိစ္စဆိုင်ရာ လွတ်လပ် သော ပညာရှင် | ၂၀၀၅ | လူ့အခွင့်အရေးကော်မရှင် ဆုံးဖြတ်ချက် ၂၀၀၅/၇၉ | ၂၀၀၈ | လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက် ၇/၆ (၃ နှစ်) |
| ခေတ်သစ် လူမျိုးရေးဝါဒ၊ လူမျိုးရေး ဖိနှိပ် ခွဲခြားမှု၊ လူမျိုးရေးမုန်းတီးမှုနှင့် ၎င်းတို့နှင့် ဆက်စပ်သော ဖိနှိပ်မှုတို့ဆိုင်ရာ အထူး ကိုယ်စားလှယ်တော် | ၁၉၉၃ | လူ့အခွင့်အရေးကော်မရှင် ဆုံးဖြတ်ချက် ၁၉၉၃/၂၀ | ၂၀၀၈ | လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက် ၇/၃၄ (၃ နှစ်) |
| အကြောင်းခံ နှင့် အကျိုးအဆက်များ အပါ အဝင် ခေတ်ပေါ် ကျွန်ပြုမှုပုံစံများဆိုင်ရာ၊ အထူး ကိုယ်စားလှယ်တော် | 2007 | လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက် ၆/၁၄ (၃ နှစ်) | | |
| လူ့အခွင့်အရေးနှင့် နိုင်ငံတကာ စည်းလုံးညီညွတ်မှု တို့ဆိုင်ရာ လွတ်လပ်သော ပညာရှင် | ၂၀၀၅ | လူ့အခွင့်အရေးကော်မရှင် ဆုံးဖြတ်ချက် ၂၀၀၅/၅၅ | ၂၀၀၈ | လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက် ၇/၅ (၃ နှစ်) |
| နိုင်ငံခြားကြွေးမြီနှင့် နိုင်ငံများအပေါ် အခြား ဆက်နွယ်နေသည့် နိုင်ငံတကာ ငွေးကြေးဆိုင်ရာ တာဝန်ဝတ္တရားများ လူ့အခွင့်အရေး အပြည့်အဝ ခံစားနိုင်ရေး၊ အထူး သဖြင့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့် အရေးများတို့အား အပြည့်အဝ ခံစားနိုင်ရေးဆိုင်ရာ လွပ်လပ်သော ပညာရှင် | ၂၀၀၀ | လူ့အခွင့်အရေးကော်မရှင် ဆုံးဖြတ်ချက် ၂၀၀၀/၈ | ၂၀၀၈ | လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက် ၇/၄ (၃ နှစ်) |
| ဘေးကင်းသော သောက်သုံးရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းမှု ရရှိနိုင်ရန်နှင့် စပ်လျဉ်းသည့်  လူ့အခွင့်အရေးတာဝန်ဝတ္တရားများ၏ ကိစ္စရပ်များ ဆိုင်ရာ လွတ်လပ်သော ပညာရှင် | ၂၀၀၈ | လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက် ၇/၂၂ (၃ နှစ်) | | |
| အကြမ်းဖက်မှုကို ဆန့်ကျင်တုံ့ပြန်လျက် လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာ အထူးကိုယ်စားလှယ် | ၂၀၀၅ | လူ့အခွင့်အရေးကော်မရှင် ဆုံးဖြတ်ချက် ၂၀၀၅/၈၀ | ၂၀၀၇ | လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက် ၆/၂၈ (၃ နှစ်) |
| ညှဉ်းပန်းနှိပ်စက်မှုနှင့်အခြားသောရက်စက်မှုပုံစံများ ဖြစ်သည့် လူမဆန်သော (သို့) နိမ့်ကျ သောအပြုမှု (သို့) အပြစ်ပေးမှုဆိုင်ရာ အထူးကိုယ်စားလှယ် | ၁၉၈၅ | လူ့အခွင့်အရေးကော်မရှင် ဆုံးဖြတ်ချက် ၁၉၈၅/၃၃ | ၂၀၀၈ | လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက် ၈/၈ (၃ နှစ်) |
| | | | | |

| ခေါင်းစဉ်/လုပ်ပိုင်ခွင့်အာဏာ | လုပ်ပိုင်ခွင့်အာဏာ ပြဋ္ဌာန်းခြင်း | | လုပ်ပိုင်ခွင့်အာဏာတိုးချဲ့ခြင်း | |
|---|---|---|---|---|
| | ခုနှစ် | ဆုံးဖြတ်ချက် | ခုနှစ် | ဆုံးဖြတ်ချက် |
| လူ့အခွင့်အရေးခံစားမှုအပေါ် ဥပဒေမဲ့လူ့ရှားမှုများ၏ ဆိုးကျိုးများ၊ အဆိပ် အတောက်များနှင့် အန္တရာယ်ရှိသော ထုပတ်လုပ်မှုများနှင့် အညစ်အကြေးများ တို့ဆိုင်ရာ အထူးကိုယ်စားလှယ် | ၁၉၉၅ | လူ့အခွင့်အရေးကော်မရှင် ဆုံးဖြတ်ချက် ၁၉၉၅/၈၁ | ၂၀၀၈ | လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက် ၉/၁ (၃ နှစ်) |
| လူကုန်ကူးခြင်း၏မှ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များတို့၏ လူ့အခွင့်အရေး ကဏ္ဍဆိုင်ရာ အထူးကိုယ်စားလှယ် | ၂၀၀၄ | လူ့အခွင့်အရေးကော်မရှင် ဆုံးဖြတ်ချက် ၂၀၀၄/၁၁၀ | ၂၀၀၈ | လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက် ၈/၁၂ (၃ နှစ်) |
| လူ့အခွင့်အရေးနှင့် နယ်နိမိတ်ခြား ကော်ပိုရေးရှင်းများနှင့် အခြားသော စီးပွားရေး လုပ်ငန်းများ ဆိုင်ရာ အထွေထွေ အတွင်းရေးမှူး၏ အထူးကိုယ်စားလှယ် | ၂၀၀၅ | လူ့အခွင့်အရေးကော်မရှင် ဆုံးဖြတ်ချက် ၂၀၀၅/၆၉ | ၂၀၀၈ | လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက် ၈/၇ (၃ နှစ်) |
| အမျိုးသမီးများအားအကြမ်းဖက်မှု၊ ၎င်း၏ အကြောင်းခံနှင့် အကျိုးအဆက်များ | ၁၉၉၄ | လူ့အခွင့်အရေးကော်မရှင် ဆုံးဖြတ်ချက် ၁၉၉၄/၄၅ | ၂၀၀၈ | လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက် 7၇/၂၄ (၃ နှစ်) |

VI

## ၆။ နိုင်ငံအလိုက် လုပ်ပိုင်ခွင့်များ

| ခေါင်းစဉ်/လုပ်ပိုင်ခွင့်အာဏာ | လုပ်ပိုင်ခွင့်အာဏာပြဋ္ဌာန်းခြင်း | | လုပ်ပိုင်ခွင့်အာဏာတိုးချဲ့ | |
|---|---|---|---|---|
| | ခုနှစ် | ဆုံးဖြတ်ချက် | | ခုနှစ် |
| ဘူရွန်ဒီနိုင်ငံရှိ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ လွတ်လပ်သောပညာရှင် | ၂၀၀၄ | လူ့အခွင့်အရေးကော်မရှင် ဆုံးဖြတ်ချက် ၂၀၀၄/၈၂ (duration of mandate not specified) | ၂၀၀၈ | လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက် 9/19 (duration of mandate not specified) |
| ကမ္ဘောဒီယားနိုင်ငံအတွက် အထွေထွေ အတွင်းရေးမှူး ၏ ကိုယ်စားလှယ် | ၁၉၉၃ | လူ့အခွင့်အရေးကော်မရှင် ဆုံးဖြတ်ချက် ၁၉၉၃/၆ | ၂၀၀၈ | လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက် ၉/၁၅ (၃ နှစ်) |
| ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ ရှိ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးကိုယ်စားလှယ် | ၂၀၀၄ | လူ့အခွင့်အရေးကော်မရှင် ဆုံးဖြတ်ချက် ၂၀၀၄/၁၃ | ၂၀၀၈ | လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက် ၇/၁၅ (၃ နှစ်) |
| ဟေတီ နိုင်ငံရှိ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထွေထွေ အတွင်းရေးမှူးချုပ် မှ ခန့်အပ်သည့် လွတ်လပ်သော ပညာရှင်ခန့်အပ်ခြင်း | ၁၉၉၅ | လူ့အခွင့်အရေးကော်မရှင် ဆုံးဖြတ်ချက် ၁၉၉၅/၇၀ 1995/70 | ၂၀၀၈ | လူ့အခွင့်အရေးကောင်စီ ဥက္ကဋ္ဌ၏ ထုတ်ပြန်ချက် (A/HCR/PRST/9/1. (၂ နှစ်) |
| မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးအခြေအနေ ဆိုင်ရာ အထူးကိုယ်စားလှယ် | ၁၉၉၂ | လူ့အခွင့်အရေးကော်မရှင် ဆုံးဖြတ်ချက် ၁၉၉၂/၅၈ | ၂၀၀၈ | လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက် ၇/၃၂ (၁ နှစ်) |
| ၁၉၆၇ မှစ၍ အခြေချခဲ့သည့် ပါလက်စတိုင်း နယ်ပယ်ဒေသများရှိ လူ့အခွင့်အရေးအခြေအနေ ဆိုင်ရာ အထူးကိုယ်စားလှယ် | ၁၉၉၃ | လူ့အခွင့်အရေးကော်မရှင် ဆုံးဖြတ်ချက် ၁၉၉၃/၂ က ("အစ္စရေးလူမျိုးများ၏ အခြေချနေထိုင်မှု အဆုံးသတ်သည့်အထိ") | | |
| ဆိုမာလီယာ နိုင်ငံရှိ လူ့အခွင့်အရေး အခြေအနေ ဆိုင်ရာ လွတ်လပ်သော ပညာရှင်များ ခန့်အပ် | ၁၉၉၃ | လူ့အခွင့်အရေးကော်မရှင် ဆုံးဖြတ်ချက် ၁၉၉၃/၈၆ | ၂၀၀၈ | လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက် ၇/၃၅ (၁ နှစ်) |
| ဆူဒန်နိုင်ငံရှိ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးကိုယ်စားလှယ် | ၂၀၀၅ | လူ့အခွင့်အရေးကော်မရှင် ဆုံးဖြတ်ချက် ၂၀၀၅/၈၂ | ၂၀၀၈ | လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက် ၉/၁၇ (၉ လ) |

# ၇။ ကမ္ဘာ့နိုင်ငံများအားလုံး၏လူ့အခွင့်အရေးအခြေအနေပုံမှန်သုံးသပ်မှု

## ကမ္ဘာ့နိုင်ငံများအားလုံး၏လူ့အခွင့်အရေးအခြေအနေပုံမှန်သုံးသပ်မှု (UPR) အားတစေ့တစောင်း

***မည်သည်နည်း။***

အထွေထွေညီလာခံ**ဆုံးဖြတ်ချက် ၆၀/၂၅၁** အရ ထူထောင်ထားသည့် ကမ္ဘာ့နိုင်ငံများ၏ လူ့အခွင့်အရေး အခြေအနေ ပုံမှန်သုံးသပ်မှု (UPR) သည် လူ့အခွင့်အရေး ယန္တယားအသစ်ဖြစ်သည်။ ၎င်းအားဖြင့် **လူ့အခွင့်အရေးကောင်စီ** သည် ကုလ သမဂ္ဂအဖွဲ့ဝင် ၁၉၂ နိုင်ငံ တို့၏ လူ့အခွင့် အရေးဆိုင်ရာ လိုက်နာရန်တာဝန် များ နှင့် ကတိကဝတ်များကို ဖြည့်ဆည်း ဆောင်ရွက်မှု ပုံမှန်အခြေအနေဖြင့် သုံး သပ်မှုပြု ပါသည်။ UPR သည် ပူးပေါင်း ဆောင်ရွက်ရသည့် ယန္တယား ဖြစ်ပြီး **လူ့အခွင့်အရေး ဆိုင်ရာစာချုပ်အဖွဲ့ များ** ၏ လုပ်ငန်းကို ထပ်သလဲလုပ် ဆောင် ခြင်းမျိုးမဟုတ်ဘဲ ၎င်းအား ဖြည့်စွက်ပေး ရန် ရည်ရွယ်ပါသည်။

***မည်သို့လုပ်ဆောင်သနည်း***

လူ့အခွင့်အရေးကောင်စီ **ဆုံးဖြတ်ချက် ၅/၁** သည် လုပ်ငန်းကာလ နှင့် လုပ်ငန်းစဉ် တို့အား ချမှတ်ပေးပါသည်။ UPR သည် ၄ နှစ်ကြာ စက်ဝန်းတစ်ခုအဖြစ် လည်ပတ်ဆောင်ရွက်ပြီး လုပ်ငန်း အဆင့်များစွာပါဝင်သည်။ ဥပမာ -

- သုံးသပ်မှုများ အခြေပြုရသည့် သတင်းအချက်အလက်များကို ကြိုတင်ပြင်ဆင်ခြင်း၊ ၎င်းပြင်ဆင် မှုများမှာ - သုံးသပ်မှုပြုမည့် နိုင်ငံမှ ပြင်ဆင်ပေးသော သတင်း အချက်အ လက်များ (အမျိုးသားအစီရင် ခံစာ)၊ **ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး** (OHCHR) မှ ပြင် ဆင်ထားခဲ့သည့် သုံးသပ်မှုပြုသည့် နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ၏ သတင်း အချက်အလက်များကို စုစည်းပြုစု ခြင်း၊ အခြား ပါဝင်ပတ်သတ်သူများ (အရပ်ဖက် လူ့အဖွဲ့ အစည်းများ အပါ အဝင်) တို့မှ တင်သွင်းသည့် သတင်း အချက်အလက် အကျဉ်းချုပ်နှင့် OHCHR မှ ပြင်ဆင်ပေးသည့် အချက်အလက် အကျဉ်းချုပ် စသည်တို့အပါအဝင် ဖြစ်သည်။
- သုံးသပ်မှုအား ဂျီနီဗာမြို့တွင်ပင် UPR ဆိုင်ရာ လုပ်ငန်းအဖွဲ့မှ ဆောင်ရွက်ရာ ၎င်းအဖွဲ့တွင် ကောင်စီမှ အဖွဲ့ဝင် နိုင်ငံပေါင်း ၄၇ နိုင်ငံဖြင့် ဖွဲ့စည်း ထားခြင်းဖြစ်ပြီး၊ လုပ်ဆောင်ရာ တွင်လည်း သုံးသပ်မှုပြုသည် ကောင်စီ၏ အဖွဲ့ဝင်နိုင်ငံနှင့် လေ့လာသူများ တို့အကြား အပြန်အလှန် ဆွေးနွေးမှု ပုံစံဖြင့် ဆောင်ရွက်ပါသည်။ အလုပ်အဖွဲ့သည် နှစ်စဉ် ၂ ပတ်ကြာ အစည်းအဝေးကို ၃ ကြိမ်ပြုပြီး၊ အစည်းအဝေးတစ်ခုလျှင် ၁၆ နိုင်ငံ ကို သုံးသပ်မှုပြုရာ တစ်နှစ်လျှင် ၄၈ နိုင်ငံ ဆောင်ရွက်ပါသည်။
- ကောင်စီ၏ အဖွဲ့ဝင် နိုင်ငံများမှ ရွေးချယ်ထားသည့် ကိုယ်စားလှယ်သုံးဦးအဖွဲ့ ("troika") သည် နိုင်ငံတစ်ခုခြင်းစီအာ သုံးသပ်မှုပြုရာတွင် ကမကထပြုပေးပါသည်။
- သုံးသပ်မှုတစ်ခုခြင်းစီ ပြီးဆုံးချိန်တွင် လုပ်ငန်းအဖွဲ့မှာ ရလဒ်စာတမ်း တစ်ရပ် ချမှတ်ပေးခြင်း၊

---

The Handbook is available in digital format on the OHCHR website at: http://www.ohchr.org/civilsocietyhandbook/

There you will find the Handbook’s chapters available for download, as well as links to all the references contained in the publication.

- UPR ရလဒ်စာတမ်းအား ကောင်စီ၏ ထည့်သွင်းစဉ်းစားပေးမှု နှင့် အတည်ပြုပေးမှု၊ ပုံမှန်အားဖြင့် ၎င်း၏ နောက်တစ်ကြိမ်အစည်းအဝေးတွင် ဆောင်ရွက်သည်။
- ရလဒ်စာတမ်းများမှ နိဂုံးချုပ်အချက်များနှင့် အကြံပြုချက်များအား အကောင်အထည်ဖော်ဆောင်မှုအား သုံးသပ်မှုပြုခံရသည့်နိုင်ငံနှင့် အရပ်ဖက်လူ့အဖွဲ့အစည်းအပါအဝင် အခြားသော ပါဝင်ပတ်သက်သူများမှ နောက်ဆက်တွဲဆောင်ရွက်မှု

***ကမ္ဘာ့နိုင်ငံများ၏လူ့အခွင့်အရေးအခြေအနေပုံမှန်သုံးသပ်မှုအား မည်သို့ချိတ်ဆက်နိုင်မည်နည်း***

ဆုံးဖြတ်ချက် ၅/၁ သည် လုပ်ငန်းစဉ်တွင် သက်ဆိုင်ရာပါဝင်ပတ်သက်သူများ အားလုံး၏ ပါဝင်မှုအတွက်စီစဉ်ပေးထားပါသည်။ ဒေသဆိုင်ရာ အစိုးရအချင်းချင်းဆိုင်ရာ အဖွဲ့အစည်းများ၊ အမျိုးသားလူ့အခွင့်အရေး ဆိုင်ရာ အင်စတီကျူးရှင်းများ (NHRIs)၊ အရပ်ဘက်အဖွဲ့အစည်းကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ ( NGO) များ၊ လူ့အခွင့်အရေးကာကွယ်ပေးသူများ၊ ပညာရေးဆိုင်ရာအင်စတီကျူးရှင်းများ၊ သုတေသန အင်စတီကျူများ အစရှိသည်တို့၏ ပါဝင်မှုအား လုပ်ဆောင်မှုအဆင့်တိုင်းတွင် ရှိစေရန် မျှော်မှန်းပါသည်။

ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေး ကောင်စီ (ECOSOC) နှင့်အတူ **အတိုင်အပင်ခံပြုအဆင့်** သည် UPR အလုပ်အဖွဲ့၏ အစည်းအဝေးများ နှင့် လူ့အခွင့်အရေးကောင်စီ၏ အစည်းအဝေးများ တတ်ရောက်ရန်အတွက် သတ်မှတ်ချက်ဖြစ်သည်။ သို့သော်လည်း အရပ်ဖက်လူ့အဖွဲ့အစည်းများသည် UPR ၏ လုပ်ငန်းကို အခြားနည်းလမ်းများဖြင့် ပံ့ပိုးပါဝင်နိုင်ပါသည်။ ၎င်းတို့မှာ -

- အစိုးရများမှ ၎င်းတို့၏နိုင်ငံများတွင် လူ့အခွင့်အရေးအခြေအနေများဆိုင်ရာ အမျိုးသားအစီရင်ခံစာများ ပြင်ဆင်ရန်အတွက် ကျင်းပသည့် အတိုင်အပင်ခံမှု များတွင် ပါဝင်ခြင်း၊
- သုံးသပ်မှုပြုခြင်းခံသည့် နိုင်ငံများတွင် လူ့အခွင့်အရေးအခြေအနေဆိုင်ရာ တင်သွင်းမှုများအား OHCHR မှ ပြင် ဆင်ပေးသည့် ပါဝင်ပတ်သက်သူများ၏ တင်သွင်းမှုများတွင် ပါဝင်နိုင်မှုအတွက် ကြိုတင်ပြင်ဆင်ခြင်း။ နိုင်ငံများအား သုံးသပ်မှုပြုရာတွင် လုပ်ငန်းအဖွဲ့သည် OHCHR အကျဉ်းချုပ်ကို ထည့်သွင်းစဉ်းစားပေးပါသည်။
- သုံးသပ်မှုရလဒ်များ အကောင်အထည်ဖော်ဆောင်မှုအား ပံ့ပိုးကူညီခြင်းနှင့် နောက်ဆက်တွဲလုပ်ဆောင်ပေးခြင်း။

OHCHR **webcast** တွင်လုပ်ငန်းအဖွဲ့၏ အစည်းအဝေးများကို တိုက်ရိုက် ရုပ်သံထုတ်လွှင့်ပေးပြီး၊ **OHCHR ဝက်ဘ်ဆိုက်** ၏ UPR ကဏ္ဍတွင်လည်းကောင်း၊ လူ့အခွင့်အရေးကောင်စီ၏ **Extranet** ၏ UPR စာမျက်နှာတွင်လည်းကောင်း UPR ဆိုင်ရာ စာတမ်းများနှင့် သတင်း အချက်အလက် များစွာတို့ကို ရရှိ နိုင်ပါ သည်။

## ကမ္ဘာ့နိုင်ငံများ၏လူ့အခွင့်အရေးအခြေအနေပုံမှန်သုံးသပ်မှုနှင့်စပ်လျဉ်းသည့် အဓိက အဆက်အသွယ်များ

**OHCHR Human Rights Council Branch**
Office of the United Nations High Commissioner for Human Rights
Palais des Nations
8–14, avenue de la Paix
CH–1211 Geneva 10 - Switzerland Phone:
+41 (0)22 917 92 69
Fax: +41 (0)22 917 90 11

**OHCHR Civil Society Unit**
Office of the United Nations High Commissioner for Human Rights
Palais des Nations
8–14, avenue de la Paix
CH–1211 Geneva 10 - Switzerland Phone:
+41 (0)22 917 90 00
E-mail: civilsocietyunit@ohchr.org

## ကမ္ဘာ့နိုင်ငံများအားလုံး၏လူ့အခွင့်အရေးအခြေအနေပုံမှန်သုံးသပ်မှု (UPR) ဟူသည် အဘယ်နည်း

### နိုင်ငံအလိုက်လူ့အခွင့်အရေးအခြေအနေပုံမှန်သုံးသပ်မှု ထူထောင်ခြင်း

၂၀၀၆ ခုနှစ်၊ မတ်လ ၁၅ ရက်၊ အထွေထွေညီလာခံ **ဆုံးဖြတ်ချက် ၆၀/၂၅၁** အရ ထူထောင်ထားသည့် **ကမ္ဘာ့နိုင်ငံများအားလုံး၏ လူ့အခွင့်အရေးအခြေအနေပုံမှန်သုံးသပ်မှု**နှင့် ၂၀၀၇ ခုနှစ်၊ ဇွန်လ ၁၈ ရက် **လူ့အခွင့်အရေးကောင်စီဆုံးဖြတ်ချက် ၅/၁** အရ ၎င်းအား ကျယ်ကျယ် ပြန့်ပြန့်ရှင်းလင်းထားသည့် လူ့အခွင့်အရေးဆိုင်ရာ ယန္တယားအသစ်တစ်ရပ်ဖြစ်သည်။ ၎င်းအားဖြင့် လူ့အခွင့်အရေး ကောင်စီကို  ကုလ သမဂ္ဂအဖွဲ့ဝင် ၁၉၂ နိုင်ငံသီးသီး၏ လူ့အခွင့်အရေးဆိုင်ရာ လိုက်နာရမည့် တာဝန်များနှင့် ကတိကဝတ်များအား ဖြည့်ဆည်း ဆောင် ရွက်မှုကို ပုံမှန်သုံးသပ်မှုပြုရန် တာဝန်ချမှတ်ထားပါသည်။  UPR သည် ပူးပေါင်း ဆောင်ရွက်ရသည့် ယန္တယား တစ်ရပ်ဖြစ်ပြီး၊ သုံးသပ် မှုခံယူသည့်နိုင်ငံနှင့်  ကောင်စီအဖွဲ့ဝင်နိုင်ငံများ၏ အဖွဲ့ဝင်များနှင့် လေ့လာသူများတို့အကြား အပြန်အလှန် ဆွေးနွေးပြောဆိုမှုကို အခြေပြုပါသည်။ ၎င်းသည် **လူ့အခွင့်အရေးဆိုင်ရာ စာချုပ် အဖွဲ့** များ၏ လုပ်ငန်းကို ထပ်တလဲ လုပ်ဆောင်ခြင်း မဟုတ်ဘဲ ဖြည့်စွက် ပေးရန်ရည်ရွယ်ပါသည်။

လေးနှစ်တစ်ကြိမ်ဆောင်ရွက်သည့် UPR စက်ဝန်းကို လုပ်ငန်းအဆင့်များစွာဖြင့် ဖွဲ့စည်းထားရာ ၎င်းတွင်  သုံးသပ်မှုများအခြေပြုရသည့် စာတမ်းများကို ပြင်ဆင်ခြင်း၊ သုံးသပ်မှုအတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် သုံးသပ်မှုများ ထွက်လာသည့် နိဂုံးချုပ် အချက်များနှင့် အကြံပြုချက်များတို့အား နောက်ဆက်တွဲဆောင်ရွက်မှုများ စသည်တို့ ပါဝင်သည်။ သုံးသပ်မှုလုပ်ငန်းစဉ်၏ သက်ဆိုင်ရာ လုပ်ငန်း အဆင့်များတွင် ဒေသဆိုင်ရာ အစိုးရအချင်းချင်း ဆိုင်ရာ အဖွဲ့အစည်းများ၊ အမျိုးသား လူ့အခွင့်အရေး ဆိုင်ရာ အင်စတီကျူးရှင်း များ (NHRIs)၊ အရပ်ဘက်အဖွဲ့အစည်း၊ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ ( NGO) များ၊ လူ့အခွင့်အရေး ကာကွယ်ပေးသူများ၊ ပညာရေး ဆိုင်ရာအင်စတီကျူးရှင်းများ၊ သုတေသန အင်စတီကျူများ အစရှိသည်တို့၏ ပါဝင်မှုအား မျှော်မှန်း ပါသည်။

UPR စက်ဝန်း၏ ကနဦး အဆုံးသတ်မှုတွင် လူ့အခွင့်အရေးကောင်စီသည် အကောင်းဆုံးကျင့်သုံးမှုများနှင့် သင်ခန်းစာများ သင်ယူမှုတို့အပေါ် အခြေပြုလျက် သုံးသပ်မှုများ၏ နည်းလမ်းများနှင့် ပုံမှန်ဆောင်ရွက်မှုကို သုံးသပ်နိုင်ပါသည်။

## ကမ္ဘာ့နိုင်ငံများအားလုံး၏လူ့အခွင့်အရေးအခြေအနေပုံမှန်သုံးသပ်မှု အား လမ်းညွှန်ပေးသည့် အခြေခံမှုများနှင့် ဦးတည်ချက်များ

UPR ၏များစွာသော လုပ်ငန်းအဆင့်များကို လမ်းညွှန်ပေးသည့် အခြေခံမှုများစွာရှိပါသည်။ ၎င်းတို့မှာ -

- လူ့အခွင့်အရေးအားလုံးဆိုင်ရာ နိုင်ငံတကာလက်ခံမှု၊ အပြန်အလှန်မှီခိုအားထားမှု၊ စည်းလုံးညီညွတ်မှု၊ အပြန်အလှန်ဆက်နွယ်မှုကိုမြှင့်တင်ရန်၊
- ဦးတည်ချက်နှင့် ယုံကြည်ရသော သတင်းအချက်အလက်များအပေါ်၊ အပြန်အလှန်ဆွေးနွေးမှုစသည်တို့အပေါ် အခြေပြုလျက် ပူးပေါင်းလုပ်ဆောင်သည့် ယန္တယားတစ်ရပ်ဖြစ်ရန်၊
- နိုင်ငံပေါင်းစုံလွှမ်းခြုံမှုနှင့် နိုင်ငံများအားလုံးကို တန်းတူညီဆက်ဆံမှုတို့ကို သေချာစေရန်၊
- နိုင်ငံအချင်းချင်းဆိုင်ရာလုပ်ငန်းစဉ်၊ ကုလသမဂ္ဂအဖွဲ့ဝင်၏ မောင်းနှင်မှု နှင့် လုပ်ဆောင်မှုဦးစားပေးခြင်းတို့ ဖြစ်ရန်၊ သုံးသပ်မှုပြုထားသည့်နိုင်ငံတွင် ပြည့်ပြည့်ဝဝ ပါဝင်ဆောင်ရွက်ရန်၊
- အခြားသော လူ့အခွင့်အရေးယန္တယားများနှင့် ထပ်တူမဖြစ်စေဘဲ ဖြည့်စွက်ပံ့ပိုးရန်၊ ထိုသို့အားဖြင့် တန်ဖိုးထပ်ပေါင်းဖြည့်ပေးရန်။ ဦးတည်ချက်၊ ပွင့်လင်းမှု၊ ခွဲခြားမှုမရှိခြင်း၊ အပြုသဘောဆောင်မှုတို့ဖြင့် လုပ်ဆောင်ရန်၊
- ထိပ်တိုက်ရင်ဆိုင်မှုနှင့် နိုင်ငံရေးအသွင်ဆောင်မှုများ ကင်းရန်၊
- သက်ဆိုင်ရာနိုင်ငံ သို့မဟုတ် ကောင်စီ၏အာဂျင်တာတို့အပေါ် လွန်လွန်ကျူးကျူးဖိစီးမှုမဖြစ်စေရန်၊
- လွန်ကြူးစွာကြာမြင့်မှုမဖြစ်ရန်။ အချိန်၊ လူအင်အားနှင့် ငွေကြေးအရင်းအမြစ်တို့ သင့်လျော်မှုရှိပြီး လက်တွေ့ကျကျဖြစ်ရေန်၊
- အရေးပေါ်လူ့အခွင့်ရေးအခြေအနေများ တုန့်ပြန်မှုတွင် လူ့အခွင့်အရေးကောင်စီ၏ စွမ်းဆောင်ရည်ကို ဆုတ်ယုတ်မှု မဖြစ်စေရန်၊
- ကျားမရေးရာ သဘောထားအမြင်ကို ပြည့်ပြည့်ဝဝ ပေါင်းစပ်ပေးရန်၊
- နိုင်ငံများ၏ ဖွံ့ဖြိုးမှုအဆင့်နှင့် သတ်သတ်မှတ်မှတ်ဖြစ်သောအချက်များကို ထည့်သွင်းစဉ်းစားခြင်း၊
- အထွေထွေညီလာခံဆုံးဖြတ်ချက် ၆၀/၂၅၁ နှင့် စီးပွားရေးနှင့်လူမှုရေး ကောင်စီ (ECOSOC) **ဆုံးဖြတ်ချက် ၁၉၉၆/၃၁** တို့ အပြင် ၎င်းနှင့်ဆက်စပ်သည့် လူ့အခွင့်အရေးကောင်စီမှ ချမှတ်နိုင်သည့် ဆုံးဖြတ်ချက်များ တစ်စုံတစ်ရာ စသည်တို့နှင့် လျော်ညီစွာ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ (NGO) ပါဝင်သည့် သက်ဆိုင်ရာပါဝင်ပတ်သက်သူများ၏ ပါဝင်မှုရှိစေရန်။

UPR ၏ ဦးတည်ချက်များမှာ -

- အောက်ခြေတွင် လူ့အခွင့်အရေးအခြေအနေတိုးတက်မှုရှိစေရေး၊
- နိုင်ငံများ၏ လူ့အခွင့်အရေးဆိုင်ရာလိုက်နာရမည့်တာဝန်များနှင့်ကတိကဝတ်များ ဖြည့်ဆည်းဆောင်ရွက်မှု၊ နှင့် အပေါင်းလက္ခဏာဖွံ့ဖြိုးမှုများနှင့် ကြုံတွေ့ရသည့် စိန်ခေါ်မှုများကို အကဲဖြတ်သုံးသပ်မှုရှိစေရေး၊
- သက်ဆိုင်ရာနိုင်ငံနှင့် အတိုင်အပင်ခံပြုခြင်းနှင့် သဘောတူညီချက်နှင့်အညီ နည်းပညာဆိုင်ရာ ကူညီမှုဆိုင်ရာ အဖွဲ့ဝင်နိုင်ငံ၏ စွမ်းဆောင်ရည်နှင့် ပံ့ပိုးမှု တိုးမြှင့်စေရန်၊
- နိုင်ငံများနှင့် အခြားသော ပါဝင်ပတ်သက်သူများအကြား အကောင်းဆုံးသော ကျင့်သုံးမှုများကို မျှဝေဖလှယ်ရန်၊
- လူ့အခွင့်အရေးမြှင့်တင်ရေးနှင့်ကာကွယ်စောင့်ရှောက်ရေးတွင် ပူးပေါင်းဆောင်ရွက်မှုကို ပံ့ပိုးကူညီရန်
- လူ့အခွင့်အရေးကောင်စီ၊ အခြားသော လူ့အခွင့်အရေးဆိုင်ရာအဖွဲ့များနှင့် **ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး** (OHCHR) စသည်တို့နှင့် အပြည့်အဝပူးပေါင်းရေးနှင့် ချိတ်ဆက်ရေးတို့ကို အားပေးရန်၊

ငွေကြေးဆိုင်ရာယန္တယားများ ၂ ခုဖြစ်သည့် **ကမ္ဘာ့နိုင်ငံများအားလုံး၏လူ့အခွင့်အရေးအခြေအနေပုံမှန်သုံးသပ်မှု ဆိုင်ရာ စေတနာအလျောက် ရန်ပုံငွေအဖွဲ့** နှင့် **ဘဏ္ဍာရေးနှင့် နည်းပညာဆိုင်ရာပံ့ပိုးရေးအတွက် စေတနာအလျောက်ရန်ပုံငွေ**[63] တို့အား UPR ယန္တယားများတွင် ဖွံ့ဖြိုးဆဲနိုင်ငံများ (အထူးသဖြင့် ဖွံ့ဖြိုးမှုအနိမ့်ဆုံးနိုင်ငံများ) ပါဝင်မှုကို ပံ့ပိုးပေးရန်နှင့် နိုင်ငံဆင့် နောက်ဆက်တွဲ ဆောင်ရွက်မှုကို ပံ့ပိုး ကူညီရန် တို့အတွက် ထူထောင်ထားခြင်းဖြစ်သည်။

[63] See Human Rights Council resolution 6/17.

VIII

*ကမ္ဘာ့နိုင်ငံများအားလုံး၏လူ့အခွင့်အရေးအခြေအနေပုံမှန်သုံးသပ်မှုမည်သို့ ဆောင်ရွက်သနည်း*

### က။ သုံးသပ်မှုအား ပုံမှန်ဆောင်ရွက်မှု၊ အစဉ်တကျဖြစ်မှု နှင့် အခြေခံအချက်

#### ပုံမှန်ဆောင်ရွက်မှု (Periodicity)

UPR ကို လေးနှစ်တစ်ကြိမ်ကြာသည့်စက်ဝန်းအဖြစ် ဆောင်ရွက်သည်။ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလတွင် ၎င်း၏ ၆ ကြိမ်မြောက် အစည်းအဝေးတွင် လူ့အခွင့်အရေးကောင်စီသည် ပထမစက်ဝန်းအတွင်းတွင် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများ အားလုံးကို သုံးသပ်မှုပြုရန်အတွက် **ပြက္ခဒိန်** တစ်ခုချမှတ်ခဲ့ပါသည်။

**ပထမစက်ဝန်းအတွင်း သုံးသပ်မည့်နိုင်ငံများ၏အစဉ်** (၂၀၀၈-၂၀၁၁) ကိုကြည့်ရန် OHCHR ဝက်ဘ်ဆိုက်သို့ဝင်ရောက်ပါ။

#### သုံးသပ်မှုအစဉ်

သုံးသပ်မှုပြုသောနိုင်ငံများ၏ အစဉ်ကို နိုင်ငံတကာလက်ခံမှုနှင့် တန်းတူဆက်ဆံမှုအခြေခံမှုများအားဖြင့် လမ်းညွှန် ထားပါသည်။ ဆုံးဖြတ်ချက် ၅/၁ တွင်သုံးသပ်မှုအစဉ်ကို ဆုံးဖြတ်ပေးရန်အတွက် အောက်ပါပြဋ္ဌာန်းချက်များကိုချမှတ်ထားသည် -

- ကောင်စီအဖွဲ့ဝင်နိုင်ငံများအားလုံးကို ၎င်းတို့၏အဖွဲ့ဝင်မှုကာလအတွင်းတွင် သုံးသပ်မှုပြုမည်ဖြစ်သည်၊
- ကနဦး ကောင်စီအဖွဲ့ဝင်နိုင်ငံများ၊ အထူးသဖြင့် ၁ နှစ် (သို့) ၂ နှစ်ကာလသက်တမ်းအတွက် ရွေးချယ်ထားသည့် နိုင်ငံများကို ဦးစွာသုံးသပ်မှုပြုမည်ဖြစ်သည်၊
- ရောနှောထားသည့် ကောင်စီအဖွဲ့ဝင်နိုင်ငံများနှင့် လေ့လာသူနိုင်ငံများကို သုံးသပ်မှုပြုမည်ဖြစ်သည်၊
- သုံးသပ်မှုပြုမည့်နိုင်ငံများကို ရွေးချယ်ရာတွင် တန်းတူညီသော ပထဝီနယ်ပယ်ပျံ့နှံ့မှုကို လေးစားလိုက်နာရမည် ဖြစ်သည်။

#### သုံးသပ်မှုအခြေခံအချက်များ

နိုင်ငံတစ်ခုခြင်းစီအားအောက်ပါအခြေခံအချက်များဖြင့် သုံးသပ်သည် -

- **ကုလသမဂ္ဂဍာတာ**
- **လူ့အခွင့်အရေးကြေညာစာတမ်း**
- ၎င်းမှအဖွဲ့ဝင်ထားသည့် လူ့အခွင့်အရေးစာချုပ်များ
- ဆန္ဒအလျောက်ထားရှိသော ကတိများ နှင့် ကတိကဝတ်များ၊ (သက်ဆိုင်ပါက)ကောင်စီရွေးကောက်ပွဲအတွင် ၎င်း၏ ကိုယ်စားလှယ်လောင်းတင်ဆက်မှုရှိန်၌ချမှတ်ခဲ့သည့် ကတိကဝတ်များအပါအဝင်၊ နှင့်
- သက်ဆိုင်သော နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဥပဒေ

### ခ။ သုံးသပ်မှုလုပ်ငန်းစဉ်

#### ၁။ သတင်းအချက်အလက်စုဆောင်းခြင်း (Documentation)

သုံးသပ်မှုများအတွက် သတင်းချက်အလက်များပြင်ဆင်ခြင်းသည် လုပ်ငန်းစဉ်၏ ပဏာမဆောင်ရွက်မှုအဆင့်ဖြစ်သည်။ နိုင်ငံများသုံးသပ်မှုပြုခြင်းလုပ်ငန်းများသည် အချက်အလက်စာတမ်း ၃ ရပ်တွင်ပါဝင်သည့် သတင်းအချက်အလက် များအပေါ်တွင် အခြေပြုသည်။

- သုံးသပ်မှုပြုခံသည့် နိုင်ငံမှပြင်ဆင်ပေးသည့် သတင်းအချက်အလက်များ၊
- OHCHR မှပြင်ဆင်ပေးသည့် ကုလသမဂ္ဂသတင်းအချက်အလက်များ စုပေါင်းမှု၊
- ပါဝင်ပတ်သက်သူများ၏ အချက်အလက်တင်သွင်းမှုများ အကျဉ်းချုပ် (OHCHR မှပြင်ဆင်ပေးသည်)။

ယင်းအချက်အလက်စာတမ်း ၃ ရပ်တို့သည် သုံးသပ်မှုပြုထားသည့်နိုင်ငံအသီးသီး၏ လူ့အခွင့်အရေးအခြေအနေတို့ အပေါ် ခြားနားပြီး ဖြည့်စွက်မှုပေးသော သဘောထားအမြင်များကို ပေးပါသည်။ ၎င်းတို့အား သုံးသပ်မှုအသီးသီးမပြုမီ အနည်းဆုံး ၆ ပတ်အလိုတွင် ရရှိစေသင့်ပြီး OHCHR ဝက်ဘ်ဆိုက်ရှိ **UPR Section** တွင် ပို့စ်တင်ထားပေးရပါမည်။

(က) **သုံးသပ်မှုပြုထားသည့်နိုင်ငံမှပြင်ဆင်ပေးသည့်သတင်းအချက်အလက်များ (အမျိုးသားအစရင်ခံစာ)**
နိုင်ငံတစ်ခုသည် ၎င်းအပေါ် သုံးသပ်မှုအတွက် ပြင်ဆင်ထားသည့် သတင်းအချက်များကိုတင်ဆက်ပေးရာ ၎င်းသည် အမျိုးသားအစီရင်ခံစာပုံစံအဖြစ် နှုတ်ပြော (သို့) မရေးအသားဖြင့် ဆောင်ရွက်နိုင်ပါသည်။ ထိုတင်ဆက်မှုသည် စာမျက်နှာ ၂၀ ထက် မကျော်လွန်ရပါ။ **နိုင်ငံများသည် အရပ်ဘက်အဖွဲ့အစည်း အပါ အဝင် ပါဝင်ပတ်သက်သူများအားလုံးနှင့် ကျယ်ပြန့်သော ပြည်တွင်းအတိုင်အပင်ခံလုပ်ငန်းစဉ်အားဖြင့် ယင်း သတင်းအချက်အလက်များကို ပြင်ဆင်ရာ အားပေးပါသည်။**

(ခ) **OHCHR မှပြင်ဆင်ပေးသည့် ကုလသမဂ္ဂသတင်းအချက်အလက်များကို စုစည်းခြင်း**
OHCHR သည် လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့များ၊ အထူးလုပ်ငန်းအစီအစဉ်များနှင့် အခြားသက်ဆိုင်ရာ ကုလသမဂ္ဂ အချက်အလက်စာတမ်းများ၏ အစီရင်ခံစာများတွင်ပါဝင်သည့် သတင်းအချက်အလက်များကို ၁ဝ မျက်နှာထက်မပိုသည့် အချက်အလက်စုစည်းမှု ပြင်ဆင်ပေးပါသည်။

(ဂ) **OHCHR မှ ပြင်ဆင်ပေးသည့် ပါဝင်ပတ်သက်သူများ၏ တင်သွင်းမှုအကျဉ်းချုပ်**
OHCHR သည် အခြားသော UPR ပါဝင်ပတ်သက်သူများ (**NHRI များ၊ NGO များ နှင့် အခြားသော အရပ် ဖက်လူ့အဖွဲ့အစည်းများ)** မှ ပေးပို့သည့် ၁ဝ မျက်နှာထက်မပိုသည် တင်သွင်းချက်များအကျဉ်းချုပ်ကို ပြင်ဆင်ပေးပါသည်။ သုံးသပ်မှုပြုစဉ်အတွင်း ပါဝင်ပတ်သက်သူများ၏ အကျဉ်းချုပ်ကို ထည့်သွင်းစဉ်းစား ပေးပါသည်။

## သုံးသပ်မှုများဆိုင်ရာ သတင်းအချက်အလက်များကြိုတင်ပြင်ဆင်မှုအတွက် အထွေထွေလမ်းညွှန်ချက်များ

**ဆုံးဖြတ်ချက် ၆/၁၀၂** တွင် လူ့အခွင့်အရေးကောင်စီမှ UPR အောက်ရှိ သတင်းအချက်အလက်များကြိုတင်ပြင်ဆင်မှုတွက် အထွေထွေလမ်းညွှန် ချက်များကို ချမှတ်ထားပါသည်။ **ဤလမ်းညွှန်ချက်များသည် တာဝန်ဝတ္တရားအရ အချက်အလက် စာတမ်းများ ကြိုတင်ပြင်ဆင်မှုအတွက် နိုင်ငံများ၊ အခြား ပါဝင်ပတ်သက်သူများ သာမက OHCHR တို့မှ လိုက်နာရမည့် အချက်များဖြစ်ပြီး၊** သုံးသပ်မှုအတါက် တင်သွင်းသည့် သတင်းအချက်အလက်များတွင် အောက်ပါတို့ ပါဝင်သင့်သည် -

- နည်းစနစ်ဆိုင်ရာရှင်းလင်းဖော်ပြချက်တစ်ရပ်နှင့် ပေးပို့လိုက်သည့် သတင်းအချက်အလက်ပြင်ဆင်မှုအတွက် လိုက်ပါလာသည့် ကျယ်ပြန့်သော အတိုင်အပင်ခံမှုလုပ်ငန်းစဉ်၊
- နိုင်ငံအတွင်း လူ့အခွင့်အရေးမြှင့်တင်ရေးနှင့်ကာကွယ်စောင့်ရှောက်ရေးအတွက် နောက်ခံအကြောင်းနှင့် (အထူးသဖြင့် စံအဖြစ်သတ်မှတ်သော၊ အတည်တကျသတ်မှတ်သော) မူဘောင်များ၊ ၎င်းတွင်း ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ ဥပဒေပြဋ္ဌာန်းမှု၊ မူဝါဒချက်မှတ်ချက်များ၊ အမျိုးသားဥပဒေသိပ္ပံပညာ၊ လူ့အခွင့်အရေးဆိုင်ရာ အခြေခံအဆောက်အအုံ(ဥပမာ - NHRIs) နှင့် "အခြေခံသုံးသပ်မှု" (အထက်တွင်ကြည့်ပါ) တွင် ဖော်ပြထားသည့် နိုင်ငံတကာမှလိုက်နာ ရမည့် တာဝန်များ၏နယ်ပယ် စသည်တို့လည်းပါဝင်သည်၊
- အောက်ခြေအဆင့်တွင် လူ့အခွင့်ရေးမြှင့်တင်ရေးနှင့်ကာကွယ်စောင့်ရှောက်ရေး၊ ၎င်းတွင် "အခြေခံသုံးသပ်မှု" (အထက်တွင်ကြည့်ပါ) တွင် ဖော်ပြထားသည့် နိုင်ငံတကာမှလိုက်နာ ရမည့် တာဝန်များအား အကောင်အထည်

VII

ဖော်ဆောင်မှု၊ အမျိုးသားဥပဒေပြဋ္ဌာန်းမှုနှင့် ဆန္ဒအလျောက်ထားရှိသည့် ကတိကဝတ်များ၊ NHRI လှုပ်ရှားမှုများ၊ လူ့အခွင့်ရေးဆိုင်ရာအများပြည်သူ့အသိပညာပေးခြင်း၊ နှင့် လူ့အခွင့်အရေးယန္တယားများနှင့် ပူးပေါင်းလုပ်ဆောင်ခြင်း၊

- အောင်မြင်မှုများ၊ အကောင်းဆုံးကျင့်သုံးမှုများ၊ စိန်ခေါ်မှုများနှင့် အကန့်အသတ်များကို ဖော်ထုတ်ခြင်း တို့ဖြစ်သည်။

နိုင်ငံတိုင်းသည် အောက်ပါသတင်းအချက်အလက်များကို ဖော်ထုတ်မှု/ပေးပို့မှု ပြုသင့်ပါသည် -

- စိန်ခေါ်မှုများနှင့် ကန့်သတ်ချက်များ ကို ကျော်လွှားနိုင်မည့် ဆောင်ရွက်ချက်များချမှတ်ရန် နှင့် အောက်ခြေအဆင့်တွင် လူ့အခွင့်အရေးအခြေအနေ တိုးတက်လာစေရန် ရည်ရွယ်သည့် အဓိကကျသော ပြည်တွင်းဦးစားပေးချက်များ၊ အစပျိုးလုပ်ဆောင်ချက်များနှင့် ကတိကဝတ်များ၊
- စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ၎င်း၏မျှော်မှန်းချက်များနှင့် နည်းပညာအကူညီတောင်းဆိုချက်များ၊
- သက်ဆိုင်သည်ဟုထင်မြင်ရသည့် အခြားသော သတင်းအချက်အလက်တစ်စုံတစ်ရာ၊နှင့်
- နောက်ပိုင်းသုံးသပ်မှုများအတွင်း ယခင်သုံးသပ်မှုဆိုင်ရာ ၎င်း၏နောက်ဆက်တွဲဆောင်ရွက်ချက်။

## ၂။ နိုင်ငံအလိုက်လူ့အခွင့်အရေးအခြေအနေပုံမှတ်သုံးသပ်မှုဆိုင်ရာလုပ်ငန်းအဖွဲ့

နိုင်ငံများအား အမှန်တကယ်သုံးသပ်မှုကို UPR ဆိုင်ရာ လုပ်ငန်းအဖွဲ့တွင်ဆောင်ရွက်ပါသည်။ ၎င်းကို လူ့အခွင့်အရေးကောင်စီ၏ ဥက္ကဋ္ဌဖြစ်သူမှ သဘာပတိအဖြစ်ဆောင်ရွက်ပြီး၊ ကောင်စီ၏ အဖွဲ့ဝင် ၄၇ နိုင်ငံဖြင့် ဖွဲ့စည်းပါသည်။ ၎င်းသည် နှစ်စဉ် ၂ ပတ်ကြာမြင့်သည့် အစည်းအဝေး ၃ ကြိမ်ကျင်းပပြီး၊ အစည်းအဝေးတစ်ကြိမ်တွင် ၁၆ နိုင်ငံအား သုံးသပ်မှုပြုရာ--တစ်နှစ်လျှင် ၄၈ နိုင်ငံသုံးသပ်သည်။ ထိုလုပ်ငန်းအဖွဲ့သည် ၂၀၀၈ ခုနှစ်တွင် ပထမဆုံးအကြိမ် အစည်းအဝေးကျင်းပပါသည်။

သုံးသပ်မှုပြုသည့် နိုင်ငံတစ်ခုနှင့် ကောင်စီ၏ အဖွဲ့ဝင်နိုင်ငံများနှင့် လေ့လာသူများသည် ၃ နာရီကြာမြင့်သည့် အပြန်အလှန်ဆွေးနွေးမှုပြုလုပ်ပါသည်။ ယင်းဆွေးနွေးမှုအတွင်း အဖွဲ့ဝင် နိုင်ငံများနှင့် လေ့လာသူများသည် သုံးသပ်မှုပြုသည့်နိုင်ငံအား မေးခွန်းမေးမြန်းခြင်းနှင့် အကြံပြုချက်များ ပေးခြင်းအတွက် ၂ နာရီအချိန်ရပါသည်။ သုံးသပ်မှုပြုသည့်နိုင်ငံသည် လုပ်ငန်းအဖွဲ့ ထံ ၎င်း၏သုံးသပ်မှုအတွက် ပြင်ဆင်လာသည့် သတင်းအချက်အလက်များကို တင်ဆက်ရန်၊ နိုင်ငံများမှ ဆွေးနွေးမှုမတိုင်မီ ကြိုတင်အချိန်နှင့် ဆွေးနွေးမှုအတွင်း ဖော်ပြသော မေးခွန်းများနှင့်အကြံပြုချက်များကို တုန့်ပြန်ရန် နှင့် သုံးသပ်မှုအဆုံးတွင် နိဂုံးချုပ်သုံးသပ်ချက်များ ချမှတ်ရန်တို့အတွက် အချိန် ၁ နာရီရရှိပါသည်။ [64]

**ECOSOC နှင့် အတိုင်အပင်ခံအဆင့်ရှိ NGO များသည် UPR ဆိုင်ရာ လုပ်ငန်းအဖွဲ့၏ အစည်းအဝေးများသို့ တက်ရောက်နိုင်သော်လည်း အပြန်အလှန်ဆွေးနွေးမှုတွင် ပါဝင်၍မရပါ။**

NGO များအတွက် သတင်းအချက်အလက်မှတ်စုများ အပါအဝင် လုပ်ငန်းအဖွဲ့၏ အစည်းအဝေးများ ဆိုင်ရာ ပုံမှတ် update သတင်းအချက်အလက်များသိရှိလိုသော OHCHR ဝက်ဘ်ဆိုက်သို့ ဝင်ရောက်ပါ။

**ECOSOC နှင့် အဆိုင်အပင်ခံအဆင့်** ဆိုင်ရာသတင်းအချက်များအတွက် ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးရာ ဌာန၏ ဝက်ဘ်ဆိုက်သို့ဝင်ရောက်ပါ။

[64] See "Modalities and practices for the universal periodic review process" (A/HCR/PRST/8/1).

## Troikas အဖွဲ့

အထူးကိုယ်စားလှယ်သုံးဦးအဖွဲ့ ("troika") သည် နိုင်ငံတစ်ခုစီအား သုံးသပ်မှုပြုခြင်းကို ပံ့ပိုးပေးပါသည်။ နိုင်ငံတစ်ခုခြင်းစီ သုံးသပ်မှုအတွက် ကွဲပြားသော Troikas တစ်ခုဖွဲ့စည်းပါသည်။ Troika အဖွဲ့ဝင်များကို (ကွဲပြားသော ကုလသမဂ္ဂ ဒေသဆိုင်ရာအဖွဲ့ များမှရွေးချယ်သည်) လူ့အခွင့်အရေးကောင်စီ၏ အဖွဲ့ဝင်နိုင်ငံများအကြား မဲပေးခြင်းဖြင့် ရွေးချယ်ပါသည်။[65] Troika အဖွဲ့ဝင်များ ၎င်းတို့၏ ကဏ္ဍဆောင်ရွက်ရေးကို OHCHR မှပံ့ပိုးကူညီမှုပေးသည်။

နိုင်ငံများသည် သုံးသပ်မှုပြုသည့်နိုင်ငံအား ၎င်း၏သုံးသပ်မှုမပြုမီ ကြိုတင်မေးခွန်းများ/ကိစ္စရပ်များကို အရေးအသားဖြင့် ထုတ်ဖော်ရန်အခွင့်အလမ်းရှိသည်။[66] Troika အဖွဲ့သည် ထို မေးခွန်းများ/ကိစ္စရပ်များ ကို လက်ခံရရှိရန်တာဝန်ရှိပြီး၊ ဆုံးဖြတ်ချက် ချပြီးပါက ၎င်းတို့အားစုစည်းထားမှုပြုနိုင်သည်။[67] ထိုနောက် Troika အဖွဲ့သည် ယင်းမေးခွန်း/ကိစ္စရပ်များ ကို UPR ၏ အတွင်းရေးမှူးရုံးအဖွဲ့သို့ ပေးပို့ကာ၊ ထိုမှတဆင့် သုံးသပ်မှုပြုမည့် နိုင်ငံထံသို့ သုံးသပ်မှုမပြုမီ အနည်းဆုံး ၁၀ ရက်မတိုင်မီ ပေးပို့ပါသည်။ ယင်း မေးခွန်း/ကိစ္စရပ်များကို ကောင်စီ၏ အဖွဲ့ဝင်နိုင်ငံများနှင့်လေ့လာသူများထံသို့လည်း ဖြန့်ဝေပေးပါသည်။

### ၃။ သုံးသပ်မှုပြုသည့်နိုင်ငံနှင့်ပတ်သက်သောအလုပ်အဖွဲ့၏ရလဒ်စာတမ်း

နိုင်ငံတစ်ခုခြင်းစီအပေါ် အပြန်အလှန်ဆွေးနွေးမှုပြုပြီးနောက် ရွေးချယ်ထားသည့် Troika အဖွဲ့မှ UPR အတွင်းရေးမှူးရုံး အဖွဲ့၏ ကူညီပေးမှုနှင့် သုံးသပ်မှုပြုသည့် နိုင်ငံ၏ အပြည့် အဝ ပါဝင်ဆောင်ရွက်မှု တို့နှင့်အတူ သုံးသပ်မှုအပေါ် ရလဒ်စာတမ်း (အစီရင်ခံစာ) အား ပြင်ဆင်ရန် ပံ့ပိုးပေးပါသည်။ လုပ်ငန်းအဖွဲ့သည် သုံးသပ်မှုပြုပြီး ၄၈ နာရီအတွင်း ရလဒ်စာတမ်း တစ်ခုချင်းစီအား စဉ်းစားပေးရန်နှင့် အတည်ပြုရန် အတွက် မိနစ် ၃၀ ခန့်ကို ခွဲခန့်ထားပါသည်။ နိုင်ငံအလိုက် အစီရင်ခံစာများကို လူထုဆန္ဒခံယူမှု (*ad referendum*) အားဖြင့် သဘောတူလက်ခံပြီး နိုင်ငံများအား ၎င်းတို့၏ ထုတ်ပြန်ချက်များကို တည်းဖြတ်ပြောင်းလဲမှုများဆောင်ရွက်ရန်အတွက် ၂ ပတ်ကြာအချိန်ပေးပါသည်။

ရလဒ်စာတမ်းများတွင် သုံးသပ်မှု မှတ်တမ်း၏အကျဉ်းချုပ်၊ နိဂုံးချုပ်အချက်များ နှင့်/သို့မဟုတ် အကြံပြုချက် များ၊ နှင့် သုံးသပ်မှုပြုထားသည့်နိုင်ငံမှ ချမှတ်သည့် ဆန္ဒအလျောက်ဖြစ်သော ကတိကဝတ်များနှင့် ကတိပြုချက်များ စသည် တို့ပါဝင်သည်။

သုံးသပ်မှုပြုသည့်နိုင်ငံတစ်ခုချင်းစီအား ရလဒ်စာတမ်းတွင်ပါဝင်သည့် နိဂုံးချုပ်အချက်များ/အကြံပြုချက်များကို ပံ့ပိုးမှုပြုမည်၊ မပြုမည်ကို ဖော်ပြရန် အခွင့်အလမ်းပေးထားပါသည်။ လုပ်ငန်းအဖွဲ့၏ ရလဒ်စာတမ်းကို သဘောတူလက်ခံရန် အောက်ပါ အချိန်များတွင် ဆောင်ရွက်နိုင်သည် -

- လုပ်ငန်းအဖွဲ့၏ အစည်းအဝေးကာလအတွင်း၊
- လုပ်ငန်းအဖွဲ့၏ အစည်းအဝေးနှင့် ကောင်စီ၏ နောက်တစ်ကြိမ်အစည်းအဝေးတို့အကြား၊ သို့မဟုတ်
- ကောင်စီ၏အစည်းအဝေးကာလအတွင်း တို့ဖြစ်သည်။

VII

[65] The State under review may request that one of the three should be from its own regional group and may also request one substitution on only one occasion. A member of a troika may also request to be excused from participation in a specific review.

[66] These questions/issues are sent to the troika and should be based mainly on the three UPR documents.

[67] In doing so, the troika must not alter the meaning of questions/issues in any way, and must refrain from assessing the questions/issues or the human rights situation in the State under review.

နိုင်ငံမှ ထောက်ခံထားသည့် အကြံပြုချက်များကို ရလဒ်စာတမ်းတွင် ဖော်ထုတ်ပေးပြီး၊ နိုင်ငံမှ ထောက်ခံမှုမပြုထားသည့် အကြံပြုချက်များကို ရလဒ်စာတမ်းတွင် ဖော်ထုတ်မှုမပြုပါ။ ရလဒ်စာတမ်းအပေါ် နိုင်ငံမှ ထားရှိသည့်နိုင်မည့် ဝေဖန်သုံးသပ်ချက်များနှင့်အတူ ဖော်ထုတ်ပါသည်။

## ၄။ လူ့အခွင့်အရေးကောင်စီ၏ ရလဒ်စာတမ်းအား သဘောတူလက်ခံခြင်း

အစီရင်ခံစာအား UPR ဆိုင်ရာ လုပ်ငန်းအဖွဲ့မှ အတည်ပြုပြီးသော် နိုင်ငံတစ်ခုခြင်းအား သုံးသပ်မှုပြုထားသည့် အစီရင်ခံစာ ကို လူ့အခွင့်အရေးကောင်စီသို့ လွှဲပြောင်းပေးပါသည်။ ကောင်စီသည် ပုံမှန်အားဖြင့် ရလဒ်စာတမ်းများကို ၎င်း၏နောက် တစ်ကြိမ်ပုံမှန်အစည်းအဝေး၌ တစ်ခုချင်းစီအတွက် ၁ နာရီအချိန်ခွဲခန့်ပြီး ထည့်သွင်းစဉ်းစား အတည်ပြုပေးပါသည်။

ဆုံးဖြတ်ချက် ၅/၁ နှင့်အညီ ရလဒ်စာတမ်းအသီးသီးအား အတည်ပြုချက်မပြုမီ -

- သုံးသပ်မှုပြုထားပြီးနိုင်ငံကို နိဂုံးချုပ်သုံးသပ်ချက်များ/အကြံပြုချက်များ၊ ဆန္ဒအလျောက် ကတိကဝတ်များ တို့အပေါ် ၎င်းတို့အမြင်များတင်ဆက်ရန် လည်းကောင်း၊ လုပ်ငန်းအဖွဲ့၏ အပြန်အလှန် ဆွေးနွေးမှုအတွင်း မှ မေးခွန်းများ (သို့) လုံလောက်စွာ မဆွေးနွေးခဲ့သည့် ကိစ္စရပ်များတို့အား တုန့်ပြန်ချက်များ တင်ဆက်ရန် လည်းကောင်း အခွင့်အရေးပေးပါသည်။
- ရလဒ်စာတမ်းအပေါ် သုံးသပ်မှုပြုထားပြီးနိုင်ငံ၊ ကောင်စီ၏ အဖွဲ့ဝင် နှင့် လေ့လာသူနိုင်ငံများတို့မှ ၎င်းတို့၏အမြင်များ ဖော်ထုတ်နိုင်ရန် အခွင့်အရေးသည်၊
- အခြားသောသက်ဆိုင်ရာပါဝင်ပတ်သက်သူများ (ECOSOC နှင့် အတိုင်အပင်ခံအဆင့်ရှိ NHRI များ နှင့် NGO များတို့အပါအဝင်) တို့အား အထွေထွေဝေဖန်သုံးသပ်မှုများချမှတ်ရန် အခွင့်အရေးပေးပါသည်။

ရလဒ်စာတမ်းများကို အတည်ပြုသည့်အခါ ကောင်စီသည် ယင်းသုံးသပ်မှုအတွက် နောက်ဆက်တွဲဆောင်ရွက်မှုများ လိုအပ်မှုရှိ/မရှိ နှင့် မည်သည့်အချိန်တွင်ဆောင်ရွက်ရန် လိုအပ်သည်တို့ကိုလည်း ဆုံးဖြတ်ပေးပါသည်။

## ၅။ သုံးသပ်မှုအတွက် နောက်ဆက်တွဲဆောင်ရွက်မှုများ

သုံးသပ်မှုပြုထားပြီးနိုင်ငံများမှ ရလဒ်စာတမ်းတွင်ပါဝင်သော နိဂုံးချုပ် အချက်များ/ အကြံပြုချက်များကို ထောက်ခံမှု ပေးထားပြီး၊ ၎င်းတို့သည် UPR နောက်ဆက်တွဲဆောင်ရွက်မှုများအတွက် အခြေခံအဖြစ် ဆောင်ရွက်ပေးပါသည်။

UPR ရလဒ်များ (နိဂုံးချုပ်အချက်များ၊ အကြံပြုချက်များနှင့် ဆန္ဒအလျောက်ချမှတ်သော ကတိကဝတ်များအပါအဝင်) ကို အကောင်အထည်ဖော်ဆောင်ရန်မှာ အခြေခံအားဖြင့် သုံးသပ်မှုပြုထားပြီးနိုင်ငံများ၏တာဝန်ဖြစ်သော်လည်း၊ **ဆုံးဖြတ်ချက် ၅/၁ အရ အရပ်ဘက်အဖွဲ့အစည်းများအပါအဝင် သက်ဆိုင်ရာပါဝင်ပတ်သက်သူများသည်လည်း ၎င်းတို့၏ အကောင်အထည်ဆောင်ဆောင်မှုတွင် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်လေသည်။** နိုင်ငံများမှ သုံးသပ်မှုရလဒ်အား အကောင်အထည်ဖော်ဆောင်ရာတွင် နိုင်ငံတကာအသိုင်းအဝိုင်းသည် ၎င်းတို့နှင့် အတိုင်အပင်ခံပြုကာ၊ ၎င်းတို့သဘောတူညီမှုဖြင့် စွမ်းဆောင်ရည်မြှင့်တင်မှု နှင့် နည်းပညာ ပံ့ပိုးမှုများတို့တွင် ကူညီပေးပါသည်။

နောက်ပိုင်း သုံးသပ်မှုစက်ဝန်းများသည် အခြားအရာများရှိသည်အနက် အကြံပြုချက်များဆိုင်ရာ နိုင်ငံတိုင်း၏ အကောင် အထည်ဖော်ဆောင်မှုအသီးသီးအပေါ် ဦးစားပေးဆောင်ရွက်မည်ဖြစ်ရာ၊ နောက်ဆုံးတွင် ကောင်စီသည် UPR ယန္တယားနှင့် ပူးပေါင်းလုပ်ဆောင်မှုမရှိသည့် အမှုကိစ္စများကို အလျင်းသင့်သလို ကိုင်တွယ်လာနိုင်မည်ဖြစ်ပြီး အထူးသဖြင့် အဖွဲ့ဝင်နိုင်ငံ တစ်ခုအား၎င်းနှင့် ပူးပေါင်းလုပ်ဆောင်ရန် ကြိုးပမ်းမှုများ လက်ပန်းကျသွားသည့်အခြေအနေမျိုးတွင်ဖြစ်သည်။

## UPR လုပ်ငန်းစဉ်

### ၄ နှစ်ကြာ လုပ်ငန်းစက်ဝန်း

**က။ သုံးသပ်မှုများအတွက် အချက်အလက်များ ပြင်ဆင်ခြင်း**

- နိုင်ငံ၏အချက်အလက်များ၊ ကျယ်ပြန့်သော အတိုင်အပင်ခံအားဖြင့် (အမျိုးသားအစီရင်ခံစာ)
- OHCHR မှစုစည်းထားသည့် ကုလသမဂ္ဂ အချက်အလက်များ
- ပါဝင်ပတ်သက်သူများ၏ တင်သွင်းမှုများအကျဉ်းချုပ် (OHCHR မှ ပြင်ဆင်ပေးသည်)

**ခ။ UPR ဆိုင်ရာ လုပ်ငန်းအဖွဲ့**

- နှစ်စဉ် ဂျီနီဗာတွင် ၂ ပတ်ကြာအစည်းအဝေးများ ၃ ကြိမ်ကျင်းပ (၁ နှစ်လျှင် ၄၈ နိုင်ငံနှုန်း)
- သုံးသပ်မှုပြုသည့်နိုင်ငံနှင့် အပြန်အလှန်ဆွေးနွေးပွဲများ ကျင်းပ
- အကြံပြုချက်များ၊ နိဂုံးချုပ်အချက်များနှင့် ဆန္ဒအလျောက်ချမှတ်သော ကတိများ
- သုံးသပ်မှုပြုထားပြီးနိုင်ငံမှ ဤအဆင့်တွင် (သို့) နောက်ပိုင်းတွင် (ပုံမှန်အစည်းအဝေးကာလအတွင်း နောက်ဆုံးထားပြီး) မည်သည့်

**ဂ။ လူ့အခွင့်အရေးကောင်စီ ပုံမှန်အစည်းအဝေး**

- ကောင်စီသည် စာတမ်းတစ်ခုစီအား တစ်နာရီကြာ စဉ်းစားသုံးသပ်ပေးသည်၊
- ရလဒ်စာတမ်းအား အတည်ပြုချက်မပြုမီ သုံးသပ်မှုပြုခံသည့်နိုင်ငံ၊ ကောင်စီအဖွဲ့ဝင်နိုင်ငံများနှင့်လေ့လာသူများ၊ နှင့် အခြားသော ပါဝင်ပတ်သက်သူများကို ၎င်းတို့၏ အမြင်များ ဖော်ထုတ်ရန် အခွင့်အရေးပေးသည်၊
- ကောင်စီမှ ရလဒ်စာတမ်းအား အတည်ပြုသည်

**ဃ။ ရလဒ်များအား အကောင်အထည်ဖော်ဆောင်ခြင်း**

- သက်ဆိုင်ရာနိုင်ငံ၊ နှင့် သင့်လျော်ပါက အခြားပါဝင်ပတ်သက်သူများ တို့၏ တာဝန်ဝတ္တရား
- နိုင်ငံတကာအသိုင်းအဝိုင်းမှ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းနှင့် နည်းပညာပံ့ပိုးကူညီခြင်း
- လူ့အခွင့်အရေးကောင်စီသည် ကြိုးပမ်းမှုများစွာလက်ပမ်းကျပြီးနောက် UPR နှင့် ပူးပေါင်းပါဝင်မှု မပြုသည့် အမှုများကို ကိုင်တွယ်ဆောင်ရွက်သည်။

## ကမ္ဘာ့နိုင်ငံများအားလုံး၏လူ့အခွင့်အရေးအခြေအနေပုံမှန်သုံးသပ်မှုယန္တယားနှင့် မည်သို့ချိတ်ဆက်မည်နည်း

အရပ်ဘက်အဖွဲ့အစည်းသည် UPR ၏ သက်ဆိုင်ရာလုပ်ငန်းအဆင့်များတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင် ပေးရာ ၎င်းတို့မှာ - သုံးသပ်မှုအတွက် တင်သွင်းချက်များကို ပြင်ဆင်ခြင်း၊ သုံးသပ်မှုများတွင် တက်ရောက်ပေးခြင်းနှင့် UPR အကြံပြုချက်များနှင့် နိဂုံးချုပ်အချက်များကို အကောင်အထည်ဖော်ဆောင်ခြင်းတို့အား နောက်ဆက်တွဲဆောင်ရွက်ရန် ကူညီပေးခြင်းတို့ဖြစ်သည်။

### က။ အမျိုးသားအစီရင်ခံစာပြင်ဆင်ရန် နိုင်ငံများနှင့် လုပ်ဆောင်ခြင်း

ဆုံးဖြတ်ချက် ၅/၁ အရ နိုင်ငံများသည် ၎င်းတို့၏ သုံးသပ်မှုများအတွက် တင်သွင်းရမည့် အချက်အလက်များကို သက်ဆိုင်ရာပါဝင်ပတ်သက်သူများအားလုံးနှင့် ကျယ်ပြန့်သည့် အမျိုးသားအဆင့် အတိုင်အပင်ခံလုပ်ငန်းစဉ်အားဖြင့် ပြင်ဆင်ရန် အားပေးပါသည်။ ၎င်းတွင် NHRI များသာမက NGO များ၊ လူ့အခွင့်အရေးကာကွယ်သူများ၊ ပညာရေးဆိုင်ရာ အင်စတီကျူးရှင်းများနှင့် သုတေသနအဖွဲ့အစည်းများကဲ့သို့သော အရပ်ဘက်အဖွဲ့အစည်းကိုယ်စားလှယ်များ ပါဝင်သည်။

ယနေ့ UPR ၏ အတွေ့အကြုံသည် အရပ်ဘက်အဖွဲ့အစည်းနှင့် အစိုးရတို့ အမျိုးသားအစီရင်ခံစာများ ပြင်ဆင်ရာတွင် ပူးပေါင်းဆောင်ရွက်မှုအတွက် "အကောင်းဆုံးကျင့်သုံးမှု" ဆိုင်ရာ ဥပမာများထွေပြားမှုတစ်ရပ်ကို ထင်ရှားစေပါသည်။

#### နိုင်ငံ၏အချက်အလက်များ (အမျိုးသားအစီရင်ခံစာများ) ပြင်ဆင်မှုအတွက် ပံ့ပိုးကူညီခြင်း

၂၀၀၈ ခုနှစ် UPR ဆိုင်ရာ အလုပ် အဖွဲ့၏ ဒုတိယမြောက်အစည်းအဝေး၌ **ဆွစ်ဇလန်နိုင်ငံ** အား သုံးသပ်မှုအတွက် အစပျိုးဆောင်ရွက်မှုတွင် ဆွစ်ဇလန် အခြေစိုက် NGO ပေါင်း ၃၁ ခု၏ ညွန့်ပေါင်းအဖွဲ့တစ်ခုသည် ပါဝင်ပတ်သက်သူများ၏ တင်သွင်းချက်တစ်ရပ် ပြင်ဆင် မှုကို ညှိနှိုင်းဆောင်ရွက်ရန် တွေ့ဆုံခဲ့ကြ သည်။ NGO ၃ ခုမှ ညှိနှိုင်းသည့် (**Amnesty International - Swiss section, Humanrights.ch and CODAP**)၊ "NGO ညွန့်ပေါင်းအဖွဲ့" သည် ဆွစ်ဇလန်အစိုးရထံသို့ ၎င်း၏ ကနဦး အစီရင်ခံစာမူကြမ်း တင်သွင်းမှုကို ပြင်ဆင်ကာ လွှဲပြောင်း အပ်နှံခဲ့ပါ သည်။

ဆွစ်ဇလန်ဖက်ဒရယ်အစိုးရသည် ၎င်း၏ အမျိုးသားအစီရင်ခံစာမူကြမ်းကို NGO ညွန့်ပေါင်း အဖွဲ့နှင့်အတူ UPR ထံသို့ မျှဝေပေးပြီး၊ အစိုးရနှင့်အတူ တစ်ရက်တာ ဆွေးနွေးမှုသို့ တက်ရောက်ရန် အဖွဲ့ဝင်များအား ဖိတ်ကြားခဲ့ပါသည်။ အစည်းအဝေးတွင် ညွန့်ပေါင်းအဖွဲ့သည် အစိုးရ၏ အစီရင်ခံစာမူကြမ်းကို လက်တွေ့ကျသည့် ဝေဖန်သုံးသပ်ချက်များ စိစဉ်ပေးပြီး၊ အကြံပြုချက်များ တစ်စုကို တင်ဆက်ပေးခဲ့ပါသည်။ ညွန့်ပေါင်းအဖွဲ့ဝေဖန်သုံးသပ်ချက်များကို UPR သို့ တင်သွင်းသည့် အမျိုးသားအစီရင်ခံစာ နောက်ဆုံးဗားရှင်းထဲသို့ ထည့်သွင်းပေါင်းစပ်ထားပါသည်။ ယင်းအစီရင်ခံစာတွင် အစိုးရသည် ညွန့်ပေါင်းအဖွဲ့မှ ဖော်ပြသည့် အချို့သော အဓိက အရေးကိစ္စများကို ဖော်ထုတ်ခြင်းနှင့် ဖြေရှင်းခြင်း အတွက် ကဏ္ဍတစ်ရပ်အဖြစ် နှစ်မြုပ်ထားပါသည်။

### ခ။ ပါဝင်ပတ်သက်သူများ၏တင်သွင်းချက်များ

ဆုံးဖြတ်ချက် ၅/၁ အရ OHCHR မှပြင်ဆင်သည့် ပါဝင်ပတ်သက်သူများ၏ တင်သွင်းချက်များအကျဉ်းချုပ်တွင် ပါဝင်နိုင်စေရန်အတွက် ပါဝင်ပတ်သက်သူများအား တင်သွင်းမှုများပြုလုပ်ရန် ဖိတ်ခေါ်ပါသည်။ ပါဝင်ပတ်သက်သူများ၏ တင်သွင်းချက်များဆိုင်ရာ OHCHR အကျဉ်းချုပ်သည် သုံးသပ်မှုလုပ်ငန်းများအခြေပြုသည့် စာတမ်း ၃ ခုမှ တစ်ခုဖြစ်သည်။

ပါဝင်ပတ်သက်သူ တင်သွင်းချက်များတွင် သုံးသပ်မှုပြုရမည့်နိုင်ငံဆိုင်ရာ အားကိုးအားထားရသော အချက်အလက်များ ဖြစ်ရမည်။

OHCHR သည် ပါဝင်ပတ်သက်သူ တင်သွင်းချက်များအားလုံးကို အကျဉ်းချုပ်စာတမ်းများ ကိုးကားပြုလျက် ပေါင်းစပ်ထားပါသည်။ ထို့အပြင် ပါဝင်ပတ်သက်သူများ၏ တင်သွင်းချက်များသည် OHCHR ဝက်ဘ်ဆိုက်၏ **UPR Section** တွင် မူရင်းပုံစံအတိုင်း ရရှိနိုင်ပါသည်။

### OHCHR အတွက် ပါဝင်ပတ်သတ်သူများမှ တင်သွင်းချက်များ ပြင်ဆင်ခြင်းနှင့် ပေးပို့ခြင်း

လူ့အခွင့် အရေးဆိုင်ရာ အင်ဒိုနီးရှား ညွှန့်ပေါင်းအဖွဲ့ဖြစ်သည့် **လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ (HRWG) - အင်ဒိုနီးရှား၊** သည် ၂၀၀၈ ခုနှစ်၊ ဧပြီလတွင် လုပ်ငန်းအဖွဲ့၏ ပထမအစည်းအဝေးတွင် **အင်ဒိုနီးရှား** နိုင်ငံအား သုံးသပ်မှုပြုရန်အတွက် ပါဝင်ပတ်သက်သူများ၏ တင်သွင်းချက်များကို ပံ့ပိုးကူညီခဲ့ပါသည်။

၎င်း၏တင်သွင်းမှုအတွက် ပြင်ဆင်မှုတွင်HRWG သည် "bottom-up" နည်းလမ်းဖြင့် ဆောင်ရွက်ရာ ၎င်းတွင် UPR ယန္တယားကို ဆွေးနွေးမှုအတွက် တွေ့ဆုံကြရန်လည်းကောင်း၊ အစီရင်ခံစာတင်သွင်းမှုအတွက် ပုံကြမ်း နှင့် ဖွဲ့စည်းပုံတစ်ရပ် ဖော်ဆောင်ရန်လည်းကောင်း ကဏ္ဍအလိုက် ကိစ္စ ရပ်များကို ဆောင်ရွက်နေသည့် ပြည် တွင်း NGO များစွာကို ဖိတ်ကြားပါ သည်။ တွေ့ဆိုမှုအပြီးအတွင် NGO တစ်ခုစီတိုင်းအား ၎င်းကျွမ်းကျင်မှု နယ်ပယ်နှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များ ပြန်ဆင်ရန် တာဝန်ခွဲခန့်ပြီး၊ HRWG သည် ယင်း တင်သွင်းချက်များအတွက် တည်းဖြတ်မှုအပိုင်းကို တာဝန်ယူကာ OHCHR ၏ UPR အတွင်းရေးမှူးရုံးအဖွဲ့သို့ ပေးပို့ပါသည်။

HRWG- အင်ဒိုနီးရှားသည် အမျိုးစသား လူ့အခွင့်အရေးဆိုင်ရာ အင်စတီကျူးရှင်းမှ Komnas HAM နှင့် ပူးပေါင်းလုပ်ဆောင်ပြီး၊ ၎င်း၏ ပါဝင်ပတ်သက်သူများ၏ တင်သွင်းချက်များကို ပြင်ဆင်မှုအတွက် အင်ဒိုနီးရှားနိုင်ငံ ခြား ရေးရာဝန်ကြီးဌာနနှင့် ဆွေးနွေးမှု တွင် ချိတ်ဆက်ဆောင်ရွက်ပါသည်။

## တင်သွင်းချက်များ၏ပုံစံ

*ပါဝင်ပတ်သက်သူများသည် OHCHR ထံ တင်သွင်းချက်များကို ပေးပို့ရာတွင် အောက်ပါတို့ကို လိုက်နာရမည် -*

- UPR ဆိုင်ရာ သတင်းအချက်အလက်များ ပြင်ဆင်မှုအတွက် ကောင်စီ **ဆုံးဖြတ်ချက် ၆/၁၀၂** တွင် ချမှတ်ထားသည့် အထွေထွေလမ်းညွှန်ချက်များဆိုင်ရာ ဖွဲ့စည်းပုံကို လိုက်နာရန် (ရှေ့အခန်းပြန်ကြည့်ပါ)၊
- ၅ မျက်နှာထက် မကျော်ရပါ။ သို့မဟုတ် ပို၍ကြီးမားသော ပါဝင်ပတ်သက်သူ ညွှန်ပေါင်းအဖွဲ့ဖြစ်က ၁၀ မျက်နှာထိ ရေးသားနိုင်သည်၊
- အများဆုံး လေးနှစ်တာကာလတစ်ခုကို ဖုံးလွှမ်းရန်၊
- ကုလသမဂ္ဂ၏ ရုံးသုံးဘာသာစကားတစ်ရပ်ဖြင့် ရေးသားရမည် - အင်္ဂလိပ်၊ ပြင်သစ် (သို့) စပိန်ဘာသာစကားတစ်ခုခုကို ဦးစားပေးရန်၊
- တင်သွင်းမှုတစ်ခုလုပ်၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်းဆိုင်ရာ အချက်အလက်ကို စာပိုဒ်တိုတစ်ခုဖြင့် ဖော်ပြရန်၊
- စာပိုဒ်များ နှင့် စာမျက်နှာများကို အများသုံး word-processig format ဖြင့် ဖြစ်ရန်၊
- အဓိကအချက်များကို အကျဉ်းချုပ်ပေးသည့် နိဒါန်းစာပိုဒ်တစ်ခု ပါဝင်ရန်

VII

- ၎င်းတို့၏တင်သွင်းချက်များနှင့်စပ်လျဥ်းသည့် အဓိကစကားလုံးများကို ဖော်ပြခြင်း (ဥပမာ၊ အိမ်တွင်းအကြမ်းဖက်မှု)
- လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့၏ နိဂုံးချုပ်သုံးသပ်ချက်များနှင့် အကြံပြုချက်များ သို့မဟုတ် လူ့အခွင့်အရေး ကောင်စီ၏ အထူးလုပ်ငန်းအစီအစဉ်များကို မူပွားထုပ်လုပ်မှုပြုခြင်းမှ ရှောင်ကြဉ်ရန်၊ သို့သော် အကောင်အထည် ဖော်ဆောင် မှု၏ ပမာဏကိုမူ ရည်ညွှန်းမှုပြုနိုင်သည်[68]
- အခြားအဖွဲ့အစည်းများမှ အစီရင်ခံစာများကို ကိုးကားခြင်း (သို့) နောက်ဆက်တွဲဖော်ပြခြင်း မပြုရန် တို့ဖြစ်သည်။

အောက်ပါတို့ကိုမှတ်သားရန် -

- စာမျက်နှာ ၅ မျက်နှာ (သို့) ၁၀ မျက်နှာ ထက်ကျော်လွန် တင်သွင်းချက်များကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
- ကုလသမဂ္ဂတရားဝင်ဘာသာစကား ၆ မျိုးမှ တစ်ခုခုကို အသုံးမပြုထားသော တင်သွင်းမှုများကို ထည့်သွင်းစဉ်းစား ပေးမည်မဟုတ်ပါ။
- တင်သွင်းချက်များကို သတ်မှတ်ရက်ထက် နောက်ကျပြီး ပေးပို့ပါက ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။
- ကြမ်းတမ်းသောစကားရပ်များ ထင်ထင်ရှားရှားပါဝင်သော တင်သွင်းချက်များ (ဥပမာ - အကြမ်းဖက်မှုကို နှိုးဆွပေးခြင်း၊ လူမျိုးရေးဝါဒဆန်သော စကားရပ်များ) ကို ထည့်သွင်းစဉ်းစားပေးမည်မဟုတ်ပါ။

အရပ်ဘက်အဖွဲ့အစည်းများသည် OHCHR ဝက်ဘ်ဆိုက်၏ UPR Section တွင် လုပ်ငန်းအဖွဲ့၏ အစည်းအဝေး အသီးသီးဆိုင်ရာ တင်သွင်းချက်နောက်ဆုံးသတ်မှတ်ရက်များအတွက် ပုံမှန်ဝင်ရောက်ကြည့်ရှုပေးပါရန် အားပေးပါသည်။ **ပါဝင်ပတ်သက်သူများသည် သတင်းအချက်အလက်များကို OHCHR သို့ လုပ်ငန်းအဖွဲ့၏ အစည်းအဝေးများမကျင်းပမီ ၇ လကြိုတင်ပေးပို့ရမည်ဖြစ်သည်။**

အရပ်ဘက်အဖွဲ့အစည်းများသည် သတင်းအချက်အလက်များအား ထည့်သွင်းစဉ်းစားစေရန် နှင့် OHCHR မှ ပါဝင်ပတ် သက်သူများ၏ အချက်အလက်စုပေါင်းမှုတွင် ထည့်သွင်းပေးစေရန်တို့အတွက် ဆန္ဒရှိပါက ၎င်းတို့၏ ပါဝင်မှုကို UPRsubmissions@ohchr.org သို့ ပေးပို့နိုင်သည်။

အရပ်ဘက်အဖွဲ့အစည်းများအား ၎င်းတို့တင်သွင်းချက်များကို OHCHR အတွင်းရေးမှူးရုံးသို့ Fax (သို့) စာတိုက်ဖြင့် ပေးပို့ ရန် အားမပေးသော်လည်း၊ အီလက်ထရောနစ်စာပို့စနစ် အတွက် နည်းပညာအခက်အခဲများရှိပါက **+41 (0)22 917 90 11** နံပါတ်သို့ Fax ပေးပို့နိုင်ပါသည်။
အရပ်ဘက်အဖွဲ့အစည်းများသည် **ပါဝင်ပတ်သက်သူများ၏သတင်းအချက်အလက် တင်သွင်းမှုအတွက် နည်းပညာ လမ်းညွှန်ချက်များ** နှင့် အတိုင်အပင်ခံပြုရန် အားပေးပါသည်။

## ဂ။ ကမ္ဘာ့နိုင်ငံများအားလုံး၏လူ့အခွင့်အရေးအခြေအနေပုံမှန်သုံးသပ်မှု ဆိုင်ရာလုပ်ငန်းအဖွဲ့၏ အစည်းအဝေးများ သို့ တက်ရောက်ခြင်း

ECOSOC နှင့် အတိုင်အပင်ခံအဆက်အသွယ်ရှိ NGO များသည် တရားဝင်အသိအမှတ်ပြုခံရသည်နှင့် UPR ဆိုင်ရာ အလုပ် အဖွဲ့၏ အစည်းအဝေးများသို့ တက်ရောက်နိုင်သည်။ သို့သော် အစည်းအဝေးများတွင် နှုတ်ဖြင့် ထုတ်ဖော်မှုများ မပြုနိုင်ပါ။

**UPR ဆိုင်ရာ လုပ်ငန်းအဖွဲ့၏ အစည်းအဝေးများသို့ တက်ရောက်ရန် တရားဝင်အသိအမှတ်ပြု** ရရှိရန် မည်သို့ လုပ်ဆောင်ရမည့် သတင်းအချက်အလက်အတွက် OHCHR ဝက်ဘ်ဆိုက်သို့ ဝင်ရောက်ကြည့်ရှုပေးပါ။

[68] Human rights treaty body and special procedures recommendations and observations are incorporated into the compilation of United Nations information prepared by OHCHR.

### သတင်းပြန်ကြားရေးဆိုင်ရာအစည်းအဝေးများ

ECOSOC နှင့် အတိုင်အပင်ခံအဆင့်ရှိ NGO များသည် လုပ်ငန်းအဖွဲ့၏ အစည်းအဝေးတစ်ခုသို့ တက်ရောက်ရန် အသိအမှတ်ပြုမှုရရှိသော် လုပ်ငန်းအဖွဲ့၏ အစည်းအဝေးကာလအတွင်း သတင်းပြန်ကြားရေးအစည်းအဝေးများကို စီစဉ်ကျင်းပနိုင်သည်။ ထိုသို့သော အစည်းအဝေးများကို စီစဉ်ရန်စိတ်ပါဝင်စားသည့် NGO များသည် **UPR အတွင်းရေးမှူးအဖွဲ့သို့** ဆက်သွယ်ရပါမည်။

## ဃ။ လူ့အခွင့်အရေးကောင်စီ၏အစည်းအဝေးများသို့တက်ရောက်ခြင်း

ECOSOC နှင့် အတိုင်အပင်ခံအဆင့်ရှိ NGO များသည် အသိအမှတ်ပြုချက်ရရှိသော် လူ့အခွင့်အရေးကောင်စီ၏ ပုံမှန်အစည်းအဝေးများသို့ တက်ရောက်နိုင်ပြီး၊ ၎င်းတွင် UPR ရလဒတ်စာတမ်းများကို ထည့်သွင်းစဉ်းစားကာ အတည်ပြုပါသည်။

**ရလဒ်စာတမ်းများအား လူ့အခွင့်အရေးကောင်စီမှ အတည်ပြုချက်မပြုမီ ECOSOC များနှင့် အတိုင်အပင်ခံအဆင့်ရှိ NGO များကို တိုတောင်းသော အထွေထွေဝေဖန်သုံးသပ် ချက် များ ချမှတ်ရန် အခွင့်ထူး ပေးထားပါသည်။**

**လူ့အခွင့်အရေးကောင်စီ၏ အစည်းအဝေးများတက်ရောက်ရန် အသိအမှတ်ပြုချက်မည်သို့ရရှိနိုင်မည်ကို** ပိုမိုသိရှိလိုပါက ဤလက်စွဲစာအုပ်၏ **အခန်း ၅ (လူ့အခွင့်အရေးကောင်စီ)** သို့ကြည့်ပါ။

## င။ သုံးသပ်မှုရလဒ်များဆိုင်ရာ နောက်ဆက်တွဲ ဆောင်ရွက်ချက်

ဆုံးဖြတ်ချက် ၅/၁ အရ အခြေခံအားဖြင့် နိုင်ငံများသည် ၎င်းတို့၏သုံးသပ်မှုရလဒ်များကို အကောင်အထည်ဖော်ရန် တာဝန်ရှိပါသည် (နိဂုံးချုပ်အချက်များ၊ အကြံပြုချက်များနှင့် ဆန္ဒအလျောက်ထားရှိသော ကတိကဝတ်များပါဝင်သည်)။ **အကောင်အထည်ဖော်ဆောင်ရွာတွင် အရပ်ဘက်အဖွဲ့အစည်းများ အပါအဝင် အခြားသက်ဆိုင်ရာ ပါဝင်ပတ်သက်သူများ၏အခန်းကဏ္ဍကိုလည်း  ဆုံးဖြတ်ချက် ၅/၁ တွင် ဖော်ပြထားပါသည်။**

NGO များ၊ ပညာရေး၊ မီဒီယာ၊ အလုပ်သမားသမဂ္ဂများနှင့် ပရော်ဖက်ရှင်နယ်အဖွဲ့များပါဝင်သည့် အရပ်ဘက် အဖွဲ့အစည်းများသည်  UPR ရလဒ်များဆိုင်ရာ နောက်ဆက်တွဲလုပ်ငန်းအတွက် အောက်ပါ နည်းလမ်းများကို လုပ်ဆောင်နိုင်သည် -

- နိုင်ငံများအား၎င်းတို့ လိုက်နာရမည့်တာဝန်များ ကျေပွန်စေရေးကို ကူညီမှုပေးရန် အမျိုးသားအဆင့်အဖွဲ့အစည်းများ (အစိုးရ၊ ပါလီမန်၊ တရားစီရင်ရေးအဖွဲ့နှင့် NHRI များအပါအဝင်) နှင့် အတူလုပ်ဆောင်ခြင်း။ အရပ်ဘက်အဖွဲ့ အစည်းသည် အမျိုးသား ဥပဒေပြုရေး ပြုပြင်ပြောင်းလဲမှုများ တိုးမြှင့်ရေးနှင့် အမျိုးသားမူဝါဒများ ဖော်ဆောင်ရေးတို့ အတွက် ကြားခံအကူအဖြစ် ဆောင်ရွက်ပေးသည်။ ၎င်းအနေဖြင့် အစိုးရအဖွဲ့အစည်းများနှင့် ဆွေးနွေးမှုပြုရာတွင် လည်းကောင်း၊ ၎င်း၏ ကိုယ်ပိုင်လုပ်ငန်း အစီအစဉ်များ သတ်မှတ်ရာတွင်လည်းကောင်း UPR ရလဒ်များကိုအသုံးပြု နိုင်သည်။
- လူ့အခွင့်အရေးအခြေအနေကိုလည်းကောင်း၊  UPR ရလဒ်များ အကောင်အထည်ဖော်ဆောင်ရန် ချမှတ်သည့် ဒေသန္တရအဆင့် ခြေလှမ်းများကိုလည်းကောင်း စောင့်ကြည့်လေ့လာခြင်း၊
- UPR ၊ နိုင်ငံများမှ အကောင်အထည်ဖော်ဆောင်ရမည့် ရလဒ်များ၊ နှင့် ယင်းရလဒ်များအား ပြည်တွင်း လူ့အခွင့်အရေး ခံစားစံစားခြင်းကို တိုးတက်လာစေရေးအတွက် ရလဒ်များကို မည်သို့အသုံးပြုနိုင်မည် စသည်တို့အား အမြင်ဖွင့် အသိပညာပေးခြင်း။ ၎င်းကို ကဏ္ဍအလိုက် ဆွေးနွေးမှုများ၊ စားပွဲဝိုင်းဆွေးနွေးမှု၊ နီးနှောဖလှယ်ပွဲများ နှင့် အလုပ်ရုံဆွေးနွေးပွဲများ စီစဉ်ဆောင်ရွက်ခြင်း၊ UPR ရလဒ်များကို ဘာသာပြန်ပြီ ထုတ်ဝေခြင်း၊ NHRI များနှင့် ပြည်တွင်းမီဒီယာများတို့နှင့် လုပ်ဆောင်ခြင်း၊ နှင့် အများပြည်သူများနှင့် အရပ်ဘက်အဖွဲ့အစည်းတို့ အကြား UPR ရလဒ်များကို အသိပညာပေးခြင်း။

- ပြည်တွင်းအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး နောက်တကြိမ် ပုံမှန်သုံးသပ်မှုအတွက် သတင်းအချက်အလက်များ ကြိုတင်ပြင်ဆင်မှု ဆောင်ရွက်ခြင်း၊
- UPR ရလဒ်များ အကောင်အထည်ဖော်ဆောင်မှုဆိုင်ရာ နောက်ဆက်တွဲ သတင်းအချက်အလက်များကို ပြင်ဆင်ခြင်း နှင့် OHCHR သို့တင်သွင်းခြင်းတို့အတွက် အခြားသော အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

## UPR ရလဒ်များဆိုင်ရာ နောက်ဆက်တွဲ ဆောင်ရွက်ချက်

***UPR ဆိုင်ရာ လုပ်ငန်းအဖွဲ့မှ အတည်ပြုထားသည် အစီရင်ခံစာအား နောက်ဆက်တွဲဆောင်ရွက်မှု***

၂၀၀၈ ခုနှစ် ဧပြီလ တွင် ဘရာဇီးနိုင်ငံ အပေါ် သုံးသပ်မှုနှင့် လုပ်ငန်းအဖွဲ့၏ အစီရင်ခံစာအား အတည်ပြုပြီးနောက် ဘရာဇီး လူ့အခွင့်အရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် Conectas သည် အောက်ပါဆောင်ရွက်ချက်များ ချမှတ်ခဲ့ပါသည် -

- ၎င်းသည် လုပ်ငန်းအဖွဲ့၏ အစီရင်ခံစာတွင်ပါဝင်သည့် အကြံပြုချက်များနှင့် ဆန္ဒအလျောက် ကတိကဝတ်များကို ပေါ်တူဂီဘာသာစကားသို့ ဘာသာပြန်ဆိုခဲ့သည်။ ၎င်းမှလုပ်ငန်းအဖွဲ့၏အစီရင်ခံစာပါ အကြောင်းအရာများကိုစိစစ်မှုပြု ခဲ့ရာ၊ ထိုမှ နိဂုံးချုပ်အကြံပြုချက် များသည် ဘရာဇီး အစိုးရ၏ အာရုံစိုက်မှုရရှိခဲ့ပြီး၊ လူ့အခွင့် အရေး ကောင်စီ၏ ၈ ကြိမ်မြောက် အစည်းအဝေးတွင် Conectaas အဖွဲ့အစည်းမှ နှုတ်ပြောကြားဝင်ဆွေးနွေးမှုတွင် ဖော်ထုတ်ခဲ့ခြင်း ဖြစ်သည်။
- Conectas သည် ဘရာဇီး NGO များ ညွှန့်ပေါင်းအဖွဲ့ (**Comitê Brasileiro de Direitos Humanos e Política Externa**) နှင့် ပူးပေါင်း ကာ ဘရာဇီး ပါလီမန်၏ လူ့အခွင့် အရေး ကော်မရှင်နှင့် UPR လုပ်ငန်း စဉ်အကြောင်းကို အများပြည်သူ ဆွေးနွေးမှုတစ်ရပ် စီစဉ်ကျင်းပခဲ့သည်။ ဘရာဇီးအား သုံးသပ်မှုဆိုင်ရာ webcast ၏ အပိုင်းများ ကို အစည်းအဝေးတွင် ပြသခဲ့ ပါသည်။

***လူ့အခွင့်အရေးကောင်စီမှ အတည် ပြုထားသည့် UPR အစီရင်ခံစာဆိုင်ရာ နောက်ဆက်တွဲဆောင်ရွက်မှု***

ဘရာဇီးနိုင်ငံအတွက် နောက်ဆုံး အစီရင်ခံစာအား ကောင်စီမှ အတည်ပြုပြီးနောက်တွင် Conects သည် -

- UPR ရလဒ်များအား အကောင်အထည်ဖော်ဆောင်မှုတွင် ဘရာဇီးနိုင်ငံ၏ တိုးတက်မှုကို အကဲဖြတ်သုံးသပ်ရန် တိကျသော ကိရိယာများကို ဆောင်ရွက်သည့် NGO များနှင့် မိတ်ဖက်ပူးပေါင်းမှု ထူထောင်ခြင်းအား UPR ဆိုင်ရာ အကြံပြုချက်များနှင့် ဆန္ဒ အလျောက် ကတိကဝတ်ထားရှိမှုများ တို့အား နောက်ဆက်တွဲ လုပ်ငန်း များ ဆောင်ရွက်သည်။
- UPR ဆိုင်ရာအကြံပြုချက်များ အကောင်အထည်ဖော်ဆောင်ရေး နှင့် ဆန္ဒအလျောက်ချမှတ်သော ကတိကဝတ်များ ဖြစ်မြောက် စေရေး တို့အတွက် ခိုင်မာသော ခြေလှမ်းများနှင့် မူဝါဒများကို ဖော်ထုတ်ရန် စဉ်ဆက်ဖြစ်သော လုပ်ငန်းစဉ်များ တွင် အစိုးရနှင့် အတူ လုပ်ဆောင်သည်

Conectas သည် အာဂျင်တီးနား၊ ပီရူး၊ ဖိလစ်ပိုင် နှင့် တောင်အာဖရိက နိုင်ငံများရှိ ၎င်း၏ မိတ်ဖက်အဖွဲ့အစည်းများအား ထိုနိုင်ငံများ၏ သုံးသပ်မှုအတွက် ပံ့ပိုးကူညီရန် ၎င်း၏ အတွေ့အကြုံများကို မျှဝေဖလှယ်မှုပြုပါသည်။

## OHCHR အရင်းအမြစ်များ

### ကမ္ဘာ့နိုင်ငံများအားလုံး၏လူ့အခွင့်အရေးအခြေအနေပုံမှန်သုံးသပ်မှု ဝက်ဘ်စာမျက်နှာ (Universal periodic review web page)

အရပ်ဘက်အဖွဲ့အစည်းများသည် OHCHR ဝက်ဘ်ဆိုက်ရှိ UPR ကဏ္ဍတွင် လုပ်ငန်းအဖွဲ့၏ အစည်းအဝေးဆိုင်ရာ နောက်ဆုံးအခြေအနေများနှင့် သတင်းပြန်ကြားမှုများအတွက် ပုံမှန်ဝင်ရောက်စေလိုပါသည်။

### လူ့အခွင့်အရေးကောင်စီ ဝက်ဘ်စာမျက်နှာ (Human Rights Council web page)

အရပ်ဘက်အဖွဲ့အစည်းများသည် OHCHR ဝက်ဘ်ဆိုက်ရှိ ကောင်စီ၏ကဏ္ဍတွင် ၎င်း၏ အစည်းအဝေးဆိုင်ရာ နောက်ဆုံး အခြေအနေများနှင့် သတင်းပြန်ကြားမှုများအတွက် ပုံမှန်ဝင်ရောက်စေလိုပါသည်။ အစည်းအဝေး အထူးပြု သတင်းအချက်အလက်များကို ပုံမှန်အားဖြင့် ပုံမှန်အစည်းအဝေးအသီးသီးမတိုင်မီ ၂ ပတ်အလိုတွင် တင်ထားပေး ပါသည်။

### Extranet

**Extranet** သည် လူ့အခွင့်အရေးကောင်စီ၏ homepage နှင့်ချိတ်ဆက်ထားပါသည်။ ၎င်းတွင် အလုပ်အဖွဲ့ အစည်းအဝေး အသီးသီးအထူးပြု သတင်းအချက်အလက် UPR page တစ်ခုပါဝင်ပြီး အောက်ပါတို့ ကိုလည်းထည့်သွင်းထားသည် -

- အစည်းအဝေးတွင် သုံးသပ်မှုပြုမည့် နိုင်ငံများ၊
- သုံးသပ်မှုများ အခြေပြုထားသည့် အချက်အလက်စာတမ်းများ၊
- သုံးသပ်မှုပြုခံသည့်နိုင်ငံများအတွက် ကောင်စီ၏ အဖွဲ့ဝင်နိုင်ငံများမှ သုံးသပ်မှုမတိုင်မီ တင်သွင်းသည့် မေးခွန်းများ၊
- သုံးသပ်မှုများတွင် အဖွဲ့ဝင်နိုင်ငံများနှင့် လေ့လာသူများမှ ဆောင်ရွက်သည့် နှုတ်ပြော ထုတ်ပြန်ချက်များ၊ နှင့် လုပ်ငန်းအဖွဲ့မှ အတည်ပြုထားသည့် ရလဒ်စာတမ်းများ။

Password ဖြင့်ကာကွယ်ထားသည့် Extranet page သို့ဝင်ရောက်နိုင်ရန် အွန်လိုင်းဖောင် ဖြည့်သွင်းပေးပါ။ ထိုသို့ဆောင်ရွက်ပြီးသော သင်၏ အီးမေးလ်သို့ username နှင့် password များကို ရရှိမည်ဖြစ်သည်။

### Webcast

VII

လုပ်ငန်းအဖွဲ့၏ အစည်းအဝေးများကို လူ့အခွင့်အရေးကောင်စီ၏ webcast ပေါ်တွင် တိုက်ရိုက်ကြည့်ရှုနိုင်ပါသည်။ Webcast site တွင် ယင်ခင်အစည်းအဝေးများ၏ မှတ်တမ်းဗီဒီယိုဖိုင်များလည်းပါဝင်သည်။ Webcast ကို ကြည့်ရှုနိုင်ရန် သင့်လျော်သော software ကို ဒေါင်းလုတ်ဆွဲယူရပါလိမ့်မည်။

Webcast ဝန်ဆောင်မှုကို OHCHR ဝက်ဘ်ဆိုက်၏ လူ့အခွင့်အရေး page မှ ရရှိနိုင်ပါသည်။

# ၈။ လူ့အခွင့်အရေးချိုးဖောက်မှုဟူသောစွပ်စွဲချက်များဆိုင်ရာ တိုင်ကြားစာ တင်သွင်းခြင်း

## တိုင်ကြားမှု လုပ်ထုံးလုပ်နည်းများအား တစေ့တစောင်း

### *မည်သည်တို့နည်း*

လူ့အခွင့်အရေးဆိုင်ရာ တိုင်ကြားမှု လုပ်ထုံးလုပ်နည်းများသည် စွပ်စွဲမှုပြု ထားသည့် လူ့အခွင့်အရေးချိုးဖောက်မှု များအား ကုလသမဂ္ဂ၏ အထူးဂရုပြုမှု ရရှိစေရန် ယူဆောင်ပေးသည့်ယန္တယား များဖြစ်သည်။ ၎င်းကဲ့သို့ သော ယန္တယား ၃ ခုရှိသည် -

- နိုင်ငံတကာလူ့အခွင့်အရေး စာချုပ်များအောက်ရှိ တစ်သီးပုဂ္ဂလ တိုင်ကြားမှုများ(အသနားခံစာများ)၊
- **လူ့အခွင့်အရေးကောင်စီ၏ အထူး လုပ်ထုံးလုပ်နည်း** အောက်ရှိ တစ်သီး ပုဂ္ဂလ အကြောင်းကြား ချက်များ၊
- လူ့အခွင့်အရေးကောင်စီ၏ **တိုင်ကြားမှုလုပ်ထုံးလုပ်နည်း**

### *မည်သို့လုပ်ဆောင်သနည်း*

လုပ်ထုံးလုပ်နည်းတစ်ခုစီတိုင်းတွင် ကိုယ်စီသတ်မှတ်ချက်များ၊ အားနည်း ချက်များနှင့် ကန့်သတ်ချက်များ ရှိကြသည်။ မည်သည်ကို အသုံးပြုရန် ဆုံးဖြတ်ချက် မချမှတ်မီ အောက်ပါ တို့ကို သေချာစွာထည့်သွင်းစဉ်းစားပေး ရပါမည် -

- လူ့အခွင့်အရေးချိုးဖောက်မှု ဆိုင်ရာ တစ်သီးပုဂ္ဂလတိုင်ကြားမှုများကို အဓိက **နိုင်ငံတကာလူ့အခွင့်အရေး စာချုပ်များ** ၅ ခုအောက်သို့ တင် သွင်းနိုင်သည်၊
- လူ့အခွင့်အရေးကောင်းစီ၏အထူး လုပ်ထုံးလုပ်နည်းများဆိုင်ရာ အကြောင်း အရာအလိုက် နှင့် နယ်ပယ်ဒေသ အလိုက် လုပ်ပိုင်ခွင့် များအောက် တွင် တစ်သီးပုဂ္ဂလ အကြောင်း ကြားချက် များကို ဆောင်ရွက် သည်၊
- ကောင်စီ၏ တိုင်ကြားမှုလုပ်ထုံး လုပ်နည်းသည် ထပ်တလဲလဲ ဖြစ်သည့် ရှိုင်းပြသော ပုံစံများနှင့် သက်သေအထောက်အထားခိုင်လုံ မှုရှိသော လူ့အခွင့်အရေးချိုးဖောက် မှုများကိုလည်းကောင်း၊ ကမ္ဘာ၏ မည်သည့်နေရာ၊ မည်သည့်အခြေ အနေတွင်မဆို တွေ့ရသော အခြေခံ လွတ်လပ်မှုများကိုလည်းကောင်း ကိုင်တွယ်ဖြေရှင်းပေးပါသည်။

### *တိုင်ကြားမှုလုပ်ငန်းစဉ်များနှင့် မည်သို့ ချိတ်ဆက် လုပ်ဆောင်နိုင်မည်နည်း*

□□□□□□□အဖွဲ့အစည်း မည်သည် မဆိုသည် ကုလသမဂ္ဂနှင့် မည်သည့် အဆင့်ရှိနေစေကာမူ လုပ်ထုံးလုပ်နည်း တစ်ခုချင်းစီ၏ အထူးသတ်မှတ်ချက်များ နှင့်အညီ ၎င်းယန္တယားများသို့ ချဉ်းကပ် နိုင်သည်။ ၎င်းလုပ်ထုံးလုပ်နည်းများ အသီးသီးအောက်ရှိ တိုင်ကြားမှုမျိုးတို့ကို စွပ်စွဲမှုပြုထားသည့် လူ့အခွင့်အရေး ချိုးဖောက်မှုကြောင့် ဒုက္ခခံစားနေသည့် တစ်ဦးချင်းစီမှ သို့ဟုတ် ထိုသူ၏ ကိုယ်စား တတိယအဖွဲ့များဖြစ်သည့် အစိုးရမဟုတ်သည့်အဖွဲ့အစည်းမျိုး (NGO) တို့အားဖြင့် တင်သွင်းနိုင်သည်။ အရပ်ဖက် လူ့အဖွဲ့အစည်းများသည် လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် ကုစားမှု တောင်းဆိုသည့် တစ်သီးပုဂ္ဂလ များအတွက် ကြားနေအဖြစ် ၎င်းတို့ ကိုယ်စား တိုင်ကြားမှုတစ်ရပ် ပြင်ဆင ခြင်း၊ တင်သွင်းခြင်းများ ဆောင်ရွက် ပေးနိုင်ပါသည်။ သို့သော်လည်း တိုင်ကြားမှုတင်သွင်းသည့်

VIII

The Handbook is available in digital format on the OHCHR website at:
http://www.ohchr.org/civilsocietyhandbook/
There you will find the Handbook's chapters available for download, as well as links to all the references contained in the publication.

သို့သော် တစ်သီးပုဂ္ဂလကိုယ်စား တိုင်ကြားစာတစ်ရပ်တင်သွင်း သည့် မည်သူမဆိုသည် ကာယကံရှင် ၏ သဘောတူညီချက်ရရှိရမည်ဖြစ်ပြီး ထိုကာယကံရှင်သည် တိုင်ကြားမှု တစ်ရပ် ပြုလုပ်ခြင်း၏ အကျိုးအဆက်များကို သိရှိထားရမည်ဖြစ်သည်။ တိုင်ကြားစာသည် လက်ခံနိုင်ဖွယ် ရှိစေရေးအတွက် သေချာစေရန် လုပ်ထုံးလုပ်နည်းတစ်ခုချင်းစီ အတွက် သတ်မှတ်ချက်များကို သေချာစွာ လိုက်နာရန်လိုအပ်ပါသည်။

## လူ့အခွင့်အရေးဆိုင်ရာတိုင်ကြားမှုယန္တယားများအတွက် အဓိကဆက်သွယ်ရန်

**လူ့အခွင့်အရေးဆိုင်ရာသဘောတူစာချုပ်များအောက်ရှိ တိုင်ကြားမှုများ**

**(လူ့အခွင့်အရေးကော်မတီ၊ ညှမ်းပန်းနှိပ်စက်မှုဆန့်ကျင်ရေးကော်မတီ၊ အမျိုးသမီးများအား ခွဲခြားဆက်ဆံမှု ပပျောက်ရေး ဆိုင်ရာ ကော်မတီ၊ လူမျိုးရေးဖိနှိပ်ခွဲခြားဆက်ဆံမှုဖျက်သိမ်းခြင်းဆိုင်ရာ ကော်မတီ၊ သို့မဟုတ် မသန်စွမ်းပုဂ္ဂိုလ်များ၏ အခွင့်အရေးဆိုင်ရာ ကော်မတီ)**

Petitions Team
Office of the United Nations High Commissioner for Human Rights
Palais des Nations
8–14, avenue de la Paix
CH–1211 Geneva 10 - Switzerland Fax:
+41 (0)22 917 90 22
E-mail: tb-petitions@ohchr.org

**Communications under special procedures**
Special Procedures Division
Office of the United Nations High Commissioner for Human Rights
Palais des Nations
8–14, avenue de la Paix
CH–1211 Geneva 10 - Switzerland Fax:
+41 (0)22 917 90 06
E-mail: urgent-action@ohchr.org

**Human Rights Council’s complaint procedure**
Human Rights Council Branch (complaint procedure)
Office of the United Nations High Commissioner for Human Rights Palais des Nations
8–14, avenue de la Paix
CH–1211 Geneva 10 - Switzerland Fax:
+41 (0)22 917 90 11
E-mail: CP@ohchr.org

## တိုင်ကြားမှုလုပ်ထုံးလုပ်နည်းများဟူသည်မည်သည်တို့နည်း

ကုလသမဂ္ဂစနစ်သည်သည် နိုင်ငံများ၏လိုက်နာရမည့်တာဝန်များအပေါ် အထူးအာရုံစိုက်ပြီး အစိုးရများ၏ အဆင့်ဖြင့် လုပ်ဆောင်ပါသည်။ သို့သော် ကုလသမဂ္ဂစနစ်သည် တစ်သီးပုဂ္ဂလများ နှင့် အဖွဲ့အစည်းတို့မှအလေးထားရသည့် လူ့အခွင့်အရေးအခြေအနေအပေါ် ကုလသမဂ္ဂ၏ ဆောင်ရွက်ချက် တောင်းဆိုမှုများအတွက် ဖွင့်လှစ်ပေးထားသည့် ကွဲပြားသော လုံထုံးလုပ်နည်းများကိုလည်း စီစဉ်ပေးပါသည်။

ထိုလုပ်ထုံးလုပ်နည်းများအားဖြင့် တစ်သီးပုဂ္ဂလများသည် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်တစ်ခုအား ကုလသမဂ္ဂ၏ ဂရုပြုမှုရရှိစေရန် ဆောင်ရွက်နိုင်သည်။ ကမ္ဘာတဝှမ်းရှိ ထောင်ပေါင်းများစွာသောသူများက နှစ်စဉ် တိုင်ကြားမှုပြုကြသည်။

လူ့အခွင့်အရေးဆိုင်ရာတိုင်ကြားစာများအား အောက်ပါ ယန္တယားသုံးရပ်သို့ တင်သွင်းနိုင်သည် -

- **နိုင်ငံတကာလူ့အခွင့်အရေးသဘောတူစာချုပ်များ** (အသနားခံလွှာများ)
- **လူ့အခွင့်အရေးကောင်စီ၏ အထူးလုပ်ငန်းအစီအစဉ်ယန္တယားများ**
- လူ့အခွင့်အရေးကောင်စီ၏ **တိုင်ကြားမှုလုပ်ထုံးလုပ်နည်း**

အချို့သောအခြေအနေများအရ ဤကွဲပြားသောလုပ်ထုံးလုပ်နည်းများအာ ဖြည့်စွက်မှုဖြစ်နိုင်ပြီး၊ တစ်ခုထက်မကကိုလည်း အသုံးပြုနိုင်သည်။

## တိုင်ကြားမှုလုပ်ထုံးလုပ်နည်းများ မည်သို့ဆောင်ရွက်သနည်း

အမှုကိစ္စတစ်ရပ်သည် မည်သည့်လုပ်ထုံးလုပ်နည်းနှင့် အသင့်တော်ဆုံးဖြစ်မည်ကို သေချာစွာစဉ်းစားပေးရန်မှ အရေးကြီးသည်။ လုပ်ထုံးလုပ်နည်းတစ်ခုချင်းစီတိုင်းတွင် အားသာချက်များ၊ အထူးသတ်မှတ်ချက်များနှင့် ကန့်သတ်ချက်များ ကိုယ်စီ ရှိကြသည်။၎င်းတို့အား တိုင်ကြားမှုတင်သွင်းသည့် ခံရသူ(များ) နှင့် တစ်သီးပုဂ္ဂလ(များ) သို့မဟုတ် အဖွဲ့အစည်းများ၏ အကျိုးစီးပွားအတွက် ထည့်သွင်းစဉ်းစားပေးရပါမည်။

### က။ နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာသဘောတူစာချုပ်များအောက်ရှိ တစ်သီးပုဂ္ဂလတိုင်ကြားမှုများ

နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာသဘောတူစာချုပ်များ (၇) ခုမှ လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့များသို့ တစ်သီးပုဂ္ဂလတိုင်ကြားမှုများတင်သွင်းရန် ခွင့်ပြုပေးထားသည်။

- **နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေး ဆိုင်ရာနိုင်ငံတကာသဘောတူစာချုပ်၊ ၎င်း၏ပထမ လိုက်နာရန်ရွေးချယ်ခွင့်ရှိသော နောက်ဆက်တွဲစာချုပ်အရ**
- **ညှင်းပန်းနှိပ်စက်မှုနှင့်အခြားသောရက်စက်မှုပုံစံများဖြစ်သည့် လူမဆန်သော (သို့) နိမ့်ကျ သောအပြုမူ (သို့) အပြစ်ပေးမှုဆိုင်ရာသဘောတူစာချုပ်**၊ ၎င်း၏ ပုဒ်မ ၂၂ အရ၊
- **အမျိုးသမီးများအား နည်းမျိုးစုံဖြင့်ခွဲခြားမှုပပျောက်ရေးသဘောတူစာချုပ်၊ ၎င်း၏ လိုက်နာရန်ရွေးချယ်ခွင့်ရှိသော နောက်ဆက်တွဲစာချုပ်** (ဤစာချုပ်သည် တသီးပုဂ္ဂလအဖွဲ့များမှ ဆက်သွယ်မှုများကိုလည်း ခွင့်ပြုပေးပါသည်)။
- **လူမျိုးရေးဖိနှိပ်ခွဲခြားဆက်ဆံမှုပုံသဏ္ဌာန်အားလုံးကိုဖျက်သိမ်းရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်** ၎င်း၏ ပုဒ်မ ၁၄ အရ (ဤစာချုပ်သည်လည်း တသီးပုဂ္ဂလအဖွဲ့များမှ ဆက်သွယ်မှုများကိုလည်း ခွင့်ပြုပေးပါသည်)။

VIII

- **ရွှေ့ပြောင်းလုပ်သားများနှင့် ၎င်းတို့မိသားစုများအားလုံးတို့၏အခွင့်အရေးကာကွယ်စောင့်ရှောက်မှုဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်** ၎င်း၏ ပုဒ်မ ၇၇ အရ။ သို့သော်လည်း ဤပြဋ္ဌာန်းချက်သည် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၀ ခုမှ အကျိုးသက်ရောက်မှုအတွက် ကြေညာချက်ချမှတ်ပြီးမှသာ အသက်ဝင်လာမည်ဖြစ်သည်။ [69]
- **မသန်စွမ်းလူပုဂ္ဂိုလ်များ၏ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်** ၎င်းအောက်ရှိ **လိုက်နာရန်ရွေးချယ်ခွင့်ရှိသော နောက်ဆက်တွဲစာချုပ်** (ဤစာချုပ်သည်လည်း တသီးပုဂ္ဂလအဖွဲ့များမှ ဆက်သွယ်မှုများကိုလည်း ခွင့်ပြုပေးသည်)
- **အတင်းအဓမ္မအပျောက်ဖျောက်ခြင်းမှ လူအားလုံးကိုကာကွယ်စောင့်ရှောက်ရေးအတွက် နိုင်ငံတကာသဘောတူစာချုပ်၊** ၎င်းအောက်ရှိ ပုဒ်မ ၃၁။ ၂၀၀၈ ခုနှစ် စက်တင်ဘာလအထိ ဤသဘောတူစာချုပ်သည် အသက်မဝင်သေးပါ။

**စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးတို့ဆိုင်ရာ နိုင်ငံတကာသဘောတစာချုပ်**[70] ၏ လိုက်နာရန်ရွေးချယ်ခွင့်ရှိသော နောက်ဆက်တွဲစာချုပ်သည် အသက်ဝင်လာသည့်အချိန်တွင် တစ်သီးပုဂ္ဂလတိုင်ကြားမှုများကို ခွင့်ပြုပေးမည်ဖြစ်သည်။

## အားသာချက်များ

- စာချုပ်အဖွဲ့တစ်ရပ်သို့တိုင်ကြားစာတင်သွင်းခြင်း၏ အရေးကြီးအားသာချက်တစ်ရပ်မှာ အဖွဲ့ဝင်နိုင်ငံတစ်ခုသည် သဘောတူစာချုပ်အောက်၌ သက်ဆိုင်ရာကြေညာချက်ချမှတ်လိုက်သည်နှင့် ၎င်းသည် ထိုစာချုပ်အရ လိုက်နာရမည့် တာဝန်များကိုဖြည့်ဆည်းရမည်ဖြစ်ပြီး သဘောတူစာချုပ်အား ချိုးဖောက်မှုများအတွက် ထိရောက်သော ကုစားမှုတစ်ရပ် စီစဉ်ပေးရန်တာဝန်လည်းပါဝင်သည်။ သက်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်အဖွဲ့သည် တစ်ဦးချင်း တိုင်ကြားမှုများအတွက် ချိုးဖောက်မှု အမှန်တကယ်ရှိ၊ မရှိအား အာဏာဖြင့် အဆုံးအဖြတ်ပေးနိုင်ပြီး၊ စာချုပ်အဖွဲ့ ၏ တွေ့ရှိချက်(များ)အား သက်ဆိုင်ရာနိုင်ငံမှ ပံ့ပိုးမှုပေးရန် တာဝန်ရှိပါသည်၊
- လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့သည် အရေးပေါ်အမှုကိစ္စရပ်အတွက် နောက်ဆုံး ဆုံးဖြတ်ချက် မချမှတ်မီအထိ အခြေအနေတစ်ရပ်အား ထိန်းသိမ်းပေးရန် ယာယီဆောင်ရွက်ချက်များကို ထုတ်ဆင့်နိုင်သည်။ ဆုံးဖြတ်ချက် ချမှတ်သည်အထိ ၎င်းယာယီဆောင်ရွက်ချက်များသည် နေရာတကျရှိရမည်ဖြစ်သည်၊
- လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့များ၏ ဆုံးဖြတ်ချက်များသည် တစ်ဦးချင်းစီ၏ အမှုကိစ္စနောက်ကွယ်အထိ ချဲ့ကားနိုင်ပြီး၊ အနာဂတ်တွင် အလားတူ ချိုးဖောက်မှုများ မပေါ်ထွက်စေရန် တတ်ကြွသော လမ်းညွှန်ချက်များ စီစဉ်ပေးသည်၊
- လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့များသည် အထူးလုပ်ငန်းအစီအစဉ်တစ်ရပ်မှ ကိုင်တွယ်နေဆဲ (သို့) ကိုင်တွယ်ပြီး တိုင်ကြားမှုများကိုလည်း ထည့်သွင်းစဉ်းစားပေးနိုင်ပါသည်။

## အထူးသတ်မှတ်ချက်များနှင့် ကန့်သတ်ချက်များ

- တိုင်ကြားမှုကိစ္စရပ်သည် တစ်သီးပုဂ္ဂလတိုင်ကြားမှုများအတွက် ခွင့်ပြုသော သဘောတူစာချုပ်တစ်ခု၏ကျင့်သုံးမှုနယ်ပယ်အတွင်းကျရောက်ရပါမည်။
- အဆိုပါနိုင်ငံသည် စာချုပ်အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ရမည်ဖြစ်ပြီး၊ သက်ဆိုင်ရာ နောက်ဆက်တွဲစာချုပ်များအား အတည်ပြုပြီးဖြစ်ရမည် (သို့) တိုင်ကြားစာများကိုလက်ခံရန် လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့၏စွမ်းဆောင်မှုကို လိုက်ခံပြီးဖြစ်ရမည်။
- လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့တစ်ခုသို့ စွပ်စွဲချက်တစ်ရပ် တင်သွင်းသည့်အခါ၊ သတ်မှတ်ချက်များစွာကို လိုက်နာရမည်ဖြစ်ပြီး ၎င်းတွင် ခံရသူ၏ သဘောတူညီမှု (သို့) ခွင့်ပြုချက်ပေးမှုလည်းပါဝင်သည်။ အကယ်၍ ယင်းသတ်မှတ်ချက်များ မပြည့်မီပါက (သို့) လစ်ဟာနေပါက ထိုတိုင်ကြားမှုအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

VIII

[69] By September 2008 only one State had made such a declaration.

[70] The Optional Protocol was adopted by the Council on 18 June 2008 and is expected to be adopted by the General Assembly later in 2008.

- လူမျိုးရေးဖိနှိပ်ခွဲခြားဆက်ဆံမှုပုံသဏ္ဍာအားလုံးအားဖျက်သိမ်းရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်အရ တိုင်ကြားမှုများအား သက်ဆိုင်ရာအမှုတွင် အမျိုးသားအာဏာပိုင်တစ်ရပ်မှ အပြီးသတ်ဆုံးဖြတ်ချက် ချမှတ်သည့် (၆) လအတွင်း တင်သွင်းရမည်ဖြစ်သည်။
- တိုင်ကြားမှုတစ်ရပ်အား စာချုပ်အဖွဲ့သို့ မပေးပို့မီ ယင်းတိုင်ကြားမှုသည် ပြည်တွင်း ရရှိနိုင်သည့် ထိရောက်သော ကုစားမှုအားလုံးကို အထမမြောက်ခဲ့ခြင်းဖြစ်ရမည် - ကုစားမှုတစ်ရပ်သည် တိုင်ကြားမှုအတွက် သင့်လျော်သော အလျော် အစား ပုံစံတစ်ခု ချမှတ်ပေးပါက ထိရောက်မှုရှိသည်ဟု ယူဆပါသည်။
- တိုင်ကြားမှုတစ်ရပ်အတွက် အပြီးသတ်ဆုံးဖြတ်ချက်ချမှတ်ရန် ပျမ်းမျှအားဖြင့် ၂ နှစ်မှ ၃ နှစ်ကြာမြင့်သည်။
- ယေဘုယျအားဖြင့် လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့တစ်ခုသို့ တိုင်ကြားမှုတစ်ခု အကြောင်းကြားခြင်းသည် ကျယ်ပြန့်သောလူ့အခွင့်အရေးချိုးဖောက်မှုများ၏ ပုံစံနှင့် မဆက်စပ်ပါ။
- အခြား နိုင်ငံတကာ သို့မဟုတ် ဒေသဆိုင်ရာ စီရင်ဆုံးဖြတ်ပေးသော တိုင်ကြားမှုလုပ်ထုံးလုပ်နည်းဖြင့် ထည့်သွင်း စဉ်းစားထားပြီးဖြစ်သည့် အမှုကိစ္စကို လူ့အခွင့်အရေးကောင်စီမှ ထည့်သွင်းစဉ်းစားပေးနိုင်မည်မဟုတ်ပါ။[71]

**လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့များအကြောင်း ပိုမိုသိရှိလိုပါက ဤလက်စွဲစာအုပ်၏ အခန်း ၄ (လူ့အခွင့်အရေးဆိုင်ရာ စာချုပ်အဖွဲ့များ )** ကိုကြည့်ပါ။

## ခ။ အထူးလုပ်ငန်းအစီအစဉ်များအောက်ရှိ ဆက်သွယ်သတင်းပေးပို့ချက်များ

အထူးလုပ်ငန်းအစီအစဉ် ယန္တယားများ မြောက်များစွာတို့သည် တစ်သီးပုဂ္ဂလအမှုများ၊ သို့မဟုတ် ယေဘုယျကျသော လူ့အခွင့် အရေး ချိုးဖောက်မှုပုံစံများ တို့နှင့်စပ်လျဉ်းသည့် စွပ်စွဲချက်များ ဆောင်ရွက်ရန် ခွင့်ပြုပေးလေသည်။ တစ်သီး ပုဂ္ဂလ များအားလုံး၊ သို့မဟုတ် တစ်ဦးချင်းစီကိုယ်စား ဆောင်ရွက်ပေးသော အခြားသူများ တို့သည် လုပ်ပိုင်ခွင့် ကိုင်ဆောင် သူများမှ ခွင့်ပြုလျှင် အထူးလုပ်ငန်းအစီအစဉ် လုပ်ပိုင်ခွင့်အာဏာရှိသူများထံသို့ တစ်သီးပုဂ္ဂလအမှုများကို တင်သွင်း နိုင်သည်။ အရပ်ဘက်အဖွဲ့အစည်းများသည် လူ့အခွင့်အရေးချိုးဖောက်မှုများမှ အကာအကွယ် တောင်းဆိုသည့် တစ်သီး ပုဂ္ဂလများကို မကြာခဏ ကူညီပေးနိုင်ပါသည်။

### အားသာချက်များ

- အထူးလုပ်ငန်းအစီအစဉ်များအောက်ရှိ တစ်သီးပုဂ္ဂလဆက်သွယ်သတင်းပေးပို့ချက်များတို့သည် တစ်သီးပုဂ္ဂလအမှုများ အတွက် သာမက ပို၍ယေဘုယျကျသော ချိုးဖောက်မှုပုံစံများတို့အတွက်လည်း အသုံးပြုနိုင်သည့် လုပ်ထုံးလုပ်နည်း တစ်ရပ် ဖြစ်သည်။
- ၎င်းတို့သည် အရေးပေါ် သို့မဟုတ် တားဆီးရေးဆောင်ရွက်ချက် အတွက်ခွင့်ပြု ထားသည်နှင့်အညီ ၎င်းတို့အား အရေးပေါ် အမှုများတွင် အသုံးဝင်သည့် နည်းလမ်းတစ်ရပ်ဖြစ်နိုင်သည်၊ (**အရေးပေါ်အယူခံမှုများ** ဟုသိရှိရသည်)။
- **သက်ဆိုင်ရာနိုင်ငံသည် မည်သည့်အခြေအနေတွင်ရှိနေစေကာမူ**၊ လူ့အခွင့်အရေးသဘောတူစာချုပ်များအား အတည်ပြုလက်မှန်ထိုးသည်ဖြစ်စေ၊ မထိုးသည်ဖြစ်စေ အမှုကိစ္စများကို တင်သွင်းနိုင်သည်။
- ဤလုပ်ထုံးလုပ်နည်းအား အသုံးမပြုမီ ပြည်တွင်းကုစားမှုများအားလုံးနှင့်အထမမြောက်ခဲ့ခြင်းဖြစ်ရန်လိုအပ်ပါသည်။
- ဆက်သွယ်သတင်းပေးပို့ချက်ကို ခံရသူမှဆောင်ရွက်ရမည်ဟူ၍မသတ်မှတ်ထားပါ၊ သို့သော အရင်းအမြစ်သည် ယုံကြည်အားထား နိုင်ဖွယ် ဖြစ်ရမည်။
- တိုင်ကြားမှုတစ်ရပ်အား လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့တစ်ခုနှင့် အထူးလုပ်ငန်းအစီအစဉ်တစ်ရပ်တို့ထံ တစ်ပြိုင်နက်တည်း တင်သွင်းနိုင်သည် (အကယ်၍သက်ဆိုင်ရာလုပ်ပိုင်ခွင့်တစ်ရပ်ရှိခဲ့သော်)။

[71] This can be another treaty body, the European Court of Human Rights or the Inter-American Court of Human Rights, but does not include the special procedures of the Human Rights Council.

VIII

## ကန့်သတ်ချက်များ

- အချို့သောလူ့အခွင့်အရေးကိစ္စရပ် သို့မဟုတ် အချို့သောနိုင်ငံ တို့ကိုလွှမ်းခြုံပေးသည့် အထူးလုပ်ငန်းအစီအစဉ် တစ်ရပ်ရှိရပါမည် (အထူးလုပ်ငန်းအစီအစဉ်များလုပ်ပိုင်ခွင့်အာဏာရှိသူများအားလုံးသည် တစ်သီးပုဂ္ဂလ အမှုကိစ္စများကို ဆောင်ရွက်နိုင်မည်မဟုတ်ပါ)။
- အထူးလုပ်ငန်းအစီအစဉ်များသည် ဥပဒေရေးရာစည်းနှောင်ထားမှုမပြုပါ။ အထူးလုပ်ငန်းအစီအစဉ်များဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာရရှိသူများ၏ အကြံပြုချက်များကိုလိုက်နာရန်မှာ နိုင်ငံတိုင်း၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြစ်သည်။
- လုပ်ပိုင်ခွင့်အပေါ် မူတည်ပြီး လုပ်ထုံးလုပ်နည်းများ ကွဲပြားပါသည်။

**အထူးလုပ်ငန်းအစီအစဉ်များ**ဆိုင်ရာ သတင်းအချက်အလက်များကို ပိုမိုသိရှိလိုပါက ဤလက်စွဲစာအုပ်၏ **အခန်း ၆ (အထူးလုပ်ငန်းအစီအစဉ်များ)** တွင်ကြည့်ပါ။

## ဂ။ လူ့အခွင့်အရေးကောင်စီ၏ တိုင်ကြားမှုလုပ်ထုံးလုပ်နည်း

လူ့အခွင့်အရေးချိုးဖောက်မှု၏သားကောင်အဖြစ် အခိုင်အမာဆိုသည့် မည်သည့် တစ်သီးပုဂ္ဂလ သို့မဟုတ် အဖွဲ့မဆို ဤလုပ်ထုံးလုပ်နည်းအောက်၌ တိုင်ကြားစာတစ်ရပ်တင်သွင်းနိုင်ပြီး၊ ထိုသို့သော ချိုးဖောက်မှုများအား တိုက်ရိုက် သို့မဟုတ် လုံလောက်သော အသိရှိထားသည့် အခြားမည်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့ မဆို တင်သွင်းနိုင်သည်။ ကောင်စီ၏ တိုင်ကြားမှုလုပ်ထုံးလုပ်နည်းသည် နိုင်ငံများအားလုံးရှိ လူ့အခွင့်အရေးလားလုံးနှင့် အခြေခံလွတ်လပ်မှု အားလုံးတို့ကို လွှမ်းခြုံသည့် တစ်ခုတည်းသော နိုင်ငံတကာ တိုင်ကြားမှုလုပ်ထုံးလုပ်နည်းဖြစ်သည်။

၎င်းအောက်ရှိ ဆက်သွယ်သတင်းပေးပို့ချက်များသည် သက်ဆိုင်ရာနိုင်ငံမှ သဘောတူချုပ်ဆိုင်ရာတာဝန်များကို လက်ခံထားခြင်း  သို့မဟုတ် အထူးလုပ်ငန်းအစီအစဉ် လုပ်ပိုင်ခွင့်တစ်ရပ်၏ တည်ရှိမှုအပေါ် စည်းနှောင်ထားမှုမရှိပါ။ တိုင်ကြားမှု လုပ်ထုံး လုပ်နည်းသည် နိုင်ငံတစ်ခုတွင်အတွင်း ကြမ်းတမ်းသော လူ့အခွင့်အရေးချိုးဖောက်မှုများ ဆိုင်ရာ ဆက်တိုက်ဖြစ်သော ပုံစံများ ကို ကိုင်တွယ်ဆောင်ရွက်ပေး ပါသည်။ ၎င်းသည် စွပ်စွဲမှုပြုသည့် ခံရသူများအား အလျော်အစားပေးခြင်း သို့မဟုတ် တစ်သီးပုဂ္ဂလအမှုများအား ကုစားမှု တစ်ရပ်ဆောင်ရွက်ပေးခြင်း မပြုပါ။

### အားသာချက်များ

- ဤလုပ်ထုံးလုပ်နည်းသည် **လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုများ အားလုံးအား ချိုးဖောက်မှုများ** ကို အရေးယူ ကိုင်တွယ်ပေးနိုင်သည်။ ဤလုပ်ထုံးလုပ်နည်းအောက်သို့ တိုင်ကြားမှုများတင်သွင်းရန် နိုင်ငံတစ်ခုသည် သဘောတူ စာချုပ်တွင် အဖွဲ့ဝင်ရန် မလိုအပ်ပါ။
- တိုင်ကြားမှုများအား **မည်သည့်နိုင်ငံကိုမဆို** ဆန့်ကျင်တင်သွင်းနိုင်သည်။
- တိုင်ကြားစာများကို ခံရသူမှဖြစ်စေ၊ ခံရသူကိုယ်စား ဆောင်ရွက်ပေးသည့် တစ်စုံတစ်ရာမှဖြစ်စေ တင်သွင်းနိုင်ပြီး ခံရသူ၏ ခွင့်ပြုချက်အရေးအသား မလိုအပ်ပါ။
- တိုင်ကြားသူ (ဆက်သွယ်သတင်းပေးပို့ချက်များ ရေးသားသူ) တို့ထံ ဖြစ်စဉ်၏ အဓိကလုပ်ငန်းအဆင့်များစွာတို့၌ ချမှတ်သည့် ဆုံးဖြတ်ချက်များကို အကြောင်းကြားပေးမည်ဖြစ်သည်။
- တိုင်ကြားမှုလက်ခံခြင်း စံသတ်မှတ်ချက်သည် ယေဘုယျအားဖြင့် အခြားသော တိုင်ကြားမှုယန္တယားများထက် တင်းကြပ်မှု နည်းပါသည်။

VIII

### ဖြစ်နိုင်ဖွယ်ကန့်သတ်ချက်များ

- တိုင်ကြားမှုသည် ထည့်သွင်းစဉ်းစားမှုအဆင့်များစွာ ဖြတ်သန်းရသည့်အတွက် လုပ်ငန်းစဉ်သည် ရှည်ကြာနိုင်သည်။ သို့ဖြစ်၍ အရေးပေါ်အမှုကိစ္စများအတါက် သင့်တော်မည်မဟုတ်ပါ။
- ဤလုပ်ထုံးလုပ်နည်းအောက်သို့ သတင်းအချက်အလက်များ မပေးပို့မီ တိုင်ကြားမှုသည် ပြည်တွင်းရရှိနိုင်သည့် ထိရောက်သော ကုစားမှုများအားလုံးကို ကြိုးစားပြီးဖြစ်ရမည်။
- အကာအကွယ်ပေးသည့် အရေးပေါ် ယာယီဆောင်ရွက်ချက်များအတွက် ပြဋ္ဌာန်းချက်များမရှိပါ။
- ဆက်သွယ်သတင်းပေးပို့ချက်များသည် ယေဘုယျအားဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ ဆက်တိုက်ဖြစ်နေသော ပုံစံ များကို ရည်ညွှန်းရပါမည်။ တနည်းအားဖြင့် တစ်သီးပုဂ္ဂလအမှုကိစ္စများထက် လူအများအပေါ် ထိခိုက်စေမှုမျိုး ဖြစ်သည်။
- လျှို့ဝှက်ထားရှိရမည့်အချက်ကြောင့် ဤလုပ်ထုံးလုပ်နည်းသည် သက်ဆိုင်ရာနိုင်ငံတစ်ခုရှိ အများပြည်သူ၏ ဂရုပြုမှုကို ဆွဲဆောင်ခြင်းပြုမည်မဟုတ်ပါ။
- အမှုကိစ္စများသည် အထူးလုပ်ငန်းအစီအစဉ်တစ်ရပ်၊ စာချုပ်အဖွဲ့တစ်ခု သို့မဟုတ် အခြားသော ကုလသမဂ္ဂ သို့မဟုတ် အလားတူ ဒေသဆိုင်ရာ လူ့အခွင့်အရေး တိုင်ကြားမှုလုပ်ထုံးလုပ်နည်း တစ်ခုဖြင့် ကိုင်တွယ်ဆောင်ရွက်ထားသည့် လူ့အခွင့် အရေးချိုးဖောက်မှုများဆိုင်ရာ ဆက်တိုက်ဖြစ်သော ပုံစံတစ်ရပ် ဖြစ်ကြောင်း တွေ့ရှိရပါက ဤလုပ်ထုံးလုပ်နည်းအောက်သို့ လက်ခံပေးမည်မဟုတ်ပါ။

**တိုင်ကြားမှုလုပ်ထုံးလုပ်နည်း** ဆိုင်ရာသတင်းအချက်အလက်များ ပိုမိုသိရှိလိုပါက ဤလက်စွဲစာအုပ်၏ **အခန်း ၅ (လူ့အခွင့်အရေးကောင်စီ)** ကိုကြည့်ပါ။

## တိုင်ကြားမှုလုပ်ထုံးလုပ်နည်းများနှင့် မည်သို့ချိတ်ဆက်လုပ်ဆောင်နိုင်မည်နည်း

လုပ်ထုံးလုပ်နည်းတစ်ခုချင်းစီ၏ အထူးသတ်မှတ်ချက်များနှင့် လျော်ညီသော အရပ်ဘက်အဖွဲ့အစည်းများသည် တိုင်ကြား မှု လုပ်ထုံးလုပ်နည်းများသို့ ချိတ်ဆက်နိုင်သည်။ ဤလုပ်ထုံးလုပ်နည်းများအသီးသီးအောက်ရှိ တိုင်ကြားစာများကို လူ့အခွင့် စွပ်စွဲထားသည့် အရေးချိုးဖောက်မှုတစ်ရပ်ကြောင့် ဝေဒနာခံစားနေရသူ တစ်သီးပုဂ္ဂလ သို့မဟုတ် ထိုပုဂ္ဂိုလ်ကိုယ်စား တတိယအဖွဲ့မှ၊ ဥပမာ NGO တစ်ခုမှ၊ တင်သွင်းနိုင်ပါသည်။

အရပ်ဘက်အဖွဲ့အစည်းများသည် လူ့အခွင့်အရေးချိုးဖောက်မှုများမှ ကုစားမှုတောင်းဆိုသည့် တစ်သီးပုဂ္ဂလများအတွက် ၎င်းတို့၏ကိုယ်စား တိုင်ကြားစာ ပြင်ဆင်ပေးခြင်း၊ တင်သွင်းပေးခြင်းတို့ဆောင်ရွက်ပေးခြင်းဖြင့် ကြားနေဆောင်ရွက်ပေးလေ့ရှိပါသည်။ သို့သော် တစ်သီးပုဂ္ဂလကိုယ်စား တိုင်ကြားစာတင်သွင်းပေးသူ မည်သူမဆိုသည် ထိုသူထံမှ သဘောတူညီချက် ရရှိရမည်ဖြစ်ပြီး တိုင်ကြားမှုဆောင်ရွက်ခြင်း၏ အကျိုးသက်ရောက်မှုများကို သိရှိစေရမည်ဖြစ်သည်။ ဥပမာ၊ အထူးလုပ်ထုံး လုပ်နည်းများသို့ သတင်းအချက်အလက်များ တင်သွင်းသည့်အခါ လုပ်ပိုင်ခွင့်အာဏာရှိသူသည် ထိုနိုင်ငံသို့ အကြောင်း ကြားစာ တစ်စောင်ပေးပို့ပြီး၊ ၎င်းကို နောက်ဆုံးတွင် အများဆိုင်ရာ အစီရင်ခံမှုတွင် ထည့်သွင်းပေးပါသည်။ တိုင်ကြားစာ တစ်ရပ်အား လူ့အခွင့်အရေးဆိုင်ရာ စာချုပ်အဖွဲ့သို့ တင်သွင်းသည့်အခါ တစ်သီးပုဂ္ဂလ၏ မည်သူမည်ဝါဖြစ်ခြင်းကို အစိုးရထံ အသိပေးမည်မဟုတ်ပါ။ သို့ဖြစ်၍ စွပ်စွဲမှုပြုသည့် ခံရသူသည် တိုင်ကြားမှုလုပ်ထုံးလုပ်နည်းတစ်ခုစီတိုင်း မည်သို့ လုပ်ဆောင်ပုံနှင့် ရင်းနှီးထားရန်မှာ အခြေခံအချက်ဖြစ်သည်။

တိုင်ကြားမှုအား လက်ခံနိုင်ဖွယ်ဖြစ်စေရန် လုပ်ထုံးလုပ်နည်းတစ်ခုချင်းစီ၏ သတ်မှတ်ချက်များကို သေချာစွာ လိုက်နာရမည် ဖြစ်သည်။

VIII

## က။ နိုင်ငံတကာလူ့အခွင့်အရေးသဘောတူစာချုပ်များအောက်ရှိတစ်သီးပုဂ္ဂလတိုင်ကြားမှုများ

တိုင်ကြားစာများကို လူ့အခွင့်အရေးချိုးဖောက်မှုများ၏ ခံရသူများအဖြစ် ပြောဆိုသည့် တစ်သီးပုဂ္ဂလ သို့မဟုတ် ၎င်းတို့ကိုယ်စား ခွင့်ပြုချက်ရရှိထားသည့် တတိယအဖွဲ့ များဖြစ်သည့် ရှေ့နေများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ (NGO) သို့မဟုတ် ပရော်ဖက်ရှင်နယ် အဖွဲ့များ တို့မှ တင်သွင်းနိုင်သည်။ ဤအခန်းတွင် တစ်သီးပုဂ္ဂလတိုင်ကြားမှုများ ဆိုင်ရာ သတ်မှတ်ချက်များနှင့် အဓိကအချက်များတို့ကို ဆန်းစစ်ပေးပါသည်။

### သတ်မှတ်ချက်များ

#### ၁။ အဖွဲ့ဝင်နိုင်ငံမှ သဘောတူစာချုပ်များကို အတည်ပြုထားခြင်း

လူ့အခွင့်အရေးသဘောတူစာချုပ်တစ်ခုအောက်၌ နိုင်ငံတစ်နိုင်ငံအား လူ့အခွင့်အရေးချိုးဖောက်မှုတစ်ရပ်အတွက် တိုင်ကြားမှုတစ်ခုကို အောက်ပါအခြေအနေများတွင် ဆောင်ရွက်နိုင်သည် -

- ထိုနိုင်ငံသည်အဆိုပါသဘောတူစာချုပ်အား အတည်ပြုထားပြီး သို့မဟုတ် လက်ခံထားပြီး အဖွဲ့ဝင်ထားခြင်း၊
- အဖွဲ့ဝင်နိုင်ငံသည် ထိုသဘောတူစာချုပ်အရ ဖွဲ့စည်းထားသည့် လူ့အခွင့်အရေးဆိုင်ရာ စာချုပ်အဖွဲ့မှ ထို တိုင်ကြားမှုများကို ထည့်သွင်းစဉ်းစားပေးရန် စွမ်းဆောင်ရည်ရှိသည်ဟု အသိအမှတ်ပြုထားရမည်။ သဘောတူ စာချုပ်အပေါ် မူတည်၍ ထိုနိုင်ငံအား သက်ဆိုင်ရာ လိုက်နာရန်ရွေးချယ်ခွင့်ရှိသောနောက်ဆက်တွဲစာချုပ်တွင် အဖွဲ့ဝင်ဖြစ်ရန် သို့မဟုတ် အဆိုပါသဘောတူစာချုပ်အောက်၌ လိုအပ်သော ကြေညာချက်ချမှတ်ရန် သတ်မှတ် ထားပါသည်။

မှတ်သားရန်မှာ အဖွဲ့ဝင်နိုင်ငံများစွာတို့သည် အရေးကြီးသော ချွင်းချန်ချက်များ သို့မဟုတ် ကြေညာချက်များပြုလုပ်ထားရာ ၎င်းသည် သဘောတူစာချုပ်များအောက်၌ ထားရှိသည် လူ့အခွင့်အရေးဆိုင်ရာ လိုက်နာရမည့်တာဝန်များ၏ နယ်ပယ်ကို ကန့်သတ်ထားနိုင်ပါသည်။ တိုင်ကြားမှုတစ်ခုသည် သဘောတူစာချုပ်တစ်ခု၏ အချို့သောအပိုင်းများအရ ဆောင်ရွက်နိုင်မှု ရှိ၊ မရှိကို အဆုံးအဖြတ်ပေးရာတွင် ၎င်းတို့အား သုံးသပ်ရပါမည်။[72]

#### ၂။ တစ်သီးပုဂ္ဂလ ချိုးဖောက်ခံရမှုများ

စာချုပ်အဖွဲ့ များအောက်ရှိ တစ်သီးပုဂ္ဂလတိုင်ကြားမှုများကို **တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော အချို့တစ်သီး ပုဂ္ဂလများ နှင့်စပ်လျဉ်းသည့် လူ့အခွင့်အရေးချိုးဖောက်မှုများဆိုင်ရာ အမှုများ**အတွက်သာ အသုံးပြုနိုင်ပြီး၊ အများအားဖြင့် တစ်သီးပုဂ္ဂလ များကို ဖော်ထုတ်မှု မပြုသည့် လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ ယေဘုယျပုံစံများအတွက် သင့်လျော်မှုမရှိပါ။

#### ၃။ ပြည်တွင်း ကုစားမှုများ

နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာသဘောတူစာချုပ်များအောက်ရှိ တစ်သီးပုဂ္ဂလတိုင်ကြားမှုများကို **ပြည်တွင်းကုစားမှုများ ဖြင့်အထမမြောက်မှသာ** တင်သွင်းနိုင်မည်ဖြစ်သည်။ ဆိုလိုသည်မှာ ကြောင်းကျိုးသင့်သည့် အချိန် ကာလတစ်ရပ်အတွင်း ပြည်တွင်းတရားစီရင်ရေးစနစ်၏ သို့မဟုတ် ရရှိနိုင်သော ထိရောက်သည့် ကုစားမှုတစ်ရပ် ဆောင် ရွက်ပေးနိုင်စွမ်းရှိသည့် အုပ်ချုပ်ရေးဖြစ်စဉ်များတစ်စုံတစ်ရာ၏ အဆင့်မြောက်များစွာ ပြီးဆုံးခဲ့ပြီးသည့် အမှု/တိုင်ကြားမှု ဖြစ်သည်။ ပြည်တွင်း ကုစားမှုများအား ထိရောက်စွာမဆောင်ရွက်ခြင်း သို့မဟုတ် လွန်ကဲစွာအချိန်ဆွဲခြင်းတို့ ဖြစ်လျှင် ဤစည်းမျဉ်းကို အသုံးပြု၍ မရပါ။

VIII

---

[72] To learn more about both the status of ratification and State party declarations/reservations to each treaty and the relevant optional protocols click here.

## ၄။ ခံရသူကိုယ်စား တိုင်ကြားစာတင်သွင်းပေးခြင်း

တစ်သီးပုဂ္ဂလ ခံရသူထံမှ "ကိုယ်စားလှယ်လွှဲစာ" သို့မဟုတ် "ကိုယ်စားဆောင်ရွက်ခွင့်" ပုံစံဖြင့် **သဘောတူညီချက်အရေးအသား** ရရှိခြင်းဖြင့် ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုသည် အခြားသူကိုယ်စား တိုင်စာတင်သွင်းနိုင်သည်။[73]

## ၅။ အခြားတိုင်ကြားမှု လုပ်ငန်းစဉ်များ

အကယ်၍ အမှုသည် **အခြားသောကုလသမဂ္ဂအဖွဲ့၏ စီရင်ဆုံးဖြတ်ချက်ဆိုင်ရာတိုင်ကြားမှုလုပ်ထုံးလုပ်နည်းများအားဖြင့် ထည့်သွင်းစဉ်းစားပြီးသား** ဖြစ်ပါက ယေဘုယျအားဖြင့် ကုလသမဂ္ဂစာချုပ်အဖွဲ့တစ်ခုမှ ထည်သွင်းစဉ်းစားပေးနိုင်မည် မဟုတ်ပါ။ အကယ်၍ အမှုတစ်ခုသည် **အမေရိကတိုက်လူ့အခွင့်အရေးခုံရုံး** သို့မဟုတ် **ဥရောပလူ့အခွင့်အရေးခုံရုံး** တို့မှ ယခင်ခ ထည့်သွင်းစဉ်းစားပေးပြီး ပယ်ချထားခဲ့ခြင်းဖြစ်ပါက၊ ယင်းတိုင်ကြားမှုသည် တစ်ခါတစ်ရံ အစာချုပ်အဖွဲ့တစ်ခု မှ ထည်သွင်းစဉ်းစားမှုပြုရန် ဖြစ်နိုင်ချေရှိပါသည်။ အထူးလုပ်ငန်းအစီအစဉ်များလုပ်ပိုင်ခွင့်တစ်ရပ်အောက်သို့ တင်သွင်းသည့် အမှုများကိုလည်း စာချုပ်အဖွဲ့တစ်ခုထံသို့ တင်သွင်းနိုင်သည်။

## ၆။ တိုင်ကြားစာပုံစံ

တိုင်ကြားမှုများကို တိုင်ကြားစာပုံစံ (ဤအခန်း၏ နောက်ဆက်တွဲ ၁ နှင့် ၂ ကို ကြည့်ပါ) အသုံးပြုပြီး တင်သွင်းရန် အားပေးသော်လည်း၊ သက်ဆိုင်ရာအချက်အလက်များပါဝင်သော ပေးစာ မည်သည့်ပုံစံမဆို အခြေခံအားဖြင့် လုံလောက်ပါသည်။ ၎င်းကို သက်ဆိုင်ရာလူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့၏ လုပ်ငန်းသုံးဘာသာစကားများမှ တစ်ခုဖြင့်ရေးသား တင်သွင်းရမည်။[74]

---

[73] သဘောတူညီချက်ရရှိနိုင်မှု မဖြစ်နိုင်သည့် အခြေအနေဟုယူဆရသည့် ပြင်းထန်သော အောက်ခြေအနေအထားဖြစ်ပါက ကာယကံရှင်၏သဘောတူညီမှု ရရယူရန် မလိုအပ်ပါ။

[74] ယင်းဘာသာစကားများမှ အာရပ်၊ တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ရုရှား နှင့် စပိန်ဘာသာစကားများဖြစ်သော်လည်း တိုင်ကြားသူများသည် OHCHR ဝက်ဘ်ဆိုက်ရှိ စာချုပ်အဖွဲ့အသီးသီး၏ လုပ်ငန်းသုံးဘာသာစကားများကို စစ်ဆေးရန် အကြံပြုပါသည်။



VIII

## စာချုပ်အဖွဲ့များအောက်ရှိ တစ်သီးပုဂ္ဂလတိုင်ကြားစာများတွင် မည်သည့် အချက်အလက်များပါဝင်ရမည်နည်း

- စွပ်စွဲမှုပြုထားသည့် လူ့အခွင့်အရေးချိုးဖောက်ခြင်းခံရသူ၏ **အခြေခံပုဂ္ဂိုလ်ရေးရာအချက်အလက်များ** (အမည်၊ နိုင်ငံသား၊ မွေးသက္ကရာဇ်)၊
- တိုင်ကြားမှုမှ ဦးတည်ထားသည့် **အဖွဲ့ဝင်နိုင်ငံ**၏အမည်၊
- တိုင်ကြားမှုအား အခြားတစ်သီးပုဂ္ဂလ၏ကိုယ်စားဆောင်ရွက်ပါက၊ ကာယကံရှင်၏ **သဘောတူညီချက် အထောက်အထား** သို့မဟုတ် လွှဲစာ ("ကိုယ်စားလှယ်လွှဲစာ"၊ စာရွက်ဖြင့်) သို့မဟုတ်၊ အခြားနည်းအဖြစ် ထိုကဲ့သို့သော သဘောတူညီချက် သို့မဟုတ် လွှဲစာ အဘယ်ကြောင့် မရရှိနိုင်ခြင်း သို့မဟုတ် မပေးပို့နိုင်ခြင်း ရှင်းပြချက်၊
- တိုင်ကြားမှုအခြေပြုသည့် **အချက်အလက်များ ဖြစ်စဉ်** အကုန်အစဉ်အား အချိန်ကာလအလိုက် အစဉ်တကျ ရှင်းလင်းစွာ တင်ဆက်ခြင်း၊
- **ဒေသန္တရတရားရုံးများတွင် ရရှိနိုင်သည့် ကုစားမှုများအားလုံး ရရှိရန်ကြိုးပမ်းခဲ့သည့် အဆင့်များအသေးစိပ်ဖော်ပြချက် သာမက** သက်ဆိုင်ရာနိုင်ငံမှ ရရှိနိုင်ဖွယ်ဖြစ်သည့် ထိရောက်သော **အုပ်ချုပ်ရေးဆိုင်ရာကုစားမှုများ**၊
- အခြားနိုင်ငံတကာစုံစမ်းစစ်ဆေးမှု သို့မဟုတ် ဖြေရှင်းမှု နည်းလမ်းသို့ **အမှု သို့မဟုတ် ပါဝင်သောအချက်အလက်များဆိုင်ရာ အခြားတင်သွင်းချက်များ** ၏ အသေးစိပ်ဖော်ပြချက်၊ (ရှိလျှင်ဖြစ်သည်)
- သဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များကို ကိုးကားသည့် လူ့အခွင့်အရေး **ချိုးဖောက်မှုတစ်ရပ်အား အဘယ်ကြောင့်ဖြစ်စေသည့် ဟူသော အမှုရှိ အချက် အလက်များ** ဆိုင်ရာ အကြောင်းပြချက် ဖြစ်စဉ်။ **သဘောတူစာချုပ်၏ သက်ဆိုင်ရာပုဒ်မ များ** ကို ဖော်ထုတ်ပေးခြင်းသည် အသုံးဝင်ပါမည်။
- တောင်းဆိုချက်များနှင့် အကြောင်းပြချက်များ တို့နှင့် **သက်ဆိုင်ရာ စာရွက်စာတမ်းအားလုံး** (တရားရုံးဆုံးဖြတ်ချက်များ အစရှိသည်)၊
- သက်ဆိုင်ရာပြည်တွင်း ဥပဒေများ၏ မိတ္တူများ၊ (ရရှိနိုင်က)။

အထွေထွေစည်းမျဉ်းတစ်ရပ်အဖြစ် ရိုင်းပျသည့်စကားရပ်များပါဝင်သော တိုင်ကြားစာများကို လက်ခံမည်မဟုတ်ပါ။

### ၇။ အချိန်ကန့်သတ်ချက်များ

လူမျိုးရေးဖိနှိပ်ခွဲခြားဆက်ဆံမှုပုံစံအားလုံးဖျက်သိမ်းရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်သည် တိုင်ချက်ဖွင့်ခြင်းအတွက် တရားဝင်နောက်ဆုံးတင်သွင်းချိန်ကို သတ်မှတ်သည့် တစ်ခုတည်းသော လူ့အခွင့်အရေးဆိုင်ရာ စာချုပ်ဖြစ် သည်။ မည်သို့ဆိုစေကာမူ စွပ်စွဲထားသည့် ချိုးဖောက်မှုဖြစ်ပျက်ပြီးနောက် ပြည်တွင်းကုစားမှုများကိုလည်း မရရှိနိုင်သည့်အခါ တိုင်ကြားစာများကို **အမြန်ဆုံး** တင်သွင်းရမည်ဖြစ်သည်။ နောက်ကျသောတင်သွင်းချက်သည် အဖွဲ့ဝင်နိုင်ငံမှ ကောင်းစွာ တုန့်ပြန်ပေးရန်အတွက်လည်းကောင်း၊ စာချုပ်အဖွဲ့မှ အချက်အလက်ဆိုင်ရာနောက်ကြောင်းများအား သုံးသပ်ရန်အတွက် သောလည်းကောင်း ခက်ခဲစေမည်ဖြစ်သည်။ သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံအတွက် တိုင်ကြားမှုယန္တယား အသက်ဝင်လာမှု မတိုင်မီ ဖြစ်ပျက်ခဲ့သော ချိုးဖောက်မှုများနှင့်စပ်လျဉ်းသည့် တိုင်ကြားမှုများကို စစ်ဆေးပေးမည်မဟုတ်ပါ (ချွင်းချက်အနေဖြင့် ၎င်းဖြစ်စဉ်သည် သဘောတူစာချုပ်အား ချိုးဖောက်မှု ဆက်လက်ဖြစ်နေသေးပါက စစ်ဆေးပေးမည်ဖြစ်သည်)။ လူမျိုးရေးခွဲခြားဖိနှိပ်ဆက်ဆံမှုပုံစံအားလုံးအားဖျက်သိမ်းရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်အောက်သို့ တင်သွင်းသော တိုင်ကြားချက်များကို အမှုတွင် အမျိုးသားအာဏာပိုင်တစ်ရပ်မှ အပြီးသတ်ဆုံးဖြတ်ချက်မချမှတ်မီ **၆ လ** အတွင်း တင်သွင်းရမည်ဖြစ်သည်။

## ၈။ အရေးပေါ်ဆောင်ရွက်ချက်

အကယ်၍ အမှုတစ်ခုအား ပုံမှန်လမ်းကြောင်းဖြင့်မစစ်ဆေးမီ ပြန်လည်ပြုပြင်၍မရနိုင်သော ထိခိုက်နစ်နာမှုမျိုး ကျရောက်နိုင်ဖွယ်ဖြစ်လျှင် ကော်မတီတစ်ခုစီတိုင်းသည် ယာယီဆောင်ရွက်မှုများနည်းလမ်းဖြင့် အရေးပေါ်ဆောင်ရွက်ချက် ချမှတ်နိုင်သည်။ ထုံးစံအရ ထိုကဲ့သို့သော အစပျိုးဆောင်ရွက်မှုများသည် နောင်တွင်ပြန်လည်ပြုလုပ်၍မရနိုင်သည့် ဆော်ရွက်ချက်များကို တားမြစ်ပေးရန် ချက်မှခြင်းဖြစ်ရာ၊ ဥပမာ သေဒဏ်ချမှတ်ခြင်း၊ သို့မဟုတ် ညှဉ်းပန်းနှိပ်စက်မှုအန္တရာယ်တစ်ရပ်ကြုံတွေ့နေသည့် တသီးပုဂ္ဂလအား ပြည်နှင်ဒဏ်ပေးခြင်းတို့ဖြစ်သည်။ **လူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်တစ်ရပ်အား ယာယီအရေးပေါ်ဆောင်ရွက်ချက်များချမှတ်ပေးရန် တောင်းဆိုမှုပြုသည့် တစ်သီးပုဂ္ဂလ သို့မဟုတ် အဖွဲ့အစည်းများသည် ၎င်းတို့၏ တိုင်ကြားမှုတွင်  ၎င်းအားရှင်းလင်းစွာဖော်ပြရပါမည်**

## ၉။ ထိရှမိလွယ်သောကိစ္စရပ်များ

တိုင်ကြားမှုတွင် ပေါ်ထွက်လာသည့် ပုဂ္ဂလိကရေးရာ သို့မဟုတ် ကိုယ်ရေးကိုယ်တာ **ထိရှမိလွယ်သောကိစ္စရပ်များ** ရှိလာပါက ကော်မတီအား အပြီးသတ်ဆုံးဖြတ်ချက်တွင်  ခံရသူ၏အမည်ကို ဖုံးကွယ်ထားရန် တောင်းဆိုနိုင်ပြီး ထိုသို့အားဖြင့် သူ/သူမ၏ မည်သူ မည်ဝါဖြစ်ခြင်းကို အများသိရှိမည်မဟုတ်ပါ။

### လုပ်ထုံးလုပ်နည်းဆိုင်ရာ လိုအပ်ချက်များ

အကယ်၍တိုင်ကြားမှုတွင် အထက်ဖော်ပြပါ လိုအပ်ချက်များပါဝင်နေပါက ယင်းအမှုအား သက်ဆိုင်ရာလူ့အခွင့်အရေးဆိုင်ရာ စာချုပ်အဖွဲ့မှ ထည့်သွင်းစဉ်းစားပေးရန် တရားဝင်စာရင်းပြုစုနိုင်ပါသည်။ (**မှတ်ပုံတင်ခြင်း** ဖြစ်သည်)

ယင်းအမှုအား သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံသို့ ဝေဖန်သုံးသပ်မှုအခွင့်အရေးတစ်ရပ်ပေးရန် ပေးပို့နိုင်ပါသည်။ ထိုအဖွဲ့ဝင်နိုင်ငံသည် တုန့်ပြန်မှုပြုသည်နှင့် တိုင်ကြားမှုသည် ယင်းနိုင်ငံ၏ တုန့်ပြန်မှုအပေါ် ဝေဖန်သုံးသပ်ရန် အခွင့်အရေးတစ်ရပ်ရရှိပါမည်။ ဤအဆင့်တွင် အမှုသည် လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့မှ ဆုံးဖြတ်ချက်တစ်ရပ်အတွက် အဆင့်သင့် ရှိပြီဖြစ်သည်။ အကယ်၍ အဆိုပါနိုင်ငံသည် သတိပေးချက်တစ်ခု သို့မဟုတ် များစွာ ရှိလင့်ကစား တုန့်ပြန်မှုမပေးက လူ့အခွင့်အရေးဆိုင်ရာ စာချုပ်အဖွဲ့သည် ထိုအမှုအတွက် ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်နိုင်ပြီး တရားလိုမှ တောင်းဆိုချက်များအပေါ် သင့်လျော်သော ဖြေရှင်းချက် ပေးမည်ဖြစ်သည်။

လူ့အခွင့်အရေးစာချုပ်အဖွဲ့သုံးသပ်ရေးလုပ်ငန်းစဉ်၏ အဓိကကျသော အဆင့်နှစ်ခုမှ  "လက်ခံနိုင်မှု"  အဆင့်နှင့် "အမှု၏ အကျိုးအပြစ်" အဆင့်တို့ဖြစ်သည်။ လက်ခံနိုင်မှုအဆင့်တွင် စာချုပ်အဖွဲ့သည် တိုင်အားမှုအား လုပ်ထုံးလုပ်နည်း ဆိုင်ရာ သတ်မှတ်ချက်များ နှင့် ကိုင်ညီမှုရှိ၊မရှိကို ထည့်သွင်းစဉ်းစားပါသည်။ တိုင်ကြားမှုအား လက်ခံနိုင်ကြောင်း ဆုံးဖြတ် လိုက်လျှင်၊ ယင်းတိုင်ကြားမှု၏ အကျိုးအပြစ်တို့ကို ထည့်သွင်းစဉ်းစားသည်။ ဤအဆင့်များကို အတူတကွ ထည့်သွင်းစဉ်းစားပေးလေ့ရှိသော်လည်း အဖွဲ့ဝင်နိုင်ငံ၏ တောင်ဆိုမှုအရ ခွဲခြားဆောင်ရွက်နိုင်သည်။ လက်ခံနိုင်မှုအဆင့်တွင် အမှုတစ်ခုသည် ကျရှုံးခဲ့ပါက အမှု၏ အကျိုးအပြစ်ကို ထည့်သွင်းစဉ်းစားပေးမည်မဟုတ်ပါ။

လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့များသည် အမှုတစ်ခုခြင်းစီအား တံခါးပိတ်အစည်းအဝေးများတွင် စဉ်းစားပေးပါသည်။ အမှုတစ်ခုအား လူ့အခွင့်အရေးဆိုင်ရာ စာချုပ်အဖွဲ့မှ ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်ပေးပါက ယင်းဆုံးဖြတ်ချက်အား တရားလိုနှင့် သက်ဆိုင်ရာနိုင်ငံ တို့ထံသို့ တစ်ပြိုင်နက်တည်း ပေးပို့ပါသည်။ တရားလိုသည် သက်ဆိုင်ရာသဘောတူ စာချုပ်အောက်ရှိ အဖွဲ့ဝင်နိုင်ငံတစ်ခုအားဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုခံရသူသားကောင် အမှန်ဖြစ်ကြောင်း လူ့အခွင့် အရေးဆိုင်ရာ စာချုပ်အဖွဲ့တစ်ခုမှ  ဆုံးဖြတ်လိုက်ပါက၊ ယေဘုယျအားဖြင့် ဆောင်ရွက်ရမည် ကုစားမှုကို ဖော်ထုတ်ပေးသည်။ ထိုနောက် အဖွဲ့ဝင်နိုင်ငံအား သတ်မှတ်ထားသည့် အချိန်ကာလတစ်ခု (အများအားဖြင့် ၆ လ) အတွင်း လူ့အခွင့်အရေးဆိုင်ရာ စာချုပ်အဖွဲ့၏ တွေ့ရှိချက် များအတွက် အကျိုးသက်ရောက်စေမည့် ခြေလှမ်းချမှတ်ချက်များအပေါ် နောက်ဆက်တွဲ သတင်း

VIII

အချက်အလက်များ ပေးပို့ရန် ဖိတ်ကြားပါသည်။ အမှုတစ်ခု၏ အကျိုးအပြစ်များအပေါ် အပြီးသတ်ဆုံးဖြတ်ချက်တစ်စုံတစ်ရာ သို့မဟုတ် လက်မခံကြောင်း ဆုံးဖြတ်ချက်တစ်၏ စာကို OHCHR ဝက်ဘ်ဆိုက်ပေါ်တွင် လူ့အခွင့်အရေးစာချုပ်အဖွဲ့၏ ဥပဒေသိပ္ပံပညာ၏ ကဏ္ဍတစ်ရပ်အဖြစ် ပို့စ်တင်ထားပေးပါသည်။

**နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာသဘောတူစာချုပ်များအရ တိုင်ကြားမှုများကို မည်သည့်နေရာသို့ ပေးပို့နိုင်မည်နည်း**

တိုင်ကြားစာများကို အောက်ပါလိပ်စာသို့ ပေးပို့ရမည် -

Petitions Team
Office of the United Nations High Commissioner for Human Rights
Palais des Nations
8–14, avenue de la Paix
CH–1211 Geneva 10 - Switzerland
Fax: +41 (0)22 917 90 22 (အထူးသဖြင့်အရေးပေါ်ကိစ္စရပ်များအတွက် သက်ဆိုင်ရာစာရွက်စာတမ်းများကို စာရွက်ဖြင့်ထည့်သွင်းပေးရမည်)
E-mail: tb-petitions@ohchr.org

**မည်သည့်လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့သို့ရေးသားပေးပို့လိုကြောင်း အမြဲဖော်ပြပေးရမည်။**

## ခ။ အထူးလုပ်ငန်းအစီအစဉ်များအောက်ရှိ ဆက်သွယ်သတင်းပေးပို့ချက်များ

ဤယန္တယားသည် တစ်သီးပုဂ္ဂလအမှုများ သို့မဟုတ် လူ့အခွင့်အရေးချိုးဖောက်မှု ယေဘုယျပုံစံများနှင့် စပ်လျဉ်းသည့် ဆက်သွယ်သတင်းပေးပို့ချက်များ ဆောင်ရွက်ရန်အတွက် ခွင့်ပြုပေးလေသည်။ တစ်သီးပုဂ္ဂလ သို့မဟုတ် တစ်သီးပုဂ္ဂကိုယ်စား ဆောင်ရွက်ပေးသော အဖွဲ့ သို့မဟုတ် အဖွဲ့အစည်း မည်သည့်မဆိုသည် တိုင်ကြားချက်အမှုများအား အထူးလုပ်ထုံးလုပ် နည်းဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာရှိသူများထံ တင်သွင်းနိုင်သည်။

အရပ်ဘက်အဖွဲ့အစည်းများသည် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများမှ အကာအကွယ်တောင်းဆိုနေသည့် တစ်သီးပုဂ္ဂလများအတွက် မကြာခဏ ကြားနေဆောင်ရွက်ပေးနိုင်ပါသည်။ အထူးလုပ်ငန်းအစီအစဉ်များဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာရှိသူများအောက်သို့ အမှုတစ်ခုတင်သွင်းရန် လိုလားသည့် တစ်သီးပုဂ္ဂလ သို့မဟုတ် အဖွဲ့အစည်းများသည် ဦးစွာ ၎င်းတို့အမှုနှင့် သက်ဆိုင်သည့် ပြည်တွင်း သို့မဟုတ် ကဏ္ဍအလိုက် လုပ်ပိုင်ခွင့် တစ်ရပ် ရှိမရှိ ကို စစ်ဆေးပေးရပါမည်။ ထို့အပြင် ဆက်သွယ်သတင်းပေးပို့ချက်အား လက်ခံမှုမပြုမီ ဖြည့်ဆည်းဆောင်ရွက်ရမည့် လုပ်ပိုင်ခွင့်အတွက် အထူးသတ်မှတ်ချက်ကို သေချာစွာဖတ်ရှုပေးရပါမည်။ အထူးသဖြင့် **တရားလက်လွှတ်ထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ငန်းအဖွဲ့** နှင့် **အတင်းအကျပ် သို့မဟုတ် ဆန္ဒမပါဘဲ ပျောက်ကွယ်စေမှု** တို့တွင် အခြားလုပ်ပိုင်ခွင့်များမှ ကွဲပြားသည့် အထူးသတ်မှတ် ချက်များရှိပါသည်။

တသီးပုဂ္ဂလအမှုတစ်ခုလက်ခံရရှိသော် ဖျန်ဖြေပေးရန်ဆုံးဖြတ်ချက်သည် အထူးလုပ်ငန်းအစီအစဉ်ဆိုင်ရာ လုပ်ပိုင်ခွင့် ကိုင်ဆောင်သူ၏ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်အပေါ် မူတည်သည်။ ၎င်းသည် လုပ်ပိုင်ခွင့်အာဏာရှိသူမှ ချမှတ်ခဲ့သည့် စံသတ်မှတ်ချက် အပေါ်တွင်မူတည်ပြီး **အထူးလုပ်ငန်းအစီအစဉ်များဆိုင်ရာလုပ်ပိုင်ခွင့်အာဏာရှိသူများအတွက် ကျင့်ဝတ်စည်းကမ်း** နှင့် လိုက်လျောညီထွေဖြစ်ရမည်။ ယင်းစံသတ်မှတ်ချက်သည် ယေဘုယျအားဖြင့် အောက်ပါတို့နှင့် ချိတ်ဆက်နေသည် -

- ယုံကြည်စိတ်ရသည့် အရင်းအမြစ်၊ ၎င်းသည်အထူးသဖြင့် မီဒီယာသတင်းများအပေါ်တွင် အခြေမပြုသင့်ပါ၊
- လက်ခံရရှိသည့် သတင်းအချက်အလက်များ၏ ယုံကြည့်စိတ်ချရမှု၊ ၎င်းသည်နိုင်ငံရေးလှုံ့ဆော်မှုမဖြစ်သင့်ပါ၊

VIII

- အသေးစိပ်ဖော်ပြချက်၊
- လုပ်ပိုင်ခွင့်နယ်ပယ် တို့ဖြစ်သည်။

အစီရင်ခံထားသည့် ချိုးဖောက်မှုများကို စစ်ဆေးခြင်းအား ကူညီပေးရန် လုပ်ပိုင်ခွင့်များစွာနှင့် စပ်လျဉ်းသည့် **မေးခွန်းလွှာ** များသည် စွပ်စွဲမှုပြုထားသည့်အချိုးဖောက်မှုများ အစီရင်ခံရန် လိုလားသည့် ပုဂ္ဂိုလ်များအတွက် အွန်လိုင်း တွင် ရရှိနိုင်ပါသည် (အောက်တွင်ကြည့်ပါ)။ သို့သော် တစ်သီးပုဂ္ဂလများ သို့မဟုတ် အခြားသော စာရေးသူများထံမှ အကြောင်း ကြားချက်များသည် မေးခွန်းလွှာတစ်ခု၏ ပုံစံဖြင့်မဟုတ်ဘဲ တင်သွင်းပါကလည်း ထည့်သွင်းစဉ်းစားပေးမည်ဖြစ်သည်။ ဆက်သွယ်သတင်းပေးပို့ချက်များ ရေးသားသူများသည် ၎င်းတို့တင်သွင်းသည့် အချက်အလက်များဆိုင်ရာ ပုံမှန်နောက်ဆုံးရ သတင်းများကို ပေးပို့ရန် အားပေးပါသည်။

### အထူးလုပ်ငန်းအစီအစဉ်အောက်ရှိ တစ်သီးပုဂ္ဂလတိုင်ကြားမှုများတွင် မည်သည့် သတင်းအချက်အလက်များပါဝင်သင့်သနည်း။

- စွပ်စွဲမှုပြုထားသည့် **ခံရသူ(များ)** ၏ မည်သူမည်ဝါဖြစ်ကြောင်းဖော်ပြချက်။
- စွပ်စွဲမှုပြုထားသည့် ချိုးဖောက်မှု **ကျူးလွန်သူများ** မည်သူမည်ဝါဖြစ်ကြောင်းဖော်ပြချက်၊
- **ဆက်သွယ်သတင်းပေးပို့ချက်တင်သွင်းသည့် ပုဂ္ဂိုလ်(များ) သို့မဟုတ် အဖွဲ့အစည်း(များ)** မည်သူမည်ဝါ ဖြစ်ကြောင်း ဖော်ပြချက် (၎င်းအချက်အလက်များကို လျှို့ဝှက်ထားရှိပါမည်)
- အခင်းဖြစ်ပျက်သည့် **နေ့ရက် နှင့် နေရာ**၊
- စွပ်စွဲမှုပြုထားသည့် ချိုးဖောက်မှုဆိုင်ရာ **အခြေအနေများအား အသေးစိပ်ဖော်ပြချက်**

**မှန်ရန် -**

- အထွေထွေစည်းမျဉ်းတစ်ရပ်အရ ရိုင်းပြသည့်အသုံးအနှုန်းပါဝင်သည့် ဆက်သွယ်သတင်းပေးပို့ချက်များကို ထည့်သွင်းစဉ်းစား ပေးမည် **မဟုတ်**ပါ၊
- ဆက်သွယ်သတင်းပေးပို့ချက်များသည် **လိုရင်းတိုရှင်းဖြစ်ရမည်၊**
- **မည်သည့်လုပ်ထုံးလုပ်နည်းယန္တယားသို့** တိုင်ကြားမှုသည် လိပ်မူကြောင်း ဖော်ပြပေးရမည်၊
- တစ်သီးပုဂ္ဂလတိုင်ကြားမှုများတင်သွင်းရန်အတွက် **လုပ်ပိုင်ခွင့်အသီးသီးမှချမှတ်ထားသည့်သတ်မှတ်ချက်များနှင့် အမြဲ အတိုင်အပင်ခံပြုပါ၊**
- ဆက်သွယ်သတင်းပေးပို့ချက်များကို အင်္ဂလိပ်၊ ပြင်သစ် သို့မဟုတ် စပိန်ဘာသာစကားတို့ဖြင့် ရေးသားနိုင်သည်။

### အထူးလုပ်ငန်းအစီအစဉ်များအောက်၌ တစ်သီးပုဂ္ဂလတိုင်ကြားမှုကို မည်သည့်နေရာသို့ ပေးပို့ရမည်နည်း။

Special Procedures Division
Office of the United Nations High Commissioner for Human Rights
Palais des Nations
8–14, avenue de la Paix
CH–1211 Geneva 10 - Switzerland Fax:
+41 (0)22 917 90 06
E-mail: urgent-action@ohchr.org

အီးမေးလ် သို့မဟုတ် ဖက်စ် သို့မဟုတ် စာအိတ်အပေါ်ရှိ အကြောင်းအရာနေရာတွင် မည်သည့်အထူးလုပ်ငန်းအစီအစဉ်ယန္တယား သို့ တိုင်ကြားမှုသည့် လိပ်မူကြောင်း ဖော်ပြပါ။ အချို့သော အထူးလုပ်ငန်းအစီအစဉ်လုပ်ပိုင်ခွင့်များသည် တိုင်ကြားမှုများ လိုက်နာ ရမည့်အထူးသတ်မှတ်ချက်များကို ချမှတ်ထားကြောင်း မှတ်သားစေလိုပါသည်။ ယင်းသတ်မှတ်ချက်အသေးစိပ်ကို OHCHR ဝက်ဘ်ဆိုက်ရှိ လုပ်ပိုင်ခွင့်အသီးသီးအောက်၌ ဖော်ပြထားပါသည်။

လူ့အခွင့်အရေးချိုးဖောက်ခံရကြောင်းစွပ်စွဲမှုပြုသည့် ခံရသူများမှ ရရှိသော ယုံကြည်အားထားရသည့် သတင်းအချက်အလက်များအပေါ်အခြေပြု၍ အထူးလုပ်ငန်းအစီအစဉ်များဆိုင်ရာလုပ်ပိုင်ခွင့်အာဏာရှိသူများသည် **အစိုးရများထံသို့ ဆက်သွယ်သတင်းပေးပို့ချက်များ** ပေးပို့နိုင်သည်။ ၎င်းတို့အား OHCHR မှတဆင့် ပေးပို့မှုပြုသဖြင့် အကယ်၍ ပြင်းထန်သော ချိုးဖောက်မှုတစ်ရပ်သည် ဆက်လက်ဖြစ်ပွားနေခြင်း သို့မဟုတ် ဖြစ်အံ့ဆဲဆဲ ဖြစ်ပါက၊ **အရေးပေါ်အယူခံမှု** တစ်ရပ်၊ သို့မဟုတ် အကယ်၍ ချိုးဖောက်မှုတစ်ရပ် သည့် ဖြစ်ပျက်ခဲ့ပြီးဖြစ်ပါက **စွက်စွဲချက်စာ** တစ်ခုအဖြစ် ဆောင်ရွက်နိုင်သည်။ ဆက်သွယ်သတင်းပေးပို့ချက်များအားဖြင့် လုပ်ပိုင်ခွင့်အာဏာရရှိသူသည် သက်ဆိုင်ရာအစိုးရထံ အထူးအမှုကိစ္စ နှင့်/သို့မဟုတ် သင့်လျော်သော ကုစားမှု ဆောင်ရွက်ချက်များ ဆိုင်ရာ ရှင်းလင်းပေးရန် မေးမြန်းပါသည်။ လုပ်ပိုင်ခွင့်အာဏာရှိသူများ သည် အစိုးရများထံ ၎င်းတို့၏ စုံစမ်းစစ်ဆေးမှုနှင့် ဆောင်ရွက်ချက်များတို့၏ ရလဒ်များကို အကြောင်းကြားပေးရန်လည်း တောင်းဆိုနိုင်ပါသည်။

ရရှိသည့်တုန့်ပြန်မှုအပေါ်မူတည်ပြီး ဆက်လက်စုံစမ်းမေးမြန်းခြင်း သို့မဟုတ် အထူးအကြံပြုချက်များ ချမှတ်ခြင်း ပြုရန် ၎င်းတို့မှဆုံးဖြတ်နိုင်ပါမည်။ အချို့သောဖြစ်စဉ်များတွင် ၎င်းတို့မှ အမှုဆိုင်ရာ အများပြည်သူကြေညာချက် ထုန်ပြန်ရန် ဆုံးဖြတ်နိုင်ပါသည်။

လူ့အခွင့်အရေးကောင်စီ၏စည်းမျဉ်းများအရ အထူးလုပ်ငန်းအစီအစဉ်များအားလုံးသည် ၎င်း၏နှစ်ပတ်လည်အစည်းအဝေးများတွင် ၎င်းတို့၏ဆောင်ရွက်ချက်များကို **အစီရင်ခံရန်** သတ်မှတ်ထားပါသည်။ ဆက်သွယ်သတင်းပေးပို့ချက်များ ပေးပို့မှုနှင့် လက်ခံ ရရှိမှုများကို ပုံမှန်အားဖြင့် သက်ဆိုင်ရာ အထူးလုပ်ငန်းအစီအစဉ်၏ နှစ်ပတ်လည်အစီရင်ခံစာအား အများပြည်သူထံ အသိပေးမှု မပြုမီကာလအထိ၊ လုပ်ပိုင်ခွင့်အာဏာရှိသူမှ သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ရန် ဆုံးဖြတ်မှုမပြုပါက လျှို့ဝှက်ထိန်းသိမ်းထားရှိပါသည်။[75]

မှတ်သားရန်မှာ အထူးလုပ်ငန်းအစီအစဉ်များဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာရရှိသူများ၏ အစီရင်ခံစာများတွင် ကလေးသူငယ်များ၏ အမှု သို့မဟုတ် အချို့သော အခြေအနေများမှ အပ စွပ်စွဲမှုပြုသည့် ခံရသူများ၏ အမည်များကို ဖော်ပြ သွားမည်ဖြစ်သည်။ အထူးလုပ်ငန်းအစီအစဉ်များဆိုင်ရာယန္တယားများ၏ အစီရင်ခံစာများ၏ အများဆိုင်ရာသဘောသဘဝကို ထောက်ဆလျက် လူ့အခွင့်အရေးချိုးဖောက်ခံရသူများ၏ကိုယ်စား ဆောင်ရွက်ပေးသော တသီးပုဂ္ဂလများ သို့မဟုတ် အဖွဲ့အစည်းများ အနေဖြင့် အမှုကိစ္စအား အထူးလုပ်ငန်းအစီအစဉ်ယန္တယားများသို့ ပေးပို့ကြောင်း၊ ၎င်းတို့အမည်များအား သက်ဆိုင်ရာ အာဏာပိုင်များထံသို့ အကြောင်းကြားသွားမည်ဖြစ်ကြောင်း၊ ၎င်းတို့အမည်များ (သို့မဟုတ် အမည်ရှေ့စာလုံးများ) သည် သက်ဆိုင်ရာလုပ်ထုံးလုပ်နည်းများ၏ အများဆိုင်ရာအစီရင်ခံစာတွင် ဖော်ပြသွားမည်ဖြစ်ကြောင်း ခံရသူများထံ အသိပေးထားရမည်ဖြစ်သည်။

[75] နှစ်ပတ်လည်အစီရင်ခံစာများအပြင်၊ အချို့သော လုပ်ပိုင်ခွင့်ကိုင်ဆောင်သူများသည် ၎င်းတို့လုပ်ပိုင်ခွင့်များဆိုင်ရာဆောင်ရွက်ချက်နှင့် နယ်ပယ်ကို ရှင်းပြပေးသည့် အခြားသော စာတမ်းများကိုထုတ်ပြန်သည်။ အထူးသဖြင့် တရားလက်လွှတ်ဖမ်းဆီးထိန်းသိမ်းခြင်းဆိုင်ရာလုပ်ငန်းအဖွဲ့သည် အထွေထွေ ကိစ္စရပ်များအတွက် "ပြန်လှန်သုံးသပ်ခြင်း" ကိုလည်းကောင်း၊ တသီးပုဂ္ဂလတိုင်ကြားမှုများအတွက် "ထင်မြင်ယူဆချက်များ" ကိုလည်းကောင်းထုတ်ပြန်ပြီး၊ အတင်းအဓမ္မ သို့မဟုတ် ဆန္ဒအလျောက်မဟုတ်သော ပျောက်ကွယ်စေမှုဆိုင်ရာ လုပ်ငန်းအဖွဲ့မှလည်း လူသားအားလုံးအား အတင်းအဓမ္မပျောက်ကွယ်စေမှုမှအကာအကွယ်ပေးမှုဆိုင်ရာ ကြေညာစာတမ်းအတွက် "အထွေထွေဝေဖန်သုံးသပ်ချက်" ထုတ်ပြန်ပါသည်။

အောက်ပါလုပ်ပိုင်ခွင့်များမှ စွပ်စွဲမှုပြုထားသည့်ချိုးဖောက်မှုများ အစီရင်ခံမှုအတွက် **စံပြမေးခွန်းလွှာများ** ကို ရရှိနိုင်ပါသည် -

- တရားလက်လွှတ်ဖမ်းဆီးထိန်းသိမ်းခြင်းဆိုင်ရာလုပ်ငန်းအဖွဲ့၊
- အတင်းအကျပ် သို့မဟုတ် ဆန္ဒအလျောက်မဟုတ်သည့်ပျောက်ကွယ်စေမှုဆိုင်ရာလုပ်ငန်းအဖွဲ့၊
- ကိုယ့်ကကြမ္မာ ကိုယ်ဖန်တီးခွင့်ဆိုင်ရာ ပြည်သူ များ၏အခွင့်အရေးကို ကျင့်သုံး ဆောင်ရွက်ခြင်း အားတားဆီးပိတ်ပင်မှုနည်းလမ်း တစ်ခုအနေဖြင့် ကြေးစားစစ်သားများ အသုံးပြုခြင်းဆိုင်ရာ လုပ်ငန်းအဖွဲ့
- ဥပဒေမဲ့၊ လက်တန်း သို့မဟုတ် တရားလက်လွှတ် ကွပ်မျက်ခြင်းများဆိုင်ရာ အထူးကိုယ်စားလှယ်တော်
- လွတ်လပ်စွာ ထင်မြင်ယူဆချက်နှင့် ဖော်ထုတ်မှု အခွင့်အရေးအား မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာ အထူးစုံစမ်းစစ်ဆေးရေးကိုယ်စားလှယ်တော်၊
- ရွှေ့ပြောင်းလုပ်သားများ၏လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ်တော်၊
- ကလေးသူငယ်များ ရောင်းစားခြင်း၊ ကလေးသူငယ်ပြည့်တန်ဆာနှင့် ကလေးသူငယ် လိင်ပိုင်းဆိုင်ရာ ညစ်ညမ်း ရုပ်သံဗွီဒီယိုများ တို့ဆိုင်ရာ အထူးစုံစမ်းစစ်ဆေးရေးကိုယ်စားလှယ်တော်၊
- ညှဉ်းပန်းနှိပ်စက်မှုနှင့်အခြားသောရက်စက်မှုပုံသဏ္ဌာန်များဖြစ်သည့် လူမဆန် သော သို့မဟုတ် နိမ့်ကျသောပြုမူမှု သို့မဟုတ် အပြစ်ပေးမှုဆိုင်ရာ အထူးစုံစမ်းစစ်ဆေးရေးကိုယ်စားလှယ်တော်၊
- အမျိုးသမီးများနှင့် ကလေးသူငယ်များအထူးပြု လူကုန်ကူးမှုဆိုင်ရာအထူးစုံစမ်းစစ်ဆေးရေးကိုယ်စားလှယ်တော်၊
- အမျိုးသမီးများအား အကြမ်းဖက်မှု၊ ၎င်း၏အကြောင်းခံများနှင့် အကျိုးအဆက်များဆိုင်ရာ အထူးစုံစမ်းစစ်ဆေးရေး ကိုယ်စားလှယ်တော်၊ နှင့်
- လူ့အခွင့်အရေးကာကွယ်သူများ၏အခြေအနေဆိုင်ရာအထူးစုံစမ်းစစ်ဆေးရေးကိုယ်စားလှယ်တော်။

သို့သော်လည်း၊ တစ်သီးပုဂ္ဂလများနှင့် အခြားသောအရင်းအမြစ်များမှ တင်သွင်းသော ဆက်သွယ်သတင်းပေးပို့ချက်များ သည် မေးခွန်းလွှာပုံစံမကျသော်လည်း ထည့်သွင်းစဉ်းစားပေးမည်ဖြစ်သည်။

VIII

## ၈။ လူ့အခွင့်အရေးကောင်စီ၏ တိုင်ကြားမှုလုပ်ထုံးလုပ်နည်း

လူ့အခွင့်အရေးကောင်စီ၏တိုင်ကြားမှုလုပ်ထုံးလုပ်နည်းအောက်တွင် ဆက်သွယ်သတင်းပေးပို့ချက်များကို လူ့အခွင့်အရေးချိုးဖောက်မှု ခံရသူတစ်သီးအဖြစ်အခိုင်အမာဆိုပြောဆိုသူ သို့မဟုတ် ထိုသို့သော ချိုးဖောက်မှုများအား တိုက်ရိုက်၊ ယုံကြည်ထိုက်သော အသိရှိထားသူ မည်သည့် တစ်သီးပုဂ္ဂလ သို့မဟုတ် အဖွဲ့မဆိုမှ တင်သွင်းနိုင်ပါသည်။

### လူ့အခွင့်အရေးကောင်စီ၏ တိုင်ကြားမှုလုပ်ထုံးလုပ်နည်းအောက်၌ မည်သည့် အချက်အလက်များပါဝင်စေရမည်နည်း။

- **ဆက်သွယ်သတင်းပေးပို့ချက်တင်သွင်းသည့် ပုဂ္ဂိုလ်(များ) သို့မဟုတ် အဖွဲ့အစည်း(များ)**၏ မည်သူမည်ဝါ ဖြစ်ကြောင်း ဖော်ပြချက် (တောင်းဆိုမှုရှိက ဤအချက်အလက်များကိုလျှို့ဝှက်ထိန်းသိမ်းပေးပါမည်)။ အမည်မဖော်ပြသည့် တိုင်ကြားမှုများကို လက်ခံပေးမည်မဟုတ်ပါ။
- **သက်ဆိုင်ရာအချက်အလက်များဖော်ပြချက်**၊ စွပ်စွဲမှုပြုသည့် **ခံရသူများ၊ နေ့စွဲ၊ နေရာများ နှင့် အခြားသော အထောက် အထားများ** ပါဝင်သည့် အချက်အလက်များ အသေးစိပ်ရရှိနိုင်သလောက် ဖော်ပြရန်၊
- တိုင်ကြားမှု၏ ရည်ရွယ်ချက်နှင့် **ချိုးဖောက်ခံရသည်ဟုစွပ်စွဲထားသည့် အခွင့်အရေးများ၊**
- အမှုကိစ္စသည် တစ်ဦးခြင်းချိုးဖောက်မှုများထက် **ရှန့်ရင်းကြမ်းတမ်းသောပုံစံတစ်ရပ်နှင့် လူ့အခွင့်အရေး ချိုးဖောက်ကြောင်း ခိုင်မာသော အထောက်အထား ဖြစ်စေချက်ကို** မည်သို့ဖော်ပြကြောင်း ရှင်းလင်းချက်၊
- **ပြည်တွင်းကုစားမှုများကို မည်သို့ကြိုးပမ်းပြီး အထမမြောက်ခဲ့ကြောင်း** အသေးစိပ်ရှင်းလင်းချက်များ၊ သို့မဟုတ် ထိုသို့သော ကုစားမှုများသည် မည်သို့ထိရောက်မှုမရှိခြင်း သို့မဟုတ် ကျိုးကြောင်းဆီလျော်မှုမရှိဘဲ အချိန်ဆွဲထားခြင်းဆိုင်ရာ ရှင်းလင်းချက်။

**မှတ်သားရန် -**

- တိုင်ကြားမှုအားလုံးကို စာအရေးအသားဖြင့် ဖြစ်စေရမည်။ အများဆိုင်ရာမီဒီယာသတင်းဖော်ပြချက်များအပေါ် မှီငြမ်းခြင်း သည် မလုံလောက်ကြောင်း မှတ်သားစေလိုသည်။ လူ့အခွင့်အရေးသတင်းအစီရင်ခံစာတစ်ရပ်အား အထောက်အထား အဖြစ် တင်သွင်းလိုပါက သင်မည်သူမည်ဝါဖြစ်ကြောင်းဖော်ပြသည့် စာတစ်စောင်ပူးတွဲကာ သင်တင်သွင်းလိုသော အမှု အကြောင်းနှင့် လူ့အခွင့်အရေးကောင်စီ၏ တိုင်ကြားမှုလုပ်ထုံးလုပ်နည်းအောက်၌ ဖြေရှင်းစေလိုသော တိုင်ကြားမှုကို ရှင်းလင်းဖော်ပြပေးပါ။
- တိုင်ကြားမှုကို ၁၀ - ၁၅ မျက်နှာအတွင်း ကန့်သတ်ပေးရန် အကြံပြုပါသည်။ ထပ်မံတင်သွင်းလိုသော သတင်းအချက် အလက် များကို နောက်ထပ်လုပ်ငန်းအဆင့်များတွင် တင်သွင်းနိုင်သည်။
- တိုင်ကြားမှုများကို အင်္ဂလိပ်၊ ပြင်သစ်၊ ရုရှား သို့မဟုတ် စပိန်ဘာသာစကားတစ်ခုခုဖြင့် ရေးသားနိုင်သည်။ အခြား ဘာသာစကားဖြင့် ရေးသားသော တိုင်ကြားစာများကို ယင်းဘာသာစကားတစ်ခုခုသို့ သဘာသာပြန်ပေးရပါမည်။
- ရိုင်းပြသော (သို့) စော်ကားသော စကားရပ်များပါဝင်သည့်တိုင်ကြားစာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

ဤတိုင်ကြားမှုယန္တယားဆိုင်ရာ အသေးစိပ်နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကို ကောင်စီ၏ **ဆုံးဖြတ်ချက် ၅/၁** တွင် ဖော်ပြထားပါသည်။ ဤအခန်းတွင်ဖော်ပြထားသည့်အချက်အလက်များသည် ထိုဆုံးဖြတ်ချက်မှ ပြဋ္ဌာန်းချက်များအပေါ် အခြေပြုထားသည်။ အထူးသဖြင့် ဖြစ်စဉ်၏ များစွာသော လုပ်ငန်း အဆင့်များတလျှောက် တိုင်ကြားသူများနှင့် တုန့်ပြန်ချက်ဖလှယ်မှုနှင့် စပ်လျဉ်း၍ ဤကနဦးပြဋ္ဌာန်းချက်များနှင့် လုပ်ငန်းနည်းစနစ်များကို ဆက်လက်ဖွံ့ဖြိုးဖော်ဆောင် သွားမည်ဖြစ်သည်။

တိုင်ကြားမှုလုပ်ထုံးလုပ်နည်း၏လုပ်ငန်းအဆင့်များမှာ -

**အဆင့် ၁။ ကနဦး စစ်ဆေးမှု**

OHCHR အတွင်းရေးမှူးရုံးအဖွဲ့သည် **ဆက်သွယ်သတင်းပေးပို့ချက်များဆိုင်ရာလုပ်ငန်းအဖွဲ့** ၏သဘာပတိဖြစ်သူနှင့်အတူ လက်ခံ နိုင်မှုစံသတ်မှတ်ချက်အပေါ် အခြေပြုကာ ရောက်ရှိလာသည့် ဆက်သွယ်သတင်းပေးပို့ချက်များ (တိုင်ကြားမှုများ) အားလုံးကို စစ်ဆေးပြီး၊ ခိုင်လုံမှုမရှိ သို့မဟုတ် အမည်မဖော်ပြထားသော တိုင်စာများကို ဖယ်ချန်ထားပါသည်။ ဆက်သွယ် သတင်းပေးပို့ချက် သည် လုပ်ထုံးလုပ်နည်း၏နောက်တစ်ဆင့်အဆွက် လက်ခံမှုပြုလိုက်သော်၊ ၎င်းအားရေးသားသူသည် အသိအမှတ်ပြုစာ တစ်စောင်ကို ရရှိမည်ဖြစ်ပြီး၊ သက်ဆိုင်ရာရာအစိုးရသို့ ဆက်သွယ်သတင်းပေးပို့ချက်ကို တုန့်ပြန်ရန် အတွက် ပေးပို့ပါသည်။

**အဆင့် ၂။ ဆက်သွယ်သတင်းပေးပို့ချက်များဆိုင်ရာလုပ်ငန်းအဖွဲ့**

**ဆက်သွယ်သတင်းပေးပို့ချက်များဆိုင်ရာလုပ်ငန်းအဖွဲ့** တွင် **လူ့အခွင့်အရေးကောင်စီအကြံပေးကော်မတီမှ** ခန့်အပ်ထားသော အဖွဲ့ဝင် ၅ ပါဝင်ပြီး၊ တစ်နှစ်လျှင် ၅ ရက်ကြာအစည်းအဝေး ၂ ကြိမ်တွေ့ဆုံရန် လုပ်ပိုင်ခွင့်ပေးထားပါသည်။ လုပ်ငန်း အဖွဲ့သည် ကနဦး စစ်ဆေးမှုကို ကျော်လွန်လာသည့်တိုင်ကြားမှုများကိုလည်းကောင်း၊ အစိုးရများထံမှ ရရှိသော တုန့်ပြန် ချက်တစ်စုံတစ်ရာကို လည်းကောင်းစစ်ဆေးပေးသည်။ ၎င်းစစ်ဆေးမှုကို အခြေခံလွတ်လပ်မှုနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများဆိုင်ရာ ဆက် တိုက်ဖြစ်နေသော ရုန့်ရင်းကြမ်းတမ်းမှု ပုံစံတစ်ရပ်နှင့် ခိုင်မာသော အထောက်အထား ပေါ်လွင်နေသည့် သီးသန့် အခြေ အနေတစ်စုံတစ်ရာအား အခြေအနေရပ်များဆိုင်ရာလုပ်ငန်းအဖွဲ့၏ ဂရုပြုမှုရရှိစေမည့် နည်းလမ်းဖြင့် ဆောင်ရွက် သည်။

**အဆင့် ၃။ အခြေအနေရပ်များဆိုင်ရာလုပ်ငန်းအဖွဲ့**

**အခြေအနေရပ်များဆိုင်ရာလုပ်ငန်းအဖွဲ့** ကို လူ့အခွင့်အရေးကောင်စီမှ အဖွဲ့ဝင် ၅ ဦးဖြင့်ဖွဲ့စည်းထားပြီး ၎င်းတို့သည် ကိုယ်စီ စွမ်းဆောင်ရည်အလိုက် ဆောင်ရွက်ကြကာ၊ ဆက်သွယ်သတင်းပေးပို့ချက်များဆိုင်ရာ လုပ်ငန်းအဖွဲ့ မှ လွှဲအပ် ထားသည့် အခြေအနေရပ်များကို စဉ်းစားပေးရန် တစ်နှစ်လျှင် ၅ ရက်ကြာအစည်းအဝေး နှစ်ကြိမ်ဖြင့် တွေ့ဆုံရန် တာဝန်ချမှတ်ထားပါ သည်။ ၎င်းသည် လွှဲအပ်ထားသည့်အမှုကိစ္စများအား သုံးသပ်ပေးပြီး၊ ရုန့်ရင်းကြမ်းတမ်း သောချိုးဖောက်မှု ပုံစံတစ်ရပ် ထုတ်ဖော်သည့် အခြေအနေတစ်စုံတစ်ရာနှင့် စပ်လျဉ်းပြီး ဆောင်ရွက် ရမည့် လုပ်ဆောင် ချက်များဆိုင်ရာအထူးအကြံပြု ချက် များပါဝင်သည့် အစီရင်ခံမှုတစ်ရပ်ကို လူ့အခွင့်အရေး ကောင်စီအတွက် ထုတ်လုပ် ပေးပါသည်။ အခြားတဖက်တွင် ၎င်းသည် အခြေအနေတစ်ရပ်အား သုံးသပ်မှုအောက်တွင်ထားရှိမည်၊ သို့မဟုတ် ပယ်ချမည်ကို ဆုံးဖြတ်ပေးနိုင်ပါသည်။



**လူ့အခွင့်အရေးအကြံပေးကော်မတီ** အကြောင်းပိုမိုသိရှိလိုပါက ဤလက်စွဲစာအုပ်၏ **အခန်း ၅ (လူ့အခွင့်အရေးကောင်စီ)** ကိုကြည့်ပါ။

**အဆင့် ၄။ လူ့အခွင့်အရေးကောင်စီ**

လူ့အခွင့်အရေးကောင်စီသည် အခြေအနေရပ်များဆိုင်ရာလုပ်ငန်းအဖွဲ့မှ ယူဆောင်လာသည့် အခြေအနေရပ်များကို လိုအပ် သလိုမကြာခဏ မျက်နှာစုံညီ စဉ်းစားပေးသည်။ တစ်နှစ်လျှင် အနည်းဆုံး ၁ ကြိမ်တွေ့ဆုံသည်။ ၎င်းသည် အခြေအနေရပ် များဆိုင်ရာ လုပ်ငန်းအဖွဲ့၏အစီရင်ခံစာကို စစ်ဆေးပါသည်။ အခြားဆုံးဖြတ်မှုများမရှိက လျှို့ဝှက်ပုံစံဖြင့် ဆောင်ရွက်သည်။ ယင်းထည့်သွင်းစဉ်းစားမှုကို အခြေပြုလျက် ကောင်စီသည် အများအားဖြင့် ဆုံးဖြတ်ချက်ပုံစံတစ်ရပ်ဖြင့် အရေးယူမှုပြုနိုင် သည်။ ၎င်းအနေဖြင့်အောက်ပါဆောင်ရွက်ချက်များအတွက် ဆုံးဖြတ်ပေးနိုင်သည်။

- ဆက်လက်ထည့်သွင်းစဉ်းစားမှု သို့မဟုတ် ဆောင်ရွက်မှုသည် အကြောင်းခိုင်လုံမှုမရှိက အခြေအနေရပ်အား ဆက်လက်ထည့်သွင်းစဉ်းစာမှုမှ ရပ်နားရန်၊

VIII

- အခြေအနေအားသုံးသပ်မှုအောက်တွင်ထားရှိပြီး၊ သက်ဆိုင်ရာနိုင်ငံမှ ထိုက်သင့်သောအချိန်ကာတစ်ခုအတွင်း သတင်းအချက်အလက်များထပ်မံပေးပို့ရန် တောင်းဆိုခြင်း၊
- အခြေအနေအား သုံးသပ်မှုအောက်တွင်ထားရှိပြီး၊ လွတ်လပ်ပြီး အဆင့်မြင့်အရည်အချင်းပြည့်ဝသည့် ကျွမ်းကျင်ပညာရှင်တစ်ဦးအား အခြေအနေအားစောင့်ကြည့်ပေးရန်နှင့် ပြန်လည်အစီရင်ခံပေးရန်၊
- လူ့အခွင့်အရေးကောင်စီ၏တိုင်ကြားမှုလုပ်ထုံးလုပ်နည်းအောက်ရှိကိစ္စရပ်အား သုံးသပ်မှုပြုခြင်းအား ရပ်နားပြီး အများပြည်သူ ထည့်သွင်းစဉ်းစားမှုကို ရရှိရန်၊
- OHCHR မှ သက်ဆိုင်ရာနိုင်ငံအား နည်းပညာဆိုင်ရာပူးပေါင်းမှု၊ စွမ်းဆောင်ရည်မြှင့်တင်ရေးပံ့ပိုးမှု သို့မဟုတ် အကြံပေးဝန်ဆောင်မှုများ ပေးရန် အကြံပြုထောက်ခံခြင်း တို့ဖြစ်သည်။

ထည့်သွင်းစဉ်းစားမှုအောက်ရှိ အခြေအနေတစ်ရပ်နှင့် စပ်လျဉ်းသည့် တသီးပုဂ္ဂလများနှင့် အစိုးရများတို့မှ ပေးပို့သည့် အချက်အလက်အားလုံးကိုလည်းကောင်း၊ လုပ်ထုံးလုပ်နည်း အဆင့်များစွာတို့၌ ချမှတ်သော ဆုံးဖြတ်ချက်ကိုလည်းကောင်း **လျှို့ဝှက်**ထိန်းသိမ်းမည်ဖြစ်သည်။ ၎င်းတွင် ဆောင်ရွက်မှုရပ်တန့်လိုက်သော အခြေအနေရပ်များလည်းပါဝင်သည်။

**လူ့အခွင့်အရေးကောင်စီ၏တိုင်ကြားမှုလုပ်ထုံးလုပ်နည်းအောက်၌ တိုင်ကြားမှုတစ်ရပ်အား မည်သည့်နေရာသို့ပေးပို့ရမည်နည်း**

Human Rights Council Branch (complaint procedure)

Office of the United Nations High Commissioner for Human Rights
Palais des Nations

8–14, avenue de la Paix CH–1211

Geneva 10 - Switzerland Fax: +41 (0)22

917 90 11 E-mail: CP@ohchr.org

## နောက်ဆက်တွဲ ၁ - ဆက်သွယ်သတင်းပေးပို့ချက်များအတွက် စံပြတိုင်ကြားစာပုံစံ

- နိုင်ငံသားနှင့်နိုင်ငံရေးအခွင့်အရေးဆိုင်ရာနိုင်ငံတကာသဘောတူစာချုပ်၏ လိုက်နာရန်ရွေးချယ်ခွင့် ရှိသော နောက်ဆက်တွဲ စာချုပ်
- ညှဉ်းပန်းနှိပ်စက်မှုနှင့်အခြားသောရက်စက်မှုပုံစံများဖြစ်သည့် လူမဆန်သော (သို့) နိမ့်ကျ သောအပြုမူ (သို့) အပြစ်ပေးမှုဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်
- လူမျိုးရေးခွဲခြားဆက်ဆံမှုပုံစံအားလုံးဖျက်သိမ်းရေးဆိုင်ရာနိုင်ငံတကာသဘောတူစာချုပ်

အထက်ဖော်ပြပါလုပ်ငန်းအစီအစဉ်များထဲမှ မည်သည်ကို တိုင်တည်ကြောင်း ဖော်ပြပေးပါ။

ရက်စွဲ - ___________________________

**၁။ တိုင်ကြားသူ၏ အချက်အလက်များ -**

- မိသားစုအမည်
- ပထမအမည်စာလုံး(များ)
- လူမျိုး
- မွေးသက္ကရာဇ်နှင့် မွေးရပ်
- ဤတိုင်ကြားမှုနှင့် စာပေးစာယူလုပ်ရန်အတွက်လိပ်စာ
- ဆက်သွယ်သတင်းပေးပို့ချက်အားတင်သွင်းမှုကို အောက်ပါမှ မည်သည်ဖြစ်သည်ကို ဖော်ပြရန်
  - သင်ကိုယ်တိုင်အတွက်၊
  - အခြားပုဂ္ဂိုလ်တစ်ဦးကိုယ်စား။

*[တိုင်ကြားမှုသည် အခြားပုဂ္ဂိုလ်တစ်ဦး၏ကိုယ်စားတင်သွင်းမှုဖြစ်ပါက]*

- ထိုအခြားပုဂ္ဂိုလ်၏ အောက်ပါပုဂ္ဂိုလ်ရေးရာအချက်အလက်များကို ဖော်ပြပေးပါ -
- မိသားစုအမည်
- ပထမအမည်စာလုံး(များ)
- နိုင်ငံသား
- လိပ်စာ သို့မဟုတ် တည်နေရာ

သင်သည့် ကာယကံရှင်၏ သိရှိမှုနှင့် သဘောတူညီမှုအားဖြင့် ဆောင်ရွက်နေပါက၊ ဤတိုင်ကြားမှုကို သင်မှ ဆောင်ရွက်စေရန် ထိုပုဂ္ဂိုလ်၏ ခွင့်ပြုချက်၊

*သို့မဟုတ်*

သင်သည်ခွင့်ပြုချက်မရရှိထားပါက၊ ထိုပုဂ္ဂိုလ်နှင့် သင်၏ ဆက်နွှယ်မှုအခြေအနေကို ရှင်းပြပေးပြီး၊ ထိုသူ/သူမ၏ ကိုယ်စား ဤတိုင်ကြားမှုအား အဘယ်ကြောင့်တင်သွင်းရသည်ကို အသေးစိပ်ဖော်ပြပေးပါ။

**၂။ သက်ဆိုင်ရာနိုင်ငံ/ ချိုးဖောက်လိုက်သောပုဒ်မများ**

- လိုက်နာရန်ရွေးချယ်ခွင့်ရှိသောနောက်ဆက်တွဲစာချုပ်၏အဖွဲ့ဝင်ဖြစ်သည့် (လူ့အခွင့်အရေး ကော်မတီသို့ တင်သွင်းသောတိုင်ကြားမှုဖြစ်ခဲ့သော်)၊ သို့မဟုတ် သက်ဆိုင်ရာကြေညာမှုဆောင်ရွက်ထားသည့် (ညှဉ်းပန်း နှိပ်စက်မှုနှင့်အခြားသောရက်စက်မှုပုံစံများဖြစ်သည့် လူမဆန်သော၊သို့မဟုတ် နိမ့်ကျ သောအပြုမူ သို့ဟုတ် အပြစ်ပေးမှုဆိုင်ရာ သဘောတူစာချုပ်ဖြစ်ခဲ့လျှင်) နိုင်ငံ၏အမည်
- ချိုးဖောက်လိုက်သည်ဟုစွပ်စွဲထားသည့် သဘောတူစာချုပ် သို့မဟုတ် ကွန်ဗဲန်းရှင်း၏ပုဒ်မများ

VIII

## ၃။ ပြည်တွင်းကုစားမှုများအထမမြောက်ခြင်း/ အခြားသော နိုင်ငံတကာလုပ်ထုံးလုပ်နည်းများထံ လျှောက်ထားခြင်း

- စွပ်စွဲမှုပြုသည့် ခံရသူ(များ)၏ကိုယ်တိုင် သို့မဟုတ် ကိုယ်စားဖြစ်သူမှ သက်ဆိုင်ရာနိုင်ငံအတွင်း စွပ်စွဲမှုပြုထားသည့် ချိုးဖောက်မှုအတွက် ကုစားမှုရရှိရန် ဆောင်ရွက်ခဲ့သည့် ခြေလှမ်းများ --တရားရုံးများ နှင့် အခြားသော အများပြည်သူအာဏာပိုင်များကို အားကိုးအားထားခြင်းအပါအဝင် မည်သည့်လုပ်ထုံးလုပ်နည်းများဖြင့် ကြိုးပမ်းခဲ့သည်၊ မည်သည့်အခိုင်မာတွက်ဆိုမှုကို မည်သည့်အချိန်တွင်ပြုခဲ့သည်၊ နှင့် မည်သည့်ရလဒ်များရရခဲ့သည်ဟူသော အသေးစိပ်ဖော်ပြချက်များ၊
- ၎င်းတို့၏လျှောက်ထားမှုသည် မလိုအပ်ဘဲအချိန်ဆွဲထားခြင်း၊ ၎င်းတို့သည်ထိရောက်မှုမရှိခြင်း၊ ၎င်းတို့သည်သင့်အတွက် မရရှိနိုင်ခြင်း၊ သို့မဟုတ် အခြားအကြောင်းအရင်းများ စသည်တို့ကြောင့် ထိုကုစားမှုများကို မပြီးမြောက်ခဲ့ပါက၊ အကြောင်းရင်းများကို အသေးစိပ်ရှင်းပြပေးပါ၊
- သင်သည်ဤအမှုကို အခြားနိုင်ငံတကာစုံစမ်းစစ်ဆေးမှု သို့မဟုတ် ကျေအေးမှုမှုဆိုင်ရာ လုပ်ထုံးလုပ်နည်း သို့ တင်သွင်းခဲ့ပါသလား (ဥပမာ - အမေရိကတိုက်လူ့အခွင့်အရေးကော်မရှင်၊ ဥရောပလူ့အခွင့်အရေးခုံရုံး၊ သို့မဟုတ် အာဖရိကလူသားနှင့် ပြည်သူများ၏အခွင့်အရေးဆိုင်ရာကော်မရှင်)၊
- ထိုသို့တင်သွင်းခဲ့ဖူးပါက မည်သည့်လုပ်ထုံးလုပ်နည်းအား ကြိုးပမ်းခဲ့သည်၊ မည်သည့်တောင်ဆိုမှုများ ချမှတ်ခဲ့သည်၊ မည်သည့်အချိန်ဆောင်ရွက်ခဲ့သည်၊ မည်သည့်ရလဒ်များရရှိခဲ့သည်တို့ကို အသေးစိပ်ဖော်ပြပါ။

## ၄။ ဖြစ်ရပ်အချက်အလက်များနှင့် တိုင်ကြားမှု

- အချိန်ကာလအစဉ်အလိုက် စွပ်စွဲမှုပြုထားသည့်ချိုးဆောင်မှုများ၏ ဖြစ်ရပ်အချက်အလက်များနှင့် အခြေအနေများကို အသေးစိပ်ဖော်ပြပါ။ သင်၏အမှုအား သုံးသပ်ခြင်းနှင့် ထည့်သွင်းစဉ်းစားခြင်းနှင့်စပ်လျဉ်းမည့် အချက်အလက်အားလုံးကို ထည့်သွင်းပါ။ သင်၏အခွင့်အရေးအား ချိုးဖောက်ကြောင်းဖော်ပြသည့် အချက်များနှင့် အခြေအနေများကို သင်မည်သို့ထင်မြင်ကြောင်း ရှင်းပြပါ။
- စာရေးသူ၏လက်မှ

## ၅။ ပံ့ပိုးမှုပြုသောစာရွက်စာတမ်းများ စစ်ဆေးမှုစာရင်း (မိတ္တူများ၊ မူရင်းမဟုတ်၊ ကို သင်၏တိုင်ကြားမှု နှင့်အတူ ပူးတွဲရန်)

- အရေးအသားဖြင့် ဆောင်ရွက်ရန် ခွင့်ပြုချက် (အကယ်၍ သင်သည့်အခြားသူတစ်ဦး၏ကိုယ်စား တိုင်ကြားမှု တင်သွင်းပြီး၊ သက်ဆိုင်ရာအာဏာပိုင်၏လစ်ဟာမှုကို ရှင်းချက်မထုတ်ပါက)၊
- သင်၏ အခိုင်အမာတွက်ဆိုမှုအပေါ် ပြည်တွင်းတရားရုံးများနှင့် အာဏာပိုင်များ၏ဆုံးဖြတ်ချက်များ (သက်ဆိုင်ရာ အမျိုးသားဥပဒေပြဌာန်းမှုမိတ္တူတစ်စုံသည်လည်း အကူညီအပေးပါမည်)၊
- အခြား နိုင်ငံတကာစုံးစမ်းစစ်ဆေးမှု သို့မဟုတ် ကျေအေးမှုလုပ်ထုံးလုပ်နည်းတစ်စုံတစ်ရာအား တိုင်ကြားမှုများ တင်သွင်းခြင်းနှင့် ဆုံးဖြတ်ချက်များ ၊
- သင်၏ တွက်ဆိုမှုနှင့် /သို့မဟုတ် သင်၏အကြောင်းပြချက်များဆိုင်ရာ အထက်အမှတ် ၄ ရှိ သင်၏ ဖော်ပြချက်အား အတည်ပြုပေးသည့် စာရွက်စာတမ်းတစ်စုံတစ်ရာ သို့မဟုတ် ထောက်ခံမှုပေးသော အခြားသက်သေများ စသည့် သင်၏အခွင့်အရေးအား ချိုးဖောက်သည့် ပမာဏကို ဖော်ပြပေးသည့် အချက်အလက်များ။

**ဤအချက်အလက်များကို သင်မပူးတွဲခဲ့၍ သင့်ထံမှသာ ၎င်းတို့အား တောင်းဆိုလာပါက၊ သို့မဟုတ် ပူးတွဲ စာရွက်စာတမ်းများသည် အတွင်းရေးမှူးရုံးအဖွဲ့ လုပ်ငန်းသုံးဘာသာစကားများဖြင့်မဟုတ်ပါက၊ သင်၏တိုင်ကြားမှုအတွင် ထည့်သွင်းစဉ်းစားပေးမှုသည် နှောင့်နှေးသွားပါလိမ့်မည်။**

# နောက်ဆက်တွဲ ၂ - ဆက်သွယ်သတင်းပေးပို့ချက်များအတွက် တိုင်ကြားမှုလမ်းညွှန်ချက်များ

**အမျိုးသမီးများအားနည်းမျိုးစုံဖြင့်ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်၏ လိုက်နာရန်ရွေးချယ်ခွင့် ရှိသော နောက်ဆက်တွဲစာချုပ်**

**၁။ ဆက်သွယ်သတင်းပေးပို့ချက်ရေးသားသူနှင့်စပ်လျဥ်းသည့် သတင်းအချက်အလက်များ**

- မိသားစုအမည်
- ပထမအမည်စာလုံး(များ)
- မွေးသက္ကရာဇ်နှင့် မွေးရပ်
- လူမျိုး/နိုင်ငံသား
- နိုင်ငံကူးလက်မှတ်/မှတ်ပုံတင် နံပါတ် (ရှိလျှင်)
- လိင်
- အိမ်ထောင်ရေးအခြေအနေ/ကလေးသူငယ်များ
- အလုပ်အကိုင်
- တိုင်းရင်းသားနောက်ခံ၊ ဘာသာရေး၊ လူမှုရေးဆိုင်ရာအဖွဲ့အစည်း
- လက်ရှိနေရပ်လိပ်စာ
- လျှို့ဝှက်စာပေးစာယူမှုများအတွက် စာပို့လိပ်စာ (နေရပ်လိပ်စာနှင့်မတူလျှင်)
- ဖက်စ်/တယ်လီဖုန်း/အီးမေးလ်
- တိုင်ကြားစာအား အောက်ပါမည်သည့်အချက်ဖြင့် တင်သွင်းကြောင်းဖော်ပြပေးပါ -
  - စွပ်စွဲသူ (များ) - စွပ်စွဲမှုပြုသည့်ခံရသူများစုပေါင်းသည် အဖွဲ့တစ်ခုဖြစ်က တစ်ဦးချင်းစီ၏ အခြေခံအချက်အလက်များကို ဖော်ပြပေးပါ။
  - စွပ်စွဲမှုပြုသည့်ခံရသူ(များ)ကိုယ်စား - ခံရသူ(များ)၏ သဘောတူညီချက်ကို ဖော်ပြသည့် သက်သေ သို့မဟုတ် ထိုသို့သောသဘောတူညီချက်မပါရှိသည့် တိုင်ကြားမှုတင်သွင်းချက်အား ရှင်းလင်း ပေးသည့် အကြောင်းပြချက်များ ပေးပို့ပါ။

**၂။ စွပ်စွဲမှုပြုသည့်ခံရသူ(များ)နှင့်စပ်လျဥ်းသည့် သတင်းအချက်အလက်များ (စာရေးသူမဟုတ်ခဲ့ပါက)**

- မိသားစုအမည်
- ပထမအမည်စာလုံး(များ)
- မွေးသက္ကရာဇ်နှင့် မွေးရပ်
- လူမျိုး/နိုင်ငံသား
- နိုင်ငံကူးလက်မှတ်/မှတ်ပုံတင် နံပါတ် (ရှိလျှင်)
- လိင်
- အိမ်ထောင်ရေးအခြေအနေ
- အလုပ်အကိုင်
- တိုင်းရင်းသားနောက်ခံ၊ ဘာသာရေး၊ လူမှုရေးဆိုင်ရာအဖွဲ့အစည်း
- လက်ရှိနေရပ်လိပ်စာ
- လျှို့ဝှက်စာပေးစာယူမှုများအတွက် စာပို့လိပ်စာ (နေရပ်လိပ်စာနှင့်မတူလျှင်)
- ဖက်စ်/တယ်လီဖုန်း/အီးမေးလ်

**၃။ သက်ဆိုင်ရာနိုင်ငံ၏ အချက်အလက်များ**

- အဖွဲ့ဝင်နိုင်ငံ၏အမည်

VIII

### ၄။ စွပ်စွဲမှုပြုထားသည့် ချိုးဖောက်မှု(များ)၏ သဘောသဘာဝ

သင်၏အခိုင်အမာတွက်ဆိုချက်အား ခိုင်လုံစေမည့် အချက်အလက်များအသေးစိပ်ဖော်ပြခြင်း၊ အောက်ပါတို့အပါအဝင်
- စွပ်စွဲမှုပြုသည့်ချိုးဖောက်မှု(များ)နှင့် စွပ်စွဲထားသည့်တရားခံ(များ)ဆိုင်ရာဖော်ပြချက်
- နေ့စွဲ (များ)
- နေရာ (များ)
- အမျိုးသမီးများအားနည်းမျိုးစုံဖြင့်ခွဲခြားဆက်ဆံမှုဆိုင်ရာသဘောတူစာချုပ်၏ပြဋ္ဌာန်းချက်များအား ချိုးဖောက်မှု စွပ်စွဲချက်။ အကယ်၍တိုင်ကြားမှုသည် ပြဋ္ဌာန်းချက်တစ်ခုထက်ပို၍ ရည်ညွှန်းပါက ကိစ္စရပ်တစ်ခုစီအား သီးခြားဖော်ပြပေးပါ။

### ၅။ ပြည်တွင်းကုစားမှုများရရှိရန် ဆောင်ရွက်ခဲ့သည့်ခြေလှမ်းများ

ပြည်တွင်းကုစားမှုများရရှိရန်ဆောင်ရွက်ခဲ့မှုများကို ဖော်ပြပါ၊ ဥပမာ၊ ဥပဒေရေးရာ၊ အုပ်ချုပ်မှုရေး၊ တရားစီရင်ရေး၊ မူဝါဒ သို့မဟုတ် ကုစားမှုအစီအစဉ်များ ရရှိရန် ကြိုးပမ်းခဲ့ပုံများ၊ အောက်ပါတို့ အပါအဝင် -
- တောင်းဆိုခဲ့သည့်ကုစားမှုအမျိုးအစား(များ)
- နေ့စွဲ (များ)
- နေရာ (များ)
- စတင်အရေးယူဆောင်ရွက်ခဲ့သူ
- မည်သည့်အာဏာပိုင် သို့မဟုတ် အဖွဲ့အား လိပ်မူခဲ့သနည်း
- အမှုအားကြားနာမှုပြုသည့်တရားရုံး၏အမည် (ရှိခဲ့လျှင်)
- ပြည်တွင်းကုစားမှုများမရရှိခဲ့ပါက အဘယ်ကြောင့်ဖြစ်သည်ကို ရှင်းပြပါ။

**မှတ်ရန်** - သက်ဆိုင်ရာစာရွက်စာတမ်းအားလုံး၏ မိတ္တူများကို ပူးတွဲပေးပါ။

### ၆။ အခြားသောနိုင်ငံတကာလုပ်ထုံးလုပ်နည်းများ

လက်ရှိအမှုသည် အခြားနိုင်ငံတကာစုံစမ်းစစ်ဆေးရေး၊ သို့မဟုတ် ဖြေရှင်းရေး လုပ်ထုံးလုပ်နည်းတစ်ခုအောက်၌ စစ်ဆေးမှုပြုထားပြီး သို့မဟုတ် ပြုနေဆဲ ဖြစ်ပါသလား။ ဖြစ်ခဲ့လျှင်၊ အောက်ပါတို့ကို ဖော်ပြပေးပါ
- လုပ်ထုံးလုပ်နည်းအမျိုးအစား(များ)
- နေ့စွဲ (များ)
- နေရာ (များ)
- ရလဒ်များ (ရှိလျှင်)

**မှတ်ရန်** - သက်ဆိုင်ရာစာရွက်စာတမ်းအားလုံး၏ မိတ္တူကို ပူးတွဲပေးပါ။

### ၇။ နေ့စွဲ နှင့် လက်မှတ်

နေ့စွဲ/နေရာ - ______________________________

ရေးသားသူ(များ)နှင့်/သို့မဟုတ် ခံရသူ(များ)၏လက်မှတ် - ______________________________

### ၈။ ပူးတွဲထားသည့် စာရွက်စာတမ်းများစာရင်း (မူရင်းကိုမပေးပို့ပါနှင့်၊ မိတ္တူကိုသာပေးပို့ရန်)

VIII

## ၉။ ရန်ပုံငွေများနှင့်ထောက်ပံ့ငွေများ (FUNDS AND GRANTS)

ရန်ပုံငွေများနှင့် ထောက်ပံ့ငွေများစွာရှိလေရာ၊ အချို့တို့အား **ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံး** (OHCHR) မှ တိုက်ရိုက် စီမံခန့်ခွဲမှုပြုပြီး အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ (NGO)များ၊ အောက်ခြေအဖွဲ့အစည်းများ၊ ပရော်ဖက်ရှင်နယ် အသင်းအဖွဲ့များနှင့် တသီးပုဂ္ဂလများပါဝင်သည့် အရပ်ဘက်အဖွဲ့အစည်းများထံသို့ တိုက်ရိုက်အကျိုးပြုပေးပါသည်။ ၎င်းတို့သည် အချို့သောလူ့အခွင့်အရေးဆိုင်ရာနယ်ပယ်များရှိ အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာဆောင်ရွက်သူများအတွက် ငွေကြေးဆိုင်ရာ ပံ့ပိုးမှုများကို ကူညီပေးနိုင်ပါသည်။

**ရန်ပုံငွေအဖွဲ့များ** အား ၎င်းတို့၏လုပ်ပိုင်ခွင့်အာဏာအတွင်းရှိ လုပ်ရှားမှုများကို ပံ့ပိုးပေးရန် ထောက်ပံ့ငွေများအဖြစ် ရရှိနိုင်ပါသည်။ OHCHR နှင့် အခြားသောကုလသမဂ္ဂရုံးများသည် အချို့သောအခြေအနေရပ်များရှိ အရပ်ဘက်အဖွဲ့အစည်းများဆိုင်ရာ လုပ်ဆောင်သူများအားပံ့ပိုးပေးရန် ရန်ပုံငွေနှင့်ထောက်ပံ့ငွေများစွာတို့အား စီမံခန့်ခွဲပေးပါသည်။ ရန်ပုံငွေများကို အစိုးရ များ၊ NGO များ၊ အခြား ပုဂ္ဂလိက သို့မဟုတ် အများပြည်သူအဖွဲ့အစည်းများ နှင့် တသီးပုဂ္ဂလများ၏ စေတနာအလျောက် လှူဒါန်းမှုများမှ လက်ခံရရှိပြီး ၎င်းတို့၏လုပ်ပိုင်ခွင့်နှင့်အညီ ပြန်လည်ခွဲဝေပေးပါသည်။

အရပ်ဘက်အဖွဲ့အစည်းများဖြစ်သည့် NGO များ၊ အောက်ခြေအဖွဲ့အစည်းများ၊ ရပ်ရွာလူထုအဖွဲ့အစည်းများ နှင့် ပရောဖက်ရှင်နယ် အသင်းအဖွဲ့များ စသည်တို့သည်ယေဘုယျအားဖြင့် ရန်ပုံငွေများနှင့် ထောက်ပံ့ငွေများကို လျှောက်ထားပိုင်ခွင့်ရှိပါသည်။ အချို့သောကိစ္စရပ်များတွင် တစ်သီးပုဂ္ဂလများမှလည်း ရန်ပုံငွေများကို လျှောက်ထားနိုင်သည်။ ရန်ပုံငွေ လျှောက်ထားမှုပြုလိုသည့် အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာဆောင်ရွက်သူများအနေဖြင့် လမ်းညွှန်ချက်များကို သေချာစွာ သုံးသပ်မှုပြုပြီး၊ စီမံခန့်ခွဲရေးရာသတ်မှတ်ချက်နှင့် အခြားသတ်မှတ်ချက်များကို ဖြည့်ဆည်းနိုင်စေရပါမည်။

**ကုလသမဂ္ဂစီးပွားရေးနှင့်လူမှုရေးကောင်စီ (ECOSOC) နှင့် အတိုင်အပင်ခံအဆင့်ရှိခြင်းသည် NGO များ နှင့် အခြား အရပ်ဘက် အဖွဲ့အစည်းဆိုင်ရာဆောင်ရွက်သူများ အတွက် အဆိုပါရန်ပုံငွေများ သို့မဟုတ် ထောက်ပံ့ငွေများ တစ်စုံတစ်ရာတွင် ပါဝင်နိုင်ခြင်း သို့မဟုတ် ရရှိနိုင်ခြင်းတို့အတွက် သတ်မှတ်ချက်မဟုတ်ပါ။**

### က။ ရန်ပုံငွေများနှင့် ထောက်ပံ့ငွေများသည် မည်သည်တို့နည်း

OHCHR မှ စီမံခန့်ခွဲပေးသည့် ရန်ပုံငွေနှင့်ထောက်ပံ့ငွေများမှာ -

- **ညှဉ်းပန်းနှိပ်စက်ခံရသူများအတွက် ကုလသမဂ္ဂ စေတနာ့ရန်ပုံငွေ** သည် အရပ်ဘက်အဖွဲ့အစည်းများ အား ထောက်ပံ့ငွေများ ချပေးထားရာ ညှဉ်းပန်းနှိပ်စက်ခံရသူများနှင့် ၎င်းတို့၏မိသားစုဝင်များအတွက် ဆေးဝါး၊ စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေး၊ စီးပွားရေး၊ ဥပဒေရေးရာ၊ လူသားချင်းစာနာထောက်ထားမှု ကူညီပံ့ပိုးမှုများ သို့မဟုတ် အခြားကူညီပံ့ပိုးမှုပုံစံများကို စီစဉ်ပေးပါသည်။ လျှောက်ထားပိုင်ခွင့်ရှိသည့်အရပ်ဘက်အဖွဲ့အစည်းပါဝင်ဆောင်ရွက်သူများတွင် အထူးသဖြင့် NGO များ၊ အထူးပြုပြန်လည်ပြုစုပျိုးထောင်ရေးစင်တာများ၊ ခံရသူသားကောင်များဆိုင်ရာအသင်းအဖွဲ့များ၊ ဖောင်ဒေးရှင်းများနှင့် ဆေးရုံများတို့ဖြစ်ကြပြီး၊ မကြာခဏအဖြစ် တစ်သီးပုဂ္ဂလ လူ့အခွင့်အရေးကာကွယ်ပေးသူများ ဖြစ်ကြသည့်၊ ဥပမာ ခံရသူများကိုယ်စား ဆောင်ရွက်ပေးနေသည့် ရှေ့နေများ၊ အစရှိသည်တို့ ပါဝင်ကြသည်။

---

The Handbook is available in digital format on the OHCHR website at: http://www.ohchr.org/civilsocietyhandbook/
There you will find the Handbook's chapters available for download, as well as links to all the references contained in the publication.

- **မူရင်းဌာနေတိုင်းရင်းသားအုပ်စုများအတွက် စေတနာ့ရန်ပုံငွေ** သည် ကုလသမဂ္ဂအစည်းအဝေးများ၌ မူရင်းဌာနေလူမျိုးများ၏ အရေးကိစ္စများနှင့် စပ်လျဉ်းသည့် အစည်းအဝေးများသို့ မူရင်းဌာနေလူထု အသိုင်းအဝိုင်း များနှင့် အဖွဲ့အစည်းများ တို့၏ ကိုယ်စားလှယ်များ တက်ရောက်ပါဝင်မှုကို ကူညီပေးရန် ခရီးသွားစရိတ်များကို စီစဉ်ပေး ပါသည်။
- **ခေတ်ပေါ် ကျွန်ပြုမှုပုံစံများဆိုင်ရာကုလသမဂ္ဂ စေတနာ့ရန်ပုံငွေ** သည် အသေးစားစီမံကိန်းထောက်ပံ့ကြေးများ ကို ချပေးရာ အထူးသဖြင့် ခေတ်ပေါ် ကျွန်ပြုမှုပုံစံများ၏ ခံရသူသားကောင်းများအား ပံ့ပိုးကူညီပေးသော အရပ်ဘက်အဖွဲ့အစည်းများဖြစ်သည့် NGO များ၊ ရပ်ရွာလူထုနှင့် လူငယ်အဖွဲ့များ၊ အလုပ်သမားသမဂ္ဂများ သို့မဟုတ် ပရောဖက်ရှင်နယ်အသင်းအဖွဲ့များ စသည်တို့ပါဝင်သည်။
- **"ရပ်ရွာလူထုများပိုင်းဝန်းကူညီရေး" (ACT)** စီမံကိန်း သည် ဒေသန္တရလူ့အခွင့်အရေးဆိုင်ရာသင်တန်းများနှင့် ပညာပေး အစပျိုးဆောင်ရွက်ချက်များအတွက် အသေးစားထောက်ပံ့ကြေးများစီစဉ်ပေးပါသည်။

အရေးကြီးကိစ္စရပ်များဆောင်ရွက်သည့် အရပ်ဘက်အဖွဲ့အစည်းလှုပ်ရှားမှုများကို ပံ့ပိုးကူညီသည့်အခြားသော ရန်ပုံငွေနှစ်ခုကိုလည်း ဤအခန်းတွင် ဖော်ပြထားပါသည်။

- **ကုလသမဂ္ဂဒီမိုကရေစီရန်ပုံငွေ**အဖွဲ့သည် ဒီမိုကရေစီအင်စတီကျူးရှင်းများ တည်ထောင်အားကောင်းလာစေရန်၊ လူ့အခွင့်အရေးမြှင့်တင်ပေးရန်၊ ဒီမိုကရေစီလုပ်ငန်းစဉ်များတွင် အဖွဲ့အစည်းများ အားလုံး ပါဝင်လာစေရေး သေချာစေရန် ဆောင်ရွက်သည့် စီမံကိန်းများအတွက် ရန်ပုံငွေစီစဉ်ပေးပါသည်။
- **ကုလသမဂ္ဂ မသန်စွမ်းမှုဆိုင်ရာ စေတနာ့ရန်ပုံငွေ** အဖွဲ့သည် **မသန်စွမ်းပုဂ္ဂိုလ်များဆိုင်ရာသဘောတူစာချုပ်** အား အကောင်အထည်ဖော်ဆောင်မှုတွင် အရပ်ဘက်လူ့အဖွဲ့အစည်းများ ပါဝင်လာစေရေးအတွက် ၎င်းတို့၏ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်းကို ဦးတည်သည့် လုပ်ဆောင်ချက်များကို ပံ့ပိုးပေးရန် အသေးစား ထောက်ပံ့ကြေးများ စီစဉ်ပေးပါသည်။

အခြားသောကုလသမဂ္ဂရုံးများမှ စီမံခန့်ခွဲပေးပါသော်လည်း OHCHR အား ယင်းရန်ပုံငွေနှစ်ရပ်လုံးတွင် အခန်းကဏ္ဍတစ်ရပ် တာဝန်ခွဲခန့်ပေးထားပါသည်။

## ဆက်သွယ်ရန်

*OHCHR မှစီမံခန့်ခွဲပေးသည့် ရန်ပုံငွေများ*

**ညှဉ်းပန်းနှိပ်စက်ခံရသူများအတွက်  ကုလသမဂ္ဂ စေတနာ့ရန်ပုံငွေ**

United Nations Voluntary Fund for Victims of Torture
Office of the United Nations High Commissioner for Human Rights
Palais des Nations
8–14, avenue de la Paix
CH–1211 Geneva 10 - Switzerland
Phone: +41 (0)22 917 93 15
Fax: +41 (0)22 917 90 17 E-
mail: unvfvt@ohchr.org

**မူရင်းဌာနေတိုင်းရင်းသားအုပ်စုများအတွက် စေတနာ့ရန်ပုံငွေ**

Voluntary Fund for Indigenous Populations
Office of the United Nations High Commissioner for Human Rights
Palais des Nations
8–14, avenue de la Paix
CH–1211 Geneva 10 - Switzerland
Phone: +41 (0)22 928 91 64 or +41 (0)22 928 91 42 Fax:
+41 (0)22 928 90 66
E-mail: IndigenousFunds@ohchr.org

**ခေတ်ပေါ်ကျွန်ပြုမှုပုံစံများဆိုင်ရာကုလသမဂ္ဂ စေတနာ့ရန်ပုံငွေ**

United Nations Voluntary Fund on Contemporary Forms of Slavery Office of the
United Nations High Commissioner for Human Rights
Palais des Nations
8–14, avenue de la Paix
CH–1211 Geneva 10 - Switzerland
Phone: +41 (0)22 928 93 81 or +41 (0)22 928 91 64 Fax:
+41 (0)22 928 90 66
E-mail: SlaveryFund@ohchr.org

**'ရပ်ရွာလူထုများဝိုင်းဝန်းကူညီရေး (ACT) စီမံကိန်း**

ACT Project
Office of the United Nations High Commissioner for Human Rights
Palais des Nations
8–14, avenue de la Paix
CH–1211 Geneva 10 - Switzerland Fax:
+41 (0)22 928 90 61
E-mail: ACTProject@ohchr.org

*OHCHR သည် ကဏ္ဍတစ်ရပ်အဖြစ်ခွဲခန့်ထားရှိသည့် အခြားသောကုလသမဂ္ဂရုံးများမှစီမံခန့်ခွဲသည့်ရန်ပုံငွေများ*

**ကုလသမဂ္ဂဒီမိုကရေစီရန်ပုံငွေအဖွဲ့**

United Nations Democracy Fund (UNDEF)
United Nations
One UN Plaza, Room DC1-1330
New York, NY 10017
United States of America
Phone: +1 917 367 42 10 or +1 917 367 80 62
Fax: +1 212 963 14 86
E-mail: democracyfund@un.org

**ကုလသမဂ္ဂ မသန်စွမ်းမှုဆိုင်ရာ စေတနာ့ရန်ပုံငွေအဖွဲ့**

မသန်းစွမ်းပုဂ္ဂိုလ်များ၏အခွင့်အရေးဆိုင်ရာသဘောတူစာချုပ်ဆိုင်ရာ အတွင်းရေးမှူးရုံးအဖွဲ့
စီးပွားရေးနှင့်လူမှုရေးဆိုင်ရာဌာန
United Nations
Two UN Plaza, DC2-1372 New
York, NY 10017 United States
of America Fax: +1 212 963
01 11 E-mail: enable@un.org

## ခ။ ရန်ပုံငွေများနှင့် ထောက်ပံ့ငွေများကိုမည်သို့ဆောင်ရွက်သနည်း

### ၁။ ညှဉ်းပန်းနှိပ်စက်ခံရသူများအတွက် ကုလသမဂ္ဂစေတနာ့ရန်ပုံငွေအဖွဲ့

**ညှဉ်းပန်းနှိပ်စက်ခံရသူများအတွက် ကုလသမဂ္ဂစေနာ့ရန်ပုံငွေအဖွဲ့၏** လုပ်ပိုင်ခွင့်သည် ညှဉ်းပန်းနှိပ်စက်ခံရသူများနှင့် ၎င်းတို့၏ မိသားစုဝင်များအတွက်  လူသားခြင်းစာနာသော ပံ့ပိုးမှုများ (ဆေးဝါး၊ စိတ်ပိုင်းဆိုင်ရာ၊ ဥပဒေရေးရာနှင့် ငွေကြေးဆိုင်ရာ) အတွက် စီမံကိန်းများကို **ထောက်ပံ့ကြေး** စီစဉ်ပေးရန်ဖြစ်သည်။ ၎င်းကို အများအားဖြင့် ဖွဲ့စည်းပြီး ဖြစ်သော ကူညီမှု လမ်းကြောင်းများဖြစ်သည့် အရပ်ဘက်အဖွဲ့အစည်းများ ဖြစ်သည့် NGO များ၊ အထူးပြု ပြန်လည် ပြုစုပျိုးထောင်ရေး စင်တာများ၊ ခံရသူများဆိုင်ရာ အသင်း အဖွဲ့များ၊ ဖောင်ဒေးရှင်းများ နှင့် ဆေးရုံများ အားဖြင့် လည်း ကောင်း၊ မကြာခဏ အဖြစ် တစ်သီးပုဂ္ဂလလူ့အခွင့်အရေးကာကွယ်ပေးသူများအားဖြင့်လည်းကောင်း ဆောင်ရွက်ပါသည်။ အစိုးရပိုင်း၊ သို့မဟုတ် လွှတ်တော်၊ သို့မဟုတ် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ သို့မဟုတ် အမျိုးသား လွတ်မြောက်ရေး လှုပ်ရှားမှုများး စသည်တို့မှ လျှောက်ထားချက်များကို လက်ခံမည်မဟုတ်ပါ။

ညှဉ်းပန်းနှိပ်စက်ခံရသူများအတွက် စေတနာ့ရန်ပုံငွေသည် OHCHR မှအကြီးမားဆုံးစီမံခန့်ဖွဲ့မှုဖြစ်ပြီး နိုင်ငံပေါင်း ၆၀ ကျော်တွင် အရပ်ဘက်အဖွဲ့အစည်းများမှ အကောင်အထည်ဖော်ဆောင်သည့် စီမံကိန်းများကို ပံ့ပိုးကူညီပေးပါသည်။ ၎င်းကို ကုလမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်မှ ဘုတ်အဖွဲ့၏အကြံပေးချက်ဖြင့် စီမံခန့်ခွဲပါသည်။ ဘုတ်အဖွဲ့သည် တစ်နှစ်လျှင် ၂ ကြိမ်တွေ့ဆုံရာ၊ ဖေဖော်ဝါရီလတွင် မူဝါဒအရေးကိစ္စများနှင့်၊ အောက်တိုဘာလတွင် ထောက်ပံ့ကြေးကိစ္စများကို ဆွေးနွေးသည်။ ၎င်းသည် ယခင်ထောက်ပံ့ကြေးများအသုံးပြုမှုဆိုင်ရာ အစီရင်ခံစာများ သုံးသပ်ခြင်း၊ ထောက်ပံ့ကြေးအသစ်များ

ဆိုင်ရာ အကြံပြုချက်များချမှတ်ခြင်းတို့ဆောင်ရွက်ပြီး၊ ရန်ပုံငွေပေးသည့်အလှူရှင်များနှင့် အခြားသော အဖွဲ့အစည်းဆိုင်ရာ အလှူရှင်များတို့ဖြင့် ပုံမှန်တွေ့ဆုံကာ၊ ညှဉ်းပန်းနှိပ်စက်ခံရသူများအား အကူအညီပေးခြင်းနှင့်စပ်လျဉ်းသည့် မူဝါဒ အရေးကိစ္စရပ်များကို ဆွေးနွေးမှုပြုပါသည်။

ရန်ပုံငွေအဖွဲ့၏အတွင်းရေးမှူးရုံးအဖွဲ့နှင့် ဘုတ်အဖွဲ့တို့သည် ဂျီနီဗာရှိ OHCHR တွင်အခြေစိုက်ပါသည်။ စီမံကိန်း ထောက်ပံ့ကြေး များအတွက် လျှောက်ထားမှုများကို လက်ခံခြင်းအား အတွင်းရေးရုံးအဖွဲ့မှ ဆုံးဖြတ်ကာ၊ ဘုတ်အဖွဲ့၏ အခန်းကဏ္ဍ မှာ လျှောက်ထားချက်များ၏ အရည်အသွေးများကို အကဲဖြတ်ပေးခြင်းဖြစ်သည်။ ဘုတ်အဖွဲ့သည် အောက်ပါ အချက်များ အပါအဝင်တို့ကို ထည့်သွင်းစဉ်းစားမှုပြုပေးပါသည် -

- စီမံကိန်းတစ်ရပ်မှ ကူညီပံ့ပိုးပေးရမည့် ညှဉ်းပန်းနှိပ်စက်ခံရသူများနှင့် ၎င်းတို့၏မိသားစုဝင်များတို့၏ အရေအတွက်၊
- ခံခဲ့ရသည့်ညှဉ်းပန်းနှိပ်စက်မှုအမျိုးအစားနှင့် နောက်ဆက်တွဲ ခံရသည့်အကျိုးအဆက်များ၊
- လိုအပ်နေသော ကူညီပံ့ပိုးမှုအမျိုးအစား၊
- ညှဉ်းပန်းနှိပ်စက်ခံရသူများအားကူညီပံ့ပိုးပေးရာတွင် စီမံကိန်းဝန်ထမ်းများ၏ ကျွမ်းကျင်မှုအတွေ့အကြုံ၊
- ကူညီပေးရမည့် ခံရသူများ၏ ဖြစ်ရပ်လေ့လာမှု (case studies)များ၊
- ညှဉ်းပန်းနှိပ်စက်ခံရသူများအား လူသားခြင်းစာနာသောကူညီပံ့ပိုးမှုအတွက် အသေးစားစီမံကိန်းများကို ကူညီ ပေးရန်လိုအပ်မှု၊ အများစုတွင် အလွန်နည်းပါးသောရန်ပုံငွေသာရရှိသည်။ ဦးစားပေးဒေသများမှာ - အာဖရိက၊ အာရှ၊ အာရှအလယ်ပိုင်းနှင့် ဥရောပအရှေ့ပိုင်းဒေသတို့ဖြစ်သည်။

ရန်ပုံငွေအဖွဲ့မှ ထောက်ပံ့ကြေးများသည် ၁၂ လ ကာလကို လွှမ်းခြုံပါသည်။ စီမံကိန်းတစ်ရပ်အား ဆက်လက်ဆောင်ရွက် ရန် လျှောက်ထားမှုအသစ်တင်သွင်းနိုင်ပြီး၊ ဘုတ်အဖွဲ့မှ **ယခင်ထောက်ပံ့ကြေးအသုံးပြုမှုအပေါ် အကြောင်းအရာ၊ ငွေကြေးနှင့် စာရင်းစစ်မှု တို့ဆိုင်ရာ ကျေနပ်ဖွယ်ဖြစ်သောအစီရင်ခံစာများ** ရရှိမှသာလျှင် အသစ်သောထောက်ပံ့ကြေးကို ထောက်ခံ ပေးမည်ဖြစ်သည်။

ထောက်ပံ့ကြေးစက်ဝန်းအကျော့သည် အောက်ပါခုနစ်အသီးသီးဖြစ်သည် -

- လျှောက်ထားချက်များလက်ခံမှုနှင့် ယခင်ထောက်ပံ့ကြေးများအသုံးပြုမှုအစီရင်ခံစာပေးသွင်းရန် နောက်ဆုံးရက် **ဧပြီလ ၁ ရက်**
- လျှောက်ထားချက်များဆိုင်ရာ ရုံးအဖွဲ့၏ အကဲဖြတ်စိစစ်ချက်၊နှင့် လက်ခံနိုင်ဖွယ်ဖြစ်သော လျှောက်ထားသူများထံ ကြိုတင်စစ်ဆေးရေးအလည်ပတ်သွားရောက်မှု - **ဧပြီလ မှ စက်တင်ဘာလအထိ၊**
- ဘုတ်အဖွဲ့၏အစည်းအဝေး - **အောက်တိုဘာ**
- ဘုတ်အဖွဲ့၏ထောက်ခံအကြံပြုချက်ဆိုင်ရာသတင်းအချက်အလက်ကို လျှောက်ထားသူထံပေးခြင်း - **နိုဝင်ဘာ၊**
- ထောက်ပံ့ကြေးပေးခြင်း - **ဇန်နဝါရီလမှ နောက်ထပ်လျှောက်ထားသည့်အချိန်အထိ**

## ညှဉ်းပန်းနှိပ်စက်ခံရသူများအတွက် ကုလသမဂ္ဂစေတနာ့ရန်ပုံငွေအဖွဲ့သို့ မည်သို့ချိတ်ဆက်နိုင်မည်နည်း[76]

### မည်သူသည် ထောက်ပံ့ကြေးလျှောက်ထားနိုင်သနည်း

- အစိုးရမဟုတ်သည့်အဖွဲ့အစည်းများသာလျှောက်ထားနိုင်ရာ၊ ၎င်းတွင် NGO များ၊ အထူးပြု ပြန်လည်ပြုစုပျိုး ထောင်ရေးစင်တာများ၊ ခံရသူများဆိုင်ရာအသင်းအဖွဲ့များ၊ ဖောင်ဒေးရှင်းများနှင့် ဆေးရုံများ၊ နှင့် ကြိမ်ဖန်နည်း သောအားဖြင့် တစ်သီးပုဂ္ဂလလူ့အခွင့်အရေးကာကွယ်ပေးသူများဖြစ်သည့် ခံရသူကိုယ်စားဆောင်ရွက်ပေးသော ရှေ့နေများ စသည်တို့ပါဝင်သည်။
- အစိုးရများ၊ အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုများ (သို့) နိုင်ငံရေးပါတီများမှလျှောက်ထားချက်များကို လက်ခံမည်မဟုတ်ပါ။

---

[76] အစိုးရများ၊ NGO များနှင့် အခြားသော ပုဂ္ဂလိက သို့မဟုတ် အများပြည်သူအဖွဲ့အစည်းများသည် ရန်ပုံငွေအဖွဲ့သို့ လှူဒါန်းမှုပြုနိုင်သည်။ ပိုမိုသိရှိလိုပါက အတွင်းရေးမှူးရုံးအဖွဲ့သို့ ဆက်သွယ်ပေးပါရန်။

- ညှဉ်းပန်းနှိပ်စက်မှုနှင့်အခြားသောရက်စက်မှုပုံစံများဖြစ်သည့် လူမဆန်သော (သို့) နိမ့်ကျ သောအပြုမူ (သို့) အပြစ်ပေးမှုခံရသည့် လူသားအားလုံးအားကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ကြေညာစာတမ်း ပုဒ်မ ၁ တွင် နားလည်ထားရသည်အတိုင်း စီမံကိန်း၏ တိုက်ရိုက်အကျိုးခံစားသူများသည် ညှဉ်းပမ်းနှိပ်စက်ခံရသူ (သို့) ၎င်းတို့၏ မိသားစုဝင်များဖြစ်ရမည်။
- စီမံကိန်းတွင်ပါဝင်နေသည့်ဝန်ထမ်းများသည် ညှဉ်းပန်းနှိပ်စက်ခံရသူများအားတိုက်ရိုက်ကူညီမှုတွင် အတွေ့အကြုံထားသင့်ပြီး၊ ထောက်ပံ့ကြေးတောင်းဆိုမှုတင်သွင်းသည့်အချိန်တွင် စီမံကိန်းသည့် နေရာတကျရှိပြီး ဖြစ်ရမည်။
- လျှောက်ထားမှုများကို OHCHR ဝက်ဘ်ဆိုက်ပေါ်မှရရှိနိုင်သည့် ရန်ပုံငွေ အွန်လိုင်းလျှောက်လွှာပုံစံအား အသုံးပြုခြင်းဖြင့် လျှောက်ထားရပါမည်။
- လျှောက်ထားမှုများကို နှစ်စဉ် ဧပြီလ ၁ ရက်မတိုင်မီ ရန်ပုံငွေအဖွဲ့၏အတွင်းရေးမှူးရုံးအဖွဲ့ထံသို့တင်သွင်းရမည်။

ရန်ပုံငွေအား ပထမဆုံးအကြိမ်လျှောက်ထားလျှင် -

- ၎င်းတို့အဖွဲ့အစည်းဆိုင်ရာနောက်ခံသတင်းအချက်အလက်များပေးပို့ရမည်၊
- ဝန်ထမ်းများသည် ညှဉ်းပန်းနှိပ်စက်ခံရသူများအားတိုက်ရိုက်ကူညီပံ့ပိုးပေးရာတွင် သင့်လျော်သော အတွေ့အကြုံရှိထားကြောင်း ဖော်ပြရမည် (ကိုယ်ရေးအကျဉ်းများအားပူးတွဲဖော်ပြပေးရမည်)၊
- စီမံကိန်းအတွက် ရည်မှန်းချက်များနှင့် ကျိုးကြောင်းပြချက်တို့အား ရှင်းပြပေးရမည်၊
- အဖွဲ့အစည်းဆိုင်ရာပြဌာန်းထားသော နည်းဥပဒေများကို ပေးပို့ရမည်။

**မည်သို့သောစီမံကိန်းများကို လက်ခံမည်နည်း**

- ထောက်ပံ့ကြေးတောင်းဆိုသည့်လျှောက်ထားမှုများသည် ညှဉ်းပန်းနှိပ်စက်ခံရသူများနှင့်၎င်းတို့၏မိသားစုဝင်များအတွက် ဆေးဝါး၊ စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေး၊ စီးပွားရေး၊ ဥပဒေရေးရာ၊ လူသားခြင်းစာနာမှုတို့အား ပံ့ပိုးပေးခြင်း သို့မဟုတ် အခြားသော ကူညီပံ့ပိုးမှုပုံစံများစီစဉ်ပေးရန်ရည်ရွယ်ချက်ထားရှိသင့်ပါသည်၊
- ညှဉ်းပန်းနှိပ်စက်ခံရသူများအား လူမှုအသိုင်းအဝိုင်းထဲသို့ လူမှုရေး သို့မဟုတ် စီးပွားရေးဆိုင်ရာ ပြန်လည်သဟဇာတဖြစ်စေခြင်းနှင့်စပ်လျဉ်းသည့် စီမံကိန်းများအတွက် လျှောက်ထားမှုများကိုလက်ခံပါသည်၊
- ရရှိနိုင်သည့်ရန်ပုံငွေအပေါ်မူတည်၍ ညှဉ်းပမ်းနှိပ်စက်ခံရသူများအား ကုသမှုကို အထူးပြုသည့် ပရောဖက်ရှင်နယ် သင်တန်းများ သို့မဟုတ် အဖွဲ့အစည်းများအတွက် ညီလာခံများနှင့် နီးနှောဖလှယ်ပွဲများတို့အတွက်လည်း ကန့်သတ်ထားသည့် ထောက်ပံ့ကြေးအချို့ကိုလည်းစီစဉ်ပေးနိုင်ပါသည်၊
- ညှဉ်းပန်းနှိပ်စက်မှုဆန့်ကျင်ရေးလှုံ့ဆော်ပွဲများ၊ ညှင်းပန်းနှိပ်စက်မှုတားမြစ်ရေးများ ဆောင်ရွက်ခြင်း သို့မဟုတ် အခြားစီမံကိန်းများအားငွေကြေးပံ့ပိုးမှုစီစဉ်ပေးခြင်းတို့အတွက် လျှောက်လွှာများကို လက်မခံပါ၊
- စုံစမ်းစစ်ဆေးခြင်းများ၊ လေ့လာမှုများ၊ သုတေသနများ၊ သတင်းလွှာများထုတ်ဝေခြင်း သို့မဟုတ် အလားတူလှုပ်ရှားမှုအစီအစဉ်များတို့နှင့် စပ်လျဉ်းသည့် စီမံကိန်းအတွက် လျှောက်ထားချက်များကို လက်မခံပါ၊
- စည်းမျဉ်းတစ်ခုအရ NGO အသစ် သို့မဟုတ် အခြားအရပ်ဘက်အဖွဲ့အစည်းတစ်ခု တည်ထောင်ခြင်း အတွက် ရည်ရွယ်သည့် စီမံကိန်းများအတွက်လျှောက်ထားချက်များကို လက်မခံပါ၊
- ညှဉ်းပန်းနှိပ်စက်ခံရသူများအား တိုက်ရိုက် ဥပဒေရေးရာပံ့ပိုးကူညီမှုစီစဉ်ပေးသည့်စီမံကိန်းများအတွက် လျှောက်ထားချက်များတင်သွင်းသည့် NGO များနှင့် အရပ်ဘက်အဖွဲ့အစည်းများသည် ပြည်တွင်းဥပဒေနှင့်အညီ တရားစီရင်ရေးသည် ခံရသူများအား ကာကွယ်ပေးရန် အခမဲ့ဥပဒေဝန်ဆောင်မှု စီစဉ်ပေးမှု ရှိ၊ မရှိ ဆိုင်ရာ သတင်းအချက်အလက်ကို တင်သွင်းပေးရမည်။ ဥပဒေကူညီမှုအောက်ရှိ ခံရသူများ၏ စာရင်းကို လျှောက်ထားလွှာနှင့်အတူ ပူးတွဲဖော်ပြပေးသင့်ပါသည်၊
- ရံပုံငွေသည် ခံရသူများအတွက် ငွေကြေးဆိုင်ရာအလျော်အစားမစီစဉ်ပေးပါ။

## အရေးပေါ် ထောက်ပံ့ကြေးများ

အရပ်ဘက်အဖွဲ့အစည်းပါဝင်ဆောင်ရွက်သူများသည်ခြွင်းချက်အဖြစ် ဘုတ်အဖွဲ့၏အစည်းအဝေးများနှစ်ခုအတွင်း လက်ရှိ ရံပုံငွေအဖွဲ့မှထောက်ပံ့ကြေးရရှိထားသော ငွေကြေးအခက်အခဲများကြုံတွေ့နေသည့် စီမံကိန်းများဆိုင်ရာ အရေးပေါ် ကူညီမှုများအတွက် တောင်းဆိုမှုတစ်ရပ်တင်သွင်းနိုင်သည်။ အရပ်ဘက်အဖွဲ့အစည်းပါဝင်ဆောင်ရွက်သူများသည် ၎င်းတို့၏ အရေးပေါ် ရံပုံငွေအတွက်တောင်းဆိုမှုများကို အတွင်းရေးမှူးရုံးအဖွဲ့၏လျှောက်လွှာဖြင့် ပေးပို့ရမည်ဖြစ်ပြီး၊ အရေးပေါ် ငွေကြေးအကူညီ မည်သည့်အတွက်ကြောင့်လိုအပ်ကြောင်းကို စာတစ်စောင်ဖြင့် အသေးစိပ်ရှင်းလင်းပေးရမည်။ ကူညီပေးသည့် ခံရသူများ၏ အရေးအတွက် မထင်မှတ်ဘဲ တိုးပွားလာသည့် အခြေအနေများဆိုင်ရာ အမှုကိစ္စများကိုသာ အရည်အချင်း ပြည့်မှီသည့် လျှောက်ထားချက်များအဖြစ် သတ်မှတ်ပါမည် (ဥပမာ၊ လူသားခြင်းစာနာမှု အကျပ်အတည်းများကြောင့် ညှဉ်းပန်းနှိပ်စက်ခံရသူများ စုပြုံလာခြင်း၊)။

### ရံပုံငွေအဖွဲ့ထံ လျှောက်လွှာမည်သို့တင်သွင်းနိုင်မည်နည်း

စည်းမျဉ်းအရ လျှောက်လွှာများကို အွန်လိုင်းထောက်ပံ့ကြေးစီမံမှုစနစ်မှတဆင့်ဆောင်ရွက်နိုင်သည်။ ခြွင်းချက်အားဖြင့် လျှောက်ထားလွှာများကို စာရွက်ပုံစံအဖြစ် လေကြောင်းစာပို့ခြင်း သို့မဟုတ် အီးမေးလ် ဖြင့်လည်း ပေးပို့နိုင်သည်။ လျှောက်လွှာများကို အတွင်းရေးမှူးရုံးအဖွဲ့မှ တောင်းဆိုနိုင်ပါသည်။

**လျှောက်လွှာများကို မည်သည့်နေရာသို့တင်သွင်းရမည်နည်း**

United Nations Voluntary Fund for Victims of Torture
Office of the United Nations High Commissioner for Human Rights
Palais des Nations 8–14,
avenue de la Paix
CH–1211 Geneva 10 - Switzerland Phone:
+41 (0)22 917 93 15
Fax: +41 (0)22 917 90 17 E-
mail: unvfvt@ohchr.org

**လျှောက်လွှာတင်သွင်းသည့်အခါ အောက်ပါအချက်ကို မှတ်သားပေးပါ -**

- ရံပုံငွေအဖွဲ့၏လျှောက်လွှာပုံစံကို အသုံးမပြုသည့် လျှောက်ထားချက်များကိုလည်းကောင်း၊ တောင်းဆိုထားသည့် အချက်အလက်များအားလုံး မဖြည့်သွင်းပေးလျှင်လည်းကောင်း၊ စီမံကိန်းခေါင်းဆောင်၏ လက်မှတ်နှင့် ရက်စွဲ မပါလျှင်လည်းကောင်း၊ ရံပုံငွေအဖွဲ့၏ လမ်းညွှန်ချက်များနှင့် ကိုက်ညီမှုမရှိသည့် ပုံစံတစ်စုံတစ်ရာရှိနေလျှင်လည်းကောင်း ရံပုံငွေအဖွဲ့၏ အတွင်းရေးမှူးရုံးအဖွဲ့မှ လက်ခံမည်မဟုတ်ပါ။
- လျှောက်လွှာများကို အင်္ဂလိပ်၊ ပြင်သစ် သို့မဟုတ် စပိန်ဘာသာ တစ်ခုခုနှင့်ဖြစ်စေရမည်။

**ညှဉ်းပန်းနှိပ်စက်ခံရသူများအတွက် ကုလသမဂ္ဂစေတနာ့ရံပုံငွေ ဆိုင်ရာအချက်အလက်များပိုမိုသိရှိလိုပါက** OHCHR ဝက်ဘ်ဆိုက်သို့ ဝင်ရောက်ကြည့်ရှုပါ။

## ၂။ မူရင်းဌာနေတိုင်းရင်းသားအုပ်စုများအတွက် စေတနာ့ရံပုံငွေ

**မူရင်းဌာနေတိုင်းရင်းသားအုပ်စုများအတွက် စေတနာ့ရံပုံငွေ** သည် မူရင်းဌာနေတိုင်းရင်းသားလူမျိုးများအုပ်စုများအတွက် လုပ်ဆောင်ပေးနေသည့် ကုလသမဂ္ဂအဖွဲ့ ၂ ခုတွင် မူရင်းဌာနေရပ်ရွာအသိုင်းအဝိုင်းများမှ ကိုယ်စားပြုသူများ ပါဝင်လာစေရန် ပံ့ပိုးကူညီပေးပါသည်။ အဆိုပါကုလသမဂ္ဂအဖွဲ့ ၂ ခုမှာ -

- **မူရင်းဌာနေတိုင်းရင်းသားအုပ်စုများ၏အခွင့်အရေးဆိုင်ရာကျွမ်းကျင်မှုယန္တယား** နှင့်
- **မူရင်းဌာနေတိုင်းရင်းသားအရေးကိစ္စများဆိုင်ရာ အမြဲတမ်းဖိုရမ်** တို့ဖြစ်သည်။

မူရင်းဌာနေတိုင်ရင်းသားများ၏အခွင့်အရေးဆိုင်ရာကျွမ်းကျင်မှုယန္တယားသည် **လူ့အခွင့်အရေးကောင်စီ၏** အသစ်သော ယန္တယားဖြစ်ပြီး[77] ယခင် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဆပ်ကော်မရှင်၏ **မူရင်းဌာနေတိုင်းရင်းသားအုပ်စုများဆိုင်ရာလုပ်ငန်းအဖွဲ့** အား အစားထိုးလိုက်ခြင်းဖြစ်သည်။

**ကျွမ်းကျင်မှုယန္တယား** အကြောင်းပိုမိုသိရှိလိုပါက ဤလက်စွဲစာအုပ်၏ **အခန်း ၅ (လူ့အခွင့်အရေးကောင်စီ)** ကိုကြည့်ပါ။

**ကုလသမဂ္ဂစီးပွားရေးနှင့်လူမှုရေးကောင်စီ**၏ အကြံပေးအဖွဲ့တစ်ခုဖြစ်သည့် မူရင်းဌာနေတိုင်းရင်းသားအခွင့်အရေးဆိုင်ရာ အမြဲတမ်းဖိုရမ်သည် နယူးယောက်တွင်အခြေစိုက်သည့် အဆင့်မြင့်အဖွဲ့တစ်ခုဖြစ်ပြီး မူရင်းဌာနေတိုင်းရင်းသားအရေးကိစ္စ များဆိုင်ရာ အေဂျင်စီအချင်းချင်းပူးပေါင်းဆောင်ရွက်ရေးအား ကူညီပံ့ပိုးပေးပါသည်။ OHCHR မှစီမံခန့်ခွဲသည့် မူရင်းဌာနေ တိုင်းရင်းသားအုပ်စုများအတွက် စေတနာ့ရံပုံငွေသည် ဖော်ပြပါအဖွဲ့အစည်းများတွင် မူရင်းဌာနေတိုင်းရင်သားပြည်သူများ နှင့် အဖွဲ့အစည်းများတို့၏ကိုယ်စားလှယ်များမှ ပါဝင်နိုင်ရန်အတွက် **ခရီးသွားစရိတ်ထောက်ပံ့ကြေး** စီစဉ်ပေးပါသည်။ ထိုသို့အား ဖြင့် မူရင်းဌာနေတိုင်းရင်းသား အရပ်ဘက်အဖွဲ့အစည်းပါဝင်ဆောင်ရွက်သူများသည် ၎င်းတို့၏ ကျွမ်းကျင်မှု များကို မျှဝေ နိုင်ပြီး သင်ယူခဲ့သည်အရာများကို နေရပ်သို့ ပြန်ယူလာနိုင်ပါသည်။

ရံပုံငွေအား ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်မှ ကုလသမဂ္ဂ ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ၊ မူရင်းဌာနေတိုင်းရင်းသာအရေးကိစ္စများဆိုင်ရာ အတွေ့အကြုံရှိပြီးဖြစ်ကြသော ဘုတ်အဖွဲ့တစ်ခု၏ အကြံပြုချက်နှင့် စီမံခန့်ခွဲမှု ပြုပါသည်။

### မူရင်းဌာနေတိုင်းရင်းသားအုပ်စုများအတွက် စေတနာ့ရံပုံငွေအားမည်သို့ချိတ်ဆက်နိုင်မည်နည်း[78]

ဒေသန္တရအဆင့်၊ အမျိုးသားအဆင့် နှင့် နိုင်ငံတကာအဆင့် အရပ်ဘက်အဖွဲ့အစည်းများ၏ ပါဝင်မှုနှင့် တတ်ကြွစွာ ချိတ်ဆက်ဆောင်ရွက်မှုများသည် မူရင်းဌာနေတိုင်းရင်းသားအရေးကိစ္စများကို ကမ္ဘာ့အဆင့်ထိ ရောက်ရှိရန် သိသာစွာ ကူညီပေးပါသည်။ မူရင်းဌာနေတိုင်းရင်းသားအုပ်စုများဆိုင်ရာ ကုလသမဂ္ဂအဖွဲ့များသည် မူရင်းဌာနေတိုင်းရင်းသားများ နှင့် လုပ်ဆောင်နေကြသည့် အရပ်ဘက်အဖွဲ့အစည်းပါဝင်ဆောင်ရွက်သူများ နှင့် မူရင်းဌာနေတိုင်းရင်းသားအရပ်ဘက်အဖွဲ့ အစည်းများကိုယ်တိုင်တို့အတွက် လုပ်ငန်းဆောင်ရွက်ရန်အရေးပါသော အဖွဲ့များဖြစ်သည်။ ရံပုံငွေ၏ ခရီးသွားစရိတ် ပံ့ပိုးမှု သည် ထွေပြားသောမူရင်းဌာနေတိုင်းရင်းသားများ အဆိုပါအဖွဲ့များတွင် ပါဝင်မှုမြှင့်မားလာစေရန် ရည်ရွယ်ပါသည်။

[77] ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် ဆုံးဖြတ်ချက် ၆/၃၆ ဖြင့်ဖွဲ့စည်းထူထောင်သည်။

[78] အစိုးရများ NGO များနှင့် အခြား ပုဂ္ဂလိက သို့မဟုတ် အများပြည်သူအဖွဲ့အစည်းများသည် ရံပုံငွေအဖွဲ့ထံလှူဒါန်းမှုပြုနိုင်သည်။ လှူဒါန်းမှုပြုရန် ပိုမိုသိရှိလိုပါက အတွင်းရေးမှူးရုံးအဖွဲ့သို့ ဆက်သွယ်ပါ။

## မည်သူသည် ထောက်ပံ့ကြေးရပိုင်ခွင့်ရှိသမည်း

မူရင်းဌာနေတိုင်းရင်းသားအုပ်စုများ၏အဖွဲ့အစည်းများနှင့်လူထုအသိုင်းအဝိုင်းတို့၏ တိုင်းရင်းသားကိုယ်စားပြုများ -

- ကျွမ်းကျင်မှုယန္တယား သို့မဟုတ် အမြဲတမ်းဖိုရမ် အစည်းအဝေးများသို့ တက်ရောက်ရန် အခက်အခဲရှိနေသူများ၊
- မူရင်းဌာနေတိုင်းရင်းသားအုပ်စုများအား ထိခိုက်မှုပေးသည့် ပြဿနာများ ဆိုင်ရာ ကျွမ်းကျင်မှုယန္တယား သို့မဟုတ် အမြဲတမ်းဖိုရမ်၏ ကဏ္ဍတွင် ပို၍နက်နဲသော သတင်းအချက်အလက် ပံ့ပိုးပေးနိုင်သူများ နှင့် ပို၍ကျယ်ပြန့်သော ပထဝီနယ်ပယ်ကိုယ်စားပြုမှု ရှိစေမည့်သူများ။

### လျှောက်ထားမှုသတ်မှတ်ချက်များ

- ခရီးသွားစရိတ်ထောက်ပံ့ကြေးများကို တစ်ဦးချင်းစီသာစီစဉ်ပေးသည်။ အဖွဲ့အစည်းတစ်ရပ် သို့မဟုတ် အကျိုးခံစားသူတစ်ဦးသည် အကျိုးခံစားသူအား အခြားသူတစ်ဦးနှင့် အစားထိုးရန်တောင်းဆို၍မရပါ။
- တစ်ဦးချင်းစီမှ လျှောက်ထားမှုများသည် ၎င်းတို့၏မူရင်းဌာနေတိုင်းရင်းသားအဖွဲ့၏အလုပ်အမှုဆောင်မှ လက်မှတ်ထိုးထားသည့် ထောက်ခံစာဖြင့် ပူးတွဲပေးရမည်။ လျှောက်ထားသူကိုယ်တိုင်မှ လက်မှတ်ရေးထားထားခြင်းကို ဘုတ်ဖွဲ့မှ စစ်ဆေးပေးမည်မဟုတ်ပါ။
- အဖွဲ့အစည်းတစ်ခုမှ အများဆုံး လူ ၂ ဦးသာ လျှောက်ထားနိုင်သည်။
- လျှောက်ထားသူများသည် လျှောက်လွှာများနှင့် ထောက်ခံစာများကို ဘုတ်အဖွဲ့၏ အတွင်းရေးမှူးရုံးအဖွဲ့၏ လုပ်ငန်းသုံးဘာသာစကားများ(အင်္ဂလိပ်၊ ပြင်သစ် သို့မဟုတ် စပိန်) ဖြင့် တင်သွင်းရမည်။
- လျှောက်ထားသူများသည် သက်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် ရပ်ရွာလူထုရှိ ၎င်းတို့၏တာဝန်ကို ဖော်ပြပေးရမည်။
- အမြဲတမ်းဖိုရမ်၏အစည်းအဝေးတစ်ရပ်သို့ လျှောက်ထားသူတစ်ဦးမှတက်ရောက်ရန်အတွက် ထုတ်ပေးသော ဘုတ်အဖွဲ့၏ ထောက်ခံချက်သည် ကျွမ်းကျင်မှုယန္တယားဆိုင်ရာအစည်းအဝေးသို့လည်းကောင်း၊ အပြန်အလှန်အားဖြင့်လည်းကောင်း တက်ရောက်ရန် ဖယ်ချန်မထားပါ။

**လျှောက်ထားမှုများကို မည်သည့်နေရာသို့တင်သွင်းရမည်နည်း။**

ထောက်ပံ့ကြေးအတွက် လျှောက်လွှာများကို OHCHR ဝက်ဘက်ဆိုက်တွင်ရရှိနိုင်ပြီး **နှစ်စဉ် အောက်တိုဘာလ ၁ ရက်** မတိုင်မီ အောက်ပါလိပ်စာသို့တင်သွင်းရမည် -

**Voluntary Fund for Indigenous Populations**

**Office of the United Nations High Commissioner for Human Rights**

Palais des Nations 8–14,
avenue de la Paix
CH–1211 Geneva 10 - Switzerland
Phone: +41 (0)22 928 91 64 or +41 (0)22 928 91 42 Fax:
+41 (0)22 928 90 66
**E-mail: IndigenousFunds@ohchr.org**

**မူရင်းဌာနေတိုင်းရင်းသားလူမျိုးများအတွက် OHCHR ၏ဆောင်ရွက်ချက်များကို ပိုမိုသိရှိလိုက** OHCHR ဝက်ဆိုက်သို့ ဝင်ကြည့်ပါ။

## ၃။ ခေတ်ပေါ်ကျွန်ပြုမှုပုံစံများဆိုင်ရာ ကုလသမဂ္ဂစေတနာ့ရန်ပုံငွေ

**ခေတ်ပေါ်ကျွန်ပြုမှုပုံသဏ္ဍာန်များဆိုင်ရာကုလသမဂ္ဂရန်ပုံငွေ** သည် အထူးသဖြင့် အရပ်ဘက်အဖွဲ့အစည်းများ ဖြစ်သည့် NOG များ၊ ရပ်ရွာလူထုနှင့် လူငယ်အဖွဲ့အစည်းများ၊ အလုပ်သမားသမဂ္ဂများ သို့မဟုတ် ပရောဖက်ရှင်နယ် အသင်းအဖွဲ့များ တို့၏ ခေတ်ပေါ်ကျွန်ပြုမှုပုံစံများ (ဥပမာ၊ ကလေးလုပ်သား၊ လူကုန်ကူးမှု၊ အတင်းအဓမ္မခိုင်းစေမှု) ၏ သားကောင်များ ကို ကူညီပံ့ပိုးပေးသည့် **အသေးစားထောက်ပံ့ကြေး** ကို စီစဉ်ပေး ပါသည်။ စီမံကိန်းထောက်ပံ့ကြေး၏ ရည်မှန်းချက်မှာ ဖွဲ့စည်းပြီးဖြစ်သောကူညီမှုလမ်းကြောင်းများအားဖြင့် ခေတ်ပေါ်ကျွန်ပြုမှုပုံစံများကြောင့် လူ့အခွင့်အရေး ပြင်းပြင်း ထန်ထန် ချိုးဖောက်ခံနေရကြသည့် တစ်သီးပုဂ္ဂလများထံသို့ လူသားချင်းစာနာမှု၊ ဥပဒေရေးရာနှင့် ငွေကြေးဆိုင်ရာ အကူညီ များတိုးချဲ့ရောက်ရှိလာစေရန်ဖြစ်သည်။ ၎င်းသည် အများအားဖြင့်အောက်ခြေအဆင့်လုပ်ဆောင်နေကြသည့် အရပ်ဘက် အဖွဲ့အစည်းပါဝင်ဆောင်ရွက်သူများအတွက် သေးငယ်သော ရံပုံငွေများဖြင့် ခံရသူမြောက်များစွာအား တိုက်ရိုက်ကူညီ ပေးနိုင်ရန် အခွင့်အရေးတစ်ရပ်စီစဉ်ပေးလျက်ရှိသည်။

### ခေတ်ပေါ်ကျွန်ပြုမှုပုံစံများဆိုင်ရာ ကုလသမဂ္ဂရံပုံငွေအား မည်သို့ချိတ်ဆက်နိုင်မည်နည်း

ယနေ့တွင် များစွာသော အရပ်ဘက်အဖွဲ့အစည်းများသည် ကမ္ဘာ့ဒေသအသီးသီးရှိ ခေတ်ပေါ်ကျွန်ပြုမှုပုံစံများ၏ သားကောင် များအတွက် တိုက်ဖျက်ခြင်းနှင့် အကာအကွယ်ခြင်းတို့ကိုဆောင်ရွက်ကြပါသည်။ ကျွန်ပြုမှုနှင့်ဆင်တူသော ကျင့်သုံးမှုများမှာ များသောအားဖြင့် လျှို့ဝှက်ရှိနေကြရာ၊ အရပ်ဘက်အဖွဲ့အစည်းများသည် ခေတ်ပေါ်ကျွန်ပြုမှုပုံစံများနှင့် ချိတ်ဆက်နေသည့် ထိုဖုံးကွယ် ထားခံရသော လူ့အခွင့်ချိုးဖောက်မှုများကို ဖော်ထုတ်ရန် အရေးပါသော ကဏ္ဍမှ ဆောင်ရွက် နိုင်ပါသည်။ ယနေ့အခါ "ကျွန်ပြုမှု" ဟူသည့်စကားလုံးသည် ထွေပြားသော လူ့အခွင့်အရေးချိုးဖောက်မှုများကို လွှမ်းခြုံပါသည်။ ရှေးရိုးစဉ် လာ ကျွန်ပြုခြင်းနှင့် ကျွန်ရောင်းဝယ်ရေးတို့အပြင် ကလေးသူငယ်များရောင်းစားခြင်း၊ ကလေးလိင်လုပ်ငန်း၊ ကလေးသူငယ် လိင်ပိုင်းဆိုင်ရာ ညစ်ညမ်းရုပ်သံဗီဒီယိုများ၊ ကလေးလုပ်သားခေါင်းပုံဖြတ်မှု၊ မိန်းကလေးများအား၏ လိင်အင်္ဂါအစိတ်အပိုင်း ဖြတ်တောက်ခြင်း၊ လက်နက်ကိုင်ပဋိပက္ခများတွင် ကလေးများအသုံးပြုခြင်း၊ ကြွေးမြီနှောင်ကြိုး၊ လူကုန်ကူးမှုနှင့် လူ့ခန္ဓာ အစိတ်အပိုင်းများ ရောင်းစားခြင်း၊ ပြည့်တန်ဆာများအားခေါင်းပုံဖြတ်မှု၊ နှင့် အသားရောင်ခွဲခြားမှုနှင့် ကိုလိုနီအစိုးရများ အောက်ရှိ အချို့သောကျင့်သုံးမှုများ စသည်တို့ရှိပါသည်။

**စီမံကိန်းထောက်ပံ့ကြေးများ** သည် အထူးသဖြင့် NGO များ၊ ရပ်ရွာလူထုနှင့် လူငယ်အဖွဲ့များ၊ အလုပ်သမားသမဂ္ဂများ သို့မဟုတ် ပရော်ဖက်ရှင်နယ် အသင်းအဖွဲ့များကဲ့သို့သော အရပ်ဘက်အဖွဲ့အစည်းများတို့မှ ကမ္ဘာတစ်ဝှမ်းရှိ ကျွန်ပြုမှု ကို ဖျက်သိမ်းရာတွင် ပါဝင်လာမှု တိုးပွားလာစေရန် ရည်ရွယ်သည်။

**စီမံကိန်းထောက်ပံကြေးများအား မည်သူတို့မှရရှိနိုင်သနည်း**

- ခေတ်ပေါ်ကျွန်ပြုမှုပုံစံများကြောင့် လူ့အခွင့်အရေးချိုးဖောက်ခံရသည့်တစ်သီးပုဂ္ဂလများအား တိုက်ရိုက်ကူညီ ပေးသည့် အဖွဲ့အစည်းများ။ တိုက်ရိုက်ကူညီပေးနေမှုသည် ထောက်ပံ့ကြေးအများစုကို ချီးမြှင့်ရန် ထည့်တွက် ပေးသည်။ ရံပုံငွေများကို အတည်ပြုပေးပြီး ဖွဲ့စည်းပြီးဖြစ်သည့် ခံရသူများအား လူသားချင်းစာနာသော၊ ဥပဒေ ရေးရာ၊ ငွေကြေးဆိုင်ရာ ကူညီမှုများပံ့ပိုးပေးနေသည့် အရပ်ဘက်အဖွဲ့အစည်းများ သို့မဟုတ် အောက်အခြေအဆင့် ကွန်ယက်အဖွဲ့များမှတဆင့် လက်ခံရရှိမည့်သူထံလွှဲအပ်ပါသည်။
- ကြိုတင်ကာကွယ်မှုအစီအမံများနှင့်သင်တန်းများအားဖြင့် ခံရသူများအား သွယ်ဝိုက်ပံ့ပိုးကူညီသော အဖွဲ့အစည်း များ။ ရွေးချယ်မှုပြုသော စီမံကိန်းအများစုတို့တွင် ခံရသူများအား မိမိကိုယ်ကိုရပ်တည်နိုင်မှုနှင့် ခေါင်းပုံဖြတ်မှု များအား ပိုမိုခုခံတားဆီးနိုင်မှုတို့ဖြစ်လာစေရန်ကူညီပေးသည့် ပြန်လည်ပြုစုပျိုးထောင်ရေးနှင့် ပညာရေးအစီအစဉ် များပါဝင်သည်။

## လျှောက်ထားမှုသတ်မှတ်ချက်များ

- အွန်လိုင်းမှရရှိနိုင်သည့် လျှောက်လွှာပုံစံမူရင်းအား လေကြောင်းစာပို့မှုဖြင့် တင်သွင်းရမည်ဖြစ်ပြီး၊ ရက်စွဲနှင့် လက်မှတ်ထိုးမှုပါရှိရမည်။ လျှောက်လွှာများကို အင်္ဂလိပ်၊ ပြင်သစ် (သို့) စပိန်ဘာသာဖြင့် တင်သွင်းနိုင်သည်။
- အဖွဲ့အစည်းတစ်သည့် ရံပုံငွေမှ အများဆုံး အမေရိကန်ဒေါ်လာ ၁၅၀၀၀ အထိ တောင်းဆိုနိုင်သည်။
- ကမ္ဘာပေါ်ရှိ ခေတ်ပေါ်ကျွန်ပြုမှုပုံစံများအားတတ်နိုင်တမျှအကျယ်ပြန့်ဆုံး ကူညီပေးနိုင်ရန် ကမ္ဘာတစ်ဝှမ်းရှိ ဒေသအားလုံးမှ စီမံကိန်းများကို ရွေးချယ်မည်ဖြစ်သည်။
- စီမံကိန်းများသည် ကျား၊မ ရေးရာညီမျှရေးကိုလည်း ထည့်သွင်းစဉ်းစားသင့်ပါသည်၊
- စီမံကိန်းထောက်ပံ့ကြေးများသည် ခံရသူများနှင့် ဒေသန္တရအရပ်ဘက်အဖွဲ့အစည်းများအား တိုက်ရိုက် ကူညီပံ့ပိုးမှုအတွက် ခွဲဝေသတ်မှတ်ပေးရပါမည်။ ထောက်ပံ့ကြေးများကို နိုင်ငံတကာNGOR တစ်ခုမှ တဆင့် စီးဆင်းစေနိုင်သော်လည်း၊ ၎င်းတို့၏လုပ်ရှားမှုများအတွက် ထောက်ပံ့ကြေး၏တစ်စိတ်တစ်ပိုင်းကိုမျှ ထိန်းသိမ်း၍မရပါ။
- အတွင်းရေးမှူးရုံးအဖွဲ့မှ တောင်းဆိုသည့် အပိုဆောင်းသတင်းအချက်အလက်များတင်သွင်းရန် ဒုတိယအကြိမ် အထိအကြောင်းကြားသော်လည်း မရရှိသည့် လျှောက်ထားမှုများကို ဘုတ်အဖွဲ့မှ စဉ်းစားပေးမည်မဟုတ်ပါ။

### ခေတ်ပေါ်ကျွန်ပြုမှုပုံစံများဆိုင်ရာ စေတနာ့ရန်ပုံငွေမှ အကျိုးခံစားသည့် စီမံကိန်းများ

**Mahila Seva Samithi, အိန္ဒိယ -**
၂၀၀၅ ခုနှစ်တွင် ၊ ကန်ဒေါ်လာ ၂၀၀၀၀ တန်ဖိုးရှိသည့်ကူညီမှုသည့် ကလေး သူငယ် သားကောင်ပေါင်း ၈၈ ဦးအား မူလတန်းကျောင်းများသို့ အပ်နှံပေးခဲ့ပြီး ကျောင်းသုံးပစ္စည်းများ ကိုလည်း ကူညီ ပံ့ပိုးပေးနိုင်ခဲ့သည်။

စီမံကိန်းသည်ကလေးသူငယ်များ၏ ဖွံ့ဖြိုးတိုးတက်မှု ကို စစ်ဆေးရန် အတွက် ၄ လ တစ်ကြိမ် နောက်ဆက်တွဲ သုံးသပ်မှု ဆောင်ရွက်ပေးပါသည်။

**Jadakris, နိုင်ဂျီးရီးယား -**
၂၀၀၆ ခုနှစ်တွင်၊ ကန်ဒေါ်လာ ၆၄၀၀ တန်ဖိုးရှိသည့်ကူညီမှုသည် လူကုန်ကူးခံရသူပေါင်း ၃၀ ဦးအား ပံ့ပိုးပေးခဲ့ပြီး၊ ပြန်လည်ပြုစုပျိုးထောင်ပေးခြင်းနှင့် စားဝတ်နေရေး ဝင်ငွေရရှိစေရန် သင်တန်းများပေးခြင်း တို့ကိုဆောင်ရွက်ပေးပါသည်။

## လျှောက်လွှာများကို မည်သည့်နေရာသို့တင်းသွင်းရမည်နည်း

ထောက်ပံ့ကြေးအတွက် လျှောက်လွှာများကို **နှစ်စဉ် စက်တင်ဘာလ ၁၅ ရက် မတိုင်မီ** အောက်ပါလိပ်စာသို့ တင်ရမည် -


**United Nations Voluntary Trust Fund on Contemporary Forms of Slavery Office of the United Nations High Commissioner for Human Rights**
Palais des Nations 8–14,
avenue de la Paix
CH–1211 Geneva 10 - Switzerland
Phone: +41 (0)22 928 93 81 or +41 (0)22 928 91 64 Fax:
+41 (0)22 928 90 66
E-mail: SlaveryFund@ohchr.org


**လျှောက်ထားသူသည် OHCHR ဝက်ဘ်ဆိုက်မှရရှိနိုင်သည့် လျှောက်လွှာများကို ပြည့်စုံစွာဖြည့်ပြီး တင်သွင်းရပါမည်။**

ပိုမိုသိရှိလိုပါက **ခေတ်ပေါ် ကျွန်ပြုမှုပုံစံများဆိုင်ရာ ကုလသမဂ္ဂစေတနာ့ရံပုံငွေအဖွဲ့ လက်ကမ်းစာစောင်** ကိုကြည့်ပါ။

### ၄။ "ရပ်ရွာလူထုများပိုင်းဝန်းကူညီရေး" စီမံကိန်း (Assisting Communities Together/ ACT)

၁၉၉၈ ခုနှစ်တွင် OHCHR နှင့် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်တို့သည် **"ရပ်ရွာလူထုများပိုင်းဝန်းကူညီရေး" (ACT)** စီမံကိန်းကို ထူထောင်ခဲ့ပြီး၊ ၎င်းသည် **ဒေသန္တရရပ်ရွာလူထုများတွင် လူ့အခွင့်အရေးဆိုင်ရာ ပညာပေးခြင်းနှင့် သင်တန်း လှုပ်ရှားမှုများ** ဆောင်ရွက်နေကြသော အရပ်ဘက်အဖွဲ့အစည်းများဖြစ်သည့် NGO များ၊ ဒေသန္တရအသင်းအဖွဲ့များ၊ ပညာရေး အဖွဲ့အစည်းများနှင့် ပရောဖက်ရှင်နယ်အဖွဲ့များ အစရှိသည်တို့ကို အသေးစားထောက်ပံ့ကြေးများ စီစဉ်ပေးပါသည်။ လွန်ခဲ့သည့်နှစ်များအတွင်း ၎င်းသည့် လူ့အခွင့်အရေးဆိုင်ရာပညာပေးခြင်းအတွက် ကုလသမဂ္ဂဆယ်စုနှစ်အစီအစဉ် (၁၉၉၅-၂၀၀၄) နှင့် လူ့အခွင့်အရေးဆိုင်ရာပညာပေးခြင်းအတွက် ကမ္ဘာလုံးဆိုင်ရာအစီအစဉ်တို့၏ အခြေအနေရှိ လှုပ်ရှားမှုများအား ပံ့ပိုးပေးမှုအပေါ် ဦးစားပေးဆောင်ရွက်ခဲ့ပါသည်။ ၁၉၉၈ ခုနှစ်မှစ၍ OHCHR နှင့် UNDP တို့သည် နိုင်ငံပေါင်း ၇၃ နိုင်ငံရှိ စီမံကိန်း ၈၀၀ ကျော်ကို ပံ့ပိုးပေးခဲ့ပါသည်။

ACT စီမံကိန်း၏ စီမံခန့်ခွဲမှုတစ်ခုလုံးအား OHHCR ရုံးချုပ်မှ ညှိနှိုင်းဆောင်ရွက်ပေးပါသည်။ ပါဝင်သည့်နိုင်ငံအသီးသီးတွင် UNDP ဌာနေရုံးများ၏ ဝန်ထမ်းများနှင့် OHCHR နယ်တာဝန်ခံ (သက်ဆိုင်လျှင်) အပြင်အခြားကုလသမဂ္ဂအဖွဲ့အစည်းများ တို့ပါဝင်သည့် ဒေသန္တရ "ACT လုပ်ငန်းအဖွဲ့" သည် လျှောက်လွှာများကို ဖြန့်ဝေပေးခြင်း၊ ထောက်ပံ့ပေးမည့် လှုပ်ရှားမှုများကို ရွေးချယ်ခြင်းတို့ဆောင်ရွက်ပေးပြီး၊ ထောက်ပံ့ကြေးရရှိသူများနှင့် တိုက်ရိုက်ဆက်သွယ်ခြင်းများအားဖြင့် လှုပ်ရှားမှုများ၏ အကောင်အထည်ဖော်ဆောင်မှုများကို စောင့်ကြည့်လေ့လာပေးရန် တာဝန်ရှိပါသည်။

ACT စီမံကိန်းများသည် အောက်မှအထက်ချဉ်းကပ်မှုကို အသုံးပြုပြီး လူ့အခွင့်အရေးအား ပြည်သူများ၏ အခြေအနေများအလိုက် လျော်ညီစွာ လက်တွေ့ကျကျလေးစားလိုက် နာမှု တိုးတက်စေရေးအမြင်ဖြင့် ရပ်ရွာလူထုအဆင့်တွင် ဆောင်ရွက်မှုကို အားပေးပါသည်။ ACT စီမံကိန်းသည် အခြေခံမှုအားဖြင့် လူ့အခွင့်အရေးဆိုင်ရာပညာပေးခြင်း၊ သင်တန်းပေးခြင်းနှင့် အများပြည်သူသတင်းအချက်အလက်များတို့အတွက် ဒေသန္တရစွမ်းဆောင်ရည်များကို အားဖြည့်ပေးရန် ရည်ရွယ်ပါသည်။

ဥပမာအားဖြင့် ၎င်းမှ ရံပုံငွေပံ့ပိုးပေးခဲ့သော လှုပ်ရှားမှုများမှာ -

- ဆရာ/မများ၊ အမျိုးသမီးများ၊ လူမှုရေးလုပ်သားများ၊ အများပြည်သူတာဝန်ရှိသူများ နှင့် မူရင်းဌာနေတိုင်းရင်းသားများ ပါဝင်သည့် အဖွဲ့အစည်းများစွာအတွက် လူ့အခွင့်အရေး အလုပ်ရုံဆွေးနွေးပွဲများနှင့် သင်တန်း သင်ရိုးများ၊
- ယဉ်ကျေးမှုအစီအစဉ်များနှင်အတူ လူ့အခွင့်အရေးပညာပေး ကဲမ်ပိန်းများ၊ ဥပမာ - ပြဇာတ်ရုံဖျော်ဖြေရေးများ၊ အနုပညာပြပွဲများ နှင့် ရော့ခ်တေးဂီတအစီအစဉ်များ၊
- လူ့အခွင့်အရေးဆိုင်ရာ စာပေများကို ထုတ်လုပ်ခြင်း/ဘာသာပြန်ခြင်းနှင့် ၎င်းတို့အာမီဒီယာမှတဆင့် ဖြန့်ချိခြင်း၊
- လူ့အခွင့်အရေးမြှင့်တင်ရေးနှင့်ကာကွယ်စောင့်ရှောက်ရေးအတွက် သတင်းပြန်ကြားရေးစင်တာများဖန်တီးခြင်း၊
- အချို့သော အကာကွယ်မဲ့အုပ်စုများဖြစ်သည့် အကျဉ်းသားများ၊ လိင်လုပ်သားများ၊ အိပ်ချ်အိုင်ဗွီဝေဒနာရှင်များ၊ မိဘမဲ့များ၊ ပြည်တွင်းရွှေ့ပြောင်းပုဂ္ဂိုလ်များ အစရှိသည်တို့အတွက်၊
- ကျောင်းပြိုင်ပွဲများနှင့် လူ့အခွင့်အရေးဆိုင်ရာလူငယ်ကလပ်များထူထောင်ခြင်း အစရှိသည့် ကလေးသူငယ်များ အတွက် လူ့အခွင့်အရေးဆိုင်ရာပညာပေးလှုပ်ရှားမှုများ။

## ACT စီမံကိန်းသို့ မည်သို့ချိတ်ဆက်မည်နည်း

ACT စီမံကိန်းသည် အောက်ခြေအဆင့် အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာဆောင်ရွက်သူများ၊ အထူးသဖြင့် လူ့အခွင့်အရေး ဆိုင်ရာ ပညာပေးလှုပ်ရှားမှုများ ဆောင်ရွက်သည့် NGO များ၊ ပညာရေးအဖွဲ့အစည်းများ၊ ပရော်ဖက်ရှင်နယ်အဖွဲ့များ၊ ဒေသန္တရမီဒီယာများ နှင့် အမျိုးသမီးရေးရာအဖွဲ့အစည်းများ အစရှိသည်တို့ကို ငွေကြေးပံ့ပိုးမှုစီစဉ်ပေးပါသည်။

### လျှောက်ထားမှုသတ်မှတ်ချက်များ

- လျှောက်ထားသူသည် အရပ်ဘက်အဖွဲ့အစည်းတစ်ခု သို့မဟုတ် အဆိုပြုထားသည့်စီမံကိန်းအား ဆောင်ရွက် နိုင်သည့် အဖွဲ့အစည်းဆိုင်ရာစွမ်းဆောင်ရည်ရှိသည့် အသင်းအဖွဲ့တစ်ခု ဖြစ်ရမည်။
- အဆိုပြုထားသည့် စီမံကိန်းသည့် ဆန်းသစ်တီထွင်မှု၊ ပုံစံကူးယူနိုင်မှုရှိပြီး၊ ဒေသန္တရအဆင့် အမြင့်ဆုံးသော ရေရှည်တည်တန့်မှုအကျိုးသက်ရောက်မှု စီစဉ်ပေးနိုင်မည့် ပုံစံဖြစ်သင့်ပါသည်။
- စီမံကိန်းများသည် ၆ လထက်မကြာလွန်သင့်ပဲ၊ ဘတ်ဂျက်ကို အမေရိကကန်ဒေါ်လာ ၅၀၀၀ သာ ထားရှိရမည်။
- ပြည်တွင်းကုလသမဂ္ဂဗဟိုအဖွဲ့သည်ပါဝင်သည့်နိုင်ငံများတွင် ACT စီမံကိန်းအတွက် ပြည်တွင်းသတ်မှတ်ကာလ အတွင်း လျှောက်လွှာများဖြန့်ဝေ ခြင်းနှင့် စုသိမ်းခြင်းတို့ကို ဆောင်ရွက်ပေးသည်။ UNDP ဌာနေရုံး သို့မဟုတ် OHCHR ဖြင့် ထောက်ပံ့ကြေးသဘောတူညီချက်အတွက် အာမခံချက် ပေးပါသည်။
- စီမံကိန်းလျှောက်လွှာများနှင့် အစီရင်ခံစာများကို အင်္ဂလိပ်၊ ပြင်သစ် သို့မဟုတ် စပိန်ဘာသာတစ်ခုခုဖြင့် တင်သွင်းရမည်။

## ACT စီမံကိန်း ရံပုံငွေရရှိမှု ဥပမာများ

**Madagascar** မြို့တွင် ACT စီမံကိန်းသည့် မသန်စွမ်းကလေးသူငယ်များ၏ အခွင့်အရေးအပေါ် ဦးစားပေးသည့် လှုပ်ရှားမှုတစ်ရပ်အား ပံ့ပိုးပေးခဲ့ရာ ၎င်းတွင် ရုပ်သေးပြပွဲများနှင့် သက်ဆိုင်ရာ လက်စွဲစာအုပ်တစ်အုပ်ပအား ပြင်ဆင်ကာ ဖြန့်ဝေခြင်းတို့ ပါဝင်သည်။ ယင်းစီမံကိန်းသည် ကျောင်းပေါင်း ၁၄ ခုရှိ ကျောင်းသားပေါင်း ၆၀၀၀ ကျော်ကို ထိတွေ့ နိုင်ခဲ့သည်။ ထိုသို့သော အစီအစဉ်ကို နှစ်စဉ် ကျောင်းစဖွင့်ချိန်၌ ထပ်မံဆောင်ရွက်သင့်ပါကြောင်း အကြံပြုထောက်ခံခဲ့ပါသည်။

ပါလက်စတိုင်းနယ်ပယ်၊ တောင်ပိုင်းဂါဇာကမ်းမြောင်ဒေသရှိ **တောင်ပိုင်းအမျိုးသမီးများ၏ မီဒီယာ ဖိုရမ်** အား ၂၀၀၅ ခုနှစ်တွင် ငယ်ရွယ်သောအမျိုးသမီများ၊ အထူးသဖြင့် မီဒီယာတွင် လုပ်ဆောင်နေသူများ၊ အတွက် ထူထောင်ခဲ့ပါသည်။ အမျိုးသမီး မီဒီယာသမားများသည် အမျိုးသားများ ထက် ၎င်းတို့အလုပ်နှင့် ပတ်သက်၍ စိတ်ကူးများ ဖြည့်ဆည်းရန်၊ ချိတ်ဆက် ရန် နှင့် မျှဝေမှုတို့တွင် ပို၍ ခက်ခဲကြောင်း ကြုံတွေ့ရပြီး၊ မီဒီယာတွင် အမျိုးသမီး များ၏ အခွင့်အရေးများကို မှန်ကန်စွာ ဖော်ပြမှုမရှိကြောင်း အသိအမှတ်ပြုပြု သဖြင့် ၎င်းတို့အတွက် ဖိုရမ်တစ်ရပ် စီစဉ်ပေး ရန် အရေးကြီးထူထောင်သူများက ယုံကြည်ပါသည်။ ACT ထောက်ပံ့ကြေးသည် တောင်ပိုင်းဂါဇာကမ်းမြောင်ဒေသမှ အမျိုးသမီးသတင်းထောက် ၁၅ ဦးအတွက် အမျိုးသမီး အခွင့်အရေး ဦးစားပေးသည့် လူ့အခွင့်အရေး ဆိုင်ရာ သင်တန်းကိုလည်းကောင်း၊ မီဒီယာတွင် အမျိုးသမီများအထူးပြု မဂ္ဂဇင်းတစ်ခု ပထမဆုံးအအကြိမ် ထုတ်ဝေခြင်းလည်းကောင်း၊ တောင်ပိုင်းဂါဇာကမ်းမြောင်ဒေသရှိ ကွဲပြားသောနယ်ပယ်များမှ အမျိုးသမီးများအတွက် အလုပ်ရုံ ဆွေးနွေးပွဲ ၅ ခုကိုလည်းကောင်း ဆောင်ရွက်ရန် ပံ့ပိုးပေးပါသည်။

### ACT စီမံကိန်းအား မည်သို့ ဆက်သွယ်မည်နည်း

**ACT Project**
**Office of the United Nations High Commissioner for Human Rights**
Palais des Nations 8–14,
avenue de la Paix
CH–1211 Geneva 10 - Switzerland Fax:
+41 (0)22 928 90 61
E-mail: ACTProject@ohchr.org

**ACT စီမံကိန်းအကြောင်းပိုမိုသိရှိလိုပါက** OHCHR ဝက်ဘ်ဆိုက်ပေါ်ရှိ ***ACT Project, Assisting Communities Together*** **brochure for Phases I and II of the Project အား ဝင်ရောက်လေ့လာပါ။**

## ၅။ ကုလသမဂ္ဂဒီမိုကရေစီရံပုံငွေအဖွဲ့

**ကုလသမဂ္ဂရံပုံငွေအဖွဲ့အဖွဲ့ (UNDEF)** အား ၂၀၀၅ ကမ္ဘာ့ထိပ်သီးအစည်းအဝေး၏ ရလဒ် တစ်ရပ်အဖြစ် ၂၀၀၅ ခုနှစ် ဇူလိုင်လတွင်ထူထောင်ခဲ့ပါသည်။ [79] ၎င်း၏အခြေခံရည်ရွယ်ချက်မှာ အစိုးရများ၊ အစိုးရမဟုတ်သည်များ၊ အမျိုးသား၊ ဒေသဆိုင်ရာနှင့်နိုင်ငံတကာ အဖွဲ့အစည်းများ နှင့် သက်ဆိုင်ရာ ကုလသမဂ္ဂဌာနများ၊ ရုံးများ၊ ရံပုံငွေအဖွဲ့များ၊ အစီအစဉ်များနှင့် အေဂျင်စီများအပါအဝင်တို့အား ကူညီထောက်ပံ့ပေးခြင်းအားဖြင့် ကမ္ဘာတစ်ဝှမ်းလုံးတွင် ဒီမိုကရေစီ ကျင့်သုံးရေးအား ပံ့ပိုးရန်ဖြစ်သည်။ UNDEF သည် ဒီမိုကရေစီအဖွဲ့အစည်းများတည်ဆောက်အားဖြည့်ပေးခြင်း၊ လူ့အခွင့်အရေးမြှင့်တင်ပေးခြင်း နှင့် အဖွဲ့အစည်းအားလုံး ဒီမိုကရေစီလုပ်ငန်းစဉ်များတွင်ပါဝင်လာစေခြင်းစသည့်တို့ကိုဆောင်ရွက်သည့် စီမံကိန်းများကို ငွေကြေးထောက်ပံ့ပေးပါသည်။ ထောက်ပံ့ငွေရရှိနိုင်သည့်လုပ်ရှားမှုများမှာ -

- ဒီမိုကရေစီဆိုင်ရာအပြန်အလှန်ဆွေးနွေးမှုနှင့် ဖွဲ့စည်းပုံဥပဒေဆိုင်ရာလုပ်ငန်းစဉ်များပံ့ပိုးပေးခြင်း၊
- အရပ်ဘက်အဖွဲ့အစည်းစွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊
- နိုင်ငံသားအခွင့်အရေးအကြောင်းပညာပေးခြင်း၊ မဲဆန္ဒရှင်များမှတ်ပုံတင်ခြင်းနှင့် နိုင်ငံရေးပါတီများအား အားကောင်းလာစေခြင်း၊
- နိုင်ငံသားများမှ သတင်းရရှိပိုင်ခွင့်၊
- လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုများနှင့်
- တာဝန်ခံယူမှု၊ ပွင့်လင်းမြင်သာမှုနှင့် ဖြောင့်မတ်တည်ကြည်မှု တို့ဖြစ်သည်။

UNDEF အား နယူးယောက်မြို့၊ ကုလသမဂ္ဂရုံးချုပ်ရှိ **မိတ်ဖက်အဖွဲ့များအတွက် ကုလသမဂ္ဂရုံး** မှ စီမံခန့်ခွဲပေးပါသည်။ မူဝါဒလမ်းညွှန်ချက်များ စီစဉ်ပေးရန်နှင့် အထွေထွေအတွင်းရေးမှူးချုပ်မှ အတည်ပြုချက်ရရှိရေးအတွက် ရံပုံငွေ အဆိုပြုလွှာများကို ထောက်ခံပေးရန် အဖွဲ့ ဝင် ၁၉ ဦးပါဝင်သောအကြံပေးဘုတ်အဖွဲ့ ဖွဲ့စည်းခဲ့ပါသည်။ အကြံပေးဘုတ်အဖွဲ့တွင် အဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာ NGO များမှ ကိုယ်စားပြုများနှင့် အထွေထွေအတွင်းရေးမှူးချုပ်၏ ပုဂ္ဂိုလ်ရေးရာ ကိုယ်စားပြုများ ပါဝင်သည်။ ၂၀၀၆ ခုနှစ်၊ ပထမအကြိမ် စီမံကိန်းရွေးချယ်မှုနှင့် ရံပုံငွေပေးအပ်ခြင်း အကျော့တွင်၊ ယခင် အထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန် သည် အမေရိကန်ဒေါ်လာ ၃၆ မီလီယံ တန်ဖိုးရှိ စီမံကိန်းပေါင်း ၁၂၅ ခုတို့အား အတည်ပြုပေးခဲ့ပြီး ထိုစီမံကိန်းများသည် ဒေသအားလုံးကို လွှမ်းခြုံပါသည်။

### ကုလသမဂ္ဂဒီမိုကရေစီရံပုံငွေအဖွဲ့အား မည်သို့ချိတ်ဆက်နိုင်မည်နည်း

UNDEF သည် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ (NHRI) များအပါအဝင်၊ နယ်ပယ်မြောက်များစွာမှ ဒီမိုကရေစီနှင့် အုပ်ချုပ်ရေး အက်တာ များတို့ထံမှ စီမံကိန်းရံပုံငွေအတွက် လျှောက်ထားမှုများကို လက်ခံနိုင်သော်လည်း၊ ပြည်တွင်းနှင့် နိုင်ငံတကာ NGO များ၊ သုတေသနနှင့်မူဝါဒရေးရာအဖွဲ့အစည်းများ၊ ပရောဖက်ရှင်နယ်အသင်းအဖွဲ့များ ကဲ့သို့သော အရပ်ဘက်အဖွဲ့အစည်းများကို အထူးပြုသွားမည်ဖြစ်သည်။

UNDEF ရံပုံငွေပေးသောစီမံကိန်းများမှဖြည့်ဆည်းရမည့် အချို့သောသတ်မှတ်ချက်များမှာ -

- စီမံကိန်းများအား ယေဘုယျအားဖြင့် ၂ နှစ်ကာလအတွင်းအကောင်အထည်ဖော်ဆောင်ရမည်၊
- မည်သည့်သတ်မှတ်ထားသည့် စီမံကိန်းများအတွက် ထောက်ပံ့ကြေးသည် အခြေခံအားဖြင့် အမေရိကန်ဒေါ်လာ ၅၀၀၀၀၀ ထက် ကျော်လွန်မှုမရှိဘဲ၊ အနည်းဆုံးမှာ အမေရိကန်ဒေါ်လာ ၅၀၀၀၀ ဖြစ်သည်။
- နိုင်ငံများအားလုံး သာမက ဒေသဆိုင်ရာနှင့် တကမ္ဘာလုံးဆိုင်ရာ လုပ်ငန်းများမှ လျှော်ထားချက်များကို လက်ခံသည်။
- ပဋိပက္ခများများမှထိုးထွက်လာသောနိုင်ငံများ၊ ဒီမိုကရေစီအသစ်တည်ဆောက်သော သို့မဟုတ် ပြန်လည်တည်ဆောက်သောနိုင်ငံများ၊ ဖွံ့ဖြိုးမှုအနိမ့်ဆုံးနိုင်ငံများနှင့် ဝင်ငွေအနိမ့်ဆုံး-အလယ်အလတ်ရှိ နိုင်ငံများ ကဲ့သို့သော ဒီမိုကရေးစီဆိုင်ရာ အခက်အခဲများ ပို၍အကျပ်အတည်းဆိုက်ပြီး ပြန့်နေသော နိုင်ငံများနှင့် ဒေသများမှ လျှောက်ထားသူများကို ဦးစားပေးမည်ဖြစ်သည်။

---

[79] 2005 ကမ္ဘာ့ထိပ်သီးအစည်းအဝေးရလဒ်ဆိုင်ရာ အထွေထွေညီလာခံဆုံးဖြတ်ချက် ၆၀/၁ ကိုကြည့်ပါ။

UNDEF သည် ဒီမိုကရေစီအားမြှင့်တင်ပေးသော စီမံကိန်းများ၊ ၎င်း၏ ရလဒ်များသည် ဥပမာအားဖြင့်  အရပ်ဘက်အဖွဲ့အစည်းများနှင့် အစိုးရအဖွဲ့အစည်းများအကြား ဆက်ဆံရေးကိုအားကောင်းလာစေခြင်း၊ ဘေးဖယ်ထားခံရသည့် လူမှုအသိုင်းအဝိုင်း အစိတ်အပိုင်းများနှင့် အကာအကွယ်မဲ့သောအဖွဲ့များတို့အား ပါဝင်လာစေခြင်း၊ သို့မဟုတ် ဖွံ့ဖြိုးဆဲနိုင်ငံအချင်းချင်းပူးပေါင်းမှု စသည်တို့ကို ဆောင်ရွက်သည့် စီမံကိန်းများကို ပံ့ပိုးကူညီရန် ရည်ရွယ်ပါသည်။

**UNDEF အားမည်သို့လျှောက်ထားနိုင်မည်နည်း။**

UNDEF ရံပုံငွေအားလျှောက်ထားရန်ဆန္ဒရှိသည့် အဖွဲ့အစည်းများသည် ၎င်း၏ဝက်ဘ်ဆိုက်သို့ ဝင်ရောက်လေ့လာသင့်ပါသည်။ ထိုဝက်ဘ်ဆိုက်တွင် အွန်လိုင်းအဆုံပြုလွှာကို ဖြည့်ဆည်းပေးရန် ပေါ်လာမည်ဖြစ်ပြီး အင်္ဂလိပ် သို့မဟုတ် ပြင်သစ်ဘာသာစကားဖြင့် ဖြည့်စွက်ရပါမည်။ အီးမေးလ်၊ စာတိုက်၊ ဖက်စ်၊ အမြန်ချောပို့ သို့မဟုတ် အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့် တင်သွင်းသော အဆိုပြုလွှာများကို ရန်ပုံငွေအဖွဲ့မှ လက်ခံမည်မဟုတ်ပါ။

**How to contact UNDEF**

United Nations Democracy Fund (UNDEF)

**United Nations**

1 UN Plaza, Room DC1-1330 New

York, NY 10017

United States of America

Phone: +1 917 367 42 10 or +1 917 367 80 62 Fax:

+1 212 963 14 86

E-mail: democracyfund@un.org

**ပိုမိုသိရှိလိုပါက UNDEF website သို့ဝင်ရောက်လေ့လာပါ။**

## ၆။ မသန်စွမ်းသူများဆိုင်ရာ ကုလသမဂ္ဂစေတနာ့ရန်ပုံငွေအဖွဲ့

**မသန်စွမ်းသူများဆိုင်ရာကုလသမဂ္ဂစေတနာ့ရန်ပုံငွေအဖွဲ့**အား ၁၉၈၁ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်းစွမ်းပုဂ္ဂိုလ်များနှစ် အတွက် ကြိုတင်ပြင်ဆင်မှုနှင့် စပ်လျဉ်း၍ အထွေထွေညီလာခံဆုံးဖြတ်ချက် ၃၂/၁၃၃ အရ ဖွဲ့စည်းထားခြင်းဖြစ်သည်။ ထိုနောက် အထွေထွေညီလာခံက ၎င်းရန်ပုံငွေအား ဆက်လက်ဆောင်ရွက်ဂုန် ဆုံးဖြတ်ခဲ့ပြီး၊ ယခုလျှင် ၎င်းသည် **မသန်စွမ်း ပုဂ္ဂိုလ်များ၏အခွင့်အရေးဆိုင်ရာသဘောတူစာချုပ်**အား အကောင်အထည်ဖောင်ဆောင်ခြင်းတွင် အရပ်ဘက် အဖွဲ့အစည်းများပါဝင်လာရန် ၎င်းတို့၏ စွမ်းဆောင်ရည်များမြှင့်တင်ပေးခြင်းအတွက် ရည်ရွယ်သည့် လုပ်ရှားမှုများကို ပံ့ပိုး ပေး အသေးစားထောက်ပံ့ကြေးများကို စီစဉ်ပေးလျက်ရှိပါသည်။

ရံပုံငွေအဖွဲ့သည် အထောက်အကူဖြစ်ပြီး ဆန်းသစ်တီထွင်မှုရှိသော လှုပ်ရှားမှုများအား အသေးစားထောက်ပံ့ကြေးများ ကို အောက်ပါအချက်များအတွက် စီစဉ်ပေးလျက်ရှိသည် -

- သဘောတူစာချုပ်နှင့် မသန်စွမ်းမှုဆိုင်ရာ အရေးကိစ္စများအား အများသိရှိမှုတိုးမြှင့်ပေးရန်နှင့် သဘောတူ စာချုပ် ဆိုင်ရာ အကောင်အထည်ဖော်ဆောင်မှုကို ပံ့ပိုးကူညီပေးရန်၊
- အသိပညာနှင့် အတွေ့အကြုံများ ဖလှယ်မှုကိုလည်းကောင်း၊ အားလုံးပါဝင်ပြီး လက်လှမ်းမီဖွယ်ဖြစ်သော မူဝါဒများ နှင့် ကျင့်သုံးမှုများအား ဖြန့်ဝေမှုကိုလည်းကောင်းခွင့်ပြုရန်၊
- ဖွံ့ဖြိုးမှုအာဂျင်တာတွင် မသန်စွမ်းမှုအရေးအား ထည့်သွင်းပါဝင်မှု တိုးမြှင့်ခြင်း၊
- ဖွံ့ဖြိုးဆဲနိုင်ငံများရှိ မသန်စွမ်းပုဂ္ဂိုလ်များ၏ အသက်မွေးဝမ်းကျောင်းမှုနှင့် သာယာဝပြောမှုတို့ တိုးတက်စေရန် နှင့် သဘောတူစာချုပ်အား အကောင်အထည်ဖော်ဆောင်ရန် ပါဝင်ပတ်သက်သူများ၏ စွမ်းဆောင်ရည် မြှင့်တင် ပေးခြင်း (ပါဝင်ပတ်သက်သူများတွင် မသန်စွမ်းပုဂ္ဂိုလ်များဆိုင်ရာအဖွဲ့အစည်းများ၊ အခြားသော အရပ်ဘက် အဖွဲ့အစည်းများ၊ အစိုးရများ၊ ပုဂ္ဂလိကအခန်းကဏ္ဍ အဖွဲ့အစည်းများနှင့် နိုင်ငံတကာဖွံ့ဖြိုးရေးအလှူရှင်များတို့ ပါဝင်နိုင်သည်။)။

ရန်ပုံငွေအဖွဲ့အား နယူးယောက်မြို့ရှိ ကုလသမဂ္ဂရုံးချုပ်ရှိ **စီးပွားရေးနှင့် လူမှုရေးဌာန** မှ စီမံခန့်ခွဲပေးပါသည်။

### မသန်စွမ်းသူများဆိုင်ရာကုလသမဂ္ဂစေတနာ့ရန်ပုံငွေအဖွဲ့အားမည်သို့ချိတ်ဆက်နိုင်မည်နည်း၊

ရန်ပုံငွေအဖွဲ့သည် ၎င်းအား စတင်တည်ထောင်သည့် ၁၉၈၁ ခုနှစ် မှစ၍ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ မသန်စွမ်းပုဂ္ဂိုလ်များ၏ စားဝတ် နေရေးနှင့် သာယာဝပြောရေးတို့ တိုးတက်လာစေရန် အမျိုးသားနှင့် အဖွဲ့အစည်းဆိုင်ရာစွမ်းဆောင်ရည်များ တည်ဆောက ်ရေးအတွက် ရည်ရွယ်သည့် လှုပ်ရှားမှုများကို ပံ့ပိုးကူညီပါသည်။ ၎င်းသည် မသန်စွမ်းပုဂ္ဂိုလ်များ၏ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်အား သင်တန်း၊ ဆက်သွယ်သတင်းပေးပို့မှုများအကူအညီနှင့် အများပြည်သူသတင်း ပြန်ကြားရေး လှုပ်ရှားမှုများစသည်နည်းလမ်းများဖြင့် အမြင့်ဖွင့် အသိပညာပေးမှုကို ပံ့ပိုးကူညီပါသည်။ ရံပုံငွေများသည် အရပ်ဘက် အဖွဲ့အစည်းများနှင့် အစိုးရများတို့နှစ်ရပ်လုံးမှ ရရှိနိုင်သော်လည်း တသီးပုဂ္ဂလသို့ မချပေးပါ။

စီမံကိန်းအဆိုပြုလွှာများကို တစ်နှစ်တာလုံး လက်ခံပါသည်။ အဆိုပြုလွှာတင်သွင်းလိုသည့် အရပ်ဘက်အဖွဲ့အစည်းများ တို့သည် ရံပုံငွေအဖွဲ့ထံ အကူအညီတောင်းဆိုမှုတစ်ရပ်မတင်သွင်းမီ သက်ဆိုင်ရာ အစိုးရတာဝန်ရှိသူများမှ ကန့်ကွက်မှု မရှိကြောင်းဖော်ပြသည့် စာတစ်စောင် ဦးစွာရရှိရပါမည်။ အရပ်ဘက်အဖွဲ့အစည်းများသည် ထိုသို့သော စာတစ်စောင် ရရှိရန် ဖြစ်စဉ်များကို ဒေသန္တရ UNDPP ရုံးများနှင့် အတိုင်အပင်ခံပြုနိုင်ပါသည်။

## မသန်စွမ်းသူများဆိုင်ရာ ကုလသမဂ္ဂစေတနာ့ရန်ပုံငွေအဖွဲ့အား မည်သို့ လျှောက်ထားနိုင်မည်နည်း။

ပံ့ပိုးကူညီမှုရရှိရေးအတွက် လျှောက်လွှာများတင်သွင်းမှုပြုရန် စီမံကိန်းအဆိုပြုလွှာပုံစံများကို ရရှိနိုင်ပါသည်။ စီမံကိန်းအဆိုပြုလွှာများသည် အခြားပုံစံဖြစ်နေသော်လည်း လိုအပ်သည့် သတင်းအချက်အလက်အားလုံးပါဝင်ပါက ယင်း စီမံကိန်း အဆိုပြုလွှာများလက်ခံပေးမည်ဖြစ်သည်။ အဆိုပြုလွှာများကို အင်္ဂလိပ်၊ပြင်သစ် သို့မဟုတ် စပိန်ဘာသာ စကားဖြင့် တင်သွင်းရပါမည်။ စီမံကိန်းအဆိုပြုလွှာပုံစံများအား **သက်ဆိုင်ရာကုလသမဂ္ဂဝက်ဘ်ဆိုက်** မှ ရရှိနိုင်ပါသည်။

အဆိုပြုလွှာများကို အီးမေးလ်၊ ဖက်စ်၊ သို့မဟုတ် စာတိုက် ဖြင့် ပေးပို့ရမည် (အီးမေးလ်ဖြင့်တင်သွင်းမှုကို ဦးစားပေးသည်)

**Secretariat for the Convention on the Rights of Persons with Disabilities Department for Economic and Social Affairs**
**United Nations**
Two UN Plaza, DC2-1372
New York, NY 10017
United States of America
Fax: +1 212 963 01 11
E-mail: enable@un.org

**ရန်ပုံငွေ၊ မသန်စွမ်းပုဂ္ဂိုလ်များ၏အခွင့်အရေးဆိုင်ရာသဘောတူစာချုပ်နှင့် မသန်စွမ်းသူဆိုင်ရာ ကုလသမဂ္ဂ၏လုပ်ငန်းများ အကြောင်းတို့အား ပိုမိုသိရှိလိုပါက ကုလသမဂ္ဂဝက်ဆိုက်သို့ ဝင်ရောက်လေ့လာပါ။**

2007 REPORT ON ACTIVITIES AND RESULTS Office

of the High Commissioner for Human Rights

Palais des Nations
CH 1211 Geneva 10 – Switzerland
Telephone: +41.22.917 90 00
Fax : +41.22.917 90 08
www.ohchr.org